www.burmeseclassic.com

# သက်တန့်ရောင်

## နှင်းဆီပန်း

မောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| **ပုံနှိပ်ခြင်း** | ပထမအကြိမ်၊ (၁၉၉၅၊ ဒီဇင်ဘာလ) |
| **အုပ်ရေ** | (၅၀၀) |
| **တန်ဖိုး** | ၁၂၀-ကျပ် |
| **အဖုံးပန်းချီ** | စံတိုး |
| **အဖုံးပုံနှိပ်သူ** | ဦးကျော်စိန် (၀၂၉၀၉)<br>ကျောက်စိမ်းပုံနှိပ်တိုက်<br>၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| **အတွင်းပုံနှိပ်သူ** | ဒေါ်တင်တင်ဌေး (၀၅၂၄၀)<br>သင်းလဲ့ဝင်းပုံနှိပ်တိုက်<br>အမှတ် ၁၊ မိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်မြို့။ |
| **ထုတ်ဝေသူ** | ဦးဝင်းမောင် (၃၇၄၃)<br>မွှင်စာဖြူစာပေ<br>အမှတ် ၅ ၊ ၂၄ လမ်း၊<br>လသာမြို့နယ်၊<br>ရန်ကုန်မြို့။ |

# မာတိကာ

| | | |
|---|---|---|
| | မြသန်းတင့်၏ အမှာ | ႋ |
| | စာရေးသူ၏ အမှာ | ႋ |
| ၁။ | ခင်နှင်းယုနှင့် သူ့စာ | ၁ |
| ၂။ | မနှင်းဖွေးနှင့် သူ့စာ | ၃၂ |
| ၃။ | မိုးချိုသင်းနှင့် သူ့စာ | ၅၅ |
| ၄။ | နုယဉ်နှင့် သူ့စာ | ၇၂ |
| ၅။ | ခင်မြဇင်နှင့် သူ့စာ | ၉၄ |
| ၆။ | နှင်းဝေငြိမ်းနှင့် သူ့စာ | ၁၁၃ |
| ၇။ | နုနုရည်(အင်းဝ)နှင့် သူ့စာ | ၁၄၀ |
| ၈။ | မလေးလုံနှင့် သူ့စာ | ၁၆၃ |
| ၉။ | မြသန္တာနှင့် သူ့စာ | ၁၉၄ |
| ၁၀။ | တက္ကသိုလ်မြစိမ်းနှင့် သူ့စာ | ၂၁၀ |
| ၁၁။ | ရာသက်ပန်(တောင်ငူဆောင်)နှင့် သူ့စာ | ၂၄၅ |
| ၁၂။ | ငွေတာရီနှင့် သူ့စာ | ၂၇၅ |

www.burmeseclassic.com

# မြသန်းတင့်၏အမှာ

၁

စစ်မဖြစ်မီတုန်းက အမျိုးသမီးစာဆိုတော်များအကြောင်း ရေးသည့် စာအုပ်တစ်အုပ်ကို ဖတ်ဖူးသည်။ စာအုပ်၏အမည်မှာ အမျိုးသမီး စာဆိုတော်များဖြစ်ပြီး ရေးသူမှာ မမကြီးအမည်ခံ ကလောင်ရှင်တစ်ဦးဖြစ်သည်။ အမျိုးသမီးစာဆိုတော်များမှာ ကျွန်တော်မှတ်မိသလောက် ရှိဝေရှင်ထွေး၊ နန်းတွင်းမိဖြူ၊ နန်းတွင်း မိညို၊ မယ်ခွေ၊ မိဖုရား ရှင်မင်း၊ ရာဇဓာတုကလျာ၊ နန်းမတော် မမြကလေး၊ ခင်ဆုံ၊ လှိုင်ထိပ်ခေါင်တင် စသည့် နန်းတွင်းစာဆိုတွေ ဖြစ်သည်။ ပင်းယ၊ အင်းဝ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ်များတွင် ပေါ်ထွန်းခဲ့သည့် အမျိုးသမီးစာဆိုတော်များ ဖြစ်သည်။ သူတို့၏ အထ္ထုပ္ပတ္တိနှင့် သူတို့စာပေများအကြောင်းကို ရေးထားသည်ဟု ကျွန်တော်မှတ်မိနေသည်။ ရေးသူမှာ မမကြီးဟု အမျိုးသမီး ကလောင်နာမည်ခံထားသည်။ တကယ့်အမျိုးသမီးလော။ အမျိုးသမီးနာမည်ခံ ယူထားသည်လောဆိုသည်ကိုမူ ကျွန်တော် မသိ။ မမကြီးသည် ထိုစာအုပ်တစ်အုပ်သာ ရေးသည်ဟု ကျွန်တော် ထင်သည်။ သူရေးသည့်အခြား စာအုပ်များကို

www.burmeseclassic.com

www.burmeseclassic.com

တစ်အုပ်မျှ နောက်ထပ်မတွေ့ရတော့။ ကျွန်တော်မဖတ်ဖူးတာလည်း ဖြစ်နိုင်သည်။

မမကြီး၏အမျိုးသမီးစာဆိုတော်များကို စစ်မဖြစ်ခင်က တစ်ကြိမ်သာ ဖတ်လိုက်ရဖူးသည်။ စစ်ပြီးသည့်အခါတွင် နောက်ထပ် မဖတ်ဖြစ်တော့။ စာအုပ်ကိုလည်း မတွေ့ရတော့။

သို့ရာတွင် ထူးခြားသည့် စာအုပ်တစ်အုပ် ဖြစ်သဖြင့် ကျွန်တော့်ရင်ထဲတွင် စွဲကျန်ရစ်ခဲ့သည်။ နောက်ထပ်လည်း ရှေးအမျိုးသမီးစာဆိုတော်များအကြောင်းကို သီးခြားရေးသည့် စာအုပ်ဆို၍ တစ်အုပ်မျှ မတွေ့ရတော့။

မည်သို့ဖြစ်စေ မမကြီး၏ အမျိုးသမီးစာဆိုတော်များ စာအုပ်သည် မြန်မာစာပေလောကတွင် ဟာနေသည့် ဟာကွက်တစ်ကွက်ကို ဖြည့်ပေးခဲ့သည်။

BURMESE CLASSIC

၂

မောင်ခေတ်ထွန်း၏ 'သက်တန့်ရောင်နှင်းဆီပန်းခင်း' မှာ ယခုခေတ်အမျိုးသမီး စာရေးဆရာများ၏ ဘဝ ရုပ်ပုံလွှာနှင့် သူတို့ စာပေများအကြောင်းကို ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ယခင်က ခေတ်သစ်မြန်မာအမျိုးသမီး စာရေးဆရာမများ၏ ဘဝနှင့် စာပေကို စုစည်း ထုတ်ဝေသည့် စာအုပ်မျိုး ကျွန်တော် မတွေ့ဖူးသေး။ မမကြီး၏ 'နန်းတွင်းအမျိုးသမီး စာဆိုတော်များ' နှင့် မောင်ခေတ်ထွန်း၏ 'သက်တန့်ရောင် နှင်းဆီပန်းခင်း' တို့ကြားတွင် အနည်းဆုံးနှစ်ပေါင်း ၅၅နှစ် ကွာခြားသွားသည်။ ထို့ကြောင့် မောင်ခေတ်ထွန်း၏ 'သက်တန့်ရောင် နှင်းဆီပန်းခင်း' သည် ရာစုနှစ်တစ်ဝက် လောင် တစ်အုပ်သာ ပေါ်သည့် စာပေအမျိုးအစား ဖြစ်သည်။ ဟာနေ

မြန်မာစာပေလောက၏ ကွက်လပ်တစ်ခုကို ဖြည့်ပေးလိုက်သည်ဟု ဆိုနိုင်သည်။

'သက်တန့်ရောင် နှင်းဆီပန်းခင်း' ထဲတွင် မြန်မာစာပေလောကတွင် ဖူးပွင့် နေသည့် နှင်းဆီပွင့် ဆယ့်နှစ်ပွင့် ပါသည်။ ထိုနှင်းဆီပွင့်များကို အမျိုးအစား ခွဲလျှင် သုံးမျိုး ပါသည်ကို တွေ့ရသည်။ တစ်မျိုးမှာ ပထမမျိုးဆက် နှင်းဆီ ဖြစ်သည်။ နုယဉ်သည် ပထမမျိုးဆက် နှင်းဆီ ဖြစ်၍ စစ်မဖြစ်မီကတည်းက ကဗျာတွေ၊ ဆောင်းပါးတွေ ရေးခဲ့သည်။ ယခုတိုင်လည်း ရေးနေဆဲ ဖြစ်သည်။ ခင်နှင်းယုနှင့် ငွေတာရီမှာ ဒုတိယမျိုးဆက် နှင်းဆီများဟု ဆိုရမည် ထင်သည်။ သူတို့နှစ်ဦးသည် ဒုတိယ ကမ္ဘာစစ်ပြီးစတွင် ထင်ရှားလာသူများ ဖြစ်ကြသည်။ မလေးလုံနှင့် တက္ကသိုလ် မြစိမ်းတို့မှာ ဒုတိယမျိုးဆက်နှင်းဆီနှင့် တတိယမျိုးဆက် နှင်းဆီတို့ ဝတ်မှုန်ကူးချိန်တွင် ပွင့်ဖူးလာကြသော နှင်းဆီများ ဖြစ်ကြသည်။ မနှင်းဖွေး၊ မိုးချိုသင်း၊ ခင်မြဇင်၊ နှင်းဝေမြိမ်း၊ နုနုရည်၊ မြသန္တာ၊ ရာသက်ပန်(တောင်ငူဆောင်)တို့မှာ တတိယမျိုးဆက် နှင်းဆီများ ဖြစ်သည်။

မောင်ခေတ်ထွန်း၏ 'သက်တန့်ရောင် နှင်းဆီပန်းခင်း' တွင် ကဗျာဆရာမနှစ်ဦးနှင့် ဝတ္ထုရေးဆရာမ တစ်ဆယ်ဦးတို့ ပါဝင်သည်။ သူ့စာအုပ်ထဲတွင် စာရေးဆရာမများ၏ဘဝ၊ သူတို့နှင့် ဆွေးနွေးခန်းနှင့် သူတို့ရေးသည့် စာများကို ထည့်သွင်းထားသည်။ စာစုစည်းမှုတွင်ရော၊ တစ်ဦးချင်းဘဝနှင့် စာကို ရေးခြယ်ပြရာတွင်ရော အရောင်အသွေးစုံကာ သက်တန့်ရောင် ပြေးနေသည်။

စာရေးဆရာမများ၏ ဝတ္ထုများကို ရွေးချယ်ရာတွင် တော်တော်များများမှာ ကျွန်တော်နှင့် အကြိုက်ချင်းတူသော်လည်း နုယဉ်၏ ကဗျာကို ရွေးချယ်ရာတွင်မူ အချို့သောအရေးကြီးသည့် စောစောပိုင်းကဗျာများကို

www.burmeseclassic.com

www.burmeseclassic.com



ပါ ထည့်သွင်းသင့်သည်ဟု ထင်သည်။ (ဥပမာ အိုင်ချင်းပုံသဏ္ဌာန်ဖြင့် ဖွဲ့ထားသည့် ကျေးလက်ဖွဲ့ကဗျာမျိုး ဖြစ်သည်။

၃

ကျွန်တော်သည် အမှာရေးရန် သူ့စာအုပ်ကို ဖတ်ရင်း ရာစုနှစ်တစ်ဝက် လောက်တွင်မှ တစ်ကြိမ်သာ ပေါ်တတ်သော ထိုစာအုပ်မျိုးကို ရေးရန် စိတ်ကူးရသည့် မောင်ခေတ်ထွန်းကို ကျေးဇူးတင်ရသည်။

ကျွန်တော်သည် ငွေပန်းစိုက်အိုးတွင် မောင်ခေတ်ထွန်း နောက်ထပ် ထိုးစိုက်ပြမည့် နှင်းဆီပွင့်များ၏ သက်တံရောင်ကို မျှော်ကြည့်နေမိသည်။

မြသန်းတင့်

၂-၈-၉၅

BURMESE CLASSIC

## စာရေးသူ၏အမှာ

၁

'သက်တန့်ရောင်နှင်းဆီ ပန်းခင်း'သည် အပျိုစင် မဂ္ဂဇင်း၊ သူတို့အမြင် ကဏ္ဍတွင် စာရေးသူ ရေးသားခဲ့သော အမျိုးသမီး စာရေးဆရာတို့၏ စာပေရုပ်ပုံလွှာများနှင့် မူလက မပါရှိသော်လည်း စာပေရုပ်ပုံလွှာကိုဖတ်ပြီး စာရေးဆရာ၏ လက်ရာကို အပြည့်အစုံ ခံစား လေ့လာနိုင်စေရန် ရည်ရွယ်၍ စာရေးဆရာတို့၏ အကြိုက်ဆုံး စာများကို ရွေးချယ်စေကာ ထည့်သွင်း ဖော်ပြထားပါသည်။

အပျိုစင်မဂ္ဂဇင်းတွင် အမျိုးသမီး စာရေးဆရာမတို့၏ စာပေရုပ်ပုံလွှာကို ရေးသားရာတွင် ဝါရင့် စာရေးဆရာမကြီးများ၊ ဝါလတ်စာရေးဆရာမများ၊ ဝါငယ်စာရေးဆရာမများ စသည်ဖြင့် စာရေးဆရာကြီးငယ်တို့၏ လက်ရာစုံ ကို ပါဝင်နိုင်အောင် ကြိုးပမ်းရေးသားခဲ့ပါသည်။ ခေတ်ပြိုင် ခံစားမှုများကို ရင်ခုန်နိုင်စေရန် ဖြစ်ပါသည်။ စာအုပ်အဖြစ် စီစဉ်ရာတွင်လည်း ဝါစဉ် အလိုက် မဟုတ်ဘဲ အပျိုစင်မဂ္ဂဇင်းတွင် ပါရှိသည့် အစီအစဉ်အတိုင်း ဝါရင့်၊ ဝါလတ်၊ ဝါငယ် စာရေးဆရာတို့၏ ဟာများကို တစ်လှည့်စီ ခံစားနိုင်စေရန် စီစဉ်ထားပါသည်။

ဦးစွာ အပျိုစင်မဂ္ဂဇင်းတွင် စာပေရုပ်ပုံလွှာကို စတင် ရေးသားစဉ်က ဆရာမကြီး ဒေါ်ခင်နှင်းယုမှ စတင်ခဲ့ပါသည်။ ထိုစဉ်က တာဝန်ခံအယ်ဒီတာ ဆန္ဒအရ မိမိ ကလောင်အမည်ကို မသုံးဘဲ အမျိုးသမီး ကလောင်အမည် အသုံးပြု ရေးခဲ့ပါသည်။ နောက်ပိုင်းတွင်မှ ကလောင် အမည်ရင်းဖြင့်သာ

www.burmeseclassic.com

www.burmeseclassic.com



ပေ၏။ ဦးစောသာဖြူ အိမ်ကတော့ မြင်ခင်း ကောင်းသည်ဟု ဆိုရပေမည်။ တိုက်ခံ နှစ်ထပ်အိမ်ဖြစ်၍ ဝင်းကြီးမှာ ကျယ်ပြန့်ရုံတင်မက အုတ်ဝင်း နံရံကြီးများနှင့် ခိုင်ခန့်စွာ ဝင်းခတ်၍ ထားပေသည်။ တိုက်ပန်းအဖြူများ ဝင်းတံတိုင်းပေါ်တွင် ဖွေးဖွေးလှုပ် ပွင့်ကြသောအခါ၊ စောနသည် အလုပ်လုပ်ရသည်ကို ပျော်၏။ သို့သော် ညနေစောင်း၍ အိမ်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် သူ့တဲစုတ်၏ အမှိုက်ရှုပ်ရှုပ် ဝန်းကျင်ကိုသာ သူမြင်ရတော့သည်။ ဦးစောသာဖြူ၏ အိမ်ကို သွားရောက် အလုပ် လုပ်ရခြင်းသည် အိပ်မက်တိုင်းပြည်တစ်ခုသို့ သွားရောက် လည်ပတ်ရသလို ပျော်စရာ ကောင်းပေသည်။

မိုးဦးကျပြီး နောက်လတွင် အဖသည် အဖျားရောဂါ စွဲကပ် လာပြန်သည်။

"ဘယ်နှယ့် လုပ်မလဲ၊ ငါ အလုပ် မလုပ်နိုင်ဘူး မိန်းကလေး၊ သူဌေးဆီမှာ ဆန်ပိုတောင်းပါ"

အဖသည် ဆန်အကြောင်း ပြောလာပြန်သည်။

စောနအတွက် အဖပြောသည်မှာ စိတ်ညစ်စရာ ဖြစ်သော်လည်း အမှန်တော့ အဖသည် ဖခင်ကောင်း ပီသပေသည်။ သူ့ နေမကောင်း၍ လဲနေစဥ်တွင် သားငယ်တို့ကို ဝဝလင်လင် စားစေချင်ပေသည်။ ယခင်က စောန တစ်နေ့တွက်လုပ်ခကို ဈေးဝယ်စေ၍ အဖလုပ်ခအတွက်ကို ဆန်ဝယ်ပေသည်။ ယခုအချိန်တွင်လည်း စောနသည် ဖြစ်သလို ကြံဖန် ဝယ်ချက်၏။ "အဖလိုသာ နေရရင် ရင်ကွဲရလိမ့်မယ်"ဟူ၍ စောနက ဆိုပေသည်။

ယနေ့အလုပ်ဆင်းချိန်တွင် သူသည် အဖနေမကောင်းကြောင်းကို ဦးစောသာဖြူ၏ ဇနီးအား ပြော၍ပြ၏။

"အဖဟာ ဆန်အတွက် သိပ်ပူတတ်တာဘဲ။ တစ်နေ့ ... ဆန်အကြောင်းဘဲ ပြောတာဘဲ။ ကျမ အလုပ် ပိုလုပ်ရင် ဆန်အ... မပူရဘူးလို ...က ပြောတာဘဲ"



"အေး...ဘာအလုပ် ပိုလုပ်ရမယ် ဆိုတာကတော့ ကိုစောသာဖြူ ပြန်လာရင် ညည်းကို ပြောလိမ့်မယ်...။ ညည်းအဖေ မမာတဲ့အကြောင်း ငါပြောပါ့မယ်"

ညနေတွင် ဦးစောသာဖြူနှင့်အတူ ဧည့်သည်တစ်ယောက် ပါလာ လေသည်။ ဧည့်သည်ကြီးမှာ ဖြူဖြူမြင့်မြင့်နှင့် လူချောကြီး တစ်ယောက် ဟူ၍သာ စောနက အကဲခတ်လိုက်မိ၏။ ဘယ်သူ ဘယ်ဝါမှန်းသာ မသိပေ။ ဧည့်သည်ကြီးရှေ့တွင် ဖျော်ရည်နှင့် မုန့်များ သူကိုယ်တိုင် သွား၍ ထားပေးရလေသည်။

ထိုနေ့ညနေ သူပြန်ခါနီးတွင် ဦးစောသာဖြူက သူ့ကို ခေါ်လိုက် ၏။

"မင်းအဖေကို ပြောလိုက်၊ တစ်လစာအတွက် ငါ ဆန်တစ်အိတ် ပေးထားမယ်လို့နော်...၊ တစ်ခုတော့ ရှိတယ်ကွဲ့။ အဲဒီ ဆန်အိတ် တစ်အိတ်အတွက် အလုပ်ပို လုပ်ပေးရမယ်"

"ဆန်တစ်အိတ်..."

စောနသည် အလန့်တကြား အော်လိုက်၏။

"အေး...ဆန်တစ်အိတ်ပေါ့"

"အို...အဖက သိပ်ဝမ်းသာနေမှာ၊ ဆန်ရှားနေတုန်းသာ အဖ သေသွားရင် ဆန်တွေကို စွဲလန်းနေမှာတောင် စိုးရိမ်ရသေးတယ်၊ ကျမ–ကျမ အလုပ် ပိုလုပ်ပေးပါ့မယ်"

ယနေ့ညနေ အိမ်ပြန်ချိန်တွင် သူ့ခြေလှမ်းများသည် သွက်လှ၏။ ဝမ်းသာသွားမည့် အဖ၏ မျက်နှာကို မြင်ယောင်ကာ ပျော်၍ လာသည်။

"တို့ ငွေမလိုချင်ဘူး၊ ဆန်ဘဲ လိုချင်တယ်ကွ"

လမ်းတွင် ရပ်၍ စကားပြောနေသော ကားစပယ်ယာ တစ်စုသည် ...လိုပင် ဆန်အကြောင်း ပြောကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့က ယောကျ်ားသာဖြစ်တယ်၊ ဒါ့လိုမှ အလုပ်မလုပ်ဘဲ၊ ဘယ်မှာ ဆန်ရမလဲ။ အခု ငါဆန်တစ်အိတ် ရတော့မယ်။' စောနုသည် သူ့စိတ်ထဲမှ သူ့တစ်ယောက်တည်း ပြောကာ လမ်းလျှောက်ရင်း ပျော်၍လာလေသည်။

အိမ်ရောက်ရောက်ခြင်း သူသည် အမောပင် မဖြေနိုင်။ အဖေ့ အိပ်ရာနားသို့ အပြေးအလွှား ရောက်၍ သွား၏။

"အဖ...အဖ ကျမတို့ဖို့ ဆန်တစ်အိတ် ရတော့မယ်..."

"ဟေ..."

တခွေခွေနေသော အဖသည် ငုတ်တုတ်ထ၍ ထိုင်၏။ အဖ မျက်နှာသည် ဝမ်းသာလွန်း၍ ရွှန်းရွှန်းစိုလာပုံ ရလေသည်။

"ဘယ်သူက ပေးမှာလဲ..."

"အရီးဇံတို့က ပေးမယ်တဲ့၊ ဦးကြီး စောသာဖြူက အလုပ်နည်းနည်း ပိုလုပ်ပေးရမယ်လို့ ပြောတယ်။ အရီးဇံကို ကြည့်ရတာ ခုတလော ကောင်းကောင်း နေမကောင်းဘူး မှတ်လား။ အဲဒါ ပြုစုရမယ် ထင်တယ်။ ဒီအတွက် ဆန်တစ်အိတ် ပေးတာပဲ ဖြစ်မှာဘဲ..."

သူသည် သူ့၏ အတွေးကို ပီပီ နိုင်လုံအောင် ပြောလိုက်၏။ သူပြောသော စကားတို့သည် နိုင်လုံသည် ဖြစ်စေ၊ မခိုင်လုံသည် ဖြစ်စေ အဖအဖို့ အတော် စိတ်ချမ်းသာ၍ သွားပေသည်။ ဒီလိုမှ မဖြစ်လာလျှင် နေမကောင်းရသည်ကိုပင် စိတ်က ထင့်နေပေသည်။

ညနေတွင် ကလေးတို့သည် ကျွမ်းပြန်အောင် ဆော့သော်လည်း အဖက တစ်စုံတစ်ရာ မဆိုမည်တော့။ အဖပင်လျှင် အိပ်ရာထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍ သွားပေပြီ။

ညဦးနက်လျှင် ကလေးတို့သည်လည်း ကစဉ့်ကရဲနှင့် အိပ်ပျော် သွားကြလေသည်။ စံသာတစ်ယောက်သာ ရေနံဆီ မီးတိုင်အောက်င သင်ပုန်းကြီး စာအုပ်ကို ဖတ်နေပေသည်။



စောနုသည် ကလေးများအားလုံးပေါ်သို့ စောင်ကြမ်းကြီးတစ်ခု လွှမ်းခြုံပေးလိုက်၏။ အဖတစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်သွားသော အခါ စောနု စိတ်ထဲတွင် စိတ်ချမ်းသာ၍ သွားပေသည်။

* * *

"ကျေးဇူးရှင်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။ ခုထက် အရောင်းအဝယ် ကောင်းပါစေ..."

အဖသည် အစောကြီးထ၍ ဆုတောင်းနေပေသည်။ စောနု ကလည်း ဦးစောသာဖြူတို့ လင်မယားအား အထူး မေတ္တာ ပို့မိလေသည်။ စောနု အလုပ်မဆင်းခင်လေးတွင် ဦးစောသာဖြူ အိမ်မှ ဂျစ်ကားကလေးသည် သူတို့ တဲရှေ့သို့ ပေါက်လာသည်။

"ဟော့...စောနု အရီးက ဆန်တစ်အိတ် ပေးလိုက်တယ်၊ နင် ဒီကားနဲ့ တစ်ခါတည်း လိုက်ခဲ့တဲ့၊ အဖကိုလည်း ပြောခဲ့၊ နင် ဟိုမှာ အိပ်ရမယ်တဲ့ အရီးက ပြောတယ်..."

"ဟေ..."

အဖသည် ဝါးထရံကို တုန်တုန်ချည့်ချည့်နှင့် တွယ်၍ လျှောက်ကာ အိမ်ရှေ့အပေါက်ဝတွင် ထိုင်ချလိုက်သည်။ သူ့မျက်လုံးများသည် ဣန္ဒြေပင် ဆောင်၍ မရအောင် ပျော်ရွှင် ဝမ်းမြောက်ဟန် ပြ၍ နေပေသည်။

အဖအဖြစ်က သဲလွန်းသည်။ ဣန္ဒြေမဲ့လွန်းသည်ဟု စံသာရော စောနုကပါ ထင်လေသည်။

သူတို့နှစ်ယောက်သည် ခပ်ရှက်ရှက် အမူအရာနှင့် ဆန်အိတ်ကို တဲထဲသို့ သယ်ချလာကြသည်။ ဒရိုင်ဘာ ပါဝင်၍ ကူသော်လည်း ...အိတ်မှာ လေးလွန်း၍ တဲရှေ့ ဖိနပ်ချွတ်အဆင့်လေးပေါ် အရိကျ ...လသည်။ ဖိနပ်ချွတ်ရှေ့ ဝါးကြမ်းလေးများမှာ အောက်ဆင့် ...ကာ ညွှတ်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးထက် ဆန်က အရေးကြီးသည် မဟုတ်ပါလား။ အဖသည် တစ်စုံတစ်ရာ စိတ်မကောင်းဟန် မပြပေ။

စောနု ဂျစ်ကားနှင့် ပါသွားလျှင် စံသာသည် အစ်မကြီး တစ်ယောက်လို အလုပ်စ၍ လုပ်၏။ ဆန်အိုးနှင့် ဆန်ပုံးများကို ဖုံမရှိအောင် သုတ်လိုက်၍ မီးဖိုထဲမှာ စီထား၏။ ဆန်အိတ်ထဲမှ ကလေးတို့ နိုင်သလောက် သယ်ခိုင်းကာ အိုးနှင့် ပုံးများထဲသို့ ထည့်ခိုင်းလိုက်သည်။

"ကျေးဇူးရှင်ကြီးတွေ ချမ်းသာပါစေ" အဖကတော့ တစ်နေ့လုံး လိုလို ဆုတောင်း၍ နေတော့သည်။

* * *

ညနေ မှောင်တရီတွင် စောနုသည် အလှပြင်၍ နေပေသည်။ အရီးစံက ယနေ့ည သူနှင့် အတူအိပ်ရန် ပြော၏။ ညဦးတွင်မူ မိတ်ဆွေ တစ်ယောက်ထံသို့ အလည်လိုက်ရန်အတွက် သူ့ကို အဖော်ခေါ်သည်။ အရီးစံသည် သူ၏ သမီးအကြီး စံသာနုမေ၏ အဝတ်တစ်ပတ်နွမ်းများကို စောနုအား ဝတ်ခိုင်း၏။

စောနုသည် အဝတ်များ ဝတ်ပြီးလျှင် သူ့ကိုယ်ကို တအံ့တသြ ကြည့်နေမိသည်။ ယခင်က သူ့အင်္ကျီများသည် သရက်ထည်ဖျင်များ ဖြစ်၍ ဖားလျား ပွရောင်းလှလေသည်။ ယခုတော့ အင်္ကျီမှာ ပုံကျ၍ သပ်သပ်ရပ်ရပ် ဖြစ်လာသောကြောင့် သူ၏ ခါးနွဲ့နွဲ့မှာ အထင်းသား ပေါ်နေပေသည်။ နုထွားသော ရင်အုံသည် ဇာဘော်လီပုံကျကျကို ဝတ်လိုက်တော့မှ မို့မို့ မောက်မောက်နှင့် ပုံပေါ်လာတော့၏။

ပျော့သော ပိုးတွန့်လုံချည်သည် သူ၏ ရှည်လျား နုထွားသော ပေါင်တံပေါ်တွင် အိအိစက်စက် ဖြစ်နေပေသည်။ ရုတ်တရက် မတေ့ သော အတွေ့ထူးလို့ စောနုသည် လုံချည်ကို ပွတ်သပ်၍ နေပေ အမှန်တော့ စောနုသည် ပေါင်တံ သွယ်သွယ်၊ တင်မို့မို့နှင့် ချော



ကြော့ရှင်းသူ ဖြစ်သည်။ တကယ် ရှိခိုင်သူ ချောပြီဆိုတော့ ရှုမော၍ မကုန်နိုင်အောင် တင့်လှပေသည်။ သို့သော် စောနုသည် ကပျစ်ကညစ် နေခဲ့ရလွန်း၍ သူ လှမှန်း ဘယ်သူမှ မသိပါပေ။

သူ့နှာတံသည် ကုလားဆန်၍ မျက်လုံးကလည်း ဝန်းဝိုင်းပေသည်။ မျက်တောင်ကော့၏ ဝန်းကျင်သည် ရေးရေးလေး ညိုနေသောအခါ သူ့မျက်လုံးများသည် ညို့ဓာတ်အား ကြီးနေသလို ရွှန်းရွှန်းစို၍ နေပေသည်။

ယခုလို ပေါင်ဒါနှင့် သနပ်ခါးနှင့် သလိုက်တော့မှ အသား ဝင်းဝင်းကလည်း လင်း၍ လာပေသည်။

လက်ဝါးနှစ်ဖက်မှာ ကြမ်း၍ လက်သည်းရှည်ထဲတွင် ချေးဝင် နေသောကြောင့် စောနုသည် နည်းနည်း စိတ်ညစ်၍ သွားပေသည်။

သို့သော် သူသည် လက်သည်းထဲမှ ချေးများကို ဆံညှပ်ငယ်နှင့် ကလော်၍ ထုတ်ပစ်လိုက်သည်။

"ကဲ...လာဟေ့ စောနု သွားစို့..."

အရီး ခေါ်တော့မှ သူသည် အပြင်သွားရန် သတိရတော့၏။ အရီးသည် အပြင်သွားလျှင် ဟေးလ်မင်းကားသစ်ကို စီး၍ သွားလေ့ ရှိသည်။ ကားနက်၏ အိသော ထိုင်ခုံ၊ ပိုးတွန့်၏ ပျော့နုနု အတွေ့၊ စောနုသည် ရင်ထဲတွင် တစ်မျိုးကြီး ဖြစ်နေတော့သည်။

မိုးချုပ်စပြုလာပြီ ဖြစ်၍ လမ်းမီးများ လင်းနေလေသည်။ မိုးမှာ သဲ့သဲ့ ရွာနေ၍ လမ်းသွား လမ်းလာတို့ မရှိသလောက် ပါး၍ နေလေသည်။

ကားဝင်ဆိုက်သော အိမ်ကို စောနု တစ်ခါမှ မရောက်ဖူးပေ။ င်းကြီး တစ်ခုလုံးသည် တိတ်ဆိတ်၍ မှောင်မည်းလှ၏။ အိမ်ထဲတွင်မူ ရောင် နည်းနည်း လင်းနေသည်ကို မြင်နေရပေသည်။ ဆင့်ဝင်အောက်နှ :ထိုးရပ်လိုက်လျှင် ဆင်ဝင်မီးသည် ပွင့်၍ သွားသည်။ လား ယောက်က လာရောက်၍ သံဆွဲတံခါးကို ဖွင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အရိုးခံ အရှေ့မှ ဆင်းသော် စောနုသည်လည်း နောက်မှ ဆင်းလိုက်သည်။ သူတို့သည် သံဆွဲတံခါး၏ အထဲသို့ ရောက်လျှင် အရိုးခံသည် အပေါ်ကို မော့ကြည့်ယင်း စောနုကို ပြောလိုက်၏။

"ကဲ...ဒီဟာ ငါ့ညီမအိမ်ဘဲ၊ ခဏ နေရစ်ခဲ့အုံး။ ငါခုဘဲ ပြန်လာမယ်နော်..."

စောနု တစ်စုံတစ်ရာ မပြောခင် အရိုးခံသည် သံတံခါးမှ ထွက်၍ ကားပေါ် တက်သွားတော့သည်။ ကားနက်ကလေးသည် ဆင်ဝင်အောက်မှ ထွက်၍ သွားသောအခါ ဆင်ဝင်မီး ပိတ်၍ တစ်ဝင်းလုံး ကြောက်စရာကောင်းအောင် မှောင်၍ သွားတော့သည်၊ ကုလားသည် သံဆွဲတံခါးကို ပိတ်လိုက်လျှင် စောနုသည် သံတံခါးကို ကိုင်၍ ငေးနေမိသည်။ သူ ဘာလုပ်ရမှန်း မသိ။ အိမ်ရှင်တို့ကလည်း ဆင်းမလာပေ။ ကုလားလေးက သူ့ကို အပေါ်တက်ရန် ပြော၍ သူ ရပ်နေသော နေရာမှ မီးကို ပိတ်လိုက်၏။

သူသည် လှေကားဝသို့ ကမန်းကတမ်း သွားကာ ရပ်နေမိသည်။ လှေကားထိပ်တွင်မူ မီးများ လင်းလျက် ရှိပေသည်။ စောနုသည် လှေကားထိပ်ကို မော့၍ ကြည့်လိုက်၏။

"ဟာ..., စောနုပါလားဟေ့၊ အပေါ်တက်လေ..."

လှေကားထိပ်တွင် တစ်နေ့က အိမ်ကို လာလည်သော ဖြူဖြူမြင့်မြင့် လူချောကြီး ရပ်နေပေသည်။ စောနု နာမည်ကို ဘယ်တုန်းကများ သိနေပါလိမ့်။ စောနုသည် လှေကားပေါ်သို့ တစ်လှမ်းခြင်း ဖြည်းဆေးစွာ တက်၍ သွား၏။

သူ တစ်လှမ်းချင်း တက်သွားတိုင်း လှေကားထိပ်မှ ပုဂ္ဂိုလ်ကြီးက တောင့်တောင့်ကြီး ရပ်နေမိသောအခါ လှေကားပေါ်ရှိ မီးသည် ငြိမ်းသွားပြန်သည်။

ပုဂ္ဂိုလ်ကြီးသည် နံရံတွင် ကပ်ထားသော မီးပွင့်အောက်၌ မတ်တပ ၍ နေပေသည်။ သူ့မျက်နှာသည် နီ၍ စိုဝင်းနေသလို ဖြစ်နေပေသ



ပွဖောင်းဖောင်း မျက်နှာကြီးက ပြုံး၍ နေသော်လည်း မျက်လုံးများက အလျှံတပြောင်ပြောင် တောက်နေသည်ဟု စောနုက ထင်နေပေသည်။

"ထိုင်အုံးလေ...စောနု..."

ပုဂ္ဂိုလ်ကြီး အသံက လေးတွဲ့တွဲ့ ဖြစ်၏။ စောနုသည် ဘာလုပ်ရမှန်းမသိ ဘာတွေ ဖြစ်နေ၍ ရှေ့ဆက်ခါ ဘာဇာတ်လမ်း ခင်းရမည်ကိုလည်း သူ မတွေးတတ်ပေ။

အကယ်၍ တွေးတတ်လျှင်လည်း ကုလားထိုင်ရှိရာသို့ တိုး၍ သွားမည် မဟုတ်ပါပေ။ သူ ကုလားထိုင်ပေါ် ထိုင်လျှင် ထိုင်ခြင်း ဖုတ်ခနဲ အဖြူရောင်မီးလုံးသည် ငြိမ်း၍ သွားကာ အပြာရောင် မီးလုံးတစ်ခုသာ မှိန်မှိန် ကျန်ရစ်တော့သည်။

"ဟင်" စောနုသည် ဖြုန်းခနဲ အထလိုက်တွင် ပုဂ္ဂိုလ်ကြီးက "ကျား" တို့၏လျင်မြန်ခြင်းနှင့် စောနုအနားသို့ ဖျတ်ခနဲ ရောက်လာ၏။

အပြင်တွင် မိုးများက သည်းထန်စွာ ရွာကျလာလေသည်။ စောနုသည် အော်၍ နေပေသည်။ စောနု၏ နှုတ်ခမ်းများပေါ်ကို ပုဂ္ဂိုလ်ကြီးက သူ့နှုတ်ခမ်းများနှင့် ဖိ၍ ထားသည်။

ပိုးတွန့်လုံချည်၊ ကားကူရှင် အတွေ့တို့ထက် ပုဂ္ဂိုလ်ကြီး အတွေ့က ပို၍ စိတ်လှုပ်ရှား ချောက်ချားစရာ ကောင်းပါကလား။

ယခုတော့မှ စောနုသည် အားလုံးအကြောင်းတို့ကို ရိပ်မိတော့သည်။ ပုဂ္ဂိုလ်ကြီးသည် သူ၏ သွယ်ပျောင်းသော ပေါင်တံများကို ဆုပ်နယ် နှုတ်သပ်ပေး၏။ စောနုကို ရင်ခွင်ထဲတွင် အပ်၍ ထားသည်။ စောနုသည် အစမှ အော်လိုက်မိသော်လည်း နောက်ပိုင်းတို့တွင် မအော်တော့ပေ။

ထိုည တစ်ညလုံး သူသည် ပုဂ္ဂိုလ်ကြီးနှင့် အတူ အိပ်နေတော့သည်။ မိုးကလည်း သည်းသည်းမည်းမည်း ရွာချ၍ နေပေသည်။

နောက်နေ့ မိုးမလင်းတလင်းတွင် အရိုးခံအိမ်မှ ဂျစ်ကားလေး ရောက်လာကာ သူ့ကို လာခေါ်၏။ သူ ဒီအိမ်တွင် ညက အိပ်ကြောင်း၊

www.burmeseclassic.com



ဒရိုင်ဘာ ကိုသာအောင် သိသည်ကို စောနု ရှက်နေသည်။ ဒရိုင်ဘာကတော့ လုပ်ရိုးလုပ်စဉ် လုပ်နေရသလို ဘာမှ ထူးခြားပုံ မရပေ။

စောနုသည် ကားပေါ်မှာ ထိုင်ရင်း ကတုန်ကယင် ဖြစ်နေပေသည်။ ညက မွေ့ရာ၏ အတွေ့ကို တွေးရင်း ကျောစိမ့်လာ၏။ အိပ်ရာပေါ်တွင် အရက်နံ့ လှိုင်နေသော ပါးစပ်ကြီးကို ဟခါ အိပ်၍ ကျန်ရစ်သော ပုဂ္ဂိုလ်ကြီးမျက်နှာကို တွေးမိသောအခါ ကြက်သီးထ၍ ရှုံ့သွားတော့သည်။

"ဒါက ဘယ်သူ့အိမ်လဲ ကိုသာအောင်" စောနုသည် ကားပေါ်တွင် ငြိမ်သက်စွာ လိုက်ပါလာရာမှ မရဲတရဲ မေးလိုက်၏။

"ဟိုအရာရှိကြီးအိမ်၊ နင်ကလဲ အ လိုက်တာ ကိုယ်အိပ်လာပြီး၊ ဘယ်သူ့အိမ်မှန်း မသိဘူးလား..."စောနုသည် သာအောင် ဆူသည်ကို အံကြိတ်ရင်း နားထောင်၍ နေပေသည်။

အိမ်ရောက်လျှင် အရီးဖဲက ဘယ်သူ့မှ မပြောရ၊ ပြောလျှင် ဆန်တစ်အိတ်ကိုလည်း သိမ်းမည်၊ အလုပ်လည်း ဖြုတ်မည်ဟု ဆို၏။ ယနေ့အဖို့တော့ အလုပ်မဆင်းဘဲ အိမ်ပြန်အိပ်နေရန် ပြော၍ သူ့ကို ဂျစ်ကားနှင့် ပြန်ပို့လိုက်သည်။

အိမ်တွင် အားလုံး သေသေသပ်သပ် ဖြစ်နေ၏။ အဖလည်း ညက ထမင်းစားကောင်းသည်ဟု ဆို၏။ သူ့ကို ညီမလေးတွေရော စံသာပါ ဝမ်းသာအားရ ကြိုဆိုသည်။

သူသည် ပြန်၍ ပြုံးလို့ပင် မရ၊ တဲပေါ်ကို ကသုတ်ကရက် ပြေးတက်လိုက်၏။ သူ၏နောက်ခန်းလေးသို့ ဝင်ကာ ညက ဝတ်လာသော ပိုးတွန့်ထဘီကို ချွတ်ပစ်လိုက်သည်။

ထဘီချွတ်လိုက်သော်လည်း စိတ်က ကျွတ်လွတ်၍ မသွားပါကလား။

အဖကို ဖွင့်ပြောရ ကောင်းမလား၊ ခုနေ အမိရှိလျှင် ပြောပြ တိုင် မိမည် ဖြစ်သည်။ သူသည် ဖျာပေါ်တွင် ပစ်လှဲလိုက်၏။ အဖသ မနေ့ကတည်းက စိတ်ချမ်းသာသည့် အချိန်နှင့် ဆက်၍ စိတ်ချမ်း ပါစေတော့။ ဘာ ဘာမှ မပြောလိုတော့ပေ၊



ခေါင်းအုံးကို ဆွဲယူ၍ မျက်နှာအပ်ခါ စောနုသည် ကြုံကြုံပါ အောင် ငိုမိတော့သည်။

ဤမျက်ရည်တို့သည် ရေပြင်အဖြစ် ပြောင်းလဲသွား၏။ စောသာဖြူ၏ ဆန်နှင့် စပါးတို့သည် ဤရေပြင်ပေါ်မှ ဖြတ်သန်းကာ တစ်ဘက်နိုင်ငံဘက် သို့ ရောက်ရှိသွားသည်ကိုမူ မည်သူမှ မသိလိုက်ကြပေ။

နောက်နေ့တွင် ဆန်ဈေးသည် တဟုန်ထိုး တက်သွားပြန်သည်။

"အမလေး ဆန်ဈေးတက်တုန်း ဒို့များ ဝယ်မစားရတာ ဘုရား ကျေးဇူးပဲဟေ့...၊ ကျေးဇူးရှင်ကြီးများ စိတ်ချမ်းသာကြပါစေ"

အဖသည် ဆုတောင်းလိုက်ရပါသည့် ဖြစ်ခြင်း။ စောနုကတော့ အိမ် ဘွင် ကြာကြာ မနေချင်ပေ။ မိုးလင်းလင်းခြင်း ဆိုသလို အလုပ်ဆင်း၏။ အရီးက တခါတလေ စောစောပြန်ခိုင်းလျှင် သူသည် စစ်တွေလမ်းများပေါ်သို့ ဆးမောကာ လျှောက်၍ နေတတ်ပေသည်။ ဦးစောသာဖြူရော အရီးကပါ သူ့ကို အလွန်အကျွံ မခိုင်းပေ၊ ယခင်ကထက် အလို ပိုလိုက်၏။

နေ့လယ်ဘက် နေ့တစ်ဝက်နှင့် ပြန်ခိုင်းသောအခါတွင်မူ သူသည် သမ်းကို တမောတပမ်းကြီး လျှောက်ပစ်လိုက်၏။ မောလာလျှင် စိတ် သက်သာသလို ဖြစ်ရပါ၏။ ငြိမ်သက်၍ တွေးနေလျှင် ငိုချင်သည်။ ငိုရသော ဝေဒနာကို မခံစားလိုပေ။

သူသည် ကမ်းနားကို လျှောက်ရင်း လျှောက်ရင်း စစ်တွေမြို့၏ အငူစွန်းသို့ ရောက်၍ လာသည်။ မိုးတွင်းဖြစ်သော်လည်း ယနေ့နေ့လယ်တွင် သက်မရှိ၍ ရာသီဥတုမှာ ကြည်လင်ပေသည်။ လှိုင်းသံသည် ရယ်မောသံလို သလုပေသည်။ လေညင်းသည် တသုန်သုန် တိုက်ခတ်၍ နေပေသည်။ ခန်းလေးများနှင့် လူထိုင်ရန် သပ်သပ်ရပ်ရပ် လုပ်ထားသော နေရာသို့ စောနုက မသွားပေ။ နေ့လယ်ကြီးဖြစ်၍ ဤနေရာတွင်လည်း ဘယ်သူမှ ပေ။

သူသည် ကမ်းစပ်သို့ သွားလိုက်၏။ ကျောက်ကမ္ဘား မည်းမည်းကြီး ားသည် ရေစပ်တွင် ပေါ်နေပေသည်။ ကျောက် ကို မှီကာ

www.burmeseclassic.com

ရေးသားခဲ့ပါသည်။ ယခု စာအုပ်တွင် မဂ္ဂဇင်း၌ စာမျက်နှာ အနေအထား ကြောင့် ချန်ထားခဲ့ရသည့် စာပိုဒ်များကို ထပ်မံ ဖြည့်စွက်ထားပါသည်။

'သက်တန့်ရောင် နှင်းဆီပန်းခင်း'တွင် အမျိုးသမီး၁၂-ဦး၏ စာပေ ရုပ်ပုံလွှာနှင့် သူတို့ ရေးသော စာ (ဝတ္ထု၊ကဗျာ)တို့ ပါဝင်ပါသည်။ နောင် တွင်လည်း အပျိုစင်မဂ္ဂဇင်းတွင် ရေးသားလျက် ရှိသော အမျိုးသမီး စာရေးဆရာတို့၏ စာပေရုပ်ပုံလွှာများကို စုစည်း၍ ၁၂-ဦးကျစီဖြင့် နှစ်စဉ် ထုတ်ဝေနိုင်ရန် ရည်မှန်းထားပါသည်။

၂

စာပေသည် ခေတ်ရေစီးကြောင်းအတွင်း တသွင်သွင် အဆက်မပြတ် စီးဆင်းလျက်ရှိရာ စာပေရေစီးကြောင်းအတွင်း စီးဆင်း ပါဝင်ခဲ့ကြသော အမျိုးသမီး စာရေးဆရာတို့၏ စာပေရုပ်ပုံလွှာကို အတတ်နိုင်ဆုံး ပုံပေါ် လာနိုင်စေရန် ကြိုးပမ်းထားခြင်း ဖြစ်ပါသည်။

အပျိုစင် မဂ္ဂဇင်းတွင် အမျိုးသမီး စာရေးဆရာမများ၏ စာပေရုပ်ပုံ လွှာကို လစဉ် ပင်တိုင်ရေးရသည်မှာ အတော်ပင်ပန်းလှသည်။ အခက်အခဲ များစွာနှင့်လည်း ရင်ဆိုင်ရပါသည်။ သို့သော် ဤသို့သော ဆောင်းပါးမျိုး ရေးရသည်မှာ များစွာ ကျေနပ်လှပါသည်။ ဂုဏ်လည်း ယူပါသည်။ လစဉ် ဆောင်းပါး ဖော်ပိတ်သည်အထိ သည်းခံ စောင့်ယူသည့် အပျိုစင် အယ်ဒီတာအဖွဲ့ကိုလည်း များစွာ အားနာ ကျေးဇူးတင်မိပါသည်။

ဆရာမတို့ရေးသော စာများကိုလည်း အတတ်နိုင်ဆုံး ခြုံငုံ ပုံပေါ် လာစေရန် ဖတ်ရှုရသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပါ။ တစ်ချို့ ဆိုလျှင် စာရေးဆရာ၌ပင် သူတို့ရေးသော စာများ မပြည့်စုံကြပါ။ ထိုအခါ စာကြည့်တိုက်သို့ ပြေးရသည်။ စာကြည့်တိုက်များသည် စိတ်ရှည်စွာဖြင့် လိုအပ်သော စာအုပ်စာတမ်းများကို မညည်းမညူ ရှာဖွေ ပေးကြပါ၏။ သူတို့၏ အကူအညီသည် များစွာ တန်ဖိုးရှိလှပါသည်။ သူတို့အကူအညီသာ မရရှိပါက စာပေရုပ်ပုံလွှာ ဆောင်းပါးများ ရေးသ နိုင်မည် မဟုတ်ပါ။ ဆရာမတို့၏ စာများကို ဖတ်ရှုပြီးပါက စာ၏ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ ပုံသဏ္ဌာန်၊ အတတ်ပညာ စသည်ဖြင့် ခွဲခြမ်း စိတ်ဖြာရသည်။ စာရေးဆရာနှင့် တွေ့ဆုံ၍ သူ့ရင်ခုန်သံကို နားထောင်ရသည်။ ထို့ပြင် ဆရာမ၏ စာအပေါ် ခေတ်ပြိုင် တုန့်ပြန်မှုများ ကိုလည်း နားစွင့်ရသည်။ အာလုံးကို ခြုံငုံ အကဲဖြတ်ပြီး စာရေးဆရာမ၏ ရုပ်ပုံလွှာကို ပုံဖော်ပေးရသည်။ ပုံပေါ် မပေါ်ဆိုသည်မှာ စာရေးသူနှင့်သာ လုံးဝသက်ဆိုင်ပါသည်။ အကယ်၍ စာရေးဆရာမတို့၏ ရုပ်ပုံလွှာသည် မပီမသ မထင်မရှား ဖြစ်နေသည်ဆိုပါက စာရေးသူ၏ ညံ့ဖျင်းမှုဟုသာ မှတ်ယူစေလိုပါသည်။

၃

'နှင်းဆီပန်းခင်း' စာအုပ်တွင် အမှာစာ ရေးသားပေးသော ဆရာကြီး မြသန်းတင့်အားလည်းကောင်း၊ စာပေရုပ်ပုံလွှာ ဆောင်းပါးများ လစဉ် ဖော်ပြပေးသော အပျိုစင် မဂ္ဂဇင်း အယ်ဒီတာအဖွဲ့အား လည်းကောင်း၊ 'စာပေရုပ်ပုံလွှာ'ကို ရေးသားခွင့် ပြုခဲ့ကြပြီး ဝတ္ထုတိုများ၊ ကဗျာများကို အသုံးပြုခွင့် ပြုခဲ့ကြသည့် စာရေးဆရာမအားလုံးအား လည်းကောင်း၊ စာအုပ်စာတမ်းများ ငှားရမ်းကြည့်ရှုခွင့်ပြုခဲ့ကြသည့် အမျိုးသား စာကြည့် တိုက်၊ တက္ကသိုလ်များ စာကြည့်တိုက်မှ ဝန်ထမ်းများအား လည်းကောင်း၊ အကြံဉာဏ်များ အကူအညီများ ပေးခဲ့ကြသည့် စာပေမိတ်ဆွေ သူငယ်ချင်း များ၊ စာဖတ်ပရိသတ်များအား လည်းကောင်း၊ အထူးသဖြင့် ဤစာအုပ်ကို အကျိုးအမြတ် အဓိက မထားဘဲ စာပေတန်ဖိုးကို ကြည့်ကာ ထုတ်ဝေပေး သည့် သူငယ်ချင်း မောင်ရန်ရှင်း (ဦးကြိုင်မြင့်-ဝါမိုးအောင်စာပေ)အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မောင်ခေတ်ထွန်း

၅၇-ခုနှစ်၊ ဝါဆိုလဆန်း ၁၄-ရက်။
၉၅-ခုနှစ်၊ ဇွန်လ ၁၀-ရက်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဆီသို့ ငေးနေမိသည်။ အဆုံးမရှိသည်ကို မြင်သောအခါ အားငယ်လာ၏။ အားငယ်လာလွန်း၍ တရှုပ်ရှုပ် ငိုနေမိပြန်လေသည်။

"ဟင်... မင်း ဘာလို့ ငိုနေသလဲ"

လူငယ်တစ်ယောက်သည် သူ့အနားတွင် ရပ်ကာ သူ့ကို မေးနေ၏။ သူသည် လူငယ်ကို လှည့်ကြည့်လိုက်၏။ သူ့မျက်လုံးမှ မျက်ရည်စများကိုမူ မသုတ်မိပေ။

ဤလူငယ်သည် ပုဂ္ဂိုလ်ကြီးလို အဆီ စားလိုသူဘဲလား၊ သဲသယ ကြီးစွာနှင့် ကြည့်ရင်း ပြီးတော့ ကြောက်လာ၏။ ဤရပ် ဤနေရာမှ အမြန် စွန့်ခွာသွားရန် ပြင်လိုက်၏။

"မပြေးပါနဲ့ကွယ်... အကောင်း မေးတာပါ။ မပြောချင်လဲ နေပါ၊ မင်း ငိုနေတာ တွေ့လို့၊ ကိုယ်က ရေထဲ ဆင်းသေမှာစိုးလို့ မေးတာပါ"

သူသည် ရပ်တန့်နေရင်းမှ သက်ပြင်းချလိုက်၏။ သူငယ်မှာ ရှပ်အင်္ကျီ အဖြူ ခပ်နွမ်းနွမ်းနှင့် ကာကီဘောင်းဘီ ဝတ်ထားလေသည်။ ဒေါက်ကောင်း၍ မျက်နှာအကျလှသော်လည်း အသားက ညိုလွန်းလှပေသည်။

"ပြန်တော့မယ်..."

"ပြန်ရင် လိုက်ပို့ရမလား..."

"ကျွန်မ ဘာသာ ပြန်တတ်ပါတယ်"

လူငယ်သည် သူ့နောက်မှ လိုက်လာကာ လမ်းမပေါ်အထိ လိုက်၍ ပို့၏။

တစ်ပတ် တစ်ခါဆိုသလို စောစောပြန်ရလျှင် ထိုအငူစွန်းသို့ အ[illegible] ရောက်၏။ ရောက်သည့်အခါတိုင်း လူငယ်နှင့် အမြဲတွေ့၏။ လူငယ်[illegible] နာမည်က ရဲဘော်ဝင်းမောင်ဟု ဆိုသည်။ စစ်တပ်မှ အားလပ်ချိန်[illegible] စောနု အားလပ်ချိန် ကြုံတိုင်း သူတို့နှစ်ဦး တွေ့ဆုံကြလေသည်။

ဝင်းမောင်နှင့် တွေ့ရချိန်များတွင် စောနုသည် စိတ်သက်သ[illegible] ရ၏။ ပျော်သလိုလို ကြည်နူးသလိုလိုနှင့် သူ့ဘဝကို မေ့ပေ[illegible]



ကျောက်တန်းကြီးများကို မှီ၍ လည်းကောင်း၊ သဲပြင်လေးများပေါ်တွင် ထိုင်၍ လည်းကောင်း သူတို့သည် စကားအရှည်ကြီး ပြောကြ၏။ ပြီးလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောကြပြန်သည်။ ဝင်းမောင်က စောနု၏ ကော့ဝန်းသော မျက်တောင်၊ ဝိုင်းသော မျက်လုံးတို့ကို ပိုမို မက်မော၏။ ရခိုင်၏ 'တန်ဆောင်'ဟု ချစ်သူကို ထင်မြင်လာပေသည်။ သို့သော် ရှင်တေဇောသာရကဲ့သို့ ရခိုင်သူ၏အလှကို ထိုရဲဘော်က ကဗျာ မဖွဲ့တတ်ပါပေ။

စစ်တွေ၏ လှုကုံထံများနှင့် အရာရှိကြီးများ လာရောက် အပန်းဖြေသော ညနေချိန်တွင်မူ သူတို့နှစ်ဦးအား ဘယ်သူမှ မတွေ့ပေ။

* * *

စောနုသည် ပါးပေါ်သို့ ပေါင်ဒါဖို့လိုက်တိုင်း ပေါင်ဒါများသည် ကွက်၍ ကွက်၍ သွားသည်။ မျက်ရည်သည် ပေါင်ဒါနှင့် လိမ်းကပ်၍ ပါးပြင်တွင် ကွက်သွားကြခြင်း ဖြစ်၏။ မဆည်နိုင်သော မျက်ရည်ကြားမှ သူ့မျက်နှာမို့မို့ကို မှန်ထဲတွင် ဝိုးတဝါး မြင်နေရသည်။

သူသည် အံကြိတ်၍ ငိုလိုက်၏။ မျက်ရည်များကို သုတ်ပစ်လိုက်ပြန်၏။ ကွက်နေသော ပေါင်ဒါတို့ကို ပြန်၍ ညှိလိုက်၏။

ယခင် ဟိုညတုန်းက ပုဂ္ဂိုလ်ကြီးနှင့် အတူ အိပ်ခဲ့ရသည်ကို [illegible]နည်းခဲ့သော်လည်း ယခုလောက် စိတ်ထဲတွင် မထိခိုက်ပေ။

ယခု ဝင်းမောင်နှင့် တွေ့ပြီး ပုဂ္ဂိုလ်ကြီးထံ သွားရမည်ကို သူ့ခြေထောက် [illegible]နေပေသည်။ ဘဝက မသွားလျှင် မဖြစ်တော့သည့် အခြေဟု [illegible]ကိုယ်သူ တွေးမိသောအခါ ရင်ထဲတွင် ဆို့လာ၏။ မျက်ရည်တို့က [illegible]၍ သွန်၍ ကျလာရပြန်၏။

"မြန်မြန်လုပ် စောနုရေ...ညည်း ကို သာအောင် လိုက်ပို့[illegible]မယ်။ [illegible] မနက်စောစော ပြန်လာခဲ့။ ငါတို့နှင့်အတူ ညည်း [illegible]တောင်ကို [illegible]ရလိမ့်မယ်...။"

www.burmeseclassic.com

www.burmeseclassic.com



ထူးမှ မထူးတော့ဘဲနှင့် ငိုနေ၍လည်း ဤအဖြစ်က လွတ်တော့မည် မဟုတ်ပေ။ ကမန်းကတန်း သူ့ကိုယ်ကို ပြင်ဆင်၍ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

သာအောင်သည် ဂျစ်ကားပေါ်တွင် ထိုင်၍ သူ့ကို စောင့်နေ၏။ ညနေမှောင်တရီဖြစ်၍ ဘာကိုမှ သဲကွဲစွာ မမြင်ရပေ။

သူကားပေါ် ရောက်လျှင် သာအောင်သည် ကားကို ဖြေးညင်းစွာ မောင်း၍ သွား၏။ စောနု၏ သက်မတချချအသံသည် စက်သံထဲမှ တစ်ခါတစ်ခါ ပေါ်၍ လာသည်။

"ဘာလို့ ငါ ခဏခဏ သွားရတာလဲ သာအောင်ရယ်"

သူသည် စိတ်ပျက်စွာနှင့် မေးလိုက်၏။

"နင်က ချောတာကိုး၊ ချောတဲ့မိန်းမများ တယ်ပြီး မာနကြီး တယ်နော်။ ဒါပေမယ့် ပုဂ္ဂိုလ်ကြီးတွေနဲ့ကျတော့ သူတို့ဟာ ခြေတော် တင်ခံရတာပါဘဲ..."

သာအောင့်စကားက ခနဲ့တဲ့တဲ့ ရှိသဲ့သဲ့ ဖြစ်၏။ စောနုသည် ထောင်းခနဲ ဒေါသထွက်သွားသော်လည်း သူသည် ရုတ်တရက် ပြန်၍ ရန်မတွေ့တတ်ပေ။

"အဲဒီ ပုဂ္ဂိုလ်ကြီးဆီ ငါ့ကို ဘာလို့ ခဏခဏ လွှတ်ရတာလဲလို့ မေးတာ၊ ဒီလူကြီးက အရီးရွှေဇံတို့ကို ဘာလုပ်ပေးလို့လဲ..."

"ဒီလူကြီးဆီမှာ နင့်ကို လာဘ်ထိုးတာပေါ့။ ဒီတော့ ဒီလူကြီးက အရီးရွှေဇံတို့ တစ်ဘက်နိုင်ငံကို ခိုးထုတ်ရောင်းတဲ့ စပါးတွေကို မဖမ်းဘူး ပေါ့ဟ၊ ဒီနည်းနဲ့ အရီးတို့ သူဌေးဖြစ်လာတာပေါ့"

"ဟင်..."

"မဟင်နဲ့လေ၊ သူများကိုလဲ ဖွင့်မပြောနဲ့နော်၊ ဒီမှာ အောက်ပိုင်းက အာဏာနည်းနည်းရှိတဲ့ လူတွေကို အရီးရွှေဇံတို့က ငွေနဲ့ ဝယ်ထား ချည်းပဲ၊ ငါက နင့်ကို ချစ်လို့ ပြောပြတာ"



"ဘာပြောတယ်..."

စောနုသည် ဆတ်ဆတ်တုန်လာ၏။ ပြီးတော့ ငိုမိပြန်သည်။ သူသည် ကတုန်ကယင်နှင့် သာအောင်ကို ရန်တွေ့နေပြန်၏။

"နင့်ကို ငါမချစ်နိုင်ဘူး၊ နင်တို့တွေ ဘယ်သူမှ မကောင်းပါဘူးဟယ်၊ ငါလဲ မကောင်းပါဘူး။ ဆန်ဈေး တက်လို့ ငါ အလုပ်လုပ်ရတာပါ၊ အလုပ်လုပ်လို့ ဒီဘဝရောက်ရတာ ငါ ဒီလိုလုပ်လို့ စစ်တွေစပါးတွေ တစ်ခြားရောက်ပြီး ဆန်ဈေးတက်ပြန်ရော။ ငါဟာ ငါလုပ်၊ ငါ့ဟာ ငါဖြစ်"

ဗလုံးဗထွေးနှင့် တွတ်တွတ် တွတ်တွတ် ပြောရင်း သူသည် ငိုပြန်သည်။

"မငိုပါနဲ့ဟယ်၊ တော်ကြာ ဟိုမင်းဘုရားကြီးက စိတ်တော် ညိုနေ အုန်းမယ်။ နင် ဘယ်လိုဘဲ ငါ့ကို ချစ်ချစ် မချစ်ချစ် ငါ့လက်ထဲ ရောက်မှာပါဘဲ"

စောနုသည် မျက်နှာကို လက်ကိုင်ပဝါနှင့်တို့ရင်း ချစ်သူ ဝင်းမောင် မျက်နှာမှာ မျက်လုံးထဲတွင် ပေါ်လာပြန်သည်။ သာအောင်၏ ကားသည် ပုဂ္ဂိုလ်ကြီး၏ ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်သည်။ စောနုသည် ထူးတော့ သော လုပ်နေကျ အလုပ်တစ်ခုကို မတုန်မလှုပ်နှင့် လှေကားကြီး ဆီသို့ တက်၍ သွား၏။

ယခုအခါတွင် မြတ်နိုးသူ ပေါ်လာပြီ ဖြစ်၍ အချစ်၏တန်ဖိုး၊ မိမိကိုယ်၏တန်ဖိုးကို ပိုမို နားလည်လာသောကြောင့် စောနုသည် ပိုမို၍ တွေးမိ၏။ အသဲနှလုံးများက ဖျစ်ဖျစ်မြည်မတတ် ပြိုကွဲသလို ဝေဒနာကို ခံစားရပါ၏။ ပုဂ္ဂိုလ်ကြီးကမူ စောနု၏အသဲနှလုံးများ ချစ်မေတ္တာ အကြောင်းများကို ယောင်၍မျှပင် မတွေးမိပေ။

နံနက်တွင် အဆီ ရွှဲရွှဲပြန်နေသော မျက်နှာကြီးသည် ပါးစပ်ကို အငိုသား ဟကာ အိပ်၍ ကျန်ရစ်ပြီ ကျန်ရစ်ခဲ့ပေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘူးသီးတောင်သို့ ထွက်လာသော သင်္ဘောပေါ်တွင် စောနုသည် ငို၍ နေသည်။ ညဥ့်က အာရုံသည် ခေါင်းထဲတွင် မရှိပေ။ ဝင်းမောင်တစ်ယောက်များ စစ်တွေအင်္ဂုစွန်းတွင် ယနေ့ နေ့လယ် သူ့ကိုများ စောင့်နေမည်လား၊ သူ့ကိုများ မတွေ့လျှင် ဝင်းမောင်တစ်ယောက်တည်း ပျင်း၍များ နေမလား၊ သူသည် လွမ်း၍ လာ၏။ စစ်တွေမြို့ကလည်း ဝေး၍ ဝေး၍ သွားကာ သူ့မျက်လုံးထဲတွင် ပျပျကလေး မြင်နေရတော့သည်။

မြစ်ငယ်ပေါ်ကို ဖြတ်၍ ပြေးလိုက်ရ ကောင်းမလား။ တစ်ယောက်တည်း စောင့်နေမည့် ချစ်သူကို ပြေး၍ ပြောလိုက်ချင်သည်။ ချစ်လာပြီဆိုတော့ စိတ်ကူးတို့သည်လည်း ယဉ်ကျေး နုနယ်လာကြ၏။ ဘူးသီးတောင်အပြန်မှပင် ချစ်သူကို တွေ့ရတော့မည်ဟု စိတ်တင်းလိုက်၏။ သောင်ပြင်ပေါ်တွင် ချစ်သူအပါးဝယ် ထိုင်ကာ သူ့ဘဝကို ပြောပြမည်။ ချစ်သူက ကြေနပ်လျှင် သူတို့ လက်ထပ်မည်။ ဤမျှ စက်ဆုပ်ဘွယ်ကောင်းသော ဘဝသို့ ဘယ်တော့မှ ပြန်မလာတော့ဟု စောနုက တွေး၏။

သူ့အသည်းနှလုံးများသည် ချစ်သူကို မညာချင်ပေ။ သို့သော် သူ့ဘဝ၏ နွမ်းပုံ၊ မသန့်တော့ပုံကို ချစ်သူကများ သိ၍သွားလျှင် ချစ်သူ၏ နှလုံးသားတို့သည် ဘယ်လိုများ ဖြစ်၍ သွားရှာမည်လဲ...စောနု၏ မျက်ရည်ပေါက် သွန်ကျ၍ လာပြန်တော့သည်။

"မငိုပါရစေနဲ့တော့ ဘုရား...မငိုပါရစေနဲ့တော့..."

စောနုသည် ဘုရားကိုလည်း ငိုကြွေးရခြင်း ဆင်းရဲကို မခံစားရအောင် ဆုတောင်းလိုက်မိပြန်သည်။

* * *



ဘူးသီးတောင်ကို ညနေတွင် ဆိုက်ရောက်ခဲ့လေသည်။ အရီးရွှေဖဲတို့ လှေစုသည် ဧည့်သည်များ ပါလာ၍ တပျော်တပါးကြီး ဖြစ်နေလေသည်။ အရီးဖဲ၏ မောင်များအိမ်တွင် တည်းခိုကြသည်။

စောနုသည် တည်းခိုအိမ် ရောက်ရောက်ခြင်း ထိုး၍ အန်၏။ အိမ်သားများကတော့ သင်္ဘောမူးသည်ဟု ဆိုသည်။ စောနုသည် ထမင်းမစား၊ အိပ်ရာထဲတွင် ခွေနေလေသည်။ ရင်ထဲက အစာကို မဆာပေ။ တွေး၍သာ နေချင်ပေသည်။

"ကလေးမ..."

အရီးရွှေဖဲသည် သူ့အနား ရောက်လာလေသည်။

"ညည်း ကလေးရှိလားမှ မသိဘဲ"

"ဘာ- ဘယ်လို...

စောနု၏ အသားများသည် တဆတ်ဆတ်တုန်၍ လာလေသည်။

"ကလေးရှိချင်လဲ ရှိမယ်၊ ညည်းက ကျန်းမာလို့ အစားမပျက်တာဘဲ။ ဘယ်သူမှ မပြောနဲ့နော်...ငါ သာအောင်နဲ့ ညည်းကို ပေးစားမယ်"

အရီးဖဲသည် ပေါ့ပေါ့လေးပင် ပြောကာ သူ့အနားမှ ထွက်သွားတော့သည်။

ဘုရား...ဘုရား...စောနု၏ မျက်လုံးများသည် ပြာ၍-ဝေလာ၏။ ယခင်ယခင်က ဒီလိုပင် ဖြစ်ခဲ့သော အလားအလာရှိ၍ သာအောင်သည် "ငါ့လက်ထဲ နင်ရောက်မှာ"ဟု မလွဲတမ်း ပြောရဲသည်ကို သူ သဘောပေါက်၍ လာပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အရီးဖဲတို့သည် စိုင်းအန်း (ခေါ်) စိုင်းတင် ရေတံခွန်ကြီးရှိရာသို့ ပျော်ပွဲစား ထွက်လာကြသည်။ ဘူးသီးတောင်မှ ရေတံခွန်သို့ မော်တော်လေးနှင့် ၃–နာရီလောက် လာကြရသည်။ မြစ်ကြောင်းမှာ မကျယ်လှပေ။ ဝင်္ဂဘာတောင်ခရီးကဲ့သို့ ကွေ့ကာ ဝိုက်ကာ သွားကြရ၏။ ထိုမြစ်ငယ်မှာ စိုင်းတင်ရေတံခွန်ကြီးမှ စတင် စီးဆင်းလာခြင်းပင် ဖြစ်ပေသည်။ မော်တော်လေးသည် တောင်ကမ်းပါးယံ၏ ခြေရင်းတွင် ဆိုက်ကပ်လိုက်၏။ ရေတံခွန်ရှိရာသို့ တောင်ကမ်းပါး၏ ဘေးမှ ခြေသွားလမ်းလေးအတိုင်း သွားကြရသည်။

စိုင်းတင်ရေတံခွန်သည် တောင်ကမ်းပါး၏ ဘေးတွင် တဝေါဝေါ သွန်ကျနေပေသည်။ ကျောက်တောင်ကမ်းပါးနှင့် ရေတံခွန်ကြားရှိ မြေပြန့်တွင် အမေရိကန်တို့ ဆောက်လုပ်ထားခဲ့သော တဲငယ်လေးများ ကျန်ရစ်ခဲ့ပေသည်။

ဧည့်သည်များအားလုံးသည် တဲငယ်များအပေါ်တွင် နားနေမည် ဖြစ်၍ စောနုသည် ပစ္စည်းအားလုံးကို တဲရှိရာသို့ ခေါက်တုံ့ခေါက်ပြန် သယ်ယူကာ နေလေသည်။ ဧည့်သည်များကတော့ အဝတ်အစားလဲကာ ရေတံခွန်ရှိရာသို့ ပြေး၍ ဆင်းသွားကြ၏။ ကျောက်တုံး၊ ကျောက်ဖျာများကြားထဲရှိ ရေများကို တချို့က ခပ်ယူ ချိုးကြသည်။ သတ္တိရှိသူတို့က တဝေါဝေါ သွန်ကျနေသော ရေတံခွန်အနားသို့ တိုးကပ်၍ သွားကြသည်။ တိတိရိရိ ညီနေသော ပေ၅၁–လောက် ကျယ်သည့် ကျောက်ခုံမြင့်ပေါ်မှ အားသွန် စီးလာသော ရေတံခွန်ကြီးသည် ဖွေးဖွေးဖြူ၍ နေပေသည်။ ရေမှုန်များ ရေခိုးများမှာလည်း ကျောက်ဖျာအစွန်းတွင် မှိုင်းမှုန်၍ နေပေသည်။

ပတ်ဝန်းကျင်ကမူ စိမ်းစိုနေသော တောကြီး ဖြစ်၍ တိတ်ဆိတ် ငြိမ်သက်နေပေသည်။ စိုင်းတင်ရေတံခွန်ကြီးသည်သာ တောကြီး၏ အလယ်တွင် မင်းမူနေသလို တဝုန်းဝုန်း မြည်နေပေသည်။ သွန်ကျလာသော ရေရှိန် ပြန့်ကျယ်ကြီးသည် ပန်းဖြူဆုပ်များလို ဖားလျားကြီး၍ ကျလာတတ်သည်။



စောနုသည် ဧည့်သည်များ ရေချိုးအပြီးတွင် ထမင်းစားရန် အဆင်သင့် ခူးခပ် ပြင်ဆင်နေရပေသည်။ ရေချိုးသူများအားလုံး တဲပေါ် ရောက်လာမှ သူသည် ရေတံခွန်ရှိရာသို့ တစ်ယောက်တည်း ရေသွားချိုး၏။

စိုင်းတင်ရေတံခွန်ကြီးသည် လှပ၍ ကျယ်ပြန့်သည့် ကျောက်ခုံမြင့်ပေါ်မှ သူတို့ ရေချိုးရာ ကျောက်ဖျာပေါ်သို့ စီးသွန်ကျလာပြီး တောင်ချောက်ထဲသို့ စီးဆင်းသွားပေသည်။ ကျောက်ဂူစွန်းမှ ငုံ့၍ ကြည့်လျှင် အောက်ချောက်ထဲရှိ ရေစီးထဲ၌ ဝဲလည် လှည့်နေသော သစ်တို သစ်စ ဝါးလုံးများကို မြင်နေရပေသည်။

'ဒီက ပြန်လျှင် သာအောင်ကို ယူရမည်။ မယူလျှင်လဲ ဝင်းမောင်ကို ယူရမည်။ ပုဂ္ဂိုလ်ကြီး၏ ကလေးကို ဗိုက်ထဲထားကာ ချစ်သူကို ဘယ်လို သုပ်၍ ယူရပါမည်နည်း။' သူ့အတွေးများသည် တောင်စောက်ထဲရှိ ဝါးလုံးတို့ကဲ့သို့ ပတ်လည် လည်၍ နေပေသည်။

သူသည် ချစ်သူကို လိမ်ကောက်ရဲလောက်အောင် မယုတ်မာရဲသေးပေ။ သတ္တိမရှိသေးပေ။

သူသည် ရေတံခွန် သွန်၍ ကျလာရာ,အောက်ခံကျောက်ဖျာနားသို့ ကပ်၍ သွားပြန်သည်။ အကယ်၍ ချစ်သူ ဝင်းမောင်နှင့်သာ အတူလာခဲ့ပါမူ စိုင်းတင်ရေတံခွန်ကြီးသည် ပျော်မွေ့ ကြည်နူးစရာကြီး ဖြစ်ခဲ့ပေလိမ့်မည်။

ယခုတော့ ဘီလူးကြီး အော်နေသလို ကြောက်စရာကောင်းသည်ဟု စောနုက ထင်ပေသည်။ ပြန်သွားလျှင် သာအောင်ကို ယူမည် ထားဦး၊ ပုဂ္ဂိုလ်ကြီးနှင့်ကတော့ ဆက်နေရဦးမည်။ ဒီမှာဘက်တွင် သူ့ပုဂ္ဂိုလ်ကြီးကို စောင့်နေရသည်နှင့်အမျှ ဟိုမှာဘက်တွင် အဖတို့လို လူစားတွေက ဆန်အကြီးပေး၍ ဝယ်စားရပေအုံးမည်။

တကယ်ဆိုတော့ စောနုသည် အလွန် မုန်းတီးစရာကောင်းသူ မိန်းကလေးတစ်ယောက်၊ သူ့ကြောင့် ဆန်ဈေးများ တက်ရပြန်သည်ဟု သူ ကိုယ်သူ တွေးထင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေများကို လက်နှင့် ခပ်၍ ကိုယ်ပေါ်သို့ ပက်လိုက်၏။ ယခုလို နေ့လယ်တွင် ရဲဘော်ဝင်းမောင်တစ်ယောက် စစ်တွေ အင်္ဂုစွန်းတွင် သူ့ကို စောင့်၍ နေလိမ့်မည်လား။ တဖွေးဖွေး လိမ့်နေသော လှိုင်းလုံးများဆီသို့ ငေးမော၍ပင် နေမည်လား။

တဝုန်းဝုန်း သွန်ကျလာသော ရေမှုင့် ရေပန်းခင်းကြီးများဆီသို့ သူမော်၍ ကြည့်လိုက်၏။ ရေတံခွန်နှင့် ကျောက်ဖျာတို့ ထိတွေ့သော နေရာတွင် ရေသည် အရှိန်ပြင်းစွာ စီးဆင်း၍ သွား၏။ စောနုသည် စေ့စေ့တင်းသော နှုတ်ခမ်းတို့ကို ကြိတ်လိုက်ရင်း ရေတံခွန်ကြီး၏ ခြေရင်းဆီသို့ တိုး၍ တိုး၍ သွားပေသည်။ ရေတံခွန်က တဝုန်းဝုန်း မြည်သလို သူ့ရင်ထဲတွင်လည်း တဝုန်းဝုန်း မြည်နေပေသည်။

"ဟဲ့ စောနု–စောနု"

တဲဘက်ဆီမှ တစ်ပြိုင်နက် အော်သံတို့ ပေါ်ထွက်၍ လာပေသည်။ စောနုကမူ အားသွန်၍ ကျလာသော ရေလုံးဖွေးဖွေးတို့ အနီးသို့ မရောက်ခင်ပင် ပြင်းထန်သော ရေစီးကြောင်းပေါ်သို့ ခွေလဲ ယိုင်ကျ၍ သွားတော့သည်။ ရေပန်းပွင့်တို့သည် ချောမွေ့သူလေးအပေါ်သို့ သွန်ကျ၍ လာကြလေသည်။

* * *



စစ်တွေအင်္ဂုစွန်းတွင် မိုးဖွဲဖွဲလေး ရွာကျ၍ နေပေသည်။ မိုးဖွဲဖွဲကြားမှ နေခြည်သည်လည်း ပင်လယ်ပြင်ပေါ်သို့ ကျဲကျဲလေးသွန်ကျ၍ နေပေသည်။

လှိုင်းလုံးများသည် တလိမ့်လိမ့် လူးရင်း သဲပြင်ကမ်းပါးကို ထိတွေ့လာ၏။

ရဲဘော်ဝင်းမောင်သည် ကျောက်ဆောင်ဆောင်းတွင် ချစ်သူကို စောင့်၍ နေပေသည်။ သူ့ ကာကီဘောင်းဘီပေါ်တွင် မိုးစက်ရာများ ပြည့်၍ လာကြ၏။

သဲပြင်ပေါ်တွင် သူသည် လက်နှင့် ခြစ်၍ ချစ်သူနာမည်ကို ရေး၍ ထားလေသည်။ ပင်လယ်ရေသည် မြင့်၍ မြင့်၍ တက်လာသောအခါ သဲပြင်ပေါ်ရှိ 'စောနု'၏ အမည်လေးသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်၍ သွားတော့သည်။

အဝေးကြီးကို မျှော်လေလေ မြင်ခင်းက မှုန်၍ မှုန်၍ လာလေသည်။

တစ်နေ့သောအခါ စိုင်းတင်ရေတံခွန်မှ ရေအလျဉ်နှင့် ဤပင်လယ်ပြင်မှ လှိုင်းတို့ တွေ့ဆုံကြပါမူ စိုင်းတင်ရေတံခွန်၏ အရှိန်ကို လက်နှင့် အာဆီးလိုသော ချောမွေ့သူ စောနု၏ အဖြစ်ကို တီးတိုး ပြောဆိုကြဆလိမ့်မည်။ အကယ်၍သာ ပင်လယ်လှိုင်းလေးတို့ စကားပြောတတ်လျှင် မူကား စောနု၏ သတင်းကို ရဲဘော်ထံသို့ ပေးပို့ကြမည် ဖြစ်လေသည်။

ဘယ်သောအခါမှ ပင်လယ်လှိုင်းပြာတို့သည် စကား ပြောကြပါသည်နည်း။

ဘယ်သောအခါမှ စောနုအကြောင်းကို ရဲဘော် သိရှိပါမည်နည်း။

ဘယ်သောအခါမှ စိုင်းတင်ရေတံခွန်ကဲ့သို့ အရှိန်ပြင်းထန်လှသော အမှေ့မှုတို့ကို ကာကွယ်နိုင်ပါမည်နည်း။

ရွှေမဝ မဂ္ဂဇင်း

၁၉၅၆–ခုနှစ်၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

# ခင်နှင်းယု၏ ဝတ္ထုတို

[ရှင်သာ·ရနိုင်တန်ဆောင်လော]

www.burmeseclassic.com

www.burmeseclassic.com

မနှင်းဖွေး၏ ဝတ္ထုတို
[ရွှေးမနှစ်ယောက်]



www.burmeseclassic.com

www.burmeseclassic.com

## ဝတ္ထုတိုဆရာမ မနှင်းဖွေး

ဝတ္ထုတိုသည် ရိုးရိုးရှင်းရှင်း အဖွဲ့မျိုး ဖြစ်သည်။ ဝတ္ထုတို၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းသော အခြင်းအရာကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာအောင် ဖော်ပြဖို့ပင် ဖြစ်သည်။ ဝတ္ထုတိုသည် စထွက်ကတည်းက စာဖတ်သူ၏ အာရုံကို ဖမ်းစားကာ တစ်ချက်ကလေး မျှ မလျော့စေဘဲ အထွတ်အထိပ်သို့ ရောက်သည့်တိုင် တပြည်းပြည်း ချင်း ဆွဲငင် စုစည်းမြှင့်တင်၍ ယူသွားရမည်။ ဝတ္ထုတို၏ အတိုင်း အရှည်သည် စာဖတ်သူ၏ အာရုံစူးစိုက်မှု ကြာနိုင်သလောက်သာ ရှိသင့်၏။ စာဖတ်သူ အာရုံ၌ အခြားသောအရာများ ဖြတ်ဝင်မလာမီ စာဖတ်သူ စိတ်မညောင်းမီ ဖျတ်ခနဲ အဆုံးသတ် လိုက်ရပေမည်။

[အင်္ဂလိပ် စာရေးဆရာကြီး အိပ်-ဂျီ-ဝဲလ်စ် **H.G. Wells**]

* * *

စာရေးဆရာမ မနှင်းဖွေး၏ ဝတ္ထုတိုများသည် ပတ်ဝန်းကျင်တွင် တွေ့မြင်နေကျ အကြောင်းအရာများကို ရိုးရိုး ရှင်းရှင်းကလေးပင် ဖွဲ့နွဲ့ရေးသားထားသော်လည်း စာဖတ်သူအား ရှေ့ဆက် မဖတ်မနေနိုင်အောင် ဆွဲဆောင်နိုင်စွမ်းရှိကာ မထင်မှတ်သော နေရာတွင် ဖျတ်ခနဲ အဆုံးသတ်ပြီး စာဖတ်သူအား မချင့်မရဲ စွဲကျန်ရစ်ခဲ့စေလေသည်။



ဆရာမသည် ဝတ္ထုတိုများကို အရေးများလေ့ ရှိသည်။ အားသန်သည်။ ာင်းအတော်များများတွင် ဆရာမ၏ ဝတ္ထုတိုကလေးများကို ကြိုကြား ကြိုကြား တွေ့ရတတ်သည်။ ဝတ္ထုတိုကလေးများမှာ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ဖြစ်သည်။ ဆရာမသည် သူကျင်လည်ရာ ပတ်ဝန်းကျင်မှ ဒီတာများစရာ၊ ဝမ်းမြောက် ကြည်နူးစရာ၊ ရွံရှာ စက်ဆုပ်စရာ၊ စံပြ နမူနာ ယူစရာ၊ ရှောင်ရှား ဖယ်ခွာစရာ စသည့် အကြောင်းအရာများကို ဘတ်လမ်းဖွဲ့ ရေးသားထားသည့် ဝတ္ထုများသာ ဖြစ်သည်။ ဆရာမသည် ဝတ္ထုတို အရေးများ၍ ဝတ္ထုတိုရေးသားသော ဆရာမဟုသာ လူသိများကြသည်။

'ကျွန်မ ဝတ္ထုတိုကို ပိုပြီး အားသန်ပါတယ်၊ ဝတ္ထုတိုကို ဖတ်ရတာရော ရေးရတာရော ပိုကြိုက်ပါတယ်။ ဖတ်တယ်ဆိုရင်လည်း တစ်ထိုင်တည်းမှာ အယူအဆတစ်ခု၊ ဒဿနတစ်ခု၊ ဒါမှမဟုတ် ရသတစ်ခု ရလိုက်နိုင်တယ် မဟုတ်လား၊ ရေးတော့လဲ ဒီအတိုင်းပဲ၊ ကိုယ်ပြောချင်တာ တစ်ခု၊ ကိုယ်အမြင် တစ်ခုကို အချိန်တိုတိုအတွင်းမှာပဲ ပြောပြ၊ ရေးပြနိုင်တာမို့ ရည်မှန်းချက်လည်း မြန်မြန်ဆန်ဆန် ပေါက်မြောက်နိုင်တယ်လေ၊ ပြီးတော့ ဝတ္ထုတိုစွမ်းအားကို ကျွန်မ ယုံတယ်၊ ဝတ္ထုတိုရဲ့ သြဇာကိုလည်းယုံတယ်၊ ဝတ္ထုတိုကောင်း တစ်ပုဒ်ဟာ သိုင်းသိုင်းဝိုင်းဝိုင်း ပြည့်ပြည့်စုံစုံ ဖွဲ့ထားတဲ့ ဝတ္ထုရှည်ကြီးထက် စာဖတ်သူကို သြဇာ ညောင်းစေတတ်ပါတယ်'

ဝတ္ထုတို ရေးရခြင်းနှင့် ပတ်သက်၍ ဆရာမက ဤသို့ ဆိုခဲ့သည်။

ဆရာမ မနှင်းဖွေး၏ အမည်ရင်းမှာ ဒေါ်မြမြသန်း ဖြစ်သည်။ အဖ ဦးမျိုးသွင်၊ အမိ ဒေါ်မြဟန်တို့မှ ၁၉၄၆-ခုနှစ်၊ နိုဝင်ဘာ ၈-ရက်နေ့တွင် မိုးကုတ်မြို့၌ ဖွားမြင်ခဲ့သည်။ ငယ်စဉ်က လားရှိုးမြို့ အစိုးရအထက်တန်းကျောင်း၊ မန္တလေးနန်းတွင်း အလယ်တန်းကျောင်း၊ ပြင်ဦးလွင် ကိုးသင်္ကိတ် အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၆၉-ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်မှ ရူပဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့

www.burmeseclassic.com

www.burmeseclassic.com



ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် ရုပဗေဒအသင်း၌ အမှုဆောင်အဖြစ်လည်းကောင်း၊ စာတည်းအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနတွင် ဓာတ်ရောင်ခြည် ကျွမ်းကျင်သူအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၈၁-ခုနှစ်မှ စတင်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊ စာပေဗိမာန်တွင် စာတည်းအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၉၀-ပြည့်နှစ်တွင် အနောက်ဂျာမနီနိုင်ငံ ဘာလင်မြို့မှ သတင်းစာပညာ ဒီပလိုမာ DJ (Berlin) ကို ရရှိခဲ့သည်။

ဆရာမသည် အသက်၁၄-နှစ် အရွယ်ကပင် စာလေ၀ါသနာ ပါခဲ့သည်။ ငယ်စဉ်က အိုးပုတ်၊ အရုပ်လေးများဖြင့် ဆော့ကစားရာတွင် စိတ်ကူးယဉ်ဓာတ်လမ်းဆင်ပြီး ဆော့ကစားလေ့ ရှိသည်။ ဤအချက်သည် ဆရာမအား စာပေနယ်သို့ တွန်းပို့သည့် အကြောင်းအရာတစ်ခုဟု ဆိုသည်။ ကျောင်းနေစဉ် အရွယ်၌ ပုံပြင်များ ဖတ်လာသည့်အခါတွင် ပုံပြင်ထဲမှ ဓာတ်ကောင်နေရာတွင် သူ့ကိုယ်သူ ထားပြီး စိတ်ကူးယဉ်ခဲ့သည်။ စင်ဒရဲလား၊ မနှင်းဖြူ၊ အိပ်စက်ရှုပါတို့သည် ဆရာမ စိတ်ကူးယဉ်အားကျခဲ့သော ဓာတ်ကောင်များပင် ဖြစ်သည်။ ကလေးဂျာနယ်ထဲမှ ဆရာမကြီး ယုဝတီ မာလာသိန်း၏ 'မစပယ်လေး'သည် ဆရာမ စံထားအားအကျဆုံး ၊အဖြစ်ချင်ဆုံး ဓာတ်ကောင်ပင် ဖြစ်သည်။ မစပယ်လေးကိုအားကျကာ မစပယ်လေးကဲ့သို့ တော်ချင်သည်၊ လိမ်မာ ယဉ်ကျေးချင်သည်၊ လူချစ်လူခင် ပေါများချင်သည်။ ထိုအချိန်က စပြီး စာပေဉာဏ သက်ရောက်မှုကို ခံယူနေပြီဟု ဆိုသည်။

အသက်၁၄-နှစ်ခန့်အရွယ်တွင် စာရေးဆရာ ဖန်တီးသည့် ဓာတ်ကောင်ဘ၀ထက် စာရေးဆရာ ဘ၀ကို ပို၍ အားကျလာသည်။ စာရေးချင်လာသည်။ ထို့နောက် တိုင်းရင်းမေ ဂျာနယ်တွင် ပါ၀င်သော ဝတ္ထုတိုကလေးများကို ကြိုက်နှစ်သက်ရာမှ တိုင်းရင်းမေ ကလောင်ရှင်များကိုအားကျလာသည်။ထိုသို့ဖြင့် ဆရာမသည် ကလောင်အမည်'နှင်းမှုန်ဆေ'



အမည်ဖြင့် ' နှောင်းခဲ့ပြီကောကွယ် ' ဝတ္ထုတိုကလေးကို စမ်းရေးကြည့်မိသည်။ ထိုအချိန်က ဆရာမ၏ အသက်မှာ ၁၄-နှစ် ဖြစ်ပြီး ရှစ်တန်းကျောင်းသူဘ၀ ဖြစ်သည်။ ဆရာမသည် ဝတ္ထုရေးပြီးသော်လည်း မည်သို့လုပ်ရမှန်း မသိ ဖြစ်နေခဲ့သည်။ ထိုအချိန်က ဆရာမမှာ ပြင်ဦးလွင်မြို့တွင်နေထိုင်သူဖြစ်ပြီး ရန်ကုန်မြို့သို့ လုံး၀ မရောက်ဖူးပေ။ ထို့ကြောင့်တိုင်းရင်းမေဂျာနယ် 'စာရေးနည်း သ၀ဏ်လွှာ'ကဏ္ဍတွင် ပါလို ပါငြားသူ့ဝတ္ထုတိုကလေးကို တိုင်းရင်းမေဂျာနယ်သို့ လိပ်မူတပ်ပြီး ပို့လိုက်သည်။စာမူပို့ပြီး လစဉ် တိုင်းရင်းမေဂျာနယ်သို့ လှန်လှောကြည့်သော်လည်းစာမူကား ပါ မလာချေ။ တစ်နှစ်ခန့်ကြာမှ သူ့ဝတ္ထု ပါလာသည်။သို့သော် သူ့ဝတ္ထုသည် 'စာရေးနည်း သ၀ဏ်လွှာ'ကဏ္ဍတွင် မဟုတ်ဘဲ...န်းချီ ဘလုံလေး သရုပ်ဖော်ပုံဖြင့် ကျကျနန သီးသန့် ဝတ္ထုအဖြစ်...ော်ပြထားသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရသည်။ ၁၉၆၁-ခုနှစ်ခန့်က...ဖြစ်သည်။ ထိုဝတ္ထု ပါစဉ်က ဆရာမသည် ဝမ်းသာလွန်း၍ ပုံနှိပ်စာလုံးဖြင့်...ော်ပြ ထားသော သူ့ဝတ္ထုကလေးကို မိဘများအား အားရဝမ်းသာစွာ...ပြသည်။ မိဘများက အံ့အားသင့်ကြသည်။

ထို့နောက် ဆရာမသည် တိုင်းရင်းမေ ဂျာနယ်သို့ပင်'မွန်နှင့် မော်လီ'...အမည်ရှိ ဝတ္ထုတိုကလေးကို ထပ်မံ ပို့လိုက်ရာ ပါလာပြန်လေသည်။...အခါ ဆရာမ၏ မိဘများသည် သူတို့သမီးအား ကျောင်းစာဘက်တွင်...နည်းသွားမည် စိုး၍ ဝတ္ထုဆက်ရေးခွင့် မပြုတော့ပေ။ ဆယ်တန်း...အောင်မှ ရေးခွင့်ပြုမည်ဟု ဆိုကြသည်။

၁၉၆၃-ခုနှစ်တွင် ဆရာမသည် ဆယ်တန်းအောင်၍ ရန်ကုန်...တက္ကသိုလ်သို့ ရောက်ခဲ့သည်။ ကျောင်းပိတ်ထားစဉ် အတောအတွင်း...အချိန်အား ရ၍ 'တောင်ခိုး ငွေ့ငွေ့ကြား၀ယ်' ဝတ္ထုကို စတင် ရေးသားသည်။ ဆရာမ၏ ဒုတိယမြောက်ဝတ္ထု ဖြစ်သကဲ့သို့ ပထမဆုံး...ရှည်ကြီးလည်း ဖြစ်သည်။ တစ်နှစ်ခန့် ရေးယူရသည်။ အခန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းရန် တိုင်းရင်းမေ ဂျာနယ်သို့ပင် ပို့သည်။ တိုင်းရင်းမေ ဂျာနယ်တွင် ဝတ္ထုရှည် နှစ်ပုဒ်ကို နှစ်နှင့် ချီ၍ ထည့်ရသည့်အတွက် ဆရာမ၏ စာမူမှာ တော်တော်နှင့် ပါမလာချေ။ နောက်ဆုံး ဆရာမသည် ဝတ္ထုကြီးကို ပြန်ပြင်ရန် စာမူကို ပြန်တောင်းလာခဲ့သည်။ စာမူကို ပြန်လည် ပြင်ဆင်ရေးသားခဲ့သော်လည်း ပြီးဆုံးသည့်တိုင်အောင် မရောက်ခဲ့ပေ။ ထို့ကြောင့် ဝတ္ထုကြီးကို ခေတ္တခဏ ဘေးဖယ်ထားလိုက်ပြီး ကျောင်းစာကို ကြိုးစားခဲ့သည်။ ၁၉၆၇–ခုနှစ်တွင် ကျောင်းပြီး၍ သူ့ဝတ္ထုကြီးကို ဖုန်ခါကာ ပြန်လည် ပြင်ဆင် ရေးသားသည်။ 'တောင်ခိုးငွေ့ငွေကြားဝယ်' ဝတ္ထုကြီးကို အမျိုးသား စာပေပြိုင်ပွဲသို့ တင်သွင်းခဲ့သည်။ ထိုဝတ္ထုဖြင့် ဝတ္ထုရှည် စာတွဲဆု ရရှိခဲ့သည်။ ထိုဝတ္ထုမှ စ၍ 'မနှင်းဖွေး' ဟူသော ကလောင်အမည်ကို ယူခဲ့သည်။ ဆရာမသည် မိုးကုတ်လားရှိုး၊ ပြင်ဦးလွင်မြို့တို့တွင် နေထိုင်ကြီးပြင်းသူ ဖြစ်၍ ဆောင်းတွင်းနှင်းများ ဖွေးဖွေးလှုပ် ကျနေသည်ကို မြင်မိရာမှ 'မနှင်းဖွေး' ဟူသော ကလောင်အမည်ကို ယူခဲ့သည်ဟု ဆိုသည်။

ဆရာမ၏ ဝတ္ထုတိုကလေးများကို မဂ္ဂဇင်းများတွင် တွေ့ရသည်။ ဆရာမသည် စာတည်းအလုပ်တာဝန် တစ်ဖက်၊ အိမ်ထောင့်တာဝန် တစ်ဖက်ဖြင့် စာရေးရသည်ဖြစ်၍ စာရေးကျဲသည်။ သို့သော် ဆရာမ ရေးသမျှ ဝတ္ထုတိုများသည် တစ်ပုဒ်ဆို ဆိုသလောက် ပြောစမှတ်ပြုခြင်းခံရသည်။ ဝတ္ထုတိုအရေးကောင်းသည်ဟု ချီးကျူးခြင်း ခံရသည်။ ခြံစည်းရိုး၊ အထိန်းတော်၊ သမီးလေးရဲ့ ကုသိုလ်ကံ၊ မိုင်ပေါင်းကုဋေချွေးမနှစ်ယောက်၊ မပိုင်ချစ်၊ ကိုယ်လို လူစား အများကြီးပဲ စသည့် ဝတ္ထုတိုများမှာ ထင်ရှားသည်။ 'မပိုင်ချစ်'နှင့် 'သူခိုး' ဝတ္ထုတို နှစ်ပုဒ်ကို ဂျပန်ဘာသာသို့ လည်းကောင်း၊ 'ဆင်သာဆင် မယဉ်သည့်ပန်း' ဝတ္ထုရှည်ကို ရုရှားဘာသာသို့လည်းကောင်း ပြန်ဆိုခြင်း ခံရသည်။ ဆရာမသည် မဂ္ဂဇင်းများတွင် ပါဝင်ခဲ့သော သူ့ဝတ္ထုတိုများထဲမှ ဝတ္ထုတိုအချို့ကို



ရွေးချယ် စုစည်း၍ ၁၉၉၁–ခုနှစ်၊ ဒီဇင်ဘာလတွင် 'စေတနာ ရိပ်ဝန်း' ဝတ္ထုတိုပေါင်းချုပ်(၁)ကို ထုတ်ဝေခဲ့သည်။ စေတနာအရင်းခံပြီး ရေးဖွဲ့သည့် ဝတ္ထုတိုများ ဖြစ်၍ စေတနာရိပ်ဝန်း ဝတ္ထုတိုများဟူ၍ အမည်ပေးထားခြင်း ဖြစ်ပြီး သိမြင် နားလည် ခံစားမိသမျှလေးများကို စေတနာဖြင့် မျှဝေလိုက်ခြင်းသာ ဖြစ်သည်ဟု ဆိုထားသည်။

ငွေတာရီမဂ္ဂဇင်း(၁၉၇၄–ခုနှစ်၊ ဖေဖော်ဝါရီလ)တွင် ပါဝင်သည့် **မပိုင်ချစ်** ဝတ္ထုတိုကလေးမှာ စာဖတ်သူအား ဝတ္ထုအဆုံးထိ ဆွဲခေါ်သွားသော ဝတ္ထုတိုကလေး ဖြစ်သည်။ စာဖတ်သူသည် နော်ထူး၏ နှလုံးသားကို ထွင်းဖောက် မြင်ရကာ နော်ထူးအား စာနာသနားစိတ်များ စာဖတ်သူ၏ နှလုံးသားမှ လျှံထွက် လာပါသည်။ နောက်ဆုံး နော်ထူးသည် စာဖတ်သူ၏ အသည်းနှလုံးကို ဆွဲနှုတ် ယူငင်သွားကာ တသိမ့်သိမ့် ရင်နှင့်ဖွယ် ကျန်ရစ်ခဲ့ရမည့် မေတ္တာဘွဲ့ ဝတ္ထုတိုကလေး ဖြစ်သည်။ ဝတ္ထုတို ဆိုသော်လည်း အတန်ငယ် ရှည်သည်။

**သမီးလေးရဲ့ ကုသိုလ်ကံ** (ရုပ်ရှင်အောင်လံ မဂ္ဂဇင်း၊ ၁၉၈၆၊ ဇွန်လ)သည် ကြီးတော်အိမ်တွင် ဘာမျှ မကြောင့်မကြ မပူမပင်နေကာ ကျောင်းတက်နေရသော သမီးသည် ဆရာဝန်လိုင်းရရန် မနက်ကျူရှင်၊ ညကျူရှင်များဖြင့် မနားမနေ လုံးပန်း ကြိုးစားနေပုံ၊ ကျောင်းတွင် ပထမနေရာက မဆင်းရဖို့အရေး လောဘတကြီးဖြင့် စာကျက်နေရာ သမီးထံ တစ်လတခေါက် လာတွေ့သော မိခင်ကိုပင် စကားဖြောင့်ဖြောင့် မပြောနိုင်ရှာပုံ၊ သမီးမှာ အပူအပင်ကင်းမဲ့ ကလေးသူငယ်တစ်ယောက်၏ လွတ်လပ်ခြင်းဟူသည့် ရပိုင်ခွင့်များ ဆုံးရှုံးရပုံတို့ကို ရေးဖွဲ့ထားသည်။

ရုပ်ရှင်အောင်လံ မဂ္ဂဇင်း၏(၁၉၈၆၊ အောက်တိုဘာ)တွင် ပါဝင်သည့် **ခြံစည်းရိုး** ဝတ္ထုမှာ အိမ်နီးချင်းဟူသည် ခြံစည်းရိုးပင် ဖြစ်ကြောင်း၊ အိမ်နီးချင်းကောင်းပါက ခြံစည်းရိုး လုံသကဲ့သို့ပင် ဖြစ်ကြောင်း ဖော်ပြရေးသားထားပြီး **လရောင်ဆမ်းသော ပီတိ** (ပေဖူးလွှာ မဂ္ဂဇင်း၊ ၁၉၈၆၊

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလ)မှာ မိဘ၏ သားသမီး မြေးမြစ်များအပေါ် မေတ္တာတရား ကြီးမားပုံကို ရေးထားခြင်း ဖြစ်သည်။

မဟေသီမဂ္ဂဇင်း(၁၉၈၉–ခုနှစ်၊ မေ)တွင် ပါရှိသော **ချွေးမနှစ်ယောက်** ဝတ္ထုမှာ ချွေးမနှစ်ဦး၏ တစ်ဦးနှင့်တစ်ဦး စိတ်နေသဘောထား စရိုက် သဘာဝချင်း မတူညီပုံ၊ တစ်ဦးသည် မိန်းမ အလွန်ပီသကာ ချေစပ် သချာပုံ၊ နှုတ်ချို ပျူငှာပုံ၊ ချွေချွေတာတာရှိကာ စုဆောင်းတတ်ပုံ၊ တစ်ဦးမှာမူ စိတ်ကောင်းနှလုံးကောင်းရှိပြီး စေတနာ ကောင်းမွန်ပုံ၊ သဒ္ဓါတရား ထက်သန်ပုံတို့ကို နှိုင်းယှဉ် ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။

**အထိန်းတော်** (ဘိုကလေးမြို့နယ် မဂ္ဂဇင်း၊ ၁၉၈၅၊ မေလ) ဝတ္ထုတိုတွင် အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး၏ ပူပင်သောကကို ရေးဖွဲ့ထားသည်မှာ သရုပ်ပေါ်လှပေသည်။ ခင်ပွန်းသည်အား ငယ်အနှောင်းထားမှာ ပူပင်ရပုံ၊ လူကြီးထိန်းရသည့် အလုပ်က ကလေးထိန်းရသည့် အလုပ်ထက် များစွာ ခက်ခဲပုံ၊ သားသမီးများအား ငယ်စဉ်တောင်ကျေး ကလေးဘဝက စပြီး အရွယ်ရောက်၍ အိမ်ထောင် ကျသွားသည်အထိ အမျိုးမျိုး ပူပင်ရပုံ၊ ထိန်းကျောင်းရပုံ၊ နောက်ဆုံး တရား သွားထုတ်မည့် ဆဲဆဲတွင် ပုသိမ်မှ သမီးကြီးကေသီ ဖွားကြောင်း ကြေးနန်းစာကို ရရှိ၍ သမီးထံသို့ လိုက်ရန် တရား ထုတ်မည့် အလုပ်ကို ဖျက်ပုံတို့ကို ရေးဖွဲ့ထားသည်မှာ ပိုင်နိုင်လှ ပေသည်။ မိဘမေတ္တာကို ဖော်ပြထားသည်မှာ သရုပ်ပေါ် လှပေသည်။ တတ်ဆောင်စရိုက် ပီသလှပေသည်။ နောက်ဆုံးနိဂုံးတွင် သမီးနှင့် မြေး အတွက် ပျာယာခတ်နေပုံတို့ကို ဖော်ပြထားသည်မှာ ထိမိလှပေသည်။ စိတ်ထဲတွင် ကွက်ကွက်ကွင်းကွင်း ထင်မြင်လာစေသည်။

ဆရာမ မနှင်းဖွေးသည် မိမိ မြင်တွေ့၊ ကြားသိ၊ ခံစားရသည်များကို စာဖတ်သူအား မျှဝေ ခံစားနိုင်စေရန် အတတ်ပညာဖြင့် ပုံဖော်ကာ ဝတ္ထုများကို မွေးဖွားခဲ့သည်။ သူ့ဝတ္ထုများမှာ ရိုးစင်းသည်။ စာဖတ်သူများ၏



အိမ်၊ မိသားစု ပတ်ဝန်းကျင်တွင် တွေ့မြင်နေကျ အကြောင်းအရာ၊ အဖြစ်အပျက်များပင် ဖြစ်သည်။ သို့သော် ဆရာမသည် သာမန်လူ မြင်သကဲ့သို့ မမြင်၊ သာမန်လူ တွေးသကဲ့သို့ မတွေး၊ နိုက်နိုက်ချွတ်ချွတ် မြင်သည်။ လေးလေးနက်နက် တွေးသည်။ စေ့စေ့ပေါက်ပေါက် လေ့လာသည်။ သာမန်လူတို့ သတိမထားမိလိုက်သော အချက်ကို စာဖတ်သူအား ဖွင့်ခနဲ လင်းလက်ပြကာ စာဖတ်သူ၏ နှလုံးကို လှုပ်နှိုးလေသည်။ ဝတ္ထု ပြီးဆုံးလျှင် စာဖတ်သူအတွက် တစ်စုံတစ်ခုသော ဒဿနတစ်ခု ကျန်ရစ်ခဲ့စေသည်။

> ‘စာရေးတယ်၊ ဝတ္ထုရေးတယ်ဆိုတာ ပြောချင်တာ တစ်ခုခု ရှိလို့ ရေးနေကြတာ မဟုတ်လား၊ ကိုယ်ပြောတာ ပီပြင် ပေါ်လွင်မှ စာရေးတယ်၊ ဝတ္ထုရေးတယ် မည်တော့မပေါ့၊ နို့မို့ ကိုယ့် ပတ်ဝန်းကျင်မှာ ကိုယ် မြင်နေ၊ ကြားနေတာချည်း သက်သက်၊ ဒါမှမဟုတ် ကိုယ် စိတ်ကူးမိတဲ့ ဇာတ်ကွက်တွေချည်း သက်သက် ချရေးနေလို့ကတော့ ဝတ္ထုတစ်ပုဒ်လို့ ကျွန်မ အမည်မတပ်ချင်ဘူး၊ ကိုယ့်ပတ်ဝန်းကျင်မှာ နိစ္စ ရူဝ မြင်တွေ့နေတဲ့ အဖြစ်အပျက်ပဲ၊ စိတ်ကူးဇာတ်ကွက်ပဲ၊ အဲဒီ အဖြစ်အပျက်နဲ့ စိတ်ကူး ဇာတ်ကွက်ပေါ် တည်မှီပြီး ကိုယ် ဘယ်လို သုံးသပ်သလဲ၊ ကိုယ် ဘယ်လို ကောက်ချက်ဆွဲသလဲ၊ ကိုယ်က ဘယ်ရှုထောင့်က ကြည့်ပြီး ဘယ်လိုမြင် သလဲ ဆိုတာတွေ ပါတော့မှ ဝတ္ထုအင်္ဂါရပ်နှင့် ညီတယ်လို့ ကျွန်မ ယူဆတယ်’

ဟု ဆရာမ မနှင်းဖွေးက ဝတ္ထုရေးသားခြင်းနှင့် ပတ်သက်၍ ပြောင်းဆိုပြခဲ့လေသည်။

## ရည်ညွှန်း


၁။ မဂ္ဂဇင်းများတွင် ပါဝင်သော မနှင်းဖွေး၏ ဝတ္ထုတိုများ။
၂။ စေတနာ ရိပ်ဝန်း ဝတ္ထုတိုများ၊ ပြုံးစာပေ၊ ကြည့်မြင်တိုင်၊ ရန်ကုန်၊ ၁၉၉၁၊ ဒီဇင်ဘာလ။

www.burmeseclassic.com



## ပန်းပန်လျှက်ရှိသော
## ဆရာမကြီး ဒေါ်ခင်နှင်းယု၏ ဝတ္ထုများ

"ကျွန်မဟာ ဒီလူ့ဘုံကို ဝတ္ထုရေးဖို့ ခေတ္တ အလည်အပတ် ရောက်လာ ခြင်းပါပဲ"လို့ ပြောလေ့ ရှိတဲ့ ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ဝတ္ထုတွေဟာ ယခုအချိန်ထိ ရှင်သန် ပွင့်လင်းနေဆဲပါ။ ဆရာမကြီးရဲ့ ဝတ္ထုတွေကို ရုပ်ရှင်ရိုက်တဲ့အခါမှာလည်း စံချိန်တင် ခံရတဲ့အထိ အောင်မြင်ခဲ့ ပါတယ်။ 'မွေး' 'ပန်းပန်လျက်ပါ' ရုပ်ရှင်တွေဟာ အအောင်မြင်ဆုံး ဇာတ်ကားတွေပါပဲ။ ယခု မင်းသား မင်းသမီး အသစ်တွေနဲ့ ပြန်လည် ဆန်းသစ် ရိုက်ကူး ပြသတဲ့အခါမှာလည်း အောင်မြင်လျက်ပါပဲ။ ဆရာမကြီးဟာ မွေး၊ ပန်းပန်လျက်ပါ၊ ဆောင်းတွင်းပန်း၊ ယဉ်မင်းပိုက်၊ ကြေးမုံရိပ်သွင်၊ ရွှေပြည်တော်၏ ပုံပြင်များ၊ ကြာတော့၌ ရှာသောမိုး၊ သခွပ်ပန်း၊ အောင်မြင်သောနေ့၊ လာခြင်းကောင်းသော လူကလေး၊ လမင်းကြီး သာစမ်းပါ၊ ဘုံမေ့တာမှာ ကြုံရလေသမျှ၊ ပန်းများကို ပွင့်စေသူ၊ ကျွန်မချစ်သူ၊ နွေနှောင်းရက်ကျန် စတဲ့ ဝတ္ထုတွေကို ရေးသားခဲ့ပါတယ်။ အောင်မြင် ကျော်ကြားတဲ့ ဝတ္ထုတွေပါပဲ။

ဆရာမကြီးက သူ့ရဲ့ ဝတ္ထုတွေဟာ 'ဝေဒနာမှာ ပွင့်တဲ့ပန်း' တွေလို့ ဆိုပါတယ်။ ဆရာမကြီးဟာ ထိခိုက် ခံစားမှု ဝေဒနာရတိုင်း အဲဒီဝေဒနာကို ...သားပြင်မှာ ထင်ဟပ် ပြတတ်လေ့ ရှိပါတယ်။ ဝေဒနာမှ ...တဲ့ ...တွေဟာ စာဖတ်သူကို မွေးထုံစေပါတယ်။ ကြည်နူးမှုကို ပေး...တယ်။ ...ခင် နှစ်သက်မှုကို ခံစားစေပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဆရာမကြီး ...င်နှင်းယုက ...

www.burmeseclassic.com



၃။ စာပေလောက (၁၃၄၁ အမျိုးသား စာဆိုတော်နေ့ အထိမ်း အမှတ်) စာပေလောက ပုံနှိပ်တိုက်၊ ရန်ကုန် ၁၉၇၉၊ နိုဝင်ဘာ။
၄။ ဝတ္ထုတို စာတမ်းများ(ပထမတွဲ)၊ စာပေဗိမာန်၊ ၁၉၇၉။
၅။ စာရေးဆရာမ မနှင်းမွှေးနှင့် တွေ့ဆုံခြင်း၊ ပေဖူးလွှာ မဂ္ဂဇင်း ၁၉၈၉၊ အမှတ်(၉၇)
၆။ တောင်နိုးငွေ့ငွေ့ ကြားဝယ်၊ စာပေဗိမာန်၊ရန်ကုန်။

## ချွေးမနှစ်ယောက်

ကျောင်းဆရာမဘဝမှ ပင်စင်ယူပြီးကတည်းက ဒေါ်သင်းထုံ ရန်ကုန်ကို သွားချင်နေသည်။ သွားချင်နေသည့် အကြောင်းက အခြား မဟုတ်။ သားနှစ်ယောက်လုံး ရန်ကုန်ကို ပြန်ရောက်နေပြီ ဆိုသည့် သတင်းကို ကြားထားခြင်းကြောင့် ဖြစ်သည်။ သားတွေကို သူ သတိရလှသည်။ လွမ်းဆွတ် အောက်မေ့လှသည်။ သူတို့လေးတွေ သူ့ရင်ခွင်ကို စွန့်ခွာသွားကြတာ ကာလ ကြာလှပြီ။ ဘွဲ့ကိုယ်စီ ရအောင် ပညာသင်ပေးပြီးနောက် အလုပ်အကိုင် ကိုယ်စီ ဖြစ်သွားပြီးကတည်းက ဆိုပါစို့။

သားတွေက အလုပ်တာဝန်နှင့် နယ်တကာလှည့်ရင်း အိမ်ထောင်ကျသွားပြန်တော့ သားအမိ သားအဖတစ်တွေ ပို၍ အနေ ဝေးသွားရပြန်သည်။

ဒေါ်သင်းထုံတို့ ဇနီးမောင်နှံလည်း ဝန်ထမ်းများပီပီ စိတ်သွားတိုင်း ကိုယ်မပါရကား သားတွေထံ မရောက်နိုင်ခဲ့။ ထို့ကြောင့် ချွေးမတွေကိုပင် မှတ်မှတ်ရရ ဒေါ်သင်းထုံ တစ်ခါလား နှစ်ခါလား မြင်ဖူးခဲ့သည်။ သူတို့ လက်ထပ်စဉ်က တစ်ကြိမ်၊ လက်ထပ်ပြီးစ မိဘရပ်ထံ ဆွေပြမျိုးပြ အလည်ခေါ်လာစဉ်က တစ်ကြိမ်။ ဤမျှသာပင်။

ယခုတော့ သားတွေက ရာထူးတွေ တိုးကာ သားကိုယ်စီ၊ သမီးကိုယ်စီ နှင့် ရန်ကုန်ကို ပြန်ရောက်နေပြီဟု သိရတော့ ကိုယ်ကလည်း အားလပ်နေသည်က တစ်ကြောင်း၊ အိမ်က ဆရာကြီးကလည်း နေကောင်းနေသည်ကလည်း တစ်ကြောင်း၊ ဘိုကလေး နှင့် ရန်ကုန်ကို အိမ်ဦး ကြမ်းပြင်လို သွားနေသည့် အိမ်နားက မကျင်လှကလည်း လိုက်ပို့ပေးမည်ဟု ပြောသည်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းတို့ကြောင့် ဆရာကြီးကို တပည့်လေးတစ်ယောက်နှင့် အပ်ခဲ့ကာ ဒေါ်သင်းထုံ သားနှစ်ယောက်ရှိရာ ရန်ကုန်မြို့သို့ ထွက်လာခဲ့လေသည်။

သားကြီး ကိုမြင့်သူ နေထိုင်ရာ ဝေဠုဝန် အိမ်ရာစခန်းကို လွယ်လွယ်ကူကူပင် ရောက်ရှိလာပြီး သားကြီး၏ တိုက်ခန်းကိုလည်း အခက်အခဲမရှိ ရှာတွေ့ခဲ့ပါသည်။

လူခေါ်ခေါင်းလောင်း နှိပ်လိုက်ပြီး စောင့်နေစဉ် တံခါး လာဖွင့်ပေးသူမှာ ချွေးမ သက်သက်ခင် ဖြစ်သည်။

အထုပ်တွေ အပိုးတွေ ဝန်စည်စလယ်တွေနှင့်အတူ ဒေါ်သင်းထုံကို တွေ့လိုက်တော့ ရုတ်တရက် အံ့ဩ တွေဝေသွားပြီးနောက် ချက်ချင်းဆိုသလို ဝမ်းသာအယ်လဲ ကြိုဆိုရှာပါသည်။

"ဟင် အမေ၊ အမေပါလား၊ ကိုကိုရေ ဟောသည်မှာ အမေ ရောက်နေတယ်တော့၊ အမေရယ် ဆိုင်းမဆင့်ဗုံမဆင့် လာမယ်ဆိုလဲ ကြိုကြိုတင်တင် ပြောရောပေါ့၊ ကြိုကြိုတင်တင် သိရင် သဘော်ဆိပ်ကို သက်တို့ လာကြိုမှာပေါ့၊ ပေးပေး အထုပ်တွေ သက် ဆွဲခဲ့မယ်၊ အမေ အိမ်ထဲဝင်"

သားကြီး ကိုမြင့်သူကတော့ နဂိုကပင် နှုတ်နည်းသူပီပီ ဘာမျှ မပြောနိုင်ဘဲ ဒေါ်သင်းထုံ ရောက်လာသည့်အတွက် ဝမ်းသာ လှိုက်လှဲစွာ ပြုံးကာ အမေ့လက်ကို ဆွဲ၍ အိမ်ထဲ ခေါ်ဝင်သည်။

"အမေ ပက်လက်ကုလားထိုင်မှာ ထိုင်ပါ၊ ကျော့လေး ဘာလေးလဲ ဆန့်ရအောင်၊ အမေတော့ အရမ်း ပင်ပန်းမှာပဲနော်၊ ဟဲ့ ဘုတ်ဆုံရေ ယပ်တောင် တစ်ချောင်းနဲ့ အမေ့အတွက် ရေအေးအေးလေး တစ်ခွက်လောက် ခပ်ခဲ့ပါဟဲ့"

ချွေးမလုပ်သူက နှုတ်ခွန်း ပျူငှာတော့လည်း ဒေါ်သင်းထုံစိတ်ထဲ အကျေနပ်ကြီး ကျေနပ်ကာ အမောပင် ပြေချင်ချင် ဖြစ်သွားသည်။

မကျင်လှကတော့ ဒေါ်သင်းထုံကို ထားခဲ့ပြီး သူ့အစ်မရှိရာ တစ်တိုက်ကျော်ကို ထွက်သွားလေတော့သည်။



"အမေ နေကောင်းတယ်နော်"

"အေး...ကောင်းပါတယ် သားရယ်"

သား၏ နှုတ်ခွန်းဆက်စကားက ဤမျှသာပင်။

"အဖေကော နေကောင်းရဲ့လား အမေ၊ အဖေ့ကျတော့ ဘာလို့ ခေါ်မလာတာလဲ၊ အဖေ့ခမျာ တစ်ယောက်တည်း ပျင်းကျန်ရစ်တော့မှာပဲ အမေရယ်"

အဖေ့သတင်းကို သားက မမေးမီ ချွေးမက ဦးစွာ မေးဖော်ရသည့်အတွက် ဒေါ်သင်းထုံ ပိုမို၍ပင် သဘောကျသွားပြန်သည်။

အင်း---အိမ်က ဆရာကြီးများသိလျှင် ဘယ်လောက်များ ဝမ်းသာရှာလိမ့်မလဲဟု တွေးကာ 'အေးကွယ်၊ သမီးရဲ့ အဖေကို အိမ်စောင့်ထားခဲ့ရတယ်၊ နောက်တစ်ခါ သူ့အလှည့်ပေါ့'ဟု အလိုက်သင့် ဖြေရသည်။

ပါလာသော ပုစွန်ခြောက်၊ ငါးခြောက်များကို တောင်းထဲမှ ထုတ်နေစဉ် သက်သက်ခင်က ဝရန်တာ ထွက်ကာ သူ့သမီးတွေကို လှမ်းခေါ်သည်။

တအောင့်လောက်နေတော့ ဂါဝန်ဆင်တူလေး ဝတ်ထားသော မိန်းကလေးနှစ်ယောက် တက်လာသည်။

"အမေ၊ ဟောသည်မှာ အမေ့မြေးတွေ။ အကြီးက မြအိမ်သူတဲ့၊ သည်အောက်တိုဘာလဆို ခြောက်နှစ်ပြည့်မယ်၊ ပထမတန်းရောက်ပြီ၊ စာလဲ သိပ်တော်တာအမေ၊ အတန်းထဲမှာ အမြဲ ပထမချည်းပဲ ရတယ်၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတွေရဲ့ မြေးလို့ မပြောရဘူး၊ အငယ်က မြစိုးသူတဲ့၊ အရင်လက လေးနှစ် ပြည့်တယ်၊ မှုကြိုပေါ့၊ ဒါ သမီးတို့ရဲ့ ဘွားဘွားနော် မှတ်ထား၊ ဟုတ်လား"

သက်သက်ခင်က မိတ်ဆက်ရင်း သူ့ဘက် တွန်းပို့ပေးသော မြေးနှစ်ယောက်ကို ဒေါ်သင်းထုံက အသာဆွဲခေါ်ရင်း ရင်ခွင်ထဲ ပိုက်ပွေ့ထားမိသည်။

"ငါ့ မြေးတွေက အချောလေးတွေပဲဟော့"

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေက ပထမတော့ ခပ်စိမ်းစိမ်း ဖြစ်နေသေးသော်လည်း နောက်တော့ ရင်းနှီး ရဲတင်းစွာ သူ့ထံ တိုးကပ်လာသည်။ သို့သော် တွတ်တီးတွတ်တာ စကားတော့ မပြော။ သူ့အဖေလို နေမှာပေါ့လေ။ သားကြီး ကိုမြင့်သူကလည်း ငယ်ငယ်က အလွန်အေးသည့် ကလေး။ ငိုခြင်း၊ ယိုခြင်း၊ ဆူခြင်း၊ ပူခြင်း လုံးဝမရှိ။ ကျောင်းနေချိန်မှာလည်း ကျောင်းစာပဲ တကုပ်ကုပ် ကျက်၍ ခပ်အေးအေးနေခဲ့သူ၊ တက္ကသိုလ်ရောက်၊ ဘွဲ့ရ၊ အလုပ်ဝင်၊ နယ်တကာလှည့်ပြီး သူ မိန်းမ ယူပါတော့မည် ပြောလာတော့မှ သား အရည်အသွေးကို သူ တအံ့တသြ ဖြစ်ရသည်။

ချွေးမ သက်သက်ခင်က ပျဉ်းမနားသူ။ အလယ်တန်းပြ။ သားက ပျဉ်းမနားတွင် ဦးစီးမှူးအဖြစ် တာဝန်ကျစဉ် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

သက်သက်ခင် နှုတ်သွက်၊ လျှာသွက်ရှိကြောင်း သူတို့ လက်ထပ်ပြီးစ အိမ်ကိုခေါ်လာကတည်းက ဒေါ်သင်းထုံ သိပြီးဖြစ်သည်။ သားနှင့်က သည်လို မိန်းမမျိုးပဲ ကိုက်ပါတယ်လေ။ နို့မို့ သားက အေး၊ သူကအေး ဆိုလျှင် သူတို့အိမ် လူသံသူသံပင် ကြားရတော့မည် မဟုတ်။

ယခုလည်း ကြည့်။ ဒေါ်သင်းထုံကို ရေတစ်ခွက် တိုက်ပြီး ပြောလိုက်သည့် စကား။ အမေ့သားက ဘယ်လို၊ အမေ့မြေး အကြီးက ဘယ်နှယ်၊ အမေ့မြေး အငယ်မက ဘယ်သို့နှင့် အမျှင်မပြတ်။ ဒေါ်သင်းထုံမှာ သူပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် တမေ့တမော နားထောင်နေရသည်။

"ကဲ…စကားပြောတာလဲ ပြောပေါ့ သက်ရယ်၊ အမေ ထမင်း ဆာနေပါ့မယ်၊ ထမင်းစားဖို့ ပြင်ပါဦး"

ကိုမြင့်သူက သတိပေးမှ…

"ဟင်…ဟုတ်သားပဲ၊ ကြည့်ပါဦး၊ ထမင်းစားချိန်တောင် ရောက်ပြီပဲ၊ အမယ်လေး စကားကောင်းနေလိုက်တာ၊ သားအမိချင်းကလဲ အခုမှ တွေ့ရတာကိုး ကိုကိုရဲ့၊ ကဲ…အမေ ရေချိုးချင် ချိုးလိုက်ပါလား၊ လန်းဆန်းသွားအောင်နော်၊ သက် ထမင်းပွဲ ပြင်နှင့်မယ်"



"အေး .. အေး…"

ဒေါ်သင်းထုံက ချွေးမ စီစဉ်သည့်အတိုင်း ရေမိုးချိုးသည်။ ချိုးသည် ဆိုတာလည်း ကိုယ့်အိမ်မှာလို အားရပါးရတော့ မချိုးဝံ့။

"ရေနည်းနေလို့ အမေ ခပ်လို့ မီရဲ့လား မသိဘူး၊ ရေက တစ်နေ့မှ နှစ်နာရီလောက် လာတာအမေရဲ့၊ မနက် တစ်နာရီ၊ ညနေ တစ်နာရီ၊ အသုံးများတဲ့နေ့ဆို ရေက တယ် မလောက်ချင်တော့ဘူး" ဟု ချွေးမက ပြောထားသဖြင့် ချွေချွေတာတာလေး ချိုးနေရသည်။

ဘာပဲဖြစ်ဖြစ် ရေချိုးလိုက်ရသဖြင့် အနည်းငယ်တော့ နေသာ ထိုင်သာ ရှိသွားသည်။

ရေချိုးပြီးတော့ အသင့်ပြင်ထားသော ထမင်းဝိုင်းမှာ ဝင်ထိုင်သည်။

"ဒါက ကြက်သားနဲ့ ဘူးသီး အမေ၊ ကာလသားချက်လေး ချက်ထားတာ၊ ဆီပြန်ဆို အီနေမှာစိုးလို့၊ ဒါက သရက်သီး ပိုးတီသုပ်၊ ကိုကိုက ငါးပိရည်နဲ့ တို့စရာ ကောင်းကောင်း စားချင်တယ်ဆိုလို့ ဘာလယ်ငါးပိလေး ဝယ်ကျိုထားတာ မွှေးသားပဲနော်၊ ခရမ်းသီး နုနုလေးတွေ ပေါတာနဲ့ ဝယ်ပြုတ်ထားတယ် အမေ စားနော်"

ငယ်တုန်းကတော့ ငါးပိရည်ကို ဟုတ်ဟုတ်ငြားငြား မစားခဲ့သော ကိုမြင့်သူက တောင့်တောင့်တတ ဘယ်တုန်းကများ ကြိုက်သွားပါလိမ့်။ အလေ… စနီးသည်၏ ပျူပျူငှာငှာ စကားတွေနှင့်အတူ ငါးပိ ရည်ရာကို ဖွယ်ဖွယ်ရာရာ ပြင်ဆင် ကျွေးမွေးတော့လည်း ဘယ် ကျား မဆို သဘောတွေ့မပေါ့၊ ဒါ မဆန်းလှပါဘူးဟု တွေးကာ ငါးပိရည်ကိုပင် ဦးစွာခပ်၍ ထမင်းပေါ် ဆမ်းလိုက်သည်။

ထမင်းတစ်လုတ် စားကြည့်သောအခါ ချိုမနေဘဲ ငန်ကျိကျိ ဖြစ်နေသဖြင့် ခရမ်းသီးနုနုကလေးတစ်လုံးကို ယူ၍ ထမင်းထဲ မြှုပ်နှံ ထားချေ၍ အလယ်သားကို ခွဲထုတ်လိုက်သည်။ ကွေးကွေးလေး ဖြစ်နေသော ပိုးကောင်ဖြူဖြူလေးများကို တွေ့ရသဖြင့် မစားဖြစ်တော့ဘဲ ထမင်းပန်းကန် နှုတ်ခမ်းတွင် အသာပြန်တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြက်သား ထည့်စားလေ အမေ"

သက်သက်ခင်က ပြောပြောဆိုဆို ထမင်းဝိုင်း အလယ်ရှိ ကြက်သား ဘူးသီး ပန်းကန်ထဲမှ ဟင်းကို ဇွန်းဖြင့် ခပ်သည်။ ပထမ တစ်ခါခပ်တော့ ဘူးသီး၊ နောက်တစ်ခါ ခပ်မှ ကြက်တောင်ပံတစ်ခု ပါလာသဖြင့် ဘူးသီးဖတ်တွေနှင့်အတူ ဒေါ်သင်းထုံ ပန်းကန်ထဲ ဦးဦးဖျားဖျား ထည့်ပေးလေသည်။ နောက်တစ်ခါ ကြိုးစားတော့မှ ကြက်ရင်ပုံသား တစ်တုံး ကပ်ပါလာရာ ဒေါ်သင်းထုံ ပန်းကန်ထဲ ထည့်ရန် ဟန်ပြင်သည်။

"တော်ပြီ သမီး၊ တော်ပြီ၊ အမေ အသားတွေ၊ ငါးတွေ တယ် မကြိုက်လှဘူး၊ ဟင်းသီး ဟင်းရွက်ပဲ ကြိုက်တယ်၊ ဘူးသီးလေးက ချိုသကွယ်"

ထမင်းစားအပြီး လက်ဖက်နှင့် ရေနွေးကြမ်း တိုက်ပြန်တော့ လက်ဖက်က ဆီမပါသဖြင့် တယ်ပြီး ခံတွင်း မတွေ့လှပေ။

ရေနွေးသောက်ရင်း သမီးချွေးမတစ်တွေ စကားကောင်းလိုက် ကြသည်မှာ ည(၁၁)နာရီကျော်မှ အိပ်ရာဝင်ဖြစ်သည်။

နောက်တစ်နေ့ မနက်(၅)နာရီတွင် အိပ်ရာမှ နိုးသည်။

မျက်နှာသစ်၊ ဘုရားစင်ရှေ့ ထိုင်၍ ဘုရားရှိခိုးမည်အပြုတွင် ဘုရားပန်း ဝေဝေဆာဆာ မတွေ့ရဘဲ ဇော်စိမ်းချည်းသက်သက် တင်ထားသော ဘုရားပန်းအိုးကို သတိထား ကြည့်မိပြီး ဘဝင် မကျလှပေမယ့် စိမ်းစိမ်း စိုစိုလေးတော့ အရှိသားဟု စိတ်ဖြေကာ ဩကာသကို အစချီလိုက်သည်။

ဘုရားရှိခိုးနေစဉ် မီးဖိုထဲမှ တိုးတိုး ကျိတ်ကျိတ် ဆူသံက နားထဲကို ဖျပ်ခနဲ ဝင်လာသေးသည်။

"ပြောပေါင်းလဲ များလှပြီ၊ သည်လိုသာ ဆီကို ဗုံးပေါလအော သုံးနေရင် တစ်လ တစ်ပုံးလဲ လောက်မှာ မဟုတ်ဘူး၊ ရှေ့ပိုင်းက ဘယ်လိုရှာရှာ၊ နင်တို့က စည်းကမ်း မရှိရင် အလကားပဲ"

သက်သက်ခင်က ဆွေရိပ်မျိုးရိပ် မကင်းသဖြင့် ခေါ်ထားသည် ဆိုသော မိန်းကလေးကို ဆူပူနေခြင်း ဖြစ်သည်။



ဘုရားရှိခိုးရသည်မှာ အာရုံက ရတစ်ချက်၊ မရတစ်ချက်နှင့်ပဲ အဆုံးသတ်လိုက်ရသည်။

မနက်ပိုင်း ထမင်းကြော်ကတော့ ဆီမပါသလို၊ ပဲပြုတ်ကလည်း ခပ်နည်းနည်းပင်။ ပန်းကန်ထဲမှ တစ်ဝက် ပြန်ထည့်၍ ကျန်ထမင်းကြော် တစ်ဝက်ကိုပင် အတော်ကြိုးစား၍ ဒေါ်သင်းထုံ မျိုချနေရသည်။ ကော်ဖီ ကျဲကျဲလေးနှင့် မျောချလိုက်မှ အနေတော် ဖြစ်သွား၏။

ရှစ်နာရီလောက်တွင် ကိုမြင့်သူတို့ အိပ်ခန်းမှ အသံတွေထွက်လာ ပြန်သည်။

"သက်ကလဲကွာ၊ သည်နေ့တော့ နှစ်ဆယ်လောက် ထည့်ပေးစမ်းပါ၊ ကိုကို အကုန်မသုံးပါဘူး၊ ပိုတာ ပြန်ပေးမှာပေါ့"

"ပိုက်ဆံဆိုတာ အိတ်ထဲများများရှိ များများသုံး ဖြစ်တာပဲ ကိုကိုရဲ့၊ ကိုကို့အတွက် လက်ဖက်ရည်ဖိုးနဲ့ ဆေးလိပ်ဖိုးလောက်ရရင် တော်ရောပေါ့"

"ဘယ်ဟုတ်မလဲ သက်ရဲ့။ ကိုကို့မှာ ညှိသည် စောင်သည် ဆိုတာလဲ ရှိသေးတယ်၊ သာရေး နာရေး ဆိုတာလဲ ရှိသေးတယ်လေ၊ ပြီးတော့ကွာ အရာရှိကြီးတစ်ယောက် လုပ်နေပြီး အိတ်ထဲ (၂၀)မျိုး၊ (၃၀)မျိုးမှ မပါတော့ ကောင်းမလား"

အသက်(၆၀)ကျော်ပေမယ့် နားက ပါးနေသေးသောကြောင့် သားနှင့် ချွေးမတို့ အသံကို အတိုင်းသား ကြားလိုက်မိသည်။ သူ့လက်က ပါသိုက်ဆီ ရောက်သွားကာ အပြန်ကျလျှင်တော့ ခရီးစရိတ် ဖယ်ပြီး ကျန်တာ ကိုမြင့်သူကို ပေးထားခဲ့ဦးမှ ဟု တေးမှတ်ထားလိုက်မိသည်။

တိုက်ဘေးတွင် ကားဟွန်းသံ တစ်ချက်နှင့်အတူ ကားဆိုက်သံကို ကြားလိုက်ရပြန်သည်။

"အမယ်လေးကွာ၊ ငွေလေး နှစ်ဆယ်ရဖို့ အရေးလက်ဝင်လိုက်တာ၊ ကား ရောက်နေပြီ၊ ထမင်းချိုင့် အဆင်သင့် ဖြစ်ပလား"

ပြောပြောဆိုဆိုနှင့် ကိုမြင့်သူက အတက်ချိကျော်ကို ဆွဲရင်း ဧည့်ခန်းသို့ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"သည်နေ့ သောကြာနေ့ပဲ ထမင်းချိုင့်ယူဖို့ လိုလို့လား ကိုကို"

သက်သက်ခင်က ကိုမြင့်သူ၏ ပုဆိုးရေစိုနှင့် မျက်နှာသုတ်ပုဝါကို ကိုင်လာရင်း မေးသည်။

"သောကြာနေ့နဲ့ ထမင်းချိုင့် မယူတာနဲ့ ဘာဆိုင်လို့လဲ သက်"

"ဩော်...မသိပါဘူး၊ ပြီးခဲ့တဲ့ သောကြာနေ့တွေတုန်းက နှစ်ပတ် ဆက်တိုက် အစည်းအဝေးက မနက်စာ ကျွေးတယ်ဆို၊ သည်တစ်ပတ်လဲ ထမင်းချိုင့် မလိုဘူးလားလို့"

သက်သက်ခင်က ရယ်ဟဟနှင့် ပြောသည်။

"အမေ့ ချွေးမကတော့လေ၊ သူ သက်သာမယ့် အကွက်ပဲ စဉ်းစား နေတာပဲ"

ညှိခန်း ဆက်တီမှာ ထိုင်နေသော ဒေါ်သင်းထုံကို ကိုမြင့်သူက ပြုံးမဲ့မဲ့နှင့် လှမ်းပြောသည်။ ဒေါ်သင်းထုံကလည်း အလိုက်သင့် ပြုံးနေရသည်။

သက်သက်ခင်က သဘောကျစွာ တခစ်ခစ်ရယ်ရင်း ကမန်းကတန်း ထမင်းချိုင့် ပြင်သည်။

ခေါင်းလေး တခါခါနှင့် သူရယ်လိုက်တိုင်း သူ့နားက စိန်ခြယ် နားကပ်ကလေးသည် ဖျတ်ခနဲ ဖျတ်ခနဲ လက်၍ သွားသည်ကို ဒေါ်သင်းထုံ မြင်တွေ့လိုက်ရပါသတည်း။

* * *



သားအငယ် ကိုအောင်နိုင်ကို တွေ့တော့ ဒေါ်သင်းထုံ အတော်ကြီးကို အံ့သြသွားသည်။ မတွေ့ကြသည့် ခြောက်နှစ်၊ ခုနစ်နှစ်အတွင်း ကိုအောင်နိုင် မှည်းကြီးကို ဝဖီးလာသည်။

ကိုအောင်နိုင်က ၁၉၅၅-ခုနှစ် ဖွားတဲ့ ကလေး။ အခုမှ အသက်၃၄- နှစ်ပဲ ရှိဦးမှာပေါ့၊ အခုတော့ ကြည့်စမ်း၊ ဗိုက်တွေ ဘာတွေ ထွက်ပြီး အကယ့် လူကြီးရုပ်ကို ပေါက်နေသည်။

ချွေးမ နီနီကျော့ကလည်း ဝလို့။ အမယ် သူတို့ သားနှစ်ယောက်ကလဲ လုံးနေတာပဲ။ လိုက်လည်း လိုက်သည့် သားအမိတစ်တွေ။

"ကျွန်တော်တို့လဲ အမေတို့ဆီ လာမလို့ပဲဗျ၊ တစ်ပတ် အားနီး၊ အားနီးနဲ့ အလုပ်တွေက မပြတ် ဖြစ်နေတာ၊ ကဲ...ခုတော့ အမေက အရင် ရောက်လာတယ်"

"အေးကွယ်၊ အမေလဲ မင်းတို့ကို နေ့ရှိသရွေ့ မျှော်နေတာပဲ ၊ ငါ့သားကြီး မိသားစု အရင် ရောက်လာမလား၊ ငါ့သားငယ် မိသားစု အရင် ရောက်လာမလားနဲ့၊ နောက်တော့ မင်းတို့ မအားကြလို့ မလာ နိုင်တာပဲ၊ ငါက အားနေတဲ့လူ သွားမှ ဆိုပြီး ထွက်ခဲ့တာပဲ သားရယ်"

ချွေးမ နီနီကျော့ကတော့ သက်သက်ခင်လို စကားတွေ ဖွယ်ဖွယ်ရာရာ ဆဝေဆာဆာ မပြောတတ်။

"အမေ စကားပြောနှင့်ဦးနော်၊ နီနီ ချေး ခဏပြေးလိုက်ဦးမယ်"ဟု ဆို၍ ဆွဲခြင်းတောင်းလေး ကောက်ဆွဲကာ အိမ်ပေါ်မှ ဆင်းသွားသည်။

နာရီဝက်လောက်ကြာတော့ ပြန်ရောက်လာသည်။ မီးဖိုထဲ ဝင်ကာ အရှဲရှဲနှင့် ဘာတွေ ကြော်လှော် ချက်ပြုတ်မှန်းမသိ။ ညှော်နံ့တွေက အိမ်ရှေ့ညှိခန်းကို လုံးခနဲ လုံးခနဲ ဝင်လာသည်။

ဒေါ်သင်းထုံက လက်ကိုင်ပဝါဆွဲ၍ နှာခေါင်းပိတ်ကာ အိမ်အောက် ဆင်းဆင်းရသည်။

ကိုအောင်နိုင်တို့ ရသည့် အိမ်က မဆိုး။ စက်ရုံက ပေးသော သီးသီးသန့်သန့် လုံးချင်းအိမ်ကလေး။ အိမ်လေးကို လှည့်ပတ် ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"စာရေးခြင်းမှာလည်း ဖတ်ရှုမှု ဟူသည်မှာတော့ ဖတ်နိုင်သမျှ ဖတ်လျှင် အကောင်းဆုံးပင်တည်း။ အတွေ့အကြုံ လေ့လာမှုတွင်မူ ဝိပဿနာတရားတွင် အာရုံခြောက်ပါး၌ ဖြစ်ပျက်သမျှ ဝေဒနာကို ရှုရသကဲ့သို့ ကျွန်မတို့ စာရေးလိုသူတို့သည် ကျွန်မတို့ ပတ်ဝန်းကျင်နဲ့ ထိတွေ့ ဆက်ဆံနေဖို့မှာ အာရုံခြောက်ပါးစလုံး လိုပေသည်။ ထိုအာရုံခြောက်ပါးတွင် လာရောက် ထိတွေ့သော ဝေဒနာမှ ကျွန်မတို့ စာပေများ ဖြစ်ပေါ်လာသည် ဟု ကျွန်မအနေနှင့် ယူဆမိပါသည်"လို့ ဆိုထားပါတယ်။

စင်စစ် ဝေဒနာဖြစ်ရဖို့ ခံစားတတ်ရပါတယ်။ ခံစားတတ်တဲ့ ဉာဉ်ဟာ ဆရာမကြီးမှာ ရှိပါတယ်။ ဝေဒနာဖြစ်ဖို့ အကြောင်းခံ ရှိဖို့လဲ လိုပါတယ်။ အဲဒီအကြောင်းခံဟာလဲ ဆရာမကြီး ခင်နှင်းယု ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။ ဒါကြောင့်လည်း ဆရာမကြီး စာရေးဆရာအဖြစ် ကျော်ကြားခါစက စာဖတ်ပရိသတ်က ဆရာမကြီးကို 'အသည်းနှလုံးနဲ့ ရေးတဲ့ စာရေးဆရာ'လို့ အမည်တပ်ခဲ့ကြပါတယ်။

ဒါကြောင့်လည်း ဆရာမကြီး ခင်နှင်းယုရဲ့ အောင်မြင် အကျော်ကြားဆုံး ဝတ္ထုကြီး ဖြစ်တဲ့ **မွေး** ဟာ အသက်ပါနေခြင်းပဲ ဖြစ်ပါတယ်။ 'မွေး 'ဟာ ဆရာမကြီး အသည်းနှလုံးက ပေါက်ဖွားလာတဲ့ ဝတ္ထုကြီးပဲ ဖြစ်ပါတယ်။ 'မွေး'ဟာ အဆုတ်နာရောဂါသည် မိသားစုတို့ရဲ့ ဘဝကို ခြယ်မှုန်းရေးသားထားတဲ့ ဝတ္ထုဖြစ်ပါတယ်။ ကိုကိုနိုင်၊ မွေး၊ အတ္တုတ် တို့ရဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဖြစ်ပါတယ်။

ဆရာမကြီးဟာ အဆုတ်နာရောဂါနဲ့ အိန္ဒိယပြည် တောင်ပိုင်း မဒရပ်နယ်၊ မဒနာပလီမြို့အနီးမှာရှိတဲ့ 'အာရောဂျ' အဆုတ်နာ ရောဂါကု ဆေးရုံမှာ တက်ရောက် ကုသခံခဲ့ရစဉ်က အာရောဂျရဲ့ ပန်းချီကားဟာ ဆရာမကြီးရဲ့ စိတ်အာရုံမှာ ထင်ဟပ်လာပြီး 'မွေး'ကို မွေးဖွားခဲ့တာ ဖြစ်ပါတယ်။ မွေးမှာ ဆရာမကြီးရဲ့ စိတ်စေတနာကို မြင်တွေ့နိုင်ပါ၏



'ကျွန်မတို့မှာ အသိုက်အဝန်း ကောင်းလွန်းလို့ အိန္ဒိယ အရောက်သွားပြီး ကုသနိုင်ပေမယ့် ရန်ကုန်ဆေးရုံကြီးကိုတောင် မတက်နိုင်တဲ့ အဆုတ်နာ လူနာတွေဟာ ဒုနဲ့ဒေး ပါပဲ။ ဒါကြောင့်... မိတ္ထီလာလို နေရာမှာ အဆုတ်နာရောဂါကု ဆေးရုံကြီးတစ်ရုံ ဆောက်လုပ်ဖို့ ရည်ရွယ်ချက်နဲ့ မွေးဝတ္ထုကို ရေးခဲ့ပါတယ်'လို့ ဆရာမကြီးက ဖော်ပြထားပါတယ်။

ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ မွေးဟာ အကြိမ်ကြိမ် ရိုက်ရတဲ့ ဝတ္ထုကြီး ဖြစ်ပါတယ်။ ရုပ်ရှင်အနေနဲ့လည်း အတော်လေး အောင်မြင်ခဲ့ပါတယ်။

'လူတစ်ယောက်ဟာ ကိုယ့်လူ့ဘောင်က လူသားအားလုံးရဲ့ ကောင်းကျိုး ချမ်းသာ ဖြစ်ရေးအတွက် မတတ်နိုင်ရင် ကိုယ်နေတဲ့ တိုင်းပြည် တစ်ပြည်အတွက်၊ တစ်တိုင်းပြည်လုံးအတွက် မတတ်နိုင်လည်း ယုတ်စွအဆုံး ကိုယ်နေတဲ့ ရပ်ကွက်က လူတွေ ကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့် ဆောင်ရွက်ရဲတဲ့ သတ္တိ ရှိရမယ်။ ကိုယ်ကျိုးစွန့်လွှတ်ခြင်းနဲ့ အချစ်နဲ့ အကြောင်း နှစ်ခုပေါင်းမှ ဘဝတစ်ခု ဖြစ်တယ်'ဆိုတဲ့ မွေးဝတ္ထုထဲက စာသားဟာ အစွဲငြိဆုံးပါပဲ။

**ပန်းပန်လျက်ပါ** ဝတ္ထုဟာ 'မွေး' လိုပဲ ဆရာမကြီး ခင်နှင်းယု ဝတ္ထုတွေထဲမှာ ကျော်ကြား လူသိများတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်ပါတယ်။ သရာကြီးဇော်ဂျီရဲ့ ဗေဒါလမ်းကဗျာကို ဖတ်မိရင်း ရေးဖွဲ့ခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။ 'ပန်းပန်လျက်ပါ'ဟာ 'မွေး'လိုပဲ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဖြစ်ပါတယ်။ တက္ကသိုလ် ပညာတတ် ကိုကျော်စိန်၊ ကိုဖေထွန်းနဲ့ [illegible]မှံ့သမကလေး မဗေဒါတို့ကို ဇာတ်ကောင်ထားကာ လူလူချင်း [illegible]အတန်း မခွဲခြားပါ ဆိုတဲ့ မြင့်မြတ်ဟန်ရှိသူတို့ကို သရော်ထားတဲ့ [illegible] ဖြစ်ပါတယ်။ မဗေဒါကို သစ္စာကြီးသူအဖြစ် တင်ပြထားပြီး [illegible]ထွန်းကို သစ္စာပျက်သူ အဖြစ် တင်ပြထားပါတယ်။ 'ပန်းပန်

www.burmeseclassic.com

မြေကွက် အလွတ်များပေါ်တွင် သီးပင်စားပင်လေးများ တစ်ပိုင်တစ်နိုင် စိုက်ထားနိုင်လျှင် ကောင်းမည်ဟု စဉ်းစားပြီး။ အို... သူတို့ခများ နှစ်ယောက်လုံး ဝန်ထမ်း၊ ဘယ်လုပ်နိုင်မှာလဲ ဟူသော အတွေးကို ဆက်တွေးလိုက်မိသည်။

အတန်ကြာတော့ ကိုအောင်နိုင်က အိမ်ပေါ်မှ လှမ်းခေါ်သည်။

"အမေ ထမင်းစားရအောင်၊ ညော် ပြီးသွားပါပြီ အမေရဲ့"

နီနီကျော့် ထမင်းပွဲက သက်သက်ခင်၏ ထမင်းပွဲနှင့်တော့ ဘာမှ မဆိုင်ပေ။ အဆီတဝင်းဝင်းနှင့် ဟင်းတွေက စားချင့်စဖွယ်ပင်။ ဝက်သားနှပ်တဲ့၊ ပုစွန်တုပ် ဆီပြန်တဲ့၊ ငါးရံ့ ချဉ်ပေါင်ရွက် ချဉ်ရည်၊ ငါးပိချက်နှင့် တို့စရာတဲ့။

"ဟင်းတွေက များလှချည်လား သမီးရယ်"

"မများပါဘူး အမေရယ်၊ နီနီက သည့်ထက်တောင် ကျွေးချင် သေးတာပါ"

ချွေးမက သည်မျှသာပြောပြီး ထမင်းပန်းကန်တွေထဲ ထမင်းတွေ ထည့်ပေးသည်။

"သည်မှာ ပုစွန်တုပ် ဘယ်ဈေးလဲ သမီး"

"တစ်ရာဈေး အမေ"

"ဘုရား၊ ဘုရား၊ များလှချည်လား "

"ပေါတဲ့အခါလဲ ပေါသလို၊ ရှားတဲ့အခါလဲ ရှားသလို ဝယ်စား ရတာပဲ အမေ"

နီနီကျော်က ဒေါ်သင်းထုံ ပန်းကန်ထဲ အကြီးဆုံး ပုစွန်တုပ်ကြီးကို ရွေးခပ်၍ ထည့်ပေးသည်။ ပြီးတော့ ကိုအောင်နိုင် ပန်းကန်ထဲ တစ်ကောင်၊ နောက် သူ့ပန်းကန်ထဲတစ်ကောင်၊ သားနှစ်ယောက်၏ ပန်းကန်ထဲလည်း တစ်ကောင်စီ ထည့်ပေးသည်။

သူတို့တွေကတော့ မြိန်ရေယှက်ရေ စားကြပေမယ့် ဒေါ်သင်းထုံ ကတော့ တစ်ပိဿာ တစ်ရာ ဆိုသည်နှင့် မျို၍ မကျချင်တော့။



"ငါ့သမီးလဲ ရုံးတစ်ဖက်၊ အိမ်မှုကိစ္စတစ်ဖက်နဲ့ ပင်ပန်းမှာပဲနော်၊ ...ခွဲလက်ခွဲကလဲ မရှိနဲ့"

"ရှိတယ် အမေ၊ အိမ်ဖော်တစ်ယောက် ခေါ်ထားတယ်၊ သည်နေ့ ...တော့ သူ့နားရက်မို့ အိမ်ပြန်တယ်၊ တနင်္ဂနွေနေ့ဆိုရင် သူနားတယ်လေ"

"ဪ...သူ့ကို လခ ဘယ်လောက် ပေးရလဲ"

"နှစ်ရာပါအမေ"

"အလိုလေး မနည်းပါလား"

"အဲဒါတောင် သည်အိမ်မှာ မပျော်မှာစိုးလို့ အမြဲ မျက်နှာချို သွေး ...တာ အမေရဲ့"

သားက ဝင်ပြောသည်။

"မင်းတို့ ရန်ကုန်ကတော့ကွယ်"

ထမင်းစားပြီး တည်သည့် အချိုကလည်း မနည်း။ လက်ဖက်ရော၊ ...ပျောသီးရော၊ ကျောက်ဖရုံယိုရော၊ အုန်းထန်းလျက်ရော အစုံ၊ အစုံ။

ညဘက်ရောက်တော့ အမေ့ကို ရွှေတိဂုံဘုရား ပို့မည် ဆို၍ ရုံးကား ...ကာ မိသားစုတစ်တွေ မြို့ထဲ တရှန်းရှန်း ထွက်ကြပြန်သည်။

ရွှေတိဂုံဘုရားသည် ညပိုင်း ဘုရားဖူးရသည်မှာ တကယ်ပင် ကြည်ညို ...ယ်စရာ ကောင်းလှသည်။ အေးအေးလူလူနှင့်မို့ ဘုရားအာရုံပြုလို့ ... အလွန်ကောင်းသည်။

ဘုရားဖူးပြီး ပြန်တော့ အိမ်ကို တန်းမပြန်သေး။ အမေ့ကို ရေခဲမုန့် ...ချင်သေးတယ် ဆို၍ ကားကို အအေးဆိုင် တစ်ဆိုင်သို့ မောင်းပြန်သည်။ ဒေါ်သင်းထုံအတွက် ရေခဲမုန့်။ သူတို့ကလည်း ကူဖီး(လ်)၊ ဖာလူဒါ ...ပြင့် အသီးသီး မှာ၍ သောက်ကြပြန်သည်။ လိုက်လည်း ...ဖက်သည့် သားအမိ သားအဖတွေပါလားဟု ဒေါ်သင်းထုံ ...မိသည်။

ကိုအောင်နိုင်တို့အိမ်တွင် ဒေါ်သင်းထုံ နေစဉ် သုံးရက်လုံးလုံး

www.burmeseclassic.com



သို့မဟုတ် နှစ်မျိုး ပါသည်။ ဆီကလည်း ဟင်းတိုင်းလိုလို အိုင်ထွန်းနေသည် ချည်း။

နောက်ပြီး နီနီကျော်တစ်ယောက် လက်ကလည်း လွယ်လိုက် ပါဘိ။ တပည့်တွေက သူ့ထံ ငွေပေါ်ဆယ်မျိုး တစ်ရာမျိုး လာချေးလျှ ဘာဘာညာညာ မေးမနေဘဲ ဒေါ်သင်းထုံ ရှေ့တွင် အလွယ်တ ပေးလိုက်သည်။ သက်သက်ခင်ဆိုလျှင် သည်လိုလုပ်မည် မဟုတ်။

အိမ်နီးချင်းတွေက 'နီနီရေ ချေးက မေ့လာလို့ ကြက်သွန်လေး လေး ငါး ဥလောက်နော်' ဟု ဆို၍ ဆယ်ဥ ဆယ့်ငါးဥ နှိုက်သွားလည် 'လိုသလောက်သာ ယူသွား'ဟု ထိုင်ရာ မထ ပြောတတ်သည်။ အချို့ ပုစွန်ခြောက်၊ အချို့က မီးသွေး စသဖြင့် လာလာမ,သွားလဲ ဘာ မပြော။ ' ဘာဟင်း ကျန်သေးလဲ၊ မမနီ လက်ရာမြည်းချင်လို့'ဟု ဆို ညစာအတွက် ချက်ထားသော ဟင်းအိုးကို လှန်၍ စားသွားလည် သည်အတိုင်းပဲ ကြည့်နေသည်။ ဒေါ်သင်းထုံကသာ လူကြီးတန်မပ နှမြော တွန့်တိုစိတ် ဝင်မိသေးသည်။

နီနီတစ်ယောက် ဤမျှ လက်လွယ်နေခြင်းနှင့် ပတ်သက်၍ တစ် ပြောချင်သော်လည်း လက်တွေ့မှာ ဒေါ်သင်းထုံ ဘာမျှ မပြောဖြစ်ခဲ့ေ

အိမ်ကို ပြန်သာ ပြန်လာခဲ့ရသော်လည်း တစ်ခုတော့ ဒေါ်သင်း စိတ်မကောင်း။

အင်ဂျင်နီယာ ကတော်၊ သူကိုယ်တိုင်ကလည်း အင်ဂျင်နီယ တစ်ယောက်ဖြစ်သော ချွေးမ နီနီကျော်၏ နားတွင် နားပေါက်ကလေး မရှိသော အဖြစ်ပင် ဖြစ်လေသည်။

* * *



အိမ်ပြန်ရောက်သည်နှင့် ထင်သည့်အတိုင်း ဆရာကြီးက မျှော်လင့် နေသည့် မေးခွန်းကို ဆီးမေးပါသည်။

"ဘယ့်နှယ်လဲ ဆရာမကြီး၊ ချွေးမတွေနဲ့ တွေ့ခဲ့ရဲ့လား"

"သားတွေရော၊ ချွေးမတွေရော၊ မြေးတွေရော တွေ့ခဲ့ပါတယ်ရှင်"

"အားလုံး နေထိုင် ကောင်းကြရဲ့လား"

"ကောင်းပါ့ရှင်"

"ခင်ဗျား ချွေးမတွေ တော်ရဲ့လား"

ဒေါ်သင်းထုံက ကိုမြင့်သူတို့ ကန်တော့လိုက်သော မုန့်နှစ်ဘူး၊ ကိုအောင်နိုင်တို့ ကန်တော့လိုက်သော ပါတိတ်လုံချည် တစ်ထည်နှင့် အရုတ်နို့မှုန့် တစ်ထုပ်ကို ဆရာကြီးရှေ့ချပြရင်း...

"တော်ပါတယ်ရှင်၊ တော်ပါတယ်၊ ချွေးမနှစ်ယောက်လုံး တစ်မျိုးစီ တော်ကြပါတယ်"

"ဟုတ်လား၊ ဘယ်လို တော်ကြတယ်ဆိုတာ ပြောစမ်းပါဦး"

"ချွေးမအကြီးက အင်မတန် မိန်းမ ပီသတယ်၊ စေ့စပ်တယ်၊ သေချာတယ်၊ နှုတ်ချို ပျူငှာတယ်၊ ချွေးချွေးတာတာ ရှိတယ်၊ စုတယ် ဆောင်းတတ်တယ်"

"အင်း..."

"ချွေးမ အငယ်ကျတော့ စိတ်ကောင်း နှလုံးကောင်းရှိတယ်၊ စိတ် ဓာတ်မှာ ကောင်းမွန်တယ်၊ သဒ္ဓါတရား ထက်သန်တယ်၊ ရိုးသားတယ်၊ တစ်မျိုးစီပဲ"

"ဒါဆို ကျုပ်သားတွေ မိန်းမရ ကံကောင်းကြတယ် ဆိုပါတော့"

"ဒါပေါ့"

"အင်း...ဒါပေမယ့် သူတို့ ကံကောင်းတာ ကျုပ်ကို မမီသေးဘူး"

"အမယ်... အဘိုးကြီးက အရေးထဲ"

"တကယ်ပြောတာ ကျုပ်က ကံအကောင်းဆုံး၊ အတော်ဆုံး မိန်းမကို ကျုပ်ရထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့်ပါလိမ့်ရှင်"

ဒေါ်သင်းထုံက သူ့ဆရာကြီးကို မျက်လုံး ဝင့်ကြည့်ရင်း မေးသည်။

ဆရာကြီးက ဆေးပြင်းလိပ်ကြီးခဲပြီး အတန်ကြာ ပြုံးနေသေးသည်။ ပြီးမှ စကားဆက်သည်။

"သည်လိုလေ၊ ယောက္ခမဆိုတာ များသောအားဖြင့် ချွေးမတွေအပေါ် အပြစ် မြင်လေ့ ရှိတယ် မဟုတ်လား၊ ကြည့်တော့လဲ အပြစ်ရှာတဲ့ မျက်လုံးနဲ့ပဲ ကြည့်တတ်တယ်။ ဘယ်ချွေးမကဖြင့် ဘယ်နေရာ အားနည်းတယ်၊ ဘယ်နေရာ ချို့ယွင်းတယ်၊ ဘယ်နေရာ ညံ့တယ် စသည်ဖြင့်ပေါ့"

"အင်း..."

"ဒါပေမယ့် ခင်ဗျားက သည်လို မဟုတ်ဘူးဗျ၊ ချွေးမတွေရဲ့ ချွတ်ယွင်းချက်၊ အားနည်းချက်တွေကို တစ်ခွန်းမှ မပြောဘူး၊ ကောင်းတဲ့ အချက်တွေချည်းပဲ ရွေးပြောတယ်၊ ခင်ဗျားလောက် တော်တဲ့ ယောက္ခမ ဘယ်ရှိတော့မလဲ၊ ဒါကြောင့် ကျုပ်က အတော်ဆုံး မိန်းမကို ရထားတယ်လို့ ပြောတာဗျ၊ ဆရာမကြီးရဲ့ သိပြီလား"

ဒေါ်သင်းထုံ၏ မျက်စောင်းသည် ကန့်ကလန့် မနေပေမယ့် လှပ၍ နေသည်။

မဟေသီ မဂ္ဂဇင်း
၁၉၈၉–ခုနှစ်၊မေလ

# မိုးရှိုသင်း၏ ဝတ္ထုတို

[သူ့မှတ်တမ်း]

www.burmeseclassic.com

www.burmeseclassic.com



## မိုးချိုသင်းနှင့် သူ့အမြင် သူ့အတွေး

ထိုနေ့က ကောင်းကင်ကြီးတစ်ခုလုံး အုံ့ဆိုင်း မှုန်မှိုင်းနေသည်။ နေရောင်ကို မမြင်ရ။ ကောင်းကင်ပြာကို မီးခိုးရောင် ဇာပဝါပါးဖြင့် ကာထားသည်။ မိုးတိမ်များ ကောင်းကင် ပင်လယ်ပြင်ကြီးတွင် စီးမျော နေကြသည်။ ခပ်စောစောက မိုးရွာထား၍ မြေပြင် ချိုင့်ခွက်ထဲတွင် ရေများ တင်ကျန် နေသေးသည်။ မြေသင်းနံ့က သင်းပျံ့ဆဲ။ မတ်လ၏ နွေအပူသည် ခေတ္တခဏ ပုန်းလျှိုးသွားလေပြီ။ မုန်တိုင်းမိုးကား လာချေဦးမည်။

ကျွန်တော်သည် ချိန်းဆိုထားသည့်အတိုင်း အင်းစိန်မင်းကြီးလမ်းရှိ ဓန်မီးအိမ်ရှင်ကလေး၏ အိမ်သို့ ရောက်လာခဲ့သည်။ အိမ်ကလေးမှာ ကဗျာဆန်လှသည်။ သပ်သပ်ရပ်ရပ်ဖြင့် ချစ်စရာ ကောင်းသည်။ ဂျပန်အိမ်ပုံစံကလေး။ နှစ်ထပ်အိမ်။ အပေါ်ထပ်သို့ မင်းကြီးလမ်းမဘက်မှ ဝင်နိုင်ရန် အိမ် ပေါက်ဝအထိ ချောင်းကို ကျော်ကာ တံတားထိုးပေးထားသည်။ အောက်ထပ်သို့ လမ်းသွယ်မှ ဝင်၍ ရသည်။ ဗိသုကာ ဆရာရွှေက ပုံစံထုတ် ဆောက်လုပ်ပေးထားခြင်း ဖြစ်သည်ဟု သိရသည်။ တံတား အောက်မှ ကသွယ်ချောင်းသည် တငြိမ့်ငြိမ့် စီးဆင်းနေသည်။ ပင်ယံထက်မှ ငှက်တို့၏ တေးသီသံကိုပင် ကြားနေရသည်။ အိမ်ပတ်ဝန်းကျင်တွင်လည်း သစ်ပင်၊ ပန်းဝင်မျိုးစုံကိုလည်း စိုက်ပျိုးထားရာ ပန်းရနံ့တို့ဖြင့် သင်းပျံ့နေသည်။ မြို့ပြ၏ မွန်းကျပ်သော အရသာနှင့် တစ်ခြားစီ

www.burmeseclassic.com



ဖြစ်နေသော ဤနေရာ ဤပတ်ဝန်းကျင်၏ တိတ်ဆိတ် ငြိမ်သက်မှုကို သတိထားမိပါသည်။

ကျွန်တော်သည် ထိုအိမ်ကလေးသို့ ဖန်မီးအိမ်ရှင်၏ သမီး ဆရာမ မိုးချိုသင်းအား စာပေရေးရာများ မေးမြန်းရန် ရောက်ရှိလာကြခြင်း ဖြစ်သည်။ ကျွန်တော်အား ဆရာမ မိုးချိုသင်းက နွေးထွေးစွာ ကြိုဆိုကာ ကျွန်တော် မေးမြန်းသမျှကို ပြုံးချို လိုက်လှဲစွာ ဖြေကြားသည်။ ကျွန်တော်တို့သည် တူညီသော ဘာသာဗေဒ စကားများတွင် ပျော်ဝင်စီးမျောနေကြသည်။ စာပေ ရင်ခုန်သံတို့သည် စည်းချက်မှန်မှန်ဖြင့် အပြင်သို့ ဖိတ်လျှံနေသည်။

မကြာမီ ကျွန်တော်တို့၏ စာပေစကားဝိုင်းလေးက အသက်ဝင်လာပါသည်။

**မေး။** ဆရာမရဲ့ ဝတ္ထုတိုကလေးတွေကို မဂ္ဂဇင်း အတော်များများမှာ ဖျတ်ခနဲ ဖျတ်ခနဲ တွေ့နေရပါတယ်။ ဝတ္ထုတိုတွေ ဘယ်လို စတင် ရေးဖြစ်လာတယ်ဆိုတာ သိပါရစေ။

**ဖြေ။** ဝတ္ထုတိုကလေးတွေ စရေးဖြစ်တာ ၁၉၈၇–ခုနှစ်လောက်က ပါ။ ကျွန်မရဲ့ ပထမဆုံးဝတ္ထုတိုဟာ ၁၉၈၉–ခုနှစ် ၊အောက်တိုဘာလထုတ် ပွင့်ဖူးယ်တော် မဂ္ဂဇင်းမှာ ပါရှိတဲ့ 'ကလောင်သစ်ကလေးပါရှင်' ဝတ္ထု ဖြစ်ပါတယ်။ အဲဒီတုန်းက ဆယ်တန်းစာမေးပွဲပြီးလို့ အားနေတော့ စာတွေ ဖတ်ဖြစ်နေပါ တယ်။ ပြီးတော့ ဒိုင်ယာရီထဲမှာ၊ စာအုပ်အလွတ်တွေထဲမှာ ကိုယ့်ခံစားချက်ကလေးတွေ ရေးရင်း ဝတ္ထုတိုကလေးတွေ ရေးမှန်းမသိ ရေးဖြစ်သွားတာပါ။

ဈဈ–ခုနှစ် ကျောင်းတွေပိတ်တော့ ရေးပြီးသား ဝတ္ထုတိုလေးတွေ စမ်းပို့ကြည့်ပါတယ်၊ ပထမတော့ တော်တော်လေး အားငယ်မိပါတယ်။ ရှက်စရာလို့လည်း ထင်မိတယ်။ ဒါပေမယ့်



အဖေရော အမေကပါ အားပေးကြလို့ ကျွန်မ ရေးရဲ ပို့ရဲတာပါ။ ကျွန်မ ဝတ္ထုရေးပြီးတိုင်း အဖေနှင့် အမေကို ပြပြီး ဝေဖန် အကြံပေးမှုကို ခံယူပါတယ်။ ကျွန်မ ဝတ္ထုတိုကလေးတွေကို စုထုတ်ဖို့ စီစဉ်တော့ ပထမဆုံး သတိရမိတာ ကျွန်မ အဖေနှင့် အမေပါ။ ဘာဖြစ်လို့ သတိရ လွမ်းဆွတ်ရသလဲ ဆိုရင် အခု အချိန်မှာ သူတို့ ကျွန်မ အနားမှာ မရှိကြဘူးလေ။ အဖေနှင့်အမေကြောင့် ကျွန်မ လူ့လောကထဲ ရောက်ခဲ့ရသလို စာပေလောကထဲကို မရဲတရဲ ခြေချခဲ့ ရတာလည်း ဖြစ်ပါတယ်။ အဖေနှင့်အမေရဲ့ အားပေးမှုနှင့် ကျွန်မမှာ အင်အားတွေ ရရှိလာခဲ့ရတာပါ။ မိဘကျေးဇူးပါပဲ။ စာရေးတာကို အဖေကော အမေကော သိပ်အားပေးပါတယ်။

**မေး–** ဆရာမဟာ ဝတ္ထုတိုကလေးတွေကို ရိုးရိုးရှင်းရှင်း ရေးပြသွားတာတွေ့ရပါတယ်၊ ဆရာမ အဲဒီ ရေးဟန်ကို ဘယ်လိုယူပါသလဲ။

**ဖြေ–** ရေးဟန်နှင့် ပတ်သက်လို့ ကျွန်မကတော့ ဘယ်လို ရေးလိုက်မယ်လို့ ကြိုတင် စီစဉ်မထားပါဘူး။ စိတ်ထဲက ပေါ်လာသလို ရေးမိတာပါပဲ။ ရိုးရိုးပဲ ရေးတတ်လို့ ရိုးရိုး ရှင်းရှင်းပဲ ဖြစ်နေတာ ထင်ပါတယ်။

**မေး–** ရင်ခုန်ပွင့်မဂ္ဂဇင်းမှာ ပါတဲ့ **'ခြောက်နာရီ'** ဝတ္ထုတိုကလေးဟာ စာဖတ်သူတွေကြားမှာ ပြောစမှတ် ပြုခံရတဲ့ဝတ္ထုဖြစ်ပါတယ်။ သမီးရှင် မိခင်တစ်ဦးရဲ့ သမီးအပေါ် ချစ်တဲ့ မေတ္တာ၊ စေတနာနှင့် သမီးအတွက် စိုးရိမ် ပူပန်မှုကို ဖော်ကျူးထားတဲ့ ဝတ္ထုကလေးပါ။ မိခင်တစ်ဦးရဲ့ ခံစားချက်ကို သရုပ်ဖော်ရာမှာ ပီပြင်လွန်းလှပါတယ်။ အဲဒီဝတ္ထု ဘယ်ပုံ ဘယ်နည်း မွေးဖွားယူခဲ့တယ် ဆိုတာ သိချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဖြေ– 'ခြောက်နာရီ 'ကို သဘောကျတယ်ဆိုရင် ကျွန်မ ဝမ်းသာရပါတယ်။ အဲဒီ ဝတ္ထုလေးက အမေဆုံးပြီးစမှာ ရေးတာဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်မ အမေအကြောင်း အမြဲပဲ တွေးနေမိတယ်။ အမေ မရှိတော့ပေမယ့်လည်း အမေရှိရင် ဒီလို စိတ်ပူမှာပဲ၊ ဒီလို စိုးရိမ်မှာပဲ၊ ဒီလို ခံစားရမှာပဲလို့ပေါ့။ ဒါကြောင့် 'ခြောက်နာရီ'ကို အဲဒီခံစားမှုနှင့် ကျွန်မ ရေးပါတယ်။

မေး– ဆရာမရဲ့ ၁၉၉၄–ခုနှစ်မှာ ထုတ်တဲ့ ဝတ္ထုတိုများ စုစည်းထားတဲ့ **'မှန်တင်ခုံပေါ်က နှင်းဆီပွင့်'** စာအုပ် ထွက်လာတာကို ဖတ်လိုက်ရပါတယ်။ အဲဒီ ဝတ္ထုတွေဟာ မဂ္ဂဇင်းမှာ ဆရာမ ရေးသားခဲ့တဲ့ ဝတ္ထုတိုတွေအားလုံးကို စုထုတ်တာလား။ တစ်ချို့ ချန်ခဲ့တဲ့ ဝတ္ထုတွေ ရှိပါသေးသလား။

ဖြေ– 'မှန်တင်ခုံပေါ်က နှင်းဆီပွင့်'က ကျွန်မရဲ့ မဂ္ဂဇင်းမှာ ပါတဲ့ ဝတ္ထုတို အားလုံး စုထုတ်တာ မဟုတ်ပါဘူး။ တစ်ချို့ဝတ္ထုတွေ ကျန်ပါသေးတယ်။ ကျွန်မ ရေးပြီးခဲ့တာ အပုဒ်၃၀ လောက်ရှိပြီး အခု ပါတာက ၁၆–ပုဒ်ပါ။

မေး– ဆရာမဟာ ကဗျာဆရာကြီးတင်မိုးရဲ့ သမီးဖြစ်ပြီး စာရေးဆရာ ကဗျာဆရာ အသိုင်းအဝိုင်းကြားမှာ ကြီးပြင်းလာတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဆရာမဟာ ဆရာမ ခံစားချက်တွေ့ထိချက်တွေကို ကဗျာနှင့် မသီဖွဲ့ဘဲ စကားပြေ ဝတ္ထုဟန်နှင့် ရေးဖွဲ့တာကို တွေ့ရပါတယ်။ ကဗျာထက် စကားပြေဘက်ကို အားသန်တယ်၊ နှစ်သက်တယ်လို့ ထင်ပါတယ်။

ဖြေ– ဟုတ်ပါတယ်။ ကျွန်မ အဖေက ကဗျာဆရာတစ်ယောက် ဖြစ်တဲ့အတွက် ကျွန်မဟာ စာပေ အသိုင်းအဝိုင်းကြားမှာ ကြီးပြင်း လာရတာ ဖြစ်ပါတယ်။ ဝတ္ထုရေး ဆရာ၊ ကဗျာဆရာ ဝေဖန်ရေး ဆရာတွေရဲ့ လက်ထဲမှာ ကြီးပြင်းလာခဲ့သူပါ။



ကိုယ် ခံစားရသမျှကို အဖေ့လို ကဗျာ မရေးဘဲ ဝတ္ထုရေး ဖြစ်တာကတော့ အရိုးဆုံး အရှင်းဆုံး ပြောရရင် ကဗျာ မရေးတတ်လို့ပေါ့ရှင်။ ညံ့တယ် ပြောလည်း ခံရမှာပါပဲ။ ကျွန်မ အထင်ကတော့ ကဗျာက မြင့်တယ် ထင်ပါတယ်။ ဒီလိုပြောလို့ ဝတ္ထုက နိမ့်ကျတယ်တော့ မဟုတ်ပါဘူး။ တစ်မျိုးစီ ချစ်စရာကောင်းပါတယ်။ ကျွန်မကတော့ ဝတ္ထုရေးပြီး ပြောရတာကို ပိုသဘောကျလို့ပါ။

မေး– ဆရာမအနေနှင့် ဝတ္ထုရေးရာမှာ ဇာတ်လမ်းကို အဓိက ထားရေးသလား၊ ဇာတ်ကောင်စရိုက်ကို အဓိကထား ရေးသလား။

ဖြေ– ဇာတ်ကောင် စရိုက်ကို အဓိကထား ရေးဖွဲ့ပါတယ်။ ဇာတ်လမ်း အကွက်ချပြီး မရေးတတ်ပါဘူး။ ကျွန်မ တွေ့မြင် ခံစားရတာကို ဝတ္ထု အဖြစ် ရေးဖွဲ့ရာမှာ ဇာတ်ကောင်တွေကို အဓိကထားပြီး ရေးဖွဲ့တာ များတယ်ထင်ပါတယ်။

မေး– ဆရာမက ကျောင်းစာတစ်ဖက်၊ ကျောင်းတစ်ဖက်နှင့် စာရေးရလို့ ဝတ္ထုအရေးကျဲတယ်လို့ ထင်မိပါတယ်။ ဆရာမရဲ့ ဝတ္ထုတိုကလေးတွေကို ခပ်ကျဲကျဲသာ တွေ့နေရပါတယ်။ ဆရာမ ကျောင်းပြီးသွားရင် ဝတ္ထု အတော်များများ ရေးဖြစ်မယ်လို့ အောက်မေ့မိပါတယ်။ ဝတ္ထုတိုတွေအပြင် လုံးချင်းဝတ္ထုရေးဖို့ အစီအစဉ်ကော ရှိပါသလား။

ဖြေ– ဟုတ်ကဲ့၊ ကျွန်မ စာရေးကျဲပါတယ်။ အခုတော့ ဘွဲ့မီဗေဒ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးလို့ ကျောင်းပြီးသွားပြီ။ နောက်ပိုင်း စာပိုရေးနိုင်မယ်လို့ ထင်ပါတယ်။

ဝတ္ထုတိုတွေ အပြင် လုံးချင်းဝတ္ထုရေးဖို့ ခုချိန်ထိတော့ အစီအစဉ် မရှိပါဘူး။ ကျွန်မက ဝတ္ထုတိုပဲ ရေးရတာ ပိုအားသန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မေး– 'မိုးချိုသင်း'ဆိုတဲ့ ကလောင်အမည်ကို ဘယ်လို ယူခဲ့ပါသလဲ။

ဖြေ– 'မိုးချိုသင်း'ဆိုတာ အမေ ပေးခဲ့တဲ့ ကျွန်မ နာမည်ရင်းပါ။ ဒီနာမည်လေးကို ကျွန်မ မြတ်နိုးတယ်။ ဒါကြောင့်မို့ စာရေးတော့လည်း နာမည်ရင်းနဲ့ပဲ ရေးဖြစ်ပါတယ်။

မေး– ဆရာမ ကြိုက်နှစ်သက်တဲ့ စာရေးဆရာ၊ စာရေးဆရာမ ရှိပါသလား။

ဖြေ– ရှိပါတယ်။ ဆရာဝင်းဆေ၊ ဆရာနေဝင်းမြင့်၊ ဆရာပေမြင့် ဂျာနယ်ကျော် မမလေးနဲ့ ဆရာမခင်နှင်းယုတို့ရဲ့ စာတွေကို နှစ်သက်ပါတယ်။ တခြား စာရေးဆရာတွေရဲ့ စာတွေကိုလည်း ကြိုက်ပါတယ်။ အားလုံး တမျိုးစီပေါ့။ ဂျာနယ်ကျော် မမလေးရဲ့ 'သူ့လိုလူ'ဆိုရင် ထပ်တလဲလဲ ပြန်ဖတ်ရတဲ့ စာအုပ်ပါ။ ဆရာမကြီး ခင်နှင်းယုရဲ့ ဝတ္ထုတိုပေါင်းချုပ်ထဲက 'အိပ်မက်ကမ္ဘာ' ဝတ္ထုကလေးဟာ ကျွန်မရဲ့ အသည်းစွဲ ဝတ္ထု ကလေးပါပဲ။

မေး– ကနေ့ ဝတ္ထုတိုတွေအပေါ် ဆရာမရဲ့ အမြင် ဘယ်လိုပါလဲ။

ဖြေ– ဒီနေ့ ဝတ္ထုတိုတွေကို ကျွန်မ အားရပါတယ်။ ရာနှုန်းပြည့်တော့ စာသမားကြိုက် မဖြစ်နိုင်ပါဘူး။

မေး– ကနေ့ မဂ္ဂဇင်း အချို့မှာ ရေးနေကြတဲ့ စာပေ ဝေဖန်ရေး အပေါ် ဆရာမရဲ့ သဘောထား အမြင်ကို သိချင်ပါတယ်။

ဖြေ– စာပေ ဝေဖန်ရေးဟာ ရှိသင့်ပါတယ်။ ဒါပေမယ့် စစ်မှန်တဲ့ ဝေဖန်ရေးသာ လိုအပ်ပါတယ်။ ပုဂ္ဂိုလ်ရေး တိုက်ခိုက်တဲ့ ဝေဖန်ရေးကိုတော့ လုံးဝ မကြိုက်ပါဘူး။ စစ်မှန်တဲ့ ဝေဖန်ရေး ကိုတော့ ကြိုဆိုရမှာ ဖြစ်ပါတယ်။

မေး– ဆရာမ အခု ကျောင်းပြီးသွားပြီလို့ သိရပါတယ်။ ဘွဲ့ရပြီး လုပ်ငန်းခွင်ထဲပဲ ဝင်မလား၊ ဒါမှမဟုတ် စာပေလောကထဲ ဝင်ပြီး စာရေးခြင်းနှင့် အသက်မွေး ဝမ်းကျောင်း ပြုမလား။ တခြား ရည်မှန်းချက်များကော ရှိပါသလား။



ဖြေ– ဘွဲ့ရပြီးရင် ဘူမိဗေဒနှင့် ပတ်သက်တဲ့ အလုပ်ကိုပဲ လုပ်ချင်ပါတယ်။ ဒါပေမယ့် ရ မရ မသေချာပါဘူး။ ကျွန်မ အနေနဲ့ ကတော့ အလုပ်တစ်ဖက်နှင့် စာရေးချင်ပါတယ်။ အပျော်တမ်း ရေးတာမျိုး မဟုတ်ပါဘူး။ အလုပ်တစ်ခု အနေနှင့် ရေးတာ မျိုးပါ။

မေး– ဆရာမ အနေနှင့် တခြား ပြောချင်တာလေးများ ရှိရင်လည်း ပြောနိုင်ပါတယ်။

ဖြေ– ကျွန်မ ဝတ္ထုတိုတွေ ဒီထက် ပိုကောင်းပြီး ပိုရေးနိုင်အောင် ကြိုးစားပါ့မယ်။

www.burmeseclassic.com



လျက်ပါ'ဟာ မူလ ရှမဝမဂ္ဂဇင်း ဝတ္ထုရှည် ဖြစ်ပါတယ်။ စောင်ရေ နှစ်သောင်းကျော်အထိ ပုံနှိပ်ခဲ့ရတဲ့ ဝတ္ထု ဖြစ်ပါတယ်။

ဆရာမကြီး ခင်နှင်းယုရဲ့ ဝတ္ထုတွေကို ရုပ်ရှင် ရိုက်ကူးရာမှာ 'မွေး လော်ာက် သရုပ်ဖော် မလေးနက်ပေမယ့် မွေးထက် နာမည်ကြီးတဲ့ ဇာတ်ကားဟာ 'ပန်းပန်လျက်ပါ' ဖြစ်ပါတယ်။ လူကြိုက်များလွန်းလို့ အပတ်၃၀ ကျော်မျှ ပြသခဲ့ရပါတယ်။ ရုပ်ရှင် လောကမှာ မှတ်တိုင်တစ်ခု ပါပဲ။

**အောင်မြင်သောနေ့** ဝတ္ထုဟာ သည်းခံမှုကို ရှေ့ရှု ညွှန်ပြတဲ့ ဇာတ်လမ်း ဖြစ်ပါတယ်။ လူသတ်မှုရဲ့ မကောင်းကျိုးကို ဦးဘကွမ်း၊ ဦးကြော့ရှင်း စတဲ့ ဇာတ်ကောင်တို့နဲ့ ခင်းကျင်း ပြသထားပါတယ်။ ဦးဖေမောင်ရဲ့ အိပ်မက်နဲ့ တရားပြထားပါတယ်။ ရဲမှူးကြီး ဦးထင်ကျော်၊ ဦးဖေမောင်ရဲ့ အမေ စသူတို့ရဲ့ တရားခမ္မ ဆိုဆုံးမမှုတို့နဲ့ ဖော်ကျူး ထားပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ 'ဤလောကဝယ် အကြောင်းတရားတို့သည် သူ့သဘော သူ ဆောင်ကြသည်'ဆိုတဲ့ အဘိဓမ္မာကို ထည့်ပြထားပါတယ်။ အဲဒီ အဘိဓမ္မာကို ဇာတ်ကောင်တွေရဲ့ လှုပ်ရှားမှုနဲ့ ခင်းကျင်း ပြသထားရာ ဇာတ်နာလှပါတယ်။ အလွမ်းဇာတ်လို့ ဆိုနိုင်ပါတယ်။ ဆရာမကြီး ခင်နှင်းယုရဲ့ ဝတ္ထုတွေထဲမှာ ထိခိုက်စရာ အကောင်းဆုံး ဇာတ်လမ်းလို့ ပြောလို့ ရပါတယ်။ 'အောင်မြင်သောနေ့'ဝတ္ထုမှာ ဆရာမကြီးက 'ခွဲလမ်း တယ်ဆိုတာ တွေ့ကြတဲ့ အချိန်ကြာတာ မကြာတာပေါ်မှာ မူမတည်ပါဘူး။ တကယ့် အချစ်စစ်ဆိုတာ ကိုယ် ဘယ်ဘဝမှာပဲ နေရ နေရ ကိုယ့်ချစ်သူဟာ ချမ်းမြေ့ အေးဆေးစွာ ရှိနေတယ်ဆိုရင် ကျေနပ်စမြဲပဲ' လို့ အချစ်သရုပ်ကို ဖော်ကျူးထားပါတယ်။ အောင်မြင်သောနေ့ ဝတ္ထုဟာ ရုပ်ရှင်ရိုက်( အောင်မြင်မှာပဲလို့ ဆရာမကြီးကိုယ်တိုင် အားကိုး အားထားတဲ့ ဖြစ်ပါတယ်။ နဝရတ်ကိုးသွယ်ရုပ်ရှင်က ရိုက်ကူးဖို့ စီစဉ်ခဲ့ပါ ဒါပေမယ့် ကလုံးစုံ စီစဉ်ပြီးကာမှ ရုပ်ရှင်ရိုက်ဖို့ ပျက်သွားခဲ့ပါတ



ဆရာမကြီးရဲ့ **သပြေ** ဝတ္ထုဟာ အမျိုးသမီး စာရေးဆရာမ တစ်ယောက်ရဲ့ အိမ်ထောင်ရေးဇာတ်လမ်း ဖြစ်ပါတယ်။ 'သပြေ' မှာ စာရေးဆရာမ မလေးမေ၊ သူ့ခင်ပွန်း ကိုဝင်းမောင်၊ မလေးမေကို ချစ်နေတဲ့ စာပေ ဖြန့်ချိရေးပိုင်ရှင် ကိုကျော်ခိုင် စတဲ့ ဇာတ်ကောင်တွေကို ထည့်သွင်း ကပြ ထားပါတယ်။ 'သပြေ'ဟာ ဆရာမကြီး ခင်နှင်းယု ဖြစ်တယ်လို့ ပင် ပြောစမှတ်ပြု ခံရတဲ့ ဝတ္ထုပါပဲ။

ဆရာမကြီး ဝတ္ထုတွေထဲမှာ ထူးခြားလှတယ်လို့ ပြောစမှတ် ပြုခံရတဲ့ ဝတ္ထုကတော့ **မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်** ဝတ္ထုပဲ ဖြစ်ပါတယ်။ ယခင် ပုဂံမြို့ရှိ ဘုရား ကျေးကျွန်တွေ အကြောင်း ရေးသားထားတဲ့ ဝတ္ထုပါ။ ဆရာမကြီးဟာ ဒီဝတ္ထုကို ရေးရာမှာ ရဲရင့်လှပါတယ်။ သူတော်ဟန်ဆောင်နေတဲ့ မသူတော်တို့ရဲ့ စရိုက်ကို တင်ပြရာမှာ သရုပ်ပီပြင်လှပါတယ်။

**ပန်းများကို ပွင့်စေသူ** ဝတ္ထုဟာ ဆရာမကြီးရဲ့ ဝတ္ထုတွေထဲမှာ ထူးခြား ဆန်းကြယ်တဲ့ ဝတ္ထုတစ်ပုဒ်လို့ ဆိုနိုင်ပါတယ်။ လျှို့ဝှက် သည်းဖို ဆန်ပါတယ်။ စရိုက်ကြမ်းတဲ့ ဇာတ်ကောင်ကို နူးညံ့ သိမ်မွေ့တဲ့ ဇာတ်ကောင်တို့ရဲ့အလယ်မှာ ထားပြီး အနုနဲ့ အကြမ်းကို အားပြိုင်ထား ပါတယ်။ ဒေါ်ခင်သိုက်ဆိုတဲ့ ဇာတ်ကောင်က ပြန်ပြောတဲ့ ပုံစံနဲ့ ရေးဖွဲ့ ထားပါတယ်။ လက်စားချေခြင်းရဲ့ ဆိုးကျိုးကို ဖော်ပြထားပါတယ်။

ဆရာမကြီးရဲ့ ဘဝနဲ့ နွယ်စပ်နေတဲ့ ဝတ္ထုတစ်ပုဒ်ကတော့ **နွယ်သာကီ** ဖြစ်ပါတယ်။ 'ဆရာမကြီး၏ ဆွေမျိုး အသိုက်အဝန်းထဲက အတွေ့ အကြုံတွေကို ပေါင်းစပ်ထားသည်ဟု ယူဆသော် ယူရကောင်းအံ့ ထင်၏'ဟု **လာခြင်းကောင်းသော လူကလေး** ဝတ္ထုမှာ ဆိုထားပါတယ်။

ဆရာမကြီးရဲ့ ဝတ္ထုတွေထဲမှာ မွေးလောက် မကျော်ကြားပေမယ့် လို ဂယက်ရိုက်ခဲ့တဲ့ ဝတ္ထုကတော့ **မိချို** ဖြစ်ပါတယ်။ မိချိုဟာ ာမကြီး ထိတွေ့ခဲ့ရတဲ့ အလုပ်သမား လူတန်းစားရဲ့ဘဝ အခြေအနေကို နဲ့ ရေးသားထားခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## သူ့မှတ်တမ်း

၁

ကျွန်မတို့က သူ့ကို 'အုန်းခေတ်ပုံတိုက်'လို့ ကွယ်ရာမှာ ခေါ်
ကြတယ်၊ သူဆိုတာ ကျွန်မတို့ကျောင်းရဲ့ ကျောင်းအုပ်ဆ
'ဦးအုန်းသန်း' ။

၂

မူလတန်းကျောင်းလေးထဲကို ဝင်တဲ့ အုတ်နီခဲ လမ်းကလေးအ
သုတ်သီးသုတ်ပျာနဲ့ သူဝင်လာပြီဆိုရင် ကျွန်မတို့တစ်တွေ
တိုးတိုးနဲ့ သူ ဒီနေ့ ဘာကြောင့် နောက်ကျရသလဲဆိုတဲ့ တစ်ယောက်
ထင်မြင် ယူဆချက်တွေကို ကိုယ်ရှိန်သတ်လိုက်ကြရတယ်။

သူ ဈေးထဲမှာ ဘာဝယ်ရမှန်း မသိလို့ ခေါင်းတကုတ်ကုတ်
တာကို မြင်လိုက်ရတဲ့ ၄ တန်းဘီက အတန်းပိုင်ဆရာမ 'ဒေါ်စန်း
ကတော့ သူ့ထင်မြင်ချက် မမှန်ဘူးလားဆိုတဲ့ အကြည့်နဲ့ ကျွန်ဆရာ
ကြည့်တယ်။ ' တွေ့လား ငါး ဆိုင်နားမှာ ခေါက်တုံ့ ခေါက်ပြ
ချတုံ့ ဖြစ်နေတာ ငါးပဲ ဝယ်မှာပဲ' ဆိုတဲ့ သူ့အထင် မှန်ပါတ
ဘာဖြစ်လို့လဲ ဆိုတော့ ဆရာကြီး ပြတ်အသွားမှာ ငါးညှီနံ့ ကို ကျ
အားလုံး ရလိုက်ကြလို့ပါ။

ဆရာကြီး ငါးတွေ ကိုယ်တိုင် ခုတ်နေလို့ ဒီနေ့ ကျောင်းနေ
တာနေမှာ...။

ကျွန်မတို့ ကျောင်းအုပ်ဆရာကြီးက သူ့မိန်းမကို သိပ်ချစ်တ
သိပ်ကြောက်တာလားတော့ ကျွန်မတို့ မဆုံးဖြတ်တတ်ကြဘူး။



တာက နှစ်ခုစလုံး ဖြစ်နိုင်တယ်။ မနက်ဆို ကိုယ်တိုင် ဈေးသွားတယ်။ ကိုယ်တိုင် ဟင်းချက်တယ် တဲ့။

ကျွန်မ ဒီမူလတန်းကျောင်းလေးကို မူလတန်း ဆရာမ အဖြစ် ပြောင်းလာခါစက ဆရာကြီး အကြောင်းတွေ မသိသေးဘူး၊ နောက်မှ တဖြည်းဖြည်း သိလာတာ။ သိပုံကလည်း ဒီလိုလေ...။

ကျွန်မတို့ကျောင်းမှာ သတင်းစာက တစ်စောင်ပဲ ယူပါတယ်။ မနက်တိုင်း သတင်းစာ လာပြီဆိုရင် ကျောင်းစာရေးလေး 'ကိုမြင့်ဆွေ'က ယူပြီး ဆရာကြီး ရုံးခန်းမှာ သွားထားရတယ်။ ဆရာကြီး ရုံးခန်းက အပေါ်ထပ်မှာ။ ကျွန်မတို့ ဆရာမများ အခန်းက အောက်ထပ်မှာ။ သတင်းစာကို ဆရာကြီး စားပွဲပေါ်မှာ မှန်တုံးလေးနဲ့ ဖိပြီး ထွက်လာတယ် ဆိုရင်ပဲ အဲဒီသတင်းစာဟာ ကျောင်းဆင်းလို့ ခေါင်းလောင်းထိုးမှပဲ အဲဒီ မှန်တုံးလေးအောက်ကို ပြန်ရောက်တော့မှာ ဆေချာနေပြီ။

ဘာရယ်လို့တော့ မဟုတ်ဘူး။ ကျွန်မကလည်း အကျင့်လို ဖြစ်နေ တာပါ။ မနက်ဆို သတင်းစာလေး လှန်လိုက်ရမှ။ မင်္ဂလာဆောင်တဲ့ သတင်း၊ စေ့စပ်တဲ့သတင်း၊ ဘယ်သူတွေ ဆုံးသလဲ။ ကိုယ့်အသိထဲက များလား။ ဒီနေ့ ဘယ်မင်းသမီး၊မင်းသားရဲ့ မွေးနေ့လဲ။ ဒီနေ့ တီဗွီ အစီ အစဉ်ကရော ကောင်းမှာလား။ ဘယ်နေရာမှာ ကားတိုက်လို့ ဘယ်နှစ် ယောက် ဒဏ်ရာရတာ ကိုယ်ကြားတဲ့သတင်းနဲ့ ကိုက်မကိုက် ဆိုတာမျိုး တွေပေါ့လေ။ ဖတ်ချင်မိတယ်။

ရောက်စကတော့ 'ကိုမြင့်ဆွေ' အပေါ်ထပ်ကို သတင်းစာ ယူသွားရင် ကျွန်မက လှမ်းအော်စမြဲ။ 'ကိုမြင့်ဆွေရေ ဆရာကြီး ဖတ်ပြီးရင် အောက်ထပ်ကို သတင်းစာ ဆွဲခဲ့စမ်းပါ'ဆိုတာမျိုးပေါ့။

'ကိုမြင့်ဆွေ'က တစ်မျိုးပြုံးတယ်။ 'ဒီဆရာမ အသစ်ကလေးမို့ နားမလည်ရှာသေးဘူး'ဆိုတဲ့ အပြုံးမျိုးပေါ့၊ ဒါတောင် အခုမှ သူ့ အပြုံးကို အဓိပ္ပာယ် ဖော်တတ်တာပါ။ အရင်ကတော့ ပြုံးတုံ့တုံ့နဲ့ 'ဟုတ်ကဲ့ ဟုတ်ကဲ့'လုပ်သွားတဲ့ 'ကိုမြင့်ဆွေ'ကို ငါ သတင်းစာတောင်းတာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးစရာလား’လို့ နည်းနည်း စိတ်ခုမိသေးတယ်။ ကိုယ်က ဆရာမအသ[illegible]
လူကလည်း ခပ်ငယ်ငယ်မို့ မလေးမခန့် လုပ်ချင်တာ များလားပေါ့။
နေ့လယ်စာ မုန့်စားဆင်းချိန်အထိလည်း သတင်းစာက ရောက်မလာ[illegible]
ကျွန်မကလည်း တစ်မျိုးပဲ။ စိတ်ထဲမှာ တစ်ခုခု လိုနေသလိုမျိုးကြီး[illegible]
ဒါနဲ့ အပေါ်တက်ပြီး သတင်းစာလေးတော့ သွားယူဦးမှ ဆို[illegible]
တက်သွားမိတယ်။ ဘာဖြစ်သေးလဲ။ ‘ကိုမြင့်ဆွေ’ယူမပေးလည်း ဆရာ[illegible]
ရုံးခန်းထဲဝင်ပြီး ခွင့်တောင်းယူမှာပေါ့။ မဟုတ်ဘူးလား။ ရုံးခန်းဝရော[illegible]
ရင်ပဲ ‘ကိုမြင့်ဆွေ’က ထွက်လာတယ်။ ‘ဆရာမ သတင်းစာလား’တဲ့ [illegible]
ကျွန်မလည်း ခပ်ချဉ်ချဉ် ရှိတာနဲ့ ခပ်ပြတ်ပြတ်ပဲ ‘ဟုတ်ကဲ့’လို့ ဖြေတော[illegible]
‘မပြီးသေးဘူး၊ ဆရာကြီး ဖတ်တုန်း’တဲ့။ ပြီးတော့လည်း ပြုံးပြန်ရော[illegible]
ကျွန်မကလည်း မကျေနပ်မိရင် ခွဲရှိတယ် ခေါ်ရမလားပဲ။ တော်တော[illegible]
ကြာတော့ အပေါ်တက်ပြီး သတင်းစာယူပြန်ရော။ ‘ဖတ်တုန်းပဲ’ ဆို[illegible]
အဖြေချည်းပဲ နှစ်ခါသုံးခါ ကြားရတော့ မကျေနပ်ချင်တော့ဘူး။ မ[illegible]
နိုင်တာ။ သတင်းစာလေး ဖတ်တာ တစ်နေကုန် ကြာရသလားနော်[illegible]
ဒါနဲ့ နောက်တစ်ကြိမ်မှာ ‘ကိုမြင့်ဆွေ’အပြောကို မစောင့်ဘဲ အသာလေ[illegible]
ကန့်လန့်ကာ လှပ်ကြည့်တော့ ဆရာကြီး သတင်းစာ ဖတ်တုန်းပ[illegible]
သတင်းစာကို ကြည့်နေပုံက အနီးကပ်နဲ့ စိတ်ဝင်တစားပါ။ [illegible]
ဒီလောက်မှ ရှုးရှုးရိုက်ရိုက် ဖတ်စရာတွေ ပါနေရင်လည်း မဖတ်သေးပါဘူ[illegible]
လေလို့ အောက်မေ့မိတယ်။ ဒါနဲ့ ကျောင်းသာ ဆင်းသွားတယ်[illegible]
ကျွန်မလည်း အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ပဲ သတင်းစာဖတ်[illegible]
ချောင်းရင်း သတင်းစာဖတ်ဖို့ အစီအစဉ်ကို လက်လျှော့လိုက်ရ[illegible]
စိတ်ထဲမှာ ကလိ ကလိနဲ့ အိမ် ပြန်ရောက်လာရတယ်လေ။

* * *



၃

မနေ့က ကျွန်မအဖြစ်ကို ရယ်လိုက်ကြတာမှ ဆရာမများ အခန်း
[illegible]ခုလုံးကို တအုန်းအုန်းနဲ့ပဲ။ ကျွန်မက မေးတော့လည်း သူတို့က
[illegible]ကြဘူး။ ဆရာမ ‘ဒေါ်အေးသီ’နဲ့ ၃ တန်းကိုင်တဲ့ ဆရာမ ‘ဒေါ်ရွှေရွှေ’
[illegible] အဆိုးဆုံး။ နောက်တော့ မင်း သိလာပါလိမ့်မယ်ကွယ်တဲ့။
[illegible]အင်း မရဘူး။ ကျွန်မ အခု သိချင်တယ်။
ကျောင်းတက် ခေါင်းလောင်းထိုးတဲ့အထိ သူတို့က တွေးတွေးပြီး
[illegible]မောမဆုံး ဖြစ်နေတုန်းလေ။ သူတို့ စာသင်ခန်းတွေဆီကို လက်တစ်
[illegible]က ဒီနေ့ သင်မယ့် စာအုပ်တွေ ကိုင်ပြီး ကျန်လက်တစ်ဘက်က
[illegible]ရပါးရ ရယ်နေတဲ့ သူတို့ ပါးစပ်ကို ကာရင်း သွားကြလေရဲ့။
ကျွန်မကလည်း အဖြေ မသိရမချင်း မကျေနပ်ဘူး။ စိတ်ထဲမှာ
[illegible]ကလိနဲ့။ ဒီတစ်ချိန် စာသင်ပြီးရင်တော့ နှစ်ချိန် အားသွားပြီ။
[illegible]ရင် အပေါ်ထပ်မှာ သတင်းစာ သွားယူမယ်။ ဒီတစ်ခါတော့
[illegible]တ်နေလည်း ရုံးခန်းထဲကို ဝင်ပြီး ခွင့်တောင်းပြီးတော့ကို ယူခဲ့ဦးမယ်လို့
[illegible]ဘားလိုက်တယ်။
တကယ်တော့ ကျွန်မ သတင်းစာကို ဒီလောက် အသည်းအသန်လည်း
[illegible]ချင်တာလည်း မဟုတ်ဘူး။ မခံချင်စိတ်လို့ ပြောရမလား။ သိချင်စိတ်
[illegible]တဲ့တာလို့ပဲ ပြောရမလား။ ကျွန်မ အသေအချာ မသိဘူး။
“ဆရာမ၊ ဆရာကြီး ခေါ်ခိုင်းလိုက်ပါတယ်”
“ဆရာကြီး ခေါ်တယ်၊ ဟုတ်လား၊ ဘာကိစ္စများလဲ မသိဘူး”
“ဒီနေ့ သစ်ပင်စိုက်ရမယ့်နေ့လေ ဆရာမရဲ့”
“အဲဒါနဲ့ ဘာဆိုင်…”
“ဆရာမသာ လိုက်ခဲ့ပါ။ ဟိုရောက်တော့ ကျွန်တော်တို့ ဓာတ်ပုံရိုက်
[illegible]ာပေါ့”
ကျွန်မလည်း ဘုမသိ ဘမသိ ‘ကိုမြင့်ဆွေ’ နောက် လိုက်သွား[illegible]တယ်။
[illegible]ဆွေ’က ခပ်ပြုံးပြုံးလုပ်ရင်း ရှေ့က သွားနေလေရဲ့။ [illegible]ချောင်းရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ တကုန်းကုန်းနဲ့ သစ်ပင်စိုက်သူကစိုက် မြေတူးသူက တူးလို့၊ အဲဒီမှာ မားမားကြီး ရပ်နေတာက ကျွန်မတို့ ဆရာကြီး။ သူ့မျက်နှာ တစ်ခုလုံးလည်း ပြုံးရွှင်လို့. . . ။

"လာ လာ ဆရာမ၊ ဒီနေ့ဟာ သစ်ပင်စိုက်ရမယ့် အထိမ်းအမှတ်နေ့လေ ဆရာမရဲ့ ဒါကြောင့် ကျွန်တော်တို့တစ်တွေ ဓာတ်ပုံ မှတ်တမ်းတင်မလို့ ဆရာမကို စောင့်နေကြတာ. . ."

"နေ. . .နေပါစေ ဆရာကြီး၊ ဆရာကြီးတို့ ရိုက်ပါ၊ ကျွန်မ လိုအပ်တာ ကူလုပ်ပေးပါ့မယ်"

"ဘယ်. . .မဟုတ်တာ ဆရာမကလဲ၊ လာပါ၊ သတင်းပေါ့၊ သတင်း မှတ်တမ်းတင်လေးပေါ့၊ သတင်းစာထဲမှာပါ ထည့်မှာပါ"

ကျွန်မကလည်း သတင်းစာထဲ ပါမှာ ဆိုမှ ပိုစိတ်ညစ်သွားပြီး ထပ်ငြင်းလို့ကလည်း မကောင်းလေတော့ လူအုပ်ရဲ့ ခပ်ကွယ်ကွယ်ထောင့် လေးမှာ ဆရာကြီး ကျေနပ်အောင် သွားရပ်နေလိုက်ရပါတယ်။ ဓာတ်ပုံ ဆရာကလည်း အင်မတန်မှကို အသားကျနေပုံပါ။ နေရာမှုားမျှား ရွေးစရာ မလိုပဲ 'ရိုက်မယ် ရယ်ဒီ'လို့ အော်လိုက်ရင်ပဲ ဆရာကြီးက—

"အားလုံး လှလှပပလေး ဖြစ်အောင် ပြုံးကြ" တဲ့။

ကလေးတွေက သစ်ပင်စိမ်းစိမ်းလေးတွေ ကိုင်ပြီး ပြုံးလို့။ ဆရာကြီးက လည်း ကလေးတွေကို တကယ့် ကြည်နူး ပကတိနဲ့ ပြုံးပြီး ကြည့်လို့။ ကျွန်မတို့ ဆရာ,ဆရာမတွေက တချို့ ပြုံးစိစိ၊ ဂချို့ စိတ်ညစ်တာကို ဖုံးဖိနေဟန်နှင့် မိုးတိုးမတ်တပ်တွေ ရပ်လို့။

ကျွန်မ အဲဒီနေ့ကလည်း စိတ်ထဲမှာ ကလီကလီနဲ့ အိမ်ပြန်ခဲ့ရပါ တယ်။ ဆရာမ 'ဒေါ်ဆွေဝင်း'ကတော့ ကျွန်မနားကပ်ပြီး ခပ်တိုးတိုး ပြောတယ်။ 'ဒါ သင်ခန်းစာ(၁)ပဲ ရှိသေးတယ်၊ ညီမရေ'တဲ့။

* * *



၄

နေ့တော့ မုန့်စားဆင်းချိန်မှာပဲ ကျွန်မတို့ ဆရာများအခန်းထဲကို ပြီး ဝင်လာပါတယ်။ လက်ထဲမှာတော့ သတင်းစာ ကိုင်လျက်သား။ ကတော့ အထူး ရွှင်ပျနေပါတယ်။

"အဲ ဆရာမတို့ရေ၊ ကျွန်တော်တို့ပုံတော့ ပါလာပြီဗျာ၊ ဟဲ ဟဲ

"ဟို ဟုတ်လား၊ ကြည့်ရအောင်. . ."

"ဒါ မှတ်တမ်းပဲဗျ၊ ကဲ ခုတော့ ဘယ်လောက် ထိရောက်သလဲ၊ တော်တို့ သစ်ပင်စိုက်တာ တစ်ပြည်လုံး သိပြီ"

"ဟုတ်တာပေါ့ရှင်၊ ဆရာကြီးပုံက တစ်ကွက်လုံး အပြည့်ပဲဟော့၊ ည့်ကောင်းတာပါပဲလား၊ ဆရာကြီးက ဓာတ်ပုံ တကယ်စားတာပဲ"

ဆရာမ 'ဒေါ်ကြည်ကြည်'က သတင်းစာကို ငှောင်ကြည့်ကာ တွယ်ယူရင်းက ကြောင်တောင်တောင်ငေးနေတဲ့ ကျွန်မဘက် ပြောင်စပ်စပ် မျက်နှာလေးနဲ့ မျက်လုံး ပြူးပြလိုက်ပါတယ်။

ဆရာကြီးက ဆရာမ 'ဒေါ်ကြည်ကြည်'ရဲ့ စကားကို သဘောခွေ့သွား မြင်သူမြင်ပါ။ ပြီးတော့လည်း ဓာတ်ပုံကိစ္စတွေ ရှည်ရှည်ဝေးဝေး သေးတယ်။

"ကျွန်တော်က ဓာတ်ပုံရိုက်ရတာ သိပ်သဘောကျတာဗျ၊ ကျွန်တော် တွေ လုပ်တယ်ပေါ့ဗျာ၊ ဒါကို လူတွေ သိဖို့ လိုတယ်။အထူးသဖြင့် တွေ သိဖို့လိုတယ်။ အခုလို ဓာတ်ပုံရိုက်ပြီး သတင်းထဲ ပါလာတော့ သိ၊ တစ်မြို့လုံးသိ၊ မကောင်းဘူးလား၊ မှတ်တမ်းတင်ကလေးပေါ့၊ ကြောင့် ကျွန်တော် နေ့တိုင်း၊ သတင်းစာကို စေ့စေ့စပ်စပ် ။ ဓာတ်ပုံတွေကို ကျွန်တော် ကြည့်မဝဘူး။ ဘာလေးပဲဖြစ်ဖြစ်၊ ဖို့ လိုအပ်တယ်ဆိုတာ ကြာလာလေလေ ကျွန်တော် သိလာ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ လာမယ့်အပတ်မှာ ဆိုရင် ရေချမ်းစင်ကလေးလှူတဲ့ ဦးလှကြည် တို့ မိသားစုနဲ့ အလှူဒါန ဖြစ်မြောက်ပုံကလေး မှတ်တမ်းတင်ရမယ်။ အို မေ့နေလိုက်တာ၊ လာမယ့် အင်္ဂါနေ့မှာလည်း ကလေးတွေ လုပ်အားပေးပွဲ ရှိတယ် မဟုတ်လား၊ ဒါလည်း လိုအပ်တာပဲ၊ ဓာတ်ပုံဆရာကို ခေါ်ထားဦးမှာပါ။

"နောက်ပြီး ကျွန်တော့်ကို ပြောထားတာလေးတစ်ခု ရှိပါသေးတယ်၊ ပါးစပ်ဖျားလေးတင် မေ့နေတာ၊ လူကလည်း အသက်ကြီးလာတော့ ခပ်မေ့မေ့ရယ်"

ဆရာကြီးက ကြိုးစားပမ်းစားကို စဉ်းစားနေရှာပါတယ်။

"မှတ်မိပြီဗျို့၊ ဆရာမ ဒေါ်မူမူ ဘယ်မှာလဲ၊ ဆရာမသားလေး မွေးနေ့မှာ စေတနာ ကျွေးချင်တယ် ဆိုတာလေ၊ အဲဒီနေ့မှာလည်း ဓာတ်ပုံရိုက်ရမှာပဲ"

"နေပါစေ ဆရာကြီးရယ်၊ ကျွန်မက ရိုးရိုးလုပ်ချင်တာပါ၊ သူများတွေလို ကြက်သားဆန်ပြုတ်တွေ ဘာတွေ ကျွေးမှာ မဟုတ်ပါဘူး၊ ကလေးတွေ အားလုံးကို ထန်းလျက်သာကူလေး တိုက်ရင် ကောင်းမလားလို့ . . ."

"အို ဒါ အသေးအဖွဲ ဘယ်ဟုတ်မလဲ ဆရာမရဲ့၊ အာဟာရကျွေးတယ် ဆိုတာ မှတ်တမ်းတင်ဖို့ လိုအပ်ပါတယ်။ ဆရာမ အမျိုးသားပါ ခေါ်လာခဲ့ပါ၊ ဒါမှ အလှူ့ရှင် အလှူ့အစ်မ ပြည့်စုံသွားအောင်၊ ကျွန်တော်တို့ ဓာတ်ပုံရိုက်ပြီး အာဟာရ ကျွေးနေပုံလေး သတင်း ထည့်ပေးရမှာပေါ့"

ကျွန်မ ဆရာကြီးကို တအံ့တသြ ငေးမောနေမိတော့တယ်။ ဆရာကြီး ကတော့ သတင်းစာထဲမှာ ပါတဲ့ တမင်ပြုံးနေတဲ့ သူ့ပုံလေးကို ငုံ့ကြည့်ရင်း–

'. . .မြို့နယ်၊ အမက(. . .)မှ ကျောင်းအုပ်ဆရာကြီး ဦးအုန်းသန်း ဦးဆောင်မှုဖြင့် . . .အထိမ်းအမှတ်နေ့အတွက် ကျောင်းသား ကျောင်းသူ များဖြင့် စည်ကား သိုက်မြိုက်စွာ ပျော်ရွှင်စွာ သစ်ပင် စိုက်ပျိုးနေကြစဉ်' ဆိုတဲ့ ဓာတ်ပုံအောက်က စာတန်းလေးကို အကြိမ်ကြိမ် ဖတ်လို့ မဝနိုင်အောင် ရှိနေပါတော့တယ်။



သတင်းစာလေးကို တရိုတသေကိုင်ရင်း အပေါ်တက်သွားတဲ့ ဆရာကြီးရဲ့ နောက်ကျောကို ကြည့်ရင်း ဒီနေ့ သတင်းစာဟာ ကျွန်မတို့ ဆရာမများ အခန်းထဲကို ရောက်လာပြီးမှ ဘယ်သူမှ မဖတ်လိုက်ရဘဲ အပေါ်ထပ်ကို ပြန်ပါသွားတာကို သတိထားလိုက်မိပါတယ်။

* * *

၅

ဒီနေ့ မနက်ရဲ့ ပထမဆုံး သတင်းကတော့ ဆရာကြီးနဲ့ တစ်ရပ်ကွက်တည်း နေတဲ့ ဆရာမ 'ဒေါ်ခင်လေးတင့်'ရဲ့ သတင်းပေးချက်အရ မနက် လင်းမကွဲခင်ကတည်းက ဆရာကြီးကို မီးဖိုချောင်မှာ ချွေးတလုံးလုံးနဲ့ ဟင်းချက်နေတာကို သူ ဈေးဝယ်အသွားမှာ တွေ့ခဲ့ရသတဲ့။ အရင်နေ့တွေ ဆိုရင် ဒီအချိန်မှာ ဈေးထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း ခေါင်းကုတ်တုန်း ရှိသေးတယ်တဲ့။

"ကိုယ်တော့ ဒီနေ့ အုန်းဓာတ်ပုံတိုက် တယ် ဝီရိယကောင်းလှ သည်လားလို့ ထင်တာပဲ၊ ကြွေ့ ဒီနေ့ ဘာဓာတ်ပုံ ရိုက်စရာများ ရှိလဲ မသိဘူး"

"အဲဒီ သူ ချွေးတလုံးလုံးနဲ့ ဟင်းချက်နေတဲ့ပုံကို မင်း ဓာတ်ပုံ ရိုက်ခဲ့တာ မဟုတ်ဘူး"

"အေးနော်၊ ဒါဆို တကယ်ရယ်ရမယ်"

ဆရာမတစ်တွေက အိမ်မှာလည်း အလုပ်လုပ်ရတာ ဖတ်ဖတ်မော၊ ကျောင်းမှာလည်း ဓာတ်ပုံရိုက်ဖို့ တစ်နေ့ တစ်နေ့ စီစဉ်ရတာ ဖတ်ဖတ် မောနေတဲ့ သူ့အကြောင်း တိုးတိုးကျိတ်ကျိတ် ရယ်နေတာကို ကျောင်းတံခါး ပေါက်က ဝင်လာနေတဲ့ ဆရာကြီးကတော့ ရိပ်မိပုံလေးတောင် မရပါဘူး။

တိုက်ပုံအကျႌကို သေသပ်အောင် ဆွဲစေ့နေရင်းက 'ကိုမြင့်ဆွေ' ကို ဓာတ်ပုံဆရာ သွားခေါ်ဖို့ မှာနေပါတယ်။ ပြီးမှ ကျွန်မတို့ ဆရာမတွေဘက် လှမ်းကြည့်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမတို့ ဒီနေ့ ခဏလာကြပါဦး"လို့ လှမ်းခေါ်လိုက်ပါတယ်။

ကျွန်မတို့လည်း ဘယ်နှစ်ခါ ဘယ်နှစ်ကြိမ် ရိုက်ရိုက် သူတစ်ယောက် ...ည်း ထင်းထင်းကြီး ပါသွားတတ်တဲ့ ဓာတ်ပုံတစ်ပုံပုံတော့ သတင်းစာ ...ဲမှာ မကြာခင် ပါလာဖို့ သေချာနေပြီဆိုတဲ့ အသိနဲ့ ကျွန်မတို့အားလုံး နေရာမှ ထ လိုက်ကြရပါတော့တယ်။

အားရပျော်ရွှင်နေတဲ့ ဆရာကြီးဆီကို ခြေလှမ်းတွေက နှေးကွေး သးလံ့စွာ...။

မဟေသီ မဂ္ဂဇင်း

အမှတ်–၁၁၁၊ ၁၉၉၄–ခုနှစ်၊ ဇန်နဝါရီလ

ဆရာမ မိုးချိုသင်းသည် ၁၉၈၉–ခုနှစ် စက်တင်ဘာလထုတ် ...ွယ်တော် မဂ္ဂဇင်းတွင် ပါရှိသည့် 'ကလောင်သစ်ကလေးပါ ရှင်' ...ွတ္ထုတိုဖြင့် စာပေလောကသို့ ဝင်ရောက်လာသူဖြစ်သည်။

ထို့နောက် မဂ္ဂဇင်းများတွင် ဝတ္ထုတိုများကို အဆက်မပြတ် ရေးသား ...ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။ ဥပမာ– နာရီ၊ လေချွန်သံနီနီ၊ သံသယ ...န်းသူ၊ ကကလေးငယ် ချစ်စဖွယ်၊ ခင်မောင်ရင်ကို မိရဲ့လား၊ ...က်ပြား မဖတ်ရ၊ ပန်းကန်ပြားပျံ၊ မိုးခိုးကြွက်လျှောက်၊ ဆင်းရဲခပ်သိမ်း ...းချင်တယ်၊ မဆုံးတဲ့ အလွမ်း ဝတ္ထုတိုများမှာ ထင်ရှားလှသည်။

ဆရာမသည် နိုင်ငံကျော် ကဗျာဆရာကြီး တစ်ဦး၏ သမီးဖြစ်သည်။ ...က်၂၃–နှစ်သာ ရှိသေးပြီး အသက် ငယ်ရွယ်သည့် စာရေးဆရာမ



...ဖြစ်သည်ဟု ဆိုရမည်။ သို့သော် ဆရာမ၏ အတွေးနှင့် အရေး ...ည် တခြား ဝတ္ထုရေးဆရာများနှင့် တစ်မူကွဲကာ ဆန်းသစ်၍ နေ ... ဝတ္ထုတိုကလေးများမှာ ရိုးရိုးရှင်းရှင်း ဖြစ်သော်လည်း ကဗျာ ...များ ဖတ်ရသကဲ့သို့ ခံစားရသည်။ စာပေအကဲဖြတ်ဆရာများ၏ ... ဝေဖန်မှုကို ခံခဲ့ရသည်။

...ကြာသေးမီက ဆရာမမိုးချိုသင်းသည် သူရေးခဲ့သမျှသော ဝတ္ထုတို ...ို ရွေးချယ်စုစည်းကာ 'မှန်တင်ခုံပေါ်က နှင်းဆီပွင့်၊ ရင်တွင်းဖြစ် ...ား' ဟူသော ဝတ္ထုတိုစာအုပ် ထွက်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

နုယဉ်၏ ကဗျာ

[တောဘွဲ့၊ နှောင်အိမ်၊ စောင့်စေချင်]



www.burmeseclassic.com

www.burmeseclassic.com



'မိချို ဟာ ကျွန်မ ရင်ထဲ မခံနိုင်လွန်းလို့ ပေါက်ကွဲလာတဲ့ ဝတ္ထု တစ်ပုဒ်ပါပဲ'လို့ ဆိုပါတယ်။ ဆရာမကြီးရဲ့ ဝတ္ထုတွေမှာ အနည်းနဲ့ အများ ဆိုသလို ဆရာမကြီးရဲ့ အရိပ်တွေ ပါနေတာကို တွေ့ရပါတယ်။ မိချို လိုပဲ **လမင်းကြီး သာစမ်းပါ** ဝတ္ထုမှာလည်း ဆရာမကြီး ကြည့်မြင်တဲ့ ပတ်ဝန်းကျင်ရဲ့ အရိပ်ကို မြင်တွေ့နိုင်ပါတယ်။ ဆရာမကြီးဟာ 'လမင်းကြီး သာစမ်းပါ' မှာ လောဘ ရမ္မက်ကြီးသူတွေ နောက်ဆုံး ပျက်စီးရပုံ၊ ရောင့်ရဲသူတို့ စိတ်အေးချမ်းသာစွာ ရှိပုံ၊ အသိဉာဏ်က အသည်းနှလုံးရဲ့ တောင်းဆိုခြင်းကို မလိုက်လျောပုံတို့ကို ခြယ်မှုန်းထားပါတယ်။

**အယဉ်နဲ့ အရိုင်း**ဝတ္ထုမှာ နာဂမလေး ခေါင်းညိုကို ဖွဲ့နွဲ့ထားပုံမှာ စွဲမက်ဖွယ် ကောင်းပြီး သူနာပြုဆရာမ် မလေးနုကို ဇာတ်နာအောင် တင်ပြထားပါတယ်။ လူမှုပြုပြင်ရေးကို ကျောရိုးခံထားတဲ့ ဝတ္ထုပါပဲ။ **ရေချိုတွင်း** ကတော့ စာရေးဆရာ မြင်တဲ့ အမြင်ကို ရေးသားထားတဲ့ ဝတ္ထုပါ။ ဆရာမကြီးရဲ့ ဘဝနဲ့ ဆက်နွယ်နေတဲ့ ဝတ္ထုလို့ ဆိုနိုင်ပါတယ်။

ဆရာမကြီး ခင်နှင်းယုဟာ ဝတ္ထုရှည် လုံးချင်းများ သာမက ဝတ္ထုတိုတွေကိုလည်း အများအပြား ရေးသားခဲ့ပါတယ်။ ဝတ္ထုတိုတွေကို စုပေါင်းပြီး **ကြာတော၌ ရွှာသောမိုး၊ ကသစ်ပန်း၊ မှတ်သုံစောင်းကြိုး၊ ယောကျ်ားတို့အကြောင်း၊ ရွှေပြည်တော်၏ ပုံပြင်များ၊ ဘုံစမ္မတာမှာ ကြွရလေသမျှ** နဲ့ **ကြေးမုံရိပ်သွင်** တို့ အမည်နဲ့ ထုတ်ဝေခဲ့ပါတယ်။

အဲဒီ ဝတ္ထုတို ပေါင်းချုပ်တွေထဲမှာ ကြေးမုံရိပ်သွင်ဟာ အထင်ရှားဆုံး ပါပဲ။ စာပေဗိမာန် စာပေဆုရ စာအုပ်ဖြစ်ပါတယ်။ ကြေးမုံရိပ်သွင်ပါ ဝတ္ထုတွေနဲ့ ပတ်သက်ပြီး အင်္ဂလိပ်စာဌာနက ပါမောက္ခဟောင်း ဦးမျိုးမင်း (နွယ်စိုး)က ဝေဖန်ချက်ပေးရာမှာ...

'ကြေးမုံရိပ်သွင် ပါ ဝတ္ထုတိုတွေကို ခြုံ၍ အရသာ ခံနိုင်သ ဝတ္ထုတိုကောင်းများ ပီသပါပေသည်။ ယုတ္တိရှိသည့် ဝတ္ထုတိုများ ဖြစ်၍ အရေးအသား နိုင်နင်း ညက်ညောသည်'လို့ ဆိုထားပါတယ်။ ဆရာမ



ဟာ သူ့ရဲ့ ဝတ္ထုတိုတွေမှာ သရုပ်ဖော်ထားတဲ့ ဇာတ်ကောင်တွေ၊ အဖြစ် အပျက်တွေကို ယုတ္တိတန်တယ်လို့ စာဖတ်သူ လက်ခံအောင် ရေးနိုင်စွမ်း ရှိပါတယ်။ တမင်တကာ ဆင်ပြီး ရေးသားထားတာ မဟုတ်ပါဘူး။ တွန်း ရေးသားထားတဲ့ အကွက်တွေ မပါ ပါဘူး။ ဝတ္ထုတိုတွေမှာ အရေးကြီး ဆုံး ဖြစ်တဲ့ လူ့သဘာဝ၊ လောကကြီးရဲ့ သဘာဝကို ဆင်ခြင် သုံးသပ်ပြီး နက်နဲ ထိုးထွင်း မြင်နိုင်စွမ်းသတ္တိကို ထုတ်ဖော်ရာမှာ ပီပြင် လွန်းလှပါတယ်။

ဆရာမကြီ ခင်နှင်းယုရဲ့ ဝတ္ထုတွေကို လေ့လာကြည့်ရင် ဆရာမကြီးရဲ့ ဝတ္ထုတွေမှာ ဇာတ်ကောင် အမျိုးမျိုး၊ အကြောင်းအရာ အမျိုးမျိုး ပါဝင်နေတာကို တွေ့ရပါတယ်။

'ကျွန်မ ဝတ္ထုတွေဟာ ကျွန်မ ကိုယ်တွေ့၊ ကျွန်မ ကိုယ်တိုင် ခံစားရ သော အဖြစ်အပျက်များမှ လည်းကောင်း၊ ကျွန်မ လူ့ဘဝခရီးတွင် ဖြတ်သန်း လျှောက်သွားစဉ်၌ တွေ့ရသော လူတစ်ဦးသို့မဟုတ် **လူအဖွဲ့** အစည်းတစ်ခု၏ အကြောင်းကိုလည်းကောင်း၊ ရေးသား တင်ပြမြဲ ဖြစ်၏' လို့ ဆရာမကြီးက သူ့ဝတ္ထုတွေနဲ့ ပတ်သက်ပြီး ဆိုထားပါတယ်။ ဒါကြောင့်လည်း ဆရာမကြီးရဲ့ ဝတ္ထုတွေဟာ အခုထက်တိုင် အောင်မြင်နေဆဲ ရှင်သန်နေဆဲဖြစ်တယ်လို့ ဆိုပါရစေလား။

**ရည်ညွှန်း**

၁။ စိန်ဒိုးနှင့် ရဲခေါင်ဝင်းမိုး။ ။ ခင်နှင်းယု၏ ဘဝကြေးမုံ။ ပြည်သူ့ဖလင် ပုံနှိပ်တိုက်၊ ခြံအမှတ် ၈၂–၊ အမှတ် ၁၃၊ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်၊ ၁၉၆၉–နှစ်၊ နိဝင်ဘာလ။

၄၆

www.burmeseclassic.com

www.burmeseclassic.com

## စာဆို နုယဉ်
## သို့မဟုတ်
## ကဗျာများကို မွေးဖွားသူ

နှစ်ဆယ်ရာစုအတွင်း မြန်မာနိုင်ငံ၌ စာရေးဆရာများ အများ
ပေါ်ထွန်းခဲ့သည်။ ထင်ရှား ကျော်ကြားသော စာရေးဆရာများ
'နုယဉ်'သည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ဆရာမကြီး 'နုယဉ်
မျက်မှောက်ခေတ်တွင်လည်း ထင်ရှားသော ကဗျာဆရာမကြီး ဖြစ်

ဆရာမကြီး နုယဉ်သည် ၁၉၅၈–ခုနှစ်တွင် ပထမဆုံး က
အဖြစ် **'နုယဉ် ကဗျာ'** စာအုပ်ဖြင့် စာပေဗိမာန် ကဗျာဆုကို
ရရှိခဲ့သည်။ ထို့ပြင် ၁၉၆၅–ခုနှစ်တွင် **'ရေလှိုင်းပြာ ကဗျာများ'**
အမျိုးသားစာပေဆု (တတိယဆု)ကို လည်းကောင်း၊ ၁၉၆၉–
**'ထပ်တစ်ရာ ကလေးကဗျာများ'**ဖြင့် အမျိုးသားစာပေဆု (ကလေးစာ
ကို လည်းကောင်း၊၁၉၇၁–ခုနှစ်တွင် **'ထုံဝတ်လွှာ ကဗျာများ'**ဖြင့် အမျိုး
စာပေ ကဗျာဆုကိုလည်းကောင်း၊ ၁၉၇၇–ခုနှစ်တွင် **'ခရောင်
ရွှေတစ်ခက်ကဗျာများ'**ဖြင့် အမျိုးသားစာပေ ကဗျာဆုကို လည်း
ဆွတ်ခူး ရရှိခဲ့သည်။

ဆရာမကြီး 'နုယဉ်' ရေးသားခဲ့သော စာအုပ်များမှာ 'ချစ်
ဝတ္ထု (၁၉၄၇–ခုနှစ်)၊ မေ့သည်းချာ ကလေးကဗျာများ (၁၉၅၀–
'ရွှေစင်သက်ထား' ဝတ္ထု (၁၉၅၁–ခုနှစ်)၊ 'ကကြီး ခခွေး ရုပ်ပုံ
(၁၉၅၆–ခုနှစ်)၊ နုယဉ်ကဗျာများ (၁၉၅၈–ခုနှစ်)၊ နုယဉ်ပုံပြ
(၁၉၅၈–ခုနှစ်)၊ ဂရင်းညီနောင် နတ်သမီးပုံပြင်များ (၁၉၅၈–
နှင်းဝတ်မှုန်ဝေ ဝတ္ထုတိုပေါင်းချုပ် (၁၉၅၈–ခုနှစ်)၊ 'လိမ္မာပါပြီကွယ်



(၁၉၅၈–ခုနှစ်)၊ ကလေး ဗုဒ္ဓဝင် (၁၉၆၂–ခုနှစ်)၊ ကုမုဒြာကဗျာများ (၁၉၆၃–ခုနှစ်)၊ ရေလှိုင်းပြာ ကဗျာများ (၁၉၆၅–ခုနှစ်)၊ လူရည်ချွန် ပုံပြင်များ (၁၉၆၅–ခုနှစ်)၊ အောင်နိုင်သူ ပုံပြင်များ (၁၉၆၆–ခုနှစ်)၊ ချစ်စနိုးပုံပြင်များ (၁၉၆၆–ခုနှစ်)၊ ပစ်တိုင်းထောင် ပုံပြင်များ (၁၉၆၆–ခုနှစ်)၊ ဂျာအေးပုံပြင်များ (၁၉၆၆–ခုနှစ်)၊ တိုင်းကျော်ပုံပြင်များ (၁၉၆၆–ခုနှစ်)၊ ထင်ရှားသော ကမ္ဘာ့ပုံပြင်များ (၁၉၆၆–ခုနှစ်)၊ ထပ်တစ်ရာ ကလေး ကဗျာများ (၁၉၆၉–ခုနှစ်)၊ ထုံဝတ်လွှာကဗျာများ (၁၉၇၁–ခုနှစ်)၊ Nu Yin's Poems (အင်္ဂလိပ်–မြန်မာ) (၁၉၇၂–ခုနှစ်)၊ နှင်းမှုံဝေ ကလေးကဗျာများ (၁၉၇၅–ခုနှစ်)၊ ပြည့်သားမွန် လူငယ် ပုံဝတ္ထုများ (၁၉၇၅–ခုနှစ်)၊ ခရောင်းမြေမှ ရွှေတစ်ခက်ကဗျာများ (၁၉၇၇–ခုနှစ်)၊ ဗုဒ္ဓဝင် ရုပ်စုံ ကဗျာများ (၁၉၈၀–ပြည့်နှစ်)၊ အလှပန်း တစ်ပွင့်နှင့် ပုံပြင်ဝတ္ထုများ (၁၉၈၁–ခုနှစ်)၊ ဗုဒ္ဓဝင် ရုပ်စုံ (အင်္ဂလိပ်–မြန်မာ) (၁၉၈၂၊ ၁၉၈၃၊ ၁၉၉၀ ပြည့်နှစ်)၊ ပန်းနှင့် ကြိုးကြာ ကလေးကဗျာများ (၁၉၈၂–ခုနှစ်)၊ နိုင်ငံတကာ ပုံပြင်များ (၁၉၉၀ပြည့်နှစ်)၊ လက်ရွေးစင် မြန်မာပုံပြင်များ (၁၉၉၂–ခုနှစ်)၊ ထူးခြားသော ဂျပန်ပုံပြင်များ (၁၉၉၂–ခုနှစ်)၊ နိုင်ငံတကာပုံပြင်များ(၂)(၁၉၉၃–ခုနှစ်)တို့ ဖြစ်ကြသည်။ ထို့ပြင် ဆရာမကြီးသည် သတင်းစာဆောင်းပါးများ၊ မဂ္ဂဇင်းဆောင်းပါးများကို လည်း အများအပြား ရေးသားခဲ့သည်။

ဆရာမကြီး၏ မိဘများမှာ ဦးလွန်းပင်၊ ဒေါ်မိ တို့ဖြစ်ကြသည်။ မိဘများမှာ ကုန်သည် လယ်လုပ်မျိုးဖြစ်ပြီး လွှတောင်ခြင်း အလုပ်ကို လုပ်ကိုင်ကြသည်။ အဖမှာ မြန်မာလူမျိုး၊ အမိမှာ မွန်လူမျိုး ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ နုယဉ်ကို ၁၂၇၈–ခုနှစ်တွင် မွေးဖွားသည်။ မွေးချင်း(၇)ယောက် ရှိပြီး အစ်ကိုကြီး ဦးဝန် (မင်းသုဝဏ်)၊ ဦးငွေသိန်း၊ ဦးထွန်းကြည်နှင့် အစ်မ ဒေါ်တင်နု၊ ဒေါ်စိန်ပု၊ ညီမ ဒေါ်တင်ဥ တို့ ဖြစ်ကြသည်။ ဆရာမ နုယဉ်မှာ နို့ညှာသမီး ဖြစ်သည်။ တွံတေးအပိုင် ကွမ်းခြံကုန်းဇာတိ ဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ယဉ်နု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး နယ်ဥ်သည် ၁၉၂၆–ခုနှစ်၊ (၇)နှစ်သမီး အရွယ်တွင် ကွမ်းခြံကုန်းမြို့၊ အမျိုးသားကျောင်း၌ မူလတန်းမှ စ၍ အင်္ဂလိပ်၊ မြန်မာစာ သင်ကြားခဲ့သည်။ ထိုခေတ်က အမျိုးသားကျောင်း၌ စာတော်လျှင် (၆)လနှင့် တစ်တန်း တက်ပေးရာ အသက်(၁၁)နှစ်တွင် အလယ်တန်း (၇)တန်းအထိ သင်ကြားပြီး၊ ကျောင်းမှ ထွက်ခဲ့သည်။ ထိုသို့ ကျောင်းမှ ထွက်သော်လည်း ကျောင်းစာများ မေ့ပြီး အိမ်တွင် ဆရာမနှင့် ညဘက်၌ အင်္ဂလိပ်စာ သင်ကြားသည်။ မြန်မာ လက်ရေးလှ အရေးကျင့်သည်။ တေမိ၊ ဘူရိဒတ် စသော ဇာတ်တော်ကြီးများကို ဖတ်၍ လေ့လာသည်။

ဆရာမကြီးသည် ငယ်စဉ်ကတည်းက မိန်းကလေး ပီသစွာ အချက် အလုပ်၊ အချက်အပြုတ် (လက်မှုပညာ)နှင့် သစ်ပင်စိုက်ပျိုးခြင်း တို့ကို ဝါသနာပါသည်။ ငယ်စဉ်ကတည်းက ဘာသာရေး ကိုင်းရှိုင်းကာ မိဘများ နှင့် ဘုရား ကျောင်းကန် လိုက်ခြင်း၊ အာရုံဆွမ်းကပ်ခြင်း၊ အလှူအတန်း ပေးလှူခြင်းများ ဝါသနာပါသည်။ ဆရာမကြီးသည် သူ့ရရှိသော အမျိုးသား စာပေဆုငွေများကို ဘိုးဘွားရိပ်သာသို့ ပေးလှူလေ့ ရှိသည်။

ဆရာမကြီးသည် အသက် ၁၁–နှစ်အရွယ်မှ စ၍ ဒဂုန်မဂ္ဂဇင်း၊ ဒီးဒုတ်၊ ဗန္ဓုလဂျာနယ်၊ ကဝိ မျက်မှန်မဂ္ဂဇင်း၊ ဒဂုန်ရွှေမျှား၏ ဝတ္ထုရှည်၊ လန်ဒန်အတ်၊ ဗြိတိသျှဘားမား စသော ရုပ်ရှင်ကုမ္ပဏီကြီးများမှ ထုတ်ဝေ သော မဂ္ဂဇင်းတို့ကို လက်မှ မချအောင် ဖတ်လေ့ ရှိပြီး အစ်ကိုကြီး မင်းသုဝဏ်ကလည်း ရန်ကုန်မှ ကျောင်းပိတ်၍ ပြန်လာတိုင်း ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းများ ယူလာပြီး ညီမအား ဖတ်စေသည်။ ညီမ နယ်ဥ်၏ ဝါသနာကို အားပေးသည်။ အခြား အစ်ကိုတစ်ယောက်ကလည်း ပီမိုးနင်း ရေးသားသည့် သမီးဂုဏ်ရည် ကျမ်း၊ တိုးတက်ရေး မဂ္ဂဇင်း စသော စာအုပ်များကို မပြတ်ဝယ်ပေး၍ နယ်ဥ်၏ စာပေ ဝါသနာမျိုးစေ့အား ကြီးထွားစေခဲ့သည်။

ဆရာမကြီးသည် အသက် ၁၁–နှစ်အရွယ်မှစ၍ ဝတ္ထု၊ မဂ္ဂဇင်း ဆောင်းပါးများ အများအပြား ဖတ်ခဲ့၍ လည်းကောင်း၊ အစ်ကိုကြီး



ဦးဝန် ရေးသားသော 'ရွှေနှစ်ဖော်' ဝတ္ထုနှင့် ကဗျာများကို ဖတ်ရ၍ လည်းကောင်း၊ စာရေးချင်စိတ်များ တဖွားဖွား ပေါ်လာပြီး စာပေဝါသနာ ဆော်မှုများ နိုးကြား တက်ကြွလာသည်ဟု ဆိုရမည် ဖြစ်သည်။ ထိုသို့ဖြင့် ဆရာမကြီးသည် ရွှေချိုး၊ လေးချိုး တေးထပ်များကို စတင် ရေးသားခဲ့သည်။ ပထမဆုံး စပ်ဆိုသော တေးထပ်သည် အချိုးကျပြီး (၁၁)လုံး အပြည့်ပါကာ အစ်ကိုကြီး၏ ချီးကျူးမှုကို ခံရသည်။ အစ်ကိုကြီး ဦးဝန်(မင်းသုဝဏ်)သည် ညီမငယ်၏ စာပေဝါသနာကို မြေတောင်မြှောက် ပျိုးထောင်ပေးသူ ဖြစ်သည်။

ဆရာမကြီးသည် ဦးလွန်း၏ ကဗျာသာရတ္ထ သင်္ဂြိုလ်ကျမ်း၊ ဦးကျော်ထွန်း၏ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒီးဒုတ် ဦးဘချို၏ စာဆိုတော် ဖြစ်နည်း ဆောင်းပါးတို့ကို လေ့လာခဲ့သည်။ အသက်(၁၉)နှစ် ကျော်ကျော် တွင် ဂန္ထလောက၌ လေးလုံးစပ်ကဗျာကို စတင် ရေးပို့ရာမှ ကလောင် အမည် 'နယ်ဥ်' ကို စတင် အသုံးပြုခဲ့သည်။ ဂန္ထလောက မဂ္ဂဇင်းတွင် ပထမဆုံး ရေးသားသော ကဗျာမှာ ၁၂၉၈–ခုနှစ် တန်ခူးလထုတ် မဂ္ဂဇင်းတွင် ပါရှိသော 'ခါနွေလ' လေးလုံးစပ်ကဗျာ ဖြစ်သည်။ ထိုကလောင်အမည်ဖြင့် ဂန္ထလောက၌ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကလေးပုံပြင်များ ဆက်လက် ရေးသားသည်။ ထို့ပြင် တက္ကသိုလ် မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ဘားမားဂျာနယ်၊ ကြီးပွားရေး မဂ္ဂဇင်းတို့၌လည်း ကဗျာများ အဆက်မပြတ် ရေးသား ပေးပို့ခဲ့သည်။ ထို့နောက် ရှုမဝ၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းများ၌ ကဗျာများ အများဆုံး ရေးသားခဲ့သည်။

ဆရာမကြီးသည် အင်္ဂလိပ်အစိုးရ လက်ထက်၌ ဝံသာနုအသင်းတွင် အသင်းဝင်ဖြစ်ပြီး အသင်းသို့ ဂုဏ်ပြု တေးထပ်များ စပ်ဆိုခဲ့သည်။ ဂျပန်ခေတ် အာရှအသင်းမှ ထုတ်ဝေသော လက်ရေး စာစောင်များ၌ ကဗျာများ ပါဝင် ရေးသားခဲ့သည်။ ၁၉၆၁–ခုနှစ်တွင် ရန်ကုန်မြို့ အမှတ်(၁၁)၊ လန်ကက်စတာလမ်း( ယခု နဝဒေးလမ်း) ၌ တည်ထောင်သော စာရေး ဆရာသမဂ္ဂ၌ အမှုဆောင်၊ ၁၉၆၅–ခုနှစ်၌ ကလေးစာပေနှင့် ပတ်သက်၍

www.burmeseclassic.com



တောဇရပ်စုံ ဖြစ်မြောက်ရေးအဖွဲ့၌ စာတည်း၊ ၁၉၇၃–ခုနှစ် ကလေးစာပေဆွေးနွေးပွဲ၌ တတိယနေ့တွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၀–ပြည့်နှစ် ပညာရေး သုတေသနအဖွဲ့မှ ပြုလုပ်သော အသုံးလုံးကျေသင်တန်းများကို မေမြို့(ပြင်ဦးလွင်မြို့)၊ မိတ္ထီလာ၊ တောင်သာ၊ မြင်းခြံ စသည့်နယ်များ၌ ဖွင့်လှစ်ရာ ဆရာမကြီးသည် စည်းရုံးရေးတာဝန်ခံအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဆရာမကြီးသည် ၁၉၄၁–ခုနှစ်၊ မတ်လ၌ စာရေးဆရာကြီး ဦးတက်တိုးနှင့် အိမ်ထောင်ကျခဲ့သည်။ သားသမီး(၅)ယောက် ထွန်းကား၍ တစ်ယောက် ဆုံးပါးခဲ့သည်။ ယခု သားသမီး၊မြေးများနှင့်အတူ ရန်ကုန်မြို့ အမှတ်၁၁၊ လန်ကက်စတာလမ်း(ယခု နဝဒေးလမ်း)၌ နေထိုင်လျက် ရှိပါသည်။

*

ဆရာမကြီး နယဉ် သည် သူ့ဘဝသက်တမ်း တစ်လျှောက်တွင် ခေတ်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု စသည့် မိမိတွေ့ကြုံ ခံစားရသည့် အမျိုးသားရေး၊ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး အကြောင်းများကို နိုင်ငံနှင့် လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်ဖြင့် ကဗျာများကို ရေးဖွဲ့ခဲ့သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သည် ကျူးကျော်စစ် သုံးကြိမ် ဆင်နွှဲ၍ ကျွန်ပြုခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာပြည်ကို အိန္ဒိယ အင်ပါယာတွင် ပါဝင်သော ပြည်နယ်ဟု သတ်မှတ်၍ မြန်မာ့ရေနံ၊ ဆန်၊ ကျွန်းသစ်၊ သတ္တု စသည့် မြန်မာ့အဆီအနှစ်များကို မတရား ရယူကြသည်။ အုပ်ချုပ်ရေးမှာလည်း ရာထူးကြီးများကို အင်္ဂလိပ်တို့ ရယူထားပြီး မြန်မာတို့မှာ နယ်ချဲ့တို့၏ မတရားဖိနှိပ်မှုမျိုးစုံကို ခံကြရသည်။ ဤသို့သော အင်္ဂလိပ်တို့၏ ဖိနှိပ်မှုများကို စာဆို နယဉ်သည် မခံမရပ်နိုင်ပေ။



ကြောင့် နယ်ချဲ့အင်္ဂလိပ်တို့အား ကျိုးမိုက်နှင့် ခိုင်းနှိုင်းပြီး သာယာငြိမ်းလှသော မြန်မာပြည်သို့ နယ်ချဲ့အင်္ဂလိပ်တို့ စိုးမိုး ဝင်ရောက်လာပုံကို သို့ ရေးဖွဲ့ခဲ့သည်–

'မိုးပြာလမ်း၌၊ ပျံသန်းအုပ်လိုက်
ကျိုးမိုက်တသင်း၊ တောင်ချင်းတွဲယှက်
မြေထက်လှူ့ရွာ၊ လှူးလာပျံခဲ
အမဲဝမ်းစာ၊ ဖွေရှာယောက်ယက်
နှောင့်ရှက်ဖျက်စီး၊ ကျိုးတို့အလေ့
ပျော်မွေ့ကျက်စား၊ ရွာနားရစ်သီ ဝင်လိမ့်မည်။'

[ထုံဝတ်လွှာ ကဗျာများ]

ထို့ပြင် ဆရာမကြီး နယဉ်သည် အမျိုးသားရေး စိတ်ဓာတ် ...င်းပြသူ ဖြစ်၍ အမျိုးသား ဝံသာနု စိတ်ဓာတ်ကို အရင်းခံသော ...ဗျာများကို ရေးဖွဲ့ခဲ့သည်။

'နေအကြွဝယ်၊ မြီးလှတောင်ပံ
လည်ဆံမွေးပွ၊ စိမ်းမြပြာညို့
ဒေါင်းပျိုတွန်စ၊ သံမြအိုးဝေ
မြူးက လေလျှင်၊ ရွာစဉ်နိုးထ
ညီမျှစိတ်ဝမ်း၊ လက်ကမ်းဆီးကြို
ဒေါင်းပျိုမြူးပျံ၊ တွန်ကြွေးညံက
ကျိုးသံဆိတ်အေး၊ ရွာအဝေးမှ
ရန်ဆေားပယ်ခွာ၊ သာပေလိမ့် ။'

[ထုံဝတ်လွှာ ကဗျာများ]

ဒေါင်းတံဆိပ်များမှာ အမျိုးသားရေး လက္ခဏာနှင့် မျိုးချစ်စိတ် ...ပြယုဂ်များဖြစ်၍ ဇာတိသွေး ဇာတိမာန် တက်ကြွစေပါသည်။ 'ဒေါင်းအိုးဝေ' ...ဆိုသော ခေါင်းစဉ်၊ 'ဒေါင်းပျိုမြူးပျံ တွန်ကြွေးညံက'၊ 'ဒေါင်းပျိုတွန်စ၊

www.burmeseclassic.com

www.burmeseclassic.com



သံမြဲအိုးဝေ’ စသည့် မျိုးချစ်စိတ်၊ အမျိုးသားရေး လက္ခဏာများကို တင်စား ရေးဖွဲ့ခဲ့လေသည်။

ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ခေါင်းဆောင်များသည် အမိမြေ၌ အေးအတူ ပူအမျှ ကောင်းတူ ဆိုးဖက် ပူးပေါင်း နေထိုင်မည် ဟူသော သန္နိဋ္ဌာန်ဖြင့် ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်နေ့တွင် သမိုင်းဝင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးမှတ်တိုင် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုခဲ့ကြသည်။ ထို့ကြောင့် ဆရာမကြီး နုယဉ်သည် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ခိုင်မြဲစေရန် ရည်ရွယ်ချက်ဖြင့် **ရွှေကြယ် လက်လက်** ကဗျာ၌-

‘နိုင်ငံမှာ တင်ကာလွှင့်
ကြယ်ခြောက်ပွင့် အောင်လံသည်
သားချင်းတွေ စိတ်တဝမ်းရယ်နှင့်
ထမ်းဆောင်ဘို့ရည်။
မိမြန်မာ အာဇာနည်
ပီပေသည့် ရင်သွေး။
မဖြုတ်တမ်းသာပ
လက်ကမ်းကာ ခိုင်ခိုင်တွဲပါလို့
မြဲကြတယ်လေး။’

စသည်ဖြင့် ရေးဖွဲ့ မှတ်တမ်းတင်ခဲ့သည်။

ဤသို့ စာဆို နုယဉ်သည် နိုင်ငံရေးနှင့် တိုင်းရင်းသား ချစ်ကြည်မှု ကဗျာများကိုသာမက ကျေးလက်ကဗျာ အများအပြားကိုလည်း ရေးဖွဲ့ခဲ့သည်။ ဆရာမကြီးသည် ကျေးလက်တွင် မွေးဖွား ကြီးပြင်း၍ ကျေးလက် တောရွာကိုသာ အမြဲ တသ အောက်မေ့ လွမ်းဆွတ်ကာ ကျေးလက်ကဗျာများကို အစဉ်တစိုက် ရေးဖွဲ့ခဲ့သည်။ စာဆိုသည် ကျေးလက်၏ လုပ်ငန်းခွင်အလှ၊ ကျေးလက်၏ သဘာဝ ရှုခင်းအလှ၊ ကျေးလက်၏



မြန်မာ့ဓလေ့ အစားအစာ၊ ရွာသူတို့ ဝမ်းစာ ရှာဖွေပုံ၊ ကျေးလက်လူငယ်တို့၏ အချစ်၊ လယ်ယာမြေအလှ စသည့် ကျေးလက် ကဗျာများကို မြန်မာ့ ဓလေ့စရိုက်၊ မြန်မာ့သဘာဝကို ပေါ်လွင်အောင် ရေးသား ဖွဲ့ဆိုခဲ့သည်။

**ကောက်ဦးပေါ်** ကဗျာ၌ ကောက်သင်းနံ့ သင်းသော လယ်ကွင်းနှင့် တလင်း၌ ကျေးရွာမှ မြေးအဖွားတို့ ပျော်ရွှင်စွာ မုန့်ဆန်း ထောင်းကြပုံ များကို ရေးဖွဲ့ထားသည်။

‘မုန့်ဆန်းလှော်စ၊ လက်ဆုံချလျှင်
ထောင်းကြညီညာ၊ တီးခတ်ပြာလျှက်
ရသာပေါင်းစု၊ မုန့်ဆန်းနှနှင့်
အုန်းနှသကြား၊ လက်ဆုံစားရန်
ဖိတ်ကြားအိမ်စဉ်၊ ဝိုင်းဖွဲ့ပြင်၏။’

ကျေးရွာမှ လူများ စည်းလုံးညီညာ ချစ်ကြင်ကြပုံကို ဖော်ကျူး၍ ဖွဲ့ဆိုထားသည်။ ကျေးရွာ၏ဓလေ့ အစားအစာ မုန့်ဆန်းကိုလည်း မြန်မာ့ရိုးရာ အစားအစာအဖြစ် ထုတ်ဖော်ပြထားသည်။

ထို့ပြင် လယ်သမားတို့၏ ဘဝအခြေအနေကိုလည်း **တလင်းသာယာ** ကဗျာ၌ ဤသို့ တင်ပြထားသည်။

‘မှတ်သုန်ယွန်းစ၊ သည်လိုလဝယ်
အဘလယ်တွင်း၊ အိုးကင်းပြင်၍
တံခွန်လက်လွဲ၊ ရိတ်ကြဆဲတည့်
တိမ်ထဲလူလူ၊ မီးခိုးအူလျှင်
လယ်သူလက်ချင်း၊ ကောက်လှော်သင်းလျှက်
ဆုံတွင်းလက်သံ၊ စည်းချက်ညံ၏။’

တစ်မိုးလုံး ရွှံ့နွံထဲ၌ မှက် ရဲ ခြင်ပုန်း ဘရုံးရုံးနှင့် ထွန်တုံးကိုင်၍ ကြိုးစဉ်က လယ်လုပ်သားတို့ ပင်ပန်းခဲ့ရပုံ၊ မိုးရေတက်ရေ၌သည်း လယ်မြေ မျိုးချ၊ ကောက်ပင်လှဖို့ စိုးရိမ် ပူပန်ခဲ့ရပုံ၊ မှတ်သုန်ယွန်းစ

www.burmeseclassic.com



ရာသီ၌ကား လယ်မှန့်ဆန်းပွဲ ကျင်းပပုံတို့ကို ဖော်ကျူး ဖွဲ့ဆို ထားသည်
တွေ့ရသည်။

**ရွာဆီမှ ဗုံသံသာ** ကဗျာတွင် ကျေးလက်အလှူ ရှင်ပြုတစ်ခု
ရေးဖွဲ့ထားသည်။ တောရွာသူ သူငယ်ချင်းနှစ်ယောက် အမေးအဖြေ
ပြုနေသည့် ပုံစံဖြင့် ဖွဲ့ဆိုထားသည်မှာ အသံ သာလှသည်။

> 'ဟော့ ရှင်ငြိမ်းစံ
> ဆိုင်းသံ ဗုံသံ၊ တညံညံနှင့်
> စည်လျှံလှုပ်ရှ၊ ရွာအဝမှာ
> ဘယ်က အလှူ ပါလေလိမ့်။
> သိဘူးလားအေ၊ ရွာတောင်ခြေက-
> ဖိုးဖေ မယ်စု၊ သားရှင်ပြုတဲ့
> ပုလု ငယ်သေး၊ မြေးအထွေးပါ
> ရုပ်ဝေးရွာကုန်၊ မျိုးဆွေရုံလျှက်
> ပျော်ပုံသာစွ၊ ချစ်စရာ့ရွယ်
> လုံမ ကွမ်းတောင် ကိုင်ပါလိမ့်။'

ကျေးလက်တောရွာတွင် မွေးဖွား ကြီးပြင်း၍ ကျေးလက် တော
ကိုသာ အမြဲ တသ အောက်မေ့ လွမ်းဆွတ်လျှက် ရှိသော စာဆို နှ
သည် ကျေးလက်ကဗျာများ ဖြစ်သော 'ရိုးပြတ်လယ်တော'၊ 'ကန်ဘော
'ပျို့တို့ရွာ'၊ 'ပန်းနှင့်လှေငယ်'၊ 'ဒို့တောရွာ'၊ 'ဒို့လယ်မြေသို့
'ငြိမ်းချမ်းရေးသို့'၊ 'မုန့်ဆန်းထောင်းသည့် သန်နှောင်းရာသီ'၊ သည်
ဝါဆို'၊ 'တောသူ'၊ 'လာလာလေ လိုက်ခဲ့ပါ'၊ 'စပါးလှည်းမှ ခြုံသံသ
'လယ်ထွန်ချိန်'၊ 'တလင်းသာသာ'၊ 'ယာခင်းသာ' အစရှိသော ကျေးလ
တောရွာဘွဲ့ အများအပြားကို စပ်ဆိုခဲ့သည်။

ထို့ကြောင့်လည်း ဆရာကြီး ဦးရန်အောင်က-

'နယဉ်ကဗျာများကို ကျွန်တော် အဘယ်ကြောင့် နှစ်သက်သနည်းဟု
နယဉ်၏ ကဗျာများသည် ရိုးသားသော ဟန်အမူအရာ ရှိသည်



ကျွန်တော် ထင်သည်။ တောမှု တောရာ ပါလှပေသည်။ သိမ်မွေ့သော
နှလုံးမှ ထွက်အန်ကျလာခြင်း ဖြစ်သည် ဟုလည်း အယူရှိသည်။ ခြုံ၍
ပြောရလျှင် နယဉ်၏ ကဗျာများသည် မြန်မာပီသလျက် ထိုကဗျာများကို
ဖတ်နေစဉ်တွင် ယဉ်ကျေး သိမ်မွေ့သော တောလက်ကျေးရွာကလေးများသို့
ရောက်သွားလျက် ရိုးသားသော တောသူ၊ တောင်သားတွေနှင့် ရင်းနှီး
ဆက်ဆံနေရသကဲ့သို့ ဝေဒနာမျိုးကို ခံစားရပါသည်။ ထိုဝေဒနာမျိုး
ထိုခံစားရချက်မျိုးကား ကျွန်တော့်အတွက် အရသာအရှိဆုံးပင် ဖြစ်ပါသည်'
ဟု၍ ဆိုခဲ့လေသည်။

စာဆို နယဉ်သည် ဆင်းရဲသား ဘဝသရုပ်ဖော် ကဗျာများကိုလည်း
အများအပြား ရေးစပ်ခဲ့သည်။ စာဆိုသည် ဆင်းရဲသားတို့၏ သနားစဖွယ်
ဘဝရုန်းကန်မှုများကို မြင်ရသောအခါ လှုသားအချင်းချင်း ကိုယ်ချင်းစာကာ
ကရုဏာသက်မိသည်။ ဆင်းရဲသားတို့၏ ဘဝသရုပ်ဖော် ကဗျာများ
ရေးဖွဲ့ကာ ဆင်းရဲသားတို့၏ နေရေး ရုန်းကန်မှုများကို စာဖတ်သူအား
မြင်စေချင်သည်။ ချမ်းသာသူများနှင့် ဆင်းရဲသူများ၏ ဘဝ ကွာဟချက်ကို
တင်ပြထားသည်။ **မနက်ခင်း** ကဗျာ၌ စာဆိုသည် ကလေးများသော
ဆင်းရဲသား အိမ်ထောင်စု တစ်ခု၏ မနက်စာကလေးကို ဖွဲ့နွဲ့ထားသည်မှာ
သရုပ်ပါလှသည်။ ကြော်ရာ ဆီပင် မသုံးနိုင်၍ ထမင်းကြော်ဟု
မသုံးဘဲ ထမင်းလှော်ဟု ရေးဖွဲ့ထားသည်မှာ ဆင်းရဲသားတို့၏ ဘဝကို
သရုပ်ပေါ်စေသည်။

ထို့ပြင် ငယ်ရွယ်သူ ဆယ်ကျော်သက်ကလေးများ လမ်းမများပေါ်၌
လည်းကောင်း၊ ရုပ်ရှင်ရုံအောက်၌ လည်းကောင်း၊ ဝမ်းရေး အတွက်
ဈေးရောင်းကာ ဘဝကို ရုန်းကန်ရပုံကိုလည်း ဤသို့ ဖွဲ့ဆိုထားသည်။

> အာလူးကြော်နှင့်၊ ပဲလှော် ဆီးပြား
> မြှောက်ကိုင်ထားလျှက်၊ နှုတ်ဖျားမှအော်
> တကြော်ကြော်ဖြင့်၊ အဖော်အများ

www.burmeseclassic.com



၂။မလိခ။ ။မြန်မာစာပေ အဘိဓာန်(၄)၊ သစ္စာစာပေ၊ အမှတ်၁၉၆၃၉လမ်း၊ရန်ကုန်မြို့။ (ပ)ကြိမ်။ ၁၉၇၄–ခုနှစ်၊ ဧပြီလ။

၃။မောင်ကျော်သာ။ ဘာစေ့တစောင်း စာရေးဆရာတို့အကြောင်း။ စာပေဥယျာဉ် ထုတ်ဝေရေး၊ ၁၉၆၃–ခုနှစ်၊ ဇူလိုင်လ။

* ဆရာမကြီးဒေါ်ခင်နှင်းယု၏ လုံးချင်းဝတ္ထုများ။

## ရှင်သာ ရရှိင့်တန်ဆောင်လော

စစ်တွေတွင် ဆန်စျေးတက်ရခြင်းသည် သူ့ကြောင့်ဟူ၍ စောနုက ထင်ပေသည်။ စောနုသည် သူ၏ ထင်မြင် ယူဆချက်ကို သာအောင်မှ လွဲ၍ တစ်ပါးသူတို့အား ထုတ်ဖော်၍ မပြောဆိုရဲ။ အကယ်၍ ပြောဆိုသည်ပင် ထားဦးတော့၊ အနုညာတ မိန်းကလေးတစ်ဦးကြောင့် စစ်တွေတွင် ဆန်စျေး တက်ရသည်ဟု ဆိုလျှင် ကြားရသူတို့က ဝိုင်းဝန်း ရယ်မောကြမည် ဖြစ်ပေသည်။

အဖကလည်း အလုပ်မှ ပြန်လာတိုင်း ခဏခဏ ညည်းညူတတ်သည်။

အဖသည် အလုပ်လုပ်ခအတွက် ငွေကို မလိုချင်။ ဆန်ကိုသာ လိုချင်ပေသည်။ ဆန်စျေးသည် အဖတို့လို စောနုတို့လို လူတန်းစား အတွက် ကြောက်မက်ဖွယ်ရာ၊ ထိပ် ပေါက်ထွက်မတတ် တက်နေသည် ဟု အဖကပြော၏။

အဖတွင် ကလေးများလွန်းသည်။ ဓနီးသည် မရှိသည့်နောက် စောနုသည် အမကြီးလိုပင် မောင်ငယ် ညီမငယ်များကို ထိန်းသိမ်းရသည်။ အားလပ်ချိန်တွင် စောနုသည် ဝင်ငွေရအောင် တစ်ဖက်တစ်လမ်း ရှာပ်သေး၏။ အမှန်တော့ ဆန် ရှာပေးသည်ဆိုလျှင် ပို၍ပင် မှန်ပေသည်။

ဦးစောသာဖြူ၏ လယ်များကို ယခင်က အဖကိုယ်တိုင် လုပ်ကိုင်ခဲ့၏။ ဝေးကွာလှသော အတိတ်တွင် အဖ၏ လယ်သမားဘဝသည် မှုန်မွှားလှပေသည်။ စောနုကလည်း ငယ်ပေသေးသည်။

www.burmeseclassic.com

သူတို့ကြားဝယ်၊ တအားတိုးကာ
ရောင်းကြရာ၏။
အကျႌ ပုဆိုး၊ အဆင်ညှိုးဖြင့်
တင့်နိုး လှပ၊ မရှိရလည်း
ရွှင်ပျမျက်နှာ၊ နှုတ်ချိုသာဖြင့်
တထွာဝမ်းကျောင်း၊ လိုက်လံရောင်းကာ
လူပေါင်းများစွာ၊ ခယရာ၏။
အသက်အရွယ်၊ တစ်ဆယ်ကျော်စ
ငယ်လွန်းလှ၏၊ လောကအကြောင်း
လူအကြောင်းကို၊ ဆိုးကောင်းမသိ
ပကတိဖြင့်၊ ရောက်မိရောက်ရာ
လမ်းတကာဝယ်၊ ကြီးစွာ လုံ့လ
သူရောင်းရ၍၊ ရသည့်သပြာ
ရေတွက်ခါဖြင့်
ပညာ ဘယ်သို့ ရပါလိမ့်။။

**[ကုမုဒြာ ကဗျာများ]**

လောက၌ လူတို့သည် ဘဝအားမာန် မွေးရမည်။ ဘဝအားမာန် ရှိလျှင် လူ့ဘဝခရီးတစ်လျှောက်၌ မျှော်လင့်ချက်များ ပြည့်ဝ၍ အောင်မြင်မှု ရမည် ဖြစ်ကြောင်းကို **ခရောင်းမြေမှ ရွှေတစ်ခက်** ကဗျာတွင် ခက်ထန် ကြမ်းတမ်း ခလုပ်ကန်သင်း ထူပြောသည့် ခရောင်းမြေ ခရီးကြမ်း၌ ဇွဲ လုံ့လ ဝီရိယဖြင့် ဆက်လျှောက်လျှင် အက်ကွဲ မြေပြင် ခရောင်းတောထဲမှ ရွှေပွင့်ရွှေခက် ဖူးပွင့် ပေါ်ထွက် လာမည် ဖြစ်ကြောင်း ရေးဖွဲ့ထားသည်။

တချို့ကွယ်လျှိုး၊ တချို့တိုးခဲ့
တမိုးဘယ်ခါ၊ သောက်နိုင်ပါလိမ့်
မြေမှာအက်ကွဲ၊ ခရောင်းထဲ၌



လျှောက်မြဲ ဆက်လျှောက်၊ နားမထောက်ခဲ့
ညပျောက် နေဝန်း၊ ထွက်ပြူထွန်းလျှင်
စိတ်လန်းရွှင်လျက်၊ မငြင်မငြို
တေးမော့ဆိုမိ၊ မိုးကိုကြည့်က
အားသစ်ရ၍၊ မိုးမှ မြေပြင်
ပြန်ကြည့်စဉ်မှု၊ မြေပြင်ခယောင်း
အက်ကွဲကြောင်းမှ၊ နီမောင်းညှာတံ
ရိုးရွက်ခံချက်၊ ပန်းပျံရွှေပွင့်
ဖူးသစ်ဆင့်ကာ၊ ပြူထွက်လာသည်
နေဝါရောင်စက်၊ ဝင်းလက်တောက်ပ
လှလေစွတည်း။

ဆရာမကြီး နုယဉ်သည် နိုင်ငံရေးနှင့် တိုင်းရင်းသား ချစ်ကြည်မှု ကဗျာ၊ ကျေးလက်ကဗျာ၊ ဘဝသရုပ်ဖော်ကဗျာ၊ အတွေးခံစားမှုနှင့် ...တ္တာ အနုအလှ ကဗျာ၊ မှတ်တမ်း ကဗျာ၊ အမျိုးသားယဉ်ကျေးမှုနှင့် ...ပေ အနုပညာကဗျာ၊ ခရီးသွားကဗျာများအပြင် ကလေးကဗျာ ...များအပြားလည်း ဖွဲ့ဆိုခဲ့သည်ကို တွေ့သည်။ ဆရာမကြီး နုယဉ်သည် ...လောကတွင် ကလေးတေးကဗျာများကို စတင် ရေးသားခဲ့သည်။ ...လောကတွင် အစောဆုံး တွေ့ရသော ဆရာမကြီး၏ ကဗျာများမှာ ...လအခါ'၊ 'ငှက်ပုလွေဖား'၊ 'နံနက်ချိန်'၊ 'ပက်ကျိ'၊ 'ရွာခလေ့ ...ယ်ခဲ့ပြီ'၊ 'သူ့ကျွန်'၊ 'စိန်လက်ကောက်'၊ 'ကလေးတို့ဖို့' စသည်တို့ ...ကြသည်။

စာဆို နုယဉ်သည် ကလေးများအား လိမ်မာရေးခြား ရှိစေပြီး အဘိုး၊ ...ဘွား၊ မိဘ၊ ညီအစ်ကို မောင်နှမတို့အား ချစ်ခင် လေးစား တတ်စေရန် **...မှာကြားချက်** ကဗျာဖြင့် ဆုံးမစကား မှာကြား ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အမေ့အမေ တို့ဖွားအေ
သက်ရှည်စေသော၊ မာစေသော။
အဖေ့အဖေ တို့ဖိုးအေ
သက်ရှည်စေသော၊ မာစေသော။
ဖိုးအို ဖွားအို၊ မြတ်နိုးပို
အစ်ကိုစကား၊ မြဲမှတ်သား
အမိအဖ၊ ရှိသေကြ
အစ်မစကား မြဲမှတ်သား
အစ်မကြီးမှာ အမိပါ
မေတ္တာကြီးမား၊ မိခင်လား
အစ်ကိုကြီးမှာ၊ အဖပါ
မေတ္တာကြီးမား၊ ဖခင်လား
ဘကြီး ဘထွေး၊ တို့ဦးလေး
လုပ်ကျွေးရှာခါ၊ ပြုစုပါ
မိကြီးမိထွေး၊ တို့ဒေါ်လေး
လုပ်ကျွေးရှာခါ၊ ပြုစုပါ
ညီငယ်လူလေး၊ နှမထွေး
ချစ်ရေးပျူငှာ၊ ပြုအပ်စွာ
လူလေးငယ်ငယ်၊ ကစားရွယ်
စိတ်ဝယ်မှတ်ထား၊ မေ့စကား။

[သည်းချာကဗျာမ…

'ထပ်တစ်ရာ ကလေးကဗျာ'ထဲမှ **တစ်ဆယ့်နှစ်လ** ကလေးက… မှာ သံပေါက်ကဲ့သို့ စပ်ဆိုထားသည်။ တစ်နှစ်၌ တစ်ဆယ့်နှစ်လရှိ… မည်သည့်လ၌ ဘာလုပ်သည်ဆိုသည်ကို ကလေးများ အလွယ်တ… နားလည်အောင် ပညာပေး ရေးဖွဲ့ထားသည်။



တပေါင်းတန်ခူး
အတာကူး
ကဆုန် နယုန်
မိုးဦးမှုန်
ဝါဆို ဝါခေါင်
ပျိုးခင်းထောင်
တော်သလင်း သီတင်းကျွတ်
မီးပန်းလွှတ်
တန်ဆောင်မုန်း နတ်တော်
မုန့်ဆန်းပေါ်
ပြာသို တပို့တွဲ
ကောက်နှံရဲ
စွဲမြဲ မှတ်ကြ တစ်ဆယ့်နှစ်လ။

ဆရာမကြီး နုယဉ်၏ ကဗျာများကို လေ့လာကြည့်လျှင် ဆရာမကြီးသည် ပြည်ထောင်စု တိုင်းရင်းသားများ ညီညွတ်ရေး၊ တိုင်းချစ် ပြည်ချစ် …တ်ဓာတ် ဖွံ့ဖြိုးရေး၊ ရိုးရာ ယဉ်ကျေးမှု အနုပညာ၊ စာပေဆိုင်ရာ၊ …မေတ္တာရေးရာ၊ ဘဝသရုပ်ဖော်၊ ကျေးလက်သဘာဝ အလှ စသည်ဖြင့် …ဗျာအမျိုးအစားပေါင်း မြောက်မြားစွာကို ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ …ရာမကြီး၏ ကဗျာအများစုသည် ပတ်ဝန်းကျင်တွင် နေ့စဉ် တွေ့မြင်ရ…သော အကြောင်းအရာများ ဖြစ်ကြသည်။ သာမန်လူတို့ မြင်တွေ့ပုံနှင့် …နုပညာရှင်တစ်ဦး မြင်တွေ့ပုံ ခံစားရပုံချင်း မတူသည့်အတွက် စာဆို …ယဉ်သည် ကဗျာဉာဏ် ကွန့်မြူးပြီး ရေးဖွဲ့သောအခါ စိတ်ဝင်စားဖွယ် …ပသော ကဗျာကလေးများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ကဗျာဆရာကြီး 'နေသွေးနီ'က 'ကဗျာတိုက်ပွဲ' …အုပ်တွင် …ရာမကြီး၏ ကဗျာများနှင့် ပတ်သက်၍ ဤသို့ ချီးကျူး ဝေဖန် …ားသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'နယဥ်မှာ ကဗျာဆရာမ ဖြစ်လေတော့ အတွေးဉာဏ်ပါတယ်။ သိမ်မွေ့တယ်။ ပန်းမလ်ကလေးတွေ၊ ရွာစည်းရိုး လေးတွေ၊ ပုရစ်ဖူးလေးတွေကို ကြည့်လိုက်၊ ဖွဲ့လိုက်နှင့် ချစ်စဖွယ် ကောင်းလောက်အောင် ရေးသား သီကုံး ဖွဲ့နွဲ့တာကိုလဲ ကျွန်တော်တို့ တွေ့ရပါတယ်။ ဘာသာစကား သုံးနှုန်းထားတဲ့ နေရာ မှာတော့ နယဥ်ဟာ နိုင်နိုင်နင်းနင်း သုံးနှုန်းထားတာကို တွေ့ရပါတယ်။ ကဗျာဘာသာစကားကို နိုင်နိုင်နင်းနင်း သုံးနှုန်းတတ်ဖို့ အရေးကြီးပါတယ်။ နယဥ်ဟာ ကိုယ့်အိမ် ကိုယ့်ကိစ္စလေးတွေကိုလဲ ကြည့်ပါတယ်။ လောကကြီးထဲကိုလဲ ဆင်းပြီး ကြည့်ပါတယ်၊ ကြည့်တဲ့အခါ မာန်တင်းပြီး မကြည့်ပါဘူး။ လောကကြီးကို ကောင်းစေချင်တဲ့၊ သာယာစေချင်တဲ့ အားလုံး ကောင်းပါစေ ဆိုတဲ့ အမြင်မျိုးလေးနဲ့ပဲ ကြည့်ပါတယ်။'

ဆရာ ထိလာစစ်သူကလည်း–

'စာဆို နယဥ်သည် ဘဝအကြောင်းကို ရှုထောင့်အစုံစုံမှ ဖွဲ့နွဲ့တင်ပြသွားပြီး ဘဝကဗျာ အရေအတွက် အများဆုံး ပါဝင်ကြောင်း တွေ့ရသည်။ စာဆို၏ ကဗျာသက်တမ်း ရင့်သည်နှင့်အမျှ အတွေ့အကြုံ အတွေ့အထိလည်း များပြားလာလေ၊ သူ၏ ပတ်ဝန်းကျင်ကို လေ့လာရသမျှ ရေးဖွဲ့သွားခြင်း ဖြစ်လေသည်'ဟူ၍ ဝေဖန်ထားသည်ကို တွေ့ရသည်။

ကဗျာဆရာကြီး တင်မိုး ကလည်း 'ထုံဝတ်လွှာ' ကဗျာနှင့် ပတ်သက်၍–

'လယ်ကွက်ထဲက မြကြာညို
စာဆိုကာ အကုန်ဆွတ်ရော့လို့
'ထုံဝတ်လွှာ' ပေး။
ရနံ့မွှေး
ချိုတေးငယ် သာလေသကို
ကြာညိုဆိုတဲ့ စာဆိုပန်းငယ်
ရွာလမ်းမှာဖွေး။' ဟူ၍ လည်းကောင်း၊



'ထပ်တစ်ရာ' ကလေးကဗျာ များနှင့် ပတ်သက်၍လည်း–

'ဒေါ်နယဥ်
ခင်မင်လို့ပေး။
ထပ်တစ်ရာ ဖတ်ကာလန်းရတယ်
ပန်းမက မွှေး။' ဟူ၍ လည်းကောင်း၊

'ခရောင်းမြေမှ ရွှေတစ်ခက်'ကဗျာနှင့် ပတ်သက်၍လည်း–

'ခရောင်းမြေ
ကောင်းလေတဲ့ ရွှေတစ်ခက်
ဖိုးတိုက် ပြည်တန်မို့
စိတ်ကူးဉာဏ် ရွှေလိုဝင်း
လင်းလိမ့် တစ်သက်' ဟူ၍ လည်းကောင်း

ချီးကျူးထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ကဗျာစာဆို နယဥ်၏ ကဗျာများသည် မြန်မာ့အလှ ...ဘာဝများကို ကမ္ဘာသိအောင် ဆောင်ကြဉ်းပေးနေသူ စာဆိုကြီး ...ဦးဖြစ်သည်။ အမျိုးသားစိတ်ဓာတ် အပြည့်ရှိသော ကဗျာ ဆရာမကြီး ... နယဥ်သည် ခေတ်သစ်ကဗျာ သမိုင်းတွင် စံတင် ဂုဏ်ပြုအပ်သော ...ရာမကြီး ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ။

## ရည်ညွှန်း

| | |
|---|---|
| ...ဇုစုသန်း။ | နယဥ်၏ လုံးချင်းကဗျာများ လေ့လာချက် (မဟာဝိဇ္ဇာ၊ မြန်မာစာဘွဲ့အတွက် တင်သွင်းသော ကျမ်း)၊ ၁၉၈၄–ခုနှစ်၊ အောက်တိုဘာလ။ |
| ...ဘဏ္ဍာသိုလ် ဝင်းမွန်။ | ခေတ်သစ်ကဗျာမိတ်ဖွဲ့၊ နှလုံးလှစာပေ၊ ရန်ကုန်၊ ၁၉၆၈–ခုနှစ်။ |

www.burmeseclassic.com

www.burmeseclassic.com



၃။ နေသွေးနီ။ — နေသွေးနီ ကဗျာတိုက်ပွဲ၊ သုတမြိုင်စာပေ၊ ရန်ကုန်၊ ၁၉၆၆-ခုနှစ်။

၄။ မယဉ်ယဉ့်အေး။ — အလယ်တန်း၊ အထက်တန်း၊ ကျောင်းသုံး မြန်မာစာအုပ်ပါ သက်ရှိ စာရေးဆရာအချို့နှင့် တွေ့ဆုံ လေ့လာချက် (ပညာရေးဘွဲ့ စာတမ်းငယ်)၊ ၁၉၇၉-ခုနှစ်၊ စက်တင်ဘာလ။

၅။ – — ဆရာမကြီးဒေါ်နယဉ်၏ လုံးချင်းကဗျာ စာအုပ်များ။

## တောဘွဲ့

…ာက်ဂျက်, ချောက်ဂျက်၊ ရက်ကန်းရက်ဟန်
…ယ့်လက်ရာစုံ၊ သည်မျိုးပုံ၏။

…ဝင်ဝမှာ၊ စိမ်းမြ ကြည်လှဲ့
…ာက်ရေကန်လည်း၊ မှန်သွင် ပြောင်လက်
…ကျက်သရေ၊ ဖြစ်တည်နေ၏။

…ဆေါ်မှာဖြတ်၊ ဝင်းလျှပ်ငွေရည်
…ခန့်သည်လည်း၊ မြူခြည်မသမ်း
…သုံးလန်း၏။

…က်ကန်းစင်နှင့်၊ မှာဝင်ရေကန်
…င်းသွဲ့လမင်း၊ ထွန်းလင်း ကြက်သရေ
…ာအနေကို၊ ရေးလေ'ကဗျာ'
…ကာမဝ၊ ရေးကလည်းရေး၊ ခုလည်းရေးလျက်
…့ဆက် နောင်ခါ၊ ရေးမည်သာတည့်
…ာမျိုးဆက်၊ ကျေးလက်ပေါက်ဖွား
…သားဖြစ်စဉ်၊ သရုပ်ဆင်၍

www.burmeseclassic.com

www.burmeseclassic.com



တွင်တွင်ရေးခြယ်၊ ဝင့်ထယ်လေကြ
ရေးသမျှသည်
မြန်မာ့ဘဝ ကားချပ် ထွေထွေတည်း။ ။

[ ထုံဝတ်လွှာကဗျာများ ]

*

## နှောင်အိမ်

မြူမှုန် အမှိုက်၊ လုံခါလိုက်သော
ပန်းကိုက် နွယ်ဆင်၊ အိမ်အဝင်မှာ
ရှုချင်ဘွယ်ရာ ရှိလေသည်။

အိမ်ဦးခန်း၌
ပန်းသပြေညို၊ စိမ်းစိုစိုဖြင့်
နှစ်လိုဘွယ်ရာ ရှိလေသည်။

ပြတင်းနေသာ၊ ဓာဝတ်ကာလျက်
လေမှာ လွင့်ပါး၊ ပန်းခက်များလည်း
လှုပ်ရှားဝေဖြာ အိနေသည်။

စားပွဲညှော်ခံ၊ ကြိမ်ပေါက်ရုံလျက်
အောက်ခံကော်ဇော၊ မွေးပွချောဝယ်
လှသော ပန်းနွယ်၊ ရောင်စုံချယ်ကာ
ခန့်ထည်ဝင့်ဝါ ရှိနေသည်။
ငွေပန်းအိုး၌၊ မြရိုး မြရွက်



ဖူးငုံယှက်သော၊ နုညက် ရွှေလွှာ
နှင်းဆီဝါလည်း
နံ့သာထုံရည် ပြည့်နေသည်။

စားပွဲဆောင်၌၊ ချောပြောင်အခင်း
ဖွန်းခက်ရင်းဖြင့်၊ ဖြန့်ကျင်းစီမံ
စားဘွယ်ရံ၏၊ ချို, ငံ, ချဉ်, စပ်
ရသာထပ်ကာ၊ မလပ်ပြည့်စုံ ရှိနေသည်။

စက်ခန်းဆောင်သာ၊ ကန့်လန့်ကာဝယ်
စိမ်းပြာမီးလုံး၊ ဓာနုဖုံးလျက်
စက်အုံးမွေ့ရာ၊ ကတ္တီပါဖြင့်
လှစွာပြင်ဆင်၊ လုံစက်ချင်ဘွယ်
အမြင်စွဲမက် ငြိနေသည်။

မိသားစု၏၊ တစ်ခုနေအိမ်
'စံရိပ်ငြိမ်'တည်း၊
သည်အိမ်သာယာ၊ ဥပမာလျှင်
နေဝါရောင်လက်၊ မျက်နှာကျက်မှ
ကွန်ယက်ဖြန့်တင်၊ ရက်ကန်းဆင်သော
ငွေမျှင်ခက်ချယ်၊ ပင့်ကူမယ်၏
ရှေ့ဝယ်မိရှာ၊ ယင်, ခများသို့
စိတ်မှာရစ်တွယ်၊ ကြိုးသွယ်သွယ်တို့
ချုပ်တွယ်ညှို့သမ်း၊ အမိဖမ်းသည်
လွတ်လမ်း ရှာလိုပါပြီတည်း။ ။

[ ကုမုဒြာကဗျာများ ]

www.burmeseclassic.com



ယခုလို လယ်ယာများကို တွင်ကျယ်စွာ မလုပ်နိုင်သောအချိန်တွင် လယ်တောများဆီမှ အဖေတို့ မိသားစုသည် စစ်တွေသို့ ပြောင်း၍ လာ၏။

စစ်တွေမြို့တွင် အတည်တကျ နေသောအချိန်၌ စောနု၏အမေ ကွယ်လွန်ခဲ့လေသည်။

"အမိရေ...အမိရဲ့..."

အဖေက တလွမ်းတတ ငိုကြွေးချိန်တွင် စောနုသည်လည်း တရှိုက်ရှိုက် ငို၏။ ကလေးများကတော့ ကြမ်းပြင်ပေါ်တွင် လိမ့်၍ ဆော့သူက ဆော့၏။ အိမ်ရှေ့ မြက်ခင်းပြင်တွင် ပြေးသူက ပြေးနေပေသည်။ အမေ သေဆုံးခြင်းအတွက် ငိုကြွေးရမည်၊ လွမ်းဆွတ်ရမည်ကို သူတို့ မသိပေ။ တစ်ခါတစ်ရံ အကြီးကောင်ကလေးကပင် သူ့ညီမ ငါးယောက်ကို အမေ့ အကြောင်း ပုံပြော၍ ပြတတ်သည်။ ကလေးတို့သည် အမေ့ကို မမြင်လျှင် စောနုကို လည်းကောင်း၊ အစ်ကိုလတ် စံသာကို လည်းကောင်း မေးကြ သော်လည်း ငိုတော့ မငိုပေ။ အမေသည် ဘယ်တော့မှ ပြန်မလာတော့ပြီ ကိုလည်း သူတို့ မသိကြပေ။

သူတို့ အမေအကြောင်းကို မေးတိုင်း စံသာသည် 'အလွန်ဝေးသော ခရီးရှည်ကြီးတစ်ခုကို အမေ ထွက်သွားကြောင်း' ပုံလုပ်၍ ပြောပြ တတ်ပေသည်။ အဖသည် တစ်ခါတစ်ရံ သင်္ဘောကြီးကူလီ လုပ်၏။ ဦးစောသာဖြူ၏ စပါးများ ရောက်ချိန်တွင်လည်း သယ်ယူ၍ ပေး ပေသည်။ ဦးစောသာဖြူသည် ယခုအခါတွင် စစ်တွေမြို့၌ ဆန်ကုန်သည်ကြီး လုပ်၍ နေပေသည်။

အဖက ဆန်ဈေးတက်ကြောင်း ညည်းလျှင် စောနုသည် တစ်ခုခု လုပ်ချင်သည်။ အဖကို ကူချင်သည်။ ကလေးများကလည်း အစား ကြီးလွန်းလှသည်။ အမှန်တော့ စားရိုးစားစဉ် စားကြသော်လ နေ့လယ်တွင် သူတို့ မုန့် မစားရပေ။ မုန့်အစား ထမင်းတစ်နပ် သောအခါ နေ့လယ်တွင် ဆန်နို့ဆီဘူး ၂–လုံးက အပို ကုန်ရပေသ



စံသာက ဘုန်းကြီးကျောင်းတွင် သွား၍ နေချင်သည်။ သူ ဘုန်းကြီး ကျောင်းသို့ သွားနေလျှင် အိမ်မှာလည်း ဆန် ကုန် သက်သာမည်။ တလည်း တတ်မည် မဟုတ်ပါလား။ သို့သော် စောနုက မလွှတ်ပေ။

"ငါမြို့ထဲမှာ အလုပ်တစ်ခုကို သွားလုပ်မယ်။ နင် ကလေးတွေကို ကြည့်ပါဟယ်၊ သူတို့ နဲနဲကြီးလာလို့ သူတို့ဖာသာ လုပ်တတ် ကိုင်တတ် ရင်၊ နင် ဘုန်းကြီးကျောင်းကို သွားပေါ့..."

စံသာသည် အစ်မကို ဘာမှ ပြန်မပြောပေ။ စောနု အစား သောက်ရေကန်တွင် ရေသွား၍ ခပ်ရ၏။ ရေခပ်က အပြန်တွင် ကန်ဘေးရှိ ဘုန်းကြီးကျောင်းကို ငေး၍ ငေး၍ သွားသည်မှာ သူ၏အလုပ်တစ်ခု ဖြစ်၏။

စောနုသည် အဖနှင့် မြို့ထဲသို့ လိုက်သွားသောနေ့တွင်ပင် အလုပ်ရ လေသည်။ ဦးစောသာဖြူနှင့် ဒေါ်ရွှေခဲဦးတို့က စောနုကို အိမ်ဖော်အဖြစ် ခေါ်ယူထား၏။ ညဥ့်တွင်တော့ စောနုကို အဖနှင့်အတူ အိမ်ပြန် အိပ်ခွင့် ပြုပေသည်။

စောနုသည် ရေခပ်၏။ ထမင်းချက်၊ အိမ်ဟာပတိရ လုပ်၏။ နောက်ဆုံး ပြီးခါနီးတွင် သနပ်ခါး သွေးခဲ့ရသည်။ ဦးစောသာဖြူ၏ သမီးများသည် ရန်ကုန်တွင် ကျောင်းနေ၍ ကျောင်းပိတ်ရက်များမှ ပြန်လာတတ်သည်။ ကျောင်းဖွင့်ချိန်တွင် စောနုသည် အလုပ် နည်းပါး၍ သွားလေသည်။ ဦးစောသာဖြူ၏ ဇနီးနှင့် အိမ်သားတစ်ယောက် နှစ်ယောက်တွက်သာ အလုပ်များ ရှိပေသည်။

ယခုတလော မိုးကျလာချိန်တွင် ဆန်ဈေးသည် ကြောက်မက်ဖွယ်ရာ တက်လာပြန်သည်ဟု အဖက ဆိုပြန်သည်။ တခါတရံ စောနုသည် အဖ လုပ်ပြန်ချိန်၌ စကားပင် မပြောလိုတော့ပေ။ အဖသည် အနိဋ္ဌာရုံ မ်းမသာတွေကိုသာ ပြောတတ်လွန်းသည် ဟု စောနုက ထင်၏။ ခါတရံတော့လည်း သာတောင့် သာယာလေးတွေ တွေးချင်၊ ကြားချင်

www.burmeseclassic.com

www.burmeseclassic.com



## စောင့်စေချင်

၁။ခိုးခိုး ဒေါက်ဒေါက်၊ တွန်းခေါက်သံလို
နားကို နှံ့ကြည့်၊ ကြားမိသည်လား...
ဝိုးဝါးမကွဲ၊ စိတ်ထဲမှာပင်
ထင်မိ ယောင်မှား
မကြားလိုသော ထိုအသံ။

၂။အမှောင်ဖုံးသည့်၊ ည၏ ဖြားယောင်း
လမ်းကြောင်းမမြင်၊ တုန်ရင်မောလှပ်
ရစ်ပတ်ကြိုးများ၊ လှုပ်ရှားမရ
ပင်ပန်းစွရှင့်၊ ခန်းဝ မျှော်ကြည့်
လ၏ အရောင်၊ သောက်ရောင်လိုလို
ချိန်ကို မျှော်ထောက်၊ သန်းခေါင်ရောက်ပေါ့
တီးခေါက်တံခါး၊ စောင့်စားသူကြို
နေညိုခါနီး၊ ဤခရီးမှာ
ဖော်လည်းမရှိ၊ စောင့်သည့်သူအား
ညွှတ်တွားခ,ယ၊ တောင်းပန်ရလိမ့်
အိမ်ဝတံခါး၊ လှည့်သွားပြန်ပါ
ခုခါတိုတ်ဆိတ်၊ အရိပ်မည်းမှောင်
လင်းရောင်မဲ့သည့် ချိန်ပါလေ။



၃။ရင်ထဲ လှုပ်ရှား၊ စိတ်များတုန်ရင်
မငြိုငြင်ပါ၊ သင်၏တာဝန်
လွန်ကျေပွန်လည်း၊ ခါတန်မသင့်
လေးဖင့်စိတ်များ၊ ချုပ်နှောင်ထားကြ
ကမ်းပါးလှိုင်းနှယ်၊ ပြောကျယ်ဆန္ဒ
ဘဝဆုံလည်၊ နေရသည်ဝယ်
မှုန်ရီဝိုးဝါး၊ ကွဲပြားမထင်
လင်းရောင်စင်ကို၊ မမြင်စမ်းလျှောက်
နားထောက်ဖွေရှာ၊ မျှော်ဆဲပါ။

၄။သို့သော်တစ်နေ့၊ ဟောင်းမြေ့ရက်ကြာ
သင်ရောက်လာမှု၊ 'ပဝါရင်လွှမ်း
နှုတ်ခမ်းပြုံးကြည်၊ ချိတ်ထဘီနှင့်'
စုံညီသီလ၊ ဒါနထိုထို
လှုသိုလ်ပြုပြီး၊ ဤခရီးမှ
မညည်းထွက်ခွာ၊ ဤလူ့ရွာကို
ပြန်ကာစောင်းကြည့်၊ ပီတိလွှမ်းဖုံး
အပြုံးပွင့်လှိုင်၊ ကြံခိုင်စိတ်အား
သင့်နောက်ပါးက
ဖဝါးမခွာ၊ လိုက်ခဲ့ပါအံ့။ ။

[ ထုံဝတ်လွှာကဗျာများ ]

www.burmeseclassic.com

www.burmeseclassic.com

ခင်မြဇင်၏ ဝတ္ထုတို
[ရေမှဲ့အိုင်]



www.burmeseclassic.com

www.burmeseclassic.com

## ဝတ္ထုတိုဆရာမ
## ခင်မြဖင်

ယနေ့ မြန်မာစာပေလောကတွင် မြန်မာဝတ္ထုတိုသည် လွန်ခဲ့သည့် ဆယ်နှစ်ကျော် ကာလအတွင်း အပြိုင်အဆိုင် ထွက်ပေါ်လာခဲ့သည့် မြန်မာ မဂ္ဂဇင်းများနှင့် အတူ တစ်ဟုန်ထိုး ပြောင်းလဲ တိုးတက်လာသည်ကို တွေ့ရသည်။ အကြောင်းအရာနှင့် အတွေးအခေါ် အယူအဆ၊ ရေးဖွဲ့ဟန် ဝတ္ထု အတတ်ပညာတို့သည် သိသိသာသာ တိုးတက် ပြောင်းလဲလာသည်ဟု ဆိုနိုင်သည်။ မြန်မာ့ ဝတ္ထုတို ရွှေခေတ်ဟုပင် တစ်ချို့က သတ်မှတ်ကြသည်။ အလွှာပေါင်းစုံမှ ဝတ္ထုတို စာရေးဆရာများ အများအပြား ပေါ်ပေါက်လာသလို ဝတ္ထုတို ရေးသားမှု၊ ဝတ္ထုတိုကို အလေးအနက် ဖတ်ရှု ဝေဖန်မှု၊ ဝတ္ထုတို မြှင့်တင်မှုတို့သည် အရှိန်အဟုန်ဖြင့် အရည်အချင်းရော၊ အရေအတွက်ပါ တိုးပွား လာသည်ဟု သတ်မှတ်ရမည် ဖြစ်သည်။ မြန်မာ့မဂ္ဂဇင်း စာမျက်နှာများတွင် ဘဝသရုပ်ဖော် ဝတ္ထု၊ ဖြစ်တည်မှု ပဓာနဝတ္ထု၊ မော်ဒန် ဝတ္ထုတို့သည် နေရာယူလာကြသည်။ ဆရာမ ခင်မြဖင်သည် လွန်ခဲ့သော ၁၀–နှစ်ကျော် ကာလမှ ယနေ့အထိ မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်များ အများဆုံး ရေးနေသော စာရေးဆရာမ ဖြစ်သည်။ ဆရာမ၏ဝတ္ထုများသည် စာနယ်ဇင်း အတော်များများမှ ပင်တိုင် ဝေဖန်ရေးဆရာများ၏ ချီးကျူးမှုကို အများဆုံး ခံရသည်။ အကြောင်းအရာနှင့် အတတ်ပညာကို အချိုးညီစွာ ရေးဖွဲ့နိုင်စွမ်းသူ ဖြစ်သည်။



ဆရာမ၊ တောပင့်ကူများ၊ အပင်နှင့် လူ၊ ကျောက်စက်ရေ၊
...ဦး တို့မှာ ထင်ရှားသော ဝတ္ထုများ ဖြစ်ကြသည်။
... မဂ္ဂဇင်းတွင် ဆရာမောင်ဇော်က 'စားသန်လျက်နှင့် ပန်းပွင့်'
...တွင်–
...ကို သရုပ်ဖော်သော ဘဝသရုပ်ဖော် ဝတ္ထုများ ရှိသည်။
...သည်းကို မသုံးဘဲ ဘဝသရုပ်ကို ဖော်ပြပြီး စာရေးနေကြသော
...တွေ ရှိသည်။ ကျော်စွာထက်၊ ဂျူး၊ သစ္စာနီ၊ မောရှူးဆိုး၊
... ခင်မြဖင်တို့ ဖြစ်ကြသည်' ဟူ၍ စာရင်းထိုး ဖော်ပြ
...ကို တွေ့ရသည်။

*

...မ ခင်မြဖင်ကို ၁၉၅၆–ခု၊မေလ ၂–ရက်နေ့တွင် ဆင်ဖြူကျွန်းမြို့၌
...သည်။ အဖ ဦးမြခင်–အမိ ဒေါ်လေးသောင်း ဖြစ်သည်။
...င်းမှာ ဒွေးဒွေးမြင့်။ မွေးချင်း ခုနစ်ယောက်တွင် အကြီးဆုံး
...၊ ဆင်ဖြူကျွန်းမြို့ ပရိက္ခရာရပ် အစိုးရ မူလတန်းကျောင်းတွင်
...ညာသင်ကြားခဲ့ပြီး ဆင်ဖြူကျွန်းမြို့ အစိုးရ အထက်တန်း
...တွင် သတ္တမတန်းအထိ သင်ကြားခဲ့သည်။ ကျောက်ဆည်မြို့
...) အစိုးရအထက်တန်းကျောင်း၌ အဋ္ဌမ တန်းမှ ဒသမတန်းအထိ
...င်ကြားခဲ့ပြီး ၁၉၇၈–ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ
...ပညာဘွဲ့ (ဘောဂဗေဒ) ရရှိခဲ့သည်။
...၄–၇၅ ခုနှစ် စီးပွားရေးတက္ကသိုလ် မဂ္ဂဇင်းတွင် **'တစ်နပ်စာ'**
... စတင် ဖော်ပြခြင်း ခံခဲ့ရပြီး ၁၉၇၉–ခုနှစ် နွန်လထုတ်
...ပ မဂ္ဂဇင်းတွင် ကလောင်သစ်ကဏ္ဍ၌ **'အမေဆရာမ'** ဝတ္ထုမှ
...င်ပမဂ္ဂဇင်းများတွင် ယခုအချိန်အထိ ဝတ္ထုတို ၆၀–ကျော်၊
...၀–ခန့်၊ မဂ္ဂဇင်း ဝတ္ထုရှည် ၆–ပုဒ်၊ ခံစားမှု စာစု ၂–ပုဒ်၊
...ပြန်ဆောင်းပါး ၂–ပုဒ် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အမေဆရာမ' ဝတ္ထုတိုမှာ ဂျပန်ဘာသာ၊ ရုရှားဘာသာများသို့ ပြန်ဆိုခြင်း ခံခဲ့ရသည်။

၁၉၈၇-ခုနှစ်တွင် ဦးသန်းအုန်း (မောင်စု)နှင့် လက်ထပ်ခဲ့ပြီး ၁၉၈၈-ခုနှစ်တွင် သားလေး မောင်အုန်းခိုင်ဇင်ကို မွေးဖွားခဲ့သည်။ ယခုအခါ ကဝမြို့နယ် စာရင်းရုံးတွင် စာရင်းစစ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း စာပေများကို ဆက်လက် ရေးသားလျက် ရှိသည်။

ဆရာမ ဝတ္ထုတိုကလေးများကို မြည်းစမ်း ကြည့်ရန် အညွှန်းအဖြစ် ထုတ်နုတ် ဖော်ပြလိုက်ပါသည်။

**တောပင့်ကူများ** ဝတ္ထုသည် ဓမ္မစစ်နှင့် သစ္စာတရား ရှာပုံတော် ဝတ္ထု ဖြစ်သည်။ မလွဲမရှောင်သာသော သေခြင်းတရားကို မည်သို့ ရင်ဆိုင်ရမည်ကို ပြသော ဝတ္ထု ဖြစ်သည်။ သေဆုံးခြင်း၊ နာကျင် ခြင်း၊ ငိုကြွေးခြင်းနှင့် ဒုက္ခဆင်းရဲတို့ကား လောကနဒီ မြစ်ကမ်းပါးတွင် နေထိုင်ကြသူတို့အဖို့ မဆန်းသော အရေးကိစ္စများ ဖြစ်သည်။ လူတိုင်း အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုသည့် ဒုက္ခတို့ကို ခံစားကြ ရပေမည်။ ရင်ဆိုင်ကြရပေမည်။ သို့သော် လူသည် အနေတတ်ဖို့ လိုအပ်သလို အသေတတ်ဖို့လည်း အရေးကြီးသည်။ စွဲငြိ တွယ်တာ တပ်မက်မှု သမုဒယသစ္စာကို သိမြင်မှသာ လွတ်မြောက်မှုလမ်းစကို တွေ့မြင်လာပြီး မဂ္ဂသစ္စာကို ရှာဖွေနိုင်လိမ့်မည် ဖြစ်သည်။ ဘဝ တဏှာကို စွဲငြိ တွယ်တာနေသမျှ ဓမ္မစစ်နှင့် ကင်းဝေးကာ သံသရာသည် ရှည်မြဲ ရှည်နေလိမ့်မည် ဟူသောတရားကို ဆရာမ ခင်မြဇင်သည် 'တောပင့်ကူများ' ဝတ္ထုဖြင့် ပြခဲ့သည်။ လူတိုင်း တစ်နေ့ မလွဲမသွေ ရင်ဆိုင်ရမည့် သေခြင်းတရားကိုသော်လည်းကောင်း၊ သေခြင်းတရားကို တည်ငြိမ်စွာ လက်ခံ ကျော်ဖြတ်နည်းကို လည်းကောင်း ပြသထားသည်။ **(ရှုမဝ၊ ၁၉၈၆-ခု၊ မတ်လ)**

**နှင်း၏နိဂုံး** (ရှုမဝ မဂ္ဂဇင်း၊ ၁၉၈၃-ခု၊ မတ်လ)သည် ရုံးသွားရန် စက်ဘီး မရှိသော မိန်းကလေးတစ်ဦး ကားကြုံစောင့်ရ၍ ဘဝ နစ်မွန်းရပုံကို



ဖွဲ့ထားသည်။ မသိ နားမလည်ခြင်း ကြီးစွာဖြင့် ရိုးသားစွာ ချစ်ခဲ့ခြင်း ား 'အမိဖမ်းခြင်း' ဆိုသော စကားလုံးများဒဏ်ကို ခံရသော ရုံးစာရေးမ လေးတစ်ယောက်၏ ဘဝကို လှပသော အရေးအသားဖြင့် ရေးသား ားသည်။

'နှင်း၏နိဂုံး ရေးခဲ့တာက ဆောင်းရာသီ တစ်ခုမှာပါ၊ ၁၉၈၂-ခုနှစ် င်ဘာလ လောက်က ထင်ပါတယ်၊ ဆောင်းရဲ့မြူငွေ့၊ နှင်းငွေ့တွေက ညာဒေသရဲ့ အအေးဓာတ်နှင့်အတူ ကျွန်မရဲ့ အထီးကျန်ဘဝကို ရစ်ပတ် မ်းခြုံလာကြတယ်၊ ဆောင်းနှောင်း ရွက်ကြွင်နှင့် နှင်း၏နိဂုံးကို စ်သွစ် ခြားပြီး ရေးခဲ့ပါတယ်၊ မဂ္ဂဇင်းပို့တော့ တစ်ပြိုင်တည်း ပါတယ်၊ ရှုမဝမဂ္ဂဇင်းမှာ တစ်လစီ ခြားပြီး ပါခဲ့ပါတယ်၊ ဆောင်းနှောင်း ကြွင်က အထီးကျန် အဘွားအို တစ်ယောက်ရဲ့ ဝေဒနာ၊ နှင်း၏နိဂုံးက ယ် မိုက်မှားမိသူလေးရဲ့ ဝေဒနာ၊ ဒီဝေဒနာတွေ ကနေ ရေးဟန် စ်ခုစီ ဖြစ်ပေါ်စေခဲ့ပါတယ်' ဟု ဆရာမ ခင်မြဇင်က နှင်း၏နိဂုံး နှင့် ပတ်သက်၍ ဆိုခဲ့သည်။

၁၉၈၆-ခု၊ နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါရှိသော **အိပ်မက် ခြမ်း** ဝတ္ထုတိုကလေးမှာ ချစ်သူနှစ်ဦး၏ နှစ်ယောက်ပေါင်းမှ ထီးကလေး စ်လက်သာ ပိုင်ဆိုင်ကြပြီး တူနှစ်ကိုယ် နီးရေးအတွက် အိမ်ကလေးတစ်လုံး င်ပုံကို ရင်နင့်ဖွယ် ရေးဖွဲ့ထားသည်။

**အချစ်နှင့်အိမ်** (ရှုမဝမဂ္ဂဇင်း၊ ၁၉၉၁-ခု၊ ဖေဖော်ဝါရီလ) ဝတ္ထုတို လေးမှာလည်း 'အိမ်' အကြောင်းရေးဖွဲ့သော ဝတ္ထုတိုကလေး ဖြစ်သည်။ သော် 'အိပ်မက်တစ်ခြမ်း'မှ ချစ်သူနှစ်ဦး၏ စိတ်ကူးယဉ်သော မျိုးမဟုတ်၊ အိမ်ထောင်သည် လင်မယား၏ အိမ်ကလေး ဖြစ်သည်။ ကလေးတစ်လုံး တည်ဆောက်ပုံကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ကလေး၏ အသွင်သည် မပီပြင်လှသေး။ ပြတင်းပေါက်နှင့် တံခါးများ၊ အကာများ ကာရဦးမည် ဖြစ်သည်။ အိမ်ကလေးတွင် လှပ ပြည့်စုံသော ဟူ၍ ဘာမျှမရှိပုံကို ရေးဖွဲ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၂–ခုနှစ်၊ ရှုလိုင်လထုတ် ကလျာမဂ္ဂဇင်းတွင် ပါဝင်သော
လင်းမှိန်မှိန် ဝတ္ထုတိုသည် အစာအိမ်ရောဂါဖြင့် ဆေးရုံ ခွဲစိတ်ဆောင်
ှင် တင်ထားရသော ခင်ပွန်းဖြစ်သူအား ဇနီးမယား၏ ပူပင်သောက
ရှိဒေဝမီး တောက်လောင်ပုံ၊ လင်သားမရှိပါက ဇနီးမယားအဖို့ မည်မျှ
ာ ရောက်ရှိမည်ကို တွေးပူကာ လင်သားသည် ဇနီးမယားအတွက်
လိုအပ်ဆုံး အင်အား ဖြစ်ပုံကို–

'သူ့ဝေဒနာကို သတိရလျှင် ကိုယ့်မှာ ဝေဒနာ ဖြစ်ရပြန်၏။
ာဝရ ဆုံးရှုံးသွားဖို့ရာ ဆိုတာက မစဉ်းစားဝံ့၊ မစဉ်းစားရဲ။ သူမရှိလျှင်
မ်ကလေးမှာ နွေးထွေး လင်းကျင်းမှု ကင်းမဲ့တော့မည်။ လူကလေးကို
မေ့ရင်ငွေ့ဖြင့်သာ လူတစ်လုံး သူတစ်လုံး ဖြစ်လာအောင် မွေးနိုင်ပါ့မလား။
ရိမ်ခြင်းဖြင့် အခန်းတွင်း မီးရောင်သည်ပင် မှိန်လို့နေတော့၏' ဟု
း‌ဖွဲ့ထားသည်။

**တစ်ဆစ်ချိုးမှာ အားတင်းခြင်း** (မိုးဝေ စာပေမဂ္ဂဇင်း၊ ၁၉၈၀–
ည့်နှစ်၊ ဩဂုတ်လ) ဝတ္ထုတိုကလေးမှာ တက္ကသိုလ် တက်ချင်လွန်း၍
ျိုးစားပမ်းစား တက်ခဲ့ရသူ လူငယ်လေး တစ်ယောက်အကြောင်းကို
း‌ဖွဲ့ထားသည်။ ထိုလူငယ်ကလေးအား မရီးဖြစ်သူက ငြူစူပုံ၊ နောက်ဆုံး
င် ဆုံးသွား၍ ဘွဲ့တစ်ခုထက် အလုပ်တစ်ခု ရရှိဖို့ လောလောဆယ်
ရေးကြီးပုံကို တွေးမိကာ ကျောင်းထွက်၍ လေဘာရုံးတွင် အလုပ်ရှာဖွေပုံ
ကို ကရုဏာဖြစ်ဖွယ် ရေးသားထားသည်။

'သူငယ်ချင်းများက အမှတ်တရ ပိုင်းဝန်း စုဆောင်းပေးခဲ့ကြသော
းနှင့် စုတ်တံများမှာ ပြောင်းရင်း ရွှေ့ရင်း သယ်ရင်း ပိုးရင်း
ယ်သေတ္တာ၊ ဘယ်ဆောင့်ကြားသို့ ရောက်သွားပြီး မသိတော့။ ဘဝတကျော
ည် ကြောက်စရာ ကောင်းလှကြောင်း ဆရာကြီး ပြောခဲ့ဖူးသည်
င်သည်။ ခုတော့ ဆရာကြီး၏ တပည့်သည် အသိခေါက်ခေါက်
ာင်နက်လျက် ဘဝ နွံအိုင်ကြားမှ ရုန်းမထွက်နိုင်ခဲ့' ဟူ၍ တက္ကသိုလ်



ဘဝက ပန်းချီသင်တန်းတက်ကာ ပန်းချီဆရာမ ဖြစ်ရန်
ခဲ့သော်လည်း ကျောင်းပြီး၍ အလုပ်ထဲရောက်ကာ ရန်းကန်နေ
ဝတွင် အနုပညာကို တစ်ခါက အသက်နှင့် ထပ်တူ တွယ်ဖက်
ကြောင်း သက်သေပြစရာ ပစ္စည်းဟူ၍ 'ပန်းချီဆရာမ…သို့'ဟု
သော ကတ်တလောက်ငယ် တစ်ခုသာ ရှိတော့သည့် အကြောင်း
ာ' (ရှုမဝမဂ္ဂဇင်း)တွင် ရေးဖွဲ့ထားသည်။ ထိုဝတ္ထုတွင်
ရာကြီး ဦးသိန်းဟန်၏ ရုပ်ပုံလွှာ တစ်ပိုင်းတစ်စနှင့် တက္ကသိုလ်
အသင်း ပန်းချီသင်တန်း၊ ပန်းချီလှုပ်ရှားမှုများကို တွေ့မြင်နိုင်သည်။
ည်းဦးပန်း မဂ္ဂဇင်းတွင် ပါဝင်သော **ပန်းများဖူးချိန်** ဝတ္ထုသည်
နှင့် မေတ္တာတရားကို ဖော်ကျူးထားသော ဝတ္ထုတိုကလေး
ည်၊ သမီးငယ်အား ပြောပြ မှာကြားဟန်ဖြင့် ရေးဖွဲ့ထားသည်။
နှင့် ပတ်သက်၍ ဆရာဦးအောင်သင်းက မှတ်ချက်ချရာတွင်
မ်း အကြောင်းအရာ ဘာမျှ ထူးထူးခြားခြား မရှိ။ မှာကြား
သည့် လေသံ ကြင်နာသိမ်မွေ့ခြင်း၊ စကားအသုံးအနှုန်း ပြေပြစ်ခြင်း
င့် ဖတ်ပျော် ရှုပျော် ဝတ္ထု ဖြစ်လာရသည်' ဟု ဆိုထားသည်။
သောသီမဂ္ဂဇင်း (၁၉၉၁–ခု၊ ဖေဖော်ဝါရီလ) တွင် ပါရှိသည့်
ရွှေး၏ **အတ္တုပ္ပတ္တိ** ဝတ္ထုမှာ လူကြိုက်များသော ဝတ္ထုဖြစ်သည်။
ချင်သည့် အကြောင်းအရာကို တိုက်ရိုက် ပြောချသွားသော
ွက်မဲ့' ဝတ္ထု ဖြစ်သည်။
သောသီမဂ္ဂဇင်းမှပင် **မိန်းမနှင့် ဆေးလိပ်** ဝတ္ထုကလေးမှာ ဆေးလိပ်
ာတ်သော ခင်ပွန်းသည်အား ဆေးလိပ် မသောက်ရန် တားမြစ်ပုံကို
ထားသည်။ ရိုးရိုး ဝတ္ထုတိုလေးပင် ဖြစ်သော်လည်း ဖတ်ချင့်စဖွယ်ပင်
ည်။
သားဦး(ဒဂုံ မဂ္ဂဇင်း၊ ၁၉၈၈–ခု၊ ဩဂုတ်လ)၊ မျက်လုံးများ
သိ မဂ္ဂဇင်း၊ ၁၉၈၉–ခု၊ စက်တင်ဘာလ)၊ မှန်ကလေး တစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



(ရှုမဝမဂ္ဂဇင်း၊ ၁၉၉၀–ပြည့်နှစ်၊ ဇွန်လ)၊ သီချင်း ချိုချို (ကလျာမဂ္ဂဇင်း၊ ၁၉၉၂–ခု၊ ဖေဖော်ဝါရီလ)၊ ထွေးနှင့်ထွေး (မြားနတ်မောင် မဂ္ဂဇင်း၊ ၁၉၉၁–ခု၊ ဧပြီလ)၊ သေခြင်းနှင့် ရှင်ခြင်း (မဟေသီ မဂ္ဂဇင်း၊ ၁၉၉၂–ခု၊ စက်တင်ဘာလ) ဝတ္ထုများသည် မိခင်၏ သားအပေါ် ထားရှိသည့် မေတ္တာ၊ စေတနာတို့ကို ရေးဖွဲ့ထားသော ဝတ္ထုများ ဖြစ်ကြသည်။

**သားဦး** ဝတ္ထုသည် ဝမ်းဗိုက်တွင်းမှ မမြင်ရသေးသည့် ရင်သွေးကလေးအတွက် မိခင်၏ ကြည်နူးစိတ်၊ ပူပန်စိတ်၊ ကြောင့်ကြစိတ်တို့ကို ရေးဖွဲ့ထားပြီး **မျက်လုံးများ** ဝတ္ထုတွင် ချစ်သူဘဝတွင် နှစ်ဦးသားကြား၌ စကားလုံးများဖြင့် ဖော်ပြ၍ မရနိုင်သည့် တွယ်တာမှုနှင့် သံယောဇဉ်များကို ဖွင့်ဆို ပြခဲ့ကြသော မျက်လုံးများ၊ မျက်လုံးအစုံကြောင့် အိမ်ထောင်ဆိုသည့် ဘဝ၏ နှောင်ဖွဲ့မှုထဲသို့ ရောက်ခဲ့ကာ သောကနှင့် ဘဝဝန်များ ပိပြီး ယခင် မျက်လုံး ကြည်ကြည်ကလေးများ၏ လွမ်းမောဖွယ် အကြည့်များ၊ ချစ်ခြင်းအငွေ့နှင့် ပီတိရည် ကြည်လက်ဖြာနေသည့် ပြုံးတတ်သော မျက်လုံးကလေးများ ပျောက်ဆုံးခဲ့ရပုံ၊ သို့သော် လူ့လောကသို့ သားကလေး ရောက်ရှိလာ၍ မျက်လုံးအစုံများ ပြန်လည် လင်းလက်ပြုံးတတ်လာပုံတို့ကို ရေးဖွဲ့ထားသည်။

'သားကလေးသည် ရမ္မက်မီး လောင်မြိုက်ခိုက်မှာ အမှတ်မထင် ငြိတွယ်ပြီး ရရှိလိုက်သည့် သားမျိုးလည်း မဟုတ်ပါပေ။ ပန်းပင်ကလေး တစ်ပင် ပျိုးသလို တမြတ်တနိုး တယုတယ စိုက်ပျိုး မွေးမြူခဲ့သည့် သားကလေးပါ။ သားကလေး ကြီးပြင်းလာလျှင်လည်း ဘဝနှင့် မေတ္တာတရားကို တန်ဖိုးထားတတ်စေချင်သည်' ဟူ၍ လူ့လောကသို့ ရောက်ရှိလာသည့် သားကလေးအတွက် မိခင်မေတ္တာကို **မုန့်ကလေး တစ်ချပ်** ဝတ္ထုတွင် ရေးဖွဲ့ထားသည်။

**သီချင်းချိုချို** ဝတ္ထုတွင် ငယ်စဉ်က အရာအားလုံးသည် လက်တစ်ကမ်း အကွာတွင် တည်ရှိပြီး လှမ်းဆွတ် ယူငင်နိုင်သည်ဟု ထင်ခဲ့သော်လည်း



အိမ်ထောင်သည်ဘဝဖြင့် ရုန်းကန်နေရသည့် အချိန်တွင် သား ပူဆာသည့် ဘက်ဆက်ကို ဝယ်မပေးနိုင်သည့် မိခင်တစ်ဦး၏ဘဝကို ရေးသားထားသည်။

**ထွေးနှင့်ထွေး** ဝတ္ထုသည် ရုပ်ခန္ဓာကိုယ်ကိုသာ ပိုင်စိုးလျက် စိတ်ဝိညာဉ်ကို မစိုးမိုးနိုင်တော့သော 'ထွေး'ကို ဇာတ်ကောင်ပြု ရေးဖွဲ့ထားသော ဝတ္ထုကလေး ဖြစ်သည်။ ယခင်က ထွေးသည် စာရေးဖို့၊ ဖတ်ဖို့၊ တွေးတော ခံစားဖို့ ဝါသနာကြီးသူ ဖြစ်သည်။ ယခု ထွေးကား စာမရေးနိုင်၊ မဖတ်နိုင်တော့ပေ။ ထွေးကား သားတစ်ယောက် မိခင် ဖြစ်နေချေပြီ။ အပူ သောကနှင့်လူ ဖြစ်နေချေပြီ။ သားကလေး၏ အငို အမဲ့ အပြုံးများကသာ ဟာလာ ဟင်းလင်း ဖြစ်သွားသော နှလုံးသားကို ဖြည့်ပေးနေခြင်း ဖြစ်သည်။ သားသာ မရှိရင် ယခု ထွေးသည်ပင်လျှင် ရှိကောင်းမှ ရှိပေလိမ့်မည် ဟူ၍ ရေးသားထားသည်။

သေခြင်းတရားကို မသိတတ်သေးသည့် သားကလေး၏ သူ့ အလွန် နှစ်သော ဘိုဖြူ ခွေးကလေး သေဆုံး၍ ခံစားရပုံကို **သေခြင်းနှင့် ရှင်ခြင်း** ဝတ္ထုတို့တွင် ရေးဖွဲ့ထားသည်။

၁၉၈၈–ခု၊ ဩဂုတ်လထုတ် မြတ်လေး မဂ္ဂဇင်းတွင် ပါဝင်သော **ကျောက်စက်ရေ** ဝတ္ထုမှာ စားဝတ်နေရေးအတွက် ပြေးလွှား ရုန်းကန်နေရသော အိမ်ထောင်သည်တစ်ဦး၏ ဝေဒနာကို ဖော်ပြထားသည်။ ဈေးသွားရင်း မူးလဲ၍ အိမ်သို့ ကြိုးစား ပြန်လာခဲ့ရသော အိမ်ရှင်မ တစ်ဦး၏ ရုပ်ပုံလွှာမှာ ပီသလှသည်။

'သူ့ခန္ဓာကိုယ် တစ်ခုလုံး ချူးချူးချ ပျက်စီးကာ တစ်စစီ တစ်စစီ ပြိုကွဲနေသည်ဟု ထင်မိသည်။ မောဟိုက်နေသည်။ ခြင်းထဲမှ ငါးတွေကို သတိရ၍ ထိတ်လန့်သွားသည်။ ဝယ်စဉ်ကတည်းက ငါးတွေက အနံ့ အသက် မကောင်း။ သူ ထနိုင်ပါ့မလား။ တစ်ကိုယ်လုံး လေးလံပြီး မလှုပ်ချင်၊ မရှားချင်အောင် ဖြစ်နေသည့် ကြားကပင် မနည်း အားယူကာ ခေါင်းကို ထူလိုက်သည်။ မိုက်ခနဲ ဖြစ်ကာ ခေါင်းအုံးပေါ် ပြန်ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်ကလည်း မိုးချုံးချုံးချုပ်မှ ပြန်ရောက်လေ့ ရှိသည်။ တ
သည်နေရာလေးမှာ သူ သေဆုံးခဲ့လျှင် နောက် ရှစ်နာရီလောက်
ခင်ပွန်းသည် သိလိမ့်မည်။ သည်တော့မှ သူ မကြင်နာတာကို
လိမ့်မည်။ တကယ်တော့ ကြင်နာမှု ဆိုတာကလည်း သည်လိုနေ
တန်ဖိုး ကြီးမားလှပါဘိ။ အချိန်နှင့် ကြင်နာမှုတွေကို ငွေနှင့် ဖ
ရှာသည့် ချစ်လင်။'

ဝေဒနာနှင့် တစ်နပ်စာ ဟင်းလျာ လွန်ဆွဲပုံမှာ သရုပ်ပါ
ရင်နင့်ဖွယ် ဖြစ်သည်။ သရုပ်ဖော်ချက် ပိုင်နိုင်လှသည်။

**နာမည်တစ်လုံးနှင့် လူ** (ကလျာ မဂ္ဂဇင်း၊ ၁၉၉၁-ခု
ဝတ္ထုမှာ အမျိုးသမီး စာရေးဆရာမတစ်ဦး၏ စာပေသိက္ခာကို
သည်။ ပြုးသည် ကျောင်းသူဘဝကတည်းက မဂ္ဂဇင်းများတွင်
ရေးသားနေသူ ဖြစ်သည်။ အိမ်ထောင်သည် ဖြစ်ချိန်တွင်
သိပ်မရေးဖြစ်တော့။ ယခု သားနှစ်ယောက် ရှင်ပြုဖို့ ငွေလိုလာသည်
လုံးချင်း ဝတ္ထုများ ရေးသားခဲ့သည်။ သို့သော် ထုတ်ဝေသူက
ကလောင်အမည်ကို ပြောင်းခိုင်းသည်။ နာမည် ပြင်ရမည်
ဖြတ်သန်းခဲ့ရသည့် ဘဝ နှလုံးသားတွေ တစ်ဖဲ့စီ ကြွေမှ ရ
ဝတ္ထု အတိုအစကလေးများကို သတိရသွားသည်။ သည်ဝတ္ထုလေး
တွယ်ဖက် မြတ်နိုးမိသည့်အကြောင်း ရေးသားထားသော ဝတ္ထု
ဖြစ်သည်။

'ဓာတ်ပုံက ကျွန်မကို ခြောက်လှန့်ဆဲ။ အံကို တင်းတင်း
တစ်ဖက်လှည့် ကျောပေးသွားတဲ့ ကျွန်မ ကျောပြင်ကို အမြဲ
အားငယ်နေတတ်တဲ့ မျက်လုံးတွေနဲ့ မှန်ပေါင်ထဲက ဓာတ်ပုံ
ကြည့်နေလိမ့်မည်။ သည်ပုံထဲက ကျွန်မ အမြဲ အားငယ်လို့
ကြောက်ရွံ့လို့ နေမည်။ ဘာမှ မသိ နားမလည်တဲ့ ပုံသ
အေးစက်တဲ့ မှန်ပေါင်ထဲက အသေလို ငြိမ်သက်လို့ နေမည်



ပြန်လှည့်လာသည်။ ဒေါသနှင့် လက်တွေကို စုံမြှောက်ပြီး မှန်ကို ရိုက်
ပစ်လိုက်သည်' ဟူ၍ ဖွဲ့ရပြီးသော်လည်း အလုပ်လက်မဲ့ ဖြစ်နေသ
တစ်ဦး၏ ဘဝကို ခြယ်မှုန်းထားသည့် ဝတ္ထုတိုကလေးမှာ ၁၉၈၈-ခု
ဇူလိုင်လထုတ် သာရ မဂ္ဂဇင်းတွင် ပါရှိသော **အလှရိုက် ဓာတ်ပုံတစ်ပုံ**
ဝတ္ထုတိုကလေး ဖြစ်သည်။

'ဖွဲ့တစ်ခုခုရခြင်းမှာ ဂုဏ်ယူစရာ မပြောပလောက်ဘဲ ထိုဖွဲ့နှင့်ပင်
အလုပ်လက်မဲ့ ဖြစ်နေသော ဘဝကိုသာ လက်ညှိုးထိုးပြစရာ ဖြစ်လာ
တော့သည်။ ကျွန်မမှာ မလှပသော ထိုဓာတ်ပုံအတွက် စိတ်အားငယ်စိတ်
မရှိတော့ ဖွဲ့ဝတ်စုံနှင့် ပုံကြီးကြီးချိတ်ကာ ဆွေမျိုးတွေကြားမှာ ကြွားပြ
ချင်တတ်သေးသော အဖေနှင့် အမေ့ကိုသာ သနားလာသည်'ဟု ဆရာမ
ခင်မြဇင်က ရေးဖွဲ့ထားသည်။

**အပင်နှင့် လူ** (သည်းဦးပန်း မဂ္ဂဇင်း၊ ၁၉၈၆-ခု၊မေလ) ဝတ္ထုသည်
"အနှောင်အဖွဲ့တွေ၊ ဘဝရဲ့ ဝန်ထုပ်ဝန်ပိုးတွေကြောင့် ကြောက်ရွံ့
ချောက်ချားနေတဲ့ လူတစ်ယောက်က လူ့ဘဝထက် စာရင် သစ်ပ
ဖြစ်ရတာမှ ကောင်းဦးမည်"ဟု တွေးမိကာ သစ်ပင်ဘဝကို အားကျပြီ
သစ်ပင်ဘဝသို့ ကူးပြောင်းသွားသည့် လူတစ်ယောက်အကြောင်း
ရေးဖွဲ့ထားခြင်း ဖြစ်သည်။

'သစ်ပင်တွေမှာ အပူအပင်ဆိုတာ မရှိဘူး။ နာရီရဲ့ ခြိမ်းခြောက်
ကိုလည်း သူတို့ မခံကြရဘူး။ ငှက်တွေ သီချင်းဆိုသံက လွဲရင် အိမ်
မိန်းမရဲ့ ဆူသံပွက်သံ၊ ပိုက်ဆံစကားလည်း သူတို့မကြားရဘူး။ မန
မိုးလင်းတာနှင့် ဖူးပွင့် ဝေဆာပြီး ခေါင်းကလေးတွေ မော့နေလိုက်ကြ
တစ်ကမ္ဘာလုံးမှာ သူတို့ အားမာန် အရှိဆုံး၊ ငြိမ်းချမ်း ပျော်ရွှင်ခြင်းဆို
ပြနေသလိုပါပဲ။ သူတို့မှာ ဖြုတ်စ ဗျင်းတောင်းတွေ လည့်ထား
လက်ဆွဲအိတ်လဲ မရှိဘူး။ ရုံးက ပြန်လာရင် တိုင်မှာ ချိပ်ထားတတ်
ချေးအထပ်ထပ်နှင့် တိုက်ပုံအကျီကိုလည်း ဝတ်စရာ မလိုဘူးရေ

www.burmeseclassic.com

www.burmeseclassic.com



နေသာရင် နီးထလာမယ်။ နေညိုရင် အရွက်ကလေးတွေ လိပ်ပြ အိပ်နေရုံပဲ'

မှန်းကျပ်နေသည့်ဘဝမှ ရုန်းထွက် လွတ်မြောက်လိုစိတ် ခံစားမှု ဝတ္ထုတိုကလေး ဖြစ်သည်။ အပင်နှင့်လူ ဝတ္ထုတိုကို ၁၉၉၃–ခု၊ ဇန်နဝါရီ ထုတ် ပင်လယ်မဂ္ဂဇင်းတွင် ထပ်မံ ဖော်ပြခဲ့သည်။

ဆရာမ ခင်မြဇင်၏ ၁၉၇၉–ခု၊ ဇွန်လထုတ် မိုးဝေ စာပေမဂ္ဂဇင်းတွ ပါရှိသည့် **အမေဆရာမ** ဝတ္ထုတိုကလေးမှာ စာပေ ဝေဖန်ရေးဆရာများ ချီးကျူးမှုကို ခံရသော ဝတ္ထုတိုကလေး ဖြစ်သည်။ ဆရာမ၏ ပထမ ဖော်ပြခံခဲ့ရသော စာမူဖြစ်သည်။ ကလောင်သစ် ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုတွ တောကျောင်း ဆရာမတစ်ယောက်၏ ဘဝကို ချယ်မှုန်းထားပြီး ကလေးမျ ၏ မိဘများ အလွန်ဆင်းရဲကြ၍ သူတို့ သားသမီးများကို မလွှဲသာ၍သ ကျောင်း ထားကြရပုံ၊ မြေပဲရာသီ ရောက်လာလျှင် ကလေး အတော် များများမှာ စာသင်ခန်းမှ ပဲခင်းများဆီသို့ ရောက်ကြရပုံတို့ကို ရေးဖွဲ့ ထားသည်။

ဤဝတ္ထုတိုကလေးကို ဖတ်ရင်း တောကျောင်း ဆရာမ၏ ဘဝ ကလေးများ၏ အခြေအနေကို သနားမိ၊ ကိုယ်ချင်းစာမိသည်။ ဝတ္ထုထဲ ဇာတ်ကောင်များ ဖြစ်သော တူးမာ၊ ပြောင်းဖူး ခိုးစားသည့် ကျောင်းသား လုချင် ပချင်ရှာသည့် ဆရာမ၏ သမီး နီနီတို့ကို ဖတ်ရသည်မှာ ရင်နင့်ဖွယ် ဖြစ်သည်။

'အခန်းထောင့်မှ ရှိုက်သံသဲ့သဲ့ကြောင့် ကျွန်မတို့ဆရာမတွေ စကား ပြောဆို စားသောက်နေကြသည့် အရှိန်ပျက်သွားသည်။ အခန်း ထောင့်ဆီသို့ ကျွန်မ ထသွားမိသည်။ ပထမတန်းမှ ကလေး တစ်ယောက် စာသင်ခုံများ အကြားတွင် တစ်စုံတစ်ခုကို တရှုံ့ရှုံ့ ရှာဖွေနေသည်။ မျက်ရည်ဖြင့် ရွှန်းလက်နေသော မျက်လုံးများ၊ ပါးပြင်တွင် မျက်ရည်နှင့် နှာရည် စီးကြောင်းများ စိုရွှဲနေသည်။



'ဘာဖြစ်တာလဲ သမီး၊ နေမကောင်းဘူးလား'

'ဟင့်အင်း၊ ကျွန်မ ပိုက်ဆံ ဆယ်ပြားပျောက်သွားလို့'

'ပိုက်ဆံ ဟုတ်လား၊ ဘယ်မှာ ပျောက်တာလဲ၊ အခန်းထဲမှာလား၊ ...ားကွင်းထဲမှာလား'

'ဒီမှာ ပျောက်တာ'

ကျွန်မလည်း ခဏမျှ ကူညီ ရှာဖွေပေးမိသည်။ မတွေ့။

'ကဲ သမီး လာလာ၊ မုန့်ဆာနေမှာပေါ့၊ ရှာမနေပါနဲ့တော့၊ ဆရာမတို့နဲ့ ...တူစားရအောင်'

'ဟင့်အင်း၊ ကျွန်မ မစားဘူး'

ကလေးမက ကြောက်ရွံ့စွာ ငြင်းဆန်သည်။ မတင်ကြူက 'ဟဲ့ ...မာ၊ လာဟဲ့ လာခဲ့ပါ' လှမ်းခေါ်သည်။ ချိုချိုကတော့ လက်ညှိုး ...လေး ထောင်ပြီး

'ညည်းကလေးနော်၊ နေ့တိုင်း ပိုက်ဆံပျောက်'

တကယ်တော့ တူးမာမှာ ပျောက်စရာ မုန့်ဖိုးပင် ပါချင်မှ ပါရှာမည်။ ...ဘတွေက လယ်ထဲယာထဲမှာ သူရင်းငှားတွေ။ ကျောင်းပင် အနိုင်နိုင် ...ရသည်။ နေ့လယ်စာ ဆာတော့ ကလေးက ငိုသည်။ ဆရာမကိုလည်း ...င်းဆာ၍ ငိုတာပါဟု ပြန်မပြောရဲ။ သည်တော့ အိမ်က ပါမလာသော ...က်ဆံ ဆယ်ပြားသည် ခဏ ခဏပျောက်နေရလေသည်။

ရင်ကို လှုပ်ခတ်သွားစေသည့် တူးမာကလေး၏ ဇာတ်ကွက် တစ်ကွက် ...သည်။'

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ခင်မြဇင်သည် စကားပြေ အရေးအဖွဲ့ ကောင်းသူဖြစ်သည် အရေးအသား လှပသည်။ စကားပြေ ရေးဖွဲ့ရာတွင် စာဖတ်သူ အာရုံထဲတွင် ထင်းခနဲ မြင်လာစေရန် ပန်းချီဆရာ စုတ်ချက်စိပ်စိ ရေးသလို ရေးဖွဲ့တတ်သည်။

**ကောင်းကင်မိုးတိမ်** (ရှမဝ မဂ္ဂဇင်း) ဝတ္ထုတွင် ဖွဲ့နွဲ့ထားသော အရေးအသားကို ကြည့်လျှင် ဆရာမ၏ စကားပြေကို ခန့်မှန်းမိနိုင်သည်

'လေညင်းကလေး တသုန်သုန် တိုက်ခတ်နေသည်။ ကုန်းထိပ် ရပ်နေခိုက် ရှူရှိုက်ရသော လေညင်း၏ သင်းရနံ့ထဲမှာ မိုးငွေ့၊ မိုး ပါလာသည်။ မြက်ခြောက်တို့က ရွှေဝါရောင်၊ မြေညိုရောင်၊ သွေ့နေသော ရွက်ခြောက်တို့အသံက လေသံနှင့်အတူ တရှဲရှဲ။ ကောင်းကင်မှာ မိုးတိမ်လိ တို့ အဆုပ်ဆုပ် အခဲခဲ မြင်ရသည်။ မြက်တော ကိုင်းတောထဲ ဘုတ်ငှက်မြည်သံ ကြားရသည်။ ဇျိုင်းဖြူတစ်အုပ် မြားသဏ္ဍာ ပျံသန်းသွားကြသည်။ နေ၏ တောင်ပံ ရုပ်သိမ်းစပြုပြီ။ ဝင်လု နေခြည်များက ရွှေရည် သွန်းလောင်းဆဲ၊ အဝေးမှ အော်သံ ခေါ်သံမျာ နွားခလောက်သံသဲ့သဲ့မှ တစ်ပါး အသံဗလံများ တိတ်ဆိတ်လျက် လေတိုးသံသာ ရှဲဖန်ရှဲခါ။'

**အနိုင်နှင့်အရှုံး** (ချယ်ရီ)ဝတ္ထုတွင်–

'ပန်းတမာတို့ ပွင့်စ ညနေဖြစ်သည်။ ကောင်းကင် လေထုထဲတွ ဖုန်ခိုးရနံ့၊ ပန်းတို့၏ရနံ့ ၊ ဆောင်း၏ ကြွင်းကျန်ရစ်သော နှင်းရနံ့တို့ ထုံမွှမ်းနေသည်။ ကောင်းကင်ရောင်မှာ ကြောက်စရာ တိမ်နီ ရွှေးရွှေးဖြ သွေးလို သိပ်သည်း ခဲပျစ်လျက်။ ထွက်ပြူစ လမင်းကို မြင်သည် သိပ်သည်း နက်ရှိုင်းစပြုသည့် မိုးသားထုကြားထဲမှ တစ်လုံးတလေ ထွက်ပြူလာကြသည့် ကြယ်ကလေးများ၊ တိမ်လွှိုင်းတို့ ပြာရီ မှုန်မှိုင်း ပြုလျှင် တောင်ယာခင်းတို့ဆီမှ မီးရှို့သော ရိုးပြတ်နံ့ သင်းလာပြန်သည် တငြိမ့်ငြိမ့် စီးသော ချောင်းရေပြင်မှ လှည်းတို့ ဖြတ်သန်းလာကြသည်



ည်းဝင်ရိုးသံ တကျွိကျွိ၊ နွားအမြီးခတ်သံ တဘမ်းဘမ်း၊ ရေတွင် ကိုရှန်းသံ တဗွမ်းဗွမ်း၊ လှည်းသမားတို့မှာ ဆေးလိပ်ကိုယ်စီဖြင့် ရိုစ ညနေကို ကြည့်နေသည်' ဟူ၍ ညနေဆည်းဆာ၏ အလှကို နွဲ့ထားသည်။

ကန်နှင့် ကြာ၏အလှ ကိုလည်း **ကြာတသင်းသင်း** (မဟေသီ ဂ္ဂဇင်း)ဝတ္ထုတိုတွင် ဤသို့ ရေးဖွဲ့ထားပြန်သည်။

'ကန်ရေက စိမ်းပြီး နက်ရှိုင်းသည်။ ကြာစွယ် ကြာရိုးတို့သည် ထဲမှ ထိုးထွက်လျက်။ မိုးသို့ မျှော်လင့်လျက်။ အသက်ရှူရင်း ဘော်မြတ်ဗုဒ္ဓကို ပူဇော်နေကြသည့်နှယ်ပင်။ လေညင်းကလေး ပြေးသွား သောအခါ ကန်ရေပြင်သည်ပကတိ မှန်သားကဲ့သို့ ကြည်လင်လျက်။ ကောင်းကင်ကြီး တစ်ခုလုံးသည် ကန်ထဲသို့ ထိုးဆင်းကျနေသည်မှာ ယ်နေရာတွင် ကန်ရေပြင် စ၍ ဘယ်နေရာ့တွင် ကောင်းကင် သည်ဟု ပြောရခက်လောက်အောင်ပင်။ လေသိမ်းတိုင်း ယိမ်းယိမ်းနွဲ့နွဲ့ ရားတတ်သည့် ပိန်းရိုင်းပင်များသာ မရှိခဲ့လျှင်၊ ရေစပ်မှ ပြာညို့ညို့ ါနှင့် ဇျိုက်တောသာ မတွေ့မိလျှင်၊ ရကောင်းကင်သည် ရေပြင်၊ ပြင်သည် ကောင်းကင်နှယ်တည်း'

ဆရာမ ခင်မြဇင်သည် စကားပြေ အရေးအသား အဖွဲ့အနွဲ့ ောင်းသူ ဖြစ်၍ တစ်ချို့ဆရာမ၏ ဝတ္ထုများကို ဖတ်ရသည်မှာ ာကောင်း တစ်ပုဒ်ကို ဖတ်ရသကဲ့သို့ ခံစားရသည်။ သာယာ ျော့်မွှယ် ကောင်းသော ဂီတတစ်ပုဒ်ကို နားဆင်ရသကဲ့သို့ နာပျော်မွှယ် သည်။ သူ့ အရေးအဖွဲ့နောက်သို့ စာဖတ်သူသည် စီးမျော လိုက်ပါ ရသည်။ 'မရေးတတ်လျှင် ဆောင်းပါးဖြစ်မည့် ခင်မြဇင်၏ ဝတ္ထုများမှာ ပြီးတဲ့အခါ တွေးရတဲ့ ဝတ္ထုတွေ ဖြစ်ပါတယ်' ဟု မဟေသီမဂ္ဂဇင်း ိုးက ချီးကျူးခဲ့သည်။

"စာတစ်ပုဒ်ကို ဘယ်လိုရေးဟန်နှင့် ရေးလိုက်မယ်ဆိုတာ ပြောရ ာ်သားပဲ၊ ရေးသူထက် ဖတ်သူ၊ လေ့လာသူတွေက ပိုသိကြမယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်၊ ကျွန်မအနေနှင့်တော့ စာတစ်ပုဒ်ကို ရေးချလိုက်လို့ ရှာန်ဝင်သွားပြီဆိုရင် ငါ ဘယ်လို ရေးနေပါလား ဆိုတာတောင် သတိ မထားမိပါဘူး၊ တောပင့်ကူများကို ရေးဖြစ်ခဲ့တာ အဲဒီအချိန်က စိတ် ဖိစီးမှု ဝေဒနာ ခံစားခဲ့ရလို့ပါ၊ ကျွန်မဘဝမှာ လမ်းနှစ်သွယ်ကို ရွေးချယ်ဖို့ကြုံခဲ့ပါတယ်၊ တစ်ခုက လွယ်လွယ်၊ တစ်ခုက ခက်ခက် ကိုယ့်ဘာသာကိုယ် အဖြေမရနိုင်ဘဲ မွန်းကျပ်တဲ့ ဝေဒနာ ခံစားရစဉ်မှာ ရေးဖြစ်ခဲ့တာပါ၊ ဒဿနတွေ ပါဖို့ မပါဖို့ရယ်၊ စာဖတ်သူတွေကို တွေးစေတော့ရယ် ဆိုပြီး ရေးခဲ့တာတော့ မဟုတ်ပါဘူး"ဟု ဆရာမ ခင်မြဇင်က သူ့ဝတ္ထုများကို မည်သို့ ရေးသားသည် ဆိုသည်နှင့် ပတ်သက်၍ ဤသို့ ဆိုခဲ့လေသည်။ ။

### ရည်ညွှန်း

၁။ ခင်မြဇင် အင်တာဗျူး(ဟိန်းလတ်)၊ မဟေသီမဂ္ဂဇင်း၊ အမှတ်စဉ ၁၉၉၁-ခု၊ ဇွန်လ။

၂။ မိုးမိုး(အင်းလျား) အမှတ်တရ၊ ၈၀-ခုနှစ် အကောင်းဆုံး မြန်မာ ဝတ္ထုတိုများ၊ စာပေလောက စာအုပ်တိုက်၊ ရန်ကုန်၊ ၁၉၉၁-ခု ဒီဇင်ဘာလ။

၃။ မဂ္ဂဇင်းများတွင် ပါဝင်သော ဆရာမ ခင်မြဇင်၏ ဝတ္ထုတိုနှင့် ဝတ္ထုရှည်များ။

## ရေမဲ့အိုင်

နှလုံးအိမ်၌ ဆန်းကြယ်သော အိပ်မက်တစ်ခုသည် မြစ်တစ်စင်းလို လျင်မြန်စွာ စီးဆင်းသွားလေသည်။ သူ့နှလုံးအိမ်မှာ နာလျက်။ ဆွတ်ကျင် တမ်းမောလျက်။ ထိုအိပ်မက်သည် သူ့အတွေး သူ့စိတ်ကူးတို့၏ အမှိုက်သရိုက်များကို မြစ်တစင်းလို သယ်သွားလေသည်။

ထိုအိပ်မက် ထိုဝေဒနာတို့ကို သူ ထုတ်ဖော်၍ ပြောမပြတတ်။ ထုတ်ပြောပြရန် စကားလုံးများအဖြစ် ဖန်တီးဖို့ရန် မဝံ့မရဲ ဖြစ်နေ၏။

ညနေခင်းများစွာ၌ နီရွှေဒါ၏ ကဗျာများကို သူ သတိရနေတတ်သည်။ တစ်စတစ်စ မှောင်ရီ သိပ်သည်းလာသော ညထဲတွင် သူ့အသည်းနှလုံး ကြားသို့ ဖြတ်သန်း တိုက်ခတ်သွားတတ်သော လေညင်း၊ တစ်လုံးပြီး တစ်လုံး ထွက်ပြူလာသော ကြယ်ကလေးများ၊ တိမ်မျှင်ပါးပါးတို့ ရွေ့လျား နေခိုက်တွင် သူသည် လူတစ်ယောက်မျှသာ မဟုတ်တော့ဟု ထင်ယောင်မိသော ကာလ။ နာကျင်ဆဲ နှလုံးသားသည် နားခိုရာ မြစ်ကမ်းပါး တစ်ခုကို ရှာဖွေဆဲ အချိန်မျိုး။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွင်ထီးခေါင်နှင့် တောင်ကတုံးများ။

ဆားကျင်းများ၊လွင်ပြင်များ၊တောမီးလောင်ပြီးသည့် တောင်ကတုံးများ

သူသည် တစ်ကုန်းပြီး တစ်ကုန်း၊ တစ်လွင်ပြင်ပြီး တစ်လွင်ပြင် ဖြတ်သန်းခဲ့၏။ တမာန့်သည် လေထဲဝယ် ပျံ့လွင့်လာလေသည် အိမ်လွမ်းသော ဝေဒနာကို ထပ်တူ သယ်ဆောင်လာ၏။

သူ၏ အိမ်သည် အမိုးနိမ့်နိမ့် ဖက်ကာဖက်မိုး မြေစိုက်တဲငယ် တစ်လုံး သို့မဟုတ် ကျူရိုးကာ ကျူလက်မိုးသည့် တဲငါတဲတစ်လုံး ဖြစ်ဖွယ် ရှိ၏။ တကယ်တော့ သူ့၌ ထိုမျှသော အိုးအိမ်ကိုပင် ပိုင်ဆိုင် ခဲ့ဖူးခြင်း မရှိ။ သူ၏ ခြေဖဝါးတို့၌ သမန်းမြက် ရှရာများနှင့် ကျောက်ချွန်ခ ရှရာများဖြင့် ပြည့်လျက်။ သူ့လက်ထဲ၌ ပလွေတို တစ်စင်း ရှိမည် ဆိုလျှင် ဧရာဝတီမြစ်အား ချစ်ခဲ့ခြင်းကို ဖွဲ့ဆို နိုင်ပါလိမ့်မည်။ ယခုတွင် ပုလွေတိုတစ်စင်းလည်း မရှိ။ သူ့ရင်၌ ဂီတတို့ စီးဆင်းရာ မြစ်တစင်းလည် ခြောက်သွေ့လျက်။

ကျောက်ချွန် ကျောက်ဆူးတို့ကြားတွင် သူသည် တခေါင်းခါးပင် များကို နှုတ်ခြင်းဖြင့် အသက်မွေးသူ ဖြစ်လို့ နေ၏။ ထိုဘဝတွင် ပူပြင်းစွာ တောက်လောင်သော နေလောင်ခြင်းဒဏ်ကို ခံနိုင်ရည် ရှိခဲ့ပြီ အညာနေ၏ ပူလောင်ခြင်းအောက်မှာ ကျောက်ကြို ကျောက်ကြားတို့တွင် ခွေနေသော မြွေပွေးတစ်ကောင်တလေကို မတွေ့ခဲ့လျှင် ဖြစ်၏။ မြွေသည် သူ၏ အသက်ရှင်မှုကို လိုချင်မျက်စိဖြင့် စောင့်ကြည့်နေတတ်၏။

တခေါင်းခါးတစ်ပင် သို့မဟုတ် မြွေပွေးတကောင်၏ မျက် တစ်စုံ။ သူသည် တခေါင်းခါးပင်များကို ရဲရင့်စွာပင် ရှာဖွေခဲ့၏ ခါးပုံစထဲတွင် တခေါင်းခါးပင်တို့ ပြည့်လုပြီ။ မြွေပွေးထက်ပင် ဆိုးရွား အဆိပ်ပြင်းသော မြွေသိုက်အစုအဝေးသည် သူ့နှလုံးအိမ်ထဲတွင် အုံ စုခဲ့လို့ နေခဲ့ပြီ ဖြစ်၏။ ဒါကြောင့်ပင် သူ မြွေကို မကြောက်တတ်တော မျက်ခမ်းပေမေးနှင့် သူက မြွေပွေးကို ပြန်၍ ကြည့်လျှင် မြွေသည်ပင် သူ ဝိညာဉ်ကို လန့်ဖျပ်သွားနိုင်လောက်၏။



တစ်ညချမ်း၌ သူသည် ကျောက်တုံးများကြားတွင် နားနေ၏။ ခြောက်ငါးပြင်ငှက်တစ်ကောင်ကို တံကျင် လျှိုလျက် လက်တစ်ဖက်မှာ ကိုင်ထား ၏၊ သူ၏မာနတရားသည် ငှက်တစ်ကောင်အား အောင်သေ အောင်သား အဖြစ် စားရန် မီးပုံတစ်ပုံအဖြစ် တဟုန်းဟုန်း လောက်မြိုက် တောက်လောင် သော၏။ ငှက်မွေးတို့ မီးမြိုက်သည့်အနံ့ကို ရလျှင်မှ သူသည် သူ၏ ဆာလောင်မှုအတွက် ငိုကြွေးတတ်ပြန်၏။ သူ့အား လူသာမန် တစ်ယောက် အဖြစ် စကြာဝဠာ တစ်ခုလုံးက ခွင့်လွှတ် နားလည်ကြစေလိုသည်။ ထိုအရာတွင် သူ့ဝိညာဉ်၌မူ လူ သာမန်မျှ မဟုတ်ကြောင်းလည်း ပြသချင် နေ၏။ နှင်းရည်တို့ စိုစွတ်နေသော ကျောက်တုံးများကြားတွင် ကွေးနေသော သူ့အား ကြယ်တို့သည် မျက်ကွယ် ပြုထားကြသည်။

* * *

ပန်းချီကား တစ်ချပ်ရှေ့၌ သူ ရပ်နေခဲ့၏။

ထိုပန်းချီကားမှာ စုတ်ချက်ရာတို့ ဖွာလျက်၊ မီးသဂြိုဟ်စက်၏ ခေါင်းတိုင်မှ လွင့်မျောသွားသော မီးခိုးငွေ့များနှင့် သူ၏ ရုပ်ပုံလွှာ ပါးပါးတစ်ခု။ အနုတ္တနှင့် အတ္တဟု အမည်ပေးထားသော ကား။ သူ၏ ကော်ဆိတ်ကျင်စွယ်တို့မှာ ထိုးထိုး ထောင်ထောင်၊ မျက်လုံးတွေက ခန့်ကြာင်ကြောင်။ ထိုပန်းချီကားကို သူ မအိပ်မနေ ကြိုးစား ရေးဆွဲ ခဲ့သော်လည်း သူသည် ပီပြင်သော ပန်းချီဆရာတစ်ယောက် မဖြစ်ခဲ့ပေ၊ ချင်းချက် လက်ရာမှာ ကြမ်းလှသည်။ သူသည် ထိုပန်းချီကားချပ်ကို သူ၏ ဂန္ထဝင်လက်ရာတစ်ခု အဖြစ် ထုတ်ဖော်လိုခဲ့သည်။ အရောင်မှားများ အထပ်ထပ် စမ်းသပ် ရေးဆွဲထားသဖြင့် ဆေးရောင်များသည် ညစ်ထေး ညှိုးနွမ်းလျက်။

တွန့်လိမ် ကွေးကောက်သော နှုတ်ခမ်းဖြင့် ကြိမ်ဖန်များစွာ ပြုံးပြီးပြီ ဖြစ်သော်လည်း သူ ထပ်မံ၍ ပြုံးပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောက၏ အမှားများ၊ ဘဝ၏ သျှို့ဝှက် နက်နဲသော ကမ်းခြေ လှျို့မြောင်များကို ငါသာလျှင် နားလည် ခံစားနိုင်စွ ရှိသူပါတကား ဟူသည့် ဂုဏ်ယူပြုံးမျိုး။

ပန်းချီကား၏ တန်ဖိုးကို သူသာလျှင် သိ နားလည်ပြီး သူ့အတွေး သူ့ဝိညာဉ်စိတ်ကို သူ ပြန်လည် ရိုကျိုးစေသော အပြုံးမျိုးလည်း ဖြစ်၏

သူ၏ ပန်းချီကားချပ်ကို တပ်မက်စွာ ကြည့်ရင်း သူပြုံးနေ တရားရိပ်သာ တစ်ခုဆီမှ အသံသဲ့သဲ့ ပျံ့လွင့်လို့လာ၏။ မိုးကု ဆရာတော်ဘုရားကြီး၏ သစ္စာလေးပါး တရားတော် တိပ်ခွေဖွင့်သံ၊

'အဲဒါ အပါယ်ကျဖို့ ပြုံးတာ၊ ဘယ်ရောက်ဖို့ ပြုံးတာတ (အပါယ်ရောက်ဖို့ ပြုံးတာ) အတော် မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ ဘုရား) ကိုင်း– ဒါဖြင့် ခင်ဗျားတို့ကို ပြုံးစေချင်လို့ သတိပေးလို ပါတယ်၊ ဒါ ဖြတ်တဲ့အချိန် ပြုံးပါ၊ (မှန်ပါ) ဒါ မပြတ်လို့ ရှိရင်ပြ ငါကိုယ်ကျိုးနဲပြီလို့ မဲ့ချည်း နေရမယ်၊ (မှန်လှပါ) ဒါ ပြတ်အော လုပ်နေတော့ ဘယ့်နှယ် ဆိုကြမလဲ၊ (ပြုံးရမယ်)၊ ပြုံးရမယ်၊ သံသ စခန်းသတ်ပြီကွ၊ (မှန်ပါ) ဒါ မပြတ်သေးရင် (မဲ့ရမယ်)။ --------------------

လင်းတက ခွေးသားစားပြီး ပြုံးနေတာ ဘယ့်နှယ် ဆိုကြမလဲ။

ကိုယ်က လင်းတဆိုတော့ တိရိစ္ဆာန်–ခွေးသားကလည်း အပု အစပ်၊ ဒါစားပြီး ပြုံးနေတယ်ဆိုတော့ ဒကာ–ဒကာမတွေရဲ့ ခင်ဗျားတ ပြုံးနေပုံက ကြောက်စရာကြီး'

စီးပွားရေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း(၁၉၉၄–၉

# နှင်းဝေငြိမ်း၏ ဝတ္ထုတို

[အကြောင်းနာရင်ခွင်]

www.burmeseclassic.com

www.burmeseclassic.com



## စာရေးဆရာမ နှင်းဝေခြိမ်းနှင့် တွေ့မေးခြင်း

ဆရာမ နှင်းဝေခြိမ်းသည် ၁၉၈၂-ခုနှစ်တွင် ရုပ်ရှင်သတင်းစဉ်၌ 'ါကား အဟောင်းအားလုံးကို ချစ်သည်' ဟူသော ဝတ္ထုဖြင့် စာပေလောကသို့ ရောက်ရှိလာသူ ဖြစ်သည်။ ယနေ့အထိ မဂ္ဂဇင်း ဝတ္ထုတို ၁၅-ပုဒ်၊ မဂ္ဂဇင်းဝတ္ထုရှည် ၇-ပုဒ်နှင့် ရည်းစားနှင့်ပါနော်၊ အချစ်က သလားလို့၊ သူများတွေကို မပြောလိုက်ပါနဲ့နော်၊ အလွမ်းမိုးနှင့် ခမ်းမှာ စိုးတယ် ခင်၊ မေ့နိုင်ပါ့မလား သံယောဇဉ်ရယ်၊ အချစ်ကို အားနာစရာ မလိုဘူးလေ၊ နှလုံးသားကို ကျေးဇူးတင်ပါသည်၊ လွမ်းခွင့်၊ အချစ်ကို အချစ်လို့ပဲ နားလည်တယ်၊ မောင် ယုံချင်မှ ယုံပါလေ၊ ချစ်ခြင်းအားဖြင့်၊ မနက်ဖြန်မှ မေ့သွားမှာပါ၊ မုန်းတမ်းကစားစေ၊ သံယောဇဉ် မြစ်ဖျားက အချစ်များစွာပါ မောင်၊ မာနဆောင်း၊ မာယာစိမ်းလဲ့ညို၊ မိုးစက်တွေ ကြွေ၊ သမုဒယ အစေအပါး၊ လမင်းသိမ်းတဲ့ ည်မ်၊ မင်္ဂလာရှိသော မိန်းမ အစရှိသည့် လုံးချင်းဝတ္ထု အုပ်၂၀ ရေးသားခဲ့ပြီ ဖြစ်သည်။ မာနဆောင်းကို ဗွီဒီယိုအဖြစ် ရိုက်ကူးခဲ့ပြီး ဖြစ်ပြီး မာယာစိမ်းလဲ့ညို၊ မိုးစက်တွေကြွေနှင့် မင်္ဂလာရှိသော မိန်းမကို ဗွီဒီယို ရိုက်ကူးရန် စီစဉ်လျက် ရှိသည်။

အချစ်ဝတ္ထုရေး ဆရာမ နှင်းဝေခြိမ်းနှင့် တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေး။ ဆရာမ ဝတ္ထုရေးရာမှာ အကြောင်းအရာကို ဦးစားပေးပါသလား ဇာတ်ကောင်စရိုက်ကို ဦးစားပေးပါသလား။

ဖြေ။ အရင်ကတော့ ဝတ္ထုရေးရင် အကြောင်းအရာကို ဦးစားပေးပါတယ်။ အခု နောက်ပိုင်း ကျွန်မရဲ့ ကိုယ်ပိုင်ဟန်ဖြစ်အောင် အရေးအသားကိုပါ သတိထား ကြိုးစား ရေးဖွဲ့ရင်း ဇာတ်ကောင်စရိုက်ဖော် ဇာတ်အိမ်ရှိ ဝတ္ထုမျိုးပဲ ရေးချင်လာပါတယ်။ ကြိုးစားပြီး ရေးလည်း ရေးနေပါတယ်။

မေး။ အခု ဆရာမ ရေးခဲ့တာ လုံးချင်းဝတ္ထု အုပ် ၂၀ ရှိပြီလို့ သိရပါတယ်၊ ဘယ်လို ဝတ္ထုအမျိုးအစားတွေပါလဲ။

ဖြေ။ ကျွန်မ ဝတ္ထုတွေဟာ မေတ္တာဖွဲ့ များပါတယ်၊ လုံးချင်း ဝတ္ထုမှာပဲ ဖြစ်ဖြစ်၊ မဂ္ဂဇင်း ဝတ္ထုတို၊ ဝတ္ထုရှည်တွေမှာပဲ ဖြစ်ဖြစ် ကျွန်မ မေတ္တာဖွဲ့ အရေးများတတ်ပါတယ်။ သုံးပွင့်ဆိုင်လည်း ရေးပါတယ်၊ အိမ်ထောင်ရေး ဝတ္ထုလည်း ရေးပါတယ်။ လူငယ်တွေရဲ့ ချစ်စရာကောင်းတဲ့ စရိုက်ဖော် အချစ်ဝတ္ထုမျိုးလည်း ရေးပါတယ်။ အကြောင်းအရာထပ် အတွေးအခေါ်ထပ် ဝတ္ထုမျိုးတွေတော့ မရေးချင်ပါဘူး။ အဲဒီလို ရေးရင် ပရိသတ်ရဲ့ စေတနာနှင့် အားပေးမှုကို လျစ်လျူရှုတာနှင့် တူပါတယ်။

မေး။ ဝတ္ထုတစ်ပုဒ် ရေးသားရာမှာ အကြောင်းအရာနှင့် အတတ်ပညာ အချိုးညီစွာ ဖွဲ့စည်းနိုင်မှ ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်ပေါ်လာနိုင်တယ်လို့ ထင်ပါတယ်၊ အကြောင်းအရာ အားကောင်းပြီး အတတ်ပညာ အားနည်းနေရင် ဒါမှမဟုတ် အတတ်ပညာ အားကောင်းပြီး အကြောင်းအရာ အားနည်းနေရင် ဝတ္ထုကောင်း တစ်ပုဒ် မဖြစ်လာနိုင်ပါဘူး။ ဆရာမအနေနှင့် လုံးချင်းဝတ္ထု ၂၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၇-ပုဒ်နှင့် မဂ္ဂဇင်းဝတ္ထုတို ၆၅-ပုဒ် ရေးသားခဲ့ပြီးပြီ ဆိုတော့ ဆရာမဟာ ဆရာမနှင့် ထိုက်တန်တဲ့ နေရာတစ်ခုကို ရရှိနေပြီလို့ ဆိုနိုင်ပါတယ်။



စာရေးဆရာတိုင်းမှာ ရေးဖွဲ့ဟန် တစ်ဦးနှင့်တစ်ဦး မတူကြပါဘူး။ ဆရာမမှာလည်း တစ်ခြား ဆရာ၊ ဆရာမတွေနှင့် မတူညီတဲ့ ရေးဖွဲ့ဟန်တစ်မျိုးကို တွေ့ရပါတယ်။ အဲဒီ ရေးဖွဲ့ဟန်ကို ဆရာမ ဘယ်လို ယူခဲ့ပါသလဲ။

ဖြေ။ မြန်မာစကားပြေကို ' သည် '၊ ' ၏ '၊ ' ပါ '၊ ' ချေ 'နှင့် အဆုံးသတ် တတ်ရုံနှင့် ဝတ္ထုရေးခြင်း အတတ်ပညာ ပီပြင်တယ်လို့ ကျွန်မ မထင်ပါဘူး။ သေသပ် လှပတဲ့ စကားလုံးတွေ၊ ဆန်းသစ် ခေတ်မီတဲ့ အဖွဲ့အနွဲ့တွေနှင့် ခေတ်နောက် မကျန်ခဲ့ဘဲ မိမိ ရေးသားနေတဲ့ ခေတ်ကာလကို မျက်ခြည်မပြတ်တဲ့ အရေးအသားမျိုးဟာ ကျွန်မ ကြိုက်နှစ်သက်တဲ့ ရေးဟန်ပါ။ ဒီလို ရေးတဲ့နေရာမှာ အမြဲတမ်း စာရေးဆရာက ပြောတဲ့ ပြောဇာတ်ထက် ဇာတ်ကောင်တွေ နေရာက ဝင်ပြောတဲ့ဟန်၊ ဇာတ်ကောင် သုံးယောက်ကို ကိုယ်စားပြုပြီး သူတို့ တစ်ဦးချင်း နေရာက ခံစားရေးဟန်ကို ပိုသဘောကျပါတယ်။ ပို အားကောင်းတာကတော့ First Person နေရာက ရေးရတာကိုပါ။ ဒါပေမယ့် ဇာတ်တစ်ဇာတ်လုံးကို တစ်ယောက်တည်းက ပြောပြရတော့ သူ့ အမှန်ချည်း၊ သူ့ အကောင်းချည်း ဖြစ်မှာလည်း စိုးပါတယ်။ အဲဒါကြောင့် ကျွန်မဝတ္ထုထဲမှာပါတဲ့ အဓိက ဇာတ်ကောင်တွေရဲ့ နေရာကို ကျွန်မကိုယ်တိုင် ခံစားတယ်။ သူ့နေရာမှာ ငါဆိုရင် ဆိုပြီး၊ သူ ဘာပြောချင်မလဲ ဆိုတဲ့ အတွေးနှင့် တစ်လှည့်စီ ပြန်ရေးပါတယ်။ စကားလုံး တစ်လုံးတိုင်း တစ်လုံးတိုင်း၊ ဝါကျတစ်ကြောင်းတိုင်း၊ တစ်ကြောင်းတိုင်းအတွက် ကျွန်မမှာ လုံးဝ တာဝန်ရှိပါတယ်။ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာတွေရဲ့ အဆိုအမိန့်၊ အယူအဆတွေကို လိုက်နာပြီး ကျွန်မရဲ့ ကိုယ်ပိုင် အတွေး

www.burmeseclassic.com

www.burmeseclassic.com



အခေါ်နှင့် ဝတ္ထုအပုဒ်တိုင်းကို ရေးမိပါတယ်။ ဝတ္ထုရေးသမား တစ်ယောက် ဖြစ်လာရင် မိမိအရေးအသား ပိုမို တိုးတက် ကောင်းမွန်အောင် အစဉ် သတိရှိသင့်ပါတယ်။ တစ်အုပ်နှင့် တစ်အုပ် ရေးဟန် ပြောင်းလဲပစ်တာထက် အရေးအသား တိုးတက်ကောင်းမွန်အောင် အတတ်နိုင်ဆုံး သတိထား ရေးဖွဲ့ ပါတယ်။ အရင်က ကျွန်မ အရေးအသား ညံ့နေခဲ့ရင် ရှက်စရာ မဟုတ်ပါဘူး။ ကြိုးစားစ ကာလကိုး။ အခု ကြိုးစားမှု တဖြည်းဖြည်း အရာထင်လာတဲ့အခါ စာရေးသက် ဘယ်လောက် ရှိပြီလဲလို့ ကိုယ့်ကိုကိုယ် ပြန် သုံးသပ်တယ်။ ရေးသက်ကြာ လာရင် အရေးအသားလည်း ပိုတိုးတက်သင့်တယ်လေ။ ရေးသက် ကြာလာလို့မှ အရေးအသားက လုံးဝ မပြောင်းလဲ ဆက်ပြီး ညံ့ဖျင်းနေရင် ကျွန်မ ဝတ္ထုရေးသမားကောင်း မဖြစ်သင့်တော့ဘူးလို့ ထင်ပါတယ်။

မေး။ ဆရာမ ရေးခဲ့တဲ့ လုံးချင်းဝတ္ထုတွေထဲမှာ အားအရဆုံးနှင့် အကြိုက်နှစ်သက်ဆုံး ဝတ္ထုက ဘယ်ဟာပါလဲ။ ဘာ့ကြောင့် ကြိုက်နှစ်သက်ရတယ် ဆိုတာလေးပါ သိပါရစေ။

ဖြေ။ ကျွန်မ ရေးခဲ့သမျှတွေထဲမှာ ကျွန်မကြိုက်တာ **မိုးစက်တွေကြွေ** ၁၇–အုပ် မြောက်ပါ။ ဇာတ်လမ်း တည်ဆောက်ကတည်းက ကိုယ်တိုင် အဲဒီ ဇာတ်ကောင် သုံးကောင်စလုံး ကျွန်မချည်း ဖြစ်နေလို့ပါ။ ဒီလိုဝတ္ထုမျိုးကလည်း သမားရိုးကျဝတ္ထု ဖြစ် ခဲ့ရင်တောင် အဲဒီဝတ္ထုထဲက လူငယ်တွေဟာ စိတ်ပိုင်း ဆိုင်ရာ အရ အဆင့်မနိမ့်ကြဘဲ သာမန် အတွေးအခေါ်ထက် ပိုရင့်ကျက် နိုင်မာတဲ့ စိတ်ဓာတ်တွေနှင့် သူတို့ရဲ့ မာနတွေကို လူငယ်ပီပီ ကျင့်သုံးသွားကြပါတယ်။ ဒီနေ့ ခေတ်ရဲ့ လူငယ်တွေ အကြောင်းပါ။



အချစ်ဝတ္ထုတစ်ပုဒ်မှာ သုံးပွင့်ဆိုင် ဇာတ်လမ်းရေး ရတာ အလွယ်ဆုံးနှင့် ရေးကွက် အကောင်းဆုံး ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ' မိုးစက်တွေကြွေ ' မှာတော့ သုံးပွင့်ဆိုင် ဇာတ်လမ်း ပေမယ့် ဇာတ်ကောင် အမျိုးသမီး နှစ်ယောက်စလုံး မြင်တောင် မမြင်တွေ့လိုက်စေရပါဘူး။ ဆုံသင့် ဆုံထိုက်လို့ မိန်းမချင်း ဖြေရှင်းတာမျိုး၊ ယောကျ်ားချင်း ဖြေရှင်းတာမျိုးက လွဲရင် အမိုက်မဲ ရန်ဖြစ်စကားများကြတာမျိုးကို ကျွန်မ မရေးမိ အောင် အထူး သတိထားပါတယ်။ 'မိုးစက်တွေကြွေ' ရဲ့ ရည်ရွယ် ချက်က လူငယ်ဆိုတာ မိမိကိုယ်တိုင် မကြိုက်နှစ်သက်ဘဲ ပုံသွင်းခံရရင် အာခံ ဆန့်ကျင်တဲ့ စိတ်နှင့် သည်းခံနိုင်မှုဆိုတာ အတိုင်းအတာပဲ ရှိတယ်ဆိုတာ ဖော်ပြချင်တာပါ။သဘာဝလွန် ဖြစ်တောင့် ဖြစ်ခဲ ဝတ္ထုထဲမှာ မပါနိုင်ဘူး။ ဖြစ်တတ်တဲ့ သဘာဝထဲမှာ ပါပါလိမ့်မယ်။

မေး။ မိဘနှင့် သားသမီးတို့ရဲ့ မေတ္တာဖွဲ့ကို **'မာနဆောင်း'** မှာ ဖတ်လိုက်ရပါတယ်။ အဖေကို သိပ်ချစ်တဲ့ သမီးဖြစ်သူ 'တင်ထားဝေ'ကို ဇာတ်ကောင်ပြု ရေးဖွဲ့ထားတာပါ။ 'မာန ဆောင်း' ကို ဘယ်လို ခံစား ရေးဖွဲ့ခဲ့ပါသလဲ။

ဖြေ။ 'မာနဆောင်း'က ၁၅–အုပ်မြောက်ပါ။ 'မိုးစက်တွေကြွေလိုပဲ ကန်သာစိမ်းလဲ့ စာပေက ထုတ်ဝေခဲ့တာပါ။ 'မာနဆောင်း'ကို ပရိသတ် ကြိုက်တယ်လို့ သိရပါတယ်။ ဗွီဒီယိုလည်း ရိုက်ဖြစ်ပါတယ်။ ဗွီဒီယိုကား တစ်ကား အနေနှင့် ပရိသတ် လက်ခံခဲ့ပါတယ်။ အဲဒီအတွက် ဒါရိုက်တာ ဟိန်းစိုးရဲ့ ကြိုးစား တင်ပြမှုကို ကျွန်မ ကျေးဇူးတင်ပါတယ်။ အဲဒီ ဝတ္ထုထဲက 'တင်ထားဝေ 'ဟာ မြန်မာ အမျိုးသမီးတစ်ယောက် ဖြစ်ပြီး အဖေကို သိပ်ချစ်တဲ့ သမီးလည်း ဖြစ်ပါတယ်။ ကျွန်မ သူ့နေရာက ခံစား ရေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဝတ္ထု ဇာတ်လမ်း ဘယ်က ရသလဲဆိုရင် ဝတ္ထု တစ်ပုဒ် ဖတ်ရင်း ရတာပါ။ ဝတ္ထုကလည်း ဒီကနေ့ နာမည်ကြီး မြန်မာ ဝတ္ထုပါ။ အဲဒီ ဝတ္ထုမှာ ဇာတ်ကောင် မင်းသမီးက အဖေကို အထင်သေး ရှုတ်ချထားပါတယ်။ အဖေအရင်းကို ရက်ရက်စက်စက် ရေးဖွဲ့ပြထားတာ ဖတ်မိပါတယ်။ ရေးတဲ့ သူက သူ့အမြင် သူ ရေးပေမယ့် ကျွန်မ အတော် စိတ် မချမ်းမသာ ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ မိသားစုမှာ အဖေဆိုတာ စံပြပဲ။ အဖေကို ချစ်တယ်၊ ကြောက်တယ်၊ ရိုသေတယ်၊ လေးစားတယ်၊ ဒီလို အဖေနှင့် နေ နေရတဲ့ ကျွန်မအနေနှင့် ဒီဝတ္ထုထဲက အဖေမျိုး (အပြင်မှာ ရှိလို့ ရေးပေမယ့်လည်း) ငါ့ အဖေ မတော်ရတာ ကံကောင်း လိုက်တာလို့ တွေးမိသွားတယ်။ ဒီအတွေးကိုက ဗုဒ္ဓဘာသာဝင် အနေနှင့် ငရဲကြီးဖို့ သိပ်သေချာပြီ။ မိဘ ဝတ္တရားကျေတာ မကျေတာ မိဘတာဝန်ပဲ။ သားသမီး ဝတ္တရား ကျေဖို့မှာ ကျွန်မတို့ တာဝန်။ 'မှန်လိုကျင့်စဉ်'ဟာ မိဘနှင့် သားသမီး အတွက် မဖြစ်သင့်ပါဘူး။ အဖေက မှဲ့ပြလို့ ကျွန်မတို့က လိုက် မှဲ့မပြသင့်ပါဘူး။ 'အဖေနှင့် သား' ဇာတ်လမ်း တီဗွီမှာ ကြည့်တုန်းက အဖေနှင့် အတူတူ ကြည့်နေရင်း အဖေကို သိပ်အားနာနေတယ်။ ကျွန်မအဖေက ကျွန်မတို့ဘက် တစ်ချက် လှည့်ကြည့်ပြီး 'တွေ့လား' လို့ပဲ ပြောပြီး ပြုံးတယ်။ သိပ်ပြီး အဓိပ္ပာယ် ပါတာဘဲ။ ကျွန်မတို့က ဒီလို သားသမီးမျိုး မဟုတ်ဘဲနဲ့တောင် အဲဒီလို ပြောမိ နေမိရင် ငရဲ ကြီးပါပြီ ဆိုပြီး ကြောက်ခဲ့တယ်။ ဒါ တကယ့်ခံစားချက်ပါ။

ဒီတော့ ကျွန်မ ဖတ်မိခဲ့တဲ့ ဝတ္ထုကြောင့် ကျွန်မ ဘာပြန်လုပ်ရမလဲ ဆိုပြီး တွေးမိတာ မဆန်းပါဘူး။ စာရေး



ဆရာမ တစ်ယောက်အနေနှင့် ကျွန်မမှာလည်း လုံးချင်းဝတ္ထု ရေးခွင့် အခြေအနေ ပေးနေလျက်နှင့် ဒီလို ဝတ္ထုမျိုး ဖတ်ပြီး မသိဟန်ဆောင်ရမယ်ဆိုတာ လုံးဝ တာဝန်မဲ့ပါတယ်။ ဒါကြောင့် အဖေဆိုတဲ့ လူတစ်ယောက်အပေါ် ထားတဲ့ သားသမီးတွေရဲ့ ချစ်ခြင်း မေတ္တာနှင့် အဖေရဲ့ ကြီးမားတဲ့ မေတ္တာတရားကို အကြွင်းမဲ့ အပြည့်အဝ ခံစားစေချင်တဲ့ စေတနာ တစ်ခုတည်းနှင့် 'မာနဆောင်း'ကို ရေးခဲ့ခြင်း ဖြစ်ပါတယ်။

မေး။ ဆရာမ နောက်ဆုံး ထွက်ရှိခဲ့တဲ့ ဝတ္ထုက ဘာပါလဲ။ ဘယ်လို အကြောင်းအရာမျိုး ရေးဖွဲ့ထားပါသလဲ။

ဖြေ။ နောက်ဆုံး ထွက်ရှိတဲ့ စာအုပ်က **'မင်္ဂလာရှိသော မိန်းမ'** ပါ။ ပရိသတ် ကြိုက်နှစ်သက်တယ်လို့ ကြားသိရပါတယ်။ 'မင်္ဂလာ ရှိသော မိန်းမ' က ခေတ်ညွန့်စာပေတိုက် ပြန်ထုတ်ဝေတဲ့ အနေနှင့် လုံးချင်းဝတ္ထုသစ် ပေးလိုက်တာပါ။ အဲဒီ ဝတ္ထုကိုတော့ ရေးဖို့ ဇာတ်လမ်း ရထားတာ တစ်နှစ်လောက် ရှိပါပြီ။ ဇာတ်လမ်း မရခင်ကတည်းက ဒီခေါင်းစီးကို ကျွန်မ သိပ်ကြိုက်လို့ သိမ်းထားတာ ကြာပါပြီ။ ခေါင်းစီးနှင့် လိုက်အောင် ဘယ်လို မိန်းမမျိုးက မင်္ဂလာရှိပါ့မလဲ ဆိုပြီး တွေးရင်း တွေးရင်း တစ်ခြား ဝတ္ထုတွေပဲ ရေးနေမိတယ်။ မင်္ဂလာရှိတဲ့ မိန်းမဆိုတာ 'အမေလား'၊ ဒါမှမဟုတ် မိခင်စိတ် ရှိတဲ့ မိန်းမလား။ ချမ်းသာပြီး စိတ်သဘောကောင်းတဲ့ မိန်းမ လား။ သူများ အနိုင်ကျင့် စော်ကားသမျှ ရေမြေလို သဘောထား ကြီးတဲ့ မေတ္တာတရားပြည့်ဝတဲ့ မိန်းမလားနှင့် ကျွန်မ တစ်ယောက်တည်း အဖြေထုတ်ရ ခက်နေပါတယ်။ ဒီအချိန်မှာပဲ ကျွန်မ ရုံးက အစ်မတစ်ယောက်က သူ့အမေရဲ့ အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပြောပြပါတယ်။ လွန်ခဲ့တဲ့ နှစ် ၅၀ လောက်က ဇာတ်လမ်းပါ။ ပြောပြတဲ့ ရည်ရွယ်ချက်ကိုက ကျွန်မကို ရေးစေချင်လို့ပါ။ ပြောတုန်းက သူ့အမေက တစ်ဆင့် ပြောပြနိုင်းတာမို့ ရှေးဇာတ်လမ်း ရှေးအဖြစ်အပျက် ဆိုပြီး ကျွန်မ စိတ်မဝင်စားပါဘူး။ ဒါပေမယ့် ကျွန်မကို စေတနာနှင့် ဇာတ်လမ်းတွေ လာပေးရင် ကျွန်မ ဂရုစိုက် နားထောင်တတ်ပါတယ်။ ကိုယ့်ဇာတ်လမ်း ကိုယ်ရေးဖို့ တစ်ခုတည်းနှင့် ကျွန်မ စာရေးဆရာ မဖြစ်ချင်ပါဘူး။ ကျွန်မ ရေးနေတာတွေ အားလုံး အများကို ကိုယ်စားပြုချင်ပါတယ်။ ဒါ့ကြောင့် ဒီဇာတ်လမ်းကို သုံးလေးခါ နားထောင်ပြီးတဲ့ အခါကျတော့ ဒီဝတ္ထုမျိုးဟာ ပရိသတ်ကို ချပြသင့်တဲ့ ဝတ္ထုလို့ ကျွန်မ သိလာတာနှင့် 'မင်္ဂလာရှိသော မိန်းမ'ကို အပီပြင်ဆုံး ရေးမိပါတယ်။ ဒီဝတ္ထုက သိပ်မထူဘဲနှင့်တောင် ရေးလိုက် ပြင်လိုက် အစားထိုးလိုက်နှင့် ခြောက်လကြာအောင် ရေး ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ အနုပညာဖန်တီးမှုမှာ ကြိုးစား အားထုတ်မှုနှင့် စေတနာလည်း ပီပြင်စေချင်လို့ တန်ဖိုးထား ရေးခဲ့ပါတယ်။

ရေးတော့ ဇာတ်လမ်း ပြောပြတဲ့သူရဲ့ အမိက ဇာတ်ကွက် ဖြစ်တဲ့ အမေက သူ့သမီးကလေးကို သူ့ကလေး ဖြစ်အောင် ဖန်တီးယူတာနှင့် သမီး အရက်မကွဲအောင်ရယ်၊ သူ့သမီးက သူ့ကလေးမှန်း နောက်ဆုံး ဖော်ပစ်လိုက်တာရယ်ကိုပဲ ကျွန်မ ယူပါတယ်။ 'မင်္ဂလာရှိသော မိန်းမ'ထဲက အမိက ဒေါ်ယဉ်ညို ခင်နှင့် ညိုညိုခင်အောင် နေရာမှာ ကျွန်မသာ ဆိုရင် ဆိုပြီး စိတ်တိုင်းကျ ခံစားပစ်လိုက်ပါတယ်။ ပြီးတော့ ဆင့်ပွား ခံစားပြီး ဦးခင်အောင်ညိုဆိုတဲ့ စံပြ အဖေတစ်ယောက် ကို



လည်း ကျွန်မ အတွေးသန့်သန့်နှင့်ပဲ ဖန်တီးနိုင်ခဲ့ပါတယ်။အဲဒီ အဖေမျိုး လောကမှာ အမှန်တကယ် ရှိသလို ဒေါ်ယဉ်ညိုခင် အမေမျိုးလည်း လောကမှာ မရှိသင့်ဘူးလို့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ သူတို့နှစ်ယောက်စလုံးရဲ့ စရိုက်တွေ၊ စိတ်ဓာတ် တွေ၊ အတွေးအခေါ်တွေကို ကျွန်မ သိပ်ကြိုက်တယ်။ ကျွန်မ မမြင်ဘူးတဲ့ မိဘတွေထဲက အတော်ဆုံး၊ အကောင်းဆုံး အမူအကျင့်လေးတွေကို ယူပြီး ဒေါ်ယဉ်ညိုခင်ကို ပုံဖော်သလို ဦးခင်အောင်ညိုကိုလည်း ပုံဖော်မိပါတယ်။ ဒါတောင်မှ ဒီလို အမေနှင့် အဖေရဲ့ တစ်ဦးတည်းသော သမီးလေးဟာ မိဘအုပ်ထိန်းမှု ကောင်းတဲ့ ကြားကနေ မဖြစ်သင့်တာ ဖြစ်သွားသေးတယ်လေ။ တကယ်လို့များ အုပ်ထိန်းမှု ကင်းမဲ့ နေတဲ့ သမီးလေးတွေဟာ မိဘ မအုပ်ထိန်းလို့ ဆိုပြီး ထင်ရာ လုပ်နေရင် ဘယ့်နှယ့် လုပ်ပါ့မလဲ။ အဲဒါကြောင့် ကျွန်မနှင့် ရွယ်တူ၊ ကျွန်မထက် ငယ်တဲ့ ညီမလေးတွေအတွက် ကိုယ်ချင်းစာစိတ်နှင့် ဒီဝတ္ထုကို ပိုစေတနာထားမိပါတယ်။

အမေတစ်ယောက်ရဲ့ တာဝန်ဟာ တာဝန်သိတတ်ရင် သိတတ်သလောက် သိပ်လေးနက်ပါတယ်။ အဲဒါကို သမီး တွေက မထိမဲ့မြင် မလုပ်စေချင်ပါဘူး။ အမေဆိုတာ သူ့ခင်ပွန်းရဲ့ တန်ဖိုးကို မြှင့်ပေးနေသူ စစ်စစ်ပါ။ တန်ဖိုးရှိတဲ့ ခင်ပွန်းသည်အတွက် တန်ဖိုးရှိတဲ့ ဇနီးကောင်းတွေရဲ့ အလုပ်ကို ဒီဝတ္ထုမှာ ဒေါ်ယဉ်ညိုခင် လုပ်ပါတယ်။ ပြီးတော့ သမီးရဲ့ အတွေးနုနုနှင့် အဆင်ခြင်တရား နည်းခဲ့တာကို 'ငမိုက်သား နင်ချည်း ခံတော့' ဆိုပြီး အပြစ်မဖို့ဘဲ ဆက်မမှားအောင် ထိန်းသိမ်းပေးပါတယ်။ အမှားတစ်ခုကို တစ်ကြိမ်ပဲ အပြစ်ခံ ပါတယ်။ နောက်ထပ် ကျူးလွန်အောင် အားပေးတာမျိုး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ဒါကို အမေက သူ့သမီးကို မြှောက်ပေးတယ်လို့
ပြောလာရင် ကျွန်မ အခိုင်အမာ ငြင်းပါတယ်။ ဒီဝတ္ထုမျိုးက
အရွယ်ရောက် သမီးတွေ မွေးထားတဲ့ အမေတွေကို ဒါမျိုး
ဖြစ်ခဲ့ရင် ဒါမျိုး လုပ်လိုက်လို့ လှုံ့ဆော်တဲ့ ဝတ္ထုမျိုး လုံး
မဟုတ်ဘူးလို့လည်း ကျွန်မ ထိပ်ပြာသန့်တယ်။ အမေ
တစ်ယောက်ရဲ့ အသိဉာဏ် ကြီးမားမှုက ဖခင်နှင့် သမီး
မြေးတို့ရဲ့ အရှက် အသက်တွေကို ကာကွယ်ပေးခဲ့တာပါ။
သမီးတွေကလည်း ငါ့အမေက ကယ်မှာပဲ၊ ငါတော့ ဒီလို
နေပစ်လိုက်မှာပဲလို့ အတွေးအခေါ်မှားတွေ ဝင်မှာလည်း
မဟုတ်ပါဘူး။ မိခင်၊ ဖခင်ကောင်းရဲ့ သမီးကောင်းတွေဟာ
သူတို့ မိဘသိက္ခာကို ပြန်ငဲ့ညှာတတ်ကြမယ်လို့ ကျွန်မ
ယုံကြည်လို့ 'မင်္ဂလာရှိသော မိန်းမ'ကို ရည်ရွယ်ချက် ကြီးကြီး
နှင့် ရေးတာပါ။ ဒီလို အမေမျိုး အခုလို ခေတ်မီ တိုးတက်နေတဲ့
ခေတ်ရေစီးကြောင်းမှာ ရှိကို ရှိသင့်ပါတယ်။

**မေး။** 'မင်္ဂလာရှိသော မိန်းမ 'ကို ဗွီဒီယို ရိုက်ဖို့ ဝယ်သွားတယ်လို့
ကြားသိရပါတယ်။ ဟုတ်ပါသလား။

**ဖြေ။** စိန်ရွှေ ဗွီဒီယိုက ဝယ်သွားတာပါ။ ဒါရိုက်တာက
မောင်မျိုးမင်းပါ။ ကျွန်မ အလေးအနက် ခံစားထားတဲ့
စာတွေကို အရုပ်နှင့် ကိုမျိုးမင်းက ခံစား ဖော်ပြတဲ့အခါ
ကျွန်မပြောချင်တဲ့ ရည်ရွယ်ချက်ကို သူ ထိမိအောင် ပြနိုင်လိမ့်
မယ်လို့ အစွမ်းကုန် ယုံကြည်ထားပါတယ်။ ဒီဝတ္ထုမျိုးကို
သူ့လက်ထဲ ပေးလိုက်ရတာ စိတ်ချတယ်။ တကယ်လို့များ
'မင်္ဂလာရှိသော မိန်းမ' ဗွီဒီယို ဇာတ်ကား အောင်မြင်မယ်ဆိုရင်
ဒါရိုက်တာ မောင်မျိုးမင်း အရည်အချင်းကြောင့် အောင်မြင်
တာပါလို့ ဒီနေရာကနေ ကျွန်မ ကြိုတင် ပြောထားပါရစေ



**မေး။** တစ်ချို့ စာရေးဆရာတွေရဲ့ ဝတ္ထုတွေမှာ ဇာတ်လမ်းအတိုင်း ဇာတ်ဆောင်က လိုက်ပါသွားရတာ တွေ့ရသလို တစ်ချို့ ဝတ္ထုတွေမှာ ဇာတ်ဆောင် ဆွဲခေါ်ရာ နောက်သို့ ဇာတ်လမ်းက လိုက်ပါသွားရတာ တွေ့ရပါတယ်။ ဆရာမ ဝတ္ထုရေးတဲ့အခါ ဗွီဒီယို ရုပ်ရှင် ရိုက်ဖို့ ရည်ရွယ်ပြီး ဇာတ်ကွက်ချ ဇာတ်အိမ်ဖွဲ့ ရေးခဲ့တာလား၊ ဒါမှမဟုတ် ဇာတ်လမ်း ဇာတ်အိမ်ထက် ဇာတ်ဆောင်စရိုက်ကို အသားပေး ရေးခဲ့တာလား ဆိုတာ သိပါရစေ။

**ဖြေ။** ကျွန်မ ဝတ္ထုရေးတိုင်း ဗွီဒီယို ရုပ်ရှင်ရိုက်ဖို့ ရည်ရွယ်ပြီး မရေးခဲ့ပါဘူး။ ဒီလို အကွက်ချ ရေးဖို့လောက်လည်း အရည်အချင်း မရှိပါဘူး။ ဇာတ်လမ်း၊ ဇာတ်အိမ်နှင့် ဇာတ်ဆောင်တွေက ဆွဲခေါ်သွားတဲ့အတိုင်း ကျွန်မ ရေးလေ့ ရှိပါတယ်။ ကျွန်မတို့ လုံးချင်းဝတ္ထုတွေအပေါ် ဗွီဒီယို ရိုက်ဖို့ စိတ်ဝင်စားလာတာ မကြာသေးဘူးလို့ ထင်ပါတယ်။ အဲဒီ မတိုင်ခင်ကတည်းက ကျွန်မ ဝတ္ထုရေးလာတာပါ။ အနုပညာ ဝါသနာပါလို့ စာရေးရတာကို ရင်ထဲ အသည်းထဲကကို စိတ်ပါဝင်စားလို့ စာရေးဆရာ ဖြစ်အောင် အပင်ပန်းခံ ကြိုးစားခဲ့တာပါ။ ကျွန်မ ရေးပြီးတာကို ကြိုက်လို့ ဗွီဒီယို၊ ရုပ်ရှင်ရိုက်တာကမှ နှစ်ဦး နှစ်ဖက် ပိုသဘာဝကျပါတယ်။ ကြိုတင် ကြံရွယ်ရင်း ရေးရတာ အရသာ မရှိသလိုပဲ။ ကိုယ့်ဝတ္ထုကို ဗွီဒီယို၊ ရုပ်ရှင် ရိုက်ဖြစ်တယ်ဆိုရင်တော့ အမှန်တကယ်ကို ဝမ်းသာပါတယ်။ ပရိသတ် ပိုစုမိသလို ကျွန်မ ပြောချင်တာလည်း ပိုကျယ်ပြန့် စိမ့်ဝင်နိုင်တဲ့အတွက် ကျေနပ် ဝမ်းသာမိပါတယ်။

ကျွန်မရဲ့ 'လမင်းသိမ်းတဲ့ တိမ်' လို ဝတ္ထုမျိုးဟာ ဗွီဒီယို ရိုက်လို့ ရမယ် မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ရေးဟန်က ဝတ္ထုရှည်ဟန် မဟုတ်ဘူး။ ဝတ္ထုတို ရေးဟန်နှ
လုံးချင်းဖြစ်အောင် ဆွဲခေါ် ရေးသွားတာ။ စရိုက်ဖော် ဝတ္ထုမျိုး
ကျွန်မ ရေးချင်လို့ကို ရေးတဲ့ ဒီနေ့ ကျွန်မတို့အရွယ်
လူလတ်ပိုင်း ၂၅–နှစ်ကျော် ၃၀–ကျော် အရွယ်တွေရဲ့ အနုပညာ
အယူအဆ၊ ယုံကြည်ချက်၊ ကြိုးစားမှု၊ စေတနာနှ
အောင်မြင်မှုရဲ့ စိုးမိုးမှုတွေကို တစ်ယောက်ချင်း ချပြတာပါ
အဲဒီ ဝတ္ထုမှာ မိဘ ညီအစ်ကို မောင်နှမ မပါသလောက်
ဒါပေမယ့် အဲဒီထဲက လူငယ်တွေဟာ ထိုင်းမှိုင်း လေးလံ
စိတ်ဓာတ်ကျနေတဲ့ သူတွေ မဟုတ်ဘူး ဆိုတာရယ်၊ သူတို့
အချစ်အပေါ် ထားတဲ့ ခံယူချက်တွေရယ်ဟာ တကယ်
ဖြစ်ပျက်ခဲ့တဲ့ အဖြစ်တွေနှင့် လှပအောင် အနုပညာဆန်အော
ကျွန်မ ရေးပြတာပါ။ လုံးချင်း ဖြစ်ရင် ပြီးရော ဆို
ရည်ရွယ်ချက်နှင့် ဝတ္ထု မရေးဖူးပါဘူး။ ဒါဆိုရင် ချစ်ကြိုး
ကွဲညား သမားရိုးကျ ဝတ္ထု ဟုတ်ကို မဟုတ်ဘူးလို့ ကျွန်မ
မြင်ထားတယ်။ မှားမယ်ဆိုရင်တော့ ထောက်ပြနိုင်ပါတယ်
တစ်ခါတစ်ခါ ပြောချင်တဲ့ စေတနာတစ်ခုတည်းနှင့် ဝတ္
ဖြစ်အောင် ဖန်တီးပြီး ပရိသတ်ကို စည်းရုံးရတာမျိုးလည်း
ကျွန်မတို့ လုပ်သင့် လုပ်ထိုက်ပါတယ်။

**မေး။** တလောက မဂ္ဂဇင်း စာမျက်နှာ အချို့အပေါ်မှာ အချစ်ဝတ္ထု
ပတ်သက်လို့ ရေးကြ သားကြ ငြင်းခုံကြတာတွေ
ဖတ်လိုက်ရပါတယ်။ ဒါနှင့် ပတ်သက်လို့ ဆရာမက ၁၉၆
ခုနှစ် အောက်တိုဘာလထုတ် ရွှေသမင်မဂ္ဂဇင်းမှာ 'ငြိမ်းချမ်း
လိုချင်သည်' ဆောင်းပါး ရေးသားပြီး အဲဒီ ဆောင်းပါးထဲ
ဆရာကြီး ဒဂုန်တာရာကို 'အချစ်ဝတ္ထု ရေးတာ အပြစ်ရှိသလာ
လို့ မေးခဲ့တာ ဖတ်ရပါတယ်။ ဒါနှင့် ပတ်သက်လို့ ဆရာကြ



ဒဂုန်တာရာရဲ့ သဘောထားနှင့် ဆရာမရဲ့ အချစ်ဝတ္ထုအပေါ် ဘယ်လို သဘောထား ရေးဖွဲ့တယ်ဆိုတာ သိပါရစေ။

**ဖြေ။** အချစ်ဝတ္ထု ရေးတာ အပြစ်ရှိပါသလားလို့ ကျွန်မ ဆရာကြီးဒဂုန်တာရာကို မေးခဲ့ပါတယ်။ ဆရာကြီးကလည်း ကျကျနန ပြန်ဖြေပါတယ်။ ငြိမ်းချမ်းရေးကို ချစ်တဲ့ဆရာ ဒဂုန်တာရာက လူသားတွေကို ချစ်တဲ့အတွက် သူ စာတွေ ကဗျာတွေ ရေးနေပါတယ်တဲ့။

အဲဒီအကြောင်း ကြိုတင် ကြံရွယ်ချက်နှင့် မေးခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မမေးသင့်တယ် ထင်လို့ပါ။ ဘာဖြစ်လို့လဲ ဆိုရင် ကျွန်မက အချစ်ဝတ္ထု ရေးနေတဲ့ စာရေးဆရာမ တစ်ယောက်မို့ပါ။ စောင်ရေ အများဆုံး၊အအောင်မြင်ဆုံး စာရေးဆရာ ဟုတ်ဟုတ် မဟုတ်ဟုတ်၊တကယ်လည်း ဝတ္ထုရေးနေ၊ တကယ်လည်း အချစ်ဝတ္ထုလိုင်းမှာ ရောက်ရှိနေတဲ့ ကျွန်မတို့လို စာရေးဆရာတိုင်းဟာ အချစ်ဝတ္ထုရှိသင့်သလား၊ ရေးသင့်သလား၊ မရှိသင့်တော့ဘူးလားဆိုတာ သိကို သိသင့်တဲ့ တာဝန် ရှိပါတယ်။ ကိုယ်ရေးနေတဲ့ ဝတ္ထုဟာ အဆိပ်အတောက် ဖြစ်သလား၊ အပျော်ဖတ်ရုံလား၊ သိမ်းထားလောက်အောင် အဖိုးတန်သလား၊ ကိုးကားရ လောက်အောင် မြင့်မား လေးနက် သလား ဆိုတာ ကာယကံရှင် အသိဆုံးပါ။ မဂ္ဂဇင်း စာမျက်နှာ ပေါ်ကနေ ရေးသား ဝေဖန် နေကြ၊ 'ငါ့ပြောတာ မဟုတ်လို့ မဝင်ကြေး' ဆိုပြီး လက်ရှောင်တာမျိုး၊ဒီလို ငြင်းခုံတာ ဝင်ငွေရတာမှ မဟုတ်တာဆိုပြီး ဘေးထွက်ကြတာထက် မရေးတတ်၊မဆွေးနွေးတတ်လို့ ကျွန်မတို့ ပရိသတ်ပဲ ဖြစ်ခဲ့ကြတာ ထင်ပါတယ်။ ဆွေးလည်း မဆွေးနွေးတတ်ပါဘူး။ အယူအဆ ရေးရာတွေလည်း ကျွန်မ နားမလည်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နားလည်တာက ကျွန်မ အချစ်ဝတ္ထု ဆက်ရေးချင်တယ်၊ ခုတော့ ဆရာ ဒဂုန်တာလို ပုဂ္ဂိုလ်ကတောင် အချစ်ဝတ္ထုရှိသင့်တယ် ဆိုတော့ ကျွန်မကတော့ အချစ်ဝတ္ထုကို ပျော်ရွှင်စွာ ကြိုးစားပြီ ဆက်ရေးနေပါ့မယ်။ ပရိသတ် အားပေးနေတဲ့ အထိပေါ့

စာဖတ် ပရိသတ်က ကျွန်မရဲ့ အားပါ။ ကျွန်မဆီလာတဲ့ စာတွေထဲမှာ စာအချို့ကို ဖတ်ပြီး ကျွန်မ အံ့သြဖူးပါတယ်။ လူတစ်ရာအတွက် ကျွန်မဝတ္ထု တစ်ပုဒ်ဟာ အကျိုးရှိချင်မှ ရှိပါလိမ့်မယ်။ လူ တစ်ယောက်အတွက် အင်အား ဖြစ်ခဲ့တယ် ဆိုတာ သိရတော့ သိပ်ဝမ်းသာဖူးတဲ့ စာမျိုး ဖတ်ရပါတယ်။ ကျွန်မ့ ဝတ္ထုတစ်ပုဒ်ကြောင့် ဆယ်တန်း စာမေးပွဲ ပြန်ဖြေ ဖြစ်တာမျိုး၊ အိပ်ရာထဲ လဲနေတဲ့ ရောဂါသည် လူငယ် တစ်ယောက် ကျောင်းစာမေးပွဲ ဆက်ဖြေတာမျိုးဟာ ကျွန်မ စာဆက်ရေးဖို့ တောင်းဆိုနေသလိုပဲ။ ကျွန်မပရိသတ်က ကျွန်မကို အားပေးနေမယ်ဆိုရင် စာဖတ်ပရိသတ် တစ်ယောက် ရှိရှိ၊ မဂ္ဂဇင်း စာမျက်နှာ ‌တွေကလည်း လက်ခံဦးမယ်ဆိုရင် စာ တစ်သက်လုံး ရေးချင်ပါတယ်။

မေး။ စာရေးဆရာမတွေထဲမှာ ဘယ်စာရေးဆရာကို အကြိုက် နှစ်သက်ဆုံးပါလဲ။

ဖြေ။ စာရေးဆရာတွေထဲမှာ ကျွန်မကြိုက်တဲ့ စာရေးဆရာ၊ဆရာမ တစ်ယောက် မကပါဘူး။ စာရေးဆရာ တစ်ယောက်ဖြစ်ဖို့ စာအစုံ ဖတ်ရမယ်ဆိုတဲ့အသိ မရှိခင် ခုနစ်တန်း ကျောင်းသူ အရွယ် လောက်ကတည်းက ကျွန်မ နေတဲ့ စမ်းချောင်း အထက (၃) နားက မြင့်မိုရ်လမ်း စာအုပ်ဆိုင်မှာ တစ်ဆိုင်လုံး ကုန်အောင် ဖတ်ခဲ့ဖူးပါတယ်။ စာရေးဆရာ အဟောင်းအသစ် မချန်ဘဲ စီးရီးလိုက်ကို ဖတ်တာ။ တစ်နေ့ကို ငါးအုပ်လောက်



အထိ ကျောင်းပိတ်ရက်မှာ ဖတ်ရင်းနှင့် စာရေးချင်စိတ် ပေါ်လာတာပါ။

မြန်မာဝတ္ထုတွေနှင့် ကြီးပြင်းလာတဲ့ ကျွန်မက 'သူမ'လို ဝတ္ထုမျိုး၊'သူ့'လို ဝတ္ထုမျိုး၊ အောင်မြင်သောနေ့လို ဝတ္ထုမျိုး၊ 'ပန်းများကို ပွင့်စေလိုသူ'လို၊ 'သွေး'လို၊ 'မိုးနှင့်ရေ'လို၊ 'ဗေဒါ'လို၊ 'လာလုလုငေး'လို၊ 'မအေးချမ်း'လို၊ 'နေရီရီ'လို၊ 'ကောလိပ်ကျောင်းသား' လို၊'ပဥ္စမမြောက် ဆောင်းရက်များ' လို၊ 'အရိပ်'လို၊ 'ပျောက်သောလမ်းမှာ စမ်းတဝါး' လို၊ 'ကေသွယ်အနုမြူ' လို၊ 'စိမ်းနေဦးမည် ကျွန်တော့်မြေ'လို၊ 'အချစ်သစ်ပင်' လို၊ 'ချစ်သောပန်းကလေး'လို၊ 'ခင်သီတာ'လို၊ 'မိုးရေတကျရေ တဖွေးဖွေး'လို၊ 'ဟင့်အင်း' လို၊ 'ရင်ထဲမှာတော့ သောကရာသီ' လို၊ 'နေသွေး'လို၊ 'အသည်းပန်းမှာ ဆူးတွေနဲ့ရယ်' လို၊ 'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်'လို၊ 'လေရူးသုန်သုန်' လို၊ 'သိဒ္ဓတ္ထ'လို၊ 'မနုစာရီ'လို၊ 'အရှေ့က နေဝန်းထွက်သည့် ပမာ'လို၊ မြန်မာ့စာနှင့် ရေးသမျှ ဝတ္ထုမှန်သမျှ ဖတ်ရင်း စာရေးဆရာဖြစ်လာတာမို့ 'အဲဒီ စာအုပ်တွေ ရေးတဲ့ ဆရာတွေအားလုံး ကျွန်မရဲ့ မြင်ဆရာတွေချည်းပါပဲ၊ ပါရမီ ဘယ်လောက်ပါပါ၊ အတုယူစရာ၊ လေ့လာစရာ မရှိဘဲ စာရေးဆရာ မဖြစ်နိုင်ပါဘူး။ အနုပညာ ဆိုတာ အားကျရာက ဖြစ်ပေါ်လာတဲ့ စိတ်ပါ။ ကျွန်မ စာရေးနေရင်းနှင့်လည်း ဒီကနေ့ထိ ဆရာသမားတွေ ညွှန်တဲ့ ဘာသာပြန်တွေ၊ မြန်မာ ပင်ကိုယ်ရေး ဝတ္ထုတွေကို ဖတ်နေဆဲပါ။ ဒီကနေ့ ထွက်သမျှ လုံးချင်းဝတ္ထုတွေလည်း ဖတ်နိုင်သရွေ့ဖတ်ပါတယ်။ အနုပညာ စိတ် အပြည့်နှင့် လုံးချင်းလောကထဲ တိုးဝင်လာတဲ့ စာရေးဆရာ အသစ်တွေရဲ့ ဝတ္ထုလည်း ကျွန်မ လေ့လာပါတယ်။ သူတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မထက် တော်တဲ့ အရေးအသား၊ အရည်အချင်းမျိုး ရှိနိုင်ရင် ကျွန်မလည်း အတုခိုးနိုင်တာပေါ့။ အတု မခိုးသင့်တာတော့ မခိုးပါဘူး။ စာရေးသက် ရှည်ချင်တဲ့ အတွက် ကျွန်မ အမြဲ ကြိုးစားရမယ်။ စာရေးရင်း စာဖတ်ရမယ်ဆိုတဲ့ အသိတရား ရှိထားသင့်ပါတယ်။ ကာတွန်းလည်း ဖတ်သင့်ရင် ဖတ်ရပါမယ်။

**မေး။** နောက်ထွက်မယ့် စာအုပ်က ဘာပါလဲ၊ ဘယ်လို ဇာတ်လမ်းမျိုးပါလဲ။

**ဖြေ။** **ချစ်သူဟောင်း**ပါ။ အကြောင်းအရာက လူတစ်ယောက်ရဲ့ တန်ဖိုးဟာ အသက်ရှင်တုန်းပဲ လိုအပ်သလား၊ သေဆုံးပြီးတဲ့ နောက်အထိ လိုအပ်သေးသလား ဆိုတာကို ကျွန်မ နားလည်သလို ရေးဖွဲ့ထားတာပါ။

**မေး။** ဆရာမ ဝတ္ထုတို အတော်များများ ရေးခဲ့ပြီးပြီ ဆိုတော့ ဝတ္ထုတို ပေါင်းချုပ်ကော မထုတ်ဘူးလား။

**ဖြေ။** ဝတ္ထုတို ပေါင်းချုပ်က ထုတ်ကို ထုတ်မှာပါ။ စိစဉ်နေပါပြီ။ ဝတ္ထုရွေးနေလို့ပါ။ ကျွန်မကို ဝတ္ထုတို ပိုကြိုက်ကြတယ်လို့ သိရပါတယ်။ အဲဒီအတွက် ပရိသတ်ကို ကျေးဇူးတင်ပါတယ်။ ဝတ္ထုတို ပေါင်းချုပ်ကို လောလောဆယ် နာမည်ပေးထားတာက 'နှင်းရဲ့ လရောင်'ပါ။

**မေး။** အခု ဘာရေးနေပါသလဲ။

**ဖြေ။** **'အဓိပတိခင်'**ပါ၊ အချစ်ဝတ္ထုပါပဲ။

## အကြင်နာရင်ခွင်

မိုးဦးသည် ကျောင်းဖွင့်စချိန်၏ နိမိတ်ပုံပင်။

ဝါသနာ ပါလွန်းသော ကျောင်းဆရာမ အလုပ်ကို စဝင်ခဲ့သည်မှ သုံးနှစ်တိုင်တိုင် သူငယ်တန်း၌ တာဝန်ယူနေရလေ၏။ ကျောင်းဖွင့်စ ကျောင်းသားလက်ခံချိန်သည် ဆရာ ဆရာမတွေ အလုပ်အများဆုံး အချိန် ဖြစ်သည်။ ကျွန်မ ကိုင်ရသော အတန်းသည် အမိရင်ခွင်မှ ဆရာ့ရင်ခွင်သို့ ကူးပြောင်းလာသည့် ကလေးတွေ၏ ငိုသံ ရယ်သံတို့ ဆုံသင်းသော အတန်း။

ကျောင်းဖွင့်ပြီး ဆယ့်လေး ငါးရက်သည် အဖေ အမေ မြင်တာနှင့် စာသင်နေရာမှ ထွက်ပြေးသော ကလေးတွေကို လိုက်ဖမ်းရ၊ ငိုနေသော ကလေးကို ချော့ရ၊ အိပ်ပျော်နေသော ကလေးကို နှိုးရသည့် တာဝန်တွေ အပြင် မနက် ကျောင်းတက် ခေါင်းလောင်း ထိုးပြီး မကြာခင် အီးအီးပါမယ် ရှူးရှူးပေါက်မယ် ဆိုတဲ့ လက်ညှိုးတထောင်ထောင် ကလေးတွေကို အိမ်သာမှာ ချော်လဲမှာ စိုးလို့ လိုက်ပို့ရနှင့် ဘာစာမှ မယ်မယ်ရရ မသင်ရဘဲ ကျောင်းဆင်းသွားရသည့် ကာလများပင်တည်း။

ကျောင်းဖွင့်စ အလုပ်များခြင်းကို အရေထူနေပြီ ဖြစ်တဲ့ ကျွန်မဟာ ဒီနှစ် ကျောင်းဖွင့်ပြီး နှစ်ရက်မြောက်မှာ ဒါတွေကို တွေးရင်း ကျောင်းသားဦးရေ စာရင်းကို စိစစ်နေမိသည်။

" ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား တစ်ယောက်၏ ခေါ်သံသည် တုန်တုန်ချိချိနှင့် အကြား အာရုံထဲသို့ ပြေးဝင်လာ၏။ ခေါင်းမော့ကြည့်လိုက်သည်။

အသက် သုံးဆယ်လောက် ရှိမည့် ဖြူဖြူရှည်ရှည် လူတစ်ယောက်၏ မွန်ရည်သော အပြုံးကို ဦးစွာ မြင်ရလေသည်။ ထိုသူ၏ နံဘေး၌ မျက်သားပြာပြာ မျက်ဝန်းနက်နက် ဆံပင်နက်ရွှေရွှေနှင့် ချစ်စရာ ကလေးလေးတစ်ယောက်သည် လွယ်အိတ်ကလေး ပိုက်လျက် ဟိုကြည့် သည်ကြည့်။

"ကလေး ကျောင်းအပ်မလို့လား"

" ဟုတ်ကဲ့ ဆရာမ၊ ကျောင်းအုပ်ဆရာမကြီးက သမီးနေရမယ့် အတန်းက ဒီအတန်းလို့ ပြောလိုက်ပါတယ်"

ထိုလူ့စကားသံသည် ခပ်တိုးတိုး။

ကျောက်သင်ပုန်းကြီး၌ 'က' ကြီးကို ရေးပြထားပြီး လိုက်ရေးနေကြ ဟု ပြောထားပေမယ့် ညံညံစီစီနေသော အသံတို့က ခုန်ပျံ ကျော်လွှား နေကြသည်။ စားပွဲကို ကြိမ်ဖြင့် တဖြန်းဖြန်း ရိုက်ချလိုက်ပြီး–

" ဟေး ငြိမ်ငြိမ်နေကြစမ်း၊ အသံ မထွက်နဲ့၊ ထွက်တာနဲ့ တုတ်ပဲ"

ကလေးတွေ ငြိမ်ကျသွားမှ ဆက်မေးရသည်။

"ဒါဖြင့် ကလေးနာမည်နဲ့ ကလေးအဖေ နာမည် ပြောပါ"

"သမီးနာမည် ဖြူဖြူသင်းဝေ၊ ကျွန်တော့်နာမည် သင်းဝေပါ ဆရာမ"

သူပြောသမျှ မှတ်ပုံတင်စာအုပ်ထဲသို့ ရေးသွင်းလိုက်သည်။

ကျောင်းဝင်ကြေး၊ မိဘဆရာ အသင်း ရံပုံငွေတို့ ကောက်ခံကာ ပြေစာဖြတ်ပိုင်းကို ကလေးအဖေလက်သို့ ပေးပြီး ကလေးမလေးကို နေရာချပေးလိုက်သည်။

စာသင်ခုံတန်းရှည် နှစ်တန်းကျော်ရှိ လွတ်နေသောနေရာ၌ နေရာပေးသည်ကို မျက်နှာ မကောင်းစွာဖြင့် သူ့ဖခင် ကြည့်နေရှာ ပြန်သည်။



" ရပြီလေ ရှင်ပြန်နိုင်ပြီ၊ ကလေးက အဖေ အမေမြင်နေရင် ငိုတတ် တယ်၊ ကျောင်းဆင်းချိန်မှ လာစောင့်ခေါ်ပါ"

ကျွန်မ ရှေ့စားပွဲမှ မခွာဘဲရပ်နေသည့် ဦးသင်းဝေကို ဤသို့ ခပ်ထန်ထန်လေး ပြောလိုက်ကာ စာစသင်ရန် မြေဖြူခဲကို ကောက်ကိုင် လိုက်လေသည်။

"ဆရာမကို သမီးအကြောင်း သိသင့်တာလေး ပြောပါရစေ"

ကျွန်မ လန့်သွားသည်။ ကလေးသည် မွေးရာပါ သူငယ်နာ မကင်း သူလား၊ တက်တတ်သူလား၊ ဒီလို ကလေးမျိုးဆိုလျှင် စာသင်ရသည်က တစ်ဘက် သူ့ကို ဂရုစိုက်နေရသည်က တစ်ဘက်နှင့် စိတ်မအား ရုံမအား ဖြစ်ရသည်။

"ကလေးက ဘာဖြစ်တတ်လို့လဲ"

ကျွန်မက သူ့ကို ခုံတွင် ထိုင်ခိုင်းရသည်။ သူ့သမီးရှိရာသို့ တစ်ချက် သိမ်းကြည့်ပြီး ကုလားထိုင်တွင် ဝင်ထိုင်၏။

"သမီးလေးဟာ အမိမဲ့ ကလေးပါ ဆရာမ၊ သမီးမေမေဟာ သမီး မွေးပြီးပြီးချင်း မိနစ်ပိုင်းအတွင်း ဆုံးသွားခဲ့ပါတယ်၊ ဒါကြောင့် သမီးဟာ ကျွန်တော့်ဘဝ ကျွန်တော့် ကမ္ဘာငယ်ပါ"

"သြော်"

" ကံဆိုးချင်တော့ သမီးမှာ မွေးရာပါ နှလုံးရောဂါ ပါလာခဲ့တယ်၊ သွာရေးမို့သာ ခွန့်ပြီး ကျောင်းထားရပေမယ့် အရိပ်တကြည့်ကြည့် စောင့်ရှောက်ပေးမယ့်သူ မရှိဘဲသမီး တစ်ခုခု ဖြစ်မှာ သိပ်စိုးပါတယ်၊ ဒါတွေကို ဆရာမ သိအောင် ပြောပြတာပါ၊ ကျွန်တော့်သမီးလေးကို ဂရုစိုက်ပါနော်"

ဦးသင်းဝေ စကားအဆုံး၌ ရင်ထဲ နင့်ခနဲနေအောင် ခံစားလိုက်ရသူမှာ ကျွန်မသာလျှင် ဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှ ဖြစ်ရလေရှင်၊ စိတ်ချ စိတ်ချ။ ကျွန်မ ဒီကလေးကို ဂရုစိုက်နေပါ့မယ်၊ ဦးသင်းဝေ စိတ်အေးအေး ထားပြန်ပါ၊ ဆရာဆိုတာ ကျောင်းသားတစ်ယောက်ကို သားသမီးနဲ့ မခြား ကြင်နာစမြဲပါ"

"ဒီလို ကြားရတာ ဝမ်းသာလိုက်တာ ဆရာမရယ်၊ ကျွန်တော့် သမီးလေးကို စိတ်ချခဲ့ပြီနော်"

ဦးသင်းဝေ ပြန်သွားသည်အထိ ကျွန်မ အကြည့်သည် ဖြူဖြူသင်းဝေ လေးထံမှ ဖယ်ခွာမရ။

သားသမီး၏ ဘဝကို ပိုင်စိုးသူသည် မိဘ ဖြစ်သကဲ့သို့ ကျောင်းသားတွေ၏ ဘဝကို ပိုင်စိုးသူသည် ဆရာသာ ဖြစ်ပေသည်။

မနက်စောစော စာသင်ခန်းဝသို့ ဝင်လိုက်သည်နှင့်–

"မင်္ဂလာပါ ဆရာမ" ဟူသော ကြည်အေးချိုသာသည့် အသံလွှင်းသည် ဆီးကြိုနေတတ်၏။

ကျန်းမာ ပျော်ရွှင်နေသော အခြား တပည့်တွေနှင့် မတူသော ကျွန်မ တပည့်မလေး ဖြူဖြူသည် နှလုံးရောဂါသည်မလေးပါလား ဟူသော သနားစိတ်သည် ရင်၌ ထာဝရ ကိန်းအောင်းနေလေသည်။

"သမီး ဖြူဖြူ ဒီခရေကုံးလေး ပန်၊ ဒါက သမီးတို့တွေ ဝေ ပန်"

ဖြူဖြူ ဟု ကျွန်မ အလွယ်ခေါ်သော သမီးသည် ပန်းကြိုက်မလေး ဖြစ်၏။ ကျွန်မ ပေးသော ပန်းကို တယုတယ ခုံခုံမင်မင် ပန်၏။ တစ်ရက်တလေ မေ့ခဲ့လျှင် တစ်နေ့လုံး ဖြူဖြူမျက်နှာ မရွှင်ပျ။ တစ်ခါလောက် မေ့ဖူးသည်မှအပ နေ့စဉ် ဝတ္တရားတစ်ခုလို ပန်းယူလာ တတ်သည့် ကျွန်မကို အခြားဆရာမများက နောက်ဖူး၏။

"ဆရာမ ဒေါ်ပုလဲကတော့ အံ့ပါရဲ့ဟယ်၊ ကိုယ့်တပည့်အတွက် ပန်း ယူယူလာရတယ်လို့၊ တပည့်က ဆရာမကို ပန်းပေးရရိုးထုံးစံပါ"

သူတို့ ဒီလိုပြောပြီး ရယ်မောကြစဉ် မရယ်မိခဲ့၊ မရယ်ရက်ခဲ့။

"ဖြူဖြူဟာ သနားစရာပါ ဆရာမတို့ရယ်၊ သူလေး စိတ်ချမ်းသာ အောင် ထားဖို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်"



ဟူ၍ တပည့်ကို ဆရာမက ပန်းပေးရခြင်း သရုပ်ကို ခွဲခြမ်းစိတ်ဖြာ ပြခဲ့၏။ တစ်လ နှစ်လ ကြာတော့လည်း ပန်းယူလာခြင်းသည် သမားရိုးကျ မြင်ကွင်းမျိုး ဖြစ်လာသည်။

ဖြူဖြူကို ရှေ့ဆုံးခုံ၌ ထိုင်ခိုင်းထားသည်။ ပဲတီပင်ပေါက် လက်ရေးရှည် မျော့မျော့လေးများကို မနည်း အားစိုက်ရေးပြီး စာအုပ် လာထပ်သည့် အခါတိုင်း မင်နီဖြင့် အမှတ် ကြီးကြီး ခြစ်ပေးကာ 'တော် 'ဟု ရေး ပေးရ၏။ ဒါဆို ဖြူဖြူ ပျော်သွားတတ်၏။

သည်နေ့လို ရက်မျိုး၌ ပုံပြင်ချိန် ပါသည်။ ပုံပြောပြီး၍ ကလေးတွေကို အိပ်ခိုင်းထားသည်။ ဖြူဖြူ မအိပ်ဘဲ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ကျွန်မကို ခိုး ခိုး ကြည့်နေသောကြောင့် "လာခဲ့"ဟု အနားကို ခေါ်ကာ ရောက်တတ်ရာရာ မေးနေမိသည်။

မေးသမျှကို ဖြူဖြူက တိုးတိုးအေးအေး အသံလေးဖြင့် ဖြေသည်။ စကားကလည်း တတ်ပါဘိ။

"သမီးက စာသိပ်တော်တာပဲ၊ အိမ်မှာ ဖေဖေ စာပြပေးလား"

"ဖေဖေ စာသင်ပေးတယ်၊ ပြီးတာနဲ့ သမီးကို မေးတယ်"

"ဘာတွေ မေးလဲ"

"သမီးကို ဆရာမ ရိုက်လားတဲ့"

"ဒီတော့ သမီးက ဘာပြန်ပြောလဲ"

"မရိုက်ဘူးလို့ ပြောတာပေါ့၊ ပြီးတော့ အားက ကောင်မလေးတွေက ရိုက်လား၊ ဆွဲဆိတ်လား၊ မုန့်လုစားလားလို့လဲ မေးတယ်"

"မစားပါဘူး၊ မဆိတ်ဆွဲပါဘူး ဖေဖေလို့ ပြန်ပြောပေါ့ သမီးရဲ့"

"ပြောတယ် ဆရာမရဲ့၊ ဒါဆို ဖေဖေက သမီးကို နမ်းပြီး 'တော်ပါသေးရဲ့' လို့ပြောတတ်တယ်"

ဖြူဖြူ ပြောသမျှ ဒိုင်ခံ ရယ်ရသည်။

'အဖြစ်သည်းလိုက်တဲ့ အဖေရယ် ' လို့လည်း ဖြူဖြူ့အဖေကို ပြောချင်၏။ မနက် ခုနစ်နာရီ ကျောင်းတက်ချိန် အမီ သနပ်ခါး ရေကျဲ

www.burmeseclassic.com

www.burmeseclassic.com

လုံးပြီး ကျောင်းအပြေးလာရသော ဆရာမတွေ ထက်ပင် ဝီရိယစောစွာ သူ့သမီးကို အရေးအကြောင်းညီဆေရုံမက နှာကြားပါ ဆွဲပေးလိုက်သေးသည်။ ဆံပင် နက်နက်ကလေး၌ ဖဲကြိုး ရောင်စုံကို မရှိုးရအောင် ချည်ပေးတတ်၏။ ဖအေတူ သမီးမို့ အသားအရည် ဝင်းပပ။ ဖခင်ကိုယ်၌က ဘာမှ မပြောထားခဲ့လျှင် ဖြူဖြူသည် ရောဂါသည်ကလေးဟု ထင်စရာ မရှိအောင် ဝါဝွမ်းဆိုင်ပေါက ပန်းပွင့်လှလှလေးနှင့် တူနေ၏။

* * *

"ဆရာမ ဒေါ်ပုလဲ၊ ဒီနေ့ ကျောင်းကျန်းမာရေး ဝင်မယ်၊ ကလေးတွေ အားလုံး ကျန်းမာရေး စစ်ဖို့ ပြင်ထားပါ"

အခန်းဝမှ ဆရာမကြီးကိုယ်တိုင် လာပြောသော သတင်းသည် ဖြူဖြူအတွက် မင်္ဂလာသတင်း။ လက်ရှိရောဂါ အခြေအနေကို ဆရာဝန်ကြီးအား သေသေချာချာ စစ်ပေးပါဟု ပြောရမည်။

"သားတို့ သမီးတို့ မဆူကြနဲ့နော်၊ ညှော်သည်တွေ လာမယ်၊ ကလေးတို့ကို အားဆေးတွေ ပေးလိမ့်မယ်"

ကိုယ့်ကလေးတွေကို စည်းရုံးထားရသေးသည်။ ဆေးထိုးအပ် ကိုင်တာနှင့် ငိုမယ့် ကလေးမျိုး ပါချင် ပါဦးမှာမို့ ကျန်းမာရေးအဖွဲ့ မဝင်ခင် ကြိုတင်ချော့ထားရသည်။

တစ်ခန်းပြီး တစ်ခန်း ဆေးစစ်ပြီးသောအခါ ကျွန်မ အခန်းအလှည့် ရောက်လာ၏။ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဗိုက်လှန် လျှာထုတ်၊ မျက်လုံး ဖြဲကြည့် နားကြပ်ဖြင့် ထောက်စမ်းကာ ရောဂါ ရှာနေသော ဆရာဝန်ကြီးသည် မမောမပန်း။

" ဆရာမရဲ့ ကလေးတွေက ကျန်းမာရေး တယ်ကောင်းပါလား၊ ဒေါင်ဒေါင်မြည် သံခဲလေးတွေ"



ကျောင်းသားကုန်ပြီ အမှတ်နှင့် ဆရာဝန်ကြီးက ပြောလေသည်။ ကျွန်မ လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားသော ဖြူဖြူကို ဆရာဝန်ကြီး စမ်းသပ်ရသေးပေ။ တမင် ချန်ထားခဲ့ခြင်း ဖြစ်သည်။

"ဒေါက်တာ ဒီသမီးကို စမ်းသပ်ပေးပါဦး"

ဆရာဝန်ကြီးက ဖြူဖြူကို ကြည့်ပြီး ရယ်သည်။

"ဟာ... ဆရာမ သမီးမှာ ဘာရောဂါမှ မရှိပါဘူး"

ဖြူဖြူကို မှန်လို ရှုနေသောကြောင့် တစ်နေ့ထက် တစ်နေ့ သန်းလန်းဆန်းဆန်း ရှိလာသည်ကို သတိထားမိ၏။

ကလေး နားမလည်နိုင်သော စကားဖြင့် ဆရာဝန်ကြီးကို ပြောရသည်။

" သူ့မှာ... ရှိတယ် ဒေါက်တာ"

ကျွန်မ အပြောကို ဆရာဝန်ကြီး ယုံကြည်ဟန် မပြ။ ဖြူဖြူကို ရှေ့တိုးခိုင်းပြီး နားကြပ်ဖြင့် ထောက်စမ်းသည်။ နားကြပ်ပြားလေး တရွေ့ရွေ့ လျှောက်နေသည်ကို ရင်ခုန်နှုန်းကြီးစွာ ကြည့်နေမိသည်။

သို့သော် ဆရာဝန်ကြီး ခေါင်းရမ်းပြသည်။ ဖြူဖြူ၏ ခြေခုံ လက်ခုံ ခြေဆစ် လက်ဆစ်လေးတွေက အစ အသေးစိတ်ကြည့်ပြီးသောအခါ–

" ကလေးမှာ ဘာရောဂါ လက္ခဏာမှ မတွေ့ရဘူးဆရာမ၊( ) မပြောနဲ့ သာမန် အဖျားအနာတောင် သူ့မှာ မရှိဘူး"

နားကြပ်ကို နားမှ ဖြုတ်၍ ဘောင်းဘီအိတ်ထဲ ထိုးထည့်ရင်း ကျွန်မ လုံးဝ မမျှော်လင့်ထားသည့် အဖြေကို ပြောလေသည်။

"သမီး နေရာ ပြန်နိုင်ပြီ"

ဖြူဖြူကို နေရာ ပြန်ခိုင်းလိုက်ပြီး ဆရာဝန်ကြီးနှင့် ဆက် ဆွေးနွေး ပြန်သည်။

"ဒီကလေးမှာ နှလုံးရောဂါ ရှိတယ်လို့ ဆရာမ ဘာလို့ ပြောတာလဲ"

" ကျွန်မကို ကလေး အဖေကိုယ်တိုင် ပြောခဲ့တာ ဒေါက်တာ"

"မရှိတာတော့ အမှန်ပဲ ဆရာမ၊ နှလုံးခုန်နှုန်း၊ သွေးခုန်နှုန်းက အစ မှန်ပဲ၊ ရောဂါ အရိပ်အယောင် ဘာမှ မတွေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ပျောက်သွားတာများလားဟင်"

သည်အမေးသည် ဆရာဝန် အတတ်ပညာကို ကသိကအော
ဖြစ်သွားစေ၏။

" ကျွန်တော် ကလေးအထူးကု တစ်ယောက်ပါ၊ နှလုံး ရောဂါ
ပတ်သက်ပြီး အထူးပြုနေသူပါ၊ ကလေးနဲ့ ဆရာမတို့ရဲ့ နေ့စဉ် ထိတွေ့မှု
ပြောပြမှ ဒီအဖြေကို ပေးနိုင်ပါ့မယ်"

ကျွန်မနှင့် ကလေးတို့၏ကျောင်းတက်ချိန်မှ ကျောင်းဆင်းချိန်
နေထိုင်ပုံ၊ အားလပ်ရက်များ၌ ကလေးကို အိမ်သို့ အလည်ခေါ်
ပြုစုခဲ့ပုံများအား အသေးစိတ် ရှင်းပြမိလေသည်။

"ကျွန်မ အတန်းထဲ ဝင်လာရင် အရင်ဆုံး ဒီကလေးကို ကြည့်မိပါတယ်
ကလေးမျက်နှာ တစ်ချက် အညှိုးမခံပါဘူး"

ရှင်းပြနေသည်ကို စူးစိုက်နားထောင်နေသည့် ဆရာဝန်ကြီးသည်
ကျွန်မလက်ကို ဆတ်ခနဲ ဆွဲကိုင် နှုတ်ဆက်လိုက်လေသည်။

"ကွန်ဂရက်ကျူလေးရှင်း ဆရာမ၊ ကလေးရဲ့ ဝေဒနာကို ဆရာ
မေတ္တာ အကြင်နာတွေနဲ့ ကုသလိုက်တာပဲ၊ ဒီလောက် ရှင်းရှင်း
ပျောက်သွားတာဟာ ကျွန်တော်တို့ ဆေးပညာမှာ အင်မတန် ရှားပါတယ်
ကဲ ဒီနေ့ကစပြီး ကလေးကို လူကောင်းတစ်ယောက်လို့မှတ်၊ မယုံ
အားကစားပွဲတွေမှာ ပြိုင်ခိုင်းကြည့်၊ အမောခံနိုင်ရင် ရောဂါ လုံး
အမြစ်ပြတ်ပြီ၊ ဆေးမကုရဘဲနဲ့ ပျောက်တဲ့ ရောဂါသည်ဟာ ဒီကလေး
တစ်ယောက်တည်း ရှိမှာပဲလို့ ကျွန်တော် ထင်တယ်"

ဤသို့ လှိုက်လှိုက်လှဲလှဲ စိမ်ခေါ်လိုက်ပြီး ဆရာဝန်ကြီးနှင့် အဖွဲ့သည်
အတန်းထဲမှ ထွက်ခွာသွားလေသည်။



တစ်ခါဘူးမျှ မခံစားဖူးသည့် ကြည်နူးပီတိသည် ကျွန်မ နှလုံးအိမ်မှ
ဆို့ထွက်ကာ မျက်ရည်ကြည်များအဖြစ် ကူးပြောင်းသွားလေသည်။

* * *

ငါးနှစ်သော အချိန်ကာလသည် စက္ကန့်၊ မိနစ် ဒီရေ တိုက်စားခြင်း
အောက်သို့ မျောပါလာရသည်။

သံယောဇဉ်တရားသည် မမြင်ရသော နှောင်ကြိုးသာ ဖြစ်လေသည်။
အသစ်ပြောင်းလဲလာသော ကျောင်းအုပ်ကြီး၏ မူအရ သူငယ်တန်း
အတန်းပိုင် ကျွန်မသည် ကလေးတွေ အတန်းတက်တိုင်း လိုက်တက်ရသည်။
ငါးနှစ်လုံးလုံး သည်ကလေးနှင့် သည်ဆရာမတို့ ဆုံစည်းနေရသည်။
ကြာတော့လည်း ကိုယ်စား မိခင်ဘဝဖြင့် ကလေးတွေ့၏ မျက်နှာကို
မြင်တာနှင့် အိမ်မှာ ဘာဖြစ်ခဲ့သည်ကိုပါ သိနေတတ်သော အလေ့အကျင့်
ရခဲ့လေသည်။

အခု ကလေးတွေ အလယ်တန်းကျောင်းသို့ ပြောင်းရတော့မည်၊
စတုတ္ထတန်း အောင်စာရင်းသည် မနေ့ကပင် ထွက်ခဲ့ပြီးလေပြီ။

ကျွန်မ တပည့်လေး ဖြူဖြူသည် အတန်းတိုင်း ပထမ ရခဲ့သလို
မြို့နယ် အားကစား ပြိုင်ပွဲများ၌လည်း ထူးချွန်ခဲ့၏။ ကျန်းကျန်းမာမာလည်း
ရှိခဲ့၏။

ကလေးတွေနှင့် ခွဲရမည့် အရေးကို ပူဆွေးနေသည့် အချိန်မှာပင်
ဖြူဖြူနှင့် သူ့ဖခင် ဦးသင်းဝေတို့ ကျွန်မအိမ်သို့ တက်လာ၏။
ဖြူဖြူလက်ထဲ၌ နှင်းဆီပန်းစည်းကြီးနှင့်။ သူလေးသည် မကြာခင်
ကျွန်မ ရင်ခွင်မှ ပျံသန်းတော့မည့် ငှက်ကလေးပါလား။

"ဆရာမ"

ဦးသင်းဝေ၏ ခေါ်သံသည် တုန်တုန်ချိချိနှင့် အကြားအာရုံထဲသို့
ပြေးဝင်လာ၏။ သည်လို အခေါ် သည်လို ဟန်ပန်ကို သူနှင့် စသိကတည်းက

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ဖူးသည်။ ထိုခိုက် ကြေကွဲခြင်းတို့ ယှက်ထွေးနေသော လူတစ်ယောက်၏ အသွင်အပြင်သည် သူ့ထံ၌ ကပ်ငြိနေ၏။

"ဆရာမကို ကျွန်တော့်ရင်ထဲမှာ ငါးနှစ်လောက် သိမ်းထားရတဲ့ စကားတွေကို ပြောပါရစေ"

"--"

ကျွန်မ ဘာမျှ မပြောမိ၊ အသာ နားထောင်နေမိ၏။

"ဆရာမဟာ ကျွန်တော့်ရဲ့ အညာကို ခံနေရသူပါ ဆိုရင်"

"ရှင်"

အညာခံနေရတယ်တဲ့။

သူအညာခံရအောင် ကျွန်မ သူ့ကို ပုံမှန်ထက် ပို မဆက်ဆံခဲ့ဘူးလေ။ အလယ်မှ ဖောက်ပြောသော စကားကို ဘယ်လိုမှ နားမလည်။

" သမီးလေးမှာ နှလုံးရောဂါ ရှိတယ်ဆိုတာ တကယ်တော့ မဟုတ်ပါဘူး ဆရာမ၊ ကျွန်တော့်မှာသာ နှလုံးရောဂါရှိတာ"

"ရှင်"

ထိုင်ရာမှ ရုတ်တရက် ထ ရပ်လိုက်မိသည်။ နောင်မှ အသိဝင်ကာ ကုလားထိုင်လက်ရန်းကို အတင်းဆုပ်ကိုင် ထိုင်ချလိုက်ရ၏။

သူ သူညာနေတာတော့ မဖြစ်နိုင်၊ အားနာသော မျက်ဝန်းတို့ဖြင့် ခေါင်းငုံ့လိုက်ရပြီလေ။

"သမီးဟာ အမိမဲ့သမီးဆိုပြီး ကျွန်တော် သိပ်သနားနေမိတယ်။ ကျွန်တော် ကလည်း နှလုံးရောဂါသည်မို့ သမီးကို ကျောင်းစထားတော့မယ် ဆိုပြီးကတည်းက ရင်တထိတ်ထိတ်နဲ့ အိပ်မရခဲ့ပါဘူး။ သမီးကို ဆရာမ ရိုက်မှာ၊ တခြားကလေးတွေက အနိုင်ကျင့်မှာ အကြောက်ဆုံးပဲ၊ သမီးသာ တစ်ခုခုဖြစ်ခဲ့ရင် ဒီစိတ်နဲ့ ကျွန်တော်သေမှာ၊ အဲဒီအခါ လောကအလယ်မှာ မျက်နှာငယ်ကျန်ခဲ့ရမှာက သမီးလေး၊ ဒါတွေကို တွေးမိရင်း ကျောင်း အပ်စဉ်က ဆရာမ သမီးကို ဂရုစိုက်အောင်၊ မရိုက်အောင် ညာပြောမိခဲ့တယ်။



အပြစ်တင်ယင်လဲ ခံရပါတယ် ဆရာမရယ်၊ ကျွန်တော် ကျွန်တော့် သမီးလေးကို ချစ်လွန်းလို့ပါ"

အဖျားခတ်သွားသည့် စကားစုတို့ကို အားယူပြောပြီး မျက်နှာအမော့တော့ ဦးသင်းဝေ၏ မျက်လုံးအိမ်မှ မျက်ရည်စီးကြောင်းတို့က ကျွန်မ နှလုံးသားကို ကျင့်သွားစေသည်။

"အခုလာတာလဲ ကျွန်တော်ရဲ့ အတ္တကြောင့် ညာမိခဲ့တာကို ဝန်ခံရင်း ကျွန်တော်အလုပ်နဲ့ တစ်မြို့ပြောင်းရမယ်ဆိုတာကိုပါ လာနှုတ်ဆက်တာပါ။ ဆရာမကို တောင်းပန်ပါတယ်နော်၊ သမီး ဆရာမကို ကန်တော့လေ"

မျက်ရည်ကို လက်ခုံဖြင့် ဖယ်ရှားရင်း ဦးသင်းဝေသည် သူ့စကားကို အဆုံးသတ်၏။ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ကျွန်မ၏ ဖြစ်အင်သည်သာ ရှုနိုင် မရှိုက်နိုင်။

ပါးပြင်ကို နမ်းရှိုက်ပြီး 'ဆရာမ'ဟု ငိုသံဖြင့် ဖြူဖြူခေါ်လေမှ ကျွန်မ လှုပ်ရှားလာနိုင်သည်။

ဖြူဖြူကို ဖက်ယမ်း နမ်းရှုပ်ပြီး သူ့အဖေလက်သို့ ပြန်တွန်းခဲ့ကာ အိပ်ခန်းထဲသို့ ပြေးဝင်ခဲ့ပါတော့သည်။

ဖြူဖြူငိုသံသည် ကျွန်မနှင့် ဝေး၍ ဝေး၍သွား၏။

ဖခင် တစ်ယောက်၏ အတုမဲ့ မေတ္တာနှင့် ဆရာတစ်ယောက်၏ အကြင်နာ သံယောဇဉ်တို့ ယှဉ်ပြိုင်ခဲ့သည်ကို ဦးသင်းဝေ နားလည်နိုင်ပါစေ။

**စပယ်ဦး မြန်မာ ဝတ္ထုတိုစာစဉ်၊**

**အမှတ် ၄၆၊ ၁၉၈၈-ခုနှစ်၊ ဇွန်လ**

www.burmeseclassic.com

www.burmeseclassic.com

နုနုရည်(အင်းဝ)၏ ဝတ္ထုတို

[နှင်းပြောင်းတဲ့ ရွှေငယ်မှာလေ]



www.burmeseclassic.com

www.burmeseclassic.com

## ဘဝသရုပ်ဖော် ဝတ္ထုရေး ဆရာမ
## နုနုရည်(အင်းဝ)

အမှန်တရားကို ရေးတဲ့နေရာမှာ မိန်းကလေးဆိုတဲ့အသိနှင့် ဘယ်တော့မှ ကြောက်ရွံ့နောက်တွန့်နေမှာ မဟုတ်ဘူး။ စာရေးဆရာဆိုတာ အမှန်တရားကို ရေးတဲ့နေရာမှာ ကျားရယ် မရယ် ခွဲခြားနေဖို့ မလိုဘူး။

နုနုရည်(အင်းဝ)

စာပေဂျာနယ်၊ အမှတ်–၅ ၊ ၁၉၈၉–ခုနှစ်

ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားစာပေဆုနှင့် စိစစ်ရေး ရွေးချယ်ရေး ကော်မတီသည် ၁၉၉၃–ခုနှစ် အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို စိစစ်၍ ၁၉၉၃–ခုနှစ်အတွက် အမျိုးသားစာပေဆု ချီးမြှင့်ရန် ထိုက်တန်သော စာအုပ်များကို ရွေးချယ်ခဲ့ရာ ဝတ္ထုရှည်ဆုတွင် နုနုရည်(အင်းဝ) ရေးသားသည့် **မြစိမ်းပြာ ကမာရွတ်**က ရရှိခဲ့သည်။

ဝတ္ထုရှည်ဆု ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ဝတ္ထုရှည်စာပေဆု အဖွဲ့ငယ်က မှတ်ချက်ပေးထားရာတွင်––

'ဝတ္ထုရှည်ဆုအတွက် ဖတ်ရှုရသော စာအုပ်ပေါင်း ၄၁၁–အုပ်ကို အစည်းအဝေး ၁၄–ကြိမ် ပြုလုပ်လျက် အဖွဲ့ဝင်များ ဖတ်ရှု စိစစ်ခဲ့ကြသည်။ ယင်းတို့အနက် နုနုရည်(အင်းဝ)၏ 'မြစိမ်းပြာ ကမာရွတ်' ဝတ္ထုရှည်သည် မြို့ပြနေ အိမ်ထောင်စုများ၏ လူမှုရေးဘဝကို ပေါ်လွင်အောင် သရုပ်ဖော်နိုင်သော လက်ရာဖြစ်သည်။ ထိုသို့ သရုပ်ဖော်ရေးဖွဲ့ရာ၌ မြို့ပြသဘော ခံစားမှု၊ အိမ်နီးချင်း ရိုင်းပင်းမှု၊ လူတို့စရိုက် သဘာဝအား



ကြည်ရွှင်မှု၊ မျှော်ကိုးမှု၊ စိုးရိမ်မှု၊ ကူညီမှု၊ ခွင့်လွှတ်မှုတို့ဖြင့် တန်ဆာဆင်၍ ငတ်ဝင်စားဖွယ်ဖြစ်အောင် သရုပ်ဖော်ထားသည်။ မြို့နေလူတို့၏ ဘဝကို ဘနာ သိရှိခြင်းဖြင့် ယင်းတို့အတွက် ပိုမို အဆင်ပြေ သာယာသော အဖြစ်မျိုးကို ရောက်ရှိစေလိုသော စေတနာပွားများနိုင်သည့် လက်ရာဟု ယူဆသည်။ အလားတူ စေတနာ ပွားများနိုင်သော လက်ရာမျိုး ပေါ်ပေါက် ရေးရန် လမ်းခင်းပေးရာ ရောက်သဖြင့် ဆုချီးမြှင့်ရန် ထောက်ခံသည်' ဟု၍ ဖော်ပြထားသည်ကို တွေ့ရသည်။

ဆရာမ နုနုရည်(အင်းဝ)က 'မြစိမ်းပြာ ကမာရွတ်' ဝတ္ထုရှည်အတွက် ဆုရရှိခြင်းနှင့် ပတ်သက်၍–

'ဘဝသရုပ်ဖော် ဝတ္ထုတွေကို တစိုက်မတ်မတ် မြတ်မြတ်နိုးနိုးနှင့် ရေးနေကြသူများရဲ့ ကိုယ်စား ကျွန်မ ဝမ်းသာမိပါတယ်။ စာပေဆိုတာ ခေတ်ရဲ့ ကြေးမုံပြင်ပါ။ စာရေးဆရာ တစ်ယောက်ဟာ သူဖြတ်သန်းနေတဲ့ ခေတ်ရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ထင်ဟပ်ချက်တွေကို အနုပညာမြောက်စွာ ဖန်တီး ရေးသားနိုင်မှ စာရေးဆရာတစ်ယောက်ရဲ့ ဘာဝန်ကျေတယ်လို့ ကျွန်မယူဆပါတယ်။'

'ဘဝသရုပ်ဖော်ဝတ္ထုဆိုတာဟာ ခေတ်တစ်ခေတ်ရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ထင်ဟပ်ချက်တွေပါပဲ၊ ကျွန်မရဲ့ မြစိမ်းပြာ ကမာရွတ်ဟာ ယနေ့ခေတ် မြန်မာတွေရဲ့ မြို့ပြ လူနေမှု ဘဝတွေကို ထင်ဟပ်ရေးသားတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ ယနေ့ ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာ ရှည်မျောမျော အခန်းကျဉ်းလေးတွေနှင့် ဖွဲ့စည်းထားသည့် ကဲထရိုက်တိုက်များ အများကြီး ပေါ်ပေါက်လာပါတယ်။ ယင်းအခန်းကျဉ်းကလေးများမှာ နေထိုင်ကြရင်း မြို့ပြ လူနေမှုဘဝကို ရုန်းကန် လှုပ်ရှားကြရတဲ့ မြို့နေ လူတန်းစားအလွှာ အသီးသီးရဲ့ လူမှုရေးဘဝတွေနှင့် စရိုက်မျိုးစုံကို ကျွန်မ မြင်တွေ့ ခံစား လေ့လာပြီး ကျွန်မ 'မြစိမ်းပြာ ကမာရွတ်'ကို ရေးခဲ့ပါတယ်၊ ဘဝသရုပ်ဖော် စာပေ၊ သရုပ်မှန်စာပေဆိုတာကို အကျိုးပြု စာပေအဖြစ်၊ မြန်မာရော၊

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကပါ သတ်မှတ် လက်ခံ ယုံကြည်ထားပါတယ်။ ယနေ့ ကျွန်မတို့ စာပေလောကမှာ သရုပ်မှန်စာပေဟာ အပျော်ဖတ် စာပေကြားထဲတွင် လူးလွန့် ရုန်းကန် လှုပ်ရှားနေရတာပါ။ သရုပ်မှန် စာပေဆိုတဲ့ အကျိုးပြုစာပေ ရှင်သန်ခိုင်မြဲနေဖို့ လိုအပ်ပါ တယ်'ဟူ၍ ပြောဆိုခဲ့သည်။

ဆရာမ နုနုရည် (အင်းဝ)သည် 'သရုပ်မှန်စာပေ'ဟူ၍လည်းကောင်း၊ 'ဘဝသရုပ်ဖော်စာပေ'ဟူ၍လည်းကောင်း သတ်မှတ်ကြသော စာပေအမျိုးအစားကို စိုက်လိုက်မတ်တတ် ရေးသားနေသူအဖြစ် စာပေလောကတွင် အသိအမှတ်ပြုခံထားရသူတစ်ဦးပင် ဖြစ်သည်။ ဘဝသရုပ်ဖော် ဝတ္ထုရေးနေကြသည့် စာရေးဆရာမများထဲတွင် ဝတ္ထုရှည်၊ ဝတ္ထုတို နှစ်မျိုးလုံးရေးသားထုတ်ဝေအား အကောင်းဆုံး စာရေးဆရာမမှာ ဆရာမ နုနုရည်(အင်းဝ) ပင်ဖြစ်သည်။ မဂ္ဂဇင်းများတွင် ဝတ္ထုတိုများစွာ ရေးသားခဲ့ပြီး ဝတ္ထုရှည် ၁၂-အုပ်၊ ဝတ္ထုတို ပေါင်းချုပ်၄-အုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ဆရာမ နုနုရည်၏ ထင်ရှားသော ဝတ္ထုများမှာ 'တချို့အဆင်းလှ တချို့အဆင်းမလှ'၊ 'အမှတ်မရှိ လမ်းမရှိ ကီလီ ဇာတ်တား'၊ 'နေတော့ချုကြား သောက်တော့ ဒူးယား၊ ဝတ်တော့ မလေးရှား'၊ 'ခေါင်းမော့လိုက်တော့မင်း၊ ခေါင်းငုံ့လိုက်တော့ သူ'၊ 'အနီလား အဝါလား အစိမ်းလား'၊ 'နှစ်ဆယ့်ရှစ်နှစ် ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက်(ပတွဲ၊ ဒုတွဲ)'၊ 'လဝန်းစက်ဝိုင်း ထက်ပိုင်းပြတ်ကြေ' ကာလာရောင်စုံ အမြန်မဂ္ဂဇင်း ဝတ္ထုရှည်များ'၊ 'ဒိုးကြေးနှင့် အခြားဝတ္ထုတိုများ'၊ 'မင်းသား သုံးသိန်း၊ မင်းသမီး တစ်သိန်း၊ လူကြမ်း တစ်ရာ'၊ 'မြစိမ်းပြာ ကမာရွတ်(ပတွဲ၊ ဒုတွဲ)'၊ 'မိုးရေ့လေ မဂ္ဂဇင်း ဝတ္ထုရှည်များ'၊ 'ပြုံး၍လည်း ကန်တော့ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ခံတော်မူပါ' တို့ဖြစ်ကြသည်။

ဆရာမ နုနုရည်(အင်းဝ)ကို မြန်မာမင်း နေပြည်တော်ဟောင်းဘစ်မြို့ ဖြစ်သော 'အင်းဝ'မြို့တွင် အဖ ဦးဘမောင်- အမိ ဒေါ်တင်ရွှေတို့မှ ၁၉၅၇-ခုနှစ်၊ မေလ၁၈-ရက်နေ့၊ စနေနေ့တွင် မွေးဖွားခဲ့သည်။ မောင်နှမ



းယောက် ရှိသည့်အနက် သမီးဦး ဖြစ်သည်။ အမည်ရင်း နုနုရည် ဖြစ်သည်။

အင်းဝမြို့ ကျုံးထိပ်ရပ် အစိုးရ မူလတန်းကျောင်းတွင် မူလတန်းပညာများ သင်ယူခဲ့ပြီး တံတားဦးမြို့ အခြေခံ ပညာအထက်တန်းကျောင်းမှ အခြေခံပညာ အထက်တန်း အောင်မြင်ခဲ့သည်။ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(မန္တလေးတက္ကသိုလ်)မှ သိပ္ပံဘွဲ့( သချာ)ကို ၁၉၇၉-ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၈၃-ခုနှစ်မှ ၁၉၈၅-ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာ ဒီပလိုမာသင်တန်းကို တက်ရောက်သင်ကြားခဲ့သည်။ ယခုအခါ သရုပ်မှန် စာပေ၊ ပြည်သူ့ အကျိုးပြု စာပေများရေးသားရင်း ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်တိုး၊ လက်ထောက်ကထိက၊ ဒဿနိကဗေဒပညာဌာန၊ ရန်ကုန် တက္ကသိုလ်(ပင်မ) နှင့်အတူ တိုက်(၄)၊ ပထမထပ်၊ အခန်း(၅) တက္ကသိုလ်ဆရာများ ရိပ်သာသစ် လှိုင်တက္ကသိုလ် နယ်မြေ၊ ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည်။

ဆရာမနုနုရည် (အင်းဝ)သည် ၁၉၈၄-ခုနှစ် မတ်လထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ပါရှိသော'ထမိကလေးတစ်ထည်' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ရောက်ရှိခဲ့သူ ဖြစ်သည်။ ယင်းဝတ္ထုတိုကို ဂျပန်နိုင်ငံ၊ တိုကျိုတာအောင်ဒေးရှင်းမှ ဂျပန်ဘာသာဖြင့် ပြန်ဆို'ထုတ်ဝေခဲ့သည်။ ဆရာမောင်သာရဦးစီး ထုတ်ဝေသော'သာရ မဂ္ဂဇင်း'စာဖတ်ပရိတ်သတ် အကြိုက်ဆုံးဝတ္ထုတိုဆုကို **နမ်းမှာလားမောင်ရဲ့ မွေးတယ်ရှင့်** ဝတ္ထုတို ကလေးဖြင့် ဆုရရှိခဲ့သည်။

ဆရာ နုနုရည်(အင်းဝ)၏ ပထမဆုံး ဝတ္ထုတိုကလေးဖြစ်သော 'ထမိကလေး တစ်ထည်' ဝတ္ထုတိုသည် စာပေလောကတွင် ပြောစမှတ်ပြုလောက်အောင် ကျူးခြင်း ခံခဲ့ရသည့် ဝတ္ထုတိုကလေး ဖြစ်သည်။ အပျိုဖော်ဝင်စ မိဒိုးအမည်ရှိ မိန်းကလေးငယ်တစ်ဦး၏ ဝမ်းရေးနှင့် အရှက် အားပြိုင်မှုကို ဖော်ပြထားသော ဝတ္ထုဖြစ်သည်။ နောက်ဆုံး အဆုံးသတ်သည် စာဖတ်သူ၏ရင်ကို နင့်သွားစေသည်။ စုပ်တသပ်သပ် ဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထမီကလေး တစ်ထည်' ဝတ္ထုနှင့် ပတ်သက်ပြီး ပေဖူးလွှာ မဂ္ဂဇင်းတွင် ဆရာဝင်းငြိမ်း၏အမေးကို ဆရာမနုနုရည် (အင်းဝ)က ဖြေဆိုရာတွင်-

'ကျွန်မ ဝတ္ထုတွေကို ဖန်တီးတဲ့ နေရာမှာ ကျွန်မ တွေ့ခဲ့ မြင်ခဲ့ ကြုံခဲ့ ကြားခဲ့ဖူးတဲ့ ဖြစ်ရပ်မှန်တွေကနေပြီး ဖန်တီးယူပါတယ်၊ 'ထမီကလေး တစ်ထည်'ထဲက မိဒိုးနှင့် 'ညိုးသူကို ကူဆောင်လို့' ထဲက မငွေမြိုင် တို့ဟာလည်း ကျွန်မ တွေ့မြင် ကြုံကြိုက်ခဲ့ရတဲ့ ဇာတ်ကောင်တွေထဲက နှစ်ယောက်ပေါ့၊ ခုချိန်ထိလည်း မငွေမြိုင်ဟာ အင်းဝမြို့ဟောင်းတွေ ကြားမှာ ထမင်းရှာစားနေဆဲပါပဲ'

'မိဒိုးဟာ အပြင်ဘဝမှာ ကျွန်မနဲ့ ကစားဖော် ဖြစ်ခဲ့ဖူးတယ် ငယ်ဘဝ သူ့အဖြစ်ကလေးကို ငယ်စိတ်နှင့် ကျွန်မ ရယ်မောခဲ့ဖူးပေမယ့် ခုချိန်မှာ ပြန်တွေးမိတော့ ရယ်စရာလို့ ကျွန်မ မမြင်တော့ဘူး၊ ဒါထက် ကျွန်မသူငယ်ချင်းလို မိဒိုးလေးတွေ အများကြီးကို ကျွန်မ တွေ့လာရတဲ့ အခါမှာ မြစ်ဆိပ် ကမ်းနားတစ်ခုက မိဒိုးတစ်ယောက်ကို ကြည့်ပြီး ကျွန်မ ခံစားရေးဖွဲ့ပါတယ်။ မြန်မာပြည်တွင်းက မြစ်ကမ်းရှိတဲ့ နေရာတိုင်းမှာ ကျွန်မရဲ့ ဇာတ်ကောင် မိဒိုးလို ရုန်းကန် လှုပ်ရှားနေရရှာတဲ့ အရွယ် မရောက်သေးတဲ့ မိဒိုးလေးတွေ ရှိနေလိမ့်ဦးမယ်လို့ ကျွန်မ ယုံကြည်ပါတယ်' ဟူ၍ ဖြေကြားသွားခဲ့သည်။

**မန္တလေးရွှေမြို့ရဲ့ အရှေ့ဆီ မျှော်မှန်းရှယ်**(မဟေသီ မဂ္ဂဇင်း၊ ၁၉၈၆-ခုနှစ်၊ ဧပြီလ)ဝတ္ထုသည် ဒုန်းပေနှင့် ဖိုးတောက် သူငယ်ချင်း နှစ်ယောက်၏ ရုန်းကန် လှုပ်ရှားရသော ဘဝကို ရေးဖွဲ့ထားသည်။ သူတို့သည် ခြံရှင်း သစ်မြစ်တူး၊ သံပရာခြံ ရေလောင်း စသည့် တစ်နေ့လုပ် တစ်နေ့စား အလုပ်ကြမ်းသမားများ ဖြစ်ကြသည်။ တစ်နေ့လုံး လုပ်ပါမှ တစ်ယောက် လျှင် ငွေ၁၀စီသာ ရရှိကြသည်။ တစ်နေ့တွင် သူတို့အလုပ်ထက် ပိုကောင်း သည့်အလုပ်ကို တွေ့ရှိကြသည်။ ၁၀-ရက် တစ်ခေါက်လျှင် ငွေ၂၀၀- ကျပ် ကျန်သည့် ဝါးခုတ်၊ ထင်းဖြတ်ရောင်းသည့် လုပ်ငန်းဖြစ်သည်။



ရွှေစာရံရိုးတွင် ဝါးတက်ခုတ်ကာ ဝါးဖောင်ဖွဲ့ ယူလာပြီး ဖြတ်တောက် ဆင်းစည်း စည်း၍ ပြန်ရောင်းမည် ဖြစ်သည်။ သို့သော် ဝါးခုတ်၍ ဖောင်ဖွဲ့ကာ သယ်လာရသည့် ခရီးလမ်းမှာ အန္တရာယ် ထူပြောသည်။ အကြီးမားဆုံး အန္တရာယ်မှာ ဒီးဒုတ်ဝဲကြီးပင် ဖြစ်သည်။ ဒီးဒုတ်ဝဲကြီးက ဝါးဖောင်ကို စုပ်ယူလိုက်သော်လည်း မကြာမီ ဝဲထဲမှ ဝါးဖောင် ပြန်ထွက် လာသည်။ ဝါးတစ်တွဲ ပြုတ်ထွက်သွားသည်က လွဲ၍ ဝါးဖောင်ကလေးအား မပျက်မစီးဘဲ ပြန်တွေ့ရသည်။ သို့သော် နေရပ်ကို ပြန်ရောက်သော် ဆင်းကုန်သည်က ထင်းဝါးများကို ဈေးနှိမ်ဝယ်ယူ၍ တွက်ခြေမကိုက် ဖြစ်ကာ ယခင် အလုပ်ဟောင်းဖြစ်သော ခြံရှင်း၊ သစ်မြစ်တူး၊ သံပရာခြံ ရေလောင်း စသည့် တစ်နေ့လုပ် တစ်နေ့စား ဆင်းရဲတွင်း ဝဲထဲ၌ လည်ရ ပုံကို ရေးဖွဲ့ထားသည်။

ဆေးတက္ကသိုလ် နှစ်လည် မဂ္ဂဇင်း(၁၉၈၅-၈၆)တွင် ပါရှိသော **'နံပတ်သုံးဆယ့်ငါး၊ ခွေးခြေ တစ်လုံးနှင့် ဝတ္ထုတစ်အုပ်'** ဝတ္ထုသည် အစ်မဆရာဝန်၏ တိတ်ဆိတ် ခြောက်သွေ့နေသည့် ဆေးခန်းတွင် အစ်မ၏အဖော်အဖြစ် ကူညီနေရသော ရိုးရိုးဘွဲ့ရ မောင်တစ်ယောက်၏ ပင်းရိ ငြီးငွေ့ဖွယ်၊ စိတ်ပျက်ဖွယ် ခံစားရမှုများနှင့် တစ်နေ့ လူနာ ခြောက်ယောက်ခန့်သာ လာသည့် ဆေးခန်းမှ ဝင်ငွေနှင့် အသုံးစရိတ် မျှမတ ဖြစ်ရပုံ၊ ဆေးခန်း အဖောက်ခံရ၍ ဆေးပစ္စည်းနှင့် တန်ဆာပလာ များ ပါသွားရပုံတို့ကို ရေးဖွဲ့ထားသည်။ ဝတ္ထုအဆုံးသတ်တွင် ဆေးခန်း သူခိုးဖောက်ခံရ၍ ပစ္စည်းများ ပါသွားသောကြောင့် လက်ကောက် တစ်ဖက် ရောင်းပြီး ဆေးခန်း ပြန်ဖွင့်မည် ပြောသံကြား၍ မောင်ဖြစ်သူ မိုးခင် စိတ်ပျက်သွားရပုံကို ဤသို့ ရေးဖွဲ့ထားသည်။

'ကြေပျက်သွားတဲ့ မျှော်လင့်ချက်တွေနှင့်အတူ ကျွန်တော့် မျက်စိ ထဲမှာတော့ လှပြည့်ကျပ်တဲ့ သာကေတသွား အမှတ် သုံးဆယ့်ငါး ဆမြန် ဘား၊ တိတ်ဆိတ် ခြောက်သွေ့တဲ့ ဆေးခန်းကျဉ်းကျဉ်းလေးထဲက

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခွေးခြေလေး တစ်လုံး၊ ရှိုးကေ့စ်ပေါ်က နှမ်းကြဲနေတဲ့ ဝတ္ထုစာအုပ်တစ်အု အဆာလွန်နေတဲ့ ညရှစ်နာရီ၊ အမြန်ကားစပယ်ယာရဲ့ အသံကွဲကွဲ၊ မှူးချ စရာ ဆေးနံ့၊ ဆေးထိုးအပ်ပြွန်ထဲက သွေးစက်၊ အကြောဆေးသွင်းနေ မိန်းမကြီးရဲ့ မျက်နှာတွေနှင့် ဖွဲ့စည်းထားတဲ့ ညနေပေါင်းများစွာ၊ ညနေ ပေါင်းများစွာ။'

**'ကျိုးမှဆက်မယ် ဒန်းဆိုးလက်ကယ်'**(သာရ မဂ္ဂဇင်း၊ ၁၉၈၈-ခုနှစ်၊ မေလ) ဝတ္ထုသည် ဓာတ်သဘင်လောကရှိ သဘင်လောကသားများ ဘဝသရုပ်ကို မီးမောင်းထိုးပြထားသည့် ဝတ္ထုဖြစ်သည်။ ပျော်စရာ စိတ်ပျက်စရာ၊ ဝမ်းသာစရာ၊ ဝမ်းနည်းစရာ၊ ဒေါသဖြစ်စရာတို့ဖြ နေ့စဉ်လုံးထွေးနေပြီး ဝါသနာကြီးလွန်း၍ ဓာတ်သဘင်ထဲတွင် ကျင်လည် နေရကာ ဓာတ်ခေါင်းကွဲ၍ မိုးတွင်းကာလ ဓာတ်နားချိန်တွင် ကျပန်းအလု လုပ်ကိုင် စားသောက်ရပြီး ဓာတ်သမားများ ဘဝမျိုးစုံ ကျင်လည်ရပုံကို

'မိုးတွင်းနှစ်လကတော့ သည်လိုပဲပေါ့၊ ဒါကျုပ်တို့ ဓာတ်သမားတွေ ခံရမြဲ ထုံးစံ၊ ဘယ်သူမှလည်း မိုးတွင်းစာရယ်လို့မရှိ၊ ဓာတ်ဆရာကလွဲရင်ပေ ကျုပ်တို့လူမျိုးတွေကျ ပိုဆိုးတာပေါ့၊ ဓာတ်ထဲမှာ အရေးကြီးတ ထောင့်ကောင်လည်း မဟုတ်တော့ ရေ့နှစ်အတွက် အသုံးလည်း ကြိုမ မိုးတွင်းဓာတ်တိုက်ချိန်လည်း ကိုယ့်အခန်း မပါတာများတော့ မသွားရနှ မိုးတွင်းကျရင် ကျုပ်တို့တစ်တွေ ဆေးလိပ်သမ ဖြစ်တဲ့သူဖြစ်၊ ပဲညှ သမ ဖြစ်တဲ့သူဖြစ်၊ အကြော်သည်၊ ဆိုက်ကားနင်း၊ မြင်းလှည်းမောင် တဲ့သူတွေဖြစ်၊ လက်ပွေ့ဈေးရောင်းတဲ့ သူတွေဖြစ်၊ အို...စုံလို့ စုံလို မိုးတွင်းကျရင် ဘဝတွေ ပြောင်းကြတာ၊ ကျုပ်လည်း မိုးတွင်းကျရ ကျုပ်တို့ရပ်ကွက်နှင့် မနီးမဝေး 'မအေးညွန့်' ဆေးလိပ်ခုံ သေးသေးလေးမှာ ဆေးလိပ်သမ ဖြစ်ရော ' ဟူ၍ ဓာတ်သမ လှသန်းရင်ကို ဓာတ်ဆောင် ထားကာ ရေးဖွဲ့ထားသည်။

**'ရေလယ်ကောင် သောင်ထွန်း ကျွန်းလို့ခေါ်တယ်'**(၁၉၈၈-ခုနှစ် ဇွန်လ၊ သာရ မဂ္ဂဇင်း)ဝတ္ထုသည် ယာစရိတ်ဈေးငွေကို တစ်ရာလျှ



တစ်ဆယ်တိုးဖြင့်ယူကာ ရှင်ဖြူရှင် လှေဆိပ် တည့်တည့် ဧရာဝတီမြစ်ထဲ၌ သောင်ထွန်းနေသော သောင်ပေါ်တွင် ဖရဲပင်စိုက်သော ယာသမား မိသားစုအကြောင်း ရေးဖွဲ့ထားသော ဝတ္ထု ဖြစ်သည်။ ပွဲစားမလာပါက ဖရဲသီးများကို ရောင်းချရပုံ၊ အရှုံးပေါ်ပုံ၊ ယာသိမ်းပြီး လက်ထဲတွင် ကျန်သည့်ငွေဖြင့် မစားလောက်ပုံ၊ ထို့ကြောင့် မိုးနှင့်ဆောင်းတွင် ပန်းရန် အဆိုင်း၌ မဆလာ လိုက်သယ်ရပုံ တို့ကို သရုပ်ဖော်ထားသည်။

'ခင်မိုးရှေ့မှာ စိမ်းမြတဲ့ ဖရဲခင်း၊ အေးချမ်းတဲ့ ဧရာဝတီ၊ အမေရယ်... သည်ဖရဲခင်းတွေကို သည်ဧရာဝတီလို ထပ်တူထပ်မျှ စိမ်းမြ အေးချမ်းတဲ့ ဘဝမျိုးကို ခင်မိုးတို့လို အနုညာတ ယာသမားတွေ ဘယ်တော့များမှ ရပါ့မလဲဟင် '

ဓာတ်ဆောင် ယာသမလေး ခင်မိုး၏ တိုးလျှသော ညည်းညူသံ လေးသည် စာဖတ်သူရဲ့ ရင်ကို ရိုက်ခတ် တုန်ခါသွားစေမည်ဟု ဆင်သည်။

ရင်ခုန်ပွင့် မဂ္ဂဇင်း (၁၉၈၉-ခုနှစ်၊ ဧပြီလ)တွင် ပါရှိသော **'လက်ကြီး လှုပ်တော့ လက်က က၊ ခြေကြီးလှုပ်တော့ ခြေက က'**ဝတ္ထုသည် ညီးမနားက ရောက်ရှိလာသည့် အသက်၂၅-နှစ်အရွယ် ဆင်မလေး ပိုနှင့် ဆင်မကလေးအနီးတွင် ကြံရိုးရောင်းသော လူမကလေး ပိုပိုတို့ အကြောင်း ရေးသားထားသည့် ဝတ္ထု ဖြစ်သည်။

**'တချို့အဆင်းလှ တချို့အဆင်းမလှ'** ဝတ္ထုတွင် အမေက နှလုံးရောဂါဖြင့်သေ၊ အဖေက စိတ္တဇဆေးရုံရောက်၊ အိမ်မီးလောင်၊ ဘလေးတွဲလောင်းနှင့် ကျန်ရစ်သည့် လင်ပစ်မ မရူးကိုယ်တိုင် စိတ်ရောဂါ သည်ဖြစ်ကာ ရိပ်သာ ရောက်လာရသည့်အကြောင်း'မရူး'၏ ခါးသီးလွန်း လှသည့်ဘဝကို ခြယ်မှုန်းထားသည်။

**'အမှတ်မရှိ လမ်းမရှိ ကီလီမောတံတား'** တွင် အိမ်ခြေ ရာခြမဲ့ ချကျ လူတန်းစားတို့၏ ဘဝသရုပ်ကို ရေးဖွဲ့ထားပြီး၊ **'အနီလား၊ အဝါ**

www.burmeseclassic.com

www.burmeseclassic.com



လား၊ **အစိမ်းလား**'ဝတ္ထုတွင် ကျပန်း လက်လုပ်လက်စားများနှင့် ဝန်ထမ်းများ၏ နေ့စဉ် ကြုံတွေ့နေရသော ဆင်းရဲဒုက္ခတို့ကို ဖော်ပြ ထားသည်။

ဆရာမနုနုရည်(အင်းဝ)၏ ဝတ္ထုများသည် မျက်မှောက်ခေတ် လူမှုရေး စီးပွားရေး၊ ဘဝခံစားချက်များကို ထင်ဟပ်ရေးသားထားသည့် ဝတ္ထုများဖြစ်သည်ကို တွေ့ရှိရသည်။ ဆရာမ ဝတ္ထုထဲမှ ဇာတ်ကောင်များသည် မြန်မာပြည် တနံတလျား အရပ်ဒေသများ၌ တွေ့နိုင် မြင်နိုင်သော သူများ ဖြစ်ကြသည်။ ဆရာမ၏ ဝတ္ထုထဲမှ ဇာတ်ကောင်များသည် တကယ့် လူမှုလက်တွေ့ နယ်ပယ်မှ ရှန်းကန် လှုပ်ရှားနေကြသူများ ဖြစ်ကြသည်။ စိတ်ကူးယဉ် ဖန်တီးထားသော ဇာတ်ကောင်များ မဟုတ်ကြချေ။ လူ့ဘဝထဲမှ လူများပင် ဖြစ်ကြသည်။ ဆရာမ၏ ဝတ္ထုများတွင် စိတ်ညစ်စရာ၊ စိတ်ပျက်စရာ၊ စိတ်မကောင်းစရာ၊ ရင်နာစရာ၊ သနားစရာ အော့နလုံးနာစရာများ ရောပြွမ်းပါနေသော်လည်း သရုပ်မှန် နောက်ခံကားတွင် အနုပညာ အပြောက်အမွမ်းများ ခြယ်သလိုက်သောအခါ ရသမြောက်သော ခေတ်ပြိုင် လူမှုခံစားမှု ဘဝသရုပ်ဖော် ဝတ္ထု ဖြစ်ပေါ်လာသည်ဟု ဆိုချင်သည်။

ရန်ကုန်မြို့ ဗိုင်အမ်စီအေ ခန်းမတွင် ကျင်းပသော ဖြူးမြို့မိတ်ဆွေများ စာကြည့်အသင်း၏ စာပေဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် ဆရာမ နုနုရည်(အင်းဝ)နှင့် ခဏတွေ့ဆုံခိုက် စာဖတ် ပရိသတ်အတွက် သိသင့်မည် ထင်သည့်အချက်များကို တွေ့မေးခဲ့ရာ ဆရာမ၏ ဖြေကြားချက်များကို ဖော်ပြလိုက်ပါသည်။

**မေး**–ဆရာမ ပေဖူးလွှာ မဂ္ဂဇင်းမှာ 'ထမီကလေး တစ်ထည်'ဝတ္ထုတိုနှင့် စာပေလောကသို့ ဝင်ရောက်လာတယ်လို့ သိရပါတယ်၊ အဲ့ အရင်က ဘာစာတွေများ ရေးပါသလဲ။

**ဖြေ**– 'ထမီကလေး တစ်ထည်'ဟာ ကျွန်မ ပထမဦးဆုံး စာစွက်ပေါ်မှာ ချရေးတဲ့ ဝတ္ထုလေးပါပဲ၊ အဲဒီ အရင်တုန်းကတော့ စိတ်ထဲမှာပဲ ဝတ္ထုတွေကို အကြိမ်ကြိမ် ရေးခဲ့ဖူးပါတယ်။



**မေး**–ဆရာမဟာ ဝတ္ထုတို၊ ဝတ္ထုရှည် အများဆုံး ရေးနေသူမို့ ဝတ္ထုတိုနှင့် ဝတ္ထုရှည် ရေးရာမှာ ဘယ်ဟာကို ပိုအားသန်ပါသလဲ၊ ပိုရေးရ ကောင်းပါသလဲ။

**ဖြေ**–ကျွန်မက ဝတ္ထုကို ရေးချင်စိတ်ရှိလာမှ ရေးတဲ့သူပါ။ ရေးချင်စိတ်ရှိလာမှ ရေးတဲ့အတွက် ဝတ္ထုတိုပဲ ရေးရေး၊ ဝတ္ထုရှည်ပဲ ရေးရေး ရေးလို့ ကောင်းနေတာပဲ။

**မေး**–ဇာတ်လမ်းနှင့် ဇာတ်ကောင်စရိုက်မှာ ဘယ်ဟာကို အားပြု ရေးသားပါသလဲ၊ ဆရာမရဲ့ ဝတ္ထုတွေမှာ ဇာတ်လမ်းထက် ဇာတ်ကောင် စရိုက်ကို ဦးစားပေး ရေးသားထားတာ တွေ့ရပါတယ်။

**ဖြေ**–ဟုတ်ပါတယ်၊ ကျွန်မဝတ္ထုရေးတဲ့အခါ ဇာတ်လမ်းထက် ဇာတ်ကောင်စရိုက်ကိုပဲ ပိုဦးစားပေး ရေးလေ့ရှိပါတယ်၊ သရုပ်မှန် ဝတ္ထုတွေရဲ့ သဘောသဘာဝကိုကလည်း ဇာတ်လမ်းက အဓိက မဟုတ်ပါဘူး။ ဇာတ်ကောင်စရိုက်ကိုပဲ အဓိကထားပြီး ပေါ်လွင်အောင် ဖွဲ့လေ့ရှိပါတယ်။

**မေး**–ဆရာမရဲ့ ဝတ္ထုတွေမှာ ဇာတ်ကောင်အမျိုးမျိုး တွေ့ရပါတယ်၊ ဆရာမအနေနှင့် အဲဒီဇာတ်ကောင်တွေ ရှိတဲ့နေရာကို သွားရောက်ပြီး ကွင်းဆင်း လေ့လာရေးတာလား၊ အဲဒီဇာတ်ကောင်တွေဟာ ဆရာမရဲ့ အနီးအနားမှာ ရှိတဲ့ ဇာတ်ကောင်တွေလားဆိုတာ သိပါရစေ။

**ဖြေ**–ကျွန်မဝတ္ထုတွေထဲက ဇာတ်ကောင်တွေအားလုံးကို သူတို့ရှိတဲ့ နေရာတွေမှာ သွားပြီး တွေ့ခဲ့တာချည်းပါပဲ၊ ကျွန်မဝတ္ထုရေးမယ့် ကွင်းတစ်ခုအတွက် အဲဒီကွင်းရှိတဲ့ နေရာကို ကျွန်မအမြဲတမ်း ဆင်းပြီးမှ ရေးလေ့ရှိပါတယ်။

**မေး**– 'မြစိမ်းပြာ ကမာရွတ်'ဝတ္ထုကို ဘယ်လို ခံစားပြီး ရေးဖွဲ့ပါသလဲ၊ သိပါရစေ။

www.burmeseclassic.com

www.burmeseclassic.com

ဖြေ– ဒီနေ့ရန်ကုန်မြို့ရဲ့ ကန်ထရိုက် တိုက်ခန်းကျဉ်းလေးတွေ ပေါ်က လူတွေကို တွေ့မြင် ခံစားရာကနေ ကျွန်မ 'မြစိမ်းပြ ကမာရွတ်' ကို ရေးချင်စိတ် ဖြစ်လာတာပါ။ ကျွန်မ သေးနားမှာ အမြဲ မြင်တွေ့နေရတဲ့ မြို့ပြ လူမှုဘဝတွေ ကျွန်မ ရင်ထဲ ရောက်နေတာ ကြာပါပြီ။

မေး– အမျိုးသားစာပေ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုဆုတွေ အတွက် ဘဝသရုပ်ဖော် ဝတ္ထုတိုတွေကို ရွေးချယ် ဆုပေးနေတဲ့အတွက် အားလုံးက ဝမ်းသာနေကြပါတယ်။ အမျိုးသားစာပေဆု ရတာနှင့် ပတ်သက်လို့ ဆရာမရဲ့ ခံစားချက်ကို သိပါရစေ

ဖြေ– စာပေဆု ရတဲ့အတွက် ဘဝသရုပ်ဖော်၊ သရုပ်မှန် ဝတ္ထုတွေ ရေးနေကြသူများရဲ့ ကိုယ်စား ကျွန်မ ဝမ်းသာဂုဏ်ယူမိပါတယ်။

မေး– ဆရာမရဲ့ ဝတ္ထုတွေကို ဘယ်နိုင်ငံက သူတို့ ဘာသာနှင့် ပြန်ဆိုကြပါသလဲ။ ဘယ်ဝတ္ထုတွေကို ပြဇာတ်ကပါသလဲ၊ ဘယ်ဝတ္ထုတွေကို ဗွီဒီယို၊ ရုပ်ရှင်ရိုက်ကူးပါသလဲ။

ဖြေ– ကျွန်မ ဝတ္ထုတွေထဲက 'ထဘီကလေး တစ်ထည်' ဆိုတဲ့ ဝတ္ထုတိုလေးနှင့် 'နမ်းမှာလား မောင်ရဲ့ မွေးတယ်ရှင့်' ဆိုတဲ့ ဝတ္ထုတိုလေးကို ဂျပန်ဘာသာ ပြန်ဆိုပါတယ်။ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားတဲ့ ဝတ္ထုတွေလည်း ရှိပါတယ်။

'ရိုးပြာမြေဝယ် မြေ့စေတော့' ဆိုတဲ့ ဝတ္ထုတိုကလေးကို မောင်သိန်းဇော် (မန္တလေးဇာတ်ပွဲ)က ပြဇာတ် ကဖူးပါတယ်။ 'သောက်တော့ ဒူးယား၊ နေတော့ချုံကြား၊ ဝတ်တော့ မလေးရှား' လုံးချင်းနှင့် 'နှင်းပြောင်းတဲ့ နွေငယ်မှာလေ' ဆိုတဲ့ ဝတ္ထုတိုလေးကို ဗွီဒီယို ရိုက်ထားတာ ရှိပါတယ်။

ရုပ်ရှင်က 'ဗိုလ်ကေတစ်ထောင်မှာ တစ်ယောက်လောက်တော့ ဖွဲ့ကောင်းပါရဲ့'နှင့် အခု နောက်ဆုံးဟုတ် လုံးချင်းဖြစ်တဲ့



'ပြုး၍လည်း ကန်တော့ ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ ခံတော်မူပါ' ဝတ္ထုတွေကို ရိုက်ဖို့ ရှိပါတယ်။

မေး– ယနေ့ စာပေအပေါ် ဘယ်လို မြင်ပါသလဲ။

ဖြေ– အပျော်ဖတ်စာပေ၊ စီးပွားရေး စာပေနှင့်၊ နိုင်ငံခြား သတင်းကိစ္စတွေ ဖုံးလွှမ်းနေတဲ့ ကျွန်မတို့ ဒီနေ့စာပေလောက အခြေအနေဟာ ဝမ်းနည်းစရာပါပဲ။

မေး– ကနေ့ ဝတ္ထုတိုများနှင့် ပတ်သက်လို့ တချို့က ဝတ္ထုတို ရွှေခေတ်လို့ ဆိုကြပါတယ်။ ဆရာမ ဘယ်လို မြင်ပါသလဲ။

ဖြေ– ဒီနေ့ ဝတ္ထုတိုခေတ်ကို ဝတ္ထုတို ရွှေခေတ်လို့ ခေါ်လို့မရသေးဘူး လို့ ကျွန်မ မြင်ပါတယ်။ အတွေးအခေါ် မှန်သမျှ ဖူးပွင့်ဝေဆာနိုင်တဲ့ ဝတ္ထုတိုခေတ်ကို ရောက်မှသာ ဝတ္ထုတို ရွှေခေတ်လို့ ခေါ်လို့ ရမှာပေါ့။

မေး– ဆရာမ အခုအထိ လုံးချင်းဝတ္ထုနှင့် ဝတ္ထုတို ဘယ်လောက် ရေးပြီးပါပြီလဲ။

ဖြေ– ကျွန်မ ခုချိန်ထိ လုံးချင်းဝတ္ထု ၁၂-အုပ်၊ ဝတ္ထုတို ပေါင်းချုပ် နှစ်အုပ်၊ မဂ္ဂဇင်း ဝတ္ထုရှည်ပေါင်းချုပ် နှစ်အုပ် ထုတ်ခဲ့ပြီးပါပြီ။

မေး– ဆရာမရေးတဲ့ ဝတ္ထုတွေထဲမှာ ဘယ်ဝတ္ထုကို အကြိုက်ဆုံးပါလဲ။

ဖြေ– စာရေးဆရာဆိုတာ ကိုယ်ရေးတဲ့ ဝတ္ထုမှန်သမျှ ကိုယ့်ဟာကိုယ်တော့ ကြိုက်ချည်းနေကြတာပါပဲ၊ ကျွန်မလည်း အဲဒီလိုပဲပေါ့၊ အကြိုက်ဆုံးရယ်လို့တော့ မရှိပါဘူး၊

မေး– ဆရာမ အခု ဘာဝတ္ထု ရေးနေပါသလဲ၊ ဘာအကြောင်းအရာကို ရွေးချယ်ထားပါသလဲ။

ဖြေ– ကျွန်မအခု လုံးချင်းတစ်ပုဒ်ရေးပါတယ်၊ မြန်မာပြည်ထဲက လူ့အလွှာတစ်ခု အကြောင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## နှင်းပြောင်းတဲ့ နွေငယ်မှာလေ

မဲဇယ်ပင်တန်းပေါ်က ငှက်ကလေးတွေ၏ အိပ်တန်းထသံနှင့်အ
မြဖူး လန့်နိုးလာသည်။ အိပ်မက်ထဲက အမောကြောင့် ရင်တွေ တဆတ်ဆ
တုန်နေမိသော်လည်း သည်အချိန် မြဖူး မျက်လုံးပွင့်တာနှင့် ငှက်ကလေးတွေ
အသံနှင့်အတူ ရောပြီး ကြားနေကျ ဂန္ဓာရုံကျောင်း လေးနာရီ တုံးခေါက်သံ
မကြားရတော့ မိုးများလင်းနေရော့လားဆိုတဲ့ အပူက ရင်ထဲ တိုးဝင်က
ကပျာကယာ ထထိုင်မိသည်။ အကျင့်ပါနေသော တံတောင်နှင့်လည်
ဘေးက တခေါ်ခေါ် အသံပေးနေသည့် လင်တော်မောင်ကို တွက်လိုက်
သေးသည်။ ဒါပေမယ့် ကိုရွှေပိုက်ထွေးတို့ကတော့ အဟောက်တောင်မပျက်
ကိုယ်ပေါ်က စောင်တဘက်ကို ပိုက်ထွေးဘက် ဖယ်ချရင်း ကွပ်ပျ
ခြေရင်းမှာ ညက တင်ထားသည့် ထဘီနှင့်အကျီကို မြဖူး လျှောက်စမ်းသည်
ဩော်...ဒုက္ခပါပဲ၊ ညက သေချာတင်ထားတာကို မတွေ့တော့ဘူ
ဘေးဘီတွေပါ စမ်းကြည့်လို့ မရတော့ ကွပ်ပျစ်အောက်များ ကျသွားလာ
ဆိုပြီး မြဖူး ကုန်းစမ်းဖို့ ငုံ့လိုက်သည်နှင့် ဗိုက်ထဲက တစ်မျိုးကြီးဖြစ်သွာ
သည်။ ဘုရား၊ ဘုရား တော်ပါသေးရဲ့။ ငါ့နယ် ဈေးရောင်းသွားချင်တဲ့
လောဘဇောနဲ့ ခုနစ်လဗိုက်ကို သတိမရနိုင်တော့ဘူး။
"ကိုပိုက်ထွေး...ကိုပိုက်ထွေး..."
ပိုက်ထွေးကတော့ တုတ်တုတ်တောင် မလှုပ်၊ ငှက်ကလေးတွေအသံ
ပိုဆူညံလာတာနှင့်အမျှ မြဖူး ပူပင်လာကာ တစ်သက်လုံး မှောင်ခဲ့မြ



ပတ်ဝန်းကျင် အမှောင်တိုက်ထဲကို ယောင်ယမ်းလို့တောင် ကြည့်လိုက်မိ
ည်။ ဟင်းနော်... ဒီမမြင်ရတဲ့ မျက်လုံးကြောင်တွေက မိုးလင်းမလင်း
ယ်လိုလုပ် သိနိုင်မှာတဲ့လဲ၊ ပိန်းပိတ်စွာ မှောင်မြဲဖြစ်သော အမှောင်ကို
ကြည့်ရင်း၊ ပိုက်ထွေးကို လှုပ်နှိုးဖို့ စမ်းနေမိဆဲမှာ လေးနာရီ
ခေါက်သံတွေ အဆက်မပြတ် ဆူညံလာသည်။ အမယ်လေး တော်ပါ
ေးရဲ့ ကိုယ်ဘာသာကိုယ် အိပ်မက်ကြောင့် အစောကြီး လန့်နိုးလာပြီးတော့
ိုက်ရတာ။ အခုမှပဲ အိပ်မက်အမောကြောင့် တုန်နေသောရင်ကို
ပြန်ရပြီး အိပ်ရာပေါ် ပြန်လှဲလိုက်ရသည်။ တုံးခေါက်သံတွေနှင့်အတူ
ကျူးရင့်သော ဂန္ဓာရုံ နာရီစင်က နာရီထိုးသံကို မျက်စိမှိတ်နားထောင်ရင်း
အိပ်မက်ကို သတိရလာသည်။ ဟောဒီလိုပါပဲ၊ အိပ်မက်ထဲမှာ
ရီထိုးသံနဲ့ တုံးခေါက်သံတွေက ဆူညံနားကွဲမတတ်၊ ဘယ်နှစ်ချက်
မှန်းမသိ၊ ဘယ်နှစ်နာရီမှန်းလဲ မသိဘဲ၊ ပွက်လောရိုက်နေသော အသံ
ကြားမှာ ပိုက်ထွေးကြီးတော်နှင့် မြဖူးတို့ တအားအော်ပြီး ရန်ဖြစ်
ရသည်။
ပိုက်ထွေးကြီးတော်က နေ့လယ်က လာသွားသည့် မျက်နှာကြီးအတိုင်း
ပြောတာတွေကလည်း အများကြီး။ ဒါပေမယ့် အိပ်မက်ထဲမှာတော့
ားတွေက မပီဝိုးဝါး ဖြစ်နေကာ မြဖူးကို ဒေါသဖြစ်စေသော
ားတစ်ခွန်းပဲ ပီလေသည်။ 'ဟဲ့ ကောင်မရဲ့၊ မျက်မမြင်မရဲ့၊ နင့်ကြောင့်မို့
တူဟာ ကျောင်းက ထမင်း၊ ကျောင်းဟင်းစားရမယ့် ဘဝ ရောက်
တော့မှာ၊ ငါတို့က ဆင်းရဲပေမယ့် နင်တို့လို ဂန္ဓာရုံ ထမင်းဟင်းစား
တာ မဟုတ်ဘူးဟော့'ဆိုတဲ့စကားကို မြဖူးနားထဲက မထွက်၊ နေ့လယ်
်းကလည်း ဒီစကားတွေနဲ့ မြဖူးမျက်ရည် တောက်တောက် ကျခဲ့ရသည်။
ယ့်ကိုလာပြီး ဆွဲလွဲလုပ်လိုက်ရင် ဗိုက်ထဲက ကလေး ဒုက္ခလေးဆိုပြီး
ောင့်ခံသမျှတွေကို အိပ်မက်ထဲမှာကျမှ မြဖူးကလည်း တအား အော်အော်
ပြောပစ်လိုက်တာ၊ အသံတွေကို ပြာလို့။ နိုးလာတော့ လူလည်း မောလို့။

www.burmeseclassic.com

www.burmeseclassic.com



တုံးခေါက်သံတွေ တဖြည်းဖြည်း စဲသွားပေမယ့် ပတ်ဝန်းကျင်ကတော့ တိတ်ဆိတ်နေတုန်းပင်။ ငှက်ကလေးတွေ အသံကသာ ပိုပြီ ညံစာလာသည်။ အင်း…မနက် ကိုးနာရီ ခေါက်တဲ့တုံးသာဆို ဒီ ဘယ်ငြိမ်နေမလဲ။ တုံးခေါက်ပြီးတာနဲ့ ချိုင့်သံ၊ ပလုံးသံတွေနဲ့ လူတွေ ခပ်သုတ်သုတ် လာနေတဲ့အသံ။ ငါးဆယ်၊ ခြောက်ဆယ်ထက်မနည်း ရှိတဲ့ ခွေးအုပ်ကြီး ပြေးလာသံတွေနဲ့ ဆူညံ လှုပ်ရှားနေမှာ။ သံယာ အပါး ထောင်ချီ ရှိတဲ့ ဂန္ဓာရုံကျောင်းကြီးရဲ့ အမြဲတမ်း ပေါများပိုလျှံနေတဲ့ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ၊ ထမင်းရည်တွေကို လူတွေက အိမ်ယူကြ၊ ခွေးတွေက နေရာတင်စားကြဖို့၊ ဂန္ဓာရုံ ကျောင်းကြီးရဲ့ စွန့်နေကျနေရာ လူတွေနဲ့ ခွေးတွေ ရောထွေး ဆူညံပြီး အသက်ဝင်နေမှာ။

တကယ်တော့ ကိုးနာရီ တုံးခေါက်သံဟာ မြဖူးအဖို့ မမေ့နိုင်တဲ့အသံ မြဖူးအဒေါ်၊ မြဖူးရဲ့ တစ်ဝမ်းကွဲမောင်၊ ညီမလေးတွေနဲ့ ရွာနီးချုပ်စပ် တစ်ချို့လူတွေ။ များစွာသော ခွေးလေ ခွေးလွင့်တွေကို ညို့ငင်ခေါ်ယူတဲ့ အသံ။ ပြီးတော့ အနံ့နှင့် လျှာကိုသာ အားကိုးရသော မြဖူးအဖို့ လောဘ ကြီးပြီး မြဖူးအပေါ်မှာ အမြဲစွာတတ်တဲ့ ညီမဝမ်းကွဲ မိပုတ် ရလာတတ်သည့် ဟင်းမျိုးစုံ ပေါင်းထားသော ဟင်းပေါင်းနံ့၊ စွန်တာနီ ပဲပြုတ်နံ့၊ ဘိုတော ပဲပြုတ်နံ့၊ ပဲထောပတ်ပြုတ်နံ့၊ ခရမ်းချည်သီး၊ငါးပိချက်နံ့ ၊ ဝက်သားဟင်း လေး အနှစ်နံ့တို့ကို ဘယ်တော့မှ မမေ့နိုင်ပါ။

တဖြည်းဖြည်း ကျပ်တည်းပြီးရင်း ကျပ်တည်းလာသော မြဖူးတို့ ဆင်းရဲသား လက်လုပ်လက်စား အတော်များများကို ထမင်းနပ်မှန်အောင် အထောက်အပံ့ပေးသော ကျောင်းတော်ကြီး၏ ကျေးဇူးကိုလည်း မြဖူး ကျေးဇူး မကန်းနိုင်ပါ။

ဒါပေမယ့် ဘာလို့မှန်းမသိ။ ဘေးပတ်ဝန်းကျင်က ကျောင်းထမင်း ကျောင်းဟင်းစားတွေဆိုပြီး မေးငေါ့ခံရမှာ၊ ဝိုင်းပယ်ခံရမှာကိုတော့ မြဖူး ရှက်သည်။ ကြောက်သည်။ အဒေါ် မုဆိုးမနှင့် ကလေးလေးယောက်



လုပ်ပို မြဖူးနဲ့ဆို ခြောက်ယောက်ရှိသော မိသားစုအဖို့ အဒေါ်နှင့်အရွယ်ရောက် ညီမတစ်ယောက် ရက်ကန်းခတ်သည့် ဝင်ငွေနှင့် ဘယ်လိုမှ မစားလောက် လို့သာ။ နို့မို့များဖြင့် ဘယ်သူ လုပ်ချင်ပါ့မလဲကွယ်။ အင်း- မြဖူးကိုတော့ ရေးအတိတ်ကုသိုလ်ကံကြောင့် တွေ့ခဲ့ရတဲ့ လင်တော်မောင် ကိုပိုက်ထွေးက ကျောင်းထမင်း ကျောင်းဟင်းကို မြဖူး ဘယ်တော့မှ မစားစေရတဲ့။ ဆီနဲ့ ဆားနဲ့ စားရစားရ။ သူရှာကျွေးမတဲ့။ ပြောတော့သာ လွယ်တာ။ ဆီနဲ့ ဆားဖိုး ရှာဖို့ကိုက ဘယ်လောက်ခက်လဲဆိုတာ မြဖူးသိပါသည်။ ခုပဲ ကြည့်။ သူ ပင်ပန်းပြီး တအား အိပ်ပျော်နေတာ၊ သူ့ကြီးတော်ကလည်း ပြောသွားသေးတယ် မဟုတ်လား။ သူ့တူမှာ အလုပ်စုံ လုပ်ရတာ လူရုပ် ဆောင် မပီတော့ဘူးတဲ့။ ဒါပေမယ့် အဲဒါ ညီးကြောင့်၊ မြဖူးကြောင့် ဆိုတာကတော့ ဘာဆိုင်လို့လဲ။ သူ့တူဘာသာ မျက်မမြင်မကို ချစ်လှချည်ရဲ့ ဆိုပြီး အတင်းယူတာ၊ သူ့တူကို ယူပါရှင်လို့ ဘယ်သူကမှ…

"မြဖူး…မြဖူး။ ထတော့ဟ"

ပိုက်ထွေးက ထုံးစံအတိုင်း ကမူးရှူးထိုးနှင့် ထထိုင်သည်။

"အမယ်လေး၊ ကျွန်မ ရှင့်ကြီးတော်၊ ကောင်းမှုနဲ့ ကြာလှပြီ နိုးနေတာ"

အိပ်မက်အရှိန်နှင့် အငေါ်တူးသော မြဖူးကို ပိုက်ထွေးက ခပ်ကြောင်ကြောင် ကြည့်ရင်း တဟဲဟဲရယ်ကာ…

"ဘာတွေ ပြောနေတာလဲဟ၊ ထ, ထ မျက်နှာသစ်ရအောင်။ အဲ- မမ်းမနေနဲ့ဗျ။ နင့်အကျီ်နဲ့ ထမိကို ငါ ညက ကြွက်ရန်ကြောက်လို့ သတ္တာထဲ ထည့်ထားတာ။ ပြီးတော့ ထုတ်ပေးမယ်။ လာဟာ၊ မြန်မြန်လုပ်။ နောက်ကျနေလိမ့်မယ်။ နင့်သနပ်ခါးလဲ သွေးပေးရဦးမှာ။ ဒီမှာ ဖိနပ်က"

စကားသံ တတွတ်တွတ်နှင့်အတူ မြဖူးလက်တွေကို ကြင်နာစွာ ဆွဲငင် ခေါ်ယူတော့လည်း မဆီမဆိုင် ရုထားမိသော မြဖူးနှုတ်ခမ်းတွေ အလိုလို ပြေလျော့ကာ သူ့ကြီးတော် အိပ်မက်သည်လည်း လွင့်စင် ပျောက်ပျက်ရပြန်သည်။

www.burmeseclassic.com



"xထည့်ကာ xထည့်ကာ xယကွင်းရယ်နဲ့ xထမင်းတွေပုံ xဟင်းတွေ ပုံ xထည့်ကာ xထည့်ကာ xယကွင်းရယ်နဲ့ xထမင်းတွေပုံ xဟင်းတွေပုံx"

မယ်ဇယ်ပင် ရွက်ခတ်သံတွေကြားမှာ၊ နှင်းစက်ဖြောက်ဖြောက်သံတွေကြားမှာ အချိုးမပြေသော ပိုက်ထွေး သီချင်းအော်ဆိုသံက ပျံ့လွင့်နေသည်။ မြဖူးက ပိုက်ထွေး လက်တစ်ဘက်ကို ဆုပ်ကိုင်ထားပြီး လက်တစ်ဘက်က စမ်းလျှောက်သည့် တုတ်ကို ကိုင်ထားသည်။ လက်တစ်ဘက်က မြဖူးကိုဆွဲ၊ တစ်ဘက်က အကြော်ကြော်တဲ့ ပစ္စည်းပစ္စယတွေနှင့် လေးလှသော တောင်းကို ထိန်းပြီး ထမ်းထားရသည့် ကြားထဲက ပိုက်ထွေး သီချင်းဆိုနိုင်သေးသည်။ နေ့စဉ် နေ့တိုင်း အကြော်တဲ သွားရာလမ်းတစ်လျှောက်လုံး ထပ်တလဲလဲ ဆိုတတ်သော သည်သီချင်းပိုဒ်လေးကို မြဖူးမှာ မရိုးနိုင်သလို သည်းခံနားထောင်ရမြဲ။

"xထည့်ကာ xထည့်ကာ xယကွင်းရယ်နဲ့ xထမင်းတွေပုံ xဟင်းတွေပုံ"

"သီချင်းကလည်း ဒီကမတက်တော့ဘူး။ ရှင့်ဥစ္စာက"

"ဟဲ...ဟဲ၊ သီချင်း အော်ဆိုတာ အချမ်းပြေတယ်ဟ"

ဟုတ်သားပဲလေ။ သူ့မှာမှ အနွေးထည် မရှိဘဲ။ ဗိုက်နှင့် မြဖူးက သူ့လူပျိုဘဝက အနွေးထည်ကို ယူဝတ်ရတော့ အကြော်ဗိုက မီးနဲ့နွေးသွားတာပဲဆိုပြီး သူနေ...နေခဲ့တာ။ နှုတ်ဆိတ်ငြိမ်သက်သွားသော မြဖူးကို ပိုက်ထွေးက စောင်းကြည့်ရင်း...

"မြဖူး...နင့်ဗိုက်ထဲက ဟာလေး လှုပ်သေးလား"

"လှုပ်တာပေါ့ ကျွန်မ ဘယ်တော့လောက် မွေးမှာလဲ မသိဘူးနော်ဆောင်းကုန်မှ မွေးပါစေ။ ကိုယ့်မှာက စောင်တွေ ဘာတွေ လုံလောက်တာ မဟုတ်ဘူး"

"ဟာ...နင်ကလည်း ဘယ်တော့ မွေးမွေး။ စောင်မရှိ ဝယ်ရမှာပေါ့ဟ"



"ပါးစပ်ဝယ်ကတော့ လွယ်တာပေါ့ ကိုပိုက်ထွေးရယ်။ ရှင့်မှာ ...ိုက်ဆံရှာရတာ လွယ်တာမဟုတ်။ မနက် အကြော်ရောင်းတော့လည်းရှင် ...ထမင်းချက်တော့လည်းရှင်၊ နေ့ခင်းအလုပ်ကလည်း တစ်မျိုး၊ နေဦး-နေဦး။ နေ့ခင်းအလုပ်ဆိုလို့ ရှင် နေ့လယ် နေ့လယ်မှာ ပလပ်စတစ်တွေ ...ိုက်ကောက် နေတယ်ဆို အိမ်ကြိုအိမ်ကြားတွေမှာတဲ့၊ ရှက်စရာကြီးတဲ့"

"ဘယ်သူကတုံး"

"ကိုပိုက်ထွေး ကြီးတော်ကပေါ့၊ ဟိုတစ်လောကတော့ ရှင်ရက်ကန်းသွားခတ်တယ်ဆိုပြီး ခုကျ ဘာဖြစ်လို့လဲ"

"ကြီးတော်ပြောတာတွေ စိတ်ထဲ မထားစမ်းပါနဲ့ဟာ။ အလကား၊ ...င်ဘာမှ မပူနဲ့။ ငါ့အလုပ် ငါသိတယ်"

"ကိုပိုက်ထွေးသိတာက ကိစ္စမရှိဘူး။ အပြောခံရတော့ ကျွန်မ ...ေါင်းကြီးပဲ။ ကိုပိုက်ထွေး ကြီးတော်က သူ့တူက မိဘမရှိပေမယ့် ...ဆင်းရဲပေမယ့် လူပျိုတုန်းက ဒီလို မစုတ်ပြတ်ဘူးတဲ့။ နာရီနဲ့ ဘာနဲ့တဲ့၊ ...ုကျမှ ကျွန်မကြောင့်..."

မြဖူး ငိုသံပါစ ပြုလာသည်။

"မြဖူးကလည်းဟာ စောစောစီးစီး။ ဟိုမှာ တောင်လေးလုံးက ...ဦးဇင်းငွေး ဆွမ်းခံထွက်လာပြီနော်။ ငါတိုင်လိုက်ရမလား"

"တိုင်ပါ့လား၊ ကျွန်မကလည်း ပြန်တိုင်ပစ်မှာပေါ့ ဟင်း။ ဘာဖြစ်ဖြစ် ...မြဖူးကြောင့်ချည်းပဲ။ မျက်မမြင်မ ဘာသာ မျက်မမြင်နေတာကို ဘယ်သူက အတင်းယူတာလဲ"

ပိုက်ထွေးက ချော့မော့သံနှင့် တဟဲဟဲ ရယ်သည်။

"အတင်းယူမှာပေါ့ဟ... နင်က လှတာကိုးနော်၊ မြဖူး။ ငါ့မှာ ...မြင်ကတည်းက တစ်ခါတည်းကြိုက်ပြီး လိုက်လာရတာလေ။ အမယ်လေး ...အဲဒီတုန်းက ငါ့မှာလေ ပွဲမကြည့်နိုင်ဘူး။ ပွဲခင်းထဲက နင့်ဆီပဲ လှမ်းလှမ်းကြည့်ရတာ အမော။ နင်ကလည်း ဘေးကမိန်းမကို လက်တို့တို့ပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်တာ။ အားလပ်ချိန်ကျ နင်တစ်ယောက်တည်း ဖျာပေါ်ကျန်ရစ်တော့ ဟန်ပြီဟာဆိုပြီး နင့်နောက် လာထိုင်မှပဲ ငါမယ် သနားလိုက်ရတာ။ ဖျာပေါ် လက်ကလေးနဲ့ ဟိုစမ်းဒီစမ်းနဲ့ 'ကျွန်မ တဘက်ကလေး ဘယ်ရောက်သွားပါလိမ့်'တဲ့။ ကျုပ်မယ် ဖျာစွန်းက တဘက်လေး လက်ထဲ ထည့်ပေးရင်း သနားပြီး တစ်ခါတည်း ယူမယ်ဟာလို့... ဟား ဟား၊ နော်... မြဖူး။ အဲ... မှတ်မှတ်ရရ...ဒီသီချင်း ငါ...အဲဒီပွဲက ရတာဗျ"

မျက်ရည်ဝိုင်းသော မျက်လုံးကြောင်လေးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း မသိမသာ ပျော့ပျောင်းလာသော မျက်နှာလေးကိုကြည့်ကာ ပိုက်ထွေး သက်ပြင်းချရသည်။ သူကလေး တစ်ခါဖူးမျှ မမြင်တွေ့ဘူးတဲ့ အပြင်လောကကြီးရဲ့ ခါးသီးနေတဲ့ ဘဝအခက်အခဲတွေ အကြောင်းကို မသိပါစေနဲ့တော့။ ဒီအကြောင်းလေးကို ပြောရင် မြဖူး စိတ်ပြေသဘောကျ တတ်သလို ကိုယ်ကိုယ်တိုင်ကလည်း ပွဲခင်းမြင်ရင် ကြည်နူးတတ်ခဲ့ပေမယ့် ခုချိန်မှာတော့ ပွဲခင်းဗလာတွေ့ရင် ထမင်းဖြစ်စေမယ့်၊ ပိုက်ဆံဖြစ်စေမယ့် စက္ကူစုတ်လေးတွေ၊ ပလပ်စတစ်အိတ်လေးတွေကိုပဲ စိတ်ဝင်စားတော့ တာကို မြဖူးမသိပါစေနဲ့တော့။

* * *

"တိတ်ပါတော့ မြဖူးရာ၊ ငါ တောင်းပန်ပါတယ်"

"မတိတ်ဘူး မတိတ်ဘူး၊ ဒီကတော့ ဒီကတော့ တစ်နေ့လယ်လုံး တစ်ညနေလုံး ပြောချင်လွန်းလို့ စောင့်လိုက်ရတာ၊ ပြီးတော့ ပြီးတော့"

မြဖူးက ထိန်းမရ သိမ်းမရ ငိုပြန်သည်။ ပိုက်ထွေးက ခေါင်းကိုသာ တဖျင်းဖျင်း ဆွဲကုတ်လိုက်မိသည်။

"ကဲ ဝမ်းသာပါတယ်လို့ နင့်ကို ငါ မပြောဘူးလားဟာ၊ နင်ကလဲ ဟုတ်ပါ့မလားလို့တော့ စဉ်းစားရတာပေါ့ဟ။ မွေးကတည်းက ဖြစ်တဲ့ မျက်စိ ပြန်မြင်နိုင်တယ်ဆိုတော့"



"ဦးဇင်းဒွေး ကိုယ်တိုင်က လာပြောတဲ့ ဥစ္စာကို။ ရှင်မယုံရင် သွား မေးပါလား။ ဆရာတော် ဦးပညာကိုယ်တိုင် သွားမေးခဲ့တာပါ ဆိုနေမှ၊ နာမည်ကျော် မျက်စိကု ဆရာဝန်ကြီးတဲ့။ ဦးမောင်မောင်အေးတဲ့။ မည်းမည်း၊ ပုပု သဘောကောင်းကောင်းတဲ့၊ ကျွန်မမျက်စိက သုံးနှစ်သမီး အမေဆုံးပြီးမှ ကွယ်တာဥစ္စာ၊ ရတယ်တဲ့၊ အားနည်းပြီး ဂရုမစိုက်နိုင်လို့ တဖြည်းဖြည်း ဖြစ်သွားတာတဲ့၊ ဆေးရုံတက် ခွဲလိုက်ရင်"

"တော်ပါတော့ မြဖူးရာ ငါဘယ်နှစ်ခါ နားထောင်ပြီးပြီလဲ၊ စိတ်ချ နောက်ဖြန်ကျ ငါ ဦးဇင်း သေချာသွားမေးပါ့မယ်။ ငါခု ထမင်းသိပ်ဆာနေပြီ၊ လာဟာ"

"မလာဘူး"

မြဖူး မပြေနိုင်။ ဒီကတော့ မျှော်လိုက်ရတာ ဒီစကားကိုပြောချင် လွန်းလွန်းလို့ စောင့်လိုက်ရတာကို။ သူကတော့ မလှုပ်တလှုပ်၊ မပွင့်တပွင့်နဲ့။

"မြဖူး။ လာဟာ ငါဆာလှပြီ"

လာဆွဲခေါ်သော ပိုက်ထွေးလက်ကို မြဖူး ဖယ်ချပစ်လိုက်သည်။

"လာလို့ဆို"

မြဖူး လက်မောင်းတွေကို ပိုက်ထွေး လာဆွဲခေါ်ပြန်သည်။ 'မလာဘူး'လို့ အော်ရင်း ဒီတခါ မြဖူး တွန့်လိန် ရုန်းလိုက်ချိန်မှာတော့ ထမင်းဆာနေသည့် ပိုက်ထွေးဒေါသတွေ ပေါက်ကွဲသွားသည်။ 'နေဟာ 'ဆိုပြီး ပိုက်ထွေး ဆောင့်တွန်းလိုက်သော အရှိန်နှင့် ကွပ်ပျစ်ပေါ်မှာ မြဖူး ခွေခွေလေး။

"ကိုပိုက်ထွေး"

ရှူးရှူးဝါးဝါး အော်ရင်း၊ ရှိုက်ငိုရင်း၊ ဒေါသနှင့် ပိုက်ထွေးကို ရန်ဖြစ် သတ်ပုတ်ချင်သလို လိုက်လံ စမ်းရှာနေသော သူကလေးကို မြင်ရပြန်တော့ ပိုက်ထွေးသနား နာကျင်ရပြန်သည်။ အို သူ့မှာ မွေးခါနီး၊ ဖွားခါနီးလေး၊ မြဖူးနားသို့ ပိုက်ထွေး ပြန်ကပ်ရင်း မြဖူးလက်တွေကို အသာ ဆွဲယူ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြဖူး...မြဖူး...ငါ မှားသွားတယ်ဟာနော်၊ ငါဆာနေလို့ပါဟာ။ သိလား။ နင့်ငါ့ကို ပြန်ရိုက်ချင်တယ်မဟုတ်လား၊ ရိုက်လေ မြဖူး ရိုက်...။ ဒီမှာလေ ငါ့ပါး"

မြဖူးလက်တွေကို ပါးပေါ်သို့ တင်ပေးနေသော သူ့အသံ တုန်တုန်ရယ်။ သူ့ပါးရိုး ငေါငေါတွေရယ်။ ပြီးတော့... ပြီးတော့... သူပြင်ထားတဲ့ ထမင်းပွဲက (သူက မပြောပေမယ့်) အနံ့ယဉ်နေတဲ့ မြဖူးသိပ်သိတဲ့ ဂန္ဓာရုံ ဟင်းနံ့တွေက မြဖူးရဲ့ ဒေါသလက်တွေကို အလိုလို ပြေလျော့စေကာ တစ်စုံတစ်ခုကို နားလည်နေသလို မြဖူးမျက်ရည်တွေ လိမ့်ကျရပြန်သည်။

* * *

မှိုင်းပျပျ မြူမှုန်တွေက မီးခိုးငွေ့ငွေ့အုသော ပိုက်ထွေးတို့အကြော်တဲလေးကို လွှမ်းခြုံစ ပြုပြီ။ ဖိနပ်မပါသော ပိုက်ထွေးခြေထောက်တွေမှာ ဖုံတွေနှင့် ဖွေးနေသည်။ အကြော်ဖန်းနောက်က တဲတိုင်က မှီထိုင်နေသော မြဖူးရဲ့ မျက်လုံးကြောင်ကလေးများက တဲထဲဝင်လာသော ပိုက်ထွေးကို မျှော်လင့်တကြီး စောင့်ကြိုကြသည်။

"ဦးဇင်းနဲ့ တွေ့ခဲ့လားဟင်"

"အေး...တွေ့တယ်...၊ ပြောပါတယ်၊ ဦးဇင်းက နင်ပြောသလိုပဲ ကုလို့ ရတယ်တဲ့"

သည်မှာတင် စကားရပ်သွားသော ပိုက်ထွေးကို မြဖူးက စိတ်လှုပ်ရှားစွာ ခဏစောင့်နေပြီးမှ...

"ဦးဇင်းကို ဘာပြောခဲ့လဲဟင်"

"ဦးဇင်းကိုလား"

မြဖူးရဲ့ မျက်လုံးကြောင်လေးတွေကို ကြည့်ပြီး ပိုက်ထွေးခဏ တွေနေမိသေးသည်။

"မကုတော့ဘူးဘုရားလို့ ငါ ပြောခဲ့တယ်လေဟာ"

တမင် ပေါ့ပါးထားရတဲ့ ကိုယ့်အသံကို ငြိမ်သက်ညှိုးကျသွားရာ



သူလေး သိသွားမှာ ပိုက်ထွေး ကြောက်လှသည်။ ရန်မထောင် စိတ်မဆိုးရှာဘဲ မျက်ရည်လေးတွေသာ ဝဲတက်လာသော သူကလေးကိုပင် မုန်းတီးဖို့ ကောင်းသော ခပ်ရှင်ရှင် လေသံနှင့်ဆက်ပြီး–

"ဘာပြုလို့ဆိုတာ မြဖူးသိလား"

မြဖူး မဖြေပဲ ပိုက်ထွေးပုခုံးကို စမ်းပြီး ဆုပ်ကိုင်ကာ

"ကျွန်မကို ကုမပေးချင်လို့တော့ မဟုတ်ဘူးမဟုတ်လား ဟင်"

မြဖူးရယ်။ ပိုက်ထွေး ရင်ထဲမှာ စူးနင့်သွားသည်။

"ဟင်လို့ ကိုပိုက်ထွေး၊ ကုမပေးချင်လို့ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး မြဖူးရာ"

ပိုက်ထွေး ပခုံးကို ဆုပ်ထားသော မြဖူးလက်တွေ ပိုပြီး တင်းကျပ်လာသည်။

"ဟို...ဟို ပိုက်ဆံကြောင့် မဟုတ်လားဟင်"

အို...နှုတ်ခမ်းတွေကိုဘဲ ပိုက်ထွေး ကိုက်ထားမိသည်။ သိပ်ကုချင်တာပေါ့ ဦးဇင်းရယ်။ တစ်ခါမှ မမြင်ဖူးတဲ့ ယောကျ်ားကို မြင်ချင်ရှာမှာ။

မွေးလာမယ့် သူ့ကလေးကို သူမြင်ချင်ရှာမှာ။ တပည့်တော် သိတာပေါ့ဘုရား...။ ဒါပေမယ့် ဦးဇင်းရယ်၊ ကျုရာအလုပ် လုပ်ရတဲ့ တပည့်တော် ဝင်ငွေနဲ့က၊ ခုလေ သူ မစားချင်တဲ့၊ သူရက်တတ်တဲ့ ဂန္ဓာရုံ ထမင်းဟင်းတွေကို သူမသိအောင် တပည့်တော် ညာကျွေးနေရပြီ။ အို– ဆေးရုံတက်ဖို့ ငွေရှာဖို့ ဆိုတာက မြဖူးရယ်။ ဦးဇင်းရှေ့မှာ ရင်ဖွင့်ငိုပစ်မိခဲ့တဲ့ ငါ့သီး နာကြည်းစရာတွေကို မင်းဘယ်တော့မှ မသိစေရပါဘူး။

"ဟင်...လို့ ကိုပိုက်ထွေး ပိုက်ဆံကြောင့် မဟုတ်လားဟင်"

ပိုက်ထွေး သက်ပြင်းကို ရှိုက်ရပြန်သည်။ ပြီးတော့ အသံအက်အက်နှင့် ရယ်လိုက်ရသေးသည်။

"ပိုက်ဆံကြောင့် မဟုတ်ဘူးဟ သိရဲ့လား။ ငါက အရုပ်ဆိုးတယ်၊ နင်က လှတယ်၊ နင်မျက်စိမြင်သွားရင် ငါ့ကို ပစ်ပြေးသွားမှာစိုးလို့ သိပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အို"

ပျော့ပျောင်းသွားရှာတဲ့ မျက်နှာ ပြုံးမဲ့မဲ့ကလေးကို ပိုက်ထွေး မကြည့်ရက်ပါ။ ပခုံးပေါ်က လက်ကလေးကို အသာဖယ်ချရင်း။

"ပြန်စို့နော် မြဖူး... နေတောင် မြင့်နေပြီ"

"နေဦးလေ"

ဘာဖြစ်လို့ ပိုက်ထွေး အမေးမဆုံးခင်မှာပင် နီးကပ်စွာ ကြားလိုက်ရ သော တုံးခေါက်သံ။

ကိုးနာရီ တုံးခေါက်သံ။ ပြီးတော့... တဟုန်ထိုး ပြေးလာကြတဲ့ ခွေးတွေ။ ပိုက်ထွေး ရင်တွေ တဒိတ်ဒိတ်ခုန်လာဆဲ။ မြဖူးက ဆတ်ခနဲ မတ်တပ် ထရပ်လိုက်သည်။

"ကဲ... မကြားဖူးလား၊ ဒါကြောင့် ကျွန်မပြောတာ။ တုံးခေါက် နေပြီလေ ကိုပိုက်ထွေးရဲ့ ထမင်းဟင်းယူပြီးမှ တစ်ခါတည်း ပြန်မယ်လေ"

"မြဖူး"

အထိတ်တလန့် ခေါ်တဲ့ ပိုက်ထွေးကို မြဖူးကတော့ ဂရုမစိုက်ပါ။ သူ့လက်တွေနှင့် ပိုက်ထွေးကို စမ်းရင်း။

"တွဲလေ ကိုပိုက်ထွေးရဲ့။ မြန်မြန် သွားကြရအောင်။ အမယ် နောက်ကျရင် ပဲပြုတ်ပဲ ရတာနော်။ ဘာမှတ်လဲ"

မြဖူးလက်တွေကို တွဲခေါ်သော ပိုက်ထွေးလက်တွေက အေးစက် တုန်ယင်နေသည်။ သူ့လက်တွေကို မြဖူး တင်းနေအောင် ဆုပ်ထားရင် တရွေ့ရွေ့ စလျှောက်သည်။

ဟော... လူတွေ လာနေတဲ့အသံ။ ခွေးတွေ... မာန်ဖီသံ နေပူခံဘုရားက ဆည်းလည်းသံ။ ဒီကြားထဲမှာ အဆက်မပြတ် ပေါ်ထွက် နေသော တုံးခေါက် သံ၊ နာရီသံတွေကလည်း တောင်သမန်တစ်ခွင်လုံး ပွက်ပွက် ညံအောင် ဆူပဲ ဆူနိုင်လွန်းပါသည်။

ပေဖူးလွှာ မဂ္ဂဇင်း

အမှတ်–၇၁၊ ၁၉၈၇–ခုနှစ်၊ ဧပြီလ

## မလေးလုံ၏ ဝတ္ထုတို

[မစားရလဲ ဝပါတယ်]

www.burmeseclassic.com

www.burmeseclassic.com



## မလေးလုံ
## ၏
## သူ့စာ သူ့ဖွဲ့ သူ့အား သူ့မာန်

မလေးလုံ ပန်းတစ်ခက်
နှမ်းမပျက် ကြွေရှာ။

လွှမ်းတလျက် မဖြေသာ
အမေမှာ ပူဆွေး
သုဂတိ ကောင်းကင်ဘုံ
ပေါင်းအစဉ်ဆုံ စံမည့်သူလေး။

စာလောက မိတ်ဆွေတွေ
စိတ်ပွေတာ မအေး။

မလေးလုံ သူကလေးအတွက်
ပူဆွေးကျ မျက်ရည်။

မသေရင် ကောင်းလေရဲ့
ပေါင်းအဆွေရဲ့ တောင့်တကြိုးစည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဆန္ဒမညီ
ကွယ်လွန်ပြီ မျက်နှာလွှဲရှာပေါ့
ထူးကဲလှ စာပေများစွာ
ရေးဖွဲ့ခဲ့တာ။
သုဂတိ ဘုံရိပ်သာမှာ
'လုံ' အေးစွာ နေတော့ကွယ်လေး။

ငါအဖေ မျက်ရည်
ကျလေပြီ ငိုပွဲကွယ့်လေး။ ။

**ရန်အောင်**

ယနေ့ ဆယ်ကျော်သက် စာဖတ်ပရိသတ်များနှင့် အလှမ်းကွာဝေ နေသည်ဟု ဆိုနိုင်သော်လည်း လူလတ်ပိုင်း စာဖတ်ပရိသတ်များ စွဲလမ်း နှစ်ခြိုက်ခဲ့ကြသည့် အမျိုးသားစာပေဆုရ စာရေးဆရာမ မလေး ကွယ်လွန်သွားသည်မှာ ၁၉၉၅–ခုနှစ် ဖေဖော်ဝါရီလ ၂၈–ရက်နေ့ဆိုလျှ လေးနှစ်ပြည့်မြောက်ပြီ ဖြစ်သည်။

ညာဘက်ကိုယ်တစ်ခြမ်း သေသွားသည့် ဝေဒနာသည် ဘဝကနေပြ လောကကို အနိုင်မခံ အရှုံးမပေး၊ ကြံ့ကြံ့ခံပြီး ကျန်းမာရေးချို့တဲ့နေသည့် ကြားက ရေးသားခဲ့သော အမျိုးသားစာပေဆုရသည့် 'မွှင့်'ဝတ္ထုရှည်ကြ **'မေမောင်တင် သို့မဟုတ် ဘသက်ရှည်'** အမည်ရှိ စာပေသမိုင်းဝ အတ္ထုပ္ပတ္တိများကို ရေးသားသွားသည့် ဆရာမ မလေးလုံ၏ ခွဲ၊ မာ ဝီရိယများကား ချီးကျူး လေးစားဖွယ်ပင် ဖြစ်၏။ အတုယူဖွယ်ဝ ဖြစ်၏။

စာရေးဆရာမ မလေးလုံကို ၁၉၃၅–ခုနှစ် ဇူလိုင်လ ၁၉–ရက် (သောကြာ)နေ့တွင် ပုသိမ်မြို့၌ အဖ ကျောင်းအုပ်ဆရာကြီး ဦးချစ်ထွန်း အမိ ဒေါ်စောတင်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း ခြောက်ယောက်တွ



ဒုတိယမြောက် သမီးကြီးဖြစ်ပြီး အစ်ကိုနှစ်ယောက်နှင့် ညီမ သုံးယောက် ရှိသည်။ ဆရာမ မလေးလုံ၏ အမည်ရင်းမှာ 'မခင်သိန်းဆွေ'ဖြစ်သည်။

ဆရာမ မလေးလုံ ငယ်စဉ်က ပုသိမ်မြို့ ခရစ်ယန် သာသနာပြုကျောင်း များဖြစ်သော အောဘီအမ် အထက်တန်းကျောင်းနှင့် စံကောကရင် အထက် တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ဆရာမသည် စာသင်တန်း တိုင်းတွင် စာတော်သည့်အပြင် ကျောင်းအားကစား ပြိုင်ပွဲများ၌လည်း အောင်မြင် ထူးချွန်သည့် ဘက်စုံတော်သူ ကျောင်းသူတစ်ဦး ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်း မငြိမ်မသက်မှုများကြောင့် မိဘများ ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ရာ ဆရာမသည် ကမာရွတ်မြို့နယ် ဒေါ်သာထက် အထက်တန်းကျောင်းတွင် ဆက်လက် ပညာဆည်းပူးခဲ့သည်။

ဆရာမသည် ကိုးနှစ်အရွယ် ကလေးဘဝကပင် ကျန်းမာရေးချူချာ ခဲ့သည်။ နှလုံးအားနည်း ရောဂါရှိ၍ ဆော့ကစားရာတွင် မောသည့်ဒဏ်ကို ခံစားရသည်။ အသက် ၁၁–နှစ်အရွယ်တွင် ဆေးရုံတက်ရသည့်အထိ ကျန်းမာရေး ဆိုးဝါးခဲ့သည်။ ဆေးရုံနှင့်ကျောင်း တစ်လှည့်စီတက်ရင်း ပညာသင်ရာလည်နေခဲ့သည်။ နောက်ဆုံး နှလုံးရောဂါ ပြင်းထန်လာ၍ ဆေးရုံ တက်ရပြီး သမားတော် ဆရာဝန်ကြီးများ၏ တိုက်တွန်း ညွှန်ကြားချက်အရ ကျောင်းမှ ထွက်လိုက်ရသည်။ ကျောင်းစာနှင့် နှစ်နှစ်ခန့် အဆက် ပြတ် သွားခဲ့သည်။ ဆယ်တန်းရောက်သည့်နှစ်တွင် ဆယ်တန်းဖြေရန် ကျူရှင် တက်ခဲ့သော်လည်း စာမေးပွဲ မဖြေလိုက်ရဘဲ ဆေးရုံတက်ရပြီး နှလုံးရောဂါ ဝေဒနာကို ကုသနေရင်းပင် ဆေးရုံပေါ်၌ ညာဘက် ကိုယ် တစ်ခြမ်းသေ သွားခဲ့သည်။

ဤသို့ဖြင့် ဆရာမ မလေးလုံသည် ဆယ်ကျော်သက် အရွယ်မှာပင် ကျောင်းနှင့် စခန်းပြတ်သွားခဲ့သည်။ ဘာမျှလည်း မလုပ်နိုင်တော့ပေ။ ခေါင်းဖြီးသည်ကအစ လူကြီးများက လုပ်ကိုင်ပေးရသည်။

ထိုသို့ နှလုံးရောဂါနှင့် လေဖြတ်မှု ဝေဒနာကို ကုသမှု ခံယူရင်း အနားယူနေသည့် အချိန်အတွင်း ဆရာမတွင် မည်သည့်အ…ပ်မှ လုပ်စရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့၍ ဝတ္ထု၊ မဂ္ဂဇင်းများကို လေ့လာဖတ်ရှုခွင့် ပိုမို အခွင့်အရေး ရလာခဲ့သည်။ ဆရာမ၏ အစ်ကိုကြီးကလည်း စာပေဝါသနာပါသူဖြစ်၍ အစ်ကိုကြီးထံမှ အင်္ဂလိပ်ဝတ္ထုများကို ဆွဲယူ ဖတ်ကြည့်လာခဲ့သည်။ စာပေကို ပို၍ စိတ်ဝင်စားလာခဲ့သည်။ မြန်မာဝတ္ထုများတွင် ဒေါ်ခင်နှင်းယု၊ ဒေါ်ခင်ဆွေဦး၊ လင်းယုန်နီ၊ တက္ကသိုလ်ဘုန်းနိုင်၊ ဂျာနယ်ကျော်မမလေးတို့၏ ဝတ္ထုများနှင့် အင်္ဂလိပ်ဝတ္ထုများတွင် ပါးလ်ဘတ်၏ ဝတ္ထုများကို အတော် များများ ဖတ်ခဲ့သည်။ စာဖတ်အား ကောင်းလွန်း၍ ဝတ္ထုတစ်ပုဒ်၏ ခါးလယ်က ဖြတ်ပြီး တစ်မျက်နှာခန့် ဖတ်လိုက်လျှင် မည်သည့် စာရေး ဆရာ၏ ဝတ္ထုဖြစ်သည်ကို ပြောပြနိုင်လေသည်။

ဤတွင် စာပေများကို ဖတ်ရှုရုံမျှဖြင့် အားမရနိုင်ဘဲ ဗီဇဝါသနာ စေ့ဆော် တိုက်တွန်းမှုကြောင့် စာရေးချင်စိတ် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် အဖေနှင့်အမေတို့ ပြောပြသော ထူးထူးဆန်းဆန်း အကြောင်းအရာလေး များကို ဓာတ်လမ်းဖွဲ့ ရေးသားကာ ငွေတာရီ မဂ္ဂဇင်းသို့ ပေးပို့ခဲ့ရာ ငွေတာရီ မဂ္ဂဇင်းတွင် 'ဘမုနောင်'နှင့် 'ဂျန်တား'အမည်ဖြင့် ဆရာမ၏ စာမူများ ပါလာခဲ့သည်။ ဆရာမ၏ ပထမဆုံးဝတ္ထုမှာ တိုင်းရင်းမေဂျာနယ် တွင်ပါရှိသော 'အချစ်နှင့်တာဝန်' ဝတ္ထုတိုကလေးဖြစ်သည်။ အင်္ဂလိပ် ရုပ်ပြဝတ္ထု All in Picture ကို မှီးထားသည့် ဝတ္ထုဖြစ်သည်။ ထိုဝတ္ထု စတင်၍ 'မလေးလုံ'ဟူသော ကလောင်အမည်ကို ယူခဲ့သည်။

ထို့နောက် ဆရာမသည် တိုင်းရင်းမေဂျာနယ်အပြင် ယုဝတီ၊ ချိုတေးသံ၊ ငွေတာရီ၊ မြဝတီစသော မဂ္ဂဇင်းများတွင် ကျယ်ပြန့်စွာ ပါဝင်ရေးသားခဲ့ လေသည်။ ထိုသို့ ဝတ္ထုတိုကလေးများကို ရေးသားနေရာမှ အောင်မြင်မှု ရလာသောအခါ လုံးချင်းဝတ္ထုလောကသို့ လှမ်းတက်ခဲ့လေသည်။

ဆရာမ မလေးလုံသည် ကျန်းမာရေးချူချာသည့် ကြားမှပင် မဂ္ဂဇင်း ဝတ္ထုတိုများနှင့် လုံးချင်းဝတ္ထု အတော်များများကို ရေးသားသွားနိုင် ခဲ့သည်။



ဆရာမ၏ လုံးချင်းဝတ္ထုများမှာ မေတ္တာအရင်းခံ(၁၉၆၂)၊ ပွင့် ပထမပိုင်း၊ ဒုတိယပိုင်း(၁၉၆၃)၊ ဒုတိယအကြိမ်(၁၉၆၅)၊ တတိယအကြိမ် (၁၉၇၄)၊ း(၁၉၆၅)၊ ဒုတိယအကြိမ်(၁၉၆၆)၊ ပိုင်(၁၉၆၆)၊ ကေသာပိတုန်း ငွေမင် ည် ဖုံးစေတော့(၁၉၆၇)၊ ဒုတိယအကြိမ်(၁၉၇၁)၊ သိမ့် ပထမပိုင်း၊ ဒုတိယပိုင်း(၁၉၆၉)၊ ဒုတိယအကြိမ်(၁၉၇၇)၊ ထိပ်ထားလေး(၁၉၆၉)၊ ဒုတိယအကြိမ်(၁၉၇၂)၊ ပင်မြက် မြေဇာ ပထမပိုင်း၊ ဒုတိယပိုင်း(၁၉၇၀)၊ လကြယ်စင် ကွယ်ပင်ငြားလည်း(၁၉၇၀)၊ သစ္စာနယ်မြေသူ(၁၉၇၀)၊ ဒုတိယအကြိမ်(၁၉၇၂)၊ ပုံ့(၁၉၇၀)၊ မုန်းမာန်ရယ် ပြေစေလို(၁၉၇၁)၊ မေတ္တာသံသရာ(၁၉၇၁)၊ ထားခင်ခင်(၁၉၇၁)၊ ဘဝဆည်းဆာ(၁၉၇၂)၊ ကြယ်လှလှ ကြွေသောည(၁၉၇၃)၊ ဘယ်အညွှန်းနဲ့ ကံဆိုးမိုး ရွာတယ် ၁၉၇၃)၊ မောင့်မေတ္တာ ရစ်ခါနှောင်မှ(၁၉၇၃)၊ အိဖေကိုယ်နှင့် မကြီးဂျမ်း ၁၉၇၃)၊ မေတ္တာသွန်းဖြိုး မြတ်နိုးသူမယ်(၁၉၇၃)၊ အိသည်းပန်းတစ်ခက် း ဆက်ချင်လျက်(၁၉၇၃)၊ ထိပ်တန်းဝတ္ထုတိုများ(ဒဂုန်ရွှေမျှား၊ ညိုဝင်း၊ အောင်လင်း၊ တင့်ဆန်း၊ မလေးလုံ) (၁၉၇၃)၊ မြတ်လေးနွယ်(၁၉၇၄)၊ ချစ်ခွန်း တီတီတီ ရင်သိမ့်သိမ့်(၁၉၇၄)၊ မော်(၁၉၇၄)၊ ဘဝ ဆိပ်ကမ်း သာ(၁၉၇၄)၊ ဆောင်းလေငွေ့တော့ နှင်းငွေ့ပြယ်(၁၉၇၄)၊ ဖေမောင်တင် ို့မဟုတ် ဘသက်ရှည် ပထမတွဲ၊ ဒုတိယတွဲ(၁၉၇၅)၊ ချစ်ပါတယ် မောင့်ကို၊ မေတ္တာစကားဆိုမယ်(၁၉၇၅)၊ ဒုတိယအကြိမ်(၁၉၇၅)၊ လှေလှူးလှူး ိုင်းမှူးမှူး(၁၉၇၆)၊ ခင်ပိပိလိမ်(၁၉၇၈)၊ နေရယ် လရယ် ချစ်သူရယ်(၁၉၇၈)၊ ကြားမှုရိပ်သွင်(မလေးလုံ၊ ရွှေသဉ္ဇာ၊ ရန်အောင်ပြေ၊ ခင်ညိုထွန်း၊ ယုဝတီ ဂိမြင့်နှင့် အခြား စာရေးဆရာများ)(၁၉၇၈)၊ သီလနှင့် ပြည့်စုံသော း မနှင့် အခြားဝတ္ထုတိုများ(၁၉၈၃)တို့ ဖြစ်ကြသည်။

ဆရာမ မလေးလုံ ရေးသားခဲ့သော လုံးချင်းဝတ္ထုများအနက် 'ပွင့်'သည် ၆၃-ခုနှစ် အမျိုးသားစာပေဆု(ဝတ္ထုရှည်၊ စတုတ္ထဆု) ရရှိခဲ့သည်။

'ပွင့်'သည် ကမ္ဘာစစ် ဆန့်ကျင်ရေးနှင့် လူမျိုးစုံ ချစ်ကြည်ရေး ဝတ္ထု သည်။ ဒုတိယကမ္ဘာစစ် အတွင်းက အဖြစ်အပျက်များကို နောက်ခံပြုကာ

www.burmeseclassic.com

www.burmeseclassic.com



ခရစ်ယန်မလေး မမြင့်ပွင့်ကြည်နှင့် မေတ္တာကို တန်ဖိုးထားသော ဂျပန်စစ်ဗိုလ်ကလေးတို့၏ ဆန်းပြားစွာ ကြုံတွေ့ရသော အချစ်ရေးကို တင်ပြထားလေသည်။ ပွင့်သည် ထူးခြားသော အခြေအနေများကို အကြောင်းပြု၍ တစ်မျိုးသားလုံး၏ ရန်သူ ဖက်ဆစ်တို့အကြားမှ ဂျပန် စစ်ဗိုလ်ကလေးတစ်ယောက်၏ ချစ်မေတ္တာကို လက်ခံမိခဲ့သည်။ ဂျပန်စစ်ဗိုလ်ကလေးသည် ဖက်ဆစ်စရိုက် လက္ခဏာများ လုံးဝမရှိဘဲ အလွန်ယဉ်ကျေး သိမ်မွေ့သူဖြစ်သည်။ ပွင့်ကလည်း သူ၏ ဖြူစင် သန့်ရှင်းသော အပြုအမူတို့ကြောင့် ပြန်လည် ခင်မင်မိကာ မေတ္တာ လက်ခံလိုက်ပုံကို ဇာတ်လမ်းဆင်ထားသည်။

ဤဝတ္ထုတွင် ဆရာမ မလေးလှံသည် ဂျပန် စစ်ဗိုလ်ကလေးအပေါ်တွင် စာဖတ်သူများက ဖက်ဆစ်အမြင် ပျောက်ကာ လူသားတစ်ဦးအနေဖြင့် ကရုဏာသက်မိသည်အထိ ဆွဲဆောင် ရေးသားသွားနိုင်သည်ကို တွေ့ရသည်။

ပွင့်သည် တကယ့် အဖြစ်အပျက်ကို အခြေခံထားပြီး ဇာတ်ဆောင်များကို ဖန်တီး ရေးသားထားသည့် ဝတ္ထုရှည်ကြီးဖြစ်သည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်တွဲစီ ခွဲ၍ ပွိုင့်သေး စာလုံးများနှင့် ရိုက်နှိပ်ခဲ့စဉ်က စာမျက်နှာပေါင်း ၇၀၀ကျော် ရှိခဲ့သည်။ ပွင့်ကို ဂျပန်ပြည် ရုပ်ရှင်ကုမ္ပဏီကြီး တစ်ခုမှ ဂျပန်ဒါရိုက်တာကြီး တစ်ဦးက ဂျပန်ဘာသာဖြင့် မြန်မာပြည်သို့ လာရောက် ရုပ်ရှင်ရိုက်ကူးရန် ကမ်းလှမ်းခဲ့ဖူးသည်။ ထို့ပြင် ပွင့်ကို ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာများသို့ ပြန်ဆိုရန် ကြိုးစားခဲ့ဖူးကြောင်း သိရသည်။

"ကျွန်မ စာစရေးကတည်းက အတိုလေးပဲ ရေးပြီးရင် ဝတ္ထုရှည် ရေးမယ်ဆိုတဲ့ ရည်ရွယ်ချက်က ရှိတယ်။ ပွင့်ဇာတ်လမ်းက ကျွန်မစာရေးဆရာ မဖြစ်ခင်ကတည်းက ရင်ထဲမှာ ရှိပြီးသားပဲ၊ ကျွန်မတို့မှာ မွေးကတည်းက ကမ္ဘာစစ်နှင့် စပြီး ထိတွေ့ခဲ့ရတယ်။ ပြီးတော့ ပြည်တွင်းစစ် သောင်းကျန်းမှုနှင့် ဆက်ပြီး တွေ့ရပြန်တော့ ငြိမ်းချမ်းရေးဆိုတာ မမြင်မတွေ့ရသလောက် ဖြစ်နေတယ်။ ကျွန်မ ရင်ထဲမှာက ငြိမ်းချမ်း သာယာ



စေချင်တယ်။ ညီညွတ်စေချင်တယ်။ ချစ်ခင် စေချင်တယ်။ ဒီစေတနာရှိတယ်၊ တစ်ဦးနှင့်တစ်ဦး အထင်လွဲတာမျိုး မရှိစေချင်ဘူး။ ကျွန်မရည်ရွယ်ချက်ကတော့ စစ်မုန်းတီးရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ တစ်ယောက်နှင့်တစ်ယောက် အထင်အမြင် လွဲမှားမှု ပပျောက်ရေးပေါ့လေ၊ ဒီစေတနာနှင့် ပွင့်ကို ရေးဖို့ ရည်ရွယ်ခဲ့တာပဲ"ဟု ပေဖူးလွှာ မဂ္ဂဇင်း စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်း အခန်းကဏ္ဍတွင် ဆရာ ဝင်းငြိမ်း၏ အမေးကို ဆရာမ မလေးလှံက ဤသို့ ဖြေကြားသွားခဲ့သည်။

ဆရာမသည် 'ပွင့်'ကို အချိန် အတော်ကြာယူ၍ ရေးသားခဲ့ရသည်။ ထိုစဉ်က ဆရာမသည် ညာဘက် ကိုယ်တစ်ခြမ်းသေနေ၍ ညာလက်ဖြင့် ရေးနေရာမှ ဘယ်လက်ဖြင့် စာရေးတတ်ရန် အတော် လေ့ကျင့်ယူနေရချိန်ဖြစ်သည်။ ကိုယ်တစ်ခြမ်းသေစဉ်က အခြေအနေ တော်တော် ဆိုးခဲ့သည်။ စကားပင် ပြော၍ မရခဲ့ပေ။ စကားပြန်ပြောနိုင်စေဖို့ ကလေးကဲ့သို့ စကားပြန်သင်ရသည်။ ဤသို့ ညာလက် သုံး၍ မရတော့သဖြင့် ဘယ်လက်ဖြင့် စာရေးတတ်ရန် ကြိုးစားရသည်။ ဦးစွာ ကျောက်သင်ပုန်းပေါ်တွင် မြေဖြူဖြင့် အရေးလေ့ကျင့်သည်။ ထို့နောက် စာရွက်ပေါ်တွင် ခဲတံဖြင့် လေ့ကျင့်ပြန်သည်။ ထို့နောက် ဖောင်တိန်ဖြင့် အရေးကျင့်ရသည်။ သို့သော် မြန်မာစာကို ရေးနိုင်သော်လည်း အင်္ဂလိပ်စာကိုမူ မရေးတတ်သေး။ မြန်မာစာက တစ်လုံးချင်းရေးရပြီး အင်္ဂလိပ်စာက ဆက်ကာ ဆက်ကာ ရေးရ၍ အခက်အခဲ တွေ့ရသည်။ ထိုသို့ ဆရာမသည် ဘယ်လက်ဖြင့် ရေးနိုင်သည့် အခြေအနေသို့ ရောက်မှ'ပွင့်'ကို ရေးခဲ့ခြင်း ဖြစ်သည်။ ဆရာမ၏ ဇွဲသတ္တိကား ကြီးမားလှပေသည်။

၁၉၇၅ခုနှစ်က ရေးသား ထုတ်ဝေခဲ့သော ဝတ္ထုဟန်ဖြင့် ရေးသားသည့် '**အမောင်တင် သို့မဟုတ် ဘသက်ရှည်**'အတ္ထုပ္ပတ္တိစာအုပ်သည် ဆရာမ မလေးလှံ၏ ကြိုးစားအားထုတ်မှု၊ စာပေ ဖွဲ့မှာန်နှင့် စာပေအပေါ်ထားရှိသည့် စေတနာတို့မှာ များစွာ ပေါ်လွင် ထင်ရှားလှသည်။ လူတိုင်းအား အသိ

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ပြုကြရသည်။ မြန်မာစာပေ သမိုင်းတွင် တင်ကျန်ရစ်မည့် စာ သမိုင်း မှတ်တိုင်ပြ စာအုပ်ဖြစ်သည်။

ပထမအုပ်တွင် ဦးဖေမောင်တင် မွေးဖွားလာပုံ၊ ဦးဖေမောင်တင် ငယ်ဘဝနှင့် ကျောင်းသားဘဝ၊ မိဘဆွေမျိုး အသိုက်အဝန်း၊ သူ့အချစ် သူ့လုပ်ငန်းခွင်၊ သူ၏ နိုင်ငံခြား ပညာသင်ကြားရေးတို့ကို ဆက် ဖော်ပြထားသည်။ ဒုတိယအုပ်တွင် ဦးဖေမောင်တင်၏ အိမ်ထောင် ပါမောက္ခဘဝမှ တက္ကသိုလ် ကျောင်းအုပ်ကြီးဘဝ၊ အငြိမ်းစားယူပြီးနော အခြေအနေ၊ အမေရိက ခရီး၊ သမိုင်း ကော်မရှင်ဥက္ကဋ္ဌမှ နောက် ဦးဖေမောင်တင် ကွယ်လွန်သည့် အချိန်အထိ ဖြစ်ရပ်များကို ဖြတ်သန်း ခဲ့သော ခေတ်အခြေအနေတို့နှင့် ယှဉ်ဟပ် ဖော်ပြထားသည်။

ဆရာကြီး ဇော်ဂျီက 'ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်' စာအု တွင် အမှာစာ ရေးထားရာတွင်...

'အတ္ထုပ္ပတ္တိ ရေးသူ မလေးလုံသည် ဆရာကြီးနှင့် မကြာ ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဆရာကြီး ပြောပြသည်တို့ကို ရေးမှ ပြီးနောက် ဆရာကြီးက စစ်ဆေး ကြည့်ရှုသည်။ ထိုသို့သော အကြောင်းအချက်တို့၌ အခြေခံထားခြင်းလည်း ရှိသည်။ ထို့ကြော ဆရာကြီး၏ ဘဝဖြစ်စဉ် အကြောင်းအချက်တို့သည် အတော်အတ ပြည့်စုံလာပြီဟု ဆိုချင်ပါသည်။ တစ်ဖန် အတ္ထုပ္ပတ္တိ စီရင်ထား ကလည်း ယခုခေတ် အခေါ်အားဖြင့် ဝတ္ထုဟန် စီရင်ထားပုံ ဖြစ် ဤအတ္ထုပ္ပတ္တိကို ဝတ္ထုဟန် အတ္ထုပ္ပတ္တိမျိုးဟု ဆိုနိုင်ပါသည် အဘယ့်ကြောင့်ဆိုသော် ဝတ္ထုတို့တွင် ပါမြဲဖြစ်သော ဇာတ်လ တည်ဆောက်သော သဘော၊ ကာလဒေသ ပတ်ဝန်းကျင် အဖွဲ့သဘော လူ့သဘာဝ အဖွဲ့သဘောတို့ကို ဤအတ္ထုပ္ပတ္တိတွင် မသိမသာ ပါ အောင် စီရင်ထားသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအတ္ထုပ္ပတ္တိကို ဝတ္ထုဟန် အတ္ထုပ္ပတ္တိမျိုးဟု ဆိုခဲ့ခြင်း



ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ဤအတ္ထုပ္ပတ္တိသည် ဆရာကြီး၏ ခေတ် အခြေအနေ၊ ဆရာကြီး၏ အကြောင်းခြင်းရာတို့နှင့် စပ်လျဉ်း၍ သိစရာ မှတ်စရာတို့ကို သာမက နှစ်သက်ခြင်းနှင့်တကွ ခံစားမှု အသိကိုလည်း ပေးနိုင်သည်ဟု ဆိုချင်ပါသည်'ဟု ဖော်ပြထားသည်။ ဆရာကြီး မောင်ထင်ကလည်း ...

'မလေးလုံ၏ စာပေသမိုင်းဝင် အတ္ထုပ္ပတ္တိကို ဖတ်ရှုလိုက်သောအခါ ဣန္ဒြေရှင် အမျိုးသမီးတစ်ဦး၏ ပျိုမြစ်သော စာပေဟန်၏ အတွင်းသား ထဲ၌ ဆရာကြီး ဦးဖေမောင်တင်၏ ခွဲ၊ လုံ့လ၊ သမာဓိတို့သည် ခိုင်ခံ့စွာ အင်အားအပြည့်အဝနှင့် ပေါ်ပေါက်လာပါသည်။ နူးညံ့သော လက်ကလေးဖြင့် ကျောက်ဆစ် ကျောက်သားကို ခံ့ညား တင့်တယ် သော ပုရိသလက္ခဏာ ပေါ်အောင် ထုလုပ်သည့် အခြင်းအရာ ဖြစ်သည် ဟု ဆိုနိုင်စရာ အကြောင်းရှိပါသည်'ဟု ချီးမွမ်း မှတ်ချက် ပေးထားသည်။

'ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်' ဝတ္ထုဟန် အတ္ထုပ္ပတ္တိရေးသား ခဲ့ခြင်းနှင့် ပတ်သက်၍ ဆရာမ မလေးလုံက ဤသို့ ပြန်လည် ရှင်းပြ ထားသည်။

"အတ္ထုပ္ပတ္တိ ဝတ္ထုဟန် ရေးတာနှင့် ပတ်သက်ပြီး တချို့ အယူအဆ နည်းနည်း လွဲနေတာရှိတယ်။ ဝတ္ထုဟန်နှင့်ရေးတော့ ဝတ္ထုလို့ပဲ ဖန်တီးရေးတယ်လို့ ထင်နေကြတယ်။ တကယ်တော့ ကျွန်မ ဖန်တီးရေးတာ မပါ ပါဘူး။ ဦးဖေမောင်တင် ပြောသမျှတွေကိုပဲ ဖတ်ကောင်းအောင် စီပြီး ရေးခဲ့ တာပါ။ အတ္ထုပ္ပတ္တိ ရေးတဲ့သူတိုင်းဟာ ကာယကံရှင် ပြောတာကို ဖတ် ကောင်းအောင် ပြန်စီ ရတာချည်းပါပဲ။ ဘသက်ရှည် ပထမ အခန်းကလေးကိုပဲ ကျွန်မ စာမျက်နှာ တော်တော် ရအောင် ရေးထားတယ်။ ရိုးရိုးရေးမယ်ဆိုရင်တော့ ဦးဖေမောင်တင် ဘယ်နှစ်ခုနှစ်က မွေးတယ်၊ ဘာညာဆိုပြီး သုံးလေးကြောင်းနှင့်

www.burmeseclassic.com



ပြီးသွားမှာပေါ့။ အခုဟာက ဦးဖေမောင်တင် ကိုယ်တိုင်က သူ့အဖေ၊ အမေတွေအကြောင်း အသေးစိတ် ပြောပြတော့ ကျွန်မ မျက်စိထဲမှာ ပေါ်လာတယ်။

"ကျွန်မ ပြောချင်တာကတော့ အကြောင်းအရာတွေကို ရိုးရိုးစင်းစင်း လျှောက်ရေးမယ့်အစား တချို့ကို မြုပ်ကွက်ကလေး လုပ်ထားပြီး ဝတ္ထု ဇာတ်လမ်းလို အချိတ်အဆက် အကွက်ပေါ်မှ ပြန်ဖော်ပြတာမျိုးပါ။ ဖတ်သူကို စာပေရသ ခံစားစေလိုတဲ့ စေတနာပါ"

ဆရာမ မလေးလုံသည် 'ပွင့်'ကို ရေးသားပြီး မထုတ်ဝေမီ **'မေတ္တာအရင်းခံ'**ကို ၁၉၆၂–ခုနှစ်တွင် ပထမဦးဆုံး ရေးသားထုတ်ဝေခဲ့သည်။ 'မေတ္တာအရင်းခံ' ဝတ္ထုသည် အင်္ဂလိပ်ဝတ္ထု တစ်ပုဒ်ကို အခြေခံပြီး ခရစ်ယန် မိသားစု အိမ်ထောင်လေး တစ်ခုအကြောင်း ရေးဖွဲ့ထားသည့် ဝတ္ထု ဖြစ်သည်။

**ပိုး**(၁၉၆၅)သည် ပွင့်ဝတ္ထုရှည်ဖြင့် အမျိုးသား စာပေဆု ရရှိပြီးနောက် ရေးသားထုတ်ဝေခဲ့သော ဝတ္ထုဖြစ်သည်။ တရုတ်မကလေးကို ဇာတ်ဆောင်ထားကာ ရေးသားထားသည့် တကယ့် အဖြစ်အပျက် ဝတ္ထု ဖြစ်သည်။ **သိမ့်** (၁၉၆၉)ဝတ္ထုကို 'သိမ့်'အမည်ဖြင့်ပင် ရုပ်ရှင် ရိုက်ကူးခဲ့ရာ ညွန့်ဝင်း၊ ထွန်းထွန်းနိုင်၊ မောင်သန်းဝင်း၊ ဝါဝါဝင်းရွှေနှင့် အခြားနာမည်ကြီး သရုပ်ဆောင်များ ပါဝင်ခဲ့သည်။

ဆရာမ မလေးလုံသည် ၁၉၈၃–ခုနှစ်တွင် **'သီလနှင့် ပြည့်စုံသော မိန်းမနှင့် အခြားဝတ္ထုတိုများ'** အမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေခဲ့သည်။ မဂ္ဂဇင်းများတွင် ရေးသားခဲ့သော ဝတ္ထုတိုများကို ရွေးချယ် စုစည်းထားခြင်း ဖြစ်သည်။ စုစုပေါင်း ဝတ္ထုတို ၁၆–ပုဒ် ပါဝင်သည်။

'သီလနှင့် ပြည့်စုံသော မိန်းမ'ဝတ္ထုတိုသည် နံနက် အာရုဏ်တက် ၄–နာရီ အချိန်မှစ၍ မီးဖိုချောင်သို့ဝင်ကာ တစ်အိမ်လုံး စားရေးသောက်ရေးအတွက် မညည်းမညူ ကျုံးလုပ်သော အထက်တန်းပြ



ဆရာမ မိမိကြီးကို ဇာတ်ဆောင်ပြုကာ ရေးသားထားသော ဝတ္ထုတို ကလေးဖြစ်သည်။

မိမိကြီးသည် မိသားစုတွင် အကြီးဆုံးဖြစ်သည်။ သူသည် တစ်နေကုန် စာသင်ပြီး ပြန်လာသော်လည်း အနားမယူ၊ ထမင်းဘူးဆေးရင်း မီးဖိုထဲ ဘန်းဝင်သွားလိုက်သည်မှာ ညနေ ၆–နာရီခန့် အမေ့ ထမင်းပွဲ သိမ်းပြီးမှပင် လက်စသတ်ကာ ရေချိုးသည်။ သူသည် ဈေးသို့ ဝင်ဝယ်ခဲ့သောဟင်းလျာ များကို ညနေစာ တချို့ချက်၊ နေ့ဖို့ညစာ ရေခဲသေတ္တာတွင် ထည့်သိုရင်း ရေခဲသေတ္တာ၌ ရေပုလင်းလျော့နေလျှင် ကြားဖြတ် ရေဖြည့်လိုက်သေးသည်။ ချက်ရင်းပြုတ်ရင်း ဆေးကြောရင်းမှ ရေနွေးနှင့် ဆပ်ပြာ ရောစိမ်ထားသော ယနေ့ဝတ် ယနေ့ချွတ် အဝတ်အထည်များကို နေ့မကူးတမ်း လျှော်ဖွပ် လိုက်ပြန်သေးသည်။ သူသည် မနက်၈–နာရီဆိုလျှင် ထမင်းဟင်းများ အားလုံး အသင့်ကျက်စေခဲ့သလို ညနေ သူ့မောင် ဇနီးမောင်နှံ ရုံးမှ ပြန်ရောက်လျှင်လည်း ထမင်းကို နွေးခပ်စားရုံ ပြင်ထားပေးသည်။

မိမိကြီးခမျာ တစ်နေ့တာ အချိန်ကုန်ပြီးနောက် ညဦးပိုင်း ကလေးတွင် နားနားနေနေ မနေနိုင်အားဘဲ နောက်တစ်နေ့အတွက် ကြိုတင် ပြင်ဆင် စီမံရပြန်သေးသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် များတွင်လည်း မလည်ပတ်နိုင်အား။ ပြုနေကျ အလုပ်ဝတ္တရားများအပြင် ဆန်ရွေး ဆန်ပြာခြင်း အလုပ်တစ်ခုကို အချိန်ပို လုပ်ရပြန်သည်။ မည်သူ့မျှ ခိုင်းစရာမလိုဘဲ အလိုက်သိလွန်း၊ အပင်ပန်းခံလွန်းသော မိမိကြီးသည် မအီမသာ နေထိုင်မကောင်း ဖြစ်လျက်နှင့်ပင် အားနေသူကို အကူမခိုင်းဘဲ တစ်ယောက်တည်း ဒိုင်ခံ ကျုံးလုပ်နေသည်ကို အမေ ဖြစ်သူက ကရုဏာဒေါသောဖြင့် အနားနေရန် ပြောသည့်အခါ–

'အမေရယ်၊ အခု သမီး အလုပ်တွေ ကျုံးလုပ်နေတာဟာ အမေတို့ ခိုင်းလို့ မလွှဲသာလို့ လုပ်ရတာ မဟုတ်ပါဘူး။ တာဝန်ကျေရုံ အခကြေးငွေယူပြီး လုပ်နေ တာမို့လား အမေရဲ့၊ သမီး အဝတ်လျှော်တဲ့အခါ မဖြူချင်နေ ဖြူချင်ဖြူ

www.burmeseclassic.com



သမီး သက်သာပြီးရောဆိုပြီး ဆပ်ပြာနှင့် မပြုတ်ဘဲ အဝတ်ကို ရေစိုရုံ ဆွတ်ပြီး ဆပ်ပြာရည် မစင်ဘဲ လျှော်ဖူးသလား၊ မီးပူတိုက်ရင်လဲ နာမည်ခံရုံ ရေတောင်မဆွတ်ပဲနှင့် ပြီးစလွယ် တိုက်ပေးဖူးသလား ငရုပ်သီး ထောင်းတဲ့အခါလည်း ကုန်ကုန်ခန်းခန်း ကိုယ်သက်သာရင် ပြီးရောဆိုပြီး အစေ့တွေ ထုတ်ပစ်ပြီးမှ ထောင်းခဲ့ဖူးသလား၊ လက်ဆေးရင်း ကြုံကြိုက်လို့တောင်မှ ဆေးဖို့ ချထားတဲ့ ပန်းကန်လေး၊ ဇွန်းကလေးကအစ ဘာကိုမှ မသိသလို ကွင်းထားခဲ့ဖူးသလား၊ အလုပ်မှန်သမျှကို ဘယ်သူက မကြိုက်လို့၊ ဘယ်သူက ဘာပြောလို့၊ မသိလို့ ၊ မေ့သွားလို့၊ မလုပ်တတ်လို့ ဆိုတဲ့ အကြောင်းပြချက်တွေ ရေလဲသုံး ခေါင်းရှောင်ဖူးသလား၊ စားဖို့နှင့် အခွင့်အရေး ယူဖို့ကျရင် မလွှတ်တမ်း တစ်ဖြိုနှစ်ဖြိုစား၊ ထပ်တလဲလဲ နှိုက်ယူတတ်တဲ့၊ အလုပ်အကိုင် ခွေးလိုမှိုင်၊ အစားအသောက် မီးလို တောက်ဆိုတဲ့ အမျိုးအစားထဲမှာ ပါခဲ့ဖူးသလား၊ ဗလောင်းဗလဲ ပလီပလာ ပြော၊ မူရာမာယာတွေ နှောဖူးသလား အမေရဲ့ ပြောပါဦး၊ သမီးငယ်ငယ် တုန်းက အမေ ဆုံးမခဲ့တဲ့ စကားတစ်လုံးကို အမေ မှတ်မိမလား၊ 'သမီးတို့ အပျင်းထူရင်၊ အလုပ်ကို ခိုင်းမှ လုပ်ရင်၊ အလုပ်ကိုမြင်လျက် သိလျက်နှင့် မလုပ်ဘဲ ထားရင်၊ ကျော်သွားရင်၊ ဝတ်ကျေ ဝတ်ကုန်လုပ်ရင်၊ ရှေ့တစ်မျိုး ကွယ်တစ်မျိုးလုပ်ရင်၊ ပြောရင်၊ အဲဒီလူဟာ အိမ်ရှင်သခင်စိတ် မရှိတဲ့ ကျွန်စိတ်ဓာတ်၊ ကျွန်အကျင့်လို့ ပြောခဲ့တာလေ' ဟူ၍မိမိကြီးသည် သူ့အမေကို ချစ်စနိုးဖြင့် ပြန်ပြောတတ်သည်။

အိမ်မှုကိစ္စကို ကျွမ်းကျင်စွာ မခိုမကပ်လုပ်သော မိမိကြီးသည် အတု ယူဖွယ်၊ လေးစားဖွယ် ဖြစ်သည်။

**မမေ** (ငွေတာရီမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၆၆)ဝတ္ထုတိုကလေးသည် နှစ်ပေါင်း လေးဆယ်နီးပါးသော ဘဝခရီးကြမ်း တစ်လျှောက်လုံးတွင် မုန်တိုင်း ထန်ထန် လေပြည်ညင်းညင်း နှစ်ဦးသား အသည်းချင်း ဂဟေဆက်လျက် အေးအတူပူအမျှ အတူတကွ မေတ္တာမှာ သစ္စာဆင့်ကာ လက်တွဲမဖြုတ်တမ်း



လှမ်းလာခဲ့ကြသော ဇနီးမောင်နှံနှစ်ဦး၏ တစ်ဦးအပေါ်တစ်ဦး ထားရှိကြသော မေတ္တာ၊ စေတနာနှင့် ဘဝခရီး တစ်လျှောက်လုံးတွင် အမြဲတမ်း ကြင်နာယုယခြင်းများနှင့် နှစ်သိမ့်အားပေးမှုကို ပြုခဲ့ပြီးနောက် မိသားစု တစ်ခုလုံးကို ပြုစု ကျွေးမွေး ကာကွယ် စောင့်ရှောက်ပေးလာခဲ့သော ခင်ပွန်းသည် ကွယ်လွန်သွားရာ ရင်ကွဲမတတ် ခံစားရသော်လည်း ဘဝတွင် လူတစ်ယောက်၌ ရှိအပ်သော တာဝန်နှင့် ဝတ္တရားများကို အရည်အချင်းပြည့် ပေးဆပ် ထမ်းဆောင်သွားခဲ့သူ၏ ချစ်ကြင် မြတ်နိုးမှုကို ခံယူ ရရှိနိုင်ခဲ့သည့် 'မုဆိုးမ' အဖြစ် ဂုဏ်ယူ ရဲဝင့်စွာ ရင်ဆိုင် လက်ခံ သိုက်ပုံကို ရေးဖွဲ့ထားသည်။

မြဝတ်ရည် အမျိုးသမီးကြေးမုံနှင့် မလက်ရွှေးစင် မေတ္တာဘွဲ့များ (ဧပြီ၊ ၁၉၈၀)တွင် ပါရှိသည့် **တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်း**ဝတ္ထုတို ကလေးသည် အိမ်ထောင်စုနှစ်ခု၏ တောင်နှင့်မြောက် ကွာခြားပုံကို နှိုင်းယှဉ် ဆော်ပြထားသည့် ဝတ္ထုတိုကလေးဖြစ်သည်။ အိမ်ထောင်စု တစ်ခုမှာ ဝင်ငွေ ကောင်းသော်လည်း စီးသည့်ရေကို ကန်သင်း မဆည်တတ်သော အိမ်ရှင်မ၏ တာဝန်မဲ့မှုကြောင့် အိမ်ထောင်ရေး မသာမယာ ဖြစ်ရပုံနှင့် နောက် အိမ်ထောင်စုတွင်မူ အိမ်ထောင်ရှင်အမျိုးသမီး၏ အိမ်ထောင်မှု နိုင်နင်းမှု ကြောင့် ဝင်ငွေနှင့်ထွက်ငွေ မျှတကာ အကြွေးကင်းပြီး အိမ်ထောင်သာယာမှု ရှိပုံကို ရေးဖွဲ့ထားသည်။

**မိန်းမ မီးနေ**(ငွေတာရီ မဂ္ဂဇင်း၊ ဧပြီ၊ ၁၉၆၃)ဝတ္ထုတိုသည် 'ယောကျ်ား ဆောင်စီး၊ မိန်းမမီးနေ' ဆိုသကဲ့သို့ မီးနေသည့် မိန်းမများအဖို့ ဝေဒနာ ဒုက္ခ ခံစားရပုံ၊ အသက်အန္တရာယ်နှင့် အလွန်နီးပုံ၊ သို့သော် ကလေးဖွားမြင် ပြီး၍ ရင်သွေးကို မြင်ရလျှင် မမွေးမိ ကြုံတွေ့ရသော ဝေဒနာများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ရပုံတို့ကို ရေးဖွဲ့ထားသည်။

တောင်ကြီး စပ်စံထွန်းဆေးရုံ၏ ၂၅-နှစ်မြောက် ငွေရတု အထိမ်း အမှတ် မဂ္ဂဇင်းတွင် ပါရှိသော **'လက်မခံ၍ ပြန်ခဲ့သည်'**ဝတ္ထုသည်

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ မလေးလုံ၏ ဘဝ တစ်စိတ်တစ်ပိုင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ဆရာမသည် သူ့ကျန်းမာရေးအတွက် ဆေးဝါးများကို စားသုံးနေရ၍ ကျန်းမာရေးနှင့် ဆေးဝါးများ ပဋိပက္ခ ဖြစ်ရာမှ ရုန်းထွက်လာရပုံကို ဖော်ပြထားရာ ကရုဏာဖြစ်ဖွယ် ဖြစ်သည်။

**'မျက်နှာချင်း လမင်းမှာ ဆုံဖို့မလွယ်'**(ရှမဝ၊ မတ်လ၊ ၁၉၈၉)ဝတ္ထုသည် ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး ဝင်းဦးအကြောင်း အခြေခံ ရေးသား ထားသော ဝတ္ထုဖြစ်ပြီး **'သူလေ'**(လုံမလေးမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၈၉) ဝတ္ထုသည် စာပေ မိတ်ဆွေတစ်ဦးအကြောင်း ရေးဖွဲ့ထားသော ဝတ္ထုဖြစ် သည်။

**'မစားရပေမယ့် ဝပါတယ်'**ဝတ္ထုရှည်(လုံမလေး မဂ္ဂဇင်း၊ ၁၉၉၀)နှင့် **'ပန်းကိုတော့ ပန်လျက်ပါပဲ'**ဝတ္ထုတို(လုံမလေးမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၉၁) တို့သည် တာဝန်ကြီးမား မြားမြောင်သော လစဉ် အချိန်မှန် မဂ္ဂဇင်း ထုတ်ဝေနိုင်ရေးအတွက် ကြိုးစား ရုန်းကန် လှုပ်ရှားရပုံများကို ဖော်ပြ ထားသော ဝတ္ထုများ ဖြစ်ကြသည်။ ထိုဝတ္ထုများတွင် ဆရာမ မလေးလုံ၏ ခံစားချက်ကို ဖော်ပြထားရာ သူ့ကျန်းမာရေးကို သိရှိထားသူများက ဆရာမအား များစွာ စာနာမိကြသည်။ 'ပန်းကိုတော့ ပန်လျက်ပါပဲ' ဝတ္ထုတိုသည် ဆရာမ မလေးလုံ ရေးသားခဲ့သည့် နောက်ဆုံး လက်ရာပင် ဖြစ်သည်။

၁၉၈၉–ခုနှစ်၊ ဒီဇင်ဘာလထုတ် လုံမလေးမဂ္ဂဇင်းတွင် ပါဝင်သော **'တိတ်ဆိတ်ည သန့်ရှင်းည'**ဝတ္ထုရှည်ကြီးကို ဇာတ်ညွှန်းရေး၍ ခရစ်စမတ် အထူး အစီအစဉ်အဖြစ် ၂၅–၁၂–၉၀ပြည့်နေ့တွင် မြန်မာ့အသံမှ ဇာတ်လမ်း အသံလွှင့်ခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင် စိုးသူနှင့် လုံမလေးပင်တိုင် မျက်နှာဖုံးရှင် မတင်လှမေတို့ ဦးဆောင်ပါဝင်ခဲ့သည်။ ဆရာမသည် 'တိတ်ဆိတ်ည သန့်ရှင်းည' အသံ လွှင့်ထုတ်နိုင်ရေးကို ကိုယ်တိုင် အပင်ပန်းခံ၍ အစအဆုံး ကြီးကြပ်ခဲ့သည်။



ဆရာမ မလေးလုံသည် ၁၉၈၅–ခုနှစ်၊ ဇန်နဝါရီလမှစ၍ လုံမလေး အမျိုးသမီး မဂ္ဂဇင်းကို အောင်မြင်စွာ ထုတ်ဝေခဲ့ပြီး ကွယ်လွန်သည့် ၁၉၉၁–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈–ရက်နေ့အထိ အယ်ဒီတာချုပ် တာဝန်ကို ထမ်းဆောင်သွားခဲ့သည်။ ဆရာမသည် ၁၉၉၁–ခုနှစ်၊ ဧပြီလထုတ် သို့မဂ္ဂဇင်းတွင် ဖော်ပြမည့် သန်လျင်ဖေသွင်၏ 'အခြားသော ပညာရှိ တစ်ပါး' The Other Wise Man ဘာသာပြန် ဝတ္ထုရှည်ကြီးကို ကွယ်လွန်မည့်နေ့ နံနက် အရုဏ်ဦးအထိ ကိုယ်တိုင် တည်းဖြတ် ပြင်ဆင်ပေးသွားခဲ့သည်။

ထို့ကြောင့် ဆရာမ မလေးလုံသည် စာပေတာဝန်များကို အားမာန် အပြည့်ဖြင့် ဖွဲ့နှဲကြီးစွာ ဆောင်ရွက်ခဲ့သူဖြစ်ပြီး ကွယ်လွန်သည့် **အချိန်အထိ** သူ့ကလောင်ကို စွဲမြဲစွာ ကိုင်ဆောင်သွားသူ ဖြစ်သည်။ ဂုဏ်ပြု ဂုဏ်ယူ ထိုက်သည့် စာရေးဆရာမတစ်ဦးအဖြစ် မှတ်တမ်း တင်ရမည် ဖြစ်သည်။

ဆရာမ မလေးလုံတစ်ယောက် ကောင်းမြတ်သော ဘုံဘဝ၌ ငြိမ်းချမ်းစွာ နားနေနိုင်ပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com

## မစားရလဲ ဝပါတယ်

'မကြီးရေ...ရှော့'

'ဟေ...ဘာတုန်း'

'အယ်ဒီတာချုပ် လခလေ'

'ဟယ်...တကယ်'

'တကယ်မဟုတ်ဘူး...အလကားပဲတင်း...'

'အိုး...ဂရိတ်'

ရုပ်မြင်သံကြား ပြည်ပ ဇာတ်လမ်းတွဲများမှ ကြားနေရသော အာမေဍိတ်သံကို သံယောင်လိုက် နောက်ပြောင်ကာ ခင်လေး ရေရွတ်လိုက်သည်။ ပြီးမှ ဆက်၍ ပြောလိုက်မိသည်။

"အလကား ပဲတင်း အယ်ဒီတာချုပ်ကြီး ခများ၊ လခကြီးများတောင် ရပြီဆိုတော့ ဘယ်ဆိုးလို့လဲ၊ ထမင်းစားရတဲ့ အလုပ် ဖြစ်ပြီပေါ့နော်"

"ထမင်းတွေ ဟင်းတွေ လုပ်မနေနဲ့၊ အလကား ပဲတင်း အယ်ဒီတာချုပ်ကြီးကို လစဉ် ပေးမယ်လို့ အာမခံသေးတာ မဟုတ်သေးဘူးနော်...၊ ပေးနိုင်တဲ့လဆို ပေးမယ်၊ မပေးနိုင်တဲ့လဆိုရင်တော့ သိတယ် မဟုတ်လား"

"ဟာ... ဒါဆိုရင်တော့ မဂရိတ်တော့ဘူး၊ စမောလ်ဖြစ်သွားပြီ"

"ဂရိတ်တွေ၊ စမောလ်တွေ ဘေးချိတ်ထား၊ ဟောဒီမှာ လက်မှတ်ထိုး"

'အလကား ပဲတင်း အယ်ဒီတာချုပ်'ဟူသော ဘွဲ့ထူး အပိုင်စားရထားသူ ခင်လေးကို သူ့မဂ္ဂဇင်း ငါးနှစ်တင်းတင်းပြည့်ချိန်တွင် အုပ်ချုပ်ရေးမှူးကြီး ညီမငယ် နှသွေးက ပထမဦးဆုံးသော လုပ်အားခ လစာငွေကို



ထုတ်ပေးလိုက်ပြီးနောက် သူ့ထုံးစံအတိုင်း ငွေလက်ခံရရှိကြောင်း လက်မှတ် အထိုးခိုင်းလေသည်။

အချို့သူများကဲ့သို့ နာမည်ပွားများ မထားခဲ့ဘူးသော ခင်လေးကို ယခု မဂ္ဂဇင်းထုတ်ဝေသည့် သက်တမ်းအတွင်း၌...

'အလကားပဲတင်း အယ်ဒီတာချုပ်'

'ရွှေနန်းတော်မှ ဘုရင်မကြီး...'

'အိုင်ယင်းလေဒီ-သံမဏိ အမျိုးသမီးကြီး...'

'လော မင်းသမီး...'

စသည်ဖြင့် သူ့အယ်ဒီတာအဖွဲ့က ဘွဲ့ထူးများ တစ်သီကြီး ချီးမြှင့်ထားခဲ့ကြသည်။

အယ်ဒီတာအဖွဲ့သည် ခင်လေးကိုသာမက သူတို့အချင်းချင်းလည်း ဘွဲ့ထူးများ တပ်ထားကြသေးသည်။

'ဘကြီးအောင် ညာတယ်...'

'လမ်းလျှောက် အယ်ဒီတာ...'

'ဟုတ်ကဲ့ အယ်ဒီတာ...'

'တစ်ပဲခြောက်ပြား ...အယ်ဒီတာ...'

စသည်များတို့ ဖြစ်ကြသည်။

မဂ္ဂဇင်း စထုတ်ပြီးနောက် လေးငါးခြောက်လလောက်သာ အလုပ်တိုက်သို့ ခင်လေး ကြိုးစား အလုပ်ဆင်းဖြစ်ခဲ့သည်။ နောက်ပိုင်း၌ ချူချာရီနဲ့ရသည့်အထဲ တိုက်ဖွိုက်ဖြစ် နမိုးနီးယားဖြစ်ကာ ငါးနှစ်နီးပါးလုံးလုံး အိမ်မကွာ ကြမ်းမကွာ အိပ်ရာခုတင်ကို အလုပ်စားပွဲအဖြစ် သုံးလျက် ဘယ်လီဖုန်းတစ်လုံးဖြင့် မဂ္ဂဇင်းထုတ် အလုပ်ရှုပ်နေခဲ့သော ခင်လေးကို သူ့အယ်ဒီတာအဖွဲ့မှ ပေးအပ်ထားသော သရော် လှောင်ပြောင်ချက် အမည်များမှာ လိုက်လျော ညီထွေ ရှိပေသည်ဟုပင် ဆိုနိုင်လေသည်။

ခင်လေးသည် ကုန်လွန်ခဲ့သော ငါးနှစ်လုံးလုံး သူဖြစ်ချင်သမျှကို 'ဒီတို' အာဏာသုံး၍ လည်းကောင်း၊ မဂ္ဂဇင်း စောစောထွက်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



'လောမင်းသမီး' အဖြစ် ထာဝစဉ် လောဆော်နေခြင်းဖြင့်လည်းကောင်း ရွှေမင်းသမီးပမာ ရွှေတစ်နာရီ ငွေတစ်နာရီလောက် အပြောင်းအလဲမြန်သော အထိမခံသော၊ ကျန်းမာရေး အခြေအနေကြားထဲက လည်းကောင်း ပိုက်ဆံတစ်ပြားမှ မရသော 'အလကားပဲတင်း အယ်ဒီတာချုပ်' အဖြစ် လည်းကောင်း ငါးနှစ်လုံးလုံး ကျုံးရုန်း ကြိုးစား လုပ်ကိုင်လာခဲ့ရသည် မဟုတ်ပါလား။

'အလကား ပဲတင်း အယ်ဒီတာချုပ်'ဆိုသော သတ်မှတ်ချက် အမည် သညာကိုပင် ခင်လေးသည် အခြားအခြားသော မဂ္ဂဇင်း ထုတ်ဝေ သူများကဲ့သို့ အလွယ်တကူ ရနိုင်ခဲ့သည်တော့ မဟုတ်ချေ။ 'အလကား ပဲတင်း' လုပ်ပေး လျက်က မသတ်မှတ်လျှင်မဖြစ်၊ အမည်သညာ မဖြစ် လျှင် မဖြစ်တော့မှ ခင်လေး ရယူခဲ့ခြင်း ဖြစ်သည်။

သူ့အဖို့ ဝါသနာနှင့် စေတနာအရ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေ ဖြန့်ချိ နိုင်ရေးသည်သာ အဓိကဖြစ်သော ခင်လေးအတွက်က, အမည်သညာ သတ်မှတ်ခံရခြင်း မသတ်မှတ်ဘဲ နေရခြင်း၊ ရှေ့တွင် နေရခြင်း နောက်တွင် နေရခြင်း၊ အပေါ်အောက်တို့တွင် ထားရှိခြင်း စသည်တို့သည် အရေးမကြီး၊ လုပ်ပိုင်ခွင့်နှင့် လုပ်ကိုင်နိုင်ခွင့်ကိုသာ ရှိဖို့လိုလေသည်။

ထိုကဲ့သို့ လုပ်ပိုင်ခွင့်နှင့် လုပ်ကိုင်နိုင်ခွင့်တို့ဖြင့် ငါးနှစ်ဆိုသော အချိန်ကာလ တစ်လျှောက်လုံး မနားတမ်း ကြိုးပမ်း အားထုတ်လာခဲ့ရမှု များကို ပြန်ပြောင်း ငုံ့စောင်း၍ ကြည့်လိုက်သောအခါ သူ့ကိုယ်သူပင် မယုံချင်အောင် ခင်လေး တအံ့တသြ ဖြစ်မိလေတော့သည်။

ဆယ်စု တစ်ခေတ်နှင့် တစ်ဝက်ဆိုသည်မှာ နည်းနည်း နောနော အချိန်ကာလများ မဟုတ်ခဲ့ပါပဲလား. . .။

အချို့သော ကိစ္စရပ်များအတွက် မိနစ်ပိုင်း၊ နာရီပိုင်းကလေးမျှ စောင့်ဆိုင်းရမည်။ စောင့်ဆိုင်းရသည် ဆိုလျှင်ပင် စိတ်မရှည်ချင်တတ်သော ခင်လေးသည် စေတနာဝေဖြာမိသော စာပေမဂ္ဂဇင်းတစ်စောင် ထုတ်ဝေခွင့်



ရရေး တစ်ခုတည်းအတွက်ကိုမူ ဆယ်နှစ်လုံးလုံး စိတ်ရှည်လွန်းစွာ မျှော်လင့် စောင့်စား နေခဲ့မိသည်။

မဂ္ဂဇင်းစလျှောက်စဉ်က ခင်လေးနှင့် ခင်မင်ရင်းနှီးသူ စာပေဝါသနာတူ မိတ်ဆွေနှစ်ဦးတို့ ရှိခဲ့ကြသည်။ တစ်ဦးကဆိုလျှင် . . .

"မဂ္ဂဇင်းရရင် အလုပ်ကထွက်မယ်၊ ပုံနှိပ်စက်တစ်လုံး အလျင်ဝယ်ထား ပါလား"ဟုပင် စိတ်အားတက်ကြွစွာ ပြောခဲ့ဖူးသည်။

ထို့နောက် ဆယ်နှစ်ကြီးများ ကြာညောင်းကာ မျှော်လင့်ချက်ပင် ကုန်လုလုတွင်မှ ရုတ်တရက် မဂ္ဂဇင်းထုတ်ဝေခွင့် ကျလာချိန်၌ကား သခ ရှစ်ရာ၊ တစ်ထောင်တို့ဖြင့် အရာရှိကြီးငယ်များ ဖြစ်သွားကြပြီဖြစ်သော ဝါသနာတူ မိတ်ဆွေနှစ်ဦးက ခင်လေးနှင့် အဆက်ပြတ်နေကြသည်။

ခင်လေးထံ သတင်းပို့ရင်း ရောက်လာသူက ဆရာအောင်။

"အခုတည်းက အယ်ဒီတာ ကြိုလျှောက်ထားတယ်နော်"ဟု ဆယ်နှစ် အတွင်း နောက်ပြောင်ရင်းမှပင် မဂ္ဂဇင်း ကျချိန်၌ ခင်လေးအတွက် အယ်ဒီတာ ရာပုံတော် မဖွင့်ရအောင် ဆရာအောင်က ရောက်လာခဲ့သည်။

ဆရာအောင်ကား ဝါရင့် စာရေးဆရာကြီးတစ်ယောက်။ စာပေလောက နှင့် မဂ္ဂဇင်းဂျာနယ် ထုတ်ဝေရေး နယ်ပယ်တို့၌ နှံ့စပ် ကျွမ်းကျင်သူ တစ်ယောက်၊ မဂ္ဂဇင်းအတွက် အားကိုးလောက်သူ တစ်ယောက်။ စာပေဝါသနာတူ မိတ်ဆွေနှစ်ဦးတို့လည်း နောက်တော့ ရောက်လာ ခဲ့ကြသည်။

ဆယ်နှစ်ကြီးများ စောင့်ခဲ့ရသော မဂ္ဂဇင်းလုပ်ငန်းကို အစပြုရန် အယ်ဒီတာဖွဲ့၍ တာဝန်ပိုင်းနှင့် လစာနှုန်းထားကို သတ်မှတ်လိုက်ကြသည်။

"ခင်လေးကို အယ်ဒီတာချုပ်အစား တာဝန်ခံလို့ပဲ သုံးပါ။ အယ်ဒီတာ ချုပ် ဆိုတာတွေက မြန်မာစကားနဲ့လည်း မလိုက်ဘူး"

အတိုင်ပင်ခံ အယ်ဒီတာကြီး ဆရာအောင်၏ အကြံပြုချက်ကို ကျန်အဖွဲ့သားများက သဘောမတူလိုက်ကြ။ သို့ရာတွင် မဂ္ဂဇင်း ဖြစ်မြောက်ရေး

www.burmeseclassic.com

www.burmeseclassic.com



သာ အမိကထားနေသော ကာယကံရှင် ခင်လေးကမူ ကျေကျေနပ်န လက်ခံခဲ့သည်။

ထို့နောက် အမှုဆောင် အယ်ဒီတာ၊ ကဗျာ အယ်ဒီတာ၊ အကျိုးဆော အယ်ဒီတာများ အဖြစ် တာဝန်ကိုယ်စီ ပေးအပ်လိုက်တော့သည်။

နုသွေးက အုပ်ချုပ်ရေးမှူး . . .။

ကိုကိုလေးက ဥပဒေအကြံပေး၊ အကြံပေးရုံမကပဲ သူ့ရုံးခန်းကိုလည် နေရာ ခွဲပေးခဲ့ရသေးသည်။ အဖွဲ့အင်အားကတော့ ကောင်းမှကောင်း

သူ့အယ်ဒီတာအဖွဲ့က 'ဘကြီးအောင်'ဟု ဘွဲ့ထူးအပ်နှင်းခြင်း မပြ သေးသော ဆရာအောင်ကို ဘိုးဘိုးအောင်လောက်နီးနီး ယုံစား အားထ မိသော ခင်လေးက စာမူ ကိစ္စမှလွဲလျှင် အားလုံးလုပ်ပိုင်ခွင့်များ ပုံအေ အပ်နှင်းထားလိုက်သည်။

သူ့ကို အထင်ကြီးလောက်အောင်လည်း ထွက်ထွက်ချင်း နာမည် ထိုးတက်သွားသော မဂ္ဂဇင်းတစ်စောင်နှင့် ပတ်သက်၍ အားကျမိသော ခင်လေးကို . . .

"အမယ်လေး . . .ဆရာအောင် လုပ်ပါ့မယ်၊ အခု သူအောင်မြင်တယ ဆိုတာ ဆရာအောင်တို့နဲ့ ယှဉ်လိုက်ရင် အသေးအဖွဲ့ ဖြစ်သွားမှာပါ"

ဟု အတည်လိုလို နောက်သလိုလို ဆိုခဲ့သော ဆရာအောင်၏ အလိုကျ ခင်လေးသည် အစ ပထမ စာချုပ်ပြီးသားပုံနှိပ်တိုက်မ ဆရာအောင်၏ ပုံနှိပ်တိုက်သို့ လိုက်လျော ပြောင်းလွှဲပေးခဲ့သည်။

"စာပေစိစစ်ရေးတော့ ဆရာအောင် မသွားနိုင်ဘူးနော်"ဟု ပြော သည်ကိုလည်း ခပ်လွယ်လွယ်ပင် လက်ခံခဲ့သည်။ မိသားစုအတွင်း တစ်ယောက်တည်း တစ်ကမ္ဘာ တည်ထောင်ကာ အေးအေးသက်သာ စာရေးနေသူ သူ့အတွက် မဂ္ဂဇင်းတစ်စောင် ဖြစ်ပေါ်လာရေးတွင် မ မပြီးသော စာရေးဆရာ၊ ပန်းချီ၊ ဒီဇိုင်း၊ ဘလောက်နှင့်အော့ဖ်ဆက် အစရှိသည်များကို ဆက်သွယ်ပေး၍ ဆရာအောင်ကို ခင်လေး ကျေး တင်နေရသေးသည်။



"မဂ္ဂဇင်း စထုတ်ရင် ရှုံးတတ်တယ်၊ အနည်းဆုံး သုံးလစာလောက် သက်ထဲမှာ ငွေရှိရမယ်ဆိုတာတွေ သိပါတယ်။ ဒါပေမယ့် ခံသာအောင် ဂ္ဂဇင်းတစ်အုပ်ရဲ့ ကုန်ကျစရိတ်ကိုတော့ တွက်ချက်ပြီးမှ ဈေးနှုန်း ာန့်သတ်ပေးပါ"

ဟု ခင်လေး ကြိုတင် ပြောခဲ့သည်။

ထို့နောက် ဆရာအောင် သတ်မှတ်ပေးသော ဈေးနှုန်းကိုပင် ခင်လေး ာက်ခံခဲ့သည်။

"နှင်တို့ အော့ဖ်ဆက်မှာ အရောင်တွေ အပ်နေတာ ဘယ်နှုန်းပေးရ သလဲ"

တစ်နေ့ ကိုကိုလေးက မေးလာသဖြင့် ခင်လေးက ဆရာအောင့်ကို ြန်မေးကြည့်သည်။

"အဲဒါ . . .ဆရာအောင်လည်း မသိဘူး"

ဆရာအောင့် အဖြေက ခင်လေးကို တွေဝေစဉ်းစားစရာ ဖြစ်သွား သည်။ သို့ရာတွင် မတတ်နိုင် 'တည်မိသည့် ဘုရား လင်းတပဲ ားနား' တောင်းသလောက် ပေးရုံပေါ့ဟု သဘောထားလိုက်ရသည်။

၂၅-ဖောင်၊ စောင်ရေ ခြောက်ထောင် မဂ္ဂဇင်းတစ်အုပ်လုံး ကြိုရိုက် ားနိုင်ရေးအတွက် စက္ကူထုပ် အပြည့်အစုံကို ဝယ်ပေးခဲ့ရသည်။

သူ့စက်က ဟောင်းနေ၍ မျက်နှာပန်းမလှဟုဆိုကာ ဆရာအောင်က ူ့စာခုံတွင် စာစီပြီးနောက် သူ့မိတ်ဆွေ တစ်ဦး၏ ပုံနှိပ်စက်တွင် က်ပေးသည်။

မြို့လယ်ခေါင်ရှိ အလုပ်ရုံးခန်းမှအပြန် အရှေ့နှင့်အနောက် တောင်နှင့် မြောက်တို့လို တစ်နေရာစီတွင် ရှိနေကြသော စာစီ၊ ပုံနှိပ်၊ အော့ဖ်ဆက် ာအုပ်ချုပ်စသည်များဆီသို့ လှည့်ပတ်ကြည့်ကြရသည်တွင် ခင်လေးနှင့် သွေးတို့မှာ တစ်ခါတစ်ရံ အိမ်ကို ည၈-နာရီ၊ ၉-နာရီခေါက်မှ ြန်ရောက်တတ်ကြသည်။ ထိုအခါ အိမ်မှ မေမေတို့မှာ လည်ပင်းရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြရသလို ကိုကိုလေးခများမှာလည်း နမချော်များအတွက် အဆစ်လိုက်
မဆုံးအောင် အချိန်ပို ဒရိုင်ဘာ လုပ်ပေးခဲ့ရပြန်သည်။

ရှေ့လောဖောကြီးနေသော ခင်လေးမှာတော့ မောရ ပန်းရမှန်းမ
အောင် လုပ်၍ရသမျှ အကုန် ကျုံးလုပ်နေမိသည်။ မလုပ်၍လည်းမဖြ
ဆယ်နှစ်ဆယ်မိုး စာပေစေတနာအိုးကလေးဖြင့် ပျိုးလာခဲ့ရသော ခင်လေး
မဂ္ဂဇင်းမှာက အခန်းကဏ္ဍတွေ စုံလှ များလှသည်။ သူလုပ်ချင်သော
ကဏ္ဍတွေ စုံသမျှ သူပင် ဒိုင်ခံလုပ်နေရသော ခင်လေးကို ...

"ခင်လေးက သူ့မဂ္ဂဇင်းကို ကမ္ဘာကျော် ရီးဒါးဒိုင်ဂျက်စ် ကျနေတာ
ဟု ပင် ဆရာအောင်က ပြောခဲ့သည်။

ရီးဒါးဒိုင်ဂျက်စ်သည် ခင်လေး နှစ်ခြိုက်စွဲမက်သည့် မဂ္ဂဇင်းများထဲ
တစ်ခုဖြစ်သည်။ ရီးဒါးဒိုင်ဂျက်စ်လို ကမ္ဘာမကျော်နိုင်သည့်တိုင် ရီးဒါး
ဂျက်စ်ကို ဖတ်မိသူတိုင်း နှစ်သက်စွဲမက်စေသလို ဖတ်မိသူတိုင်း အတွ
ကောင်းကျိုးသက်ရောက်စေသလို စာပေ အဆင့်အတန်း မြင့်မားသ
သူ့မဂ္ဂဇင်းကိုလည်း မြန်မာကျော်လောက်တော့ ခင်လေး ဖြစ်စေလိုသည်

ထို့နောက် ညလုံးပေါက် ကြိုးစား စီပေး၊ ရိုက်ပေးသော ဆရာအော
ကျေးဇူးကြောင့် ခင်လေး၏ မဂ္ဂဇင်း စောစောစီးစီး ရုံးတင် အစစ်ခံဖြစ်သည်

မျက်နှာဖုံးလှလှကလေးနှင့် ပွဲဦးထွက် မဂ္ဂဇင်းကိုကြည့်ကာ အမော
မပြေရသေး။ ခင်လေး ငွေဆော်ဦး လိုမ့်ခံလိုက်ရတော့သည်။ ရုံး
သွားစောင့်နေရမှန်းမသိသော ခင်လေးသည် စာအုပ်များ ချုပ်၍ ပြီးမ
လှမ်း၍ တယ်လီဖုန်းဆက်တော့မှ ခင်လေး၏ အခန်းဆက် ဝတ္ထုရှည်
နာမည်ကြီး စာရေးဆရာမကြီး၏ ဆောင်းပါးတို့ ဖြုတ်ရ၍ အတွင်းမှစာလုံး
အမှားကလေးများ ပိတ်ရမည်ဟု သိလိုက်ရသည်။

ဆရာအောင်လည်း ထိုည ၁၀–နာရီထိုးလောက် စာအုပ်ချုပ်ရာ
ရောက်မှသိကာ ဖြုတ်ထုတ် ပိတ်ဆို့ရေးတို့အတွက် ဟိုပြေးသည်လွှာ
အလုပ်များရတော့သည်။



ထို့နောက် မဂ္ဂဇင်းနှင့်အတူ အုပ်ချုပ်ရေးမှူး နသွေးလက်ထဲမှ
ငွေများလည်း သိန်းချီ၍ ခုန်ထွက်သွားခဲ့လေသည်။ တန်းစီရောက်လာသော
ငွေတောင်းခံလွှာများသည် သောင်းဂဏန်းအောက် မရှိသလောက်ပင်၊
အော့ဖ်ဆက်က အများဆုံး။

'ရန်ကုန် တစ်မြို့လုံးမှာရှိတဲ့ အော့ဖ်ဆက်တွေထဲမှာ ကျွန်တော်တို့
စက်က ဈေးနှုန်း အမြင့်ဆုံးပေါ့'

ဟု ပိုင်ရှင်က ဂုဏ်ယူဝင့်ကြွားစွာ ပြောခဲ့မှတော့ သူကို အများဆုံး
ပေးရပေမည်ပေါ့။ မဂ္ဂဇင်းတစ်အုပ်၏ ကုန်ကျစရိတ်ကလည်း သတ်မှတ်
ထားသော ဈေးနှုန်းထက် ပိုနေကြောင်းတွေ့ရသည်။ သည်အခါ အရှုံး
ဆိုသည်ကို ကြိုတင် မျှော်မှန်းထားခဲ့သည်ထက် ကြောက်စရာ လန့်စရာ
အရှုံးကြီး ပိုရှုံးခဲ့ရသည်မှာ ဘာမျှ မဆန်း။

"ခင်လေးတို့ကလဲ တယ်ခက်တာပဲ၊ ဒါမျိုးလုပ်တယ်ဆိုတာ အပြတ်
မရှင်းရဘူး၊ ငွေကို တစ်ဝက်လောက် ချန်ပြီး ရှင်းရတယ်"

မဂ္ဂဇင်းအမှတ် ၁ တစ်အုပ်တည်းနှင့် ငွေများ သိန်းချီကုန်လိုက်ရ
ခြင်းအတွက် ညည်းညူ အပြစ်ဆိုခဲ့သော ဆရာအောင့်ကို ခင်လေး
ပြန်မေးခဲ့မိသည်။

"ကျန်တဲ့ တစ်ဝက်က နောင် မပေးရတော့ဘူးလား"

"ပေးတော့ ပေးရတာပေါ့"

"ပေးရမယ့်အတူတူတော့ ကြွေးတင်မခံချင်ပါဘူး"

ဟု သည်တစ်ခါတော့ ခင်လေးက ဆရာအောင့် အကြံပေးချက်ကို
လက်မခံဘဲ သူ့ခံယူချက်နှင့်သူ ဆက်လုပ်ခဲ့လေသည်။

"မဂ္ဂဇင်းက အဆင့်ရှိပါတယ်။ စာလဲ သန့်ပါတယ်၊ စေတနာလဲ
ပေါ်ပါတယ်။ ဒါပေမယ့် အပြင်အဆင်နဲ့ အရောင်အသွေးက အတော်ကလေး
လိုနေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူများထံက စေတနာမှန်ဖြင့် ဝေဖန်သံများက အခြေအနေ အရှုပ်ရှုပ်တို့ကြောင့် ယိမ်းယိုင် လဲပြိုသွားမတတ် ခံစားလိုက်ရသူ ခင်လေးကို အားယူ ထိန်းကိုင် မတ်ထောင်ပေးခဲ့လေသည်။

သည်အထဲ မဂ္ဂဇင်းအမှတ် ၁ ထွက်အပြီးမှာပင် အမှုဆောင် အယ်ဒီတာ အပြောင်းအလဲ ဖြစ်သည်။ ခင်လေးက လူစားမသွင်းတော့။ စကတည်းက သူပဲ ဒိုင်ခံလုပ်ခဲ့ရသည်မို့ ပိုမထူးလှ။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲ ဆိုသည့်အတိုင်း သူဖြစ်ချင်သမျှ သူ့အတွက် စိမ်းလွန်းနေသော အလုပ်သဘောကို လုပ်ရင်းသင်၊ သင်ရင်းလုပ်ဖြင့် သူပင် ထောင့်စေ့အောင် လုပ်နိုင်မှ ဖြစ်တော့မည်ကို ခင်လေး နားလည် ကျင့်သုံးလိုက်သည်။

"ထမင်း မစားရတဲ့အပြင် စိုက်တောင် စိုက်နေရသေးတဲ့ ဒီအလုပ်ကိုများ ဒါလောက် အပင်ပန်းခံနေရသလား"ဟု မိသားစု၏ ကရုဏာဒေါသော ပြောလာရသည်အထိ ခင်လေး မနားမနေ သွားလာ လှုပ်ရှားလိုက်မိသည်။ ထိုအခါ သူ့မိသားစုမှာလည်း မနေသာဘဲ ခင်လေးနှင့်ရောကာ စိတ်ပန်း လူပန်းကြတော့သည်။

အထူးသဖြင့် ခင်လေးနှင့် ရင်ပေါင်တန်းကာ ဦးထမ်းပုံထမ်း နေရှာသော နှသွေးက ခင်လေးသက်သာစေရန် သူရနိုင်သမျှ ကြားဝင် အပင်ပန်းခံသည်။ နှသွေး မပင်ပန်းစေရန် ခင်လေးကလည်း ပို၍ ကြိုးစားသည်။ ညီအစ်မနှစ်ယောက် သူ့ညာ ငါ့ညာနှင့် ချာချာ လည်နေကြ သည်။

"ခင်ဗျားက တစ်သက်လုံး အငြိမ်းစားလာပြီး အလုပ်လုပ်မယ့် လုပ်တော့ တကယ့်ကို ပင်ပန်းတဲ့ဟာမျိုးမှ လုပ်သကိုးဗျ၊ ဒီလို လစဉ် မပြောနဲ့ ကျုပ်တစ်ခါက ကျောင်းနှစ်ပတ်လည် မဂ္ဂဇင်းတစ်အုပ် ထုတ်ပါ တယ်။ ဝိခေါ်သွားတာပဲဗျို့"

တစ်လတစ်ခါ ကျန်းမာရေး စစ်ဆေးပေးသော သမားတော်ကြီးက ခင်လေးကို သြဘာပြုခဲ့သေးသည်။



"ခင်ဗျားရဲ့ ဖွဲ့သတ္တိနဲ့ ခံနိုင်အားရှိတဲ့ စိတ်ဓာတ်ကိုတော့ ချီးကျူးမိပါရဲ့"

ယခုနောက်ပိုင်း ခင်လေးနှင့်အတူ ကျန်းမာရေး စစ်ဆေးနေရသော နှသွေးနှင့် ပတ်သက်၍လည်း . . .

"ဒါပေမယ့် သူ့ဟာသူ အေးအေးသက်သာ ရှိနေတဲ့ ခင်ဗျားညီမကို ဒိုင်းစားတာတော့ မကောင်းဘူး"ဟု ဆိုလေသည်။

"ခိုင်းရုံ ခိုင်းတာပါဆရာရယ်၊ စားတာတော့ သူလဲမစားရ၊ ခင်လေးလဲ မစားရပါဘူး"

"ကောင်းကွာ . . . ဟား . . . ဟား"

သမားတော်ကြီးက ရယ်နိုင်အားသော်လည်း ခင်လေးမှာတော့ မျက်ရည် လွယ်တတ်၍သာ မငိုမိခဲ့ခြင်း ဖြစ်သည်။

မဂ္ဂဇင်းအဖွဲ့သားများနှင့်အတူ စာမူခ၊ ပန်းချီ၊ ဒီဇိုင်းခ စသည်များကို သူများတန်းတူ ပေးခဲ့ရုံမကဘဲ၊ ရှေ့တန်း ကဗျာရှင်များအတွက် စာမူခ နည်းသည်ဆိုကာ ခင်လေးတို့က ပိုတိုး၍ပင် သတ်မှတ်ပေးခဲ့သေးသည်။ ထို့အပြင် မဂ္ဂဇင်းက အရှုံးကြီး ရှုံးသော်လည်း ရှုံး၍ ဆိုကာ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမျှ လျှော့မပေးခဲ့၊ , အလကားလည်း မခိုင်းခဲ့၊ စောင့်ပါဦးဟုလည်း မဆိုင်းခဲ့ရဖူးပေမည့် ခင်လေးနှင့် နှသွေးတို့ ညီအစ်မနှစ်ယောက်မှာမူ မဂ္ဂဇင်းအပေါ်မှ တစ်ပြားတစ်ချပ်မှ ယူ၍ မစားမသောက်ခဲ့ကြချေ။ စားဖို့သောက်ဖို့ ဝေး၍ နှစ်ယောက်သား လှူစိုက် ငွေစိုက်မဆုံးအောင် ဖြစ်နေကြသည်မဟုတ်ပါလား။

ထိုသို့ စိုက်နေရခြင်းကို စာနာမှု ကင်းကင်းဖြင့်အိမ်နှင့်ခြံကြီး ရောင်းစိုက်လိုက်ပါဦးလား ဆိုသူက ဆို၍၊ အခြားသော အတို့အထောင် အတိုက် အတွန်းများကိုလည်း ခင်လေးတို့ ခါးစည်းခံခဲ့ကြရလေသည်။

ထိုကဲ့သို့ အမျိုးမျိုးသော ထိုးနှက်ချက်ကြားတွင် လိမ့်ခံနေရသော ခင်လေးကို သမားတော်ကြီး၏ အပြောက အမောပိုဆို့ စေခဲ့လေသည်။ ထမင်းမစားရသော အလုပ်ဆိုသည်ကိုလည်း ထိုအချိန်မှစ၍ ကြည်ကြည် ဖြူဖြူ ခင်လေး ခံယူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင်တော့ ရင်မဖွင့်သာသော ခံစားချက်များဖြင့် 'အိုင်းယင်းလေဒီ' သံမဏိအမျိုးသမီးကြီး ဘွဲ့ထူး တပ်ခံရသည်အထိ မဂ္ဂဇင်း အရှုံးပျောက်ကာ ဆက်လက်ရှင်သန် တည်တံ့ မြင့်မားတိုးတက်ရေးတို့အတွက် ခပ်ကြမ်းကြမ်း ရမ်းရမ်းပင် ကိုယ်ပိုင် စာစီခုံထားခြင်း၊ ဈေးသက်သာသော အော့ဖ်ဆက်သို့ ပြောင်းရိုက်ခြင်း စသော စနစ်ပြောင်း၊ ယိုပေါက်ပိတ်ပြုပြင်ရေးများကို လက်နှေးမနေတော့ဘဲ ဆက်တိုက် လှုပ်ရှားပစ်လိုက်သည်။

အပြင်အဆင် အရောင်အသွေးတို့ လှပရေးအတွက်လည်း မျက်နှာဖုံး ရှင် ရွေး၊ မိတ်ကပ်လိမ်း၊ ဓာတ်ပုံရိုက်သည်အထိ ခင်လေး ကိုယ်တိုင် ပါဝင် စီစဉ်လိုက်ရတော့သည်။

သည်အတွက် အကျိုးဆက်မှာ မဂ္ဂဇင်းအရှုံးသက်သာပြီးနောက် ရှေ့ခရီး ဆက်နိုင်ရေးအတွက် မျှော်လင့်ချက်ကလေးတို့ ရလာခဲ့လေသည်။ ခင်လေးမှာကား အိပ်ရာထဲ ပစ်လှဲလေတော့သည်။ သည်အခါ ခင်လေး အတွက် သူ့မိသားစုမှာသာ စိုးရိမ်စိတ်ပွား ဗျာများရလေတော့သည်။

ခင်လေးကတော့ အခြေအနေ ဆိုးလွန်းချိန်တွင်သာ ကြိုးစားသည်းခံ၍ ငြိမ်နေသော်လည်း သက်သာသည်နှင့် တစ်ချက်တည်း သူ့အိပ်ရာ ခုတင် ကို အလုပ်စားပွဲလုပ်ကာ ဖိုင်တွဲများ ပတ်ပတ်လည်ဝိုင်း၍ တယ်လီဖုန်း တစ်လုံးဖြင့် အရှိန်မပျက် မဂ္ဂဇင်း ဆက်ထုတ်ခဲ့လေသည်။

"ကဲ–အခု မဂ္ဂဇင်းလဲ သုံးနှစ်ပြည့်ပြီ၊ အခြေအနေ အဆိုးကြီး မဟုတ်တော့ဘူး။ နင်လဲ ပင်ပန်းလှပြီ၊ နင့်အတွက် လုပ်အားခ ထုတ်ယူ တော့ဟယ်"

"နင့်အတွက်ထားပါ၊ မကြီး မဂ္ဂဇင်းပဲ အလျှင်မီပါစေဦး။ လည်ပတ် နိုင်အောင် မနည်းကြီး လုပ်နေရသေးတဲ့ ဥစ္စာ"

သူ့အပေါ် ငဲ့ညှာလွန်းသော နှသွေးကို ခင်လေးက. . . .

"နင်မယူရင် ငါ စိတ်မချမ်းသာဘူး"

ဆိုသော စကားလုံး ဗီတိုအာဏာသုံး၍ ဖွတ်အတင်း ယူစေခဲ့ရသည်။ နှသွေးနေရာမှာ သူစိမ်းတစ်ယောက်သာဆိုပါက မဂ္ဂဇင်း ရှုံးသည် မရှုံး



သည်မှာ သူနှင့်မဆိုင်၊ သူ့အတွက် လုပ်အားခကို ဖြစ်သည့်နည်းဖြင့် ခင်လေး ကြံဖန်ပေးရမည်ပင် မဟုတ်ပါလား။

မဂ္ဂဇင်း သုံးနှစ်ကျော်ကာ အသက်ရှူကလေး ချောင်လာသည်ဆိုသော် လည်း မပြေလည်သေးသော လ၊ အခြေအနေမပေးသော လများ၌ကား အခြားသူများအတွက်သာ ပြေလည်အောင် ကြိုးစားပေးသူ နှသွေးက သူ့အတွက်မူ လုံးဝမယူဘဲ နေလေသည်။

ထိုအချိန်တွင် ခင်လေးသည်လည်း 'အလကားပဲတင်း အယ်ဒီတာ ချုပ်ကြီး' မဖြစ်မနေရ ဖြစ်နေခဲ့ချေပြီ။

ဆရာအောင်လိုပင် စာရေးဆရာ၊ ထုတ်ဝေသူ စာပေမိတ်ဆွေတစ်ဦး ဖြစ်သော ရွှေမြို့ဆောင်းလွင်သည် အခြား မဂ္ဂဇင်းတစ်စောင်၏ အတိုင်ပင်ခံ အယ်ဒီတာမှနားကာ ခင်လေး၏ ခေါ်ယူချက်အရ ရောက်လာသည်။ သူက မဂ္ဂဇင်းတွင် ဘာနာမည်မျှမခံဘဲ ကုန်သွယ်ရေးရုံး၊ စာပေစိစစ်ရေး နှင့် အော့ဖ်ဆက်တို့ကို ခင်လေးကိုယ်စား တာဝန်ယူကာ ဒိုင်ခံ သွားလာ ဆောင်ရွက်ပေးသည်။ သို့ရာတွင်လုပ်ပိုင်ခွင့်အတွက် အသိအမှတ်ပြုထား ရမည် ဖြစ်သည်။ —

ဤတွင် 'အတိုင်ပင်ခံ'ကြီး ဘဝက လာသူကို သည်မှာ အမှုဆောင် အဖြစ် ထားဖို့ မသင့်လျော်ရာ၊ သူ့ကို တာဝန်ခံ နေရာပေးလိုက်ခြင်းဖြင့် ခင်လေးမှာလည်း ကိုယ့်မဂ္ဂဇင်းတွင် ကိုယ် မဖြစ်မနေရ'အလကား ပဲတင်း အယ်ဒီတာချုပ်ကြီး' များတောင် ဖြစ်လာခဲ့ရလေတော့သည်။

ယခု မဂ္ဂဇင်း ငါးနှစ်တင်းတင်းပြည့်ချိန်တွင် 'အလကား ပဲတင်း' ဘွဲ့ထူးကို ဖြုတ်ထုတ် သုတ်သင်ပစ်လိုဟန်တူသော အုပ်ချုပ်ရေးမှူးကြီး နှသွေးက ခင်လေးကို လုပ်အားခ ထုတ်ပေးလာခဲ့ပေမည့် လစဉ် မှန်မှန် ဟူ၍တော့ တာဝန်မခံ၊ သူကိုယ်တိုင် မယူတစ်လှည့် ယူတစ်လှည့် လုပ်နေရ သလို၊ ခင်လေးကိုလည်း မပေးတစ်လှည့်၊ ပေးတစ်လှည့်ပေးမည့် ပုံမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှသွေးအနေဖြင့် အခြေအနေပေးလျှင် ဖြစ်နိုင်လျှင် ခင်လေးကို ထိုက်ထိုက်တန်တန်ပေးလိုမည့် စေတနာမှာ ယုံမှားစရာမရှိ။ သူဝင်၍ တာဝန်ထမ်း အပင်ပန်းခံ နေသည့်ကြားက ခင်လေး ငွေကုန်လူပန်းစိတ်နွမ်းနေသည်ကို အားမှကြည့်၍ မချိသူ၊ ခင်လေး၏ ကျန်းမာရေးအတွက် အမြဲတမ်း စိုးရိမ်နေသူ၊ ခင်လေးကို ရွှေမင်းသမီးလေးလို ထာဝစဉ် လန်းဆန်းငြိမ်းချမ်းစွာ နေစေလိုသူ နှသွေးက အခွင့်ကြုံတိုင်း...

"မကြီး ဝါသနာနဲ့ စေတနာ အကျိုးပြုလုပ်ငန်းက အရင်းအနှီး ပေးရတာ များလွန်းလှတယ်"ဟု ပြောတတ်ရာ၊ ခင်လေးက...

"စေတနာဆိုတာ အကျိုး ပေးပါတယ်ဟယ်"

ဟု ပြန်၍ နှစ်သိမ့်ခဲ့ရသည်။

" စေတနာ အကျိုးတော့ ဘယ်တော့ပေးမလဲ မသိဘူး၊ လောလောဆယ်တော့ လူက ပိန်လှပြီ"

"စလင်း ဖြူတီပေါ့"

"စလင်း မဖြူတီပါဘူး၊ ပိန်တော့ အလှတွေ လျော့ကုန်ပြီပေါ့"

"ဟယ်–ပိန်တော့ ပိုလှတယ်လို့ ဟိုနေ့က ဘယ်သူလဲ ပြောလိုက်သေးတဲ့ဟာ–နင်က မလှဘူးဆိုတော့ မချစ်လျှင်မလှ... ချစ်လျှင် လှ၏တဲ့"

ဟု တက္ကသိုလ်တက်စဉ်က သူ့သူငယ်ချင်းတွေ အိမ်သို့ ခေါ်ခဲ့မည် ပြောထားလျက်က ခင်လေး လှလှပပ သပ်သပ်ရပ်ရပ် လုပ်မထားလျှင် မကျေမနပ် စိတ်ဆိုးလေ့ရှိခဲ့သော သူလှသည် မလှသည်ထက် ခင်လေးကို လှစေလိုသော နှသွေးကို ခင်လေးက ပေါတောတော ရယ်မော သောပင် လိုက်ရလေသည်။

နှသွေးပြောသည်မှာ မမှား။ မပိန်မဝ အနေတော်ဟု ဆိုနိုင်သော ကိုယ်အလေးချိန် ၁၁၅–ပေါင်နှင့် ပေါင်၁၂၀ အကြားတွင်သာ မှန်တမ်းရှိသူ ခင်လေးသည် မဂ္ဂဇင်းထုတ်သည့် ငါးနှစ်အတွင်း ပေါင်၁၀၀အထိ ပိန်လျကျဆင်းသွားခဲ့သည်။



အိပ်ရာထဲတွင် တစ်လကိုးသီတင်း လဲသည့်တိုင် လူမမာရုပ်မျိုး လုံးဝမရှိခဲ့သော ခင်းလေး၏မျက်နှာ ပြည့်ပြည့်သည် ယခုတွင် နွမ်းဖျော့ပန်းလျစွာ ချောင်ကျနေသော နားထင်နားရင်းတို့က အိပ်ရေးမဝခြင်း၊ စိတ်ထောင်းကိုယ်ကျေခြင်း ဒဏ်ရာဒဏ်ချက်တို့ကို ဖော်ပြ သက်သေခံနေကြသည်။

မဂ္ဂဇင်းကျဖို့အရေး ဆယ်နှစ်ဆယ်မိုး စောင့်ခဲ့ရစဉ်က အစားမပျက်၊ အအိပ်မပျက်၊ အဝလည်းမပျက်၊ အလှလည်းမပျက်ဟု ဆိုနိုင်ခဲ့သော ခင်လေးအဖို့ ငါးနှစ်တာမျှ မဂ္ဂဇင်း ထုတ်ဝေလိုက်ရသောအခါ၌ကား သူ့ဘဝတစ်ခုလုံးကို ရင်းနှီး မြှုပ်နှံ လိုက်ရသည့်အလား ခမျာ ချုံးချုံးကျသလောက်နီးနီး ခံစား ပါးလျားသွားလေသည်။

ခင်လေးအတွက် မဂ္ဂဇင်းရဖို့ သေချာသလောက် ရှိချိန်တွင် ၆–လ လောက်စော၍ မဂ္ဂဇင်းထုတ်ခွင့်ရခဲ့သော ဆရာကြီးတစ်ဦးက ကိုကိုလေး သံ သွား၍–

"မဂ္ဂဇင်း ထုတ်တယ်ဆိုတာ ကျုပ်တို့လို ယောကျ်ား မားမားကြီးတွေ တောင် ဗုန်းဗုန်းလဲမတတ် အင်မတန် ပင်ပန်းလွန်းပါတယ်၊ ငွေကလဲ နောက်ကလိုက်နိုင်ဦးမှ– ခင်လေးလို နုနုနယ်နယ်မျိုးနဲ့ မလွယ်ပါဘူး"ဟု သတိ ပေးခဲ့ဖူးသည်။

မလွယ်သည်ကတော့ အမှန်ပင်။ ဆရာကြီး စိုးရိမ်သလို ဗုန်းဗုန်းတော့ မလဲပေမည့် ချုံးချုံးကျလုနီးနီးဖြင့် ငါးနှစ်ဆိုသော ခရီးကြမ်းကို ခင်လေး ဖြည်းဖြည်း မှန်မှန်နှင့်ပင် အံ့သြစရာကောင်းအောင် မတ်မတ် ထောင်ထောင် ကလေး ဖြတ်သန်း လျှောက်လှမ်းလာနိုင်ခဲ့လေသည်။

ခင်လေးအဖို့ မယိုင်မလဲဘဲ မတ်မတ်ကလေး ထောင်နေနိုင်ခြင်းမှာလည်း သူ့စေတနာကို ထိတွေ့ တုံ့ပြန်သော စာဖတ်သူများ၏ အားပေးမှု၊ မဂ္ဂဇင်းအဖွဲ့သားများ၏ ဝိုင်းဝန်းမှု၊ နှသွေးနှင့်တကွ သူ့မိသားစု၏ ကျောထောက် နောက်ခံ ကျားကန် ပံ့ပိုးမှု အင်အားစုတို့ ကြောက်မြားစွာ ပါဝင်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ငါးနှစ်တင်းတင်း ပြည့်ချိန်တွင်ကား လုပ်အားခကိုပင် ထူးထူးခြားခြား၊ ဦးဦးဖျားဖျား ခင်လေး ရရှိလိုက်ချေပြီ။ လစဉ် မှန်သော်ရှိ မမှန်သော်ရှိ ယခု ထိုက်ထိုက်တန်တန် ရရှိလိုက်သော လုပ်အားခကလေးကို နည်းနည်း များများ ခင်လေး မြတ်နိုး တန်ဖိုးထားမိသည်။ ခင်လေးအနေဖြင့် သည်အမေ သည်အစ်ကိုနှင့် သည်ညီမငယ်များတို့ ရှိနေကြသမျှ ကာလပတ်လုံး ဝဝစား၍ လှလှဝတ်နေရမည်ကို လုံးဝဥဿုံ ယုံကြည်စိတ်ချထားသူ ဖြစ်သည်။ သို့ရာတွင် ယခုလို လုပ်အားခကလေး ရလာခြင်းမှာ သူမျှော်မှန်း ချမှတ်ထားသော စာပေယုံကြည်ချက်ဖြင့် မဂ္ဂဇင်း ခရီးဆက်နိုင်ရေးအတွက် တွန်းအားပေးလိုက်သည့် အမောဖြေဆေးလေးတစ်ခွက်ပင် မဟုတ်ပါလား။

ခင်လေး အပျော်စိုက်ကာ ဘဝင်ခိုက်နေစဉ်မှာပင် သူ့အတွက် စာတစ်စောင် ရောက်လာ၍ ဖောက်ဖတ်လိုက်သောအခါ ပုသိမ်မြို့ရှိ ကလီယိုပုတုထံမှ ဖြစ်နေသည်။

သူငယ်တန်းကတည်းက ခင်လေးတို့ သူငယ်ချင်း အုပ်စုထဲတွင် ကုလားမကလေး ကလီယိုပုတုသည် မည်းတဲ ပုတုလုံးလုံးကလေးဖြစ်သည်။ ကလီယိုကို ကျောင်းနာမည်အစား အိမ်နာမည် 'ပုတု'ဟုသာ ခင်လေးတို့က ခေါ်ခဲ့ကြသည်။

ယခု မူလတန်းပြ ကျောင်းဆရာမကလေး ကလီယိုသည် ကလေးတွေ တစ်ပြုံတစ်မကြီးနှင့် မုဆိုးမကလေး ဖြစ်နေသည်။ ယောက်ျားဆုံးပြီးနောက် သိပ်မကြာလှ။ သူ့သားအကြီးကလေး ကောက်ခနဲ ထပ်ဆုံးခဲ့ပြန်သည်။ သတင်းကြားလျှင် ခင်လေးက တတ်အားသမျှ လှမ်းကူလိုက်သည်။

ယခု သူ့စာကလည်း ခင်လေးထံ လှမ်း၍ အကူအညီ တောင်းလိုက်ခြင်း ဖြစ်သည်။

ကိုယ်တို့အိမ်တွေ ရွှေ့ပေးရမယ်၊ ကလေးတွေအဖေ ဝယ်ထားခဲ့တဲ့ မြေကွက်တစ်ကွက် ရှိနေလို့ တော်သေးပေမယ့် အိမ်ဆောက်ဖို့ငွေ ၅၀၀၀ကျပ် လိုနေတယ်ကွယ်။ ကိုယ့်မှာက လက်ကန်ရင် ထုတ်ယူဖို့ငွေ ၄၀၀၀ကျပ်တော့ ထားတာရှိတယ်။ ဒါပေမယ့် လောလောဆယ်လိုနေတာမို့ သူငယ်ချင်း ငယ်ဒီတာချုပ်ကြီးက ခဏစိုက်ချေးပါ။ ငွေထုတ်ပြီးတော့ ချက်ခြင်း ပြန်ဆပ်ပါ့မယ်။



စာရောက်လာချိန်သည် လကုန်ရက်နှင့် တိုက်နေသည်။ ကလီယို ငွေ ထုတ်ရမည့် လကုန်ရက်။

ခင်လေး ချက်ခြင်း စာကောက်ရေးလိုက်သည်။

သူငယ်ချင်း ကလီယို...

ရေးလိုက်တဲ့စာက အခုပဲ ရောက်လာတယ်။ မနက်ဖြန် ဦးမြသောင်း လှုကြိုရှိလို့ စာအမြန်ရေးပြီး သူငယ်ချင်းအတွက် လိုငွေ ကျပ် ၁၀၀၀ကို ထည့်ပေးလိုက်ပါတယ်။ လက်ဆောင်အဖြစ် ပေးလိုက်တာမို့ ပြန်ဆပ်ဖို့ မလိုပါ။

သူငယ်ချင်းတို့မိသားစု ပြေလည် အေးချမ်းပါစေ။

ခင်မင်မှု မေတ္တာဖြင့်

ခင်လေး

ခင်လေးသည် လက်မှတ်ထိုးပြီးနောက် စောစောက နုသွေးသေးထားသော ငွေစက္ကူဘဏ်ထုတ်ကလေးကို စာရွက်ခေါက်ထဲ ထည့်ပတ်၍ စာအိပ်ရှည်တွင် ထည့်ပိတ်လိုက်သည်။ ပြီးနောက် မောင်ငယ်ဖိုးသိန်းကို လှမ်းခေါ်ကာ...

"ဖိုးသိန်း– ကားမြန်မြန်ထုတ်ပြီး အလုံက ဦးမြသောင်း တည်းတဲ့ အိမ်ကိုသွား၊ မနက်ဖြန် ပုသိမ်အပြန်မှာ ကျေးဇူးပြုပြီး ဒီစာကို ဆက်ဆက် ယူသွားပါ။ အမြန်ဆုံးလဲ ပေးပေးပါလို့ ပြောပြီး လက်ထဲကို သေသေချာချာ တည့်ပေးခဲ့နော်"ဟု စေခိုင်းလိုက်သည်။

လုံမလေး မဂ္ဂဇင်း၊

၁၉၉၀ပြည့်နှစ်၊ ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

မြသန္တာ၏ ဝတ္ထုတို
[ဆဒ္ဒန်နှလုံးသား]



www.burmeseclassic.com

www.burmeseclassic.com

## နော်ရင်မွေးကို မွေးဖွားသူ
### မြသန္တာ

ယနေ့ လုံးချင်းဝတ္ထုလောကတွင် နေရာတစ်နေရာကို ဆုပ်ဆုပ်ပိုင်[illegible] ရရှိနေသူတစ်ဦးမှာ ဆရာမ'မြသန္တာ' ဖြစ်သည်။ ဆရာမသည် 'နော်ရင်[illegible] ဝတ္ထုရှည်ကြီးဖြင့် စာပေ စင်မြင့်ထက်သို့ ရောက်ရှိလာခဲ့ပြီး တ[illegible] ပရိသတ်၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသူ ဖြစ်သည်။ 'နော်ရင်[illegible] ဝတ္ထုသည် မိတဆိုး တူမငယ်အတွက် မိမိဘဝ မျှော်လင့်ချက်များနှင့်[illegible] အဘက်ဘက်မှ အနစ်နာခံလျက် တူမငယ်ကို လူတစ်လုံး သူတစ်[illegible] ဖြစ်အောင် မြေတောင်မြှောက်ခဲ့သည့် သူနာပြုဆရာမတစ်ဦး၏ [illegible] သရုပ်ဖော် ဖြစ်သည်။ စာပေဗိမာန် စာမူဆု ဝတ္ထုရှည် ပထမဆု[illegible] အမျိုးသား စာပေဆုတို့ကို ရရှိခဲ့ပြီး ရုပ်ရှင်အဖြစ်လည်း ရိုက်ကူးခဲ့ရ[illegible] ဝတ္ထုဖြစ်သည်။

ဆရာမသည် 'နော်ရင်မွေး ' ရေးသားခဲ့ပြီးနောက် လုံးချင်း[illegible] လောကသို့ ခြေစုံပစ် ဝင်ကာ 'အချစ်ဦး သိပါစေ'၊ 'လိပ်ပြာလေ[illegible] ပန်းလေလား '၊ 'ခြွေတော့လည်းကြွေ ခြေတော့လည်းကြေ'၊ 'တစ်ပွင့်[illegible] တစ်ပွင့်ဝေ'၊ 'နှလုံးသားအသစ်ဆိုတာ ရှိပုံမလား'၊ 'ဝါဆိုဦးက ပန်ခဲ့ဖူး[illegible] ပန်းနီနီ'၊ 'ပိတောက်တံတား'၊ 'ကန္တာရဆူး'၊ 'အကြင်နာမိုး'၊ 'မိုးခြားလ[illegible] 'စိမ်း၍ မစိမ်းသော မျက်လုံး'၊ 'အချစ်ရုပ်ဝန်း တည်ရာ'၊ 'လွမ်းရက်ဆ[illegible] 'စွဲစွဲလမ်းလမ်း တမ်းတမ်းတတ'၊ ' ကိုယ်စား'၊ 'အနီးဆုံးမှာ [illegible] 'ပန်းလေပြည် ညင်း'၊ 'ချစ်ရပါသည် ဆရာ'၊ 'ထာဝရ သီချင်းသ[illegible]



'ရွှေချိန်ခွင်နှင့် ဆက်ကြည့်ပါ'၊ 'စိမ်းသော်လည်း မြ မဟုတ်' စသည့် လုံးချင်းဝတ္ထု ၂၁-အုပ် ရေးသားခဲ့ပြီး ဖြစ်သည်။ ဆရာမသည် ဝတ္ထုတို၊ ဝတ္ထုရှည်များလည်း ရေးသားခဲ့ရာ ယခုအထိ ဝတ္ထုတိုပုဒ်ရေ ၁၀၀-ကျော်နှင့် မဂ္ဂဇင်းဝတ္ထုရှည် ငါးပုဒ်တို့ကို ရေးသားခဲ့ပြီး ဖြစ်သည်။

ဆရာမသည် စာပေမျိုးရိုး ဗီဇရှိသူ ဖြစ်သည်။ ဖခင်ဖြစ်သူမှာ စာရေးဆရာ 'မြသိန်း'ဖြစ်ပြီး အမဖြစ်သူမှာ လုံးချင်းဝတ္ထုဈေးကွက်တွင် ထိပ်တန်းသို့ ရောက်နေသူ 'မြပုလဲခင်' ဖြစ်သည်။

ဆရာမကို အဖ ဦးမြသိန်း၊ အမိ ဒေါ်တင်စန်းမြင့် တို့မှ ၁၉၅၈-ခုနှစ်၊ ဩဂုတ်လ ၁၅-ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ မသန္တာ ဖြစ်သည်။ ၁၉၇၉-ခုနှစ်တွင် အခြေခံပညာ အထက်တန်း အောင်မြင်ပြီး ၁၉၈၂-ခုနှစ်တွင် တက္ကသိုလ် စာပေးစာယူ သင်တန်းမှ ဝိဇ္ဇာဘွဲ့ကို မြန်မာစာအဓိကဖြင့် ရရှိခဲ့သည်။ ငွေတာရီ မဂ္ဂဇင်းပါ 'နှလုံးသားမှ စကားပြောသံ' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သူ ဖြစ်သည်။

ယခုအခါ ဆရာမသည် ငယ်စဉ် မျိုးရိုးဗီဇ စာပေဝါသနာဖြစ်သော ဘရေးသားခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုရင်း ခင်ပွန်းသည် ဦးသန်းနိုင်၊ သား မောင်ကောင်းမြတ်ဦးတို့နှင့် အတူ အခန်းနံပါတ် ၉၊ တိုက်နံပါတ် B-2 လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တွင် နေထိုင်လျက်ရှိသည်။ ဆရာမ မြသန္တာနှင့် တွေ့ဆုံ မေးမြန်းချက်များကို ဖော်ပြလိုက်သည်။

**မေး။** စာပေလောကထဲ ဆရာမ ဘယ်လို ရောက်ရှိလာပါသလဲ။

**ဖြေ။** စာပေလောကထဲ ရောက်လာတာကတော့ မျိုးရိုး ဗီဇနှင့် ပတ်ဝန်းကျင် အတွေ့အကြုံတွေရဲ့ တွန်းအားကြောင့်လို့ပဲ ဆိုရမှာပါပဲ။ အဖေက တပ်မတော်ဝန်ထမ်းဆိုတော့ နယ်အနှံ့ လိုက်သွားရင်းက လောက အတွေ့အကြုံတွေ ဘဝပေးတွေ

www.burmeseclassic.com

www.burmeseclassic.com



များလာပြီး မထင်မှတ်ဘဲ စာပေလောကထဲ ရောက်လာတာပါပဲ။ မိဘများက ဆယ်တန်းအောင်မှ စာရေးရမယ်ဆိုလို့ ဆယ်တန်းအောင်အောင် ကြိုးစားပြီး ဆယ်တန်း အောင်မှ စာရေး ဖြစ်ခဲ့ပါတယ်။ ၁၉၇၉–ခုနှစ်က ယုဝတီဂျာနယ်၊ လူငယ်ဂျာနယ်နှင့် ငွေတာရီ မဂ္ဂဇင်းမှာ ဝတ္ထုတိုကလေးတွေနှင့် စခဲ့တာပါ။ ငွေတာရီ မဂ္ဂဇင်းမှာ ပါတဲ့ 'နှလုံးသားက စကားပြောသံ' ဝတ္ထုကို ဓာတ်လမ်းပမာ အနေနှင့် ရွေးချယ်ပြီး ရေဒီယိုမှာ အသံလွှင့် ခံခဲ့ရပါတယ်။

**မေး။** လုံးချင်းစာအုပ်ကို ဘယ်နှစ်မှာ စရေးပါသလဲ။ 'နော်ရင်မွှေး'ဟာ ဆရာမရဲ့ ပထမဆုံး လုံးချင်းဝတ္ထုလား။

**ဖြေ။** မဂ္ဂဇင်း ဝတ္ထုတိုနှင့် ဝတ္ထုရှည်လေး တစ်ပုဒ်နှစ်ပုဒ်နှင့် ဆယ်နှစ် ကျော်ကျော်မှာ တဖြည်းဖြည်းနှင့် ခြေလှမ်းမှန်မှန် လှုပ်ရှားခဲ့ရင်း လုံးချင်းဝတ္ထုကိုတော့ အချိန်ရတိုင်း ကိုယ်ပိုင်သိမ်းအနေနှင့် ရေးခဲ့ပါတယ်။ ထုတ်ဝေဖို့ကလည်း အချိန်မကျသေးဘူး လို့ ဆိုရမလားပဲ။ ၁၉၈၂–ခုနှစ်မှာ အာမခံလုပ်ငန်းနှင့် ဖြူး၊ တောင်ငူမြို့တွေမှာ သုံးနှစ်ကျော်ကျော် သွားနေရင်းက 'နော်ရင်မွှေး'ကို ကိုယ်ပိုင် ဒေသန္တရ အတွေ့အကြုံနှင့် ပေါင်းပြီး ရေးဖြစ်ခဲ့တယ်။ ၁၉၈၉–ခုနှစ် ရောက်မှပဲ 'နော်ရင်မွှေး' ကို စာပေဗိမာန် စာမူဆု ဝင်ပြိုင် တော့ ပထမဆု ရခဲ့တာပဲ။ စာအုပ် ဖြစ်လာတော့ အမျိုးသားစာပေဆု ထပ်ရပါတယ်။ 'နော်ရင်မွှေး'က ပထမဆုံး ဆုရ လုံးချင်းပါပဲ။ ၁၉၉၂–ခုနှစ်မှာပဲ ဦးလေးဖြစ်တဲ့ စာရေးဆရာ လင်းရောင်တင်ရဲ့ အဆက်အသွယ်နှင့် ကျွန်မအစ်မ မြပုလဲခင်ရေးတဲ့ လှိုင်စာပေတိုက်မှာ စရေးဖြစ်တယ်။ အဲဒီလို စရေးတဲ့ အချိန်မှာ ကျွန်မလက်ထဲမှာ ရေးပြီးသား ငါးအုပ် ရှိနေပြီလေ။ 'အချစ်ဦး သိပါစေ'



လုံးချင်းဟာ လှိုင်စာပေက ပထမဆုံး ထုတ်တဲ့ ပထမဆုံး စာအုပ်ပါပဲ။

**မေး။** လုံးချင်း လောကထဲ ဝင်ပြီး ပထမဆုံး စထုတ်ခဲ့တဲ့ 'အချစ်ဦး သိပါစေ'ဝတ္ထုဟာ အောင်မြင်မှု ရခဲ့ပါသလား။ အခုအထိ လုံးချင်း ဘယ်နှစ်အုပ် ရေးပြီးပြီလဲ။

**ဖြေ။** 'အချစ်ဦး သိပါစေ'ကိုတော့ ပရိသတ်က လက်ခံသလို တုံ့ပြန်မှုရရှိတဲ့ ဝတ္ထုမို့ နည်းနည်း ပိုအားတက်မိခဲ့ပါတယ်။ ဒါနှင့်ပဲ ဆက် ရေးဖြစ်သွားတော့တယ်။ အခုအထိ ဆိုပါတော့၊ လုံးချင်း၂၁–အုပ် ရှိသွားပါပြီ၊ ဒီလို နှစ်တိုတိုနှင့် မြန်မြန်ထွက်နိုင်တာဟာ လုံးချင်း ရေးချင်တဲ့ ဆန္ဒနှင့် ဘယ်သူမှ မထုတ်ပေးနိုင်ခင် ကြို ရေးထားတာတွေ ရှိလို့ပါ။

**မေး။** ဆရာမ ရေးခဲ့သမျှ လုံးချင်းဝတ္ထုတွေထဲမှာ ဘယ်ဝတ္ထုကို အနှစ်သက်ဆုံးပါလဲ။ ဘာကြောင့်ပါလဲ။

**ဖြေ။** ရေးခဲ့သမျှတွေထဲမှာတော့ 'နော်ရင်မွှေး'ကို အနှစ်သက်ဆုံးပါပဲ။ ဆုရလို့ ပြောတာ မဟုတ်ဘူးနော်။ ကျွန်မရဲ့ ပထမဦးဆုံး လုံးချင်းနှင့် ကိုယ်တွေ့အတွေ့အကြုံ ခံစားမှုကို အားပါးတရနှင့် အထပ်ထပ် မွမ်းမံ ထားတဲ့ စာအုပ်မို့ပါ။ ပြီးတော့ အခုအုပ်နှစ်ဆယ်မြောက်ထွက်တဲ့ 'ရွှေချိန်ခွင်နှင့် ဆက်ကြည့်ပါ' အဲဒါ ရေးထားတာ ကြာပြီ။ သူ့ကိုလည်း အချိန်ကြာကြာ ရေးထားတာပဲ။ ထွက်ပြီးခဲ့သမျှတွေထဲမှာ 'အချစ်ဦးသိပါစေ'၊ 'ခြေတော့လည်းကြွေ ခြေတော့လည်းကြေ'၊ 'ကန္တာရဆူး'၊ 'မိုးခြားလမ်း'၊ 'အချစ်ရပ်ဝန်း တည်နေရာ' တို့ကို ကိုယ့်ဘာသာကိုယ် နှစ်သက်မိတယ်။

**မေး။** ဝတ္ထုရေးရာမှာ ဘယ်ဓာတ်လမ်းမျိုးကို နှစ်သက်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ကရုဏာရသကို ပေးနိုင်မယ့် ဇာတ်လမ်းမျိုးကို ပိုပြီး နှစ်သက်ပါတယ်။ အထူးသဖြင့် ငါးရာနှစ်ဆယ့်ရှစ်မေတ္တာ၊ မိဘမေတ္တာတွေ အပေါ်မှာ အခြေခံတဲ့ ဇာတ်လမ်းမျိုးကို ရေးဖွဲ့တာများပါတယ်။

မေး။ ဆရာမ ဝတ္ထုဖန်တီးတဲ့ နေရာမှာ အကြောင်းအရာနှင့် ဇာတ်ကောင် စရိုက်အနက် ဘယ်ဟာကို ဦးစားပေးပါသလဲ။ တစ်ချို့က ဇာတ်လမ်းကို အသားပေးကြပြီး တစ်ချို့က ဇာတ်ကောင်စရိုက်ကို အသားပေးကြလို့ပါ။

ဖြေ။ အကြောင်းအရာနှင့် ဇာတ်ကောင်စရိုက် နှစ်ခုစလုံးကိုပဲ အဓိကထားပါတယ်။ ဇာတ်ကောင်စရိုက်ကို အကြောင်းအရာနှင့် ကိုက်ညီအောင် ညှိနှိုင်းပြီး သတိထား ရေးဖွဲ့ပါတယ်။

မေး။ ဇာတ်ကောင်စရိုက် ဖော်ရာမှာ ဇာတ်ကောင် အားပြိုင်မှုပေါ် မူတည်ပြီး ဖော်ဆောင်ပါသလား။

ဖြေ။ ဟုတ်ပါတယ်။ ဇာတ်ကောင်စရိုက်တွေ အားပြိုင်မှုကို ရေးရတာ အားရပြီး လက်တွေ့တာမို့ အားပြိုင်မှုတွေအပေါ် မူတည်ပြီး ရေးတတ် ပါတယ်။

မေး။ တစ်ချို့ စာရေးဆရာတွေရဲ့ ဝတ္ထုတွေမှာ ဇာတ်လမ်းနောက်ကို ဇာတ်ကောင်က လိုက်ပါသွားတာ တွေ့ရသလို တချို့ဝတ္ထုတွေမှာ ဇာတ်ကောင် လှုပ်ရှားမှု နောက်ကို ဇာတ်လမ်းက လိုက်ပါသွားတာ တွေ့ရပါတယ်။ ဆရာမ ဝတ္ထုတွေဟာ အဲဒီနှစ်မျိုးအနက် ဘယ်အမျိုးအစားမှာ ပါဝင်ပါသလဲ ။

ဖြေ။ ဒါကတော့ ရေးရင်းနှင့် လက်တွေ့သွားတဲ့ အပိုင်းပေါ်မှာ မူတည်ပါတယ်။ တစ်ခါတလေ ဇာတ်ကောင်ကို ဖန်တီးရင်း ဇာတ်လမ်း ဖြစ်သွားပါတယ်။ ဥပမာ 'နော်ရင်မွေး'၊ 'မီးခြားလမ်း'၊ 'ကန္တာရဆူး'အတော်များများပါပဲ။ ဇာတ်ကောင်တွေက ဦးဆောင်သွားတာချည်းပဲ များနေပါတယ်။



မေး။ ဆရာမ အိမ်ထောင်ရေး သရုပ်ဖော်နှင့် အချစ်သရုပ်ဖော် ဝတ္ထုတွေမှာ ဘယ်လိုဝတ္ထုမျိုးကို အရေးများပါသလဲ။

ဖြေ။ ကျွန်မရေးတဲ့ ဝတ္ထုတွေမှာ အိမ်ထောင်ရေးရော၊ မိသားစု အိမ်တွင်းရေးရော၊ အချစ်ရေးရော ပါပါတယ်။ ဒါပေမယ့် အဲဒါတွေကို ဘဝပေးအသိနှင့် ယှဉ်ပြီးတော့ သတိထား ရေးဖွဲ့ပါတယ်။

မေး။ အချစ်ဝတ္ထုတွေအပေါ် ဆရာမ ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ပုထုဇဉ်တိုင်း အချစ်နှင့် မကင်းကြတော့ အချစ်ဝတ္ထုဟာ ရှိသင့်ပါတယ်။ ဒါပေမယ့် ဖတ်တဲ့သူအတွက် အသုံးချ နည်းနာ ယူဖို့တော့ ဖြစ်စေချင်ပါတယ်။ အဲဒီဆန္ဒဟာ စာရေးသူတစ်ဦးရဲ့ ဆန္ဒပါ။ စာဖတ်သူတစ်ဦးရဲ့ ဆန္ဒ မဟုတ်ပါဘူး။ သမီးများရဲ့ မိခင်များ အနေနှင့် ဖြစ်ပေါ်လာတဲ့ ဆန္ဒပါ။

မေး။ ဆရာမရဲ့ ဝတ္ထုတွေအနက် ဘယ်ဝတ္ထုတွေကို ရုပ်ရှင် ရိုက်ခဲ့ပါသလဲ၊ ရိုက်နေပါသလဲ၊

ဖြေ။ ကျွန်မရဲ့ 'နော်ရင်မွေး'ဝတ္ထုကိုတော့ ဒါရိုက်တာ အောင်စိုးဦးက ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူးခဲ့ပြီးပါပြီ။ 'မီးခြားလမ်း'ကို ဗွီဒီယိုရိုက်ဖို့ ကမ်းလှမ်းထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့အထိ မှန်သားပေါ် မရောက်သေးလို့ တစ်မျိုးကြီးပဲ ခံစားနေရတယ်။ သူတို့ လောက အခြေအနေကိုလည်း နားမလည်ပါဘူးလေ။

မေး။ ဆရာမ ဝတ္ထုတိုကော ရေးပါသလား။ ဘယ်လိုဝတ္ထုတိုတွေ ရေးပါသလဲ။ ဝတ္ထုတိုပေါင်းချုပ် ထုတ်ဖို့ကော အစီအစဉ် ရှိပါသလား။

ဖြေ။ ကျွန်မ ဝတ္ထုတိုရေးတာ ကြာပါပြီ။ ၁၉၇၉–ခုနှစ်ကတည်းကပေါ့။ ဝတ္ထုတိုပုဒ်ရေ ၁၀၀ကျော်နှင့် ဝတ္ထုရှည်က ငါးပုဒ်ပါ။ အများအား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်တော့ ၅၂၈ မေတ္တာအကြောင်း ရေးဖွဲ့တာ များပါတယ်။ ရေးခါစက သိပ်သွက်လက်သလောက် နောက်ပိုင်းမှာ နယ်... နေတာရယ်၊ အလုပ်တစ်ဖက်နှင့် မအားလပ်တာရယ်ကြောင့် သိပ်မရေးဖြစ်တော့ပါဘူး။ ကျွန်မရေးခဲ့သမျှကို စိတ်ကြိုက် ရွေးချယ်ပြီး ဝတ္ထုတိုထုတ်ဖို့ ရည်ရွယ်ထားပါတယ်။

မေး။ ဆရာမရဲ့ လုံးချင်းဝတ္ထုတွေအပေါ် စာဖတ်ပရိသတ်... ဘယ်လိုတုံ့ပြန်ကြပါသလဲ။

ဖြေ။ ကျွန်မရဲ့ ဝတ္ထုအပေါ် စာဖတ်ပရိသတ်ရဲ့ တုံ့ပြန်မှုကို ကျွန်မ သိပ်ကျေနပ်ပါတယ်။ ကျွန်မ ရည်ရွယ်ချက်နှင့် စေတနာ... စာဖတ်သူတွေ လက်ခံ နားလည်ကြပါတယ်။

မေး။ ဆရာမ အခု ဘာတွေ ရေးနေပါသလဲ၊ ဇာတ်လမ်းက ဘယ်... အမျိုးအစားပါလဲ။

ဖြေ။ ကျွန်မ နေ့စဉ် စာရေးပါတယ်။ အခု အလုပ်ကထွက်လိုက်... စာရေးဖို့ အချိန်တွေ ရပါတယ်။ ကျွန်မရေးတဲ့ ဝတ္ထုတွေအ... ပါပဲ။ ဖတ်ရသူတွေအတွက် အသိလေးတွေ ရနိုင်တဲ့ စာမျိုး... ပုံမှန် ရေးသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒီလ... 'စိမ်းသော်လည်း မြ မဟုတ်' ထွက်ပါမယ်။ အဲဒါက... ငွေကြေးမပြည့်စုံတဲ့ ထူးချွန်တဲ့ ကျောင်းသူ ကျောင်းသားတွေ... ထောက်ပံ့ ကူညီတဲ့ စေတနာရှင်အကြောင်း ရေးထားတာ... ဘယ်သူ့ကိုမှ မရည်ရွယ်ပေမယ့် ဖြစ်လေ့ဖြစ်ထ ရှိတဲ့ အကြောင်း အရာလေး တစ်ခုကို ကြားမိလို့ ရေးလိုက်တာပါ။

မေး။ ယနေ့ လုံးချင်းဝတ္ထုတွေအပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ကျွန်မ ဥပမာလေးတစ်ခု ပေးချင်ပါတယ်။ မိသားစု ထမင်းဝိုင်း... လိုပေါ့၊ အမေက ငါးဘဲဖြူလို ငါးသေးသေးတွေ အိုးကပ်ချက် ထားတဲ့ ဟင်း ကြိုက်တယ်။ အဖေက အသီးအရွက်ကြော်...



တွေ ကြိုက်တယ်၊ မောင်လေးက အသားကြိုက်တယ်၊ လူတွေရဲ့ အကြိုက်နှင့် အသွင်အမျိုးမျိုးပဲမို့ ပင်ကိုယ်ကြိုးစားအားထုတ်ပြီး ရေးထားရတဲ့ လုံးချင်း ဝတ္ထုတွေအားလုံးကို စာနာစွာနှင့် ချီးကျူး ဂုဏ်ပြုပါတယ်။ တကယ်တမ်း စာရေးရတာက ဝါသနာ၊ ပါရမီနှင့် ကြိုးစား အားထုတ်မှုတွေ ပါတာပါပဲ။ လက်ရေး မျက်စိရေး၊ ဦးနှောက်ရေး အနားမပေးဘဲ စားပွဲမှာ ထိုင်ပြီး စာတွေ ရေးနေရတာ ရေးတဲ့သူ အချင်းချင်းမို့ စာနာ မိပါတယ်။ သူ့ပရိသတ်နှင့်သူ သူ့ရေးဟန်နှင့်သူ ကောင်းကြတာ ပါပဲ။

မေး။ 'နော်ရင်မွေး' ဝတ္ထုဟာ ဆရာမရဲ့ အအောင်မြင်ဆုံး ဝတ္ထုလို့ ဆိုလို့ ရပါတယ်။ စာပေဗိမာန် စာမူဆုရရော၊ အမျိုးသားစာပေဆု ရော ရခဲ့တဲ့ ဝတ္ထုဖြစ်ပါတယ်။ ဆရာမ 'နော်ရင်မွေး' ဝတ္ထုကို ဘယ်လို မွေးဖွားခဲ့ပါသလဲ၊ ဆရာမရဲ့ အတွေ့အကြုံနှင့် တစ်ခြား သူတွေရဲ့ ရင်ခုန်သံကို သိချင်ပါတယ်။

ဖြေ။ ကျွန်မ 'နော်ရင်မွေး'ကို မွေးဖွားတာ ၁၉၈၂-ခုနှစ်ကပါ။ ကျွန်မ အာမခံလုပ်ငန်းမှာ တာဝန်ထမ်းဆောင်စဉ် လယ်သမား အာမခံ (အခုမရှိတော့ပါဘူး)အတွက်နှင့် ဖြူး၊ တောင်ငူမြို့တွေကို ကွင်းဆင်း ရင်းက ကျွန်မလှုပ်ရှားခဲ့သမျှ၊ တွေ့ကြုံခဲ့သမျှတွေကို မျက်မြင်ကိုယ်တွေ့၊ လက်တွေ့နှင့် ကျေးရွာအလှ သဘာဝကို အခြေခံပြီး စရေးတာပါ။ နောက် မန္တလေးဘုရားဖူးသွားတော့ အဲဒီအထိ 'နော်ရင်မွေး'ကို ကျွန်မ သွားလေရာ ဆွဲခေါ်ခဲ့ပါတယ်။ ၁၉၈၄-ခုနှစ်မှာ 'နော်ရင်မွေး'ကို အဆုံးသတ်ပြီး ရန်ကုန်ကို ပြန်ရောက်လာခဲ့ပါတယ်။ အဲဒီမှာ 'နော်ရင်မွေး' ကို အကြမ်းကနေ ပြန်ချောနေရတာ သုံးကြိမ်သုံးခါ ရှိခဲ့ပြီး ခြောက်နှစ်ကြာခဲ့ ပါတယ်။ ပုံနှိပ်စာလုံး ဖြစ်ဖို့အတွက်ကို အဆင်မပြေသေးတာနှင့် စာပေဗိမာန် စာမူဆုအဖြစ် ဝင်ပြိုင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'နော်ရင်မွေး'ကတော့ စိတ်ကူးထဲက ဖာတ်ကောင်ပေမယ့် 'တဝါးမ' ဆိုတာကတော့ တကယ်ရှိပါတယ်။ ကျွန်မ ငါးဘက်အိုင်ကို ရောက်တော့ ပိုးထိပြီး ဆုံးသွားတဲ့ တဝါးမ ဆိုတဲ့ ကရင်မလေးရဲ့ လှပတဲ့ ဓာတ်ပုံကိုပဲ တွေ့ခဲ့ရပါတယ်။ တစ်ခြားသူတွေကတော့ နော်ရင်မွေးကို သနားကြပါတယ်။ ကျွန်မကို ရက်စက်တယ်လို့ ပြောကြတာပါပဲ။ ကျွန်မက ပိုခံစား ရ တာပေါ့။ ကိုယ့်ရင်နှစ်သည်းချာကို အထီးကျန်တစ်ယောက်တည်း ဘယ်ထားရက်ပါ့ မလဲ။ ဒါပေမယ့် နော်ရင်မွေးကိုက သိပ် ခေါင်းမာပြီး ရည်ရွယ်ချက် ပြင်းထန်တာကိုး။ ကျွန်မဘာများ တတ်နိုင်မှာလဲ၊ ဒါကို နားလည်ပေးကြပါလို့ ပြောချင်ပါတယ်။

**မေး။** ဆရာမ တခြား ဘာများပြောချင်ပါသလဲ။

**ဖြေ။** အထူးအထွေတော့ သိပ်မပြောချင်ပါဘူး။ ရှေ့ဆက်ပြီး စာတွေ ရေးမယ်။ အချစ်ရယ်၊ မေတ္တာရယ်၊ ဘဝရယ်မှာ ပုထုဇဉ်တိုင်း ကျင်လည်ရမှာမို့ အဲဒီအကြောင်းတွေပဲ ရေးမယ်။ ဒီထဲမှာ အသိကလေး တစ်ခုခုတော့ ရအောင် ထည့်ရေးချင်ပါတယ်။ ကျွန်မရဲ့ စေတနာကို ရယူခံစားပေးပါလို့။

## ဆဒ္ဒန်နှလုံးသား

"ဖြစ်ပါ့မလား စောအောင်ရာ"

တံတွေးကို ဂွက်ခနဲ မျိုချလိုက်ပြီး ဝမ်းခေါင်းသံနှင့် မေးလိုက်ရာ စောအောင်က လက်ထဲမှ ရေနွေးကြမ်းပန်းကန်ကို ကြမ်းပြင်ပေါ်သို့ ဆောင့်ချလိုက်ပြီး

"ဘာလို့ မဖြစ်ရမှာလဲ အစ်ကိုရ၊ အိုက်မိုင်းနဲ့ ရင်းနှီးပြီးသားပဲ၊ ပြီးတော့ သူက ကျွန်တော်တို့နှစ်ယောက်ကို သိပ်ချစ်တာပဲမဟုတ်လား"

ဟင်းခနဲ သက်ပြင်းချကာ ခေါင်းမော့ပြီး စဉ်းစားလိုက်စဉ် မျက်လုံးထဲ ...ရုးကန် ဖြစ်သွား၏။ နေပေါက်ထိုးနေသော အမိုးကျဲကျဲကို လှမ်းမြင် ...က်ရသည်။ အိမ်မမိုးရသေးသည်မှာ သုံးနှစ် ရှိလေပြီ၊ **မနှစ်က** ...စ်မိုးလုံး ရွှဲရွှဲစိုနေသော အိမ်ထဲတွင် ခိုစရာ နေရာရှားပါးလှ၏။ **ဒီနှစ်** ...မိုးလျှင် မဖြစ်တော့။ ပြီးတော့ ကျောင်းဖွင့်ချိန် ကျောင်းသားသုံးယောက်၏ ကျောင်းစရိတ်နှင့် စာအုပ်ဖိုး၊ ချူချာသည့် မိန်းမအတွက် ဆေးဖိုး။

"ဟင်း..."

ထပ်မံ၍ သက်ပြင်းချလိုက်ပြီး တုန်ရီသော လက်များဖြင့် ရေနွေးငှဲ့ ...က်သည်။ နီကျင်ကျင် အခါးရည်များကို ကြည့်ရင်းက ရင်ထဲမှာ ...က်ဖို့၍ မောဟိုက်လာသလိုလို... မသောက်သေးဘဲ ရေနွေးခွက်ကို ...န်ချလိုက်ပြီး ဆေးလိပ်တိုကို ကောက်ကိုင်လိုက်၏။ မီးခြစ်ကို ...မ်းယူနေသော လက်အစုံမှာ တဆတ်ဆတ် တုန်ယင်လျက်...

"ကျွန်တော်လည်း မိန်းမမီးဖွားဖို့ ငွေလိုနေတယ်အစ်ကို... အခု

www.burmeseclassic.com

www.burmeseclassic.com



ရာသီချိန်မှာ သူတို့ အနားရတာပဲ...အိုက်မိုင်းက ကျန်းမာ ခဏပါပဲ...နောက် ပြန်ကောင်းပြီး အသစ်ဖြစ်လာမှာပါ..."

စောအောင်က အားတက်သရော တရားဟောနေ၏။

"အဟွတ်... အဟွတ်...ဟွတ်...ဟင်း... ကျွတ်ကျွတ်...ကျွ

အခန်းတွင်းမှ ချောင်းဆိုးသံနှင့် ညည်းညူသံ ကြားရသော ဦးအေးသိန်း ရင်ထဲ နင့်သွား၏။ မိန်းမအတွက် ဆေးမဝယ်ရ ဆေးဝယ်ဖို့လည်း ငွေမရှိ...။

"အမက နေမကောင်းပြန်ဘူးလား..."

"အေးကွာ...အခုလိုမိုးဦးကျဆို သူ့ရောဂါက ထလာတယ် ဒီကြားထဲ သွားကိုက်နေတော့ ချောင်းဆိုးတိုင်း နာလို့တဲ့ကွာ"

"ဖြစ်ရမယ်...အစ်ကိုတို့လည်း ဆေးဖိုးနဲ့တင် ဒုက္ခရောက်နေ ကပါ...ကျွန်တော် ပြောသလိုသာလုပ်...ပြေလည်သွားစေရမယ်"

"အင်း"

ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။ မျက်ဝန်းထဲမှ ကလေးလို ဆော့ကစားတတ်သော အိုက်မိုင်း၏ အမူအရာလေး လွှမ်းမိုး ချုပ်ကိုင်နေ၏။

* * *

အိုက်မိုင်းသည် သူ့မိခင်ကြီး၏ ပထမဦးဆုံး သားဦး ဖြစ် ရှမ်းပြည်နယ်မှ ခေါ်လာ၍ ရှမ်းမကြီးဟု အမည်ပေးထားပြီး သားကိုလည် အိုက်မိုင်းဟုပင် အမည်မှည့်ထားခြင်း ဖြစ်သည်။ ထိုနာမည်ကို ဦးအေးသိ က ပေးထားပြီး စိတ်ရှည်သော စောအောင်ကိုပင် အိုက်မိုင်း၏ ဦးစီးအဖြ ရွေးချယ် ခန့်ထားခြင်း ဖြစ်၏။

အိုက်မိုင်းသည် အမိနောက်လိုက် ဆင်ကလေးဘဝနှင့်ပင် မွေးဖ ကြက်လျှာတောအနံ့တွင် ပျော်ရွှင်နေတတ်၏။ အထူးသဖြင့် သပြေ စခန်းသို့ သွားလျှင် အိုက်မိုင်းသည် ပို၍ ပျော်ရွှင်နေပုံရ၏။ သပြေစခ



သည် သပြေချောင်းနှင့် ခပေါင်းချောင်းတို့ဆုံရာ မြစ်ကျဉ်း သဘော ...နေသော နေရာလေးကို အိုက်မိုင်းက သဘောကျပုံ ရ၏။ ရေကား ...ရောင်စပ် ဖြစ်သည်။ ကြက်လျှာစခန်းကို ဖြတ်စီးသော ခပေါင်းရေသည် ...စီးသန်၍ အစဉ် နောက်ကျိနေသော်လည်း သပြေချောင်းကမူ ရေစီး ...င်သာပြီး တောင်ကျရေဖြစ်ပြီး အောက်ခံ ကျောက်မြေများသောကြောင့် ...ကြည်လင်နေ၏။

ခပေါင်းချောင်းဝ ကုန်းမြေပေါ်တွင် သစ်ဝါးတို့ ထူထပ်စွာ ပေါက်နေ သောကြောင့် ယင်းနေရာကို အိုက်မိုင်းက အတင်းတိုးဝင်၍ မျှစ်နုကလေး ...းကို နှစ်သက်စွာ ချိုးစားတတ်၏။ တစ်ခါတရံ သခင်များထံသို့ ...မ်းပစ် ပေးတတ်သည်။ အိုက်မိုင်း ချိုးပေးသော မျှစ်များကို အိမ်စားရန် ...တွက်သာမက ရောင်းရန်အတွက်ပင် ပိုလျှံသေးသည်။

စားလို့ဝမှ သူ့ခန္ဓာကိုယ် အိအိလေးနှင့် တောင်ပေါ်မှ ပြေးဆင်းလာပြီး ...လေးငယ်တစ်ယောက်ကဲ့သို့ မြူးတူးစွာ အော်ဟစ်တတ်၏။

အိုက်မိုင်း အသက်၄–နှစ်ကျော်သောအခါ ကျူးသွင်း မွိန်းသင်ပေးရ၏။ ...အခါတွင် ကလေးဆိုးကဲ့သို့ ချုပ်ချယ်မှုကို မခံချင်စွာ ရုန်းကန် ...အော်ဟစ်ကာ ဆိုးနွဲ့ဖူး၏။ ဦးစီးကိုတော့ တစ်ခါမှ ရန်မမူဘူးပေ။ ...ဖြစ်၍ ပဲ့ကိုင်ဖြစ်သော ဦးအေးသိန်းကိုယ်တိုင် ချော့၍ ကျူးသွင်းရ၏။ ...စားမက်သော အိုက်မိုင်းကို အစားနှင့် ချော့မြူပေးလျှင် မွိန်းသင်ရသည် ...မှာ မခဲယဉ်းလှပေ။ အသက်၁၀–နှစ်တွင် ဆင်ကြီးများနောက် ထည့်၍ ...လုပ်သင်ဘဝနှင့် လက်တွေ့လုပ်ရသောအခါတွင် ဖျင်းရိ ညည်းညူ ...ကပ်ခြင်း မရှိဘဲ ပျော်ရွှင်စွာ လုပ်တတ်သောကြောင့် အိုက်မိုင်းကို ...လွန်စွာ သဘောကျ၏။

ကြီးလေ လှလေ ဆင်ကြီးပင်ဖြစ်သည်။ အိုက်မိုင်း၏ ကျောကုန်းမှာ ...က်ပျောကိုင်းသဏ္ဌာန်ရှိပြီး တင်ပါးသားအထိ အရိုးမပေါ်ဘဲ ကျောသား ...ည့်ဖြိုးလှ၏။ ကြက်တူရွေး အနားရစ်နှင့် မျက်လုံးမှာ စိမ်းပြာရောင်

www.burmeseclassic.com

www.burmeseclassic.com



လဲ့နေသည်။ အထူးသဖြင့် တစ်နေ့တခြား တုတ်ခိုင်လာသော အ
နှစ်ချောင်းမှာ ငှက်ပျောဖူးသဏ္ဍာန်ရှိပြီး စိုပြည်မည်းပြောင်၍ ငါးကြ
ကွက်ရောင် ထနေသော အသားရည်နှင့် လွန်စွာ လိုက်ဖက်လှ
အမျိုးကောင်း အသွေးလှရုံမက လူတစ်ဦးကဲ့သို့ သိတတ် နားလည်
လိမ္မာယဉ်ကျေးသော ဆင်ကြီးပင်ဖြစ်သည်။

ဝီရိယလည်းရှိ၏။ အလုပ်ဖြုတ်ပြီးချိန် ကျောနောက်ကို လှ
နင်းနယ်ကာ နှိပ်ပေးလျှင် လူတစ်ဦးကဲ့သို့ ဖိမ်ယူကာ မှိန်းနေတတ်သည်
ဦးစီး စောအောင်နှင့် ပဲ့နင်းကြီး ဦးအေးသိန်းကိုလည်း အလွန်ချစ်သည်
သူ့နှာမောင်းလေးနှင့် ယားတတ်သော ဦးအေးသိန်း၏ခါးကို တို့ကာ
တတ်သည်။ စောအောင်က မယားသော်လည်း ယားဟန်ဆောင်
တွန့်လိမ်ပြလျှင် အိုက်မိုင်းက လွန်စွာ သဘောကျတတ်၏။

ယခုအခါ လွန်ခဲ့သော လေးနှစ်ခန့်ကပင် ဦးအေးသိန်းက ပဲ့နင်းအလုပ်
ပင်စင်ယူ၍ ကားလိုက်သည်။ သို့ရာတွင်ကားတိုက်မှုနှင့် အဆင်မပြေ
အလုပ်ပြုတ်ပြီး ပင်စင်နှင့်ပင် စားနေရ၏။ စောအောင်ကမူ ဆင်ဦးစီးအဖြ
ဖောင်ဖွဲ့ရေးသို့ ရောက်ပြီး သစ်ခိုးမှုနှင့် အလုပ်ပြုတ်ကာ ကျဘန်းအလုပ်
လုပ်စားနေသူပင် ဖြစ်၏။

ထိုအခိုက် အိုက်မိုင်းကား သခင်သစ်၊ ဦးစီးသစ်နှင့် နေရသော်လည်
သူတို့နှစ်ဦးကို ပို၍ချစ်ခင်သည်။ တွေ့လျှင် ဝမ်းသာအားရ နှုတ်ဆက်တတ်၏

ဤသည်ကို စောအောင်က လေ့လာ အကဲခတ်မိသောကြော
ပူပြင်း၍ အနားပေးထားသောအချိန်တွင် ဦးအေးသိန်းနှင့် ချိန်းထား
တောနက်ထဲသို့ အိုက်မိုင်းကို ချော့ခေါ်လာခဲ့၏။ အိုက်မိုင်းက ယဉ်စဉ်ကဲ့
ပျော်မြူးစွာဖြင့် လိုက်ပါလာလေသည်။

* * *



ညနေ…နေဝင်ချိန်တွင် အိုက်မိုင်းက ဝပ်လျှက် ဦးအေးသိန်း၏ ချော့မြှူမှုကို ငြိမ်သက်စွာ ခံယူနေသည်။ စောအောင်က လွှနှင့် အိုက်မောင်း၏ အစွယ်ကို သွက်သွက်ကလေး ဖြတ်နေ၏။

အစတွင်မူ အိုက်မိုင်းသည် သူ ချစ်ခင်သော သခင်ဟောင်းနှစ်ဦးနှင့် တွေ့ဆုံ၍ လွန်စွာ ပျော်မြူးနေ၏။ ခေါင်းလေး တခါခါနှင့်၊ နှာမောင်းလေး တရမ်းရမ်းနှင့် ကျေနပ်နေသည်။ နောက်မှ မိမိအစွယ်ကို အလိုရှိသလို ဖြတ်ယူနေသည်ကို သိသောအခါ ငြိမ်သက်စွာ လည်စင်းပေးနေ၏။

“သားကြီးက လိမ္မာပါတယ်ကွာ…အဖေတို့တွေ ငတ်နေလို့ပါကွာ၊ နောက်…အံသစ်ပြန်ထွက်လာမှာပဲနော်…သား”

ဦးအေးသိန်းက တတွတ်တွတ် ချော့နေသည်ကို မျက်လုံးလေး မှိတ်ကာ ငြိမ်သက်စွာ ခံယူနေ၏။ တချက်ချက်တွင် ခန္ဓာကိုယ်လေး တွန့်သွားတာကို အိုက်မိုင်း ကိုယ်ပေါ်မှနေ သတိထားမိလိုက်၏။

“အား…ရပြီ…အားပါးပါး …နည်းတဲ့ အလေးချိန်လား…”

အစွယ်တစ်ဖက်ရသောအခါ စောအောင်က ဝမ်းသာအားရ ပြောသော်လည်း ဦးအေးသိန်းရင်ထဲတွင် မကောင်းတော့…။

“တော်လောက်ပြီပေါ့ကွာ…”

“ဟာ…အစ်ကိုကလည်း တစ်ဖက်ထဲ ဘယ်လှမလဲ၊ ဖြတ်မယ့် ဖြတ် အပြီးဖြတ်ပေါ့…ရော့ အစ်ကိုဖြတ်…ကျွန်တော်ထိန်းမယ်…”

တာဝန်လဲလှယ်ပြီး ဦးအေးသိန်းလက်ထဲ လွှရောက်လာသောအခါ သူ့လက်များ တဆတ်ဆတ် တုန်ရီနေ၏။ အိုက်မိုင်း ကိုယ်လေး တွန့်တွန့်သွားသည်ကို သတိထားမိ၍ စောအောင်က နားရွက်နောက်နားသို့ ဖနောင့်နှင့် ကြိတ်၍ကြိတ်၍ သတိပေးရင်း…

“သားလေးက လိမ္မာပါတယ်ကွာ…ပြီးတော့မယ်နော်…ပြီးရင် သားကြိုက်တဲ့ မျှစ်နုနုလေး ကျွေးမယ်သိလား…ဒီမယ် အချားကြီး ပဲ…ဓေယျဝတီက ကြံချိုချိုလေးတွေလည်း ထမ်းလာခဲ့တယ်…”

www.burmeseclassic.com

www.burmeseclassic.com

စောအောင်က တတွတ်တွတ် ချော့နေဆဲ ဦးအေးသိန်းက တုန်ရီနေသောလက်များနှင့် မြန်မြန်ပြတ်စေရန် အားသုံးကာ ဖြတ်နေ၏။

တောင်စွယ်မှ နေမင်းကြီးပျောက်ကွယ်၍ အမှောင်ထုသို့ပင် ကြီးစိုးစပြုနေပြီဖြစ်၏။ အိုက်မိုင်းကိုယ်လေးမှာ တဆတ်ဆတ် တုန်ခါလျက်ရှိသော်လည်း သခင်ဟောင်းနှစ်ဦး အလိုကျ ငြိမ်သက်စွာ နေပေးရှာသည်။

စောအောင် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လျက် ပါးစပ်မှလည်း တတွတ်တွတ် ချော့မြူကာ နားရွက်ကို ဖနောင့်နှင့် ကြိတ်၍ကြိတ်၍ သတိပေးနေရသည်။

"ကျွတ်...ကျွတ်...ကျွတ်...ပြီးတော့မယ်။ သားကြီးရာ...ပြီးပြီကလေးလေး..."

ဦးအေးသိန်းက ကြောက်ကြောက်နှင့် ဖြတ်နေသည်မို့ စောအောင်ဖြတ်သည့်အချိန်ထက် လျင်မြန်စွာ ပြီးသွားပြီး အစွယ်ပြုတ်သွားသောအခါ စေးပျစ်ပျစ် အရည်များ ပါလာ၍ အလန့်တကြားနှင့် ကြည့်လိုက်ရာ...

"ဟာ..."

နီရဲသောသွေးများက အိုက်မိုင်းပါးစပ်အတွင်းမှ စီးကျလာ၏။ ရင်ထဲမှာ မီးစနှင့် ထိုးလိုက်သကဲ့သို့ ပူခနဲ ဖြစ်သွားပြီး တုန်လှုပ် ခြောက်ခြားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

"ပြီးပြီလား"

စောအောင်က ကမန်းကတန်းဆင်းပြီး ဦးအေးသိန်းလက်ထဲမှ အစွယ်ကို ကြည့်လိုက်ရာ...

"အစ်ကိုက အရင်းနားက ကပ်ဖြတ်တာကိုး..."

ဖြူဖွေးသော အစွယ်တွင် သွေးများ ပေကျံနေသည်ကို တွေ့ရ၍ စောအောင်လည်း စိတ်မကောင်းဖြစ်သွားသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ယူကျုံးမရ ဖြစ်နေစဉ် အိုက်မိုင်းကား ဖြည်းညင်းစွာ ထလိုက်၏။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပြီး နှာမောင်းကို မြှောက်လိုက်ရာ...



"ရှောင်"

စောအောင်က ပါးစပ်မှ အော်ရင်း နောက်သို့ ခုန်ဆုတ်လိုက်၏။ ...အေးသိန်းမှာ မရှောင်နိုင်ဘဲ မျက်လုံးထဲ ပြာခနဲ ဖြစ်သွားသည်။ သို့ရာတွင် အိုက်မိုင်းက သူတို့ ထင်သလို ရန်မမူဘဲ သူ့နှာမောင်းဖြင့် ...များ ပေစီးနေသော ပါးစပ်ကို ပွတ်သပ်လိုက်၏။

"သား...သားကြီး...ရော့--စားနော်--"

စောအောင်က အသင့်ယူလာသော မှျစ်နုများနှင့် ကြံများကို တောင်း... ကမန်းကတန်း ထိုးပေးသော်လည်း အိုက်မိုင်းက လုံးဝ လှည့်မကြည့်ဘဲ ...နှစ်ဦးကိုသာ တွေတွေကြီး ကြည့်လိုက်ရင်း ချာခနဲ ကျောခိုင်းကာ ...ထွက်သွားလေ၏။

သူတို့နှစ်ဦးစလုံး၏ မြင်ကွင်းမှ ပျောက်ကွယ်သွားမှ အိုက်မိုင်း၏ ...ကွဲ ဆို့နင့်နေသော အော်သံကား ကြက်လျှာတစ်တောလုံး သိမ့်သိမ့်ခါ ...လေသည်။

ဆဒ္ဒန်ဆင်မင်းက သူ့အစွယ်ကို သုဘဒ္ဒါရဲ့ အချစ်ကြီးမှုအတွက် ...ပ်ခဲ့သည်။ အိုက်မိုင်းကမူ ဝမ်းရေးအတွက် လိုအပ်သော သခင် ...းအတွက် ကြည်ဖြူစွာ ပေးအပ်ခဲ့ပေပြီ။

"ခွင့်လွှတ်ပါ အိုက်မိုင်းရယ်"

ရုပ်ရှင်အောင်လံ မဂ္ဂဇင်း၊

အမှတ်၄၃၄၊ ၁၉၉၃–ခု၊ ဇန်နဝါရီလ

www.burmeseclassic.com

တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတို
[မျှော်တုန်းမျှော်ဆဲ]



www.burmeseclassic.com

## မိုးရွာသောည၊ အချစ်ဗေဒနှင့် ဆိုင်းဝိုင်းမှ ရင်ခုန်သံ
## သို့မဟုတ်
## တက္ကသိုလ်မြစိမ်းနှင့် သူ့ဝတ္ထုများ

ဝတ္ထုဆိုသည်မှာ ပုံပြောခြင်းပင် ဖြစ်သည်။ သို့သော် ပုံပြောသူ၏ ခံစားမှု အမူအရာလိုက်၍ ပုံပြောပုံ အမူအရာများ ခြားနားသွားကြသည်။ ခံစားမှု အင်အားအလိုက်၊ ခံစားသူ၏ စိတ်ကူးအင်အား အလိုက်၊ တစ်နည်းပြော ရသော် သူ ခံစား ကြုံတွေ့ရသော လူ့ဘဝ၊ လူ့လောကကြီးက သူ့၏ ခံစားမှုအပေါ် ထင်ဟပ်မှု အင်အားအရ အနုပညာ ပုံသဏ္ဌာန် (ဝါ) စိတ်ကူးပုံသဏ္ဌာန် ဖြစ်ပေါ် ဖွံ့စည်းသွားခြင်း ဖြစ်ပေသည်။ ယင်း ထင်ဟပ်မှုဖြင့် ပုံပြောခြင်းကို ဝတ္ထုဟု ခေါ်လိုက်ကြခြင်းဖြစ်သည်။

**ဒဂုန်တာရာ**

ဝတ္ထုသည် ရသစာပေတွင် အကြုံးဝင်သော စာပေပုံစံတစ်ခု ဖြစ်သည်။ ရသစာပေသည် အနုပညာပင်မ၏ အခက်အလက်တစ်ခု ဖြစ်သည်။ အနုပညာသည် လူသား၏ သက်တမ်းနှင့်အမျှ နှစ်ကာလ ရှည်ကြာ လာခဲ့ပြီ ဖြစ်သည်။

ပညာအလင်းမဂ္ဂဇင်း ပေါ်ကာစ ၁၉၁၇–ခုနှစ်၊ ပတ်ဝန်းကျင်၌ ထင်ရှားလာခဲ့သော မြန်မာကာလပေါ်ဝတ္ထု အရေးအသားသည် နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများကြားတွင် လူ့လွ လှုပ်ရှားလာခဲ့ကာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဝတ္ထုရေးသား အတတ်ပညာနှင့် အကြောင်းအရာသည် ပိုမို ပီပြင်လာခဲ့သည်။ မြန်မာ စာပေတွင် ဝတ္ထု၏နေရာသည် ပိုမို ထင်ရှားလာခဲ့သည်။ ထိုအချိန်ကာလတွင်



ထွက်ပေါ်လာသော မြန်မာဝတ္ထုများသည် အများအားဖြင့် နိုင်ငံ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သော ဝတ္ထုများ ဖြစ်သည်ကို တွေ့ရသည်။ မောင်ထင်၏ 'ငဘ'၊ မဟာဆွေ၏ 'မောင်တို့ပြည်၊ မယ်တို့ပြည်'၊ ဘုန်းကြွယ်၏ 'ပန်းရောင်စက္ကူ' စသည်တို့သည် မြန်မာနိုင်ငံသားတို့အား လွတ်လပ်ရေး ရချင်စိတ် ပေါ်အောင် လှုံ့ဆော်သော ဝတ္ထုများ ဖြစ်ကြသည်ကို တွေ့ရသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်လပ်စ နိုင်ငံများ၌ ဆိုရှယ်လစ် စနစ်၏ ဩဇာအရှိန်အဝါ ကြီးမားလာခဲ့ရာ ထိုအရှိန်အဝါသည် မြန်မာ လူငယ် စာရေးဆရာများအတွင်းသို့ ဝင်ရောက်ခဲ့ပြီး သူတို့၏ စာပေကို စာပေသစ်ဟု ကြေညာသည်။ ထိုစာပေသစ် အယူအဆကြောင့် မြန်မာ့ ဝတ္ထုဘောင်သည် ကျယ်ပြန့်လာသည်ဟု ဆိုနိုင်ကောင်းသည်။ လူ့ အဖွဲ့ အစည်းကို လူတန်းစားအရ သုံးသပ်လာကြသည်။ အရင်းရှင်လူတန်းစား၏ စက်ဆုပ်ဖွယ် လူနေမှုစနစ်ကို တိုက်ခိုက်သော အကြောင်းအရာများသည် မြန်မာ့ဝတ္ထုထဲသို့ ရောက်လာခဲ့ကြသည်။ အလုပ်သမား၊ လယ်သမားတို့ အရင်းရှင်စနစ်၊ မြေရှင်စနစ်အောက်ဝယ် ခံစားရသော ဒုက္ခများ၊ ရုန်းကန် လှုပ်ရှားမှုများ၊ တိုက်ပွဲများ၊ လွတ်လပ်ရေး ရပြီးနောက်၊ နိုင်ငံရေးအာဏာ တစ်ဝက်၊ စီးပွားရေးလုပ်ငန်းတစ်ဝက် ရောစွက်နေသော အထက်တန်းလွှာ များ၏ ပျက်စီးနေပုံများ၊ မြို့နေ လူလတ်တန်းစားများ၊ မြို့နေ ဆင်းရဲသား များ၏ ဘဝ ရုန်းကန် လှုပ်ရှားမှုများ စသည်တို့ကို ရေးဖွဲ့သော ဘဝ သရုပ်ဖော် ဝတ္ထုများကို တွေ့လာရသည်။

ထိုသို့ မြန်မာဝတ္ထု ရေစီးကြောင်းသည် ခေတ်ပြိုင် လူ့အဖွဲ့အစည်း အတွင်း ဖြတ်သန်း၍ ဝတ္ထုပုံသဏ္ဌာန်များသည် ခေတ် အဆက်ဆက် ဖွံ့စည်း စုပေါင်းလာကြခြင်းဖြင့် ပီသ ထင်ရှားလာခဲ့ပြီ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

တက္ကသိုလ် မြစိမ်းသည် ခေတ်ပြိုင် လူ့အဖွဲ့အစည်း၏ အမြင်မတော် ဖောက်ပြန် ယိုယွင်းမှုများကို ကောင်းစွာ သရုပ်ဖော်နိုင်သော စာရေးဆရာမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ဖြစ်သည်။ သူ့ဝတ္ထုများတွင် အရင်းရှင် လူမှု ဆက်ဆံရေး၏ အနိဋ္ဌာရုံများ၊ ဆိုက်ကားသမား၊ အမှိုက်ပုံ၊ အလုပ်သမားခေါင်း၊ မုန့်ပြား သလက်၊ မိန်းမရှင် စသော အကြောင်းအရာများကို သရုပ်ပီပီ ထည့်သွင်းရေးခြယ်ထားသည်ကို တွေ့မြင်နိုင်သည်။

တက္ကသိုလ်မြစိမ်း၏ ဝတ္ထုများနှင့် ပတ်သက်၍ ကွယ်လွန်သူ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက–

'စာရေးဆရာ အများအပြား ရှိသည့်အနက် ဒိဋ္ဌလောကကို ရှု၍ သရုပ်မှန်မှုကို ဂရုပြုလျက် လောက၌ ဖြစ်စေချင်သော၊ ရှိစေချင်သော၊ မြင်စေချင်သော လူတို့၏ ကိုယ်စိတ်နှလုံး အမူအရာတို့ကို စာဖတ်ပရိသတ်၌ တောင့်တချင်စိတ်နှင့်တကွ နှစ်သက်ခြင်းဖြစ်အောင် ဇာတ်လမ်းဆင်၍ ဆန္ဒအလျောက် သရုပ်ဖော်တတ်သော စာရေးဆရာများလည်း ရှိကြသည်။ ထိုစာရေးဆရာမျိုးကို ဘာဝအလွမ်း စာရေးဆရာဟု ခေါ်၍၊ ထိုသဘောကို ဘာဝအလွမ်းသဘောဟု ခေါ်လျှင် ဖြစ်နိုင်သည် ထင်သည်။ တစ်ဖန် ဒိဋ္ဌဓမ္မလောကကို ရှု၍ သရုပ်မှန်မှုကို ဂရုပြုလျက် လောက၌ ပြုတတ်သော၊ ရှိတတ်သော၊ ဖြစ်တတ်သော လူတို့၏ ကိုယ်နှုတ် နှလုံး အမူအရာတို့ကို စာဖတ်ပရိသတ်၌ သတိသံဝေ စိတ်နှင့်တကွ နှစ်သက်ခြင်း ဖြစ်အောင် ဇာတ်လမ်းဆင်၍ ယထာဘူတကျကျ သရုပ်ဖော်တတ်သော စာရေးဆရာများလည်း ရှိကြသည်။ ထိုစာရေးဆရာမျိုးကို ယထာဘူတ စာရေးဆရာဟု ခေါ်၍ ထိုသဘောကို ယထာဘူတသဘောဟု ခေါ်လျှင် ဖြစ်နိုင်သည် ထင်ပါသည်။

ထိုစာရေးဆရာ နှစ်မျိုးစလုံး၏ စာနှစ်မျိုးသည် ရသ နှစ်သက်ခြင်းကို ပေးလျက် အကျိုးပြုနိုင်ကြသည်ဟု ဆိုချင်သည်။ ဘာဝအလွမ်းစာသည် ပရိသတ်ကို တောင့်တ တက်ကြွစေတတ်၍ ယထာဘူတစာသည် ပရိသတ်ကို သတိတရား ဖြစ်စေတတ်သည်။ ထိုစာနှစ်မျိုးအနက်



တက္ကသိုလ် မြစိမ်း၏ ဝတ္ထုတိုများကို ယထာဘူတစာမျိုး၌ ထည့်သင့်သည်ဟု ထင်သည်။ မြန်မာကာလပေါ် ဝတ္ထုသမိုင်းတွင် ယထာဘူတသဘောကို မြေတောင် မြှောက်ပေး ခဲ့သော သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံ ဝတ္ထုကိုဏ်း၌ ထည့်နိုင်သည် ဟုလည်း ထင်သည် ဟူ၍ ညွှန်းဆိုထားသည်ကို တွေ့ရသည်။'

ဆရာ မောင်စွမ်းရည်ကလည်း–

'သူ့ဝတ္ထုများသည် စာရေးဆရာကောင်းတို့၏ မြင်တတ်၊ ကြားတတ်၊ [...]းတတ်သော သဘောသတ္တိကို ပြပေသည်ဟု ဆိုရပေမည်။ ကောင်းပေ[...]။ စနစ်ဟောင်း၊ စနစ်ဆိုးတို့အတွင်းက ယိုယွင်းပျက်စီးမှု၊ ဖောက်ပြန်[...]ွင်းမှုတို့ကို ကြားတတ်၊ မြင်တတ်ပါ၏။ ယင်းတို့ကို ဝေဖန် ဖွင့်ချ[...]ပါ၏။ ဝတ္ထုတိုကို ဝတ္ထုတိုနှင့် တူအောင်လည်း ရေးဖွဲ့တတ်ပါ၏'ဟု [...]ျူး ဝေဖန်ထားပြီး

[...]နှယ်သစ်က ' တက္ကသိုလ် မြစိမ်းသည် ပြည်သူ့ခေတ်ကို မျက်နှာမူသော [...]းဆရာဖြစ်သည်'ဟူ၍ မှတ်ချက်ချထားသည်။

ဆရာမကြီး တက္ကသိုလ်မြစိမ်းကို ၁၉၃၇–ခုနှစ်တွင် ရန်ကုန်မြို့၌ [...] ဘိုင်းမင်းကြီး ဦးအုန်းဖေ၊ အမိ ဒေါ်မြခင်တို့မှ ဖွားမြင်ခဲ့သည်။ [...]ူင်း၃–ယောက်တွင် ဒုတိယမြောက်ဖြစ်ပြီး အမည်ရင်းမှာ ဒေါ်မြင့်မြင့် [...] ဖြစ်သည်။

၁၉၄၅–ခုနှစ်မှ စ၍ ညောင်တုန်း၊ ပုသိမ်၊ မုံရွာ၊ လှိုင်လင်နှင့် [...]န် စံပြ အမျိုးသမီး အထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့ပြီး [...]–ခုနှစ်တွင် စံပြ အမျိုးသမီး အထက်တန်းကျောင်းမှ ဆယ်တန်းအောင် [...]၊ ၁၉၆၀–ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

၁၉၆၁–ခုနှစ်တွင် တရားရေး ဌာန၌ အထက်တန်းစာရေး၊ ထို့နောက် [...]ောက် စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၁)တွင် [...]ထောက် နည်းပြဆရာမ ၊ ၁၉၆၆–ခုနှစ်မှ စ၍

www.burmeseclassic.com

www.burmeseclassic.com



စာပေ စိစစ်နှင့် မှတ်ပုံတင် ဌာနခွဲတွင် စာပေ စိစစ်ရေးမှူးအဖြစ် တာ ထမ်းဆောင်ခဲ့သည်။

ငယ်စဉ်ကစ၍ ကျောင်းမဂ္ဂဇင်းများတွင် စာပေများ ရေးသားခဲ့ ၁၉၅၆–ခုနှစ်တွင် 'ဗမာ့ခေတ်' သတင်းစာ၊ ယုဝတီဂျာနယ် ကဏ္ဍ 'သွေး၏ ပုံပြင်' ဝတ္ထုဖြင့် တက္ကသိုလ်မြစိမ်း အမည်ခံ၍ စာပေနယ် ဝင်ခဲ့သည်။ ယုဝတီဂျာနယ်နှင့် တိုင်းရင်းမေ ဂျာနယ်တို့တွင် ဝတ္ထု ရေးသားခဲ့၍ ယုဝတီ ကလောင်ရှင်နှင့် တိုင်းရင်းမေ ကလောင်ရှင်ဘွဲ့တ အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ အမည်ရင်း မြင့်မြင့်သန်းဖြင့်' ရှေ စာစောင်တွင် ဓာတ်ပုံ၊ ဆောင်းပါးများ ရေးသားသည်။ သတင်းစာ လည်း ရုံဖန်ရံခါ ရေးသားသည်။ ယခုအထိ ဝတ္ထုတို ၁၀၀–ကျေ 'မိုးရွာသော ညများနှင့် အခြား ဝတ္ထုတိုများ'(၁၉၆၇)၊ 'နေသာသော အခြား ဝတ္ထုတိုများ'(၁၉၇၁) 'ဝတ္ထုတိုပေါင်းချုပ်' (၂)အုပ်၊ လုံး ဝတ္ထုများအဖြစ် 'ချစ်အကြောင်း' (၁၉၇၀)၊ 'ချစ်သူနှင့် ဝေး ပြေးပါရစေ'(၁၉၇၂)၊ 'မောင်ယုံကြည်အောင် ပြောစမ်းပါခင်ရယ်'(၁၉ 'အပြောကြွယ်တဲ့မယား'(၁၉၇၃)၊ 'မိုးနှင့်မြေကြီး'(၁၉၇၃)၊ 'ထ ကျိုးမည်း တစ်ကောင်ထဲ'(၁၉၇၄)၊ 'မနိုးချင်သော လွမ်းအိပ်မက်'(၁၉ 'စုံကန္တာ မြိုင်ကြီး ဘယ်ထီးမှမပါ' (၁၉၇၅)၊ 'တိုင်းမင်းကြီးသမီး'(၁၉ 'အမိုတော့ဖြင့် မလိုက်နိုင်ဘူးကွယ်' (၁၉၇၆)၊ 'ညွှန်ကြားရေးမှူး ကတော်'(၁၉၇၇)၊ 'နောက်တိုး'(၁၉၇၈)၊ 'မချစ်ကယ်ပြီလား ရှေ တော်ငယ်' (၁၉၇၉)၊ 'အမုန်းဝတ္ထု'(၁၉၈၂)တို့ကို ရေးသားခဲ့ 'မိုးရွာသောညများနှင့် အခြား ဝတ္ထုတိုများ' စာအုပ်ဖြင့် ၁၉၆ အမျိုးသား စာပေပြိုင်ပွဲ ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို လည်း 'နောက်တိုး'ဝတ္ထုဖြင့် ၁၉၇၈–ခုနှစ်၊ အမျိုးသား စာပေဝတ္ထုရှည် လည်းကောင်း ဆွတ်ခူး ရရှိခဲ့သည်။

'မိုးရွာသောညများ'ဝတ္ထုတိုပေါင်းချုပ်စာအုပ်သည် စာပေလော ပြောစမှတ်ပြု ခံခဲ့ရသော စာအုပ် ဖြစ်သည်။ စာရေးဆရာကြီး



စာပေဝေဖန်ရေး ဆရာများ၏ ချီးကျူးဝေဖန်ခြင်းကို ခံခဲ့ရသော စာအုပ် ဖြစ်သည်။

ဝတ္ထုတိုပေါင်း ၁၂–ပုဒ် ပါဝင်သည်။ လက်ရေးမူ ၃–ပုဒ်ပါ၍ ကျန် ၉–ပုဒ်မှာ ၁၉၆၀–ခုနှစ်မှ ၁၉၆၅–ခုနှစ်အတွင်း ငွေတာရီမဂ္ဂဇင်းတွင် ပါဝင်ခဲ့ပြီးသော ဝတ္ထုများ ဖြစ်ကြသည်။

**မိုးရွာသောညများ** (ငွေတာရီ အမှတ်၁၊ ဇူလိုင်၊ ၁၉၆၀) ဝတ္ထုတိုသည် ကမ်းနား ကုန်တင်ကုန်ချ အလုပ်သမားခေါင်း ကိုဘမောင်တစ်ယောက် ဇနီးမယား သေဆုံးသွားကာ အဖော်မဲ့ တစ်ကိုယ်တည်းဘဝဖြင့် အရက်ကို အဖော်ပြုကာ မိုးရွာသောညတွင် တရုတ်သချိုင်းထဲ၌ မိန်းမပျက်ကလေးနှင့် အိပ်စက်ပုံတို့ကို ရေးဖွဲ့ထားသော သရုပ်ဖော် ဝတ္ထုကလေးဖြစ်သည်။

ကိုဘမောင်သည် သူချစ်သော မအေးကြိုင်နှင့် လက်ထပ်ပြီး သုံးလေးနှစ်သာ ပျော်ရွှင်စွာ နေရသည်။ မကြာမီ သျှောင်းကျန်းဆူပူမှု ဖြစ်သဖြင့် ဒုက္ခ အဖုံဖုံ တွေ့ကာ ရန်ကုန်သို့ တက်လာခဲ့ရသည်။ ရန်ကုန်တွင် ဖြစ်သလိုစား၊ ဖြစ်သလိုနေထိုင်ခဲ့ကာ နောက်ဆုံး သမီးကလေးဆုံးပြီး သူ့ဇနီးသည်လည်း အဆုတ်ရောဂါ ၊ ချောင်းဆိုးသွေးပါရောဂါ ရလာလေတော့သည်။ ဇနီးသည်မှာ ခနီ မလုံတလုံ မိုးထားသော တဲငယ်အတွင်း အငတ်ငတ်အပြတ်ပြတ်နှင့် ပိန်ချုံးပြီး ရောဂါခံစားနေရသည်။ ကိုဘမောင်မှာ အလုပ်ရပြန်တော့လည်း စားဖို့ပင် အနိုင်နိုင် ဖြစ်နေ၍ ရောဂါအတွက် ဆေး မကုနိုင်ခဲ့ပေ။ ကိုဘမောင်သည် ကူလီထမ်းကာ ဆေးဖိုး ရှာခဲ့သည်။ သို့သော် သူချစ်သော မအေးကြိုင်မှာ ဆင်းရဲ မွဲတေသော ဘဝမှ လွတ်မြောက်ကာ အိပ်စက် အနားယူသွားလေတော့သည်။

ကိုဘမောင်၏ စိတ်တို့သည် မအေးကြိုင်ဆုံးပြီးသည်မှ အစဉ်ရပ်တည် မနေ၊ အစဉ် ညစ်ညူးနောက်ကျိနေသဖြင့် အရက်သောက်တတ်လာသည်။ အပျော်မိန်းမ လိုက်တတ်လာသည်။ လေလွင့်၊ ပွေလာသည်။ စပါးစိုက်မည့်အစား ခါးပိုက်နှိုက်ရသည်မှာ ဘာအရှိသော်လည်း ပိုချောင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်လာသည်။ လူရိုးကြီး ကိုဘမောင်သည် လူဆိုး ဖြစ်ချင်လာသည်။ ကိုဘမောင်၏ နစ်မွန်းနေသော သူ့ဘဝသည် နွံထဲမှ ရုန်းမထွက်နိုင်။ သူသည် သူ့ဘဝ လွတ်မြောက်မှုလမ်းကို မရှာကြံ၊ မြို့ကြီး ပြကြီးတွင် ရုန်းကန် လှုပ်ရှားနေကြသော အောက်တန်းလွှာတို့၏ ဘဝကို တကယ့်သိုလ် မြစ်မီမ်းက ပီပီပြင်ပြင် ရေးဖွဲ့ထားသည်။

'မိုးရွာသောညများ' မှာ လှပသော ဘဝသရုပ်ဖော် ဝတ္ထုတိုဖြစ်သည်။ ကုန်တင်ကုန်ချ အလုပ်သမားတစ်ယောက်၏ အချစ်ကင်းမဲ့သဖြင့် စိတ်ပျက် အားလျော့နေသော အဖြစ်ကို မိုးရွာသောညတစ်ည အဖြစ်အပျက် ပုံသေး ကလေးဖြင့် သူ၏ ဘဝတစ်ကွက်ကို ဖော်ထားသော ဝတ္ထု ဖြစ်သည်။ ၅ာနေဖြစ်သော တောကိုလည်း လွမ်း၊ မယားကိုလည်း လွမ်းယင်း တရုတ် သချိုင်းထဲ၌ အရက်မူးကာ အပျက်မကလေးဘေး၌ အိပ်ပျော်သွားသော ကူလီခေါင်းတစ်ယောက် ပုံပန်းကို သူမသည် ပီသစွာ ဖွဲ့နွဲ့ထားလေသည်။ အသက်၂၀–ကျော်အမျိုးသမီးတစ်ဦးက ဖွဲ့ထား၍ အံ့ဩမိသည်'ဟူ၍ ဆရာကြီး ဒဂုန်တာရာက သုံးသပ်ထားသည်။

**ဆေးတံလက်ဆောင်** (ငွေတာရီ၊ အမှတ်၈၊ ဖေဖော်ဝါရီလ၊ ၁၉၆၁) ဝတ္ထုတိုမှာ စိတ်တူသဘောတူ ချစ်သူ စစ်ဗိုလ်ကို ဆေးတံလက်ဆောင်သာ ပေးခဲ့ရပြီး အိမ်က ပေးစား၍ မချစ် မနှစ်သက်သော ဒုအတွင်းဝန်ကို ဘဝပေးလိုက်ရသော အတွင်းဝန်သမီး မခင်ချို၏ အဆင်မပြေသော ဘတ်လမ်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

**ခေတ်အစွဲနှင့် ပြည်သူ့ကျွန်** (ငွေတာရီ၊ အမှတ်၁၁၊ မေလ၊ ၁၉၆၁) ဝတ္ထုတိုမှာ အင်္ဂလိပ်ကို အထင်ကြီးကာ အင်္ဂလိပ်ကျွန်ခေတ်ကို စွဲလန်း ဝမ်းတနေသော တိုင်းမင်းကြီးကတော်၏ လာဘ်ပေးလာဘ်ယူ လုပ်ပုံကို ရေးဖွဲ့ထားသော ဝတ္ထု ဖြစ်ပြီး ဝင်းပပ (ငွေတာရီ၊ အမှတ်၁၃၊ ဇူလိုင်၊ ၁၉၆၁)ဝတ္ထုတိုမှာ သိရိဆောင်မှ စားပွဲထိုး ကိုဘမောင်၏ **အဆောင်သူ** ကျောင်းသူကလေး ဝင်းပပအပေါ် သံယောဇဉ် ငြိတွယ်ပုံနှင့် ဝင်းပပ၏



ချစ်တိုင်း မညား၊ ညားတိုင်းမချစ် ဖြစ်ခဲ့ရသည့် လူ့ဘဝ၏ ဒုက္ခအဖုံဖုံ ကို ကွက်ကွက် ကွင်းကွင်း တင်ပြထားသည်။

**ဘုရားမှာအခါခါဆုံတယ်** (ငွေတာရီ၊ အမှတ်၁၉၊ ဇန်နဝါရီလ၊ ၁၉၆၂) ဝတ္ထုတိုသည် ဘုရားတွင် အခါခါဆုံ၍ စာဆွေးနွေးခဲ့ကြသော ကိုလှမောင် င် မခင်မေတို့ ချစ်သူနှစ်ဦးသည် ဘဝ အဆင်မပြေသဖြင့် လွဲခဲ့ကြရ နောက် ဘုရားတွင် မမျှော်လင့်ဘဲ ဆုံတွေ့ကြသောအခါ၌ ကိုလှမောင်မှာ ပိုင် ကိုလှမောင် ဖြစ်နေပြီး မခင်မေမှာ သီလရှင်ခေမာ ဘဝ ရောက်ရှိ ပုံကို ဖော်ပြထားသည်။ လွမ်းဆွတ် ကြေကွဲဖွယ် ဇာတ်လမ်း ကလေးပင် စ်သည်။

**ရွှေလိပ်ပြာ ငိုရှာမည်**(ငွေတာရီ၊ အမှတ်၂၄၊ ဇွန်လ၊ ၁၉၆၂)ဝတ္ထုသည် း်မတစ်ယောက်၏ စောင့်ထိန်းသင့်သော သိက္ခာကို အသက် အသေခံ ာင့်ထိန်း၍ ချစ်သွားသော အမျိုးသမီးတစ်ဦး၏ ဇာတ်လမ်း ဖြစ်ပြီး **ဂလိပ်စာညံ့သူလေး**(ငွေတာရီ၊ အမှတ်၄၃၊ ဇန်နဝါရီ ၊၁၉၆၄) ဝတ္ထုတိုမှာ ား...အင်္ဂလိပ်စာ ဆက် ကြိုးစားချင်သေးတယ်။ အင်္ဂလိပ်စာညံ့တဲ့ ားနဲ့ ဘဝတူ ကျောင်းသူကျောင်းသားလေးတွေကို ကူညီချင်သေးတယ်'ဟု ကာ ချစ်သူနှင့် လက်ထပ်ရန် ငြင်းဆိုခဲ့သော အင်္ဂလိပ်စာ သင်ကြားမှု းချွန်သူ ဆရာမ ဒေါ်ခင်ထားမြင့်ကို ဇာတ်ကောင်ဖွဲ့ ရေးသားထားသော ဘ္ထု ဖြစ်သည်။

**ငှက်ပျောသီး** (ငွေတာရီ၊ အမှတ်၄၈၊ ဇွန်လ၊ ၁၉၆၄)ဝတ္ထုတိုမှာ ဘဝကို ကြံ့ကြံ့ခံကာ အလုပ်ကြိုးစားသော စာရေးမကြီး ဒေါ်ညွန့်ရီ ကြောင်းပင် ဖြစ်သည်။ မညွန့်ရီသည် အခြားသူများကဲ့သို့ ရုံးသို့ တ်ဘူးနှင့် ကော်ဖီ ကိတ်မုန့်တို့ ယူလာနိုင်သူ မဟုတ်ပေ။ ရုံးမလာမီ ပြုတ်နှင့် ထမင်းကို အဝစားခဲ့သည်။ လက်ဖက်ရည်တစ်ခွက် ဝယ်သော ည့် အစား ငှက်ပျောသီးစားကာ သူ့မောင်လေး ကျောင်းလခအတွက် က်ဖက်ရည်သောက်၍ ကုန်မည့်ငွေကို စုလေသည်။ ညနေ ရုံးဆင်းချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကား တစ်ဝက်စီးပြီး ကျန်ခရီးတစ်ဝက်ကို လမ်းလျှောက်သည်။ ဝင်ငွေနှင့် ထွက်ငွေ ကာမိအောင် သုံးသည်။ ချွေတာသည်။

တစ်ရုံးတည်းနေ ကိုတင်မောင်မှာမူ မြေပိုင်ရှင်ဟောင်း တစ်ဦး၏သား ဖြစ်ပြီး သူရရှိသော အထက်တန်းစာရေး လခကို ဘောလုံးပွဲ၊ ရုပ်ရှင် မြင်းပွဲတို့တွင် သုံးပစ်သည်။ ကောလိပ်သို့ ရောက်ခဲ့သော်လည်း စာမေး အခါခါကျ၍ ကျောင်းထွက်ကာ အထက်တန်းစာရေး လုပ်နေခြင်း ဖြစ်သည်။ မညွန့်ရီသည် ကိုတင်မောင်အား ဘဝတက်လမ်းမှန် ရောက်အော တွန်းပို့ပေးသည်။ ကောလိပ်စာမေးပွဲ ပြန်ဖြေခိုင်းသည်။ ကိုတင်မော စာမေးပွဲ ပြန်ဖြေရန် ကြိုးစားသောအခါ အဘက်ဘက်မှ အစွမ်းကု ကူညီသည်။ ထိုသို့ဖြင့် ကိုတင်မောင်မှာ အိုင်အေဥပစာတန်းကို အောင်မြ သွားသည်။ ကိုတင်မောင်သည် မိဘတာဝန်ကို ထမ်းဆောင်သောအားဖြ ရသမျှ လခ အကုန် နီးပါးပေး၍ သက်ကြီးတက္ကသိုလ်သို့ ဆက်တက်သည် ကျောင်းလခ၊ ကားခနှင့် လက်ဖက်ရည်ဖိုးလောက်သာ လခထဲမှ ထုတ် ထားသည်။ ရုံးဆင်းလျှင် သက်ကြီးတက္ကသိုလ်သို့ ခြေလျင်သွားသည် ဗိုက်ဆာလျှင် လက်ဖက်ရည်သောက်မည့်အစား မညွန့်ရီလမ်းစဉ် အ ငှက်ပျောသီးဝယ်စား၍ ရေသောက်သည်။ ကိုတင်မောင်သည် သူ့အ ကြင်နာရှာသော မညွန့်ရီအပေါ် မေတ္တာသက်ဝင်ကာ သူတို့နှစ်ဦးသ ချစ်သူ ဖြစ်သွားကြလေသည်။ ကိုတင်မောင်သည် ဘီအေခေါ် ဝိဇ္ဇာတ အောင်သော် ဝန်ထောက်အလုပ် ရ၍ နယ်ပြောင်းရကာ မညွန့်ရီ ဝေးကွာ သွားလေသည်။ မကြာမီ ကိုတင်မောင်မှာ နယ်မှ ရက်ကန်းရုံပိုင် သမီးနှင့် လက်ထပ်လိုက်လေသည်။

"ငှက်ပျောသီးက မမညွန့်ရဲ့ အထိမ်းအမှတ်ပဲ။ မမညွန့်ရဲ့ အလှဆို မမှားပါဘူး။ မင်းတို့ ခံပွင့်အကြောင်း သိမှာပေါ့။ စပယ်ပန်းတွေ မပေါ်တဲ့ခိုက်မှာ ခံပွင့်ကို သုံးပြီး စပယ်ပန်းတွေ လှိုင်လှိုင်ပေါ်လာ အခါမှာ ခံပွင့်ကို မသုံးတော့တဲ့ အကြောင်းလေ။ လောကမှာ တင်



ူတွေဟာ ကိတ်မုန့်ကို မစားနိုင်ကြခင်မှာဘဲ ငှက်ပျောသီးကို အကောင်း ုပ်ပြီး စားကြတာ။ ကိတ်မုန့် စားနိုင်တာနဲ့ ငှက်ပျောသီးကို ခြေစုံ ်လိုက်ကြတော့တာဘဲ။ တကယ်လို့ အဖြစ်အပျက် တစ်ခုမှာ ငှက်ပျောသီး ာ ခံပွင့်ပန်းကလေးလို ကခဲ့တယ်ဆိုရင်..."ဟု မညွန့်ရီ၏ ပြန်ပြော တ်လမ်းဖြင့် အစချီ ရေးဖွဲ့ထားသော ဝတ္ထုကလေးဖြစ်သည်။

**မြေကြီးအိမ်** (ငွေတာရီ၊ အမှတ်၆၆၊ ဒီဇင်ဘာ၊ ၁၉၆၅)မှာ ဘုန်းကြီး ကျောင်းသား တိုးမောင်၏ ဘဝနှင့် ဘုန်းကြီးကျောင်းရှိ ခွေးကလေးတို့ ဘဝတို့ကို ရေးသားထားသည့် ဝတ္ထုတိုကလေး ဖြစ်သည်။

တိုးမောင်၏ အဖေသည် မည်သူမည်ဝါမှန်း မသိရပေ။ သူ့မိခင်သည် သူဌေး ဦးမောင်ကြီးအိမ်တွင် ထမင်းစားကျွန်ခံ လေးနှစ်ခန့် နေပြီးနောက် ိုက်တစ်လုံး ရလာကာ တိုးမောင်ကို မွေးလာခဲ့ခြင်း ဖြစ်သည်။ ကျောင်း နေချိန် ရောက်သည့်အခါ ရန်ကုန်ရှိ ရွာမှ ဘုန်းကြီးက ခေါ်ယူကာ ကျွေးမွေး စောင့်ရှောက်သည်။

မိညိုသည် ဘုန်းကြီးကျောင်းအနီးရှိ တဲများကို ဖျက်၍ မြို့သစ်သို့ ရွှေ့ကြရာတွင် ဘုန်းကြီးကျောင်းသို့ လာထားသွားသော ခွေးမကြီးမှ မွေးသည့် ခွေးမကလေး တစ်ကောင် ဖြစ်သည်။ တစ်နေ့တွင် သူဌေး ဦးမောင်ကြီးတိုက်မှ ဆန်လာပို့သော ကားဖြင့် ခွေးမကလေး မိညို ပါ သွားသည်။ သူဌေးတိုက်တွင် 'ဂျော်ကီ' အမည်ရှိ ခွေးတစ်ကောင်ရှိသည်။ ဘုန်းကြီးကျောင်းသို့ ပြန်ရောက်လာရာ မိညိုတွင် 'ဓည်း'ပါလာခဲ့သည်။ မကြာမီ 'ဖြူ'ခေါ်သည့် ခွေးဖြူကလေး တစ်ကောင်ကို မွေးသည်။ တစ်နေ့တွင် မိညို ဆန်သယ်ကားဖြင့် သူဌေးတိုက်သို့ ပါသွားပြန်လေသည်။ ဖြူသည် သူ့မိခင်ကို အလွန်ချစ်သည်။ သူ့အမေကို အပျောက်မခံပေ။ ထို့ကြောင့် သူ့အမေကို တင်ခေါ်သွားသော ကားနောက်သို့ ပြေးလိုက် ရင်း ကားကြိတ်ခံရကာ သေဆုံးသွားရလေသည်။ သူနှင့် ဖြူတို့သည် ဘဝကံပေးချင်း အတူတူပင် ဖြစ်၏။ ယခု ဖြူ မရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com


ဝတ္ထု၏ နောက်ဆုံးအပိုဒ်ကလေးမှာ စာဖတ်သူ၏ ရင်ကို လှုပ်ခါ သည်။ ကြည့်ပါ။

'ဖြေ့သည် ကျောင်းဝင်းထောင့် တစ်နေရာရှိ မြေကြီး ကွက်လပ်တွင် လဲနေသည်။ လည်ပင်းတွင် အညိုစင်းကြီး ထင်လျက် ရှိသည်။ ပါးစပ်တွင် သွေးများ စီးကျနေသည်။ မြေကြီးပေါ်တွင်လည်း သွေးတုံး၊ သွေးခဲများ အိုင်ထွန်းနေသည်။ မြေကြီးပေါ်မှ သွေးများတွင် ပုရွက်ဆိတ်များ တက်လျက် ရှိသည်။ 'ဖြေ့' တိုးမောင်သည် ဖြေ့လက်ကို ကိုင်၍ ခေါ်သည်။ ဖြေ့လက်များ တောင့်တင်းနေသည်၊ ခြေထောက်များတွင်ပင် ပုရွက်ဆိတ်များ တက်နေလေပြီ။ သူ့အမေကို ခေါ်သွားသော ကားနောက်သို့ ပြေးလိုက်စဉ် ကားကွေ့ရန် အဆုတ်၌ ဖြေ့ကို ကြိတ်မိခြင်းဖြစ်မည်... အမြီး တလှုပ်လှုပ်နှင့် နေတတ်သော မိညိုသည် သူ့သားကလေး ဖြေ့ ကားကြိတ်၍ သေပြီဖြစ်ကြောင်း သိရှာမည်မဟုတ်ပေ။ သူဌေးဦးမောင်ကြီး တိုက်တွင် သူဌေးကတော်နှင့် ဂျော်ကီတို့ကို အမြီးလှုပ်နေရရှာမည်။ တိုးမောင်သည် ဖြေ့ကို သူကိုယ်တိုင် ကျင်းတူး၍ မြှုပ်ရန် ပြင်ဆင် လေသည်။ မြေကြီးကို အိမ်ပြုခဲ့ရသော ဖြေ့ကို မြေကြီးအိမ်ထဲ ပြန်သိုရပေမည်'

'မြေကြီးအိမ်' ဝတ္ထုကို ဆရာK က Working People's Daily Sunday Supplement (Vols/5, No.67, 10 March, 1968) တွင် 'A Hole in the Ground' အမည်ဖြင့် ဘာသာပြန်ဆိုခဲ့သည်။

ဆရာကြီးဇော်ဂျီက တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတိုများနှင့် ပတ်သက်၍ ဤသို့ သုံးသပ် တင်ပြထားသည်ကို တွေ့ရသည်။

'တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတိုအချို့ကို မဂ္ဂဇင်းများ၌ ထုံ့ပိုင်း ထုံ့ပိုင်း ဖတ်ရစဉ်ကသော် ထိုဝတ္ထုတိုတို့သည် အချစ်အ လက်ထပ်အဆုံး ဝတ္ထုတိုအမျိုးအစားထဲက မဟုတ်ဟု စိတ်ထဲ၌ မှတ်ချက်ချခဲ့ဖူးသည်။ စာတစ်အုပ်အဖြစ် ထွက်လာသောအခါ ဖတ်ချိန်ရှာ၍ အစ အလယ် အဆုံး ဖတ်ကြည့်သည်။ ထိုအခါ ယခင် စိတ်ထဲက မှတ်ချက်အငွက် အဖြေ ရှာချင်စိတ် ပေါက်လာ၍ ရှာကြည့်ရာ အဖြေအချို့ကိုတွေ့ရသည်။ အဖြေနှစ်ခုကို တင်ပြလိုသည်။ တစ်ခုသည် စာရေးဆရာ၏ ဘဝအမြင်ဖြင့် ရေးခဲ့ခြင်းဖြစ်၍ နောက်တစ်ခုသည် စာရေးဆရာ၏ ကရုဏာစိတ်ဖြင့် ရေးခဲ့ခြင်း ဖြစ်သည်ဟု ဆိုချင်သည်။

အဖြေတစ်ခုသည် ဤသို့ ဖြစ်သည်။ စာရေးဆရာ တက္ကသိုလ် မြစိမ်းသည် သူ့ဝတ္ထုတို တစ်ပုဒ်တွင် တစ်နေရာ၌ 'ဖြစ်လိုရာ မဖြစ်သော လောကကြီး'ဟု မှတ်ချက်ချခဲ့သည်ကို တွေ့ရသည်။ ထိုဝတ္ထုတိုကို သူရေးနေစဉ် ထိုမှတ်ချက်ကို သူအမှတ်မထင် ချခဲ့သည်ဟု ထင်မိသည်။ သို့ရာတွင် ထိုမှတ်ချက်သည် သူ့ဘဝ အမြင်တစ်ခုကို ကိုယ်စားပြုသော မှတ်ချက် ဖြစ်နိုင်သည်ဟု ယူဆစရာ ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဝတ္ထုတိုတိုင်းဇာတ်လိုက်၌ပင် သူ့ ဇာတ်ဆောင် တို့ ကျင်လည် လှုပ်ရှားကြရာ ဖြစ်သော လူ့အဖွဲ့အစည်းကို သူ သရုပ်ဖော်ရာတွင် ဘဝ အဆင်မပြေမှု သဘောကို သူအလေးပေး ခဲ့သောကြောင့် ဖြစ်သည်။

နောက်အဖြေတစ်ခုသည် ဤသို့ ဖြစ်သည်။ စာရေးဆရာ တက္ကသိုလ် မြစိမ်း၏ ဝတ္ထုတိုများသည် ဇာတ်လမ်းကို ပဓာနထားသော စာများ မဟုတ်ချေ၊ ထို့ကြောင့် ဇာတ်လမ်းပဓာနထားသော စာများမှာ ကဲ့သို့ မြှုပ်ကွက်များများ သုံးခြင်း ၊ အရိပ် နိမိတ်ပြကွက် များများ သုံးခြင်း မရှိ၊ ခပ်ရိုးရိုးသာဖြစ်သည်။ သူ့ဝတ္ထုတိုမျိုးသည် ထိုသို့သာ ဖြစ်နိုင်သည်။ သို့ရာတွင် ကရုဏာဖြစ်ထိုက်သည်ကို ကရုဏာ ဖြစ်တတ်သော သူ့စေတနာက ဦးဆောင်နေသောကြောင့် လည်း ကောင်း၊ ထိုစေတနာမှ ပွားလာသော ခံစားမှုအသိဖြင့် ရေးခဲ့ သောကြောင့် လည်းကောင်း၊ သူ၏ အနုစိတ် သရုပ်ဖော်ချက်တို့သည်

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပရိသတ်အား ကရုဏာစိတ်နှင့်တကွ နှစ်သက်ခြင်း(ဝါ) ကရုဏာရသ နှစ်သက်ခြင်းကို ဖြစ်စေနိုင်ပါသည်ဟု ယူဆပါသည်' ဆရာကြီး ဦးကြီးမောင်(ငွေဥဒေါင်း)ကလည်း–

'မိုးရွာသောညများ ဝတ္ထုတိုများမှာ ဝါရင့်ကလောင်ကြီးများကို ဖြတ်၍ ပထမဆုရခဲ့သောကြောင့် တီးတိုးတီးတိုး သဖန်းပိုး ဖြစ်ခဲ့သော ဝတ္ထုတိုများ ဖြစ်၏။ တက္ကသိုလ်မြစိမ်းသည် အမြင်ဆန်း အတွေးဆန်း ကလေးများဖြင့် ရေးဖွဲ့တတ်သူ ဖြစ်သည်'ဟူ၍ ကြေးမုံသတင်းစာ စာကြေးမုံကဏ္ဍမှ ချီးကျူး ဝေဖန်ထားပြီး

ဆရာကြီး ဒဂုန်ရွှေမျှားက –'လူ့အောက်လွှာ လူတန်းစားများ ဖြစ်သည့် ဆိုက်ကားသမား၊ အလုပ်သမားခေါင်း၊ မုန့်သည်၊ ပြည့်တန်ဆာတို့ အကြောင်းကိုလည်းကောင်း၊ အထက်တန်းလွှာ အရင်းရှင် အိမ်ထောင်ရေး စနစ်အကြောင်းများကို လည်းကောင်း၊ အမြင်ဆန်း အတွေ့ဆန်းများဖြင့် သရုပ်ဖော်ထားသည်။ ဝတ္ထုတို အားလုံးကို သူတို့ပျော်ရွှင်စွာ ညားကြလေ သတည်းဟူသော အဆုံးဖြင့် နိဂုံးမသတ်ဘဲ ချစ်တိုင်းမညား၊ ညားတိုင်း မချစ်ကြရသော လူ့ဘဝ၏ ဒုက္ခတို့ကို လူတန်းစား အမျိုးမျိုးအနေဖြင့် ကွက်ကွက် ကွင်းကွင်း တင်ပြ သုံးသပ် တင်ပြထားလေသည်။ ထို ဇာတ်ကောင်တို့ကို ချယ်လှယ်သည့် အရင်းရှင်စနစ်ကိုလည်း မြင်နိုင်အောင် ဖော်ပြထား လေသည်'ဟု ဆိုထားသည်။

တက္ကသိုလ်မြစိမ်းသည် 'မိုးရွာသောညများ' ဝတ္ထုတိုပေါင်းချုပ် စာအုပ်အပြင် 'နေသာသောနေ့နှင့် အခြား ဝတ္ထုတိုများ ဝတ္ထုတိုပေါင်းချုပ် ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ 'နေသာသောနေ့နှင့် အခြားဝတ္ထုတိုများ' စာအုပ်တွင် ရန်ကုန်တက္ကသိုလ် နှစ်၅၀–ပြည့် စာစောင်၊ ရှေ့သို့၊ မြဝတီ၊ ငွေတာရီ၊ မိုးဝေ စသော မဂ္ဂဇင်းတို့တွင် ပါဝင်ပြီးသော ဝတ္ထုတို ၁၁– ပုဒ်နှင့် ပုံနှိပ် မဖော်ပြရသေးသော ဝတ္ထုတို ၅–ပုဒ်တို့ ပါဝင်သည်။

တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတိုများကို ခွဲခြမ်း လေ့လာကြည့်လျှင် ဝတ္ထုတိုများမှာ ဇာတ်သဘင် သရုပ်ဖော်ဝတ္ထုတိုများ၊ ဘဝသရုပ်ဖော် ဝတ္ထုတိုများ၊ အချစ်ဇာတ်လမ်း ဝတ္ထုတိုများ၊ အချစ်နှင့်ဘဝ သရုပ်ဖော် ဝတ္ထုတိုများဟူ၍ တွေ့ရသည်။

ဇာတ်သဘင် သရုပ်ဖော် ဝတ္ထုတိုများမှာ 'တစ်ခါတလေ သတိမရဘူးလား'(မိုးဝေ၊ ဇူလိုင်၊ ၁၉၈၁)၊ 'တူးတူး'(ရှုမဝ၊ ဩဂုတ်၊ ၁၉၈၃)၊ 'နှစ်ပါးသွားရာပုံတော်'(သဘင်၊ ဧပြီ၊ ၁၉၇၈)၊ 'ပြုအားရက်တယ်'(ရုပ်ရှင်၊ ဖေဖော်ဝါရီ ၊၁၉၈၃)၊ 'မစံပယ် အငြိမ့်မကရ'(သပြေတေး၊ မတ်၊ ၁၉၇၇)၊ 'မညိုပြာ မလာတာကြာပြီ'(ရုပ်ရှင် မျက်မှန်၊ မတ်၊ ၁၉၈၁)၊ 'လွမ်းတော်မူလို့ စာကို စီတယ်'(ဂီတပဒေသာ၊ ဇွန်၊ ၁၉၈၀)၊ 'အပူနှင့်အအေး' (စာပေလုပ်သား၊ မေ၊ ၁၉၈၁)၊ 'အေးမေတ္တာ သို့ပေတဲ့ ပျက်ပေါင်ရှင် '(ရုပ်ရှင်၊ မေ၊ ၁၉၈၁) တို့ ဖြစ်ကြသည်။

ဘဝသရုပ်ဖော် ဝတ္ထုတိုများမှာ 'ကားကို ဖြေးဖြေးမောင်းပါသမီး' (မိုးဝေ၊ မတ်၊ ၁၉၇၆)၊ 'စာမေးပွဲအောင်ချင်တယ်ကွယ်'(စမ်းသစ် ဇန်နဝါရီ၊ ၁၉၇၇)၊ 'စေတနာအရင်းခံ'(ငွေတာရီ၊ ဒီဇင်ဘာ၊ ၁၉၆၈)၊ 'ဆရာဝန်ပညာကိုသင်'(ငွေတာရီ၊ စက်တင်ဘာ၊ ၁၉၆၉)၊ 'ဆယ်နှစ်ခန့်ကြာသောအခါ' (ရန်ကုန်တက္ကသိုလ် နှစ်၅၀–ပြည့်စာစောင်၊ ပိုင်း ၁၊ ဒီဇင်ဘာ၊ ၁၉၇၀)၊ 'ဒေါ်အေးဘုံ အလွမ်းပြေ'(မိုးဝေ၊ မေ၊ ၁၉၇၆)၊ 'နောက်ဆုံးအဖြေ'(ရှုမဝ၊ ဒီဇင်ဘာ၊ ၁၉၇၃)၊ 'မတေလေ' (ဗမာ့ခေတ် သတင်းစာ၊ ၂၈–ရက်၊ စက်တင်ဘာလ၊ ၁၉၅၉)၊ 'မရောက်တာ ကြာပြီ' (မနော်ဖြူ၊ ဧပြီ၊ ၁၉၇၉)၊ 'မာနကို မျိုချလိုက်ခြင်း'(မိုးဝေ၊ ဖေဖော်ဝါရီ၊ ၁၉၇၈)၊ 'မက်ထစ်'(ဗမာ့ခေတ် ၂၃–ရက်၊ စက်တင်ဘာ၊ ၁၉၅၇)၊ 'မုံရွာဆိုတာ'(မုံရွာ၊ မတ်၊ ၁၉၈၁)၊ 'မှောင်မိုက်မှာငို'(သပြေတေး၊ ဒီဇင်ဘာ၊ ၁၉၇၇)၊ 'မျှော်တုန်းမျှော်ဆဲ'(ငွေတာရီ၊ ဇူလိုင်၊ ၁၉၆၃)၊ 'အဲဒီညက မိုးရွာနေတယ်'(ရှုမဝ၊ အောက်တိုဘာ၊ ၁၉၈၃) စသည်တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဇာတ်လမ်း ဝတ္ထုတိုများမှာ 'ကိုယ်သာ တိတ်တိတ် ချစ်စိတ် ဖြေမယ်ကွယ်' (သပြေတေး၊ စက်တင်ဘာ၊ ၁၉၇၅)၊ 'ချစ်တဲ့ရွေ' (ရခိုင်တန်ဆောင်၊ ၁၉၅၈–၅၉)၊ 'ချစ်ပွင့်မေတ္တာ'(မိုးရာသီဦးရဲ့ စာမျက်နှာများမှာနှင့် ဝတ္ထုစဉ်) 'တစ်ကမ္ဘာခြားလည်း ချစ်နေမယ် တစ်ယောက်ထဲ' (သပြေတေး၊ဩဂုတ်၊ ၁၉၇၇)၊ 'ဗိုလ်မိုးညိုတဲ့'(တိုင်းရင်းမေ၊ ၁၅–ရက် မေ၊ ၁၉၅၉)၊ 'မြမြ မောင်းမောင်း'(ဗမာ့ခေတ်သတင်းစာ၊ ၉–ရက် ဖေဖော်ဝါရီ၊ ၁၉၅၉)၊ 'သမီးလေး'(တိုင်းရင်းမေ၊ ၁၅–ရက်၊အောက်တိုဘာ၊ ၁၉၅၈)၊ 'သားသား' (တိုင်းရင်းမေ၊ ၁–ရက်၊ အောက်တိုဘာ၊ ၁၉၅၇) 'အချစ်ကလေးရယ်'(ရုပ်ရှင်၊ ဇူလိုင်၊ ၁၉၈၀)တို့ ဖြစ်ကြသည်။

အချစ်နှင့် ဘဝသရုပ်ဖော်ဝတ္ထုတိုများကို 'ကော်ရုပ်ကလေး ပြန်ပေးချင် တယ်ကွယ်' (သပြေတေး၊ ဒီဇင်ဘာ၊ ၁၉၇၅)၊ 'ကိုကို အရက် ဖြတ်လိုက် ပြီ'(မြဝတီ၊ ဒီဇင်ဘာ၊ ၁၉၇၀)၊ 'နှင်းနဲ့ရေ'(ဗမာ့ခေတ်သတင်းစာ ၃၀ရက်၊ ဇွန်၊ ၁၉၅၈)၊ 'မေ့ချင်က မေ့နိုင်ပါသည်၊ တွေ့ချင်က တွေ့နိုင်ပါသည်' (ငွေတာရီ၊ ဒီဇင်ဘာ၊ ၁၉၆၉)၊ 'မိန်းမလှ အကြင်နာ မဲ့တယ်လို့ ဆိုမှာလား မောင်ရယ်' (သပြေတေး၊ ဧပြီ၊ ၁၉၇၆) 'ရွက်ကြွေတောမှာ ပန်းရှာထွက်ခြင်း' (သပြေတေး၊ ဇွန်၊ ၁၉၇၇) 'ရွှံ့ရေလှိုင်း' (သူတို့ ရေးသောဝတ္ထုတို၊ ၁၉၆၇)၊ 'သတိရလိုက်တာ မောင်ထွေးရယ်' (စန္ဒာ၊ မတ်၊ ၁၉၈၃)၊ 'သီချင်းဆိုသော သူရဲကောင်း' (သပြေတေး၊ မတ်၊ ၁၉၇၅)၊ 'သူ့ကို ချစ်မိသည်'(ရှေ့သို့၊ ဒီဇင်ဘာ ၁၉၆၈)၊ 'သိုဝှက်လွန်းသူ' (ဗမာ့ခေတ်သတင်းစာ၊ ဧပြီ၊ ၁၉၅၇) 'သံတွဲနှင့်သံတောင်'(သပြေတေး၊ ဖေဖော်ဝါရီ၊ ၁၉၇၆)၊ 'သစ်ပုတ်ပင်အောက် အရောက်လာခဲ့မယ်' (တက္ကသိုလ်များ ပုံနှိပ်တိုက်၊ နှစ်၂၀–မြောက် ငွေရတု အကြို မဂ္ဂဇင်း၊ ၁၉၈၀)၊ 'အလှမပြင်သူ'(ငွေတာရီ၊ ဒီဇင်ဘာ ၁၉၆၇)၊ 'အသက်ဆိုတာ'(မိုးဝေ၊ ဇန်နဝါရီ၊ ၁၉၇၀)၊ 'အားငယ်မိတယ် အချစ်ရယ်'(ပန်၊ အောက်တိုဘာ၊ ၁၉၈၃) စသည်တို့တွင် တွေ့မြင်နိုင်သည်။

တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတိုအချို့ကို အင်္ဂလိပ်ဘာသာ၊ ရုရှား ဘာသာသို့ ပြန်ဆိုခဲ့ကြသည်။



တက္ကသိုလ် မြစိမ်းသည် ဝတ္ထုတို အရေးကောင်းသကဲ့သို့ ဝတ္ထုရှည် လုံးချင်းဝတ္ထုတွင်လည်း နာမည်ရသည်။ သူ၏ မြန်မာ့ဇာတ်သဘင် လောက နှင့် ဆိုင်းပညာအကြောင်းကို နောက်ခံ ရေးသားထားသော **နောက်တိုး** ဝတ္ထုသည် ၁၉၇၈–ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ စာအုပ် ဖြစ်သည်။

ဆရာမ၏ ထင်ရှားသော လုံးချင်းဝတ္ထုများမှာ အင်္ဂလိပ်စာ နည်းပြ ဆရာမနှင့် တပည့်တို့၏ ကြေကွဲဖွယ်ရာ အချစ်ကို ဖွဲ့ဆိုထားသည့် 'ချစ်အကြောင်း' (၁၉၇၀)၊ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းတွင် မချစ်သူနှင့် နီး၍ ချစ်သူနှင့် ဝေးရသော ဇာတ်လမ်း 'ချစ်သူနှင့်ဝေးရာသို့ ပြေးပါရစေ' (၁၉၇၂)၊ ချစ်သူနှင့်လွဲကာ ပါလီမန်အတွင်းဝန်နှင့် လက်ထပ်ပြီးနောက် မှဆိုးမဘဝဖြင့် ချစ်သူကို ပြန်ပေါင်းရသောဇာတ်လမ်း 'မောင်ယုံကြည်အောင် ပြောစမ်းပါခင်ရယ်'(၁၉၇၃)၊ မွန်မြတ်သော သူနာပြု ဆရာမလုပ်ငန်းကို အထင်လွဲမှားနေသော လူတန်းစားများအား အမြင်မှန် ရလာအောင် ကြိုးပမ်းခဲ့သော သူနာပြုဆရာမ၏ ဇာတ်လမ်း 'မိုးနှင့်မြေကြီး'(၁၉၇၃)၊ ဘာသာပြန် စာရေးဆရာမကြီး၏ ကြေကွဲဖွယ် မေတ္တာဇာတ်လမ်းကို ဖော်ပြထားသည့် 'အပြောကြွယ်တဲ့မယား'(၁၉၇၃)၊ တရုတ်ဖြူ ကျူးကျော် စစ်ကို နောက်ခံထား၍ ပညာတတ် အရာရှိလောက၏ အရင်းရှင် အိမ်ထောင်ရေး ဇာတ်လမ်းဖြစ်သည့် 'မနီးချင်သော လွမ်းအိပ်မက်'(၁၉၇၄)၊ အကောင်းအဆိုး အဖြူအမည်း ဒွန်တွဲနေသည့် လူ့လောကအကြောင်းကို ရေးသားထားသည့် 'ကျိုးဖြူ ကျိုးမည်းတစ်ကောင်ထဲ'(၁၉၇၄)၊ တရားမ မြို့အုပ်တစ်ဦး၏ အပျော်ထားသော မိန်းမတစ်ယောက် ဇာတ်လမ်း 'နံကန္တာမြိုင်ကြီး ဘယ်ထီးမှ မပါ'(၁၉၇၅)၊ ခေတ်တစ်ခေတ်တွင် ကောင်းစားခဲ့သော တိုင်းမင်းကြီး သမီး၏ အချစ်နှင့် လောကအကြောင်းကို ရေးဖွဲ့ထားသော 'တိုင်းမင်းကြီးသမီး'(၁၉၇၅)၊ ယဉ်ကျေးမှုကဇာတ်သဘင်မှ ကခြေသည်မလေးနှင့် ပန်းချီဆရာကလေးတို့၏ မေတ္တာဇာတ်လမ်းနှင့် ဘဝကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရုန်းကန်ကြရပုံကို ရေးသားထားသော

www.burmeseclassic.com

www.burmeseclassic.com



'အမှိုတော့ဖြင့် မလိုက်နိုင်ဘူးကွယ်'(၁၉၇၆)၊ မချစ်မနှစ်သက်သူကို လက်ထပ်၍ ညွှန်ကြားရေးမှူးချုပ်ကတော် ဖြစ်နေသော်လည်း ချစ်သူကိုသာ မျှော်လင့် စောင့်စား နေရပုံကို ရေးဖွဲ့ထားသည့် 'ညွှန်ကြားရေးမှူးချုပ် ကတော် '(၁၉၇၇)၊ ဓာတ်သဘင်ပညာကို ရှေးရိုးရာအတိုင်း ထိန်းသိမ်း ကပြချင်သော ဓာတ် မင်းသမီး တစ်ဦးအကြောင်း ဓာတ်လမ်းဖြစ်သည့် 'မချစ်ကယ်ပြီလား ရွှေအားတော်ငယ်' (၁၉၇၉)၊ ပီတောက်ကုန်းရွာရှိ လူနာတစ်ဦးအား ပြုစုရန် ရောက်ရှိလာသော သူနာပြုဆရာမကလေးနှင့် ဆရာမကလေးအား မတွေ့တွေ့အောင် လိုက်လံ ရှာဖွေသူ လူငယ်တစ်ဦး၏ ချစ်မေတ္တာကို ရေးဖွဲ့ထားသည့် 'မငယ်ရယ် မင်းဘယ်မှာလဲကွယ်' (၁၉၈၁)၊ အမုန်းနှင့်စ၍ အဆုံးတွင် ချစ်ရသောသူနှစ်ဦး၏ မေတ္တာ ဓာတ်လမ်း 'အမုန်းဝတ္ထု' (၁၉၈၂) တို့ဖြစ်ကြသည်။

တက္ကသိုလ်မြစိမ်းသည် အခန်းဆက်ဝတ္ထုရှည်များကိုလည်း ရေးသား ခဲ့ရာ 'ရွှေရင်အေး'(ပေဖူးလွှာ)၊ 'အချစ်တစ်သောင်း'(မဟေသီ)၊ 'ပန်းစံပယ် လှိုင်လှိုင်ဝေ'(စပယ်ဖြူ)၊ 'အချစ်နှသစ်'(စစ်ပြန်)တို့မှာ ထင်ရှားသည်။

'နောက်တိုး' ဝတ္ထုမှာ မြန်မာ့ဓာတ်သဘင် လောကနှင့် ဆိုင်းပညာ အကြောင်းကို အခြေခံ၍ မြို့ပိုင် ဦးမောင်မောင်နှင့် ဓာတ်မင်းသမီး ခင်တိုး၏သား နောက်တိုး၏ ဘဝ အဖြစ်အပျက်အကြောင်း ရေးသားထား သည့် ဝတ္ထုဖြစ်သည်။

ဓာတ်သဘင်သွေး၊ ဓာတ်သဘင်ဗီဇ ပါလာသူက မြေပိုင်ရှင်မျိုးနွယ်ကြီး မိဘများ နှောင့်ယှက် တားဆီးသည့်ကြားမှ ဓာတ်သမကို ယူ၍ ဓာတ်သဘင် ပညာ ဝါသနာပါလာသော သားတစ်ယောက်ကို ဖွားမြင်ခဲ့ပုံ၊ ထိုသားသည် ခေတ်ပညာတတ် ဖြစ်လာသော်လည်း ဓာတ်သမားအဖြစ်ကို နှစ်သက်စွာ ခံယူပုံ၊ တက်သစ်စ ဓာတ်မင်းသမီးတစ်ဦးနှင့် အိမ်ထောင်ကျပုံတို့ကို ဓာတ်အိမ်ဖွဲ့ထားသည်။

စစ်ကြိုခေတ်က မြေရှင် ကြေးရှင်များနှင့် အရာရှိ အရာခံများသည် ငွေကြေးဂုဏ်မောက်ကာ ဓာတ်သမား၊ ဆိုင်းသမားတို့ကို လူလူချင်း



မတူမတန် သဘောထား ဆက်ဆံတတ်ကြပုံ၊ ထိုသို့ အနှိမ်ခံရသော်လည်း မိမိတို့တတ်သည့် ပညာဖြင့်သာ ကြိုးပမ်းအသက်မွေးကာ ဓာတ်သဘင်ပညာ ကို သားစဉ်မြေးဆက် ဆက်လက်ပေးအပ်သွားပုံ၊ ထို့ကြောင့်ပင် အချို့ ပင်ကိုယ် ထက်မြက်ကြသူတို့ လက်တွင်း၌ ဓာတ်သဘင်ပညာသည် အထိုက် အလျောက် တိုးတက်လာခဲ့ပုံ စသည်တို့ကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ဖော်ပြထားသည်။

ဓာတ်လမ်း အကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။ ဦးမောင်မောင်နှင့် အငြိမ့်မင်းသမီး ခင်တိုးတို့သည် ချစ်သူများ ဖြစ်ကြသည်။ ဦးမောင်မောင်၏ အဖွား ဒေါ်စိန်းမြက သူ့မြေးနှင့် အငြိမ့်မင်းသမီးကို လုံးဝ သဘောမတူ ကျက်သည်။ မောင်မောင်နှင့် ခင်တိုး လက်မထပ်ဖြစ်အောင် ကြံဆောင်သည်။ ကိုမောင်မောင်အား အလုပ်ပြောင်းရအောင် ကြံဆောင်သည်။ ကိုမောင်မောင် သည် ချစ်သူခင်တိုးနှင့် ဝေးသွားတော့သည်။ ခွင့်ယူပြီး ပြန်အလာတွင် ခင်တိုး သေသွားပြီဟူသော သတင်းစကားကို ကြားရသည်။ အမှန်မှာ ခင်တိုး မသေ။ အဖွား ဒေါ်စိန်းမြ၏ လုပ်ကြံမှု ဖြစ်သည်။ ထို့နောက် အဖွားဖြစ်သူသည် မြေးကိုမောင်မောင်ကို မိန်းမပေးစားသည်။ ဦးမောင်မောင် တွင် သားနှစ်ယောက် သမီးတစ်ယောက် ရရှိသည်။

ဟသ်ာတနယ်ပိုင်၏ ညှော်ခံပွဲတွင် ဦးမောင်မောင်သည် ကတိုးစိန်၏ အငြိမ့်ကို ကြည့်ရာ ကတိုးစိန်ကို ခင်တိုးမှန်း သိသွားသည်။ ထိုညတစ်ညလုံး ခင်တိုး၏ ရင်ခွင်မှာ ပျော်ခဲ့သည်။ လက်ထပ်ရန် ကြိုးစားပြန်သည်။ ခင်တိုးက ရှောင်သည်။ ခင်တိုးသည် ဦးမောင်မောင်နှင့် ရသောကလေးကို မွေးပြီးနောက် ကွယ်လွန်သွားခဲ့သည်။ ခင်တိုးသည် သူမသေမီ စာတစ်စောင် ရေးသားခဲ့သည်။ ဦးမောင်မောင် အဖွား၏ ဩဇာသုံး ချယ်လှယ်ပုံ၊ သားကြီးလာ၍ လွှတ်လိုက်ရကြောင်းတို့ကို ရေးထားသည်။

ခင်တိုး၏ညီမ လှတိုးက စာနှင့်အတူ ဦးမောင်မောင်နှင့် ခင်တိုး၏သား နောက်တိုးကို ဦးမောင်မောင်ထံ လာပို့သည်။ ထိုသို့ဖြင့် နောက်တိုးသည် ဦးမောင်မောင် မိသားစုကြားသို့ ရောက်လာသည်။ သို့သော် နောက်တိုး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်ရသည်။ ဦးမောင်မောင်နှင့် ဒေါ်ခင်ခင်တို့၏သား မောင်မောင်လတ်က နောက်တိုးကို ရန်လုပ်သည်။ အဖွား ဒေါ်စိမ်းမြကလည်း နောက်တိုးကို မျက်နှာသာ မပေး။ ဆယ်တန်းအောင်အထိသာ ပညာသင်ပေးရန် ဆုံးဖြတ်ထားသည်။ နောက်တိုးသည် ခြံထဲရှိ တိုက်ကြီးထဲတွင် မနေရ။ ကားရုံထဲတွင်သာ နေရသည်။ ဆယ်တန်းဖြေသောနှစ်တွင် မောင်မောင်လတ်တို့ ညီအစ်ကိုက နောက်တိုးကို ဝိုင်းထိုးကြသဖြင့် နောက်တိုးသည် အဒေါ်လှတိုးရှိရာ ရတနာခင်အောင်ဇာတ်ထဲသို့ ရောက်ရှိလာသည်။ လှတိုးသည် သူ့တူ နောက်တိုးကို တွယ်တာသည်။ ချစ်သည်။

နောက်တိုး ဆယ်တန်းအောင်ရာ အဒေါ်လှတိုးက နောက်တိုးအား ကောလိပ်သို့ ပို့သည်။ နောက်တိုးသည် ပညာသင်ရင်း ကျောင်းအားရက်များတွင် အဒေါ် ဇာတ်ကရာသို့ လိုက်သည်။ ထိုသို့ဖြင့် ဆိုင်းဝိုင်းနှင့် နီးစပ်လာသည်။ ဇာတ်ဆရာက နောက်တိုးကို ဇာတ်ထဲ ဝင်စေချင်သည်။

နောက်တိုး အိုင်အေ ဒုတိယနှစ်တွင် ဆိုင်းဆရာ ကိုဘမော်၏သမီး အညိုကို စတွေ့သည်။ ဦးဘမော်က အညိုကို အက မသင်ပေးချင်။ နောက်ဆုံးတွင် လှတိုး တိုက်တွန်းသဖြင့် အဆိုသင်ပေးသည်။ ထိုအချိန်တွင် နောက်တိုးသည် တက္ကသိုလ်ခရိုင်အသင်း၊ မိတ်ဆုံစားပွဲတွင် တွေ့ခဲ့သော 'နွဲ့မူ'နှင့် ချစ်သူ ဖြစ်နေပေပြီ။ နွဲ့မူက သူ့ချစ်သူကို အစိုးရ လခစားဝင်လုပ်စေချင်သည်။ နောက်တိုးက ဆိုင်းပညာကို စိတ်ဝင်စားသည်။ ဝိဇ္ဇာနောက်ဆုံးနှစ် စာမေးပွဲရှုံး၍ ကျောင်းပြန် မတက်တော့ပေ။ နွဲ့မူသည် ဝိဇ္ဇာဘွဲ့ရပြီး ပညာရေးဒီပလိုမာတက်ကာ နောက်ဆုံး ဒေါက်တာထွန်းသာနှင့် လက်ထပ်သွားသည်။

ရတနာခင်အောင် ဇာတ်အဖွဲ့တွင် ဇာတ်ဆရာ ဦးခင်အောင်ကျန်းမာရေး မကောင်း၍ သားထွန်းထွန်းခေါ် ထွန်းအောင်က 'ရတနာထွန်းအောင်' အမည်ယူ၍ ဆက်ကသည်။ ထိုဇာတ်အဖွဲ့တွင် ဦးဘမော်၏ သမီး အညို (နန်းကြာညို) ဝင်ကသည်။ ဦးဘမော် အနားယူသွား၍ နောက်တိုးက ဆိုင်းဆရာ ဝင်လုပ်သည်။ ထွန်းထွန်းက အညိုကို စိတ်ညွတ်နေသည်။



အညိုက နောက်တိုးကို စိတ်ညွတ်သည်။ နောက်တိုးက သူ့စိတ်ထားကို ဘတ်နိုင်သမျှ ဖုံးကွယ်ထားသည်။ နောက်တိုးသည် ဆိုင်းလောကထဲ ဝင်လာသော်လည်း ဝိဇ္ဇာ နောက်ဆုံးနှစ် စာမေးပွဲကို ပြင်ပမှ ဖြေဆို အောင်မြင်သည်။

တစ်ည ဇာတ်စင်ပေါ်တွင် ထွန်းထွန်းနှင့် နန်းကြာညိုတို့ နှစ်ပါးသွားကရာ ထွန်းထွန်းက နန်းကြာညိုမှာ ချစ်သူရှိနေပြီဟု စွပ်စွဲစကားဆိုသည်။ နန်းကြာညိုက သူချစ်သော်လည်း သူ့ချစ်သူက သူ့ကို မချစ်ဟု ဆောင်းပြောသည်။ နောက်ဆုံးတွင် နောက်တိုးမှာ အချစ်စိတ်ကို ဆက်လက် မျိုသိပ် မထားနိုင်တော့ဘဲ နန်းကြာညိုကို သူချစ်နေကြောင်း ဖွင့်ပြောကာ လက်ထပ်ခွင့် တောင်းလိုက်လေသည်။ ထို့နောက်ပိုင်းတွင်ကား ဦးမောင်မောင်နှင့် သမီးငယ် ခင်ခင်လေးတို့သည် နောက်တိုး နယ်လှည့် တီးမှုတ်နေသော အချိန်များ၌ ရေဒီယိုမှ လာသော နောက်တိုး၏ ဆိုင်းလက်သံကို နားထောင် ကြည်နူးနေကြလေသည်။

ဝတ္ထုကို ဇာတ်လမ်းဆင်ရာတွင် ဇာတ်ဆောင် ဦးမောင်မောင်၊ မောင်မောင်လတ်၊ လှတိုး၊ နွဲ့မူ၊ ရတနာထွန်းအောင်နှင့် ခင်ခင်လေးတို့က သူတို့ ပါဝင် လှုပ်ရှားခဲ့ရသည့် ကာလ အပိုင်းအခြားအတွင်း ဖြစ်ပျက် လှုပ်ရှားမှုများကို ဇာတ်ကြောင်းပြန် ဖော်ပြခြင်းဖြင့် အဆက်အစပ် ပြုထားသည်။

ခင်စစ် ဝတ္ထု၏ ဇာတ်ဆောင်သည် နောက်တိုး ဖြစ်သည်။ ဦးမောင်မောင်နှင့် လှတိုးတို့သည်လည်း အဓိက ဇာတ်ဆောင်များ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဆရာမ တက္ကသိုလ်မြစိမ်းသည် အဓိက အကျဆုံး ဇာတ်ဆောင် နောက်တိုး၏ ဇာတ်လမ်းကို ဇာတ်ရုံဇာတ်ပို့တို့၏ နောက်ကြောင်းပြန် ဇာတ်ကွက်များဖြင့် ဇာတ်လမ်းဆင် ဖော်ပြထားသည်။

ဤဝတ္ထု၏ အဓိက ဦးတည်ချက်မှာ နောက်တိုး၏ ဖြစ်ရပ်သည် အဓိကဟု ဆိုပါက မြန်မာ့ဆိုင်းပညာ ပြန်လည် ဖော်ထုတ်ရေးသည် အဓိကဟု ဆိုနိုင်သည်။ ခင်တိုး၊ လှတိုး၊ ရတနာခင်အောင်၊ ရတနာထွန်း

www.burmeseclassic.com

www.burmeseclassic.com



အောင်နှင့် နန်းကြာညိုတို့ကို အဓိက ထားပါက မြန်မာ့ဓာတ်သဘင် ဘဝကို သရုပ်ဖော်လိုသည်ဟု ဆိုနိုင်သည်။ ထိုဓာတ်သဘင်နှင့် ဆိုင်းပညာ ပူးတွဲလျက် ယူပါမူ မြန်မာ့ယဉ်ကျေးမှု ပြန်လည် ဆန်းသစ်ရေးဟု ဆိုနိုင်သည်။ မြေရှင် ဒေါ်စိန်းမြ၊ အရာရှိ ဦးမောင်မောင်၊ ဓာတ်သမ ခင်တိုးတို့၏ ဘဝကို အခြေတည်ထားသည် ဖြစ်၍ လူတန်းစားနှင့် လူ့အလွှာ ပြဿနာကို တင်ပြလိုရိပ် ရှိသည်ဟုလည်း ယူနိုင်ပြန်ပါသည်- ဟူ၍ **မြန်မာ ဝတ္ထုအညွှန်းတွင် မလိခက** သုံးသပ် တင်ပြထားသည်ကို တွေ့ရသည်။

'နှောက်တိုးဝတ္ထု'ကို အမျိုးသားစာပေဆု ချီးမြှင့်ရာတွင် ဝတ္ထုရှည်အဖွဲ့ ငယ်က ဤသို့ မှတ်ချက် ချထားလေသည်။

'နှောက်တိုးဝတ္ထုသည် ဦးတည်ချက် ကောင်းမွန် လျော်ကန်သည်။ အရေးအသား အတင်အပြမှာလည်း ပိုင်နိုင် ညက်ညော ရှင်းလင်းသည်။ ခေတ်စနစ်ကို ပေါ်လွင်အောင် တင်ပြနိုင်သည်။ နှောက်တိုးဝတ္ထုသည် ပမာအားဖြင့် ခြောက်သွေ့သောမြေ၌ စိုပြည် ရှင်သန်အောင် အပင် စိုက်သူကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ အာရုံပြုခြင်း ခံရ အလွန်နည်း၍ ရွှေ့လျော ကျဆင်းလျက်ရှိသော မြန်မာ့ ဓာတ်သဘင် လောက မြန်မာ့ တူရိယာ ဆိုင်းပညာ အကြောင်းကို ပြန်လည် လန်းဆန်း၍ ပြည်သူတို့က စိတ်ဝင်စားမှု၊ အာရုံထားမှု တိုးတက် လာအောင် ကြိုးကြိုးပမ်းပမ်း ရှာဖွေ တင်ပြထားသည်'

'ဗညားသီဟ'ကလည်း မိုးဝေစာပေမဂ္ဂဇင်း၊ စာပေစစ်တမ်း ကဏ္ဍတွင် **'နှောက်တိုး'**နှင့် ပတ်သက်၍ ဤသို့ ဝေဖန်ထားသည်။

'တက္ကသိုလ်မြစိမ်းကား ရာစုနှစ်ဝက် (၁၉၃၀-၇၅) လောက်အထိ ကာလကို ဖြတ်သန်းသွားသော အချစ်ဓာတ်လမ်းဖြင့် ဆိုင်းဆရာ စိန်နှောက်တိုး၏ ဘဝဖြစ်စဉ် တည်ရှိလာပုံကို တခမ်းတနား ဖွဲ့ထားသည်။ သူ၏ ဖခင် နယ်ပိုင်မင်း၊ သူ၏ဖအေတူ မအေကွဲ အစ်ကို၊ သူ၏ အဒေါ် ဓာတ်မင်းသမီး၊ သူ၏ ရည်းစား



သူ့ဓာတ်ဆရာ၏သား၊ သူ၏အဖေတူ အမေကွဲ ညီမ စသော ဓာတ်ဆောင်များဖြင့် ခေတ်အသီးသီး၊ အရွယ် အသီးသီး၊ ဘဝအသီးသီး၏ သူ့အပေါ် ထိတွေ့ခံစားချက်များဖြင့် နှောက်တိုး၏ ပုံ အပိုင်းအစများကို သွန်းလောင်း သရုပ်ဖော်ထားသည်။ ယင်းပုံ အပိုင်းပိုင်းများကို ဆက်လိုက်သောအခါ စိန်နှောက်တိုးဟူသော ဓာတ်ဆရာ၏ ရုပ်ပုံသည် လှပစွာ ပေါ်လာလေတော့သည်။ နှောက်ခံ ကား တစ်ခုလုံး ဓာတ်သဘင်၊ ဆိုင်းဝိုင်း၊ ဓာတ်ခုံနောက်၊ ကန့်လန့်ကာ နောက်။ ဝတ္ထုရေးဆရာမသည် ဆိုင်းပညာရှင် သဘင်အနုပညာရှင် များဘက်မှ ဖွဲ့ထားသည်။'

ပေဖူးလွှာ မဂ္ဂဇင်း စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်း အခန်းကဏ္ဍတွင် 'နှောက်တိုး' ဝတ္ထုနှင့် ပတ်သက်၍ ဆရာကိုဝင်းငြိမ်းမေးသော မေးခွန်းကို ဆရာမ တက္ကသိုလ်မြစိမ်းက ဖြေဆိုရာတွင် သူသည် ဝတ္ထုရေးလျှင် ဓာတ်ကွက် ချ၍ ရေးလေ့ မရှိကြောင်း၊ ဝတ္ထုရှည်တစ်ပုဒ် ရေးပြီးလျှင် ဝတ္ထုထဲက ဓာတ်ကောင်ကို မေ့မရဘဲ ရင်ထဲ၌ ကျန်ရစ်သော ခံစားမှုမျိုးမှာ ရေးပြီးစတွင်သာ ပို၍ သူ့စိတ်တွင် ခံစားနေမိပြီး ပို၍ ကြီးစိုးတတ်ကြောင်း ဖြေကြားခဲ့သည်။

ဆရာမသည် 'နှောက်တိုး'ဝတ္ထု ရေးနိုင်ရန်အတွက် ဓာတ်သဘင် လုပ်ငန်း အကြောင်းကို အအိပ်ပျက်၊ အလုပ်ပျက်ခံကာ လေ့လာခဲ့သည်။ ဓာတ်သဘင် လေ့လာမှုတွင် သူ့အား ကူညီသူ များစွာ ရှိသည့်အနက် စိန်အောင်မင်း၊ စိန်မဟာသဘင်မိသားစုတို့အပြင် ပန်တျာ တင်တင်မြင့်၊ ဒေါ်ဗလပြန်၊ ယုဝတီခင်ညွန့်၊ ဒေါ်အောင်သန်းကြည်၊ ဒေါ်အောင်သန်းတင်၊ ရွှေလိပ်ပြာ၊ ကောလိပ်မြိုင် အစရှိသော ဓာတ်မင်းသမီးကြီး အများအပြား ပါဝင်သည်ဟု ဆိုသည်။ ဆိုင်းပညာရှင်များ၏ အကူအညီကိုလည်း ယူရသည်။

'နှောက်တိုး'ဝတ္ထုသည် ဆရာမ တက္ကသိုလ် မြစိမ်း၏ ကြီးမားသော အားထုတ်မှု တစ်ခုပင် ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ တက္ကသိုလ်မြစိမ်း၏ ဝတ္ထုများသည်ကား မြန်မာဝတ္ထုရေစီးကြောင်းတွင် ထာဝစဉ် စီးဆင်းနေမည်သာ ဖြစ်သည်။

## ရည်ညွှန်း

| | |
|---|---|
| ၁။ ကျော်အောင်၊ ကျော်ဆွေ ။ မောင်မောင်ညွှန့် | 'မြန်မာစာပေတွင် ဝတ္ထု၏နေရာ' (အခန်းဆက်ဆောင်းပါး) မိုးဝေ မဂ္ဂဇင်း၊ ဧပြီလ၊ မေ၊ ဇွန်၊ ၁၉၆၈။ |
| ၂။ ငွေဥဒေါင်း။ | 'စာကြေးမုံ၊ မိုးရွာသောညများနှင့် အခြားဝတ္ထုတိုများ' ကြေးမုံသတင်းစာ၊၁၃-ရက် နိုဝင်ဘာ၊ ၁၉၆၇။ |
| ၃။ စွမ်းရည်၊မောင်။ | 'စာအုပ်သစ်နှင့် သူတို့အမြင်၊ မိုးရွာသောညများနှင့် အခြားဝတ္ထုတိုများ'၊ ငွေတာရီ၊ ဇန်နဝါရီ၊ ၁၉၆၈။ |
| ၄။ ဇော်ဂျီ။ | 'ဇော်ဂျီ၏ အမှာစာ'၊ မိုးရွာသော ညများနှင့် အခြားဝတ္ထုတိုများ၊ ၃-နှိပ်၊ အောင်တံခွန်စာပေ၊ ရန်ကုန်၊ ၁၉၇၂။ |
| ၅။ ဒဂုန်တာရာ။ | 'ဒဂုန်တာရာ၏အမှာ'၊ ချစ်သူနှင့် ဝေးရာသို့ ပြေးပါရစေ၊ သစ္စာစာပေ၊ ရန်ကုန်၊ ၁၉၇၂။ |
| ၆။ ဒဂုန်ရွှေမျှား။ | မြန်မာနိုင်ငံ စာပေဆုများ၊ စာပေ ဗိမာန်၊ ရန်ကုန်၊ ၁၉၇၂။ |
| ၇။ နွယ်သစ်။ | 'စာရေးဆရာနှင့်စာ၊ တက္ကသိုလ် မြစိမ်း၏ မိုးရွာသော ညများ'၊ မိုးရွာသော ညများနှင့် အခြားဝတ္ထုတိုများ၊ ၃-နှိပ်၊ အောင်တံခွန် စာပေ၊ ရန်ကုန်၊ ၁၉၇၂။ |



| | |
|---|---|
| ၈။ ဗညားသီဟ။ | 'သံလွင်မြစ်မှ ဖိုးဝရုပ်နှင့် ဆိုင်းဝိုင်းမှ ရင်ခုန်သံ' မိုးဝေ၊ ဒီဇင်ဘာ၊ ၁၉၇၈။ |
| ၉။ မလိခ။ | 'တက္ကသိုလ်မြစိမ်း၊ မြန် မာ စာ ပေ အဘိဓာန်-၃၊ မြတ် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၇၊ ဒီဇင်ဘာ။ |
| ၁၀။ - | 'နောက်တိုး (၁၉၇၈)'၊ မြန်မာဝတ္ထုအညွှန်း-၆၊ အားမာန်သစ် ပုံနှိပ် တိုက်၊ ရန်ကုန်၊ ၁၉၉၀ပြည့်နှစ်၊စက်တင်ဘာလ။ |
| ၁၁။ မဝင်းဝင်း(သိပ္ပံဘွဲ့)။ | တိုက်စိုးနှင့် တက္ကသိုလ်မြစိမ်းတို့၏ စာစုစာရင်း၊ စာကြည့်တိုက် ဒီပလိုမာဘွဲ့အတွက် ပြုစုသော ကျမ်း၊ လက်နှိပ်စက်မူ၊ ၁၉၈၃။ |
| ၁၂။ - | မြန်မာနိုင်ငံ စာပေဆုများ (၁၉၇၁-၁၉၇၉)၊ စာပေဗိမာန်၊ ရန်ကုန်၊ ၁၉၈၀။ |
| ၁၃။ ဝင်းငြိမ်း။ | 'တက္ကသိုလ်မြစိမ်းနှင့် တွေ့ဆုံမေးခြင်း'၊ ပေဖူးလွှာ မဂ္ဂဇင်း၊ မတ်လ၊ ၁၉၈၅။ |
| ၁၄။ - | တက္ကသိုလ်မြစိမ်း၏ ဝတ္ထုတိုများ၊ လုံးချင်းဝတ္ထုများ။ |

www.burmeseclassic.com

www.burmeseclassic.com



## မျှော်တုန်း မျှော်ဆဲ

မျှော်တုန်း မျှော်ဆဲ
ပျိုလဲ ထွက်လာ
အော် မျှော်တုန်း မျှော်ဆဲ
ဖွားရင်လဲ ထွက်လာ။

လဟာပြင် ကုန်စိမ်းတန်းမှ ဈေးသည် ဒေါ်ဘုမသည် အထက်ပါ သီချင်းကို ဆွဲငင်ပြီး ဆိုလိုက်သည်။ သူ့အသံသည် ငိုသံလိုလို၊ ရယ်သံလိုလို နှင့် မကွဲပြားသော်လည်း အနီးရှိ အဖော်ဈေးသည်များကို လွှမ်းသွားသည်။

ထမင်းခြင်းတစ်ဖက် ထီးတစ်ဖက်နှင့် ဆိုင်ပေါ် လှမ်းတက်နေသော မဖွားရင်သည် ဒေါ်ဘုမအသံကို ကြားရသဖြင့် ဆောင့်ပြီး ထိုင်ချလိုက်သည်။

"ဒေါ်ဘုမကြီးတို့ကဖြင့် လုပ်ပြီ။ လူဖြင့် မလာရသေးဘူး"

"စိတ်မဆိုးပါနဲ့ မယ်ရင်ရယ်။ ညည်းက ထမင်းစားဝင်တဲ့ ရင်ချောင် ဆေးကလေးပါ"

"ဟုတ်တယ် ကျုမကို ရယ်စရာ လုပ်ရမှ ဒေါ်ဘုမတို့၊ ဒေါ်စိန်ဌွေးတို့၊ မနီတို့၊ မအေးမေတို့က ထမင်းစားဝင်တာကိုး"

မဖွားရင် စိတ်တိုနေသည်ကို အနီးရှိ အဖော်ဈေးသည်များက သဘောကျနေကြလေသည်။

ဒေါ်ဘုမသည် ကုန်စိမ်းဈေးတွင် တညင်းသီး၊ ကညွတ် စသော ရာသီစာများနှင့် ဘူးသီး၊ ဖရုံသီးစသည်တို့ကို ရောင်းလေသည်။ ဒေါ်ဘုမ သည် အသက်ငါးဆယ်ကျော်ပြီ ဖြစ်သော်လည်း ပျော်ပျော်နေတတ်သည်။

ပွဲကြိုက်၍ သီချင်းဆိုဝါသနာ ပါသည်။ ဒေါ်ဘုမနှင့် မျက်နှာချင်းဆိုင်တွင် မနီ၏ဆိုင် ရှိလေသည်။ မနီသည် ဂေါ်ဖီထုပ်၊ ပဲသီး စသည်တို့ကို ရောင်းသည်။ မနီ၏ယောကျ်ားမှာ ကုလား ဖြစ်၏။ မနီနှင့် ဘေးချင်း ယှဉ်လျက် တွင် မဖွားရင်တို့၏ သံပရာသီးဆိုင်ရှိသည်။ မနီ၏ ကျောဘက် တွင် မအေးမေ၏ ပန်းဆိုင် ရှိလေသည်။ ဒေါ်ဘုမ၏ ဆိုင်ဘေးရှိ ချဉ်ပေါင်ရွက်၊ မန်ကျည်းရွက် စသည့် ဟင်းရွက်မျိုးစုံနှင့် တို့စရာ အမျိုးမျိုးရောင်းသော ဒေါ်စိန်ဌွေးမှာ ကိုယ်ခန္ဓာ ပိန်လှီပြီး၊ အသံကျယ်သူ ဖြစ်သည်။ ဒေါ်စိန်ဌွေးသည် ရန်ဖြစ်လေ့ ရှိသူ ဖြစ်သော်လည်း ဆိုင်နီး နားချင်းများကဲ့သို့ မဖွားရင်ကို ခင်မင်လေသည်။ အပျိုကြီး မဖွားရင်သည် သဘောကောင်းသူ တစ်ယောက်ဖြစ်၍ ဆိုင်နီးနားချင်းများက သူ့ကို စပြီး အပျင်းပြေလေ့ ရှိသည်။

မဖွားရင် ဈေးထွက်လာသဖြင့် အမဖြစ်သူ မဖွားခင်က ဆိုင်ခုံမှ ထ၍ ဘေးဆိုင် အလွတ်တွင် ထိုင်ပြီး ဆေးလိပ်မီးညှိကာ အမောဖြေ လေသည်။ မဖွားရင်သည် အိမ်ရှိ ကြီးတော်နှင့် အတူ ချက်ပြုတ်ပြီးမှ ထမင်းခြင်းနှင့် ဈေးသို့ လိုက်လာလေ့ ရှိသည်။ မဖွားရင်သည် ဈေးသိမ်းချိန် အထိ ရောင်းလေသည်။မဖွားခင်က ဆိုင်ဘော်မှ ကူရောင်းခြင်း၊ ကုန်စိမ်း အဝယ်ထွက်ခြင်းများ ပြုလေ့ရှိသည်။

မဖွားခင်မှာ အိမ်ထောင်ရှိသည်။ သူ့ခင်ပွန်းသည် လက်သမားလုပ်၏။ လက်သမားလုပ်ခနှင့် ဈေးဆိုင်မှ အမြတ်သည် မနည်းလှသဖြင့် မဖွားခင် တို့ အားလုံးသည် တောင်ဥက္ကလာပတွင် သင့်တင့်စွာ နေနိုင်လေသည်။ မဖွားခင် ကလေးနှစ်ဦးလည်း မူလတန်းကျောင်းကို တက်နိုင်လေသည်။

မဖွားရင်၏ အမေသည် မဖွားရင် ငယ်စဉ်ကပင် ဆုံးလေသည်။ ဆကာကြီးတွင် ညီအစ်မနှစ်ယောက် အဖေနှင့်နေ၍ သရက်သီး၊ သင်ဖြူး နှင့် ကိုင်းထွက်ကုန်များ ရောင်းချ အသက်မွေးကြသည်။ ဂျပန်ခေတ်အတွင်း မဖွားခင်သည် လက်သမား ကိုထွေးအောင်နှင့် အိမ်ထောင်ကျသည်။ တော်လှန်ရေးကာလတွင် မျိုးချစ်စိတ်ပြင်းထန်သော မဖွားရင်တို့အဖေမှာ

www.burmeseclassic.com



ဂျပန် အသတ်ခံရသည်။ အဖေဆုံးသော်လည်း ညီအစ်မနှစ်ဦး အတူနေခဲ့ကြသည်။

စစ်ပြီးကာလ ပြည်တွင်းသောင်းကျန်းမှု ဘေးဒဏ်ကြောင့် ရန်ကုန်ပြေးလာရသောအခါ ညီအစ်မ နှစ်ဦး မကွဲပေ။ သံပရာသီး၊ ရှောက်သီးဆိုင်ကို အတူ ရောင်းကြသည်။ မဖွားရင်တို့ သံပရာသီးဆိုင်သည် လက်လီဝယ်သူများသကဲ့သို့ ဆင်ခြေဖုံးရှိ ဈေးများသို့လည်း ဖောက်သည် ပေးရသည်မှာ မလောက်နိုင်အောင် ဖြစ်သည်။ မဖွားခင်ကလည်း သံပရာသီး မပြတ်ရန် အမျိုးမျိုး ကြိုးစားတတ်သည်။ မဖွားရင်သည် ဆိုင်လာဝယ်သူကို စိတ်စေတနာထား၍ ဈေးလည်း လျှော့ရောင်းလေ့ ရှိသဖြင့် ဝယ်သူများက မဖွားရင်ကို ခင်မင်လေသည်။

မဖွားရင်တို့ ညီအစ်မနှစ်ယောက်တွင် အအိုဖြစ်သော မဖွားခင်က ပြင်ဆင် လိမ်းခြယ်မှု ကျွမ်းကျင်သဖြင့် မဖွားရင်ထက် ကြည့်၍ ကောင်းလေသည်။ မဖွားရင်သည် ဗမာရက် လုံချည်ကြမ်းများနှင့် ပင်နီအကျီ ဝတ်လေ့ ရှိပြီး သနပ်ခါး ထူထူ လိမ်းတတ်သဖြင့် လွယ်လွယ်နှင့် အလှရှာ မတွေ့နိုင်ပေ။ မဖွားရင်၏ ပြုံးမှု ပြောဆိုနေထိုင်သော အလေ့များနှင့် စိတ်ထားကို လေ့လာမှသာ သူ့အလှသည် ထွန်းလင်း တောက်ပကြောင်း သိနိုင်မည်။

"မယ်ရင်ရေ၊ ငြိမ်ပြီး စိတ် လုပ်နေတယ်ပေါ့အေ" ဟု ဒေါ်ဘုမက မဖွားရင်ကို လှမ်းပြီး စလေသည်။

"ကျမ လား၊ ဘယ်တော့မှ စိတ်မကောက်တတ်ပါဘူး"

"မယ်ဗမာရယ်၊ ညည်းပါးစပ်ကတော့ စိတ်မကောက် တတ်ပါဘူး ဆိုပေမယ့် အသံကတော့ ကောက်နေတဲ့ပုံပဲအေ့။ ညည်းကောက်နေတာကို ကျုပ်တို့က ဘာလုပ်ပေးရမလဲ"ဟု ဒေါ်စိန်ရွှေက ဝင်ပြောလေသည်။

"လုပ်ပြန်ပြီ ဒေါ်စိန်ရွှေကြီးက ကျမကို မယ်ဗမာ မခေါ်ပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ"



"ဖွားရင်ရယ်၊ ညည်းက မယ်ဗမာ အခေါ်ခံရတော့ လျှော့သွားလို့လား"

"ကျမတော့ မလျှော့ပါဘူး။ မယ်ဗမာအစစ်တွေ ကြားရင် စိန်စားသေကုန်လိမ့်မယ်"

"မသေပါဘူးအေ။ ကျုပ်က အကောင်းခေါ်တာပါ။ ကျုပ်ကို မခေါ်နဲ့လို့ အခါတစ်ရာ ပြောလဲ မရဘူး။ ကျုပ်ကတော့ ခေါ်မှာဘဲ။ နှုတ်ကျိုးနေပြီ။ ညည်းကို ကျုပ်တို့က မယ်ဗမာ ခေါ်ရတာက ညည်းက ဗမာဖြစ်ပစ္စည်းမှ ကြိုက်တယ် မဟုတ်လား။ ညည်းတစ်ကိုယ်လုံး ကြည့်လေ။ ဗမာဖြစ်ချည်းဘဲ။ မဖွားခင်က ညည်းကို ယိုးဒယားဇာဝယ်ဘို့ အဖော်စပ်လို့ ဘယ်နှစ်ခါ ရဘူးလဲ။ နောက်ပြီး ရှိသေးတယ်။ ညည်းစိတ်ထားလေ။ အရင် အာလူးတွေ ကန့်သတ်တုန်းက မဘုမတို့ ငါးကျပ်ဈေး ရလို့ ဆိုင်ပေါ် တင်ရောင်းတော့ မဖွားခင်ကလဲ ရောင်းချင်တယ် မဟုတ်လား။ ညည်းကြောင့် သူအမြတ်မရလို့ ညည်းတို့ ညီအစ်မ ကျိတ်ရန်ဖြစ်နေတာ မသိတာမှ မဟုတ်ဘဲအေ။ အဲဒါတွေကြောင့် ကျုပ်က မယ်ဗမာဆိုပြီး အကောင်းခေါ်တာများ ညည်းက နာရသေးလား"

ဒေါ်စိန်ရွှေသည် အသံစာစာနှင့် လျှာရှည်နေသဖြင့် မနီနှင့် မအေးမေသာမက ဈေးဝယ်သူများပါ ပြုံးကြလေသည်။

မဖွားရင်သည် ပြောင်းဖူးဖက် ဆေးလိပ်ကို မီးညှိ၍ "ဟုတ်တယ်။ ကျမကို ကိုယ်လုံးကိုယ်ပေါက်နဲ့ ပတ်သက်ပြီး ခေါ်တာ မဟုတ်ရင် ပြီးတာဘဲ။ ဒေါ်စိန်ရွှေတို့ အကောင်းခေါ်တာဆိုရင် မနာပါဘူး"ဟု ပြန်ပြောလေသည်။

"ညည်း မနာရင် ဘယ်သူက နာသလဲ။ ဖွားခင်လား"ဟု ဒေါ်ဘုမက လှမ်းမေးလေသည်။

ဆိုင်ခုံအလွတ်တွင် အိပ်နေသော မဖွားခင်က "အနေသာကြီးပါ ဒေါ်ဘုမ။ နေ့ခင်း အေးအေး အိပ်ပါရစေ"ဟု ပြန်ပြောပြီး တစ်ဘက်သို့ လှည့်၍ အိပ်လေသည်။

www.burmeseclassic.com

"ဟုတ်တယ် ဒေါ်ဘုမရဲ့။ မဖွားခင်က ဘာမှ မဖြစ်ဘူး။ ဖြစ်မှာက ကိုသောင်းထွန်းလေ"ဟု မအေးမေက ဝင်ပြောသည်။

"အမယ်လေး ကျားသားမိုးကြိုး၊ မောင်လို နှမလို နေတာပါ။ ကျမတော့ သေချင်တာပါပဲ"

"မသေချင်ပါနဲ့အေ။ သောင်းထွန်းမှာ မိန်းမ နောက်အိမ်ထောင်ပြုသွားလို့ ညည်းကို အားကိုးနေရတာ။ ညည်းသေရင် တစ်ကောင်ကြွက်ဖြစ်ရှာတော့မယ်။ အားကိုးမဲ့ ရှာတော့မယ်"

"အားကိုးမဲ့အောင် ဒေါ်ဘုမတို့ ကြည့်ရှုလိုက်ပေါ့။ မှောင်ခိုပစ္စည်း ဝယ်ဘို့ ငွေလိုရင်လဲ ချေးလိုက်ပေါ့။ ဒေါ်ဘုမ ဆိုရင် သားကလဲ စစ်တပ်ထဲမှာ။ သမီးကလဲ တင့်တောင့်တင့်တယ်။ သားအငယ်ကလဲ တစ်နှစ်နှစ်နှစ်ဆို အလုပ်ရတော့မယ်။ နောက်ဆို ဒေါ်ဘုမ ရှာတဲ့ငွေဟာ စုထားဘို့ သက်သက် ဖြစ်မှာဘဲ"

"မယ်ရင်၊ ညည်းက ငွေဝင်တာသာ မြင်တာကိုး။ ပြန်ထွက်တာတော့ မမြင်ဘူး။ ကတော်ဆယ်ပါးတွေ ပြောလေ့ရှိတာ မကြားဖူးဘူးလား။ ကျားကြီးရင် ခြေရာကြီးတယ် ဆိုတာလေ။ ကျုပ်က ဗိုလ်ကတော် မဟုတ်ပေမယ့် မုဆိုးမ ညီမနဲ့ သူ့ကလေးတွေ ထောက်နေရသေးတယ်။ ကျုပ်အဖို့ ပိုက်ဆံချေးဘို့ နေနေသာသာ ကိုယ့်ကိုယ်ကိုတောင် အနိုင်နိုင်။ ပိုက်ဆံချေးဘို့ဆို ဝေလာဝေး၊ ညည်းရှိမှ ဖြစ်မှာပါအေ"

မဖွားရင်သည် လက်ကားဝယ်သော ဖောက်သည် ရောက်လာသဖြင့် အာရုံပြောင်းသွားသကဲ့သို့ ဒေါ်ဘုမထံ၌လည်း ချေးဝယ်သူ ရောက်လာသဖြင့် စကားပြတ်သွားလေသည်။

* * *



ကိုသောင်းထွန်းသည် ဆကာကြီးတွင် မဖွားရင်တို့နှင့်အတူ ကြီးပြင်းခဲ့သည်။ ကိုသောင်းထွန်း၏ မိဘများသည် ကိုင်းလုပ်၏။ ကိုသောင်းထွန်းတို့ ကိုင်းမှ ထွက်ကုန်များကို မဖွားရင်၏ အဖေ့ဆိုင်တွင် သွင်းလေသည်။ ကိုသောင်းထွန်းနှင့် မဖွားရင်တို့လည်း လူငယ်သဘာဝ တွေ့ဆုံ ချစ်ကြိုက်ခဲ့ကြသည်။ ထိုစဉ်က မဖွားရင်မှာ တစ်ဆယ့်ခြောက်နှစ်ခန့်သာရှိ၍ ကိုသောင်းထွန်းမှာ အသက် နှစ်ဆယ်ခန့် ရှိသေးသည်။ သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး အလွန်မြတ်နိုး တွယ်တာ ကြလေသည်။ မဖွားခင်ကလည်း စစ်ပြီးလျှင် လက်ထပ်ပေးရန် ဖြစ်သည်။

ကိုသောင်းထွန်းသည် ဂျပန်ခေတ်က ချွေးတပ် အဆွဲခံရပြီး သံဖြူဇရပ်တွင် သောင်တင်နေခဲ့လေသည်။ သံဖြူဇရပ်တွင်ပင် သူ မမာနေစဉ်က သူ့ကို ကြည့်ရှု စောင့်ရှောက်၍ ပြုစုထားသော အိမ်ရှင့်သမီးနှင့် အိမ်ထောင်ကျသည်။ စစ်ပြီးသောအခါ ကိုသောင်းထွန်းသည် ဆကာကြီးသို့ မပြန်တော့ပေ။ သံဖြူဇရပ်မှ ရန်ကုန်ပြောင်းလာပြီး သူ့မိဘများနှင့် မဖွားရင်တို့ သတင်းကို စုံစမ်းသည်။ သူ့မိဘများလည်း ကွယ်လွန်၍ မဖွားရင်တို့လည်း မရှိတော့ကြောင်း သိရသဖြင့် ရန်ကုန်တွင်ပင် နေလေသည်။

ကိုသောင်းထွန်းသည် ပထမ ရေနံကုမ္ပဏီတွင် မင်းစေ ဝင်လုပ်သည်။ မင်းစေအလုပ် ပြုတ်သောအခါ ဆိုက်ကားနင်းလေသည်။ သူ့မိန်းမက သိမ်ကြီးဈေးတစ်ဝိုက်တွင် ဇျပ်ထိုးဈေးသည် လုပ်သည်။ ထိုအချိန်တွင် ကိုသောင်းထွန်းသည် မဖွားရင်တို့ကို ကမ်းနားဈေး၌ ပြန်တွေ့လေသည်။

မဖွားရင်တို့ သိမ်ကြီးဈေးအနီး သွပ်မိုး လဟာပြင် ကုန်စိမ်းတန်းတွင် နေရာရလာသောအခါ ကိုသောင်းထွန်းသည် ဆိုက်ကားဂိတ် ပြောင်းလာသည်။ ပစ္စည်းများ ရှားပါးလာ၍ မှောင်ခိုလုပ်ငန်း ပေါ်လာသော ခေတ်၊ ပြည်သူ့ဆိုင်မှ ပစ္စည်းတိုးပြီး ဈေးတင်ရောင်းသော ခေတ်တွင် ကိုသောင်းထွန်း၏ မိန်းမ မခင်အုန်းသည် မှောင်ခိုဈေးသည် ဖြစ်လာလေ

www.burmeseclassic.com

သည်။ မခင်အုန်းသည် ပထမတွင် ပြည်သူ့ဆိုင်မှ တိုးပြီး တန်းစီရသော သွားတိုက်ဆေး၊ ပေါင်ဒါ၊ အချိုမှုန့်၊ နို့မှုန့်စသည်များကို ရောင်းသော်လည်း နောက်တွင် မော်လမြိုင်ဘက်မှ လာသော ဓာနိုင်လွန်နှင့် ပါတိတ်လုံချည် များကိုပါ ရောင်းလေသည်။ အမြတ်များများရသဖြင့် မခင်အုန်းသည်လောဘ ပိုထွက်လာကာ ကိုသောင်းထွန်းကိုပါ မှောင်ခိုဈေးသည် လုပ်ခိုင်းလေသည်။ စက်ဘီးပစ္စည်းများ အလွန်ရှားပါးနေသောကြောင့် ကိုသောင်းထွန်းသည် သူနားလည်သော စက်ဘီးနှင့် ဆိုက်ကားပစ္စည်း မှောင်ခိုလုပ်ငန်းကို လုပ်ကိုင်လေသည်။

ကိုသောင်းထွန်း မှောင်ခိုဈေးသည် လုပ်သောအခါတွင် ပစ္စည်းများ သယ်ပို့ပေးနေကျဖြစ်၍ ခင်မင်နေသော ဒေါ်ဘုမက ရင်ဘတ်စည်တီးနှ “ဖြစ်မှ ဖြစ်ရပလေ သောင်းထွန်းရယ်၊ နတ်ပြည်ကနေ ငရဲပြည်သွား တော့မှာလား” ဟု ပြောလေသည်။ မဖွားရင်က မျက်နှာလွှဲ၍ အံကိုက်ထား လေသည်။ များမကြာမီ ကိုသောင်းထွန်းတို့ ချောင်လည်နေကြောင်း မဖွားခင်မှ တစ်ဆင့် မဖွားရင်ကြားရလေသည်။ သို့သော်လည်း မှောင် ဈေးသည်များကို တစ်သုတ် ဖမ်းစဉ်က မခင်အုန်းသည် ပစ္စည်းများ အသိမ်းခံ လိုက်ရသဖြင့် ကိုသောင်းထွန်းသည် မဖွားရင်တို့ထံတွင် လာချေး ရလေ၏။

မခင်အုန်းသည် ပစ္စည်းများ အသိမ်းခံလိုက်ရသော်လည်း လော စိတ်ကို မသတ်နိုင်သဖြင့် တမျိုး ကြိုးစားပြန်လေသည်။ လေဟာ ဈေးတွင် တဆင့်ခံ ရောင်းရခြင်းထက် ကိုယ်တိုင်ဆင်း၍ ပစ္စည်းသယ်ချ က ပိုအမြတ်ရသည်ကို သိလာသဖြင့် သံဖြူဇရပ်သို့ ပြန်၍ မှော ကုန်ကူး လေသည်။

ကိုသောင်းထွန်းသည် စက်ဘီးပစ္စည်းသာမက မခင်အုန်း၏ မှော ပစ္စည်းများကိုပါ ကူရောင်းပေးရလေသည်။ ဈေးသက်သာသော အဝ အထည်စများ၊ ဓာများကို မဖွားရင်တို့အား သွားပြီး ဈေးရင်းအ



ပေးလေ့ ရှိသည်။ မဖွားရင်သည် သူ့အဖေကို ဂျပန်သတ်သွားသည့် အချိန်မှ စ၍ နိုင်ငံခြားပစ္စည်းကို စိတ်နာနေသဖြင့် ဘာကိုမျှ မယူသော်လည်း မဖွားခင်နှင့် ဒေါ်ဘုမတို့ တစ်သိုက်က ယူကြလေသည်။ မခင်အုန်းမှာ သူ အပင်ပန်းခံ ယူလာသော ပစ္စည်းများကို ကိုသောင်းထွန်းက ဈေးရင်း အတိုင်း သွားပေးသည်ကို မကြိုက်ပေ။

ကိုသောင်းထွန်းသည် ယခင် မဖွားရင်နှင့် ချစ်ကြိုက်ခဲ့စဉ်ကနှင့် မတူတော့ပေ။ သူသည် အသွင်ပြောင်းလဲ၍ စိတ်ထားလည်း တစ်မျိုးဖြစ် နေလေသည်။ ကိုသောင်းထွန်းသည် အသက်လေးဆယ်ကျော်စ ရှိသော် လည်း အနည်းငယ် ခါးကုန်းလာသည်။ အသားအရည်များမှာလည်း ခြောက်ခမ်း၍ မည်းညစ်နေလေသည်။ အဝတ်အစားများမှာလည်း ခပ်နွမ်းနွမ်း ဖြစ်ပြီး မှောင်ခိုပစ္စည်း အပြည့်ပါသော လွယ်အိတ်တစ်လုံးကို အမြဲ လွယ်ထားလေသည်။ ကိုသောင်းထွန်းသည် ၂၅-လမ်းထိပ်တွင် ရောင်းသော်လည်း ပြေးလိုက် ရောင်းလိုက် လုပ်နေရသဖြင့် နေရာ အတိအကျ မရှိနိုင်ပေ။ မဖွားရင်သည် ကိုသောင်းထွန်းကို ကြည့်ပြီး အစဉ် စိတ်မော နေလေသည်။

မခင်အုန်းသည် မှောင်ခိုပစ္စည်းများ ကုန်ကူးစဉ် မော်လမြိုင်ဘက်တွင် သူ့လို တရုတ်ကုန်သည် တစ်ယောက်နှင့် တွေ့ဆုံ ခင်မင် မိလေသည်။ ထိုတရုတ်နှင့် မကြာခဏ အတူတကွ ကုန်ကူးလေသည်။ နောက်ဆုံးတွင် ကိုသောင်းထွန်းကို ပစ်၍ ထိုတရုတ်နှင့်ပင် အိမ်ထောင်ပြုလိုက်လေသည်။ မခင်အုန်းသည် ရန်ကုန်သို့ မလာတော့သဖြင့် တင်နေသော အကြွေး အတွက်လည်း ကိုသောင်းထွန်းကပင် အတိုးပေးရလေသည်။ ကိုသောင်း ထွန်းမှာ ပြေးလိုက် ရောင်းလိုက် လုပ်နေရသဖြင့် အကြွေးပေးဆပ်ရန် ပေးနေလေသည်။ မခင်အုန်း နောက်အိမ်ထောင် ပြုသွားပြီး တစ်နှစ်ခန့် အကြာတွင် ကိုသောင်းထွန်းသည် သူ့ငယ်ချစ် မဖွားရင်ကို ပြန်လည်၍ ချစ်ခွင့်ပန်လေသည်။ မဖွားခင်ကလည်း သူတို့နှစ်ယောက် ဂျပန်ခေတ်က

www.burmeseclassic.com

www.burmeseclassic.com



မကွဲကွာမီ လွန်စွာ ချစ်ခင်ခဲ့သည်ကို ထောက်၍ လည်းကောင်း၊ သူ့ညီမ မဖွားရင် သံဃာခဉ် မပြတ်နိုင်သည်ကို သိ၍ လည်းကောင်း၊ ကန့်ကွက်မည် မဟုတ်ပေ။ ဆိုင်နီးနားချင်းများကလည်း ထိုအကြောင်းကို သိ၍ အားပေးကြသည်။ သို့သော်လည်း မဖွားရင်က လက်မခံပေ။

"အစ်ကိုသောင်းထွန်း၊ ကျွန်မ အစ်ကို့ကို ဒီနေ့အထိ မေတ္တာ မပြယ်သေးပါဘူး၊ အစ်ကို အိမ်ထောင်ကျခဲ့တာလဲ ကျွန်မ ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမယ့် အစ်ကို အခုလုပ်နေတဲ့ အလုပ်တွေကို ကျွန်မ မကြိုက်ဖူး။ ဆိုက်ကား ပြန်နင်းတာမှ တော်သေးတယ်။ အစ်ကို ဒီအလုပ် လုပ်နေသရွေ့တော့ ကျွန်မနဲ့ ဖြစ်မှာ မဟုတ်ဖူး။"

"ငါလဲ မလုပ်ချင်တော့ပါဘူးဟာ။ ဒါပေမယ့် ငါ့မှာ အရင်က ကြွေးတွေက ကျန်သေးတယ်။ ကြွေးဆပ်ဖို့က ငွေများများရတဲ့ ဒီအလုပ်နဲ့မှ ကိုက်တယ်။ အကြွေးတွေ ပြေရင် ငါ အလုပ်တစ်ခုတော့ လုပ်မယ်။ အသက်ကြီးလာပေမယ့် ဆိုက်ကားရင်လဲ ပြန်နင်းမယ်။ အခု အတော အတွင်းတော့ ငါ့ကုသိုလ်ကံ အတိုင်းပေါ့လေ"

ကိုသောင်းထွန်းသည် မဖွားရင်က ငြင်းလိုက်ကတည်းက ပေါ်မလာ တော့ပေ။ ကြွေးများ ကျေစေရန် မှောင်ခိုလုပ်ငန်းကို ဖိလုပ်နေလေသည်။ ကိုသောင်းထွန်း ပေါ်မလာပြန်တော့လည်း မဖွားရင်သည် စိတ်ထိခိုက် လေသည်။ ကိုသောင်းထွန်းကို မျှော်ရင်း သူ့ပတ်ပတ်လည်တွင် မြင်နေ ရသော မှောင်ခိုဈေးသည်များနှင့် ဝယ်သူများကို ငေးနေမိသည်။

* * *



"မယ်ဇမာ တယ်ငြိမ်နေပါလားဟေ့။ ဘာတွေများ တွေးနေလဲ"ဟု ဒေါ်စိန်ငွေက သံပရာသီး ရွေးနေသော မဖွားရင်ကို လှမ်းမေးသဖြင့် မဖွားရင်သည် အတွေးနှင့် အရွေးကို ရပ်၍ စကားအဲနိုင်ပြောရန် ပြင်ရလေသည်။

"နွေတောင် မရောက်သေးဘူးအေ၊ နေကလဲ တယ်ပူတာဘဲ"

"နွေရောက်ပြန်တော့ မိုးကြောက်ရပြန်ရော၊ ကျွန်မဖြင့် နွေဆိုရင် ဈေးရောင်းရတာ မဖြောင့်ဘူး၊ ဥက္ကလာအိမ်ဘဲ စိတ်ရောက်နေတယ်။ မိုးတွင်းကမှ တော်သေးတယ်"

"မိုးတွင်းလဲ မကောင်းဘူး။ မိုးတွင်း ဒုက္ခ ရှိတာဘဲ"ဟု ဒေါ်စိန်ငွေက ပြောသည်။

ထိုစဉ် လေဟာပြင်ဈေးတွင် ရုတ်ရုတ်သဲသဲ ဖြစ်လေသည်။ မဖွားရင်တို့ လည်း ထိတ်လန့်စွာနှင့် စုံစမ်းရသည်။

"မှောင်ခိုသမားတွေကို လိုက်ဖမ်းတာဆိုဘဲ။ ဈေး တစ်ဈေးလုံးလဲ ဝိုင်းထားတယ်"ဟု အပြင်မှ ပြန်လာသော မနီက ပြောသည်။

မဖွားရင်မှာလည်း လူတွေ ပြေးလွှားနေသဖြင့် ကြောက်လန့်ပြီး ဆိုင်သိမ်းရသည်က တစ်မျိုး၊ မှောင်ခိုသမားများကို ဖမ်းသည်ဆို၍ ကိုသောင်းထွန်းအတွက် စိတ်ပူရသည်က တစ်ဖုံနှင့် သူ့ရင်တွင်း ဆူပွက် နေလေ၏။ မှောင်ခိုသမားများနှင့် ဈေးဝယ်သူများသည် ပြေးလွှားနေကြ၍ ဖမ်းဆီးသူများကလည်း တာဝန်မလစ်ဟင်းရန် ကြိုးစား ဆောင်ရွက် နေကြသည်။

"ဟဲ့ ဖွားရင်၊ သောင်းထွန်းတစ်ယောက် လွတ်ပါ့မလား မသိဘူး"ဟု မဖွားခင်က လှမ်းမေးသည်။

"အော် ဘယ်သိပါ့မလဲ အမရယ်"ဟု မဖွားရင်က ပြန်ပြောလေသည်။

အတန်ကြာ၍ မှောင်ခို ဈေးသည်များကို ဖမ်းဆီးပြီးသဖြင့် အခြေအနေ ငြိမ်သက်သွားသောအခါ ဒေါ်ဘုမသည် ဆိုင်မှ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ငွေးကလည်း တခြားတစ်ဘက်သို့ ထွက်သွားသည်။ ဈေးတွင် ဝယ်သူများ လည်း ခေါက်သွားလေသည်။ ရဲများက ဖမ်းမိသော မှောင်ခိုကုန်များကို ပါလာသော ကားများပေါ်သို့ တင်နေသည်ကို မဖွားရင် လှမ်းမြင်နေ ရလေသည်။ မဖွားရင်တို့အားလုံး စိတ်ချောက်ချားနေသဖြင့် ဈေးသိမ်းပြီး ပြန်ရန် ပြင်ကြလေသည်။

မကြာမီ ဒေါ်ဘုမနှင့် ဒေါ်စိန်ငွေးတို့ တစ်ဘက်စီမှ ပြန်ရောက်လာကြသည်။ ဒေါ်စိန်ငွေးက လေဟာပြင် ဈေးအလယ် အမိုးအောက်တွင် ရောင်းနေသော သူ့တူမသည် ပစ္စည်းများထား၍ ထွက်ပြေးသောကြောင့် လွတ်သွားကြောင်း ပြောသည်။

"ကျုပ် ဆွေမျိုးတစ်ယောက်တော့ မိသွားတယ်။ လမ်းအပြင်ဘက် လူတွေက ကား ဆိုက်ဆိုက်ချင်း နိုးတော့ မိကုန်ကြတာ များတယ်။ မဖွားခင်ရေ သောင်းထွန်းလဲ ပါသွားတယ်လေ၊ ငါစိတ်မကောင်းပါဘူး"ဟု ဈေးပြင်ထွက် စုံစမ်းသော ဒေါ်ဘုမက ပြောလေသည်။ မဖွားရင်သည် အံကိုကိုက်၍ မငိုမိရန် ကြိုးစားထားရလေသည်။

* * *

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် နေအလွန် ပူသဖြင့် ဝယ်သူပါးလျက် ရှိလေသည်။ ဒေါ်ဘုမတို့အားလုံးသည် ငြိမ်သက် ငေးမှိုင်နေကြလေသည်။

ဒေါ်စိန်ငွေး တစ်ယောက်သာ ဟင်းချက်စည်းများကို ဟိုဒီရွှေ့ရင်း စိတ်တိုနေလေသည်။ မနီသည် မျက်ရည်များ မကြာခဏ သုတ်နေလေသည်။

"ငိုနေလို့လဲ ဘာထူးမှာလဲ မနီရယ်၊ ပြောင်းကြရုံပေါ့"ဟု မအေးမေက ပြောသည်။

"အေး၊ ပြောင်းတာတော့ ဟုတ်တယ်။ ဒို့ အခုလို အတူတူ နေကြရမှာတော့ မဟုတ်ဖူး"ဟု ဒေါ်ဘုမက လှမ်းပြောလေသည်။

"ကျွန်မက ဒေါ်ဘုမတို့ မဖွားခင်တို့ အားလုံးကိုဘဲ ဆွေမျိုး လုပ်နေရတာ။ အခုလို ပြောင်းရတော့ စိတ်သိပ်ငယ်တာဘဲ"ဟု မနီက ပြောသည်။



"အော် မယ်ရင်ရေ။ ဒို့ ညည်းကို ပြောင်ခဲ့ နောက်ခဲ့တာတွေ ခွင့်လွှတ်ပါဟယ်။ ဒို့ နောက်ဆို ဝေးကြတော့မှာ"ဟု ဒေါ်ဘုမက ပြောပြန်သည်။

"ကျွန်မ အမှတ်အသား မထားတတ်တာ ဒေါ်ဘုမ သိသားနဲ့ ပြောနေ ရသေးတယ်။ အရေးကြီးတာက ကျွန်မတို့ ဘယ်နေရာတွေ ရောက်ကြမလဲ မသိဘူးနော်"

"အို ကျုပ်တော့ ဆိုင်နေရာ ကောင်းရင် ပြောင်းမယ်။ နေရာ မကောင်းရင်လဲ ချွေးမ ကပ်ပေါင်းပြီး သားကလေးတွေကို ထိန်းရင်း အိမ်မှာဘဲ နေတော့မယ်"

"မဘုမ လား ကလေးထိန်းပြီးနေနိုင်မှာ။ ကျွန်မတို့က ဈေးမရောင်းရရင် ကြာကြာမနေနိုင်ပါဘူး။ ကျွန်မတို့က ဈေးထဲမှာဘဲ သေမယ့်အစားတွေပါ"ဟု ဒေါ်စိန်ငွေးက လှမ်းပြောသည်။

မဖွားရင်သည် ဈေးရောင်းနေရသော်လည်း စိတ်မပါလှပေ။ ကုန်စိမ်းဈေးသည်များ ဆိုင်နေရာ ပြောင်းရမည်ဟု အမိန့်ထွက်လာသဖြင့် စိတ်ရှုပ်နေလေသည်။ သူတို့တတွေ ပြောင်းရမည်ကို ယခင်က ကြားနေခဲ့သော်လည်း မှန်သည် မထင်ခဲ့ပေ။ ယခု ရက် အသေအချာ သတ်မှတ်ပေးသောအခါတွင်မှ စိတ်လေးကြရတော့သည်။ သိမ်ကြီးဈေးအတွင်း၂၆-လမ်း ဈေးအတွင်းနှင့် အခြား ဈေးများတွင် သင့်သလို နေရာချထားမည်ဟု နောက်ဆုံး၌ သိရလေသည်။ မနီသည် ပြောင်းရမည်ဟု သေချာသောအခါ အငိုမရပ်တော့ပေ။

ထိုစဉ် သတင်းစုံစမ်းရန် ထွက်သွားသော မဖွားခင်သည် မောကြီးပန်းကြီးနှင့် ပြန်ရောက် လာလေသည်။ ဆိုင်သား တစ်နေရာတွင် ဝင်ထိုင်ပြီး ဆေးလိပ်မီးညှိလေသည်။

"ဘာတဲ့လဲအမ။ ဘယ်တော့ မဲနှိုက်ရမယ်တဲ့လဲ"

"မဲနှိုက်ဖို့ မသိရသေးပါဘူး ဖွားခင်ရယ်။ သောင်းထွန်းအသိနဲ့ တွေ့လို့ သောင်းထွန်းသတင်း ကြားတာနဲ့ ပြန်လှည့်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အစ်ကိုသောင်းထွန်း လွတ်သွားပြီလား"

"မလွတ်ပါဘူးအေ။ အခုတစ်ခါ အဖမ်းခံရတဲ့ အလုပ်က အရင်လို ပေါ့ပေါ့ မဟုတ်ဖူး။ သောင်းထွန်းကလဲ စက်ဘီးပစ္စည်းတွေ သာမကဘူး တခြား ပစ္စည်း အဖိုးတန်တွေပါ တော်တော်များများ ဖွက်ထားသတဲ့။ သူ ဖွက်ထားတဲ့ ပစ္စည်းတွေပါ ထပ်မိတော့ သူ့အပြစ်က အတော်များ တယ်တဲ့။ သူ့မိတ်ဆွေတွေက အာမခံလုပ်မယ်ဆိုတော့ သောင်းထွန်းက 'မထူးပါဘူးဗျာ' ထောင်ကျမှာဘဲ။ အာမခံလဲ လုပ်မနေပါနဲ့'လို့ ပြောလိုက် တယ်တဲ့"

"အင်း"

"အေးလေ အကြောင်းက မကောင်းခဲ့ဘဲကိုး"

မဖွားရင်က ငြိမ်သက်နေ၍ မဖွားခင်က ဆေးလိပ်ဖိုပြီး ဖွာနေလေ၏

* * *

မဖွားရင်တို့ ညီအစ်မသည် သိမ်ကြီးဈေး ဗဟိုရုံ ကုန်စိမ်းတန်းတွ မဲပေါက်လေသည်။ သူတို့နှင့် မလှမ်းမကမ်းနေရာတွင် ဒေါ်ဘုမ မဲပေါ သည်။ ဒေါ်ဘုမသည် ဈေးရုံကြီးထဲရောက်မှ ပိုရောင်းရသည်ဟုပြော သည်။ ဒေါ်စိန်ငွေသည် ၂၆–လမ်းဈေးရှိ ကုလားဆိုင်များကြားတွ နေရာရသဖြင့် ယခင်ကတည်းကရှိသော ကုလားဈေးသည်များနှင့် အပြ ရောင်းနေရလေသည်။ သူ့အသံမှာ ပိုစူးရှလာပြီး သူ့ဘေးမှ ဆိုင်နီးချ ကုလားများကို မျက်နှာတင်းတင်းထား၍ ဆက်ဆံလေသည်။ သူသ ယခင် ရောင်းနေကျ ဟင်းရွက်စိမ်းများအပြင် ကုလားဆိုင်များ ပျဉ်းတော်သိမ်ရွက်ကိုပါ တင်ရောင်းနေရလေသည်။ မအေးအေ အခြား ဈေးကြီးတစ်ဈေးသို့ ရောက်သွားကာ မနီမှာ ၂၆–လမ် ချောင်ကျသော နေရာတွင် မဲပေါက်သဖြင့် ယခင်ရောင်းနေကျ ကု များသာမက ကုန်ခြောက်အချို့ကိုလည်း တင်ရောင်းနေရလေသည်



မဖွားရင်တို့ ညီအစ်မသည် သိမ်ကြီးဈေး ဈေးရုံအတွင်းရှိ နေရာမှ ယခင် ဆိုင်ဟောင်း အခြေအနေနှင့် ဝင်ငွေကို မီရန် ကြိုးစားလုပ်ကိုင် နေကြစဉ်အတွင်း ကိုသောင်းထွန်း၏ အမှု အမိန့်ချမည့်နေ့ကို သိရသဖြင့် သွားတွေ့ကြလေသည်။ ကိုသောင်းထွန်း၏ အမှုမှာ အပြစ်ကြီးလေးသဖြင့် ထောင်ဒဏ် ၂–နှစ်နှင့် ဒဏ်ငွေ သုံးထောင်၊ ဒဏ်ငွေ မဆောင်နိုင်ပါက ထောင်ဒဏ် ၂နှစ်ခွဲ ကျခံရန် အမိန့်ကျလေသည်။

ကိုသောင်းထွန်းနှင့် မဖွားရင်တို့သည် ထောင်ကြီး သွားခါနီးတွင် ခေတ္တ တွေ့ရလေသည်။

"ဖွားရင်ရယ် ငါမှားပါပြီဟာ။ နင် သတိပေးကတည်းက ငါမလုပ်ဘဲ နေလိုက်ရင် အခုလို ဖြစ်မှာ မဟုတ်ဘူး။ အခုတော့ လွန်ကုန်ပြီလေ။ ငါ ထောင်က လွတ်ရင် ဆိုက်ကားပဲ ပြန်နင်းတော့မယ်"

" အမှားသိမှပဲ အစ်ကိုသောင်းထွန်းရယ်၊ ပြင်ဖို့ အချိန်တွေ အများ ကြီးရှိပါတယ်။ နှစ်နှစ်ခွဲဆိုတာ ဘာကြာတာ မှတ်လို့လဲ။ အားတင်းပြီးနေပါ။ လျော့ရက်ရအောင်လဲ ကြိုးစားပါ"

"ငါ ကြိုးစားမှာပေါ့ ဖွားရင်ရယ်။ ငါ ထောင်က လွတ်ရင်လဲ နင်တို့ဆီ တန်းလာခဲ့မယ်။ ငါ့ကို ခွင့်လွှတ်ပါ ဖွားရင်"

" ကျွန်မ ခွင့်လွှတ်ပြီးသားပါ အစ်ကိုသောင်းထွန်းရယ်။ အစ်ကို စိတ်ချမ်းသာပါ။ ထောင်ထဲမှာလဲ ရက်လျော့သွားအောင် ကြိုးစားပြီး နေနော်"

ကိုသောင်းထွန်း အချုပ်ကားပေါ် တက်သွားသောအခါ မဖွားရင်သည် မျက်ရည်များ စီးကျလာလေသည်။

ယခုအခါ နွေမှ မိုးသို့ ကူးလေပြီ။ မဖွားရင်တို့လည်း ဈေးရုံကြီးအတွင်း နေသားတကျ ဖြစ်၍ ဆိုင်နီးချင်း မိတ်ဆွေသစ်များ ရနေလေပြီ။ ယခင်က ဖောက်သည်ဟောင်းများနှင့်လည်း ပြန်လည်၍ ဆက်သွယ်မိလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မဖွားရင်တို့ ညီအစ်မသည် ညနေဆိုင်သိမ်းလျှင် ယခင်သူတို့ ကုန်စိမ်း ရောင်းခဲ့သော ဈေးရုံများ ဘေးလမ်းမှ ဖြတ်ပြီး ကားဆိပ်သို့ သွားလေသည်။ သူတို့ဆိုင်နေရာများတွင် တရုတ် ကုလား အစားအသောက် ဆိုင်များသည် ဓာတ်မီးများ ထိန်လင်းစွာ ထွန်း၍ ထယ်ဝါနေကြလေ၏။

မဖွားရင်သည် ကိုသောင်းထွန်း လွတ်မည့်ရက်ကို မကြာခဏ ရေတွက် နေလေသည်။

ရွှေတာရီမဂ္ဂဇင်း
၁၉၆၇-ခုနှစ်၊ ဇူလိုင်လ

# ရာသက်ပန်(တောင်ငူဆောင်)၏ ဝတ္ထုတို

[သွေးပျက်ငှက်]

www.burmeseclassic.com

www.burmeseclassic.com



# လမင်းဆီသို့ ခရီးသွားခြင်း
# သို့မဟုတ်
# ရာသက်ပန် (တောင်ငူဆောင်)၏ ဝတ္ထုတိုများ

ကနေ့အထိ ၁၉-ရာစုဝတ္ထုနဲ့ လူဖြစ်လာတဲ့လူ တစ်ချို့က ဝတ္ထုဆိုတာ ဇာတ်လမ်း အဓိကလို့ ပြောနေကြတယ်။ ဝတ္ထုတစ်ပုဒ် ဆုံးရင် ညားမှ ကောင်းတယ်လို့ ထင်နေကြတုန်း ရှိသေးတာယ်။ အရေးကြီးတာက ဝတ္ထု ဆိုတာ လူတွေနဲ့ လောကအကြောင်းပါ။ ဒီတော့ လူတွေရဲ့ စရိုက်နဲ့ လောကအခြေအနေကို အဓိကထား ရေးနိုင်ဖို့ လိုပါတယ်။ ဒါမှလဲ တန်ဖိုးရှိတဲ့ ဝတ္ထုဖြစ်တယ်လို့ ကျွန်တော် လက်ခံထားပါတယ်။ ဇာတ်လမ်း အဓိကဝတ္ထုတွေကိုတော့ ၁၉-ရာစုနှစ် လူသားတွေအတွက် ထားခဲ့ကြပါစို့။

မင်းကျော်

[စာရေးဆရာများ၏ စာပေလောက၊ စာ-၂၉၁]

၂၀-ရာစုနှစ်အတွင်း ဝတ္ထုတိုအရေးအဖွဲ့များ အားကောင်းလာခဲ့သည်နှင့်အမျှ ဝတ္ထုတို တည်ဆောက်မှု နည်းနာပိုင်းတွင်လည်း အမျိုးမျိုး ထွေပြားလာခဲ့သည်။ ဝတ္ထုတည်ဆောက်မှု ဆိုင်ရာ အတွေးအမြင် ပိုင်းတွင်လည်း ပြောင်းလဲ၍ လာခဲ့သည်။ ၁၉-ရာစုနှစ်အတွင်းက အများ လက်ခံခဲ့သည့် တစ်ခုတည်းသော (ဝါ) အဓိကဖြစ်သော ဦးတည်ချက် ရောက်အောင် ထောက်မ ရေးဖွဲ့ရမည် ဟူသော အယူအဆကို ၂၀-ရာစု ဝတ္ထုတိုသမားများက ငြင်းဆန်လာကြသည်။

ယခင်ကမူ ဝတ္ထုတိုင်း၌ ဇာတ်လမ်းသည် သိသာထင်ရှားသည်ဖြစ်စေ၊ မသိမသာ မထင်ရှားသည်ဖြစ်စေ ပါဝင်မြဲ ဖြစ်သည်။ ၂၀-ရာစု နောက်ပိုင်းတွင်မူ ဇာတ်လမ်းထက် ဇာတ်ဆောင်စရိုက်ကို အဓိက အားပြုသော ဝတ္ထုများ

www.burmeseclassic.com

နေရာယူလာကြသည်။ ထို့ပြင် ဇာတ်ဆောင် စရိုက်ဖော်မှု အဓိကထားသော ဝတ္ထုတိုသည် ဇာတ်လမ်းအဓိက အားပြုသော ဝတ္ထုတို့ထက် အဆင့်အတန်း မြင့်သည်(ဝါ) စာပေတန်ဖိုးရှိသည်ဟု သတ်မှတ်လာကြသည်။

ရာသက်ပန်(တောင်ငူဆောင်)၏ ဝတ္ထုတိုများကို ကြည့်လျှင် သူ့ဝတ္ထုတိုများသည် ဇာတ်လမ်း ဇာတ်ကွက် ချရေးထားသော ဝတ္ထုများမဟုတ်သည်ကို တွေ့ရသည်။ သူသည် ဇာတ်ဆောင် ကြုံရသော အဖြစ်၏ ထူးခြားခြင်းကို စာဖတ်သူ၏ စိတ်၌ တအံ့တဩ ဖြစ်ရန် ရည်ရွယ်သည်။ တိုးတက် ရှုပ်ထွေးလာသော လူမှု အဖွဲ့အစည်းအတွင်း လူတို့၏ တုံ့ပြန် ခံစားမှုများ ထူးခြားသော စိတ်သဘာဝများကို ဖော်ပြရန် အားထုတ်ထားသည်ကို တွေ့ရသည်။

ဆရာ မြသန်းတင့်က–

'ရာသက်ပန်(တောင်ငူဆောင်)၏ ဝတ္ထုတိုကလေးများကို မဂ္ဂဇင်းများတွင် မကြာခဏတွေ့ရသည်။ ဖတ်လိုက်မိသည့်အခါလည်း ရှိ၍ လွတ်သွားသည့်အခါများလည်း ရှိသည်။ ယခု သူ့ဝတ္ထုတို စုစည်းမှုကို တစ်ထိုင်တည်း ဖတ်လိုက်ရသည့်အခါ ကျွန်တော်သည် သူ့အတွေးနှင့် သူ့အနုပညာ၏ ပုံသဏ္ဌာန်ကို ပီပီသသ မြင်လိုက်ရသည်။

သူ့ဝတ္ထုတိုများထဲတွင် မျှော်လင့်ခြင်းနှင့် စိတ်ပျက်ခြင်း၊ ဘဝ၊ ရှန်းကန် အားထုတ်ရသူတစ်ဦး၏ မာန၊ ကိုယ့်ကိုကိုယ် ယုံကြည်မှု၊ အမှားနှင့် အမှန်ကြား ပဋိပက္ခ၊ သံသယ၊ ဝေခွဲမရ ဖြစ်ခြင်း ဒွိဟ၊ တမ်းတမှု၊ စွန့်လွှတ်မှု၊ သတ္တိ၊ သက်ပြင်းချသံ၊ ဆုတောင်း၊ မကျေနပ်မှုစသည်တို့ကို ကိုယ်စားပြု ဖော်ပြနေသည့် ဇာတ်ဆောင်များကို တွေ့ရသည်။

ဇာတ်လမ်းမဲ့ခြင်း၊ သင်္ကေတများဖြင့် ဖော်ပြခြင်း၊ အခင်းအခက် အဖြေစသည့် သမားရိုးကျ တည်ဆောက်မှု မဟုတ်ခြင်း၊ နူးညံ့ သိမ်မွေ့သော စိတ်အခြေအနေကို အဓိကထား၍ ဖော်ပြခြင်း စသည် တို့သည် မော်ဒန် ဝတ္ထုတို၏ လက္ခဏာရပ်များ ဖြစ်သည်ဟု ဆိုလျှင် ရာသက်ပန် (တောင်ငူဆောင်) ၏ အချို့သော ဝတ္ထုတိုများ သည် ထိုအမျိုးအစားတွင် အကျုံးဝင်သည်ဟု ဆိုနိုင်ပေလိမ့်မည်။ ကျွန်တော်တို့သည် ရာသက်ပန် (တောင်ငူဆောင်)၏ ဝတ္ထုတိုများကို ဖတ်ရင်း သူ့ဇာတ်ဆောင်များမှ တစ်ဆင့် သူ့ရင်ခုန်သံ နှနှကို ကြားနေရသည်'

ဟူ၍ ရာသက်ပန် (တောင်ငူဆောင်)၏ ဝတ္ထုတိုများနှင့် ပတ်သက်၍ သုံးသပ်ထားသည်ကို တွေ့ရသည်။



ရာသက်ပန်(တောင်ငူဆောင်)ကို ၁၉၆၇–ခုနှစ်၊ မတ်လ ၂၈–ရက် အင်္ဂါနေ့တွင် မော်လမြိုင်မြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ 'ဇင်မာသန်း' ဖြစ်သည်။ ၁၉၈၉–ခုနှစ်၊ ဧပြီလထုတ် မဟေသီမဂ္ဂဇင်းပါ 'အတာလွမ်းတို့ နွမ်းလေပြီ' ဝတ္ထုတိုဖြင့် စာပေနယ်ထဲသို့ စတင် ရောက်ရှိခဲ့သည်။ ၁၉၉၁–ခုနှစ်တွင် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို မြန်မာစာအဓိကဖြင့် ရရှိခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းပြုလျက်ရှိသည်။ ယခုအခါ လုပ်သားများ ကောလိပ် မြန်မာစာဌာနတွင် အချိန်ပိုင်း နည်းပြအဖြစ် တာဝန်ထမ်းဆောင် လျက် ရှိပြီး ဝတ္ထုတို ဝတ္ထုရှည်များ ရေးသားလျက် ရှိသည်။

ရေးသားခဲ့ပြီးသော စာအုပ်များမှာ 'အိမ်ရှင် လွမ်းနှင့်လေတော့မည်' (မောင်စိန်ဝင်း၊ ပုတီးကုန်း၏ 'လွမ်းဖို့သက်သက် မချစ်ရက်ပါ ဝတ္ထုနှင့် ပူးတွဲလျက်) (၁၉၉၃၊ မေလ)၊ အဆုံးမဲ့ နှောင်ကြိုး(၁၉၉၃၊ စက်တင်ဘာ)၊ 'ချစ်သူမှတ်တမ်း'(၁၉၉၄၊ စက်တင်ဘာ)၊ 'လမင်းဆီ ခရီးသွားခြင်းနှင့် အခြား ဝတ္ထုတိုများ စုစည်းမှု' (၁၉၉၄၊ နိုဝင်ဘာ)တို့ ဖြစ်ကြသည်။

'လမင်းဆီ ခရီးသွားခြင်း'မှာ မဂ္ဂဇင်းများတွင် ရေးသားခဲ့သော ဝတ္ထုတို ၁၆–ပုဒ်ကို စုစည်းထားခြင်း ဖြစ်သည်။

**ဆန့်ကျင် ဝိညာဉ်**(ရွှေအမြုတေ မဂ္ဂဇင်း၊ မေ၊ ၁၉၉၃)၊ ဝတ္ထုတို ကလေးမှာ ဘွဲ့ရပြီးနောက် အလုပ်က တော်တော်နှင့် မရ၍ စေလိုရာစေ ဆရာမအဖြစ် ဆင်းရဲသော တောင်ခြေ ရွာကလေး တစ်ရွာတွင် ပုလတန်း

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာမအဖြစ် သွားရောက် တာဝန်ထမ်းဆောင်သော ဆရာမကလေး တစ်ယောက် တွေ့ကြုံရသည့် ဇာတ်လမ်းဖြစ်သည်။

မုန့်စားဆင်းချိန်တွင် မုန့်ဖိုးမရှိ၍ ကလေး ကလေးတစ်ယောက် ဗာဒံသီး ထုစားနေပုံ၊ ကျောက်သင်ပုန်း တစ်ချပ်တည်းကို ညီအစ်ကို နှစ်ယောက် တစ်လှည့်စီ သုံးရရှာပုံ၊ အချမ်းလွန်ကဲလှသည့် ဆောင်းရက်များတွင် ကျောင်းလာတက်သောကလေးများ အနွေးထည်နှင့် ဘောင်းဘီ ဝယ် မဝတ်နိုင်ကြပုံတို့ကို ရေးခြယ် ပြထားပြီး တပည့်များအား စာတော်ချင်လွန်းသော စေတနာဖြင့် စာမရသော တပည့်တစ်ယောက်အား အပြစ်ပေးရာ တပည့် ဖြစ်သူက သူများနည်းတူ ဆရာမအား ပန်းမပေးနိုင်၍ ပန်းပေးနိုင်သူ၏ နားရွက်ဆွဲခြင်း ခံရသည်ဟု ယူမှတ်ကာ ဆရာမအတွက် ရေကန်ထဲဆင်းပြီး ကြာပန်းအခူး ရေနစ်သေဆုံးရပုံကို ရေးပြသွားသည်မှာ ဆရာမ ရာဿက်ပန် (တောင်ငူဆောင်)၏ ဝတ္ထုရေးသားမှု အတတ်ပညာကို ခန့်မှန်း သိရှိနိုင်သည်။

'ဟိုတစ်နေ့က ပိုက်ဆံတစ်ကျပ်လောက် ပေးပါဆိုပြီး တောင်းတယ်။ သားတို့အိမ်မှာ ဘာပန်းပင်မှလည်း မရှိဘူးနော်တဲ့၊ အဲဒီတုန်းက တစ်ပြားမှ မရှိတာနဲ့ မပေးလိုက်ရဘူး။ အခုတော့ ဆရာမအတွက် ကြာပန်း ဆင်းခူးရင်း ရေတိမ်နစ်ရရှာပြီ။ အီး...ဟီး...သားလေးရဲ့။ ဆရာမ အတွက် ပန်းခူးကောင်းလို့ မင်းသေရတာ သားရဲ့။ ပန်းမပေးလို့ သူက လက်မြှောက်ရတယ်တဲ့။ ပန်းပေးတဲ့ ကောင်မလေးက နားရွက်ဆွဲရတယ်တဲ့။ သူလည်း ပန်းပေးချင်တယ်၊ ဒါမှ သူများတွေရဲ့ နားရွက်ကို ဆွဲရမှာတဲ့။ သားရေ...မင်းပန်းပေးချင်တဲ့ ဆရာမ လာပြီလေ။ မင်းလက်ထဲက ပန်းလေး ထ,ပေးလိုက်ပါဦး'

ကလေးအမေ၏ အာခေါင်ခြစ်၍ အော်ငိုနေသော အသံသည် စာဖတ်သူ၏ ရင်ထဲသို့ စူးဝင် သွားပေလိမ့်မည်ဟု ထင်သည်။

**မှားယွင်းသိအိုရီ**(အလင်းထောင့်၊ အမှတ်-၂၊ မေ၊ ၁၉၉၁) ဝတ္ထုတို ကလေးမှာ ဈေးသွားရင်း လမ်းတွင် တွေ့လာခဲ့သည့် ခွေးကလေး တစ်ကောင်ကို တယုတယ မွေးမြူသည့် ခွေးချစ်သူတစ်ယောက်၏ ခွေး၏ သစ္စာမဲ့သော အပြုအမူကြောင့် ရင်နာကြေကွဲရပုံကို ရေးဖွဲ့ထားသည်။

သူသည် ခွေးကလေးကို သိပ်ချစ်သည်။ ထမင်းစားရာတွင်ပင် သူတစ်လုတ် ခွေးတစ်လုတ် စားတတ်သည်။ သူ ရာထူးတိုး နယ်ပြောင်း ရသောအခါ သူ့ခွေးကလေးအား အိမ်တစ်အိမ်တွင် အပ်ထားခဲ့သည်။ တစ်နေ့ ခွေးကလေးအား သိပ်သတိရလွန်း၍ ခွင့်ယူကာ ပြန်လာခဲ့သည်။ သူ့ခွေးကလေးရှိရာ အိမ်သို့ရောက်သော် ခွေးကလေးက သူ့ကိုမမှတ်မိဘဲ ထိုးကိုက်လိုက်ရာ သူရင်ကျိုးရပုံ၊ အချစ်ကြီး၍ အမျက်ကြီးကာ ခွေးဆိုသည့် တိရစ္ဆာန် တစ်မျိုးလုံးကို လုံးဝမမြင်ပါစေနှင့်ဟု ဆုတောင်းပုံ၊ ခွေးလေ ခွေးလွင့် ရှင်းလင်းသုတ်သင်ရေးတွင် ရှေ့ဆုံးက ပါဝင်မည်ဟု ဆုံးဖြတ်ပုံ တို့ကို ရေးဖွဲ့ထားရာ သရုပ်ပေါ်လှပေသည်။

**ဉာဏ်မမီသော** ပုစ္ဆာ(မဟေသီ မဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၉၄)၊ ဝတ္ထုတိုမှာ ဝတ္ထုခေါင်းစဉ်အတိုင်း ဉာဏ်လိုက်၍ မမီနိုင်သော၊ အဖြေရှာရ ခက်သော ပုစ္ဆာ ထုတ်ထားသည့် ဝတ္ထုကလေးဖြစ်သည်။

ကျောင်းသူနှင့် ရုံးဝန်ထမ်းများနေထိုင်သော အပြင်ဆောင်တွင် မကြာ ခဏ ထဘီပျောက်သည့် ဇာတ်လမ်းဖြစ်သည်။ တစ်ခန်းဝင် တစ်ခန်းထွက် ထဘီကို လိုက်ရှာရာ ထဘီကို မတွေ့သော်လည်း အခန်း တစ်ခန်းတွင် ရောင်းထားသည့် ထဘီစာရင်းကို သွားတွေ့သည်။ ထူးဆန်းသည်မှာ ထိုအခန်းတွင် နေထိုင်သူသည် သရုပ်ပြဆရာမ။ ဝတ်စား ဆင်ယင်ပုံကို ကြည့်၍ လူကုံထံထံမှဟု ခန့်မှန်းနိုင်သည်။ ရုပ်ရည် ချောမောလှပသည်။ အဖိုးတန် လက်ဝတ်လက်စားများကို ဝတ်ဆင်သည်။ ယဉ်ကျေးသိမ်မွေ့ကာ လူတစ်ဖက်သားကို ကူညီတတ်သည်။ သူသည် ဘာမျှမပြောပဲ တစ်ညလုံး ငိုယိုကာ နောက်နေ့ နံနက်တွင် အဆောင်မှ ထွက်ခွာသွားသည်။ သူ့ကို လာကြိုသော ကားမှာ မှန်နက် တပ်ထားသော အနက်ရောင် ကားမြင့်မြင့်ကြီး ဖြစ်သည်။ သူသည် မခိုးရ မနေနိုင်သောကြောင့် ခိုးသူလော၊ သူသည်

www.burmeseclassic.com

အစစ်အမှန် ထဘီခိုးသူဟု သေချာစွာ ပြောနိုင်ပါသလော။ အဆောင်တွင် ကျန်ရစ်သူ နှစ်ဦး၏ ဝေခွဲမရသော အမေး ပုစ္ဆာအတွက် ရင်ခုန်သံကို စာဖတ်သူများ ကြားကြရမည်ဖြစ်သည်။

**ရူးမယ့် နှင်းဆီ**(ရင်ထဲငြိမ်း၊ အမှတ်၉၊ အောက်တိုဘာ၊ ၁၉၉၂)ဝတ္ထုကား တက္ကသိုလ်နောက်ခံ မေတ္တာဘွဲ့ ဇာတ်လမ်းတစ်ပုဒ်ဟု ဆိုနိုင်သည်။ 'ရဲစွာ' ဆိုသည့် ကောင်ကလေးသည် သူ့ကို စိတ်ဝင်စားသူ ဗိုင်းဗိုင်းလည် နေသည့်ကြားက 'နှင်းဆီ' ဆိုသည့် ကောင်မလေးအား တမ်းတမ်းစွဲ ချစ်နေ သော်လည်း နှင်းဆီက သူ့မေတ္တာကို ပြန်လည် မတုံ့ပြန်ဘဲ မသိစိတ်ထဲ၌သာ သူ့မေတ္တာကို သိုဝှက်ထားသည့် အကြောင်း ရေးဖွဲ့ထားသည့် လှပသော ဝတ္ထုတိုကလေးတစ်ပုဒ်ဖြစ်သည်။

**မသိစိတ်နှင့် မျှော်လင့်ခြင်း**(မြားနတ်မောင် မဂ္ဂဇင်း၊ အမှတ်၃)ဝတ္ထုသည် ယနေ့ ခေတ်စားနေသော တချို့သော ကုမ္ပဏီများ၏ အလုပ်လျှောက်လွှာ ရောင်း၍ ငွေရှာသော အကြောင်းကို ဇာတ်လမ်းဖွဲ့ ရေးသားထားသည်။ ဂုဏ်ထူးတန်း နောက်ဆုံးနှစ်ဖြစ်သော 'သက်သက်နောင်'သည် သတင်းစာတွင် အကျိုးဆောင်လုပ်ငန်းတစ်ခုမှ အတွင်းရေးမှူး အလိုရှိသည် ဟူသော ကြော်ငြာအရ အကျိုးဆောင်ကုမ္ပဏီသို့ သွားရောက်ရာ လျှောက်လွှာ ဝယ်ယူရန် လူ ၆၀–တိုးဝှေ့နေသည်ကို တွေ့ရသည်။ လျှောက်လွှာ တစ်စောင် ငွေတစ်ဆယ်ဖြင့် ဝယ်၍ တင်ထားခဲ့ကာ လူတွေ့ခေါ်ယူမည့်နေ့ကို စောင့်၊ လူတွေ့ခေါ်ယူသည့်အခါ မေးချင်ရာ မေးသည့် မေးခွန်းများကို ဖြေပြီး ရွေးပါက အလုပ်ခန့်စာ စောင့်မျှော်ရပုံကို ရေးဖွဲ့ထားသည်။

**ဆန္ဒတစ်ခြမ်းပဲ့**(ရှုမဝ၊ ဇန်နဝါရီ၊၁၉၉၁)မှာ ဝက်ဆွဲသော ဖခင်က သူကဲ့သို့ ပင်ပန်းကြီးစွာ အလုပ်မလုပ်ရအောင် သူ့သားအား ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ ညွှန်ကြားရေးမှူးချုပ်တို့ ဖြစ်စေချင်သည့် ဆန္ဒဖြင့် သွန်သင် ပုံသွင်းသော်လည်း သူ့သားမှာ သူဖြစ်ချင်သလို ဖြစ်မလာ၍ ဖခင်ဖြစ်သူ စိတ်မော ရင်မော ဖြစ်ရပုံကို ရေးသားထားပြီး **သိက္ခာ**(အပျိုစင်



မဂ္ဂဇင်း၊ အမှတ်–၄၊ ၁၉၉၃၊ ဒီဇင်ဘာလ)ဝတ္ထုတွင် ညီမထမင်းပန်ကန်းထဲမှ ဟင်းနိုက်ယူ ခိုးစားသော အစ်ကိုဖြစ်သူ၏ ပျက်ယွင်းနေသော အကျင့်စာရိတ္တနှင့် သိက္ခာကို မြင်တွေ့နိုင်သည်။ အရိုးအရင်းသာ ကိုက်ရသည့် ခွေးခများ ကြားထဲက ယိုးစွပ်ခံရကာ အရိုက်ခံရပုံကို ရေးဖွဲ့ထားသည်မှာ ပီပြင်လှသည်။

**ပိုးဟပ်သီချင်း**(ဂျိုးအီးစီ မဂ္ဂဇင်း၊ အမှတ်–၃)မှာ လာဘ်စားသော အရာရှိတစ်ယောက်အား လက်ဆောင်ပစ္စည်းထဲတွင် ပိုးဟပ်များထည့်၍ လက်စားချေသည့် ဇာတ်လမ်းဖြစ်သည်။

**လျှို့ဝှက်အယ်လ်ဘမ်**(မြားနတ်မောင် မဂ္ဂဇင်း၊ အမှတ်–၁၂၊ ဇွန်၊ ၁၉၉၃)ဝတ္ထုမှာ ရာသက်ပန်(တောင်ငူဆောင်)၏ တက္ကသိုလ်နောက်ခံ ဝတ္ထု တစ်ပုဒ်ဖြစ်သည်။ သို့သော် မေတ္တာဘွဲ့ မဟုတ်။ မိဘဆင်းရဲ၍ မိမိကိုယ်တိုင်က မဟာဝိဇ္ဇာတန်း တက်ချင်သော်လည်း မိဘကို ငွေကြောလိဖိုင်း မဝင်နိုင်အောင် ဖြေနိုင်သည့် မေးခွန်းများကို အပိုဒ်စေ့ မဖြေဘဲ အောင်ရုံလောက်သာ ဖြေခဲ့သည့် မဟာဝိဇ္ဇာတန်းတက်ချင်သူ ကျောင်းသူ တစ်ဦး၏ဘဝကို ရင်နင့်ဖွယ် ရေးဖွဲ့ထားသည်။

မိဘများမှာ ပညာတတ်များ ဖြစ်ကြသည်။ ဝန်ထမ်းများ ဖြစ်ကြသည်။ သားသမီးများကို ပညာတတ်ကြီးများ ဖြစ်စေချင်ကြသည်။ ပညာကို အလွန် အားပေးသည်။ သားသမီးများအား 'နေစရာမရှိရင် သစ်ပင်အောက်မှာ အဖိတိုးပြီး သွားနေမယ်။ ပညာကိုသာ တော်အောင် ကြိုးစားကြ'ဟု အမြဲမှာလေ့ ရှိသည့် မိဘများ ဖြစ်ကြသည်။

မဟာဝိဇ္ဇာတန်းတက်ချင်သူ ကျောင်းသူလေးမှာ စာ အလွန်တော်သည်။ သူချွန်သည်။ သူငယ်တန်းမှ ဆယ်တန်းအထိ အဆင့် တစ် ချည်း ရခဲ့သူဖြစ်သည်။ ဆယ်တန်းစာမေးပွဲ ဖြေခါနီး တိုက်ဖို့ကြုံဖြစ်၍ စာမေးပွဲကို ဆေးရုံမှ ဖြေရသည်။ အမှတ်နည်းသွား၍ မြန်မာစာကို ဦးစားပေး လျှောက်ခဲ့ခြင်း ဖြစ်သည်။ မနှစ်က ဂုဏ်ထူးသုံးခု ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းသေ မဟာဝိဇ္ဇာတန်း တက်ဖို့ ကွာလီဖိုင်းဝင်နိုင်သည်။ သို့သော် သူသည် သူ့မိသားစု၏ အခြေအနေကို သိသည်။ မဟာဝိဇ္ဇာတန်းတက်လျှင် ကုန်ကျမည့် ငွေအနေအထား၊ အချိန်ကို သူ ချင့်သည်။ ရိုးရိုးဝိဇ္ဇာဘွဲ့ ယူကာ အလုပ်ထဲဝင်မည်ဟု ဆုံးဖြတ်သည်။ ထို့ကြောင့် နောက်ဆုံးနှစ် စာမေးပွဲ၌ ကွာလဖိုင်း မဝင်နိုင်ရန် မေးခွန်းတိုင်းကို အပိုဒ်စေ့ မဖြေဘဲ အောင်ရုံလောက်သာ ဖြေပြီး စာမေးပွဲခန်းမှ ထွက်ခဲ့သည်။

ဝတ္ထု၏နောက်ဆုံး နိဂုံးသည် ဝတ္ထုတစ်ပုဒ်လုံး၏ အထွတ်အထိပ် ဖြစ်သည်။ စာဖတ်သူအား ရင်ထဲ၌ နင့်ခနဲ ကျန်ရစ်စေအောင် ဝတ္ထုရေးသူသည် သူ့အနုပညာ စွမ်းအားကို အဆုံးစွန် ထုတ်သုံးလိုက်သည်။ ကြည့်ပါ။

'ထိုနေ့သည် ကောင်မလေး၏ စာမေးပွဲ နောက်ဆုံးနေ့မှန်း မသိဘဲ ကျွန်မ ကျောင်းသို့ ရောက်လာဖြစ်သည်။ စာတန်းငယ် တစ်ခုနှင့် ပတ်သက်၍ ဆွေးနွေးရန် သူငယ်ချင်းများနှင့် ချိန်းထား၍ ဖြစ်သည်။ ရာမည မှတ်တိုင်မှာ ကားပေါ်က ဆင်းပြီး ကျောင်းထဲသို့ တစ်လှမ်းချင်း လှမ်းလာဖြစ်တော့ မထင်မှတ်သော မြင်ကွင်းဆီ ကျွန်မ မျက်ဝန်း ရွေ့လျားသွားသည်။ ရာမညဆောင်ပေါ်တီကို အောက်ညာဘက် ခြမ်း လှေကားထစ်မှာ ကောင်မကလေး တစ်ယောက်ထဲ ငေးငိုင်လျှက် ထိုင်နေရှာသည်။ ကောင်မလေး မျက်နှာသည် ရွာတော့မည့် မိုးနှယ် မှိုင်းညို့ အုံ့ဆိုင်းနေလေသည်။ ကျွန်မ အလျှင်အမြန်ပဲ ကောင်မလေးအား ရောက်ရှိသွားကာ 'ဖြေနိုင်ရဲ့လား'ဟု ပြုံးပြုံး နှုတ်ဆက်လိုက်သောအခါ ကောင်မလေး မျက်နှာသည် ဆတ်ခနဲ ငုံ့ကျသွားလေသည်။ ကောင်မလေးဘေးသို့ ကျွန်မ ဝင်ထိုင်ကာ သူ့ပခုံးလေးကို ဖက်ထား လိုက်သည်။ ရှိုက်သံနှင့်အတူ ကောင်မလေး၏ နောက်ကျောတစ်ခုလုံး သိမ့်သိမ့်တုန်သောအခါမှ ငိုနေကြောင်း ကျွန်မ ရိပ်မိသွားခြင်း ဖြစ်သည်။ ကျွန်မ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကာ ပျာယာခတ် သွားရသည်။



"ဘာ- ဘာဖြစ်လို့လဲ ညီမရယ်၊ မဖြေနိုင်လို့လား"

ကောင်မလေးသည် ဘာတစ်ခွန်းမှ မဖြေနိုင်ဘဲ ငိုရှိုက်၍ ကောင်း နေဆဲဖြစ်သည်။ မချော့တတ်သည့် ကျွန်မကတော့ ကောင်းကောင်းကြီး ဒုက္ခတွေ့နေပြီ ဖြစ်သည်။ ခြေဖျားလက်ဖျားတွေ အေးလာကာ ကိုယ်ပါ လိုက်ငိုရမလို ဖြစ်နေမှာ သေချာသည်။ ကျွန်မ မျက်နှာဟာ ရှုံ့မဲ့ နေမှာပါပဲ။

"မေးခွန်းအားလုံးဟာ ကျွန်မ ဖြေနိုင်တာချည်းပဲ အစ်မရယ်။ ဒီတစ်ခါလဲ ကျွန်မ ကံဆိုးပြန်ပြီ"

ရှိုက်သံတစ်ဝက် ရောယှက်နေသည့် ကောင်မလေး၏ စကားသံ များသည် မပီ ဝိုးတဝါးသာ ဖြစ်သည်။

"ညီမ မေးခွန်းတိုင်းကို အပုဒ်စေ့ မဖြေခဲ့ဘူး။ ကွာလဖိုင်း ဝင်ရင် အဖေတို့က အိမ်ရောင်းပြီး ကျောင်းဆက်ထားကြမှာ"

ငိုသံများကြားမှ စကားသံများသည် ကျွန်မနားထဲသို့ အဆင်မချောစွာ ဝင်ရောက် သွားလေသည်။ ကောင်မလေးနှင့် မတွေ့ခင် ရက်များစွာက ကောင်မကလေးအတွက် ရည်ရွယ်ပြီး ထိုးခဲ့မိသည့် ထိလက်မှတ် ကလေးဟာ ကျွန်မ ပိုက်ဆံအိတ်ထဲမှာ . . .။

ကျွန်မ မျက်ဝန်း နှစ်ဖက်မှာတော့ ကောင်မလေးဆီမှ ကူးစက်လာသော အပူစီးကြောင်းများ . . .။

ဆရာ မြသန်းတင့်က 'လှို့ဝှက် အယ်လ်ဘမ်' ဝတ္ထုတိုနှင့် ပတ်သက်၍ -

'လှို့ဝှက် အယ်လ်ဘမ်တွင် စာတော်၍ မဟာဝိဇ္ဇာတန်း တက်ချင်သူ ကျောင်းသူကလေးက အိမ်ရောင်းပြီး မဟာဝိဇ္ဇာတန်းတက်ရန် အားပေးသည့် မိဘနှစ်ပါးကို ငဲ့ညှာသောအားဖြင့် စာမေးပွဲ အောင်ရုံသာ ဖြေပြီး အနစ်နာခံလိုက်သည့်အကြောင်း ဖြစ်၍ သူ့ကို သနားရမည် လော၊ ချီးကျူးရမည်လော၊ စိတ်ဆိုးရမည်လောဟု မဝေခွဲနိုင်အောင် ဖြစ်ရသည်'ဟူ၍ ဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ နှလုံးသားထဲမှာ ဓာတ်ပုံရိုက်ထားသလိုမျိုး ရှုးရှူးနစ်နစ် စွဲရစ်ထင်နေတဲ့ အဖြစ်အပျက်တွေ အများကြီး ရှိပါတယ်။ အဲဒီဖြစ်စဉ်တွေဟာ အကြောင်းအမျိုးမျိုးကြောင့် လူမြင်ကွင်းထဲ ရောက်အောင် မပြသနိုင်ဘဲ သိမ်းဆည်း သိုဝှက်လို့ ထားရပါတယ်။ ကျွန်မကတော့ လျှို့ဝှက်အယ်လ်ဘမ်ကို ဖွင့်ပြနိုင်ဖို့ အတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးစားမှာဘဲ။ ကြိုးစားနေတယ်'ဟု ဆရာမ ရာသက်ပန် (တောင်ငူဆောင်) က သူ့ဝတ္ထုနှင့် ပတ်သက်၍ ဖွင့်ဟ ပြောဆိုထားသည်။

**မှားယွင်းစွာ အိပ်ပျော်ခြင်း**(ရင်ခုန်ပွင့် မဂ္ဂဇင်း၊ မတ်လ၊ ၁၉၉၄) ဝတ္ထုတိုမှာ အမျိုးသမီး ဘော်ဒါဆောင်တစ်ခုတွင် မှန်မှန်ကန်ကန် နေထိုင်သည့် အဆောင်သူနှင့် စည်းကမ်းပျက်နေထိုင်၍ အကျင့် စာရိတ္တ ပျက်နေသည့် အဆောင်သူတို့၏ ဇာတ်လမ်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

အဆောင်ပိုင်ရှင်သည် မှန်ကန်စွာ နေထိုင်သည့် အဆောင်သူအား အချိန်နောက်ကျ၍ စည်းကမ်းပျက်သည်ဆိုကာ အဆောင်မှ ထုတ်ပစ်လိုက် ပြီး၊ မိမိကိုယ်ကို ဆေးတက္ကသိုလ် အမှတ်မမီ၍ မြန်မာစာယူခဲ့သည်ဟု ဆိုကာ နိုင်ငံခြားသွားရန် ကြိုးစားနေသည် ဆိုသော ရှစ်တန်းပညာဖြင့် ကျောင်းထွက်ခဲ့သည့် အဆောင်သူအား မကြာခဏ စည်းကမ်း ဖောက်ဖျက် သည်ကို မသိဘဲ အဆောင်တွင် နေထိုင်ခွင့်ပေးထားသည်ကို နှိုင်းယှဉ် ရေးထားသည်။

**ခြင်ကောင်များနှင့် ရန်ဖြစ်ခြင်း**(ရွှေအမြုတေ မဂ္ဂဇင်း၊ ဇန်နဝါရီ ၁၉၉၄) ဝတ္ထုတိုမှာ ခြင်ကောင်မုန်းသော သူတစ်ယောက်၏ ခံစား ခြင်ကို နှိမ်နင်းပုံတို့ကို ရေးဖွဲ့ထားသည့် ရှားပါးသောဝတ္ထုတစ်ပုဒ် ဖြစ်ပြီး **ခေတ်သစ်ပညာရှင်**(ရုပ်ရှင်မျက်မှန် မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၉၃) ဝတ္ထုတိုမှာ ကျောင်းတွင် စာတော်လွန်းသဖြင့် တစ်နေ့တွင် ပါမောက္ခ ဖြစ်မည့်သူဟု အများ၏ တင်စားခြင်း ခံရသူ ကျောင်းသူ တစ်ဦးသည် တကယ့် လက်တွေ့ဘဝတွင် နည်းပြဆရာပင် မဖြစ်ဘဲ ဆက်သွယ်ရေး



ရုံး၌ တစ်နေ့ ၁၅–ကျပ် နေ့စားအလုပ် ဝင်ရောက် လုပ်ကိုင်နေရပုံကို ရေးဖွဲ့ထားသည်။

ဆရာမ ရာသက်ပန် (တောင်ငူဆောင်)သည် သူ့ဝတ္ထုများတွင် သူ ပြောချင်သည်ကို ရိုးရိုးရှင်းရှင်းပင် ပြောသည်။ သူခံစားသည့်အတိုင်း ရိုးရှင်းစွာပင် ခင်းကျင်း တင်ပြသည်။ သူသည် တက္ကသိုလ်တွင် ကျင်လည် နေရသူမို့ သူ့ဝတ္ထုများတွင် တက္ကသိုလ်ရနံ့ဖြင့် မကင်း။ သို့သော် ဝတ္ထု များမှာ တက္ကသိုလ် နောက်ခံ အချစ်ဇာတ်လမ်းများ မဟုတ်ကြ။ နေ့စဉ် တွေ့မြင် နေရသော လူတို့၏ ဘဝဇာတ်လမ်းများသာ ဖြစ်ကြသည်။ သူ ကျင်လည် တွေ့ဆုံခဲ့ရသည့် လူအသီးသီးကို သူ့အတတ်ပညာဖြင့် ဇာတ်ဆောင်များ ဖန်တီးကာ ဝတ္ထုလုပ်ထားခြင်းဖြစ်သည်။ သူ့ ဇာတ်ဆောင် များသည် သူပြောချင်သည့် ဒဿနကို နူးညံ့ သိမ်မွေ့စွာ လှစ်ဟပြသည်။ တစ်ခါတရံ သူသည် ဇာတ်ဆောင် ပြောသည်ကို အားမလို အားမရ ဖြစ်သည်နှင့် ဝင်ပြောတတ်သည်။ သို့သော် တချို့ဝတ္ထုများတွင် တွေ့ရ သကဲ့သို့ ဝတ္ထုရေးသူက ဆရာလုပ်ကာ ဟောပြော ပို့ချနေသည့် သဘော မျိုး မဟုတ်၊ ဇာတ်ဆောင် မေ့သွားသည့် စကားကို ဝင်ထောက်ပေးသည့် သဘောမျှသာ ဖြစ်သည်။ ထို့ပြင် သူသည် အသေးအဖွဲဟု ထင်ရသည့် ကိစ္စကိုပင် ဝတ္ထုလုပ်ကာ ကြီးကျယ် ခမ်းနားအောင် ဖန်တီးတတ်သည်။

'ခြင်ကောင်များနှင့် ရန်ဖြစ်ပုံကို စစ်ပွဲတစ်ပွဲလို ကြီးကျယ် ခမ်းနား သွားအောင် ရေးနိုင်သည်မှာ သူ့ဝတ္ထုတို အတတ်ပညာပင် ဖြစ်သည်'ဟူ၍ ဆရာမြသန်းတင့်က ချီးကျူးထားသည်ကို တွေ့ရသည်။

သူသည် စာဖတ်သူအား သူ့ဝတ္ထုထဲ၌ ပါလာအောင် သူ့ဝတ္ထု အတတ်ပညာဖြင့် ညှို့ယူနိုင်ပြီး ဝတ္ထုဆုံးသော် စာဖတ်သူ၏ ရင်ထဲတွင် ရသတစ်ခုခု ထင်ကျန်ရစ်စေရန် ချန်ထားနိုင်စွမ်း ရှိသူတစ်ဦးဟု ဆိုချင် ပါသည်။

ဆရာမ ရာသက်ပန်(တောင်ငူဆောင်)သည် ရန်ကုန်မြို့ ရှယ် ၃၅လမ်း ရှိ ပန်းချီဆရာမ မမွေး၏ ပန်းချီခန်းသို့ လာရောက်တတ်လေရာ ဆရာမနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံခိုက် ဆရာမ ရေးသားသော ဝတ္ထုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြ လိုက်ပါသည်။

**မေး။** ဆရာမ...စာပေ လောကထဲ ဘယ်လို ရောက်ရှိလာပါသလဲ၊ ဝတ္ထုတိုကို ဘယ်အချိန်က စတင် ရေးခဲ့ပါသလဲ။

**ဖြေ။** အထက်တန်း ကျောင်းသူ ဘဝကတည်းက ဝတ္ထုတွေစ, ရေးနေတာ မှတ်မိပါတယ်။ အဲဒီတုန်းက ကျွန်မရေးတဲ့စာဟာ ကျွန်မရဲ့ ခံစားချက်တွေပဲ ဖြစ်နေတယ်။ စိတ်ပါလို့ ကဗျာရေးမိတယ်ဆိုရင်လဲ အဲဒီအတိုင်းပဲ။ ကျွန်မရဲ့ ခံစားချက်တွေကို ကဗျာအဖြစ် ပုံစံပြောင်းလိုက်တာ ဖြစ်နေတယ်။ သူများတွေကို ပေးဖတ်ရမှာကိုလည်း ကျွန်မ ရှက်သေးတယ်။ မဂ္ဂဇင်းတွေကို ပို့ဖို့လည်း စိတ်မကူးရဲဘူးပေါ့။ ဘယ်ကိုမှ မပို့ဖြစ်ပေမယ့် အချိန်ရရင် ရသလို စာတွေ ရေးနေခဲ့တယ်။ ဒီလိုနှင့် ကျွန်မ တတိယနှစ် ဂုဏ်ထူးတန်း ကျောင်းသူဘဝ ရောက်လာခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင် ကျောင်းတွေ ပိတ်လိုက်တာနှင့် ကြုံတယ်။ အလုပ်လက်မဲ့ဘဝနှင့် အိမ်မှာ နေနေရတဲ့ ကျွန်မရဲ့ အချိန်တွေဟာ စာရေး၊ စာဖတ်၊ သီချင်း နားထောင်တာနှင့် ကုန်သွားတာ များတယ်။ အဲဒီအချိန်မှာ ကိုယ်ရေးတဲ့စာကို သူများတွေ ဖတ်စေချင်လာတယ်။ အရဲစွန့်ပြီး မဂ္ဂဇင်းတွေကို ပို့ကြည့်တယ်။ ၁၉၈၉ခု ဧပြီလထုတ် မဟေသီ မဂ္ဂဇင်းမှာ ဝတ္ထုတို စ,ပါလာတယ်။ ဒီလိုနှင့် စာပေလောကထဲကို ကျွန်မ ရောက်လာတယ် ဆိုပါတော့။

**မေး။** ဆရာမရဲ့ ဝတ္ထုတွေဟာ ဇာတ်လမ်းထက် ဇာတ်ကောင်စရိုက်ကို အားပြုရေးထားတာ တွေ့ရပါတယ်။ ဇာတ်လမ်းကို အဓိကထားတဲ့ ဝတ္ထုတွေ မတွေ့ရသလောက်ပါပဲ။ လုံးချင်းဝတ္ထုတွေကလွဲရင်ပေါ့။ ဘာလို့ ဇာတ်ဆောင်ကို အားပြုရေးရသလဲ။ နှစ်သက်လို့လား။



**ဖြေ။** ဇာတ်ဆောင်အားပြုကို နှစ်သက်လို့ ဇာတ်ဆောင် အားပြု ဝတ္ထုတိုတွေ ချည်း ရေးဖြစ်နေတာ မဟုတ်ပါဘူး။ ကျွန်မက ဝတ္ထုတိုဆိုရင် တိုတိုနဲ့ လိုရင်းကို ရောက်အောင် ထိထိမိမိ တင်ပြချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်မ ရေးချင်တဲ့ အကြောင်းအရာဟာ ဘယ်လို ပုံစံနဲ့ ရေးရင် ကိုယ်ပြောချင်တာ ကိုယ်ပြချင်တာကို စာဖတ်သူ ထင်းခနဲ လင်းခနဲ မြင်မလဲဆိုတာ စဉ်းစားရင်း ဇာတ်ဆောင်အားပြုလို့ သတ်မှတ်တဲ့ ဝတ္ထုတိုတွေ ဖြစ်လာတာပါပဲ။ ဇာတ်လမ်းကို အသားပေးပြီး ရေးရမယ့် အကြောင်းအရာမျိုး၊ ခံစားမှုမျိုး ရှိလာခဲ့ရင် ဇာတ်လမ်းအားပြု ဝတ္ထုတိုတွေ ရေးဖြစ်လာလိမ့်မယ် ထင်ပါတယ်။

**မေး။** ဆင်းရဲတဲ့ တောင်ခြေရွာကလေးမှာ ကျောင်းဆရာမလုပ်တဲ့ အတွေ့အကြုံကို ရေးထားတဲ့ **'ဆန့်ကျင် ဝိညာဉ်'** ဝတ္ထုတိုကလေးဟာ ရင်နင့်စရာ ကောင်းတဲ့ ဝတ္ထုတိုကလေးပါပဲ၊ ဆရာမအတွက် ကြာပန်းခူးရင်း ရေနစ် သေဆုံးသွားတဲ့ ကျောင်းသားလေး အမေရဲ့ အော်ဟစ်ငိုသံကို မခံနိုင်လို့ ထွက်သွားတဲ့ ဆရာမ အကြောင်း ရေးထားတာ ဆရာမဘက်က ကြည့်ပြီး ခံစားရပါတယ်။ အဲဒီဝတ္ထုဟာ ဆရာမရဲ့ ကိုယ်တွေ့ ဝတ္ထု ဟုတ်ပါသလား။

**ဖြေ။** 'ဆန့်ကျင် ဝိညာဉ်' ဝတ္ထုတိုလေးက ကျွန်မရဲ့ ကိုယ်တွေ့ ဝတ္ထုမဟုတ်ပါဘူး။ ကျွန်မ လယ်ဝေးမြို့ကို သွားလည်တော့ ကျွန်မဦးလေးက ကြာပန်းဆင်းခူးရင်း ရေနစ်သေဆုံးသွားတဲ့ ကလေးငယ်တစ်ယောက်အကြောင်း စကားစပ်မိလို့ ပြောပြရာက အဲဒီ ဝတ္ထုတို ဖြစ်လာတာပါ။ ကျန်တဲ့အပိုင်းတွေကတော့ ကျွန်မ စိတ်ကူး ခံစားမှုနှင့် အတွေးတွေကို ပေါင်းစပ်ပြီး ပုံဖော်ထားတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မေး။** ဆရာမဟာ ဝတ္ထုရှည်ထက် ဝတ္ထုတိုအရေးကောင်းသူလို့ ဆိုရပါ့မယ်။ ဝတ္ထုတို ဆရာမလို့ပဲ သတ်မှတ်ချင်ပါတယ်။ ဝတ္ထုတို ရေးရာမှာ ဘယ်လို ဖွဲ့စည်း ခင်းကျင်းတယ်ဆိုတာ သိပါရစေ။

**ဖြေ။** ကျွန်မရဲ့ ဝတ္ထုရှည်တွေထက် ဝတ္ထုတိုကို ပိုအားရတယ်လို့ လူအတော်များများ ပြောဖူးပါတယ်။ ဒါကြောင့်မို့ ကျွန်မရဲ့ ဝတ္ထုရှည်တွေမှာ လိုအပ်ချက်တွေ ရှိနေသေးတယ်ဆိုတာ ကျွန်မ သိထားရပါမယ်။ ကျွန်မရဲ့ မပြည့်ဝမှုတွေကို ဖြည့်ဖို့ ကျွန်မ အမြဲ ကြိုးစားနေပါတယ်။ အဲဒီလို ထောက်ပြဝေဖန်ပေးတဲ့ အတွက်လည်း အားလုံးကို ကျေးဇူးတင်ရပါတယ်။ ကျွန်မဟာ ဝတ္ထုတိုရော ဝတ္ထုရှည်ပါ ရေးသူတစ်ယောက်မို့ ဝတ္ထုတိုဆရာမ လို့ သတ်မှတ်တာကို သဘောမတူပါဘူး။ ဒီလို ပြောလို့ တစ်မျိုးတော့ မယူဆလိုက်ပါနဲ့နော်။ ဥပမာ ပြောရရင် ကျွန်မမှာ သားနှစ်ယောက်ရှိတယ် ဆိုပါစို့။ ကျွန်မက သားနှစ်ယောက်စလုံးကို တန်းတူ ချစ်မြတ်နိုး ဂရုစိုက်ပါလျှက် သားတစ်ယောက်ကပဲ ပိုလှ၊ ပိုထက်မြက်နေတယ် ဆိုပြီး အဲဒီသားကိုသာ ဂရုစိုက်တဲ့ အမေအဖြစ် သတ်မှတ်ရင် ကျွန်မ ဘယ် စိတ်ကောင်းနိုင်ပါ့မလဲ၊ လူတွေက ငါ့အပေါ်မှာ အဲဒီလိုပဲ မြင်သလား၊ ငါ့မှာ ဘာလိုအပ်ချက် ရှိနေသလဲ ဆိုတာ ပြန်သုံးသပ်ရင် နောက်သားတစ်ယောက်ကိုလည်း ချစ်ပြရမယ်၊ ဂရုစိုက်ပြရမယ်၊ ထက်မြက်အောင် မြေတောင် မြှောက်ပေးရမယ်ဆိုတာ အလိုလို သိလာရတာမျိုးပါ။

ဝတ္ထုတိုရေးဖို့ အကြောင်းအရာ တစ်ခု၊ ခံစားချက် တစ်ခု ကျွန်မ ရင်ထဲကို ငြိလာပြီဆိုရင် အဲဒီအကြောင်းအရာကို



အတောက်ပဆုံး ပေါ်လွင်အောင် ဘယ်လိုရေးရင် ကောင်းမလဲ ဆိုတာ အရင် စဉ်းစားပါတယ်။ ဝတ္ထုတိုအဖွင့်ကို ဘာနဲ့စ,ဖွင့်မလဲ၊ နိဂုံးကို ဘယ်လိုဆွဲပြမလဲဆိုတာတွေ အသေးစိတ်တွေးပြီးမှ ဝတ္ထုကို စရေးပါတယ်။ အရေးအသား စတိုင်လ်ကိုလည်း ရွေးပါတယ်။ ဒီအကြောင်းအရာကတော့ ဒီလို အရေးအသားမျိုးနဲ့ဆို လိုက်ဖက်မယ် ထင်ပါရဲ့ဆိုတာ မျိုးတွေ အမျိုးမျိုး စဉ်းစားပြီးမှ ဝတ္ထုတိုတစ်ပုဒ်ကို ဖန်တီးပါတယ်။

**မေး။** ဆရာမရဲ့ ဝတ္ထုတွေဟာ တက္ကသိုလ်ရနံ့ မကင်းတာကို တွေ့ရပါတယ်။ ဒါပေမယ့် အချစ် ဇာတ်လမ်း မေတ္တာဖွဲ့ချည်းတော့ မတွေ့ရပါဘူး။ ဘယ်လိုကြောင့် တက္ကသိုလ် နောက်ခံ ဝတ္ထုတွေ ရေးဖြစ်လာရပါသလဲ။

**ဖြေ။** ကျွန်မ ဝတ္ထုတွေမှာ တက္ကသိုလ် ရနံ့မကင်းတာကို တွေ့ရမှာပေါ့။ ကျွန်မက တက္ကသိုလ်နှင့် ပတ်သက်တဲ့ အကြောင်းတွေ ရေးချင်တာကိုး။ တက္ကသိုလ်အကြောင်း မရေးဘူးလို့ ကြွေးကြော်ပြီး စာပေလောကထဲ ဝင်လာတဲ့ စာရေးဆရာမ တစ်ယောက်ရဲ့ အကြောင်းကို ဖတ်ပြီး အဲဒီ အဆိုကို ကျွန်မ တော်တော်လေး သဘောမတူ ဖြစ်ခဲ့ရဖူးပါတယ်။ ကျွန်မတို့ တက္ကသိုလ်ကြီးရဲ့ သမိုင်းကြောင်းဟာ အင်မတန် တောက်ပြောင်ခဲ့ဖူးပါတယ်။ ဒီတက္ကသိုလ်ကြီးရဲ့ အကြောင်းကို ကျွန်မတို့လို တက္ကသိုလ်မှာ ကိုယ်တိုင် တက်ရောက် ပညာသင်ကြားခဲ့ဖူးသူတွေကမှ မရေးရင် ဘယ်သူတွေ ရေးကြမလဲ။ တက္ကသိုလ်နှင့် ပတ်သက်ပြီး ရေးပြစရာ သိပ်ရှားနေပြီဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကျွန်မကတော့ တက္ကသိုလ်နှင့် ပတ်သက်ရင် ရင်ခုန်စရာတွေ၊ ရင်မောစရာတွေ ရေးစရာ ရှိလာဦးမယ်ဆိုရင် ရေးဦးမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မေး။ ဆရာမရဲ့ ဝတ္ထုတွေ အပေါ် တုံ့ပြန်မှုတွေ ရှိကြပါသလား။ ရှိရင် ဘယ်လို တုံ့ပြန်ကြပါသလဲ။

ဖြေ။ ကျွန်မရဲ့ ဝတ္ထုတွေ အပေါ် တုံ့ပြန်မှု... ဟုတ်လား၊ ရှိပါတယ်၊ တချို့က' ခြင်ကောင်များနှင့် ရန်ဖြစ်ခြင်း' မှာ ခြင်ကောင်တွေကို ထောင်ဖမ်းပြီး သတ်နေတာဟာ အဓိပ္ပာယ် မရှိဘူးတဲ့။ ခြင်ကောင်တွေကို ကျွန်မက သွေးစုပ်သတ္တဝါတွေ အဖြစ် မြင်တယ်လေ။ သူဟာ ဘယ်သူ့အပေါ်မှ ကောင်းကျိုး ပေးမယ့် အလားအလာ မရှိဘူး။ ဒီလို အကောင်တွေကို ကိုယ့်အသား လာကိုက်မှ သတ်မယ်ဆိုပြီး ပုဂ္ဂလဆန်ဆန် အတွေးကြီးရင် မကောင်းဆိုးဝါး ခြင်ကောင်တွေဟာ ထာဝရ သက်ဆိုးရှည် နေကြတော့မှာပေါ့။ ကျွန်မကတော့ အဲလို မဖြစ်စေချင်တာ အမှန်ပဲ။ နောက်တစ်ခုက 'စူးမယ့် နှင်းဆီ'မှာ ရဲဖွာကို ချစ်ပါလျက် သူများတွေရဲ့ ထင်ကြေးကို ကြက်ခြေခတ် ပြချင်လို့ စွန့်လွှတ် ထားပစ်ခဲ့တဲ့ နှင်းဆီဟာ ရူးတာတဲ့လေ။ နှင်းဆီ ရူးချင်ရူးမှာပေါ့၊ ဒါပေမယ့် ကျွန်မက နှင်းဆီရဲ့ဆုံးဖြတ်ချက်ကို သဘောတူတယ်လေ။

မေး။ အခု ဆရာမ မဟာဝိဇ္ဇာအတွက် ကျမ်းပြုနေတယ်လို့ သိရပါတယ်။ ဘာ ကျမ်း ပြုစုနေပါသလဲ။ Literature နဲ့ ပတ်သက်ပါသလား။

ဖြေ။ ကျွန်မ ပြုစုတဲ့ ကျမ်းက Literature ပိုင်းပါ။ 'ဒဂုန်မဂ္ဂဇင်း ဝတ္ထုတို လေ့လာချက်'ဆိုတဲ့ ခေါင်းစဉ်နဲ့ပါ။ ခုနှစ် သက္ကရာဇ် ပိုင်းက (၁၉၃၈၊ ၁၉၃၉၊ ၁၉၄၀)ဖြစ်ပါတယ်။ စစ်ကြိုခေတ် ဝတ္ထုတိုတွေပေါ့။ ဒီကျမ်းခေါင်းစဉ်ကို ရတော့ ဆရာ ဒဂုန် တာရာဆီ ကျွန်မ သွားခဲ့ပါတယ်။ ဘယ်နှစ် အပိုင်းအခြားကို လုပ်ရရင် ကောင်းမလဲလို့ အကြံတောင်းတော့ ဆရာ ဒဂုန်တာရာ က စစ်ကြိုခေတ်အပိုင်းကို လုပ်ဖို့ ပြောခဲ့တာပါ။



မေး။ အခု ဘာတွေ ရေးနေပါသလဲ။

ဖြေ။ အခုအချိန်မှာတော့ ကျွန်မရဲ့ Thesis အတွက်ပဲ အချိန်ပေးနေရပါတယ်။ Thesis ပြီးရင်တော့ ဝတ္ထုတို ဝတ္ထုရှည်တွေရေးဖို့ ရင်ထဲမှာ အများကြီး ရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## သွေးပျက်ငှက်

သူ့နှာခေါင်းနှင့် နှုတ်ခမ်းဝမှ တရွေ့ရွေ့ ထွက်ခွာသွားသော ဆေးလိပ်မီးခိုးများကို လိုက်ကြည့်ရင်း သူ့အတွေးတွေ တသီတတန်းကြီး အရစ်ရှည်နေသည်။

အဓိကမှာ သူ့ဘဝကို သူမကျေနပ်သော စိတ်နာမှု၏ အရင်းခံဖြစ်သည်။ အကြိမ်ကြိမ် အဖန်ဖန် ချုံးနှိမ်ခြင်း ခံနေရရှာသော သူ့မခံချင်စိတ်သည်လည်း လုံးပါး ပါး နေလောက်ပြီ။ သူဟာ...ဘာကြောင့်များ သူ့စိတ်နှင့် သူ့ကိုယ် လူမဖြစ်ရပါလိမ့်။

သူ၏ အရေးမပါသော ဒေါသတို့ကို ကြိတ်၍ ဖြေလျှော့သော်လည်း ထူးထူးခြားခြား အရာရောက်လှသည်တော့ မဟုတ်ပေ။

မနက်စောစောက သူ့ဆရာကတော် ဈေးသွားသည်ကို လိုက်ပို့ခဲ့ရသည်။ ဆရာကတော်သည် ဈေးထဲမှာ အချိန်များစွာကို ဖြုန်းတီးရသဖြင့် မှန်းထားသည့် အချိန်ထက် နာရီဝက်ခန့်ပို၍ နောက်ကျသွားသည်။

ထိုအခါ တက္ကသိုလ်တက်နေသော သူ့ ဆရာသမီးသည် စိတ်ကောက်၍ ကျောင်းသို့ ဘတ်စ်ကားနှင့် ထွက်သွားနှင့်ချေပြီ။ ပြန်လာလျှင် သူ့ဆီသို့ ပြဿနာ အထုပ်အပိုးများ သယ်ဆောင်လာဦးမည့် အရေးကို တွေးကာ သူသည် တစ်နေကုန် စိတ်ညစ်လျက် ရှိသည်။

ထိုနေ့က ညနေပိုင်း ရုံးအပြန်မှာ သူ့ဆရာကို အငယ်မလေးအိမ်သို့ ပို့ပေးခဲ့ရသည်။ သူ့ဘေးနားမှာ ဆရာ မပါလာသည့်အတွက်ကြောင့် အိမ်ပြန်လာခဲ့ရသော်လည်း သူစိတ် တထင့်ထင့် ဖြစ်နေသည်။



'အိမ်က အဘွားကြီး မေးရင် ကြည့်ဖြေလိုက်ကွာ'ဟူသော စကားဖြင့် ဆရာက သူ့ကို မျက်နှာလွှဲ ခဲပစ် လုပ်လိုက်လေသည်။ သူ ဘယ်လို ကြည့်ဖြေရမှာလဲ...သူ အိမ်မပြန်ချင်ပေ။ ဖြစ်နိုင်လျှင် တစ်နေရာရာမှာ သွား၍ ချိုနို နေလိုက်ချင်သည်။ ဘယ်လိုမှ မဖြစ်နိုင်မှန်းလည်း ရင်ထဲက အလိုလို သိနေသည်။

နောက်ဆုံးတော့ သူ၏ ချီတုံချတုံဖြစ်မှုကို အိမ်ပြန်ခြင်းဖြင့် ဖုံးဖိ အဆုံးသတ်လိုက်ရတာပါပဲလေ။

ကားကို ဂိုထောင်ထဲသွင်းပြီး အိမ်ထဲ လှမ်းဝင်တော့ သူ့နှုတ်ဖျားမှာ ဘုရားဂါထာ အချို့ ခိုတွယ်နေရာယူလျက်ရှိသည့် အဖြစ်ကို သူကိုယ်တိုင်ပင် သတိမထားမိခဲ့ချေ။ ဆရာကတော်သည် ဧည့်ခန်းမှာ လက်နောက်ပစ်၍ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေပါသည်။ သူဝင်လာသည်ကို မြင်သောအခါ မျက်ခုံးနှစ်ဘက်ကို အတွန့်ချိုးလျက် 'မင်းဆရာရော'ဆိုပြီး ခပ်မာမာ လှမ်းမေးသည်။

"ဟို..."သူ အချိန်အတော်ကြာ ထစ်ငေါ့နေသဖြင့် ဆရာကတော်က စိတ်မရှည်စွာ..."ဘာဟိုလဲ"ဟု ထအော်ပါသည်။

"သူ့ သူငယ်ချင်းအဖေ ဆုံးလို့ အဲဒီအိမ်ကို လိုက်ပို့ ပေးခဲ့ရပါတယ်... တစ်ညလုံး ဝိုင်းမှာ ထိုင်မှာမို့ အိမ်ပြန် မအိပ်ဘူးလို့ ပြောခိုင်းလိုက်ပါတယ်"

မယုံသင်္ကာအကြည့်ဖြင့် စေ့စေ့ စိုက်ကြည့်နေသောကြောင့် သူ ကြောက်ကြောက်နှင့် မျက်လွှာချလိုက်သည်။ နေ့စဉ်နှင့်အမျှ မုသားတွေကို အရည်ကျိုသောက်နေရတဲ့ သူ့ဘဝကို သူ စိတ်ကုန်လှပါပြီ။ သို့သော်... ဤအလုပ်က သူ ထွက်ချင်တိုင်းလည်း ထွက်၍မရသော အလုပ်ဖြစ်သည်။ သူသည် ကားမောင်းသည့် အလုပ်ကလွဲ၍ ဘာတစ်ခုမျှ ပေါက်ပေါက်မြောက်မြောက် မလုပ်တတ် မကိုင်တတ်သူ ဖြစ်သည်။ ဤအလုပ်မှ ထွက်လိုက်လျှင် သူ့ဘဝ ကစဥ့်ကလျား ဖြစ်သွားလိမ့်မည်ဟု တွေးထင်ထားသူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"နှင့် ဆရာ ပေါက်ကရတွေ လျှောက်လုပ်နေတာကို နင်က တစ်ချိန်လုံး လိုက်ဖုံးဖိနေတယ်...ပြောစမ်း သူ အခု ဘယ်မှာ ကျန်ခဲ့သလဲ"

ရင်ထဲမှာ ဖုံးတစ်လုံး ပေါက်ကွဲသလို အကျယ်လောင်ဆုံး မြည်ဟီးသံကို သူ တစ်ယောက်တည်း ကြားလိုက်ရသည်။ သူ့ဘဝဟာ လောင်းရိပ်မိသစ်ပင် တစ်ပင်လို တဖြည်းဖြည်း ပိန်လှီ ညှိုးဖျော့လာဖို့ပဲ ရှိသည်။

"ဆရာ့ သူငယ်ချင်း အဖေဆုံးတာ တကယ်ပါခင်ဗျ"

စကားကို အတတ်နိုင်ဆုံး ပြေပြစ် ချောမွေ့အောင် မနည်းကြိုးစားပြောရသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ကတုန်ကယင် ဖြစ်နေသော်လည်း အသံတုန်၍ မဖြစ်မှန်း သူသိသည်။

"ပြန်လာရင် ငါနဲ့တွေ့မယ်...သွား နင့် မျက်နှာလည်း ငါကြာကြာ မကြည့်ချင်ဘူး"

အဲဒီလို နှင်လိုက်တာကိုပဲ အကြီးအကျယ် လွတ်လပ်ရေး ရသွားသူတစ်ယောက်လို အပြေးတပိုင်း ထွက်လာခဲ့မိသည်။ ရင်ထဲက အကြိတ်အခဲကြီးဟာလည်း သက်ပြင်းရှည်ကြီး တစ်ခုအဖြစ် အသွင်ပြောင်း ခုန်ထွက်သွားတော့သည်။ အစွမ်းကုန် ပေါ့ပါးသွားသော ဟန်ဖြင့် သူ၏ စံမြန်းရာ တန်းလျားလေးဆီ သွားဖို့ ခြေလှမ်းစ,စဉ်မှာ...

"ဒီမှာ...ဒီမှာ...နေစမ်းပါဦး"

သူ့ခြေလှမ်းတို့ တုံ့ကနဲ ရပ်သွားပြီး လူကလည်း ရုတ်ခြည်း ငှက်ဖျားမိသွားသလို အေးစက် တုန်ယင်သွားလေသည်။ အရွယ်နှင့် မမျှအောင် မိုက်ရိုင်းသော၊ မောက်မာသော၊ ခက်ထန်သော၊ သူ့ဆရာ၏ သမီးသည် ကျောင်းကို ဘတ်စ်ကားနှင့် သွားလိုက်ရ၍ အကြီးအကျယ် ဒေါပွနေခြင်းဖြစ်လိမ့်မည်။ နောက်ခိုင်း အနေအထားနှင့်မို့ သူ့ခန္ဓာကိုယ်ကို ဖြည်းဖြည်းချင်းလှည့်တော့ လူက ယိုင်နဲ့နဲ့ ဖြစ်သွားသည်။ ဆရာ့သမီး၏ မျက်နှာကို ရှုးစိုက် မကြည့်ရဲသဖြင့် ဆိုးဆေးတင်ထားသော ခြေသည်း ချွန်ချွန်လေးတွေကိုပဲ အမိပွါယ်မဲ့ ငေးကြည့်နေမိသည်။



"ဦးလေး မနက်က ဘာအချိုးလဲ"

"......"

သူ့မှာ ပြန်လည် ရှင်းလင်းနိုင်စွမ်းသော စကားမရှိပါ။ တကယ်ဆို ညနေခင်း ဆက်တီပေါ်မှာ မိန့်မိန့်ကြီး ထိုင်နေသော ဆရာကတော်က ဝင်ရောက် ဖြေရှင်းပေးသင့်တာပေါ့။ "မေမေ ဈေးဝယ်နေတာ နည်းနည်းကြာသွားတယ် သမီး"ဆိုတဲ့ အမှန်တရားလေးကို ပြောဖို့ ဘာဖြစ်လို့များ အာစေးမိထားကြသလဲ မသိပါ။ သူကတော့ ဤအိမ်ကို ဒရိုင်ဘာ ဘဝနဲ့ ရောက်လာတာဟာ ပြောသမျှ ငုံ့ခံဖို့နှင့် ခိုင်းသမျှ ခေါင်းငုံ့လုပ်ဖို့ပဲ မှတ်ယူထားသည်။

"နောက်တစ်ခါ ကျွန်မ ကျောင်းသွားမယ့်အချိန်တွေမှာ ဘယ်ကိုမှ မသွားပါနဲ့။ ဘတ်စ်ကားနဲ့ ကျောင်းသွားရတာ ဘယ်လောက် နိမ့်ကျတယ် မှတ်လဲ...ကြားလား"

သူဆတ်ကနဲ ခေါင်းညိတ်လိုက်သည်။

"ကျွန်မမျက်နှာကို စေ့စေ့ကြည့်ပြီးမှ ကတိပေးပါ... အဲဒီလို ပြီးစလွယ် ကတိတွေ မလိုချင်ဘူး"

သူ့မျက်ဝန်း ရွှေ့လျားမှုက အားပျော့ မှေးမှိန်လှသည်။

"ဦးလေး *ကြားပါတယ်ကွယ်*"

ထိုအခါကျမှ ကျေနပ် နှစ်သိမ့်သွားဟန်ဖြင့် ခေါင်းမော့၍ ဆံပင် တစ်ချက် ဆတ်ကနဲခါကာ ခါးပေါ် ဟန်ပါပါတင်ထားသော လက်နှစ်ဖက်ကို ဖြုတ်ချသည်။ "အဲဒီအချိန်မှာ မင်း ဒယ်ဒီနဲ့ မာမီ သွားစရာ အရေးတကြီး ရှိရင်ရော"ဆိုသည့် စကားကို တံတွေးနှင့်ရော၍ မျိုချပစ်လိုက်သည်။ သူ့မှာ ဆင်ခြေ တက်ခွင့်၊ အကျိုးအကြောင်း ရှင်းပြခွင့်ဆိုတာ ရှိမှ မရှိပဲလေ။

"ကောင်းပြီ၊ ဦးလေးသွားတော့"သည်တစ်ခါတော့ ခပ်မြန်မြန်လေး ထွက်မှပဲ တွေးကာ ခြေလှမ်း ကမန်းကတန်း ပြင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးငွေ"

ဆရာကတော့်အသံက မိုးခြိမ်းသံလို ကျယ်လောင်မြည်ဟီးစွာ သူ့နားစည်ကို လာရောက်ရိုက်ခတ်သည်။ "ဗျာ-အစ်မ"ဟု သူ ထူးလိုက်သည်။

"နင့်ဆရာကို ဘယ်မှာထားခဲ့သလဲ… မှန်မှန်ပြောစမ်း"

"သူ့ သူငယ်ချင်း အဖေဆုံး…ဆုံး"

"ဘယ်လမ်းမှာ ချပေးခဲ့ရသလဲ"

"ကမ္ဘာအေး ဘုရားလမ်းမှာပါ"

အထစ်ထစ်အငေါ့ငေါ့ မဖြစ်အောင် ပါးစပ်ထဲ တွေ့ကရာ လမ်းတလမ်း၏ နာမည်ကို လျှောက်ပြောလိုက်မိသည်။ ဆရာကတော်က ဘာကို သဘောကျ သွားမှန်းမသိ။ တခစ်ခစ် အော်ရယ်လေသည်။

"ဦးငွေ…ဦးငွေ… ရှင်လဲ လိမ်လည် လှည့်ဖျားတဲ့ အတတ်ကို အတော်လေး ကျွမ်းကျင်နေမှကိုး… ကျွန်မကို ရှင်က နလပိန်းတုံးများ ထင်နေသလား"

မတ်တပ်ရပ်သည့် ခြေထောက်များက မခိုင်ချင်တော့။ ဒူးနှစ်လုံးက ချောင်ချင်သလို ဖြစ်လာသည်။ ဗိုက်ပေါ်ယှက်၍ တင်ထားသော လက်နှစ်ဘက်ကလည်း အားအင်ချိနဲ့မှုကြောင့် ပျော့ခွေနေသည်။ မတ်တပ် ရပ်နေရင်းကပင် ခြေထောက်အောက်မှ အမြစ်ပေါက်ကာ သစ်ပင်တစ်ပင် ဖြစ်သွားချင်တော့သည်။

"ကဲပါ ဦးငွေရယ်…ရှင် သွားနိုင်ပါပြီ"

ရယ်သံစွက်လျက် ပြောသော စကားသံကြောင့် ကျောက်ဆစ်ရုပ် တစ်ရုပ်လို ငြိမ်သက်နေရာမှ လှုပ်ရှားဖို့ သတိရလာသည်။

* * *



တော်သလင်းနေ၏ ခြစ်ခြစ်တောက် အပူရှိန်အောက်တွင် သူသည် သူ့ဆရာခိုင်းသော အလုပ်ကိစ္စတစ်ခုနှင့် မဟာဗန္ဓုလ ပန်းခြံလမ်း၏ အလယ်ဘလောက်သို့ ရောက်ရှိနေခဲ့သည်။ ထိုအချိန်မှာ ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို သူမျက်ဝါးထင်ထင် မြင်ခဲ့ရခြင်း ဖြစ်သည်။ ကြည့်စမ်း…ပါဦး၊ အသားမည်းမည်း မိန်းမကြီးတစ်ယောက်…။

နက်ပြောင်ဆီရွှဲနေသော ဆံပင်က ခုခေတ် မိန်းကလေးတွေ၏ ဆံပင်ပုံလို အတို ဂုတ်ဝဲ ဖြစ်သည်။ မျက်နှာက အစွမ်းကုန် ခြယ်သ ပြင်ဆင်ထားပါလျက် ဖြူတ်ထ အကျည်းတန်လှသည်။ ခေတ်မစားတော့သော စပို့ရှပ် ညစ်နွမ်းနွမ်းတစ်ထည်ကို ဝတ်ပြီး ညာဘက်လက်မှာ တုတ်တစ်ချောင်း ကိုင်ထားသည်။ တုတ်၏ လုံးပတ်မှာ ထီးရိုးလောက်သာရှိသော်လည်း ခိုင်ခံ့ပုံရသဖြင့် ရိုက်လိုက်လျှင် အတော်နာမည့်ပုံ ပေါက်သည်။ ဟောင်းနွမ်းပေကျံနေသော တရုတ်ပိတ်အပွင့် စကပ်ဖားဖားကြီးကို ဝတ်ထားသည်။ ပုံပန်းသဏ္ဌာန်ကို ကြည့်လိုက်သည်နှင့် စိတ်မနှံ့သော အရူးမကြီး တစ်ယောက်မှန်း သိသာစေသည်။ ယဉ်ယဉ်လေး ရူးသလား၊ ခပ်ရိုင်းရိုင်း ရူးသလား ဆိုတာကို သူမဝေခွဲတတ်သော်လည်း မိန်းမကြီး၏ မျက်နှာထားနှင့် မျက်လုံးက ကြမ်းတမ်းမည့်ပုံပေါ်သည်။ ထိုမိန်းမကြီးသည် ပလက်ဖောင်းပေါ်မှာ ကိုယ့်ကိစ္စနှင့်ကိုယ် လမ်းလျှောက်နေကြသူများကို တုတ်ကြီး တယမ်းယမ်းဖြင့် 'သွား…သွား'ဟု အာဏာပေးလျက်ရှိသည်။ လူတွေကလည်း ထိုမိန်းမကြီးကို စောင်းကန်း စောင်းကန်းဖြင့် ကြည့်ကာ သူတို့ သွားလိုရာ ဆက်သွား ကြသည်။ သူကတော့ ကားကြိုကားကြားမှာ ယို့ယို့ကလေး ရပ်ရင်း လမ်းသွား လမ်းလာလူများနှင့် ထိုမိန်းမကြီးကို ငေးကြည့်နေမိသည်။

အထက်လမ်းဖက်သို့ သွားဖို့ ခြေလှမ်းလာသူကို အထက်လမ်း ဘက်သို့ သွားဖို့ တုတ်ကြီးနှင့် ယမ်းကာ အမိန့်ပေးသည်။ အောက်လမ်းကို သွားမည့်သူကျတော့ တုတ်ကြီးက အောက်သို့ ညွှန်ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဖက်သို့သွားဖို့ ဦးလှည့်လာသူကို အထက် လမ်းဖက်သွားဖို့ ညွှန်ပြနေတာတော့ မတွေ့ရပေ။ ထို့ကြောင့် အရူးမကြီး စကားကို လိုက်နာနေခြင်း မဟုတ်ဘဲ ကိုယ့်လမ်းကိုယ် ဆက်သွားနေခြင်းဟု ယူဆနိုင်သည်။ ဒါကိုပင် အရူးမကြီးက သူမ၏ဩဇာ သောင်းလှပြီးဟု ထင်နေပုံရသည်။ လူတွေက အရူးမို့ ဗွေမယူခြင်း ဖြစ်ပါလိမ့်မည်။

သူလည်း အရူးမကြီး လမ်းညွှန်ရာဆီသို့ ဖြတ်သွားရမည်။ အဲဒီနားက ဖြတ်မှ သူသွားလိုရာ ရောက်မည် ဖြစ်သည်။ အရူးမကြီးကတော့ ထုံးစံအတိုင်း သူ့ကို လမ်းညွှန်ပြပေလိမ့်မည်။ ထိုအရူးမကြီးကို သူ့ဆရာ၏ မိသားစုလောက် သူမကြောက်ပေ။ သူဖြတ်သွားချိန်မှာ ကိုင်ထားသော ဝါးရင်းတုတ်နှင့် စိတ်မထင်ဘဲ ခေါင်းကို ရိုက်ချလိုက်မှာ တစ်ခုပဲ စိုးရိမ်သည်။ အမှတ်တမဲ့မို့ ပြန်လည် ခုခံနိုင်မှာလည်း မဟုတ်ပေ။

"သွား...သွား"

မာကျစ်ကျစ် အသံကို အောင့်အည်း သည်းခံပြီး ကိုယ်လိုရာ ခရီး ဆက်လာခဲ့သည်။

* * *

သူ့လက်ထဲမှာ လိုတရတုတ်ကြီး တစ်ချောင်း ရှိနေသည်။ ထို တုတ်ကြီးကိုကိုင်လျက် သူက အမိန့်တွေပေးဖို့ ဟန်ပြင်နေသည်။

"ဦးလေး...ကျောင်းသွားမယ်"

ဆရာ့သမီး အောက်ခြေလွတ်မလေး ဖြစ်သည်။

"ငါ မအားဘူး...နင့်ဟာနင် သွားပါလား...ဘာလဲ လူက သောက်သုံး မကျဘဲနဲ့ ဖအေအရှိန်အဝါ အားကိုးပြီး အားလုံးအပေါ် လွှမ်းမိုးချင်နေတာ ရမလား...ကိုယ့်အား ကိုယ်ကိုးပြီး ပိုက်ဆံရှာ ကျောင်းတက်နေရတဲ့ သူတွေကို နင်မရှက်ဘူးလား...ပိုက်ဆံနဲ့ အလိုက်ကောင်းလို့ စာမေး မကျတာဟာ ဂုဏ်ယူစရာလား...နင့်လိပ်ပြာ နင်ရှက်ဖို့ ကောင်းတယ်... သွား...သွား...သွား...ငါလိုက်မပို့နိုင်ဘူး"



လိုတရ တုတ်ကြီးဖြင့် အပေါက်ဝဖက်သို့ ညွှန်ပြလိုက်သောအခါကျမှ သူ့အနားက လှစ်ခနဲ ပြေးလွှား ပျောက်ကွယ်သွားတော့သည်။ ထိုအချိန်မှာ မျက်မှောင်ကုပ် မာန်တင်းထားသော မျက်နှာတစ်ခု ပေါ်လာသည်။ ဆရာကတော် ဖြစ်သည်။

"ဦးငွေ...ဘာ သောက်ရူးထပြီး အိမ်ပေါ်တက် ရမ်းကားနေတာလဲ... သွား...အခု ထွက်သွား"ဟု လက်ညှိုး ငေါက်ငေါက် ထိုး၍ ပြောလေသည်။ သူအဆက်မပြတ် တဟားဟား အော်ရယ်ပစ်လိုက်သည်။ သူ့ရယ်သံသည် မိုးလုံးဟိန်းမတတ် ကျယ်လောင်နေသည်မှာ သေချာသည်။ သူ့ကိုယ်သူသည် ဘယ်လောက် ရယ်ကြောရှည်ရှည် ရယ်နိုင်လိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားခဲ့ပေ။ ဆရာကတော်၏ မျက်နှာမှာမူ တဖြည်းဖြည်း သေးငယ်သွားသည်။ မျက်တောင် တဖျပ်ဖျပ် ခတ်၍ ကြည့်နေသော အကြည့်တွင် ကြောက်စိတ်ကို အထင်းသား တွေ့နေရသည်။ လိုတရတုတ်ကို မြှောက်ကိုင်လိုက်ချိန်မှာ ဆရာကတော်လည်း လှစ်ခနဲ ပျောက်ကွယ် သွားသည်။ ဆရာကတော် ပြေးဝင် ပျောက်ကွယ်သွားသော တံခါးကို အဓိပ္ပာယ်မဲ့ လိုက်ငေးနေသော သူ့အမြင် အာရုံထဲသို့ လူတစ်ယောက် ဝင်လာသည်။ ရုံး ယူနီဖောင်းကို သေသပ် ကျနစွာ ဝတ်ဆင်ထားသော သူ့ဆရာ လက်ထဲမှာ အတက်ချီကေ့စ်ကို ဟန်ပါပါ ဆွဲထားသည်။

"မောင်ငွေ...ကားအဆင့်သင့် ထုတ်ထား"

တစ်ချက်လွှတ် အမိန့်ပြင်းပြင်းတွေကို သူလှောင်ရယ် ရယ်ပစ်လိုက်သည်။ "မထုတ်နိုင်ဘူး...မထုတ်နိုင်ဘူး...မောင်ငွေ ဒရိုင်ဘာ မဟုတ်တော့ဘူး...နင်တို့ကို ခိုင်းစားမယ့် အရှင်သခင် ဖြစ်သွားပြီ...ဒီမှာ တွေ့လား၊ မောင်ငွေ့လက်ထဲမှာ တုတ်...အဲဒါ လိုတရတုတ်တဲ့ကွ မှတ်ထား"

ဆရာသည် သူ့ကို မျက်မှောင်တွန့်လျက် ခပ်ကြောင်ကြောင်ကြည့်ကာ အံ့သြ မှင်တက် နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ကြည့်နေတာလဲ...သွား...သွား ကိုယ့်ဟာကိုယ် သွား...

* * *

သူ၏ ဩဇာညောင်းသော အရှူးတစ်ယောက်ဘဝသည် ညတစ်ည၏ အချိန်အနည်းငယ်ကိုသာ အပိုင်စားရခဲ့ခြင်း ဖြစ်ပါသည်။

ဝါနီပြာ မဂ္ဂဇင်း

အတွဲ၁၊ အမှတ်–၆၊ ၁၉၉၅–ခုနှစ်။

## ငွေတာရီ၏ ကဗျာ

(တောသူ့ရှာဝင်၊ အညတရ၊ ကြေမွမှုင်ငှက်)

www.burmeseclassic.com

www.burmeseclassic.com



အသက် ၃၀ ကျော် အရွယ် ဇွဲတာရီ

## မွေးနံ့မပြယ်သော ကြေနှင်းဆီ
## သို့မဟုတ်
## စာဆို ဇွဲတာရီနှင့် သူ့ကဗျာ

ကဗျာဟူသည် အမျိုးသားတို့၏ အမြတ်နိုးဆုံးသော အမွေအနှစ်ကြီး ဖြစ်သည်။ လွတ်လပ်သော လူမျိုးအတွက်လည်း အခိုင်အမာဆုံး အကာအကွယ်ကြီး ဖြစ်သည်။ လူတစ်မျိုး လူတစ်စုသည် ကံမကောင်း အကြောင်းမလှသဖြင့် မည်မျှလောက် ညှိုးငယ် အောက်တန်းကျစေကာမူ အမျိုးသားကဗျာ တည်ရှိနေသေးသမျှ အထက်တန်းသို့ ရောက်နိုင်ရန် မျှော်လင့်ချက် ရှိသေးသည်။ မည်မျှပင် အားအင်ကောင်းသော အမျိုးဖြစ်စေ၊ ကဗျာစိတ်ပျောက်လျှင် အမျိုးပါ ပျောက်သွားနိုင်သည်။

ဆရာကြီးဇေယျ

[၁၉၆၂–ခုနှစ်၊ ဩဂုတ်လထုတ် 'ရွှေဟောင်းကဗျာပေါင်းချုပ်' နိဒါန်း]

မြန်မာအမျိုးသားကဗျာသည် ခေတ်သမိုင်းရေစီးကြောင်းကြီး အတွင်း၌ အင်အား ထုထည်ကြီးမားစွာဖြင့် စီးဆင်းလာခဲ့သည်။ မြန်မာကဗျာသည် မြန်မာပြည်သူတို့၏ နှလုံးသည်းပွတ်ပင် ဖြစ်သည်။

စာဆို ဇွဲတာရီသည် အမျိုးသားရေးနှင့် ပတ်သက်သော ကဗျာများကို အများဆုံး ရေးဖွဲ့ခဲ့သူ ဖြစ်သည်။ သူ့ကဗျာများတွင် အမျိုးကို ချစ်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com



သော စိတ်၊ တိုင်းပြည်ကို တွယ်တာ နှစ်သက်သောစိတ်၊ ယဉ်ကျေးမှုကို ထိန်းသိမ်း ကာကွယ်လိုသောစိတ် တို့ဖြင့် ထုံမွမ်းနေလေသည်။

ကဗျာစာဆို ငွေတာရီ၏ ကဗျာများကို လေ့လာကြည့်လျှင် စာဆိုသည် မိမိပတ်ဝန်းကျင်တွင် တွေ့မြင်ရသမျှ အဖြစ်အပျက် အရေးအခင်းတို့ကို မမေ့မလျော့ ကြည့်ရှုကာ ကဗျာ ရေးဖွဲ့သည်ကို တွေ့ရသည်။ ခရီးသွား ကဗျာများ၊ မလေ့ဘာသာဖွဲ့ ကဗျာများ၊ ရာသီဖွဲ့ ကဗျာများ၊ တောမလေ့ဖွဲ့ ကဗျာများ၊ ဘဝသရုပ်ဖော်ဖွဲ့ ကဗျာများ၊ မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သော ကဗျာများ၊ ငြိမ်းချမ်းရေး ကဗျာများ၊ မေတ္တာဖွဲ့ ကဗျာများ၊ သဘာဝအလှဖွဲ့ ကဗျာများ၊ ဘဝအမြင် ကဗျာများ၊ အားမာန် ကဗျာများ၊ သံဝေဂ ကဗျာများ၊ အတွေးအခေါ် ကဗျာများ စသည်ဖြင့် ရှုဒေါင့်မျိုးစုံ၊ အမြင်မျိုးစုံ၊ ဝေဒနာ မျိုးစုံဖြင့် ရေးဖွဲ့ထားသော ကဗျာများကို တွေ့ရလေသည်။

ကဗျာများမှာ အများအားဖြင့် မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံချစ် စိတ်ဓာတ်ကို တိုးတက် ဖွံ့ဖြိုးစေသော ကဗျာများက အများဆုံး ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် မင်းယုဝေက 'လွတ်လပ်ရေးနှင့် ကဗျာဆရာများ' ဆောင်းပါးတွင် "အမျိုးသမီး ကဗျာဆရာမ ငွေတာရီသည် လည်း လွတ်လပ်ရေး စိတ်ဓာတ်ကို လှုံ့ဆော်သည့် ကဗျာများကို အများဆုံး ရေးခဲ့သူ ဖြစ်သည်။ တာရာမဂ္ဂဇင်း အယ်ဒီတာက 'သူမသည် ကဗျာများကို အများဆုံး ရေး၍ အမျိုးသားဇာတိမာန်စိတ်ကို လှုံ့ဆော်လေ့ ရှိသည်'ဟူ၍ပင် တာရာမဂ္ဂဇင်း၌ မှတ်တမ်းတင်ထားပေသည်။"ဟူ၍ ဖော်ပြခဲ့သည်။

စာဆို ငွေတာရီသည် ဗြိတိသျှ ကိုလိုနီခေတ်၊ ဂျပန်ခေတ်နှင့် လွတ်လပ်ရေးခေတ်တည်းဟူသော ခေတ်သုံးခေတ်ကို သိမီလိုက်သူ ဖြစ်သည်။ စာဆို ငွေတာရီသည် ကိုလိုနီခေတ်တွင် စတင် ပေါ်ထွန်းလာပြီး လွတ်လပ်ရေး ခေတ်တွင် ထင်ရှားလာသော ကဗျာစာဆိုတစ်ဦး ဖြစ်သည်။ သနေ့ အမျိုးသား စာပေဆုဟု ပြောင်းလဲ အမည်ပေးထားသည့် စာပေ



ဗိမာန် ကဗျာဆုကို ဆွတ်ခူး ရရှိခဲ့သူလည်း ဖြစ်သည်။ ငွေတာရီသည် အသက်၃၃-နှစ်အရွယ် အသက်ငယ်ရွယ်စဉ် ကွယ်လွန်ခဲ့သော်လည်း ကွယ်လွန်ချိန်အထိ ကဗျာများ၊ စာညွှန့်များ၊ ဝတ္ထုများ၊ ဆောင်းပါးများ၊ ဝေဖန်စာများ၊ ဘာသာပြန် ပုံပြင်များ စသည့် စာပေ အမျိုးပေါင်းများစွာကို ပြုစုခဲ့သည်။ ထိုစာပေများတွင် ကဗျာများမှာ အရေအတွက် အများဆုံး ဖြစ်၍ ကဗျာအပုဒ်ပေါင်း ၈၀၀ ခန့် ရေးဖွဲ့ခဲ့သည်ဟု သိရသည်။

'ငွေတာရီသည် စာဆိုလောက၌ ကျက်စားခဲ့သော အမျိုးသမီး ဖြစ်လေသည်။ သူ၏ တေးအယဉ်သည် စာဆို၏ အကောင်းဆုံး အရွယ်ဖြစ်သော ၃၃-နှစ်အရွယ်တွင် ရပ်ခဲ့သည်။ သို့ရာတွင် သူ့တေးသံ သည် သာယာဆဲပင် ဖြစ်လေသည်' ဟူ၍ အမျိုးသား စာဆိုကြီး ဆရာကြီးဇော်ဂျီက စာဆို ငွေတာရီအား ချီးကျူးထားလေသည်။

စာဆိုငွေတာရီကို ၁၉၂၅-ခု၊ ဖေဖော်ဝါရီလ ၁၄-ရက် တနင်္လာနေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ အဖမှာ ဗြိတိသျှ ဘားမားဦးညွှန့် ဖြစ်၍ အမိမှာ ဒေါ်ချစ်တင်ဖြစ်သည်။ မွေးချင်း၄-ယောက်အနက် ဒုတိယမြောက် ဖြစ်သည်။ ငွေတာရီ၏ ငယ်နာမည်မှာ အမာရီ ဖြစ်သည်။ နောင်အခါတွင် မခင်ရီဟုသာ ခေါ်တွင်ကြသည်။ ၁၉၃၉-ခု၊ အသက် ၁၄-နှစ် အရွယ် ၉-တန်းအရောက်တွင် ကျန်းမာရေး မကောင်းသဖြင့် ကျောင်းထွက် လိုက်ရသည်။ ဂျပန်ခေတ်နှင့် စစ်ပြီးစခေတ်တွင် ရှေးဟောင်းမြန်မာစာပေကို ဗိုလ်မှူးဘသောင်း(မောင်သုတ)ထံမှ သင်ယူသည်။ ထို့နောက် အင်္ဂလိပ် စာပေကို ဆရာမကြီး မစ္စစ်မန်ရီးထံမှ သင်ယူသည်။

စာဆို ငွေတာရီသည် ၁၉၅၂-ခု၊ အသက်၂၇-နှစ်အရွယ်တွင် မင်းယုဝေနှင့် အိမ်ထောင်ပြုသည်။ ထိုစဉ်က မင်းယုဝေသည် အင်းစိန်ခရိုင် ပညာအုပ်အဖြစ် အမှုထမ်းလျက် ရှိသည်။ ငွေတာရီသည် မင်းယုဝေထက် အသက်၃-နှစ်ကြီး၍ ကဗျာသက်လည်း ၅-နှစ်ခန့် ပို၍ စောလေသည်။ မင်းယုဝေနှင့် အိမ်ထောင်ပြုသည်ကို အကြောင်းပြု၍ ငွေတာရီက

www.burmeseclassic.com

www.burmeseclassic.com



'လှည်းယဉ်ကလေး စီးကာလည်'၊ 'တောသူ ရွာဝင်' ကဗျာတို့ကို ဖွဲ့ဆိုခဲ့လေသည်။

စာဆိုငွေတာရီသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ သာမက နိုင်ငံခြားတိုင်းပြည်များသို့ပါ ခရီး လှည့်လည် သွားလာခဲ့သည်။ ၁၉၄၈-ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ခရီး လှည့်လည် သွားလာခဲ့သည်။ ၁၉၅၆-ခုနှစ်တွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းဘာသာရပ် လေ့လာရေးကျောင်း၌ ပညာဆည်းပူးနေသော မင်းယုဝေထံ လိုက်သွားလျက် အင်္ဂလန်၌ ၆-လခန့် နေထိုင်ခဲ့သည်။ (ထိုအချိန်၌ မင်းယုဝေသည် ရန်ကုန် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေး ဌာနတွင် လက်ထောက်စာတည်းအဖြစ် အမှုထမ်းဆဲဖြစ်၍ ဗြိတိသျှကောင်စီ ပညာသင်အဖြစ် အင်္ဂလန်၌ ပညာဆည်းပူးနေခြင်း ဖြစ်သည်)

စာဆိုငွေတာရီသည် မင်းယုဝေနှင့်အတူ အင်္ဂလန်ရှိ လက်လှမ်းမီရာ အရပ်များသို့ ခရီးလှည့်လည်ခဲ့သည်။ ထို့ပြင် ဟော်လန်၊ ဘယ်လဂျီယံ၊ ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် နိုင်ငံများသို့လည်း ခရီးလှည့်လည် သွားရောက်ခဲ့သည်။ အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ သင်္ဘောဖြင့် အပြန်လမ်းခရီးတွင် အီဂျစ်၊ သီဟိုဠ်နိုင်ငံများသို့လည်း ခေတ္တ ဝင်ရောက်ခဲ့သည်။ ထိုသို့ နိုင်ငံခြားတိုင်းပြည်များသို့ ခရီးလှည့်လည်ခဲ့သည်ကို အကြောင်းပြု၍ 'နေရှူရာ'၊ 'အနောက်မှ'၊ 'သာသည့်မြေသို့'၊ 'အလှရှိရာ'စသည့်ကဗျာများကို ဖွဲ့ဆိုခဲ့သည်။

စာဆိုငွေတာရီသည် အိမ်ထောင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း တစ်ဘက်က စာဖတ်ခြင်း၊ စာရေးခြင်း၊ ကဗျာဖွဲ့ခြင်းတို့ကို တစိုက်မတ်မတ် ပြုခဲ့သည်။ ယင်းသို့ ပြုဆဲမှာပင် ၁၉၅၈-ခု၊ မတ်လ၁၉-ရက်နေ့တွင် ရန်ကုန် ဒပ်ဖရင် သားဖွားဆေးရုံ၌ ကွယ်လွန်ရှာသည်။ ကွယ်လွန်ချိန်၌ အသက်၃၃-နှစ်အရွယ်မျှသာ ရှိသေးသည်။ စာဆို ငွေတာရီ၌ 'ခင်ရီဝင်း' အမည်ရှိ သမီးကလေးတစ်ဦး ကျန်ရစ်သည်။



စာဆိုငွေတာရီသည် ငယ်စဉ်ကပင် စာပေဝါသနာ ပါခဲ့သည်။ ကဗျာစပ်ဆိုရန် ထက်သန်ခဲ့သည်။ ထို့ကြောင့်ပင် သူ့အသက် ၁၂-နှစ်သမီးအရွယ် ၇-တန်းကျောင်းသူဘဝကတည်းက ကဗျာကို စတင်စမ်းသပ် ဖွဲ့ဆိုခဲ့သည်။ ၁၉၄၁-ခုတွင် ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့၏ ကဗျာများကို သေချာစွာ လေ့လာလျက် ကဗျာကို စနစ်တကျ ဖွဲ့ဆိုနိုင်ခဲ့သည်။ သို့ရာတွင် ဖွဲ့ဆိုပြီး ကဗျာများကို မည်သည့်စာနယ်ဇင်းမျှ ပေးပို့ခြင်း မပြုခဲ့ပေ။ ဂျပန်ခေတ် ၁၉၄၃-ခုနှစ်တွင် သူနေထိုင်ရာ ရန်ကုန် တာမွေ ရပ်ကွက်ထဲရှိ သူကိုယ်တိုင် ဦးစီး ပါဝင်သော လူငယ်စာပေ ဝါသနာရှင်တစ်စုက စုပေါင်းထုတ်ဝေသည့် 'တက်သစ်' လက်ရေးစာစောင် ပေါ်ထွက်လာသောအခါတွင်မှ ထိုစာစောင်တွင် စတင်ထည့်သွင်းခဲ့သည်။

ထို့နောက်ပိုင်းမှ စကာ စာဆိုငွေတာရီသည် သူ၏ကဗျာများကို စာနယ်ဇင်းများသို့ ပေးပို့ခြင်း၊ စာအုပ် ထုတ်ဝေခြင်းများ ပြုခဲ့သည်။ စာဆိုငွေတာရီသည် ကဗျာအပြင် ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ဆောင်းပါးများ၊ စာညွှန့်များ၊ ဝေဖန်စာများကိုလည်း ရေးသားခဲ့သည်။ အိန္ဒိယ စာရေးဆရာကြီး ရာဘင်ဒြာနတ်တဂိုး၏ ကဗျာများကိုလည်း ဘာသာပြန်ဆိုခဲ့သည်။ ငွေတာရီ အမည်ဖြင့်သာမက မြတ်မွန် အမည်ဖြင့်လည်း ဝတ္ထုတိုအချို့ ရေးသားခဲ့သည်။

ငွေတာရီသည် 'တက်သစ်' လက်ရေးစာစောင်၌ ပါဝင် ရေးသားခွင့်ရပြီးနောက် ပဒေသာ၊ ဒီးဒုတ်ဂျာနယ်၊ ဟံသာဝတီ စသည့် စာနယ်ဇင်းများ၌ ကဗျာများ ရေးသားခဲ့သည်။ သူ၏ ကဗျာ ၇၈-ပုဒ်ကို စုပေါင်းကာ **မာလာမြိုင်**ကဗျာများ အမည်ဖြင့် ၁၉၄၇-ခုနှစ်တွင် စာအုပ်ထုတ်ဝေခဲ့သည်။

ကွယ်လွန်သူ အမျိုးသား အာဇာနည်ကြီး ဒီးဒုတ်ဦးဘချိုသည် ငွေတာရီ၏ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ စာညွှန့် စသည်တို့ကို ဒီးဒုတ်ဂျာနယ်တွင် ထည့်သွင်းပေးခြင်းဖြင့် သူ၏ စာပေဝါသနာနှင့်

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော် အားပေးခဲ့သည်။ ဒီးဒုတ်ဦးဘချို၏သမီး ' ငွေဝတ်ရည်' သည် ငွေတာရီနှင့် များစွာ ခင်မင် ရင်းနှီးသူ ဖြစ်သည်။ ဒီးဒုတ်ဂျာနယ်တွင် သူတို့ နှစ်ဦး ကဗျာများ အပြန်အလှန် စပ်ဆိုခဲ့ကြသည်။ သို့သော် 'ငွေဝတ်ရည်'သည် ငွေတာရီထက် စော၍ ကွယ်လွန်ခဲ့ရှာသည်။ ငွေဝတ်ရည် ကွယ်လွန်သောအခါ သူ့အား တမ်းတသောအားဖြင့် ငွေတာရီက 'ချစ်လှစွာသော ငွေဝတ်ရည်'အမည်ရှိ ကဗျာကို စပ်ဆို ရေးသားခဲ့သည်။

စာဆိုငွေတာရီသည် စာပေဗိမာန်ဆု နှစ်ကြိမ် ရရှိခဲ့သည်။ ပထမအကြိမ်မှာ ၁၉၅၄-ခုနှစ်က မင်းယုဝေနှင့် တွဲဖက် ထုတ်ဝေသော 'အိစွတ်ပုံပြင်များ' စာအုပ်အတွက် ရရှိခဲ့ခြင်း ဖြစ်သည်။ ဒုတိယအကြိမ်မှာ ငွေတာရီ ကွယ်လွန်ပြီးနောက် ငွေတာရီ၏ ကဗျာများထဲမှ လက်ရွေးစင်ကဗျာ ၁၀၀ ကို မင်းယုဝေက ရွေးချယ် ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ ထိုစာအုပ်သည် ၁၉၆၀-ပြည့်နှစ် စာပေဗိမာန် ကဗျာဆု ရရှိခဲ့သည်။

စာဆိုငွေတာရီသည် သူ့စာများ၊ ကဗျာများကို ဟံသာဝတီသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ တိုင်းရင်းမေဂျာနယ်၊ တိုင်းရင်းသူဂျာနယ်၊ စစ်ပြီးခေတ် ဒဂုံ မဂ္ဂဇင်း၊ အရှေ့တိုင်း မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ ရှုမဝ မဂ္ဂဇင်း၊ တာရာ မဂ္ဂဇင်း၊ ပဒေသာ မဂ္ဂဇင်း၊ အိုးဝေ မဂ္ဂဇင်း၊ ပေဖူးလွှာ မဂ္ဂဇင်း၊ တော်ဝင် မဂ္ဂဇင်း၊ စာရေးဆရာအသင်းမှ ထုတ်ဝေသော စာပေ မဂ္ဂဇင်း၊ ခေတ်ဆန်းစာစောင်၊ ရွှေမန်း စာဆိုစာစောင် စသည်တို့၌ ထည့်သွင်းခဲ့သည်။

ငွေတာရီ ရေးသားခဲ့ပြီး လုံးချင်းအဖြစ် ထုတ်ဝေခဲ့သော စာအုပ်များမှာ- မင်ဆေးရည်ပဲ မှုန်သလားနှင့် ကဗျာရှည် ဝတ္ထုတို (၁၉၄၄)၊ မာလာမြိုင် ကဗျာများ(၁၉၄၇)၊ ရတနာကဗျာများ(မင်းယုဝေနှင့် တွဲဖက်၍) (၁၉၅၀)၊ အိစွတ်ပုံပြင်များ(မင်းယုဝေနှင့် တွဲဖက်၍)(၁၉၅၄)၊ ငွေတာရီကဗျာ ၁၀၀ (၁၉၆၀)၊ ဆုနှင့် အခြား ဝတ္ထုတိုများ (၁၉၆၅)၊ ငွေတာရီကဗျာ ပေါင်းချုပ် (၁၉၆၈)၊ ဂရင်းပုံပြင် ၁၀၀(မင်းယုဝေနှင့် တွဲဖက်၍)(၁၉၇၂)၊ မပန်းဇင်နှင့် အခြားပုံပြင်များ (၁၉၇၈) စသည်တို့ ဖြစ်သည်။



စာဆိုငွေတာရီသည် ဂိုလိုနီခေတ်နှင့် စစ်ပြီးခေတ်တို့၌ ကဗျာများကို အစဉ်တစိုက် ရေးဖွဲ့ခဲ့သူ ဖြစ်သည်။ ကွယ်လွန်ချိန်အထိ ကဗျာအပုဒ် ပေါင်း ၈၀၀-ကျော် ရေးဖွဲ့ခဲ့ရာ ထိုအထဲမှ ကဗျာပေါင်း၄၀၀-ကျော်ကို ပုံနှိပ် ထုတ်ဝေခဲ့သည်။ ထိုကဗျာများမှာ မာလာမြိုင်ကဗျာများ၊ ရတနာ ကဗျာများ၊ ငွေတာရီ ကဗျာ ၁၀၀၊ ငွေတာရီ ကဗျာပေါင်းချုပ်တို့ ဖြစ်ကြသည်။

**ငွေတာရီ ကဗျာပေါင်းချုပ်** စာအုပ်မှာ ငွေတာရီ ရေးသား ဖွဲ့ဆို ပြီးသမျှ ကဗျာများထဲမှ ကဗျာပေါင်း ၄၀၃-ပုဒ်ကို စုပေါင်း ထုတ်ဝေ ထားသော စာအုပ် ဖြစ်သည်။ ထိုစာအုပ်ထဲတွင် ငွေတာရီ၏ ပုံနှိပ်ပြီးသမျှ ကဗျာများ အားလုံးကို ပြန်လည် ဖော်ပြထားသည်။ ထိုအထဲမှ အချို့မှာ မဂ္ဂဇင်းများတွင် ဖော်ပြခြင်း ခံခဲ့ရသော ကဗျာများ ဖြစ်သည်။ အချို့မှာ ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်း ခံခဲ့ရသည်။

ထိုကဗျာများကို လေ့လာကြည့်လျှင် ငွေတာရီသည် အကြောင်းအရာ အမျိုးမျိုးကို ရေးသား ဖွဲ့ဆိုခဲ့ကြောင်း တွေ့ရသည်။ ကဗျာများတွင် နေရှုရာ၊ 'အလှရှိရာ၊ မဒရပ်သောင်ခုံ လှမျိုးစုံ၊ အနောက်မှ၊ အိမ်ပြန် ခရီး စသော ခရီးသွားကဗျာများ၊ ခါသကြိန်၊ နွေသကြိန်၊ အတာ၊ ရွှေပ်တောက်၊ ရေပွဲခံတဲ့ လ၊ လွမ်းသူ့ကဆုန်၊ ပန်းဝါဆို၊ လမြတ်ဝါဆို၊ ဝါကျွတ်ဆုတောင်း၊ လမြတ်အထွတ် သီတင်းကျွတ်၊ သည်တန်ဆောင်တိုင် စသော ရိုးရာယဉ်ကျေးမှု ရာသီဖွဲ့ကဗျာများ၊ ယာတော၊ရွာပြန်ချိန်၊ မရွာပါနဲ့မိုး၊ မြရော အဝါ၊ ပြွေရှင်း ချစ်သူတို့ရွာ၊ ကြိုးပါ့မယ် စသော တောခလေ့ဖွဲ့ ကဗျာများ၊ စစ်ထွက်မယ်ကွဲ ချစ်သက်လှယ်၊ စစ်ထွက်မောင် အတွက် ချစ်လက်ဆောင်၊ ချီတက်အမိန့်၊ ကင်းစောင့်၊ တောင်သူ လယ် သမားပြဿနာ၊ ကာ့ကွယ်ရေးနှင့် လူထုစသော ဘဝသရုပ်ဖော်ဖွဲ့ကဗျာ များ၊ ယမုန်သီတာသို့၊ ခွဲဦးစို့၊ ငါ့ပန်းချီနှင့် ငါ့ကဗျာ၊ လက်ဆောင်၊ စေတနာ၊ မသိစေလို၊ ဆူးချက်၊ မျက်မမြင်စသော တဂိုး၏ ကဗျာကို

www.burmeseclassic.com

ဘာသာပြန်ဆိုထားသော ကဗျာများ၊ ရှိတ်စပီးယား ပြဇာတ်များထဲမှ As you like It ပြဇာတ်တွင် ပါဝင်သော Under the Green Wood Tree အမည်ရှိ ကဗျာကို လာလှည့်ပါ ချစ်သူရယ် ၊ The Book of knowledge (ဂန္ထလောက အင်္ဂလိပ်စာကဏ္ဍ)မှ The Circle အမည်ရှိ ကဗျာကို ပဋိစ္စသမုပ္ပါဒ် အမည်ဖြင့် ပြန်ဆိုထားသော ကဗျာများ၊ သက်ဆက်လို့ထမ်း၊ သွေးနှင့် ချွေး၊ ဝင်နွဲပါတော့လား၊ မျိုးချစ်ညီ၊ ရဲဘော်လောင်း၊ အောင်မြေ စစ်ထွက်ခဲ့ပြီ၊ တော်လှန်စိတ်၊ တပေါင်းလ၏ ပန်းချီသစ်၊ လက်နက်၊ သွေးသောက်ညီနောင်၊ ကဗျာဆရာမှ တော်လှန်ရေးသမား၊ ဇူလိုင် ၁၉– ရက်ည၏ ချောက်အိပ်မက်၊ သားကောင်း ဇာနည်၊ အောင်သဘင်၊ လွတ်ရက်ခုတိုင်၊ လွတ်လပ်ချိန်၊ မြတ်အောင်လံ စသော မျိုးချစ်စိတ်ဓာတ် လှုံ့ဆော်သော ကဗျာများ၊ မမေ့တဲ့နိုင်၊ ငြိမ်းချမ်းသော ဘဝသစ်သို့၊ ပါတော်မူနေ့အတွက် မမေ့အမှာ၊ တစ်နှစ် လည်၍၊ ရွှေလှိုင်းငွေလှိုင်း စသော ငြိမ်းချမ်းရေးကဗျာများ၊ အေးရိပ် ဆာယာ၊ ပျော်စရာ၊ ကြေကွဲသမှု၊ သားသက်ဝေ၊ အမေ၊ ကိုထွေးအမှာ၊ ချစ်လှစွာသော ငွေဝတ်ရည်သို့ စသော ၅၂၈–သွယ် မေတ္တာဖွဲ့များ၊ ချစ်မျက်လုံး၊ အိုစောင်းရှင်ရယ်၊ အကြိုတော်၊ လှည်းယာဉ်ကလေး စီးကာလည်၊ တောသူ့ ရွာဝင်၊ ရောင့်ရဲမှု၊ ဝေးတသက်သက် စသော ၁၅၀၀ မေတ္တာဖွဲ့ ကဗျာများ၊ ဆည်းဆာ၊ နှင်းဆီ၊ ကြွေလုနှင်းဆီ စသော သဘာဝအလှဖွဲ့ ကဗျာများ၊ သူရဲကောင်းသုံးယောက်နှင့် ခရီးသည်၊ အားသစ်၊ ရွက်သစ်၊ မိုးတစ်ည၏ ငွေတစ်ပွင့်၊ သာသည့်မြေသို့၊ ထိပ်ဆုံးသို့ စသော အားမာန်ဖွဲ့ကဗျာများ၊ မှုန်၊ ဇရာပီတိ၊ ဂယက်၊ ဘဝကျွေ့ဝယ်၊ အနုပညာသည်၏ သံဝေဂ စသော သံဝေဂဖွဲ့ ကဗျာများ၊ ခွင့်လွှတ်တယ်မောင်၊ အညတြ၊ မြစ်၏လက်ာ ဤမီးတိုင်၊ ကြွေပွင့် ကောက်ခဲ့စဉ်က၊ သာတော့ခါ သာပါလိမ့်၊ ညောင်ရွက်ဈာန်လျော၊ ညဉ့်ဦးယံ မုန်တိုင်း၊ လင်းလုပေါ့၊ မြစမ်းရေအိုင်၊ နောက်ဆုံးတစ်ပွင့်၊ တရားရှင်ငဲ့၊ အို သစ်ပင်၊ အလှရှာသော် စသော



အတွေးအခေါ် ကဗျာများ စသည်ဖြင့် အကြောင်းအရာစုံ ရေးဖွဲ့ ထားသည်ကို တွေ့ရသည်။

**အလှရှိရာ** ကဗျာသည် အမိမြေ၊ အမိနိုင်ငံကို ချစ်မြတ်နိုးမှု၊ တိုင်းချစ် ပြည်ချစ်စိတ် ထက်သန်မှု၊ အမိမြေ အမိနိုင်ငံ၏ သာယာ ဝပြောမှုကို ဖွင့်ဆို ဖွဲ့နွဲ့ထားသော ခရီးသွားကဗျာတစ်ပုဒ် ဖြစ်သည်။ ဤကဗျာမှာ ဥရောပသို့ ခရီးသွားခဲ့သည်ကို အကြောင်းပြု၍ ဖွဲ့ဆိုသော ကဗျာ ဖြစ်သည်။ ခရီးသွားစဉ် ဖွဲ့ဆိုသည်ကား မဟုတ်ပေ။ မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီးမှ ဖွဲ့ဆိုသော ကဗျာ ဖြစ်သည်။

ဤကဗျာ၌ စာဆိုငွေတာရီက မိမိသည် ယခင်က သူတစ်ပါး တိုင်းပြည် သာယာ ဝပြောသည် ကြားရတိုင်း ထိုတိုင်းပြည်များသို့ သွားလိုစိတ် ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း မိမိကိုယ်တိုင် သူတစ်ပါး တိုင်းနိုင်ငံသို့ ရောက်ဖူးသောအခါကျမှ အမိမြန်မာပြည်၏ အလှနှင့် အခြားနိုင်ငံတို့၏ အလှကို နှိုင်းယှဉ် လေ့လာမိသည်။ ထိုအခါကျမှ မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မြန်မာပြည်၏အလှသည် အခြား နိုင်ငံများ၏ အလှနှင့် လုံးဝ နှိုင်းယှဉ်မရအောင် သာလွန်နေကြောင်း တွေ့မြင်လာ လေသည်။ သို့ဖြစ်၍ ထိုတိုင်းပြည်တို့၏ သာယာပုံကို ချီးမွမ်းစကား မည်သို့ပင် ကြားရစေကာမူ စာဆိုအဖို့၌ တုန်လှုပ်ခြင်း၊ ချောက်ချားခြင်း၊ တပ်မက်မောခြင်း မရှိတော့ပါဟု ဖွဲ့ဆိုထားသည်။ စာဆို ငွေတာရီသည် အလှရှိရာကဗျာဖြင့် မိမိချစ်သော အမိနိုင်ငံ၊ အမိမြေဘက်မှ စွဲစွဲမြဲမြဲ ရပ်တည်လျှက် ရေးဖွဲ့ တင်ပြသွားပုံမှာ အလွန် စိတ်ညွတ်နူးစရာ လေးစားစရာ ကောင်းလှပေသည်။

အလှရှိရာ၊ သွားချင်ပါဟု
ခါခါမြည်တမ်း၊ သို့ရော်ရမ်း၍
စိတ်ဝမ်းမသာ ရှိသည်တကား။
သူ့ရွာသူ့ပြည်၊ သာလှသည်တည့်

www.burmeseclassic.com

www.burmeseclassic.com



စည်ပင် ချမ်းမြ၊ ဝပြောစွဟု
ကြားရတိုင်းသာ၊ လှမြေချာသို့
သွားပါလိုမိ၊ နေမထိခဲ့။
ဤယနေ့သော်
ချမ်းမြေ့ကြည်လင်၊ စိတ်ဝယ်ရွှင်တည့်
မြေပြင်ကျယ်ဝင်း၊ လယ်ယာခင်းနှင့်
အင်းအိုင် မြစ်ချောင်း၊ ရှုမညောင်းတည့်
တောင်စောင်း တောင်ထိပ်၊ စေတီရိပ်ဝယ်
ဆွေမိတ်တူစုံ၊ ပူးရတုံသော်
အာရုံသန့်စင်၊ ကြည်ဘဝင်နှင့်
မိခင်မြေမြ၊ သာလေစွဟု
နှုတ်ကဖန်ဖန်၊ ဆိုမိသံသည်
မိုးယံပွဲတင် ထပ်လိမ့်တည်း။
သူ့ရွာသူ့ပြည်၊ သာမောသည်ဟု
နှုတ်ရည်စကား၊ ဘယ်သို့ကြားလည်း
ငါကား မတုန်လှုပ်ပြီတကား။

**ရေပွဲခံတဲ့လ** ကဗျာသည် ရိုးရာယဉ်ကျေးမှု ရာသီဖွဲ့ကဗျာတစ်ပုဒ် ဖြစ်သည်။ ကဆုန်လတွင် ရေသွန်းလောင်းကြပုံ၊ ကဆုန်လပြည့်နေ့တွင် ရှင်တော်မြတ်ဘုရား ဖွားမြင်တော်မူပုံ၊ မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့၌ပင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရရှိပုံတို့ကို ဖွဲ့ထားသည်။

ပြိဿအကြို ကဆုန်မြေမှာ
ရဂုံတစ်ကျေ့ ခန်းဝနာ
ဝတ်မှုန်ကြွေ့လို ကြိုင်လျှမ်းစွာငယ်
နိုင်ပန်းစကားဝါ ဝေသပ။



ရွှေပီဦးနှင့် ကွမ်းဖူးဖြာလျှင်
သွန်မြူးသီတာ ရေပွဲခံတဲ့လ။
ဗုဒ္ဓရှင်မြတ် စောသတ္တာငယ်
ဖွားမြင်ပြန်ရာ ဤမာသ။
ထင်ရှားစံကာ ပလ္လမ ,၌
ရွှေဉာဏ်သဗ္ဗအောင်ပြန်တုံ။
မလွှာရွှေပြည် ဌာနီနန်းမှာ
သောင်ခေမာကမ်း လှမ်းတဲ့ခါနှင့် ဆုံ။
နေ့ထူးရက်မြတ် ခါအကြွံမှာ
သတ္တဝါကုန် မာစေကြောင်းနှင့်
တကောင်းရေအိုး ပန်းစုံညီ
သွန်းကြပဏာချီ။
ဆောင် သွေကွန်းက ဆုညွှန်းရည်သည်
တို့ကျွန်း ဓမ္မာဒီ အောင်ကြောင်းပေပေါ့လေး။

တောမလေ့ဘွဲ့ ကဗျာတစ်ပုဒ် ဖြစ်သည့် **မရွာပါနဲ့မိုး** ကဗျာသည် စာဆို ငွေတာရီ၏ တောင်သူလယ်သမားများကို ချစ်ခင်နှစ်သက်သော၊ စေတနာ သက်ရောက်သော ကဗျာဖြစ်သည်။ မိုးကို အားကိုးအားထား ပြုနေရသော တောင်သူလယ်သမားများက မိုးမှန်မှ စပါးကောင်းမည် ဖြစ်၍ မိုးကို တောင့်တကြပုံ၊ မျိုးစပါးချ၍ ကောက်ပင်များ စိုက်ပျိုးနေပုံ၊ ကန်သင်းရိုးထက်ရှိ အမိုးစောက်စောက် တဲခေါင်ပေါက်၌ လက်သမားကြီး၏ အိမ်သူမယားသည်လည်း သားလေးကို ပိုက်ထွေးလျက် နို့တိုက်ရင်း မည်းမှောင်နေသော မိုးတိမ်ကို ကြည့်ကာ မိုးရွာဖို့ ဆုတောင်းနေပုံ၊ ထို အချိန်တွင် မြို့သူကမူ မှန်ရှေ့တွင် အလှပြင်ရင်း အုံ့မည်းနေသော မိုးကို ကြည့်ကာ အပြင်ထွက် မလည်ရမည်ကို စိုး၍ မိုးကို ကျိန်ဆဲနေပုံတို့ကို ဖွဲ့ဆိုထားသည်။ ကဗျာတွင် ဘဝနှစ်ခု၊ အမြင်နှစ်ရပ်ကို တွေ့မြင်နိုင်သည်။

www.burmeseclassic.com



ညရိမှောင်၍
ပြာရောင်မည်းချိပ်၊ အလိပ်လိပ်ဖြင့်
တိမ်ရိပ်တိမ်လွှာ၊ မှုန်ကာ သာတည့်။
'ရွာလိုက်ပါမိုး၊ သွန်းကာဖြိုး' ဟု
အားကိုးသမှု၊ နှလုံးပြု၍
မျှော်ရှု ငံ့လင့်၊ ရင်ကိုပင့်လျက်
မိုးမင်းနတ်ဆွေ၊ သူ့ကို ချွေသည်
တောနေလူသား၊ လယ်သမားတည့်။
အလျားကျယ်ကျယ်၊ လယ်ကွင်းဝယ်တည့်
သည်နယ်တသ၊ မိုးကို တ၍
မျိုးချ စပါး၊ ကောက်ပင်များကို
နှံ့ပြားလယ်ထက်၊ စိုက်ပျိုးလျက်တည့်။
ကန်သင်းရိုးဝယ်
အမိုးစောက်စောက်၊ တဲခေါင်ပေါက်၌
တစ်ယောက်အိမ်သူ၊ သားသည်းအူကို
မွေ့ယူပိုက်ထွေး၊ နို့ချိုကျွေးလျှက်
မှုန်မှေးတိမ်တောင်၊ မည်းမှောင်မှောင်ကို
ပင့်ဆောင်တသ၊ နှုတ်ရွရွတည့်
'ရွာပါ့ရွှေမိုး၊ သွန်းဖြိုးဖြိုး' တဲ့။
စက်ခန်းသာကွေ့၊ ကြေးမုံရေ့မှ
ပျိုမေ့ဖြူပြာ၊ မြို့သူမှာမူ
နံ့သာခြယ်သ၊ ဝတ်စုံလှနှင့်
ပြည့်ဝနှုတ်ခမ်း၊ ဆေးနီလျှမ်းတည့်
မြည်တမ်းရွရွ၊ နှုပ်ပွပွဖြင့်
'အာဂမိုးမဲ၊ အားတိုင်းသဲတည့်



တိတ်ပဲတိတ်နိုင်၊ တဖြိုင်ဖြိုင်နှင့်
သွန်းအိုင်ညိုညို၊ တစိုစိုမို့
ပြင်ကိုထွက်ကာ၊ မလည်သာတည့်
စာဂါညစ်ဆိုး၊ ရွာနဲ့ မိုး တဲ့။

၁၉၄၆-ခုနှစ်၊ မတ်လ ၁၈-ရက်နေ့ထုတ် ဒီးဒုတ်ဂျာနယ်တွင် ပါဝင်သော **'တောင်သူလယ်သမား ပြဿနာ'** တျာဘွဲ့ကဗျာသည် စာဆိုငွေတာရီ၏ တောင်သူလယ်သမားများဘက်မှ ရပ်တည်လျက် တောင်သူလယ်သမားတို့အပေါ် ထားရှိသော စေတနာနှင့် သဘောထားကို တွေ့မြင်နိုင်သည်။

စစ်ပြီးစခေတ် ၁၉၄၅-၄၆ ခုနှစ်များတွင် ကမ္ဘာ့ဆန်ဈေးကွက်၌ ဆန်ဈေးကောင်းခြင်းကို အကြောင်းပြု၍ ဗြိတိသျှ ဆန်စပါး ကုမ္ပဏီကြီးများက မြန်မာနိုင်ငံ တောင်သူ လယ်သမားများထံမှ ဆန်စပါးများကို ဈေးနှိမ်ကာ သိမ်းကျုံး ဝယ်ယူခဲ့သည်။ ထိုအချိန်တွင် ဗြိတိသျှအစိုးရ အာဏာပိုင်များကလည်းကောင်း၊ ချစ်တီးနှင့် မြေပိုင်ရှင်များကလည်းကောင်း၊ မြေခွန်မြေခများ တောင်းကြသည်။ ဤတွင် တောင်သူလယ်သမားများနှင့် နယ်ချဲ့တို့ ပဋိပက္ခ ဖြစ်ပွားကြသည်။ ဤအဖြစ်အပျက်ကို စာဆိုငွေတာရီက ကဗျာဖြင့် ဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်။ ထိုတျာဘွဲ့ကဗျာသည် ဗြိတိသျှ နယ်ချဲ့လက်အောက်ခံ ပြည်သူတို့၏ဘဝကို ဖော်ကျုံး ဖွင့်ဆိုပြသကဲ့သို့ ရှိသည်။

စစ်ပြေငြိမ်းစ၊ ကမ္ဘာတစ်ခွင်
ရိက္ခာအစား၊ ရှားပါး၍ နေရာတွင်
တို့တိုင်းငယ်ပြည်ပင်၊ ငြိမ်ငြင်ခက်ခဲ
စပါးဆန်ရေ၊ ချို့တဲ့နေ
တို့တွေ ရိက္ခာ မွဲသည်နှင့်လေး။
စစ်မီးလောင်ဆဲ၊ နွားကျဲငယ်မစုံ

www.burmeseclassic.com

www.burmeseclassic.com

ပုံးဒဏ်အစ၊ မားပြက တစ်ပုံ
တို့ကလဲ မဖြုန်၊ မတုန်မလှုပ်
ပြည်တိုင်းငယ်တခို၊ ပေါ်စေလို
သက်ကိုစွန့်ကာ လုပ်သည်နှင့်လေး။
ပစ္စည်းကိုင်ဆုပ်၊ အထုပ်ကယ် ပိုက်လွယ်
ဘေးရန်ကျော်နင်း၊ လွတ်ကင်းတဲ့ ကိုလှကြွယ်
စစ်ပြီးခါဝယ်၊ ပြန်လည်လာကြ
တလင်းပေါ်တွင်၊ စပါးမြင်
လိုချင်သွားရည် ကျသည်နှင့်လေး။
ကျွဲနွားကစ၊ ဘာမှမကူ
စပါးကို မြင်မှ၊ သီးခတဲ့ လိုချင်မှု
လယ်သမားငယ် ပြည်သူ၊ ကြည်ဖြူမရှိ
လှုထုစုံလင်၊ ပေါင်းစုအင်
တိုင်ပင်နှိုင်းကာ ညှိသည်နှင့်လေး။
စိုးရအသိ၊ တိုင်းပြည့်ဒုက္ခာ
လယ်ယာသမား၊ ထောက်ထားငယ်မညှာ
ဆန်စျေးကို နှိမ်ကာ၊ ဝယ်မှာအတင်း
တို့ကိုရောင်ဖယ်၊ တိုင်းခြားဝယ်
ဆက်သွယ်ကူညီ ပင်းသည်နှင့်လေး။
တရားမဲ့လျှင်း၊ ခွတ်မင်းပမှုလျှင်
ဒုက္ခကျပ်တည်း၊ အပြီးတွေ့ရမည်ပင်
စိတ်ထားမရှင်၊ လယ်တွင်မလုပ်
မချကြိုလာ၊ နောင်နှစ်မှာ
ရိက္ခာကုန်ကုန် ပြတ်မည်နှင့်လေး။
အချုပ်တိုင်အောင်သာ၊ ကပ်ကမ္ဘာ ဖုံးတော့မည်။
မလုပ်နိုင် လယ်ယာ၊ ငတ်ရာအုံးတော့မည်။

ကဗျာဆရာကြီး ထိလာစစ်သူက ဤကဗျာနှင့် ပတ်သက်၍–

'ဤကဗျာသည် စာနာထောက်ထားမှု၊ ကြင်နာယုယ သနားမှု အပြည့်အဝ ပါ၍ ကရုဏာရသ မြောက်ပေသည်။ ထို့ပြင် နယ်ချဲ့အစိုးရနှင့် အရင်းရှင်၊ မြေရှင်၊ ငွေကြေးရှင်တို့၏ နှိပ်စက် ဖိနှိပ်မှု၊ မတရားချုပ်ချယ် အနိုင်ကျင့်မှု တို့သည် ထင်ရှား ပေါ်လွင်ရကား၊ စက်ဆုပ် ရွံရှာမှု၊ မုန်းတီးမှု ဖြစ်သည့် ဝိဘစ္ဆရသ၊ ရက်စက်ကြမ်းကြုတ်မှု၊ အသနား အညှာအတာကင်းမှု ဖြစ်သည့် ရုဒ္ဒရသ၊ ထိတ်လန့် ကြောက်ရွံ့မှု၊ အားကိုးအားထားမဲ့ပြီး ဒုက္ခရောက်မှုဖြစ်သည့် ဘယာနကရသ အသီးသီး မြောက်ကြောင်း တွေ့ရလေသည်'ဟု ဆိုထားသည်။

၁၉၂၈–ခုနှစ်မှ စ၍ ခေတ်စမ်း ကဗျာစာဆိုတို့သည် ရှေးမြန်မာကဗျာများအဖြစ် နိုင်ငံရပ်ခြားကဗျာများ၊ စာပေများကို ဖတ်ရှု လေ့လာရာမှ ခေတ်စမ်းခေတ် နောက်ပိုင်းတွင် မြန်မာဘာသာဖြင့် ကဗျာများ ပေါ်ထွက်လာခဲ့သည်။ ဘာသာပြန်ဆိုရာ၌ အခြားသော ကဗျာဆရာတို့၏ ကဗျာများထက် ရာဘင်ဒြာနတ်တဂိုး၏ ကဗျာများကို အများဆုံး ဘာသာပြန်ဆိုခဲ့ကြသည်ကို တွေ့ရသည်။ ဇော်ဂျီ၊ မင်းသုဝဏ်၊ မောင်ဖြူး၊ တက္ကသိုလ်မောင်မောင်ကြီး၊ ဒဂုန်တာရာ၊ တိုက်စိုး၊ ပါရဂူ၊ မင်းယုဝေ စသူတို့သည် တဂိုး၏ စာများကို ဘာသာပြန်ခဲ့သူများ ဖြစ်သည်။ ထိုသို့သော စာဆိုများနည်းတူ ငွေတာရီသည်လည်း တဂိုး၏ ကဗျာများကို ဘာသာပြန်ဆိုခဲ့သည်။ တဂိုး ဘာသာပြန် ကဗျာများထဲမှ ဆန်းစသော်တာ ကဗျာစု The Crescent Moon မှ ကဗျာတစ်ပုဒ်ဖြစ်သည့် The Gift ကဗျာကို ငွေတာရီသည် 'လက်ဆောင်'အမည်ဖြင့် ပြန်ဆိုခဲ့ရာ မူရင်းကဗျာနှင့် ယှဉ်ကြည့်လျှင် စာဆိုငွေတာရီ၏ ကဗျာဖွဲ့စည်းပုံနှင့် ဘာသာပြန်စွမ်းရည် ထက်မြက်ပုံကို တွေ့ရှိနိုင်ပေသည်။

www.burmeseclassic.com

THE GIFT

I want to give you something, my chila, for we are drifting in the stream of the world.

Our lives will be carried apart, and our love forgotten.

But I am not so foolish as to hope that I could buy your heart with my gifts.

Young is your life, your path long and you drink the love we bring you at one drought and turn and run away from us.

You have your play and your playmates. What harm is there if you have no time or thought for us.

We, indeed, have leisure enough in old age to count the days that are past, to cherish in our hearts what our hands have lost for ever.

The river runs swift with a song, breaking through all barriers. But the mountain stays and remembers, and follows her with his love.

**လက်ဆောင်**

ကာမဘြဿ၊ ဤလောကဟု
အဝကျယ်ပြော၊ ပင်လယ်ကြော၌
မျောကာရွေ့ရွေ့၊ တူဆုံတွေ့စဉ်
တစ်နေ့လွဲခွာ၊ တို့ကွဲကွာက
စိတ်မှာမပျောက်၊ နောက်ကြောင်းလျှောက်၍
တွေးတောက်နိုင်မှု၊ တစ်ခုခုကို
မျက်ရှုသင့်အား၊ ပေးလိုတကား။
သို့ပါသော်လည်း၊ ချစ်မငြိုး၏
အသည်းနှလုံး၊ ချိုချိုပြုံးကို
သိမ်းကျုံးပိုင်အောင်၊ မျှော်ကိုးယောင်၍
လက်ဆောင်ကိုပြ၊ ဝယ်သော်ရဟု
ဤမျှ တွေထူး၊ ငါ့စိတ်ကူးသည်
မရူးမမိုက်သေးပါတကား။
သင့်အသက်ကား
ညွန့်ခက်နုကွေး၊ အငယ်လေးတည့်။
သင့်ခရီးလည်း
မနီးမဆုံး၊ ရှည်လျားတုန်းတည့်။
ငါ၏ထံမှ၊ အေးကြည်လှသည့်
ချမ်းမြဝေမောက်၊ ရေကြည်ပေါက်ကို
သောက်ကာစို့ပြီး၊ လိုခရီးသို့
ပြန်ပြီးတခါ၊ ပြေးခဲ့ပါ၏။
အသင့်မှာကား
ရှင်ရာရှင်ကြောင်း၊ ဖော်အပေါင်းနှင့်
သောင်းသောင်းညာညာ၊ ပျော်နေပါ၍
တစ်နေ့ယွင်းယို၊ စိတ်နုပျို့ဝယ်
တို့ကို သွေကွက်၊ မေ့နေရက်လည်း
အတွက်ဘယ်မှာ၊ ရှိပါအံ့နည်း။
ငါတို့မှာမူ
နာယူကာသာ
လွန်လာသည့်သက်၊ အရက်ရက်ကို
ပြန်လျှက်တွေးရ၊ မျှော်မှန်းဆ၍
တမ်းတကာသာ၊ နေရပါ၏။
မြစ်မ ငွေစင်၊ ကြည်ရေပြင်ကား

www.burmeseclassic.com


ချိုလွင်သာယာ၊ တေးလင်္ကာဖြင့်
လျှင်စွာကျော်လွှား၊ ဖြတ်၍သွား၏
မြင့်မားမောက်မို၊ ဤတောင်ညိုမှ
နဂိုမတ်မတ်၊ မားမားရပ်၍
တွက်မှတ်အောက်မေ့၊ တစေ့စေ့ဖြင့်
ချမ်းမြေ့မေတ္တာ၊ ရေစင်ဖြာကို
သွန်းကာလောင်းလျှက်ပင်တကား။

စာဆိုငွေတာရီ၏ ကဗျာ အရေးအဖွဲ့ ကျွမ်းကျင်မှုနှင့် စကားလုံးကြွယ်ဝမှုတို့ကို သူ့ဘာသာပြန် ကဗျာများက ဖော်ပြနေပေသည်။ ကဗျာများကို မြန်မာဘာသာသို့ ပြန်ဆို ရေးသားရာတွင် မူရင်းကဗျာ၏ ဆိုလိုချက်ကို မပျောက်စေရဘဲ၊ ကဗျာပုံစံဖြင့်ပင် ကျွမ်းကျင်စွာ ဘာသာပြန်နိုင်သည်ကို တွေ့ရသည်။ စကားလုံး တိကျစွာ ရွေးချယ်တတ်မှုနှင့် အံဝင်ခွင်ကျ သုံးတတ်မှုတို့ကို သူ၏ ကဗျာများက သက်သေပြလျက် ရှိသည်။

**သွေးသောက်ညီနောင်** ကဗျာမှာ စာဆို ငွေတာရီ၏ မြောက်မြားလှသော မတ်လတော်လှန်ရေးကဗျာများအနက် ထင်ရှားသော ကဗျာတစ်ပုဒ်ဖြစ်သည်။ ဤကဗျာတွင် ငွေတာရီသည် မတ်လတော်လှန်ရေးကာလက ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန် တိုက်ခိုက်ရန် စစ်မြေပြင်သို့ ထွက်ကြသော ပြည်သူ့တပ်မတော်သားများတွင် အပါအဝင်ဖြစ်သည့် စစ်သည်တော်ကလေး နှစ်ယောက်အကြောင်းကို ဖွဲ့ဆိုထားသည်။ သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး တစ်အူတုံဆင်း ညီရင်းအစ်ကိုပမာ ချစ်ခင်ကြပုံ၊ လေပြင်း တိုက်သည့်အခါ သစ်ရွက်များ ကြွေကျသကဲ့သို့ပင် မြန်မာတို့၏ တွန်းလှန် တိုက်ခိုက်မှု ဒဏ်ကို မခံနိုင်၍ ဖက်ဆစ်ဂျပန်တို့ ရှုံးနိမ့် ထွက်ပြေးကြရမည်ဟု ယုံကြည်ပုံ၊ တိုင်းပြည်အတွက် အသက်စွန့်ရပုံ နောက်မဆုတ်တမ်း တိုက်ခိုက်ကြပုံ တို့ကို ဖွဲ့ဆိုထားသည်။

ညောင်းရွက်လည်း ဝါလေပြီ။
ဆောင်းရက်လည်း ခွာသွေပြီ။
သည်အခါ သည်တစ်နေ့မှာဖြင့်
အကွေ့ရုံ မြိုင်ညို၏
စိမ်းစိုစို ပင်ပျိုရိပ်မှာလ
ချွေးသိပ်မည် ထိုင်ကာနားရှာတဲ့
စစ်သားပျို နှစ်ရွယ်သို့
စာဆိုမယ် စိတ်သွယ်တန်းကာပ
ပြန်လွမ်းမိ ဟိုအခါ။
…ချွေးဖြာဖြာ စီးလာကျကိုဖြင့်
လက် မကာ အသာသုတ်ရာမှ
'ကြည့်ပါဦး ညီတော်မောင်'တဲ့
ပြုံးယောင်ယောင် စိတ်ရွှင်လန်းဟန်နဲ့
လှမ်းတဲ့လို့ သူ့အဖော်
ပြလို့သာ ခေါ်လိုက်တော့။
ညိုးလျော်လျော် အဖော်လှဟာဖြင့်
သူပြရာ မျှော်ကာ ကြည့်လိုက်တော့
နေမြိုက်ကာ သွေ့ဝါခြောက်ပါတဲ့
ရွှေပြောက်တွေ စီရရီနဲ့
ကြွေတော့မည် မြလွှာရွက်ကိုလှ
ပင်ထက်မှာ ပြုတ်လုသားငယ်
သွားမြင်ရပါ။
…'တွေ့ရလား သူငယ်ချင်း
နေဝင်းဝင်းမှာ လေပြင်းပြင်းတိုက်ခဲ့ရင်တော့
ကြွေလိုက်မယ့် အခြေ

www.burmeseclassic.com

www.burmeseclassic.com



ဘာမို့လို့ နေနိုင်မလဲ
ပြန်ဝဲကာ လေအသုတ်
လွင့်ကြွေကာ ပြုတ်ရလိမ့်'တဲ့။
'တို့ပြည်မှာ ရန်သူယုတ်ဟာလဲ
လှုပ်လှုပ်သာ အနိုင်ကျန် တော့
တော်လှန်သူ ဗမာမျိုးကိုလ
ဖေ့တိုးကာ မခံဝံ့ပါဘူး
ရှုံ့ပါနဲ့ ညီလေးရာ
ကြာပါဘူး အောင်မှာဘဲ'တဲ့။
...ပြုံးကာပ ရှင်ချို
အားတက်ဖွယ် သည်ပုံဆိုတော့
အစ်ကိုလို သူငယ်ချင်းကိုလ
အားတင်းမယ် သည်သဘောရယ်နဲ့
ပြန်ပြောပုံ တကယ်ထယ်လှချည်
'အမယ် သွေးသောက်
ဘာမို့လို့ ကြောက်မတုံး
သွေးပေါက်ကယ် ထွေထွေ
ကျချင်တိုင်း ကျစေတော့
ရဲလှတို့ မဆုတ်တမ်း
လူငယ်မို့ 'စွမ်း'သတဲ့။
အောင်နန်းသို့ မျှော်
အောင်လမ်းကို သည်ပုံဖော်လို့
ညီနောင်တော် အားစည် ခိုက်ကိုဖြင့်
လေတိုက်ကာ ဗျူဟာဆင်တော့
သစ်တစ်ပင် ဟိုအထက်ဆီက



ညောင်ရွက်ဝါ အညှာပြုတ်ပါပေါ့
လေသုတ်ရာ တလည်လည်ပ
ရပ်မတည် ဆည်မပင့်နိုင်ဘာ
နံးရာမှ ရွှံ့တာဆင့်လေတော့
(ကွယ်) လွင့်ကြွေလို့ဝဲ။
သြော်– ညောင်းရွက်လည်း ကြွေပါပြီ။
ဆောင်းရက်လည်း သွေ့ခွာပြီ။

တက္ကသိုလ် ဝင်းမွန်က ဤကဗျာနှင့် ပတ်သက်ပြီး–

'သွေးသောက်ညီနောင် ကဗျာတွင် တော်လှန်ရေးရဲဘော်တို့ စိတ်ဝမ်းမကွဲပဲ သွေးစည်း ညီညွတ်လျက် ညီရင်းအစ်ကိုပမာ ရင်းနှီး ချစ်ခင်ကြပုံကို ဖော်ထုတ်ထားသည်။ သွေးစည်း ညီညွတ်ခြင်း၏ ဂုဏ်ကိုလည်း ဖော်ထုတ်သတိရစေသည်။ တက်လူ လူငယ်တို့အပေါ် ယုံကြည်ချက် ထားသည်ကိုလည်း တွေ့ရသည်။ မတ်လ တော်လှန်ရေး၏ သရုပ်ကို ရှုထောင့်တစ်မျိုးမှ တင်ပြထားသော ကဗျာတစ်ပုဒ် ဖြစ်သည်'ဟူ၍ 'ခေတ်သစ်ကဗျာမိတ်ဖွဲ့' စာအုပ်တွင် ဝေဖန် သုံးသပ်ထားသည်။

'ချစ်မျက်လုံး၊' 'အို စောင်းရှင်ရယ်၊' 'အကြိုတော်' ကဗျာများသည် စာဆိုငွေတာရီ၏ ချစ်မေတ္တာဖွဲ့ ကဗျာများဖြစ်သည်။ စာဆိုသည် ပုထုဇဉ်လူသားပီပီ အချစ်၊ အမော၊ အလွမ်း၊ အဆွေး၊ သံယောဇဉ်၊ တဏှာပေမ၊ ကာမဂုဏ် တရားတို့ကို ရှောင်မလွှတ်နိုင်ရကား အချစ်ကဗျာများစွာ ရေးသားဖွဲ့ဆိုခဲ့ရာ များစွာ ကျော်ကြား ထင်ရှားသည်။ အချစ်ကဗျာများတွင် စာဆို၏ ပြောင်မြောက်သော အဖွဲ့အနွဲ့များ၊ ဆန်းသစ်သော အတွေးအမြင်များကို တွေ့ရသည်။

ချစ်မျက်လုံးကဗျာမှာ သိမ်မွေ့နက်နဲသော အချစ်သဘောကို ပြသည့် ချစ်ရည်ရွှန်းလဲ့နေသော မျက်လုံးအစုံကို တင်စားဖွဲ့ထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တိုင်း
ရစ်ဝိုင်းပါတဲ့ ချစ်ရည်ရယ်။
'ချစ်ချင်တယ်' ထိုသဘောကို
ပြောတော့သည်နှယ်။
နှုတ်ဖြင့်ကွယ်
ဘယ်ခါမှ မိန့်ဘူး။
တွေ့တိုင်း ရယ်မလိုနဲ့
ရင်ဖိုဖွယ် သူ့မျက်လုံးရယ်
ပြုံးချက်က ထူး။

ဤကဗျာနှင့်ပတ်သက်ပြီး ကဗျာဆရာကြီး ဒဂုန်တာရာက–

'ချစ်မျက်လုံးကိုကား နှစ်သက်မိသည်။ စာသားနှင့် စိတ်ကူးသည် စည်းဝါးကျ၍ အင်မတန် ကဗျာဆန်လှသည်။ ကြည်လင်သောအရာကို ရှုမြင်ရသကဲ့သို့ ရှိသည်။ အသက်ပါသည်'ဟူ၍ ချီးကျူးထားလေသည်။

**အကြိုတော်**ကဗျာသည် ထိုခေတ်အခါက ကဗျာဆရာလောကတွင်သာမက တေးဂီတ လောကတွင်ပါ ထင်ရှားသော ကဗျာတစ်ပုဒ်ဖြစ်သည်။ တေးသီချင်းအဖြစ် သီဆိုခဲ့ကြသည်။ ဤကဗျာမှာ ချစ်သူလာလိမ့်နိုးနှင့် မျှော်ကိုးနေရသော်လည်း ချစ်သူ မပေါ်လာသဖြင့် ဝမ်းနည်းကြေကွဲနေသော မိန်းကလေးတစ်ဦး၏ ခံစားချက်ကို ဖွဲ့ဆိုထားသည်။

အုံ့ဆိုင်းရီရီ မိုးပြင်မှိုင်းလို့
ကိုးခွင်တိုင်းက မှုန်လို့ပြာ
မိုးဥညီညီ ငွေရည်တွဲက
တွေစီမစဲ သဲလို့လာ၊
မြရွက်ထိုထို ရင်စို့ကြွားလို့
ပွင့်ညိုကားကား စကားဝါ၊
ရင့်ညောင်းငွေညှာ ကြွေကာပဲ့တော့



မြေမှာတလဲ့ စံတဲ့ခါ၊
မေ့ပါးပြင်မှာ မျက်ရည်တွဲလို့
ပြတ်မည်အသဲ ကြွေလုပါ၊
လာနိုးငယ်သာ မှန်းကာဆရ
လွမ်းရှာသမျှ မောင့်တွက်သာ
ခက်တာသက်လျှာ။

သဘာဝအလှအပကို ခံစားတတ်သော စာဆိုငွေတာရီသည် **နှင်းဆီ** ကဗျာတွင် အဆင်းလှရုံသာမက ရနံ့ကလည်း မွှေးပြီး အဆင်းရော အချင်းပါ ပြည့်စုံသည့် နှင်းဆီပန်း၏ အလှကို မက်မောမိသဖြင့် ခူးဆွတ်ရန် ကြိုးစားသောအခါ ဆူးများကြောင့် အခက်တွေ့ပုံကို ရေးဖွဲ့ထားသည်။ သဘာဝအလှဖွဲ့ ကဗျာတစ်ပုဒ် ဖြစ်သည်။

အထပ်အထပ်၊ ပွင့်လွှာချပ်၍
နှုတ်ဖတ်နီတွေး၊ ပန်းစုံကွေးသည်
လှသွေးနှင်းဆီ မြိုင်ဆဲကို။
လေပျိုအေးဝယ်၊ မာလာမယ်လည်း
ညာဘယ်လိမ့်လူး၊ ရွှင်ကြည်မြူးသည်
နံ့ထူး ဂန္ဓာ ကြိုင်ဆဲကို။
ခူးမည် စိတ်မှန်း၊ လက်ကို ကမ်းလည်း
မလှမ်းနိုင်ပါ၊ နှမ်းယိုင်လာခဲ့
ချွန်စွာအသွား၊ ဆူးကတားသည်
ထံပါး မသီနိုင်ဘဲကို။

စာဆို ငွေတာရီ၏ အားမာန်ကဗျာများထဲတွင် **သာသည့်မြေသို့** ကဗျာသည် ထူးခြားသော ကဗျာတစ်ပုဒ် ဖြစ်ပေသည်။ ဤကဗျာတွင် သူတစ်ပါး၏ တိုင်းပြည် သာယာသည်ကို ကြည့်ကာ နှစ်သက်နေရုံ၊ ကြည်နူးနေရုံ၊ အားကျနေရုံနှင့် မပြီး၊ မိမိ၏ ရပ်ရွာ သာယာရေးကိုလည်း

www.burmeseclassic.com



ဆောင်ရွက်သင့်ကြောင်း၊ မိမိ၏ ရပ်ရွာကို သူများနည်းတူ သာယာစေရန် တိုးတက် ဖွံ့ဖြိုးစေရန် လုပ်ဆောင်သင့်ကြောင်း၊ ထိုသို့ ကြိုးစား အားထုတ်ပါက အများနည်းတူပင် မိမိ၏ ရပ်ရွာမှာလည်း သာယာမည် ဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်း နိုးဆော်ထားသော ကဗျာဖြစ်သည်။ စာဆိုသည် မိမိ၏ ခြံမြေနှင့် စိမ်းစို သာယာသော သူတစ်ပါး၏ ဥယျာဉ်ခြံမြေကို နှိုင်းယှဉ် ဥပမာပြု တင်စား ရေးဖွဲ့ထားသည်။

အလှထူးပါဘိ
မြဖူးပြာအငုံနဲ့
လွှာရုံမှာ ညှာစုံကျင်းရော့ထင့်
ဖြူဝင်း ငွေမှုန်လွှာတို့
လေယူရာ ရနံ့ညင်း
သင်းပျံ့ခဲ့ သူ့ခြံမှာ။
ငါ့ခြံ ကြည့်ပြန်တော့
မချိုမှု ပွေဖြာခဲ့
မြေပြာမှာ နေခြာမတင့်နိုင်ဘူ
ကြည်စရာ နီဝါတွေလဲ မပွင့်လေတော့
စိမ်းရင့်ရောင် နွယ်ချုံဖုတ်တွေက
ရှုပ်ထွေးကာ လိမ်ခွေရှက်
အားပျက်စရာ။
သူ့စခန်း
သာဆန်း ရဂုံသွင်မို့
ငါလုမ်းကာ ခိုဝင်လို့
ပြာငွေစင် ကြိုင်ပျံ့ရှားပါတဲ့
ပွင့်ငုံဆင် ပင်တွေ ကြားမှာလ
လျှောက်သွားကာ ပျော်လိုလှပါဘိ



မြရောင်စို သည်မြက်ခင်းရယ်နဲ့
ညင်းလေကို သစ်ညိုရိပ်မှာဖြင့်
လျောင်းအိပ်လို့ တစ်ကိုယ်သာ
ရွှင်ပါချင့် စိတ်ထဲ။
သို့လဲလေ
မသင့်မလျော်ပေဘူ့
ငါ့ခြံမြေ ဥယျာဉ်နန်းဟာလဲ
လှလေသည် သာစခန်းပေပေါ့
စိတ်ပန်းကို သည်လိုမြေလို့
ကျက်သရေ တက်နေဝင့်အောင်လ
ငါ့ခြံမြေ အခြေမြှင့်ချင်ငဲ့
သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်
ငါ့မြေမှာ နီဝါတင့်ရမပေါ့
အခွင့်အခါ မျှော်လို့
ဥယျာဉ်တော် သာယာရေးကိုလ
ရှုမျှော်ကာ ခါခါတွေးပါလို့
မနေးပင် အားအင်ထုတ်လို့ရယ်
ပေါင်းနုတ်ဖို့ ခဲ။

ကဗျာဆရာတင်မိုးက 'ငွေတာရီ၏ 'သာသည့်မြေသို့ ' ကဗျာလေးသည် အသည်းနှလုံးအတွင်း နူးညံ့ သိမ်မွေ့လှပစွာ ထိုးဖောက် ဝင်ရောက်လာသည်။ နှုတ်မှ ထိုကဗျာပုဒ်လေးကို အကြိမ်ကြိမ် ရွတ်ဆိုမိသည်။ ငွေတာရီ၏ တေးကား နှလုံးမွှန်မှ ထွက်ပေါ်လာသော တေးကဗျာကလေးပါတကား။ မိမိကိုယ်ကို ယုံကြည်စိတ်၊ အားကိုးစိတ် ပေါ်လာအောင် ပုံလောင်းပေးသည့် ကဗျာကောင်းကလေးပါတကား 'ဟူ၍ ချီးကျူး မှတ်ချက်ချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဘဝကျွေ့ဝယ်** ကဗျာမှာ လူ့ဘဝ ခဏတာ အချိန်ကလေးအတွင်း လူသားအချင်းချင်း မေတ္တာတရားထားကာ ချစ်ချစ်ခင်ခင် နေကြရ သတိပေးထားသော သံဝေဂဖွဲ့ ကဗျာကလေး ဖြစ်သည်။ ငွေတာရီ ကွယ်လွန်သောအခါ မင်းယုဝေက ဤကဗျာမှ စာပုဒ်တစ်ပုဒ်ကို ထုတ်နုတ်ကာ ငွေတာရီ၏ အုတ်ဂူပေါ်တွင် ရေးထိုး ထားရှိခဲ့သည်။

ဘဝလမ်းဝယ်
သိကျွမ်း ခင်မင်၊ တွေ့မြင် ဆုံစည်း
ရင်းနှီး ချစ်ကြည်၊ သွားမည် လက်တွဲ
တူတူဘဲလျှင်၊ စိတ်ထဲ ရည်စူး
ကြည်ရွှင် မြူးလျှက်၊ ခေါ်ထူး မေးပြော
ရယ်တမောတည့်၊ ဘယ်သောခါမှ
စခန်းလှသို့၊ ရောက်ရမည်နော်
မသိသော်လည်း၊ ရွှင်ပျော်စိတ်ဝမ်း
တူလျှင်လှမ်းသည်
သည်လမ်း ဘဝဆိုမှာတည်း။
ဘဝကျွေ့ဝယ်
ပျော်မွေ့ကြည်သာ၊ သွားလေရာက
နှစ်ဖြာလမ်းခွဲ၊ ရောက်မလွဲတည့်
သူလဲဟိုဆီ၊ တပ်ဦးချီ၍
သည်ဆီငါလှမ်း၊ ဆက်၍ မြန်းသော်
စိတ်ဝမ်းကြေကွဲ၊ တစ်ကိုယ်ထဲလျှင်
လိုက်လှဲပူတွေ့၊ ချိုမမြဲသည်
အကျွေ့ဘဝဆိုမှာတည်း။
သို့ဖြစ်သည်ကြောင့်
ချစ်ကြည် မြတ်လေး၊ ဆွေအတွေးယယ်



မဝေးလှသည့်၊ ဘဝထိုထို
လမ်းတစ်ခိုဌ်
လျှပ်လိုခဏ၊ တွေ့ကြရခိုက်
မေတ္တာမကျိုင်၊ တူစိုက်ပြိုင်စို့
တတ်နိုင်သမျှ၊ ချစ်ကြပါစို့
ဘဝလမ်းတာ၊ တိုတောင်းစွာကို
သာယာသမှု၊ ငါတို့ပြုစို့
ညစ်ကျူမတင်၊ စိတ်ဖြူစင်ဖြင့်
များရှင်လူသူ၊ ငါတို့ကူစို့
နိဗ္ဗူမြတ်နန်း၊ ခေမာကမ်းသို့
တက်လမ်းပြည့်နှံ၊ ခရီးမှန်ဝယ်
အားသွန်ကြိုးစား၊ ရောက်လိုအားနှင့်
တရားရှာဖွေ မွေ့ပါစို့။

**ဤမီးတိုင်** ကဗျာမှာ အတွေးအခေါ် ကဗျာကလေးတစ်ပုဒ် ဖြစ်သည်။ ဘုရားရှေ့တွင် ထွန်းညှိထားသော ထိန်ထိန်ညီးလျှက် ရှိသည့် ဖယောင်းတိုင်လေး၏ မီးလျှံကို အခြားသူများ လာရောက် မီးကူးသော်လည်း လျော့ပါးသွားခြင်းမရှိပဲ ထွန်းလင်းလျက်ပင် ရှိကြောင်း ရေးဖွဲ့ထားသည့် ကဗျာဖြစ်သည်။ ဆီမီးတိုင်ကို ပမာပြု၍ မိမိတစ်ဦးတည်း ခံစား သုံးစွဲ၍ မရ အများနှင့်အတူ ဝိုင်းဝန်း၍ အညီအမျှ ခံစားရမည်ဟူသော သဘောကို ပြဆိုထားလေသည်။

ဘုရားရှေ့ဝယ် အငွေ့လှိုင်လှိုင်
နံ့ကြိုင်ကြိုင်ဖြင့် တစ်တိုင်ဆီမီး
ထိန်ထိန်ညီးတည့်။
သူ့အလျှံမှ တစ်ဖန်ကူးဘိ
သူငါညှိလည်း မသိလျော့ရာ
ထိန်မြဲသာတည့်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဗျာနှင့် ပတ်သက်ပြီး ဆရာမြဇင်က–

'ဤမီးတိုင်ကဗျာသည် အတွေးသိမ်မွေ့သည်။ အာရုံခံစားမှုနှင့် ယှဉ်သော အတွေး ဖြစ်သည်။ အနံ့ကြိုင်ကြိုင်ဆိုသည်က ရိုးသည် ထားဘိဦး။ အငွေ့လှိုင်လှိုင်ဆိုသည်မှာ တိတိကျကျ ရှုမြင်ဘတ်ခြင်းကို ညွှန်းသည်။ စိတ်ကူးဉာဏ်ကို သုံးထားသည်။ ဖရောင်းတိုင်ကို သင်္ကေတ အဖြစ် အသုံးပြုထားသည်။ ညှိဆိုသော စကားလုံးမှ အဓိပ္ပာယ်အမျိုးမျိုး ထွက်နိုင်သည်။ ကဗျာအတွေးပါသော ကဗျာတစ်ပုဒ် ဖြစ်သည်' ဟူ၍ ချီးကျူး ရေးသားထားသည်။

ကဗျာစာဆို ငွေတာရီသည် ကဗျာ စတင် ရေးဖွဲ့ချိန် အသက်၁၂–နှစ် အရွယ်မှစ၍ ကွယ်လွန်ချိန် အသက်၃၃–နှစ် အရွယ်အတွင်း ကဗျာပေါင်း ၈၀၀–ကျော်ကို ကဗျာပုံစံ အမျိုးမျိုးဖြင့် ရေးဖွဲ့သွားသည်ကို တွေ့ရသည်။ ငွေတာရီ၏ ကဗျာ အဖွဲ့ပုံစံများမှာ ခေတ်စမ်း ကဗျာစာဆိုများ နှင့် ဆင်တူသည်။ ငွေတာရီသည် ခေတ်စမ်း ကဗျာစာဆိုတို့ကဲ့သို့ပင် လေးလုံးစပ် ကဗျာ ပုံသဏ္ဌာန်၊ လေးချိုး၊ သံချို ပုံသဏ္ဌာန်များကို ဦးစားပေး သုံးစွဲ ရေးဖွဲ့ခဲ့သည်။ သို့ရာတွင် ကဗျာ စတင် လေ့ကျင့်စကမူ ရတု၊ တေးထပ်၊ အိုင်ချင်း၊ လွမ်းချင်းများကို အတော်များများ ရေးဖွဲ့ခဲ့သည်ကို တွေ့ရသည်။

စာဆို ငွေတာရီသည် ကဗျာဖွဲ့ဆိုရာတွင် အကြောင်းအရာကို သရုပ်ပေါ်အောင်၊ အသံကာရန် စည်းမလွတ်အောင် ဖွဲ့ဆိုနိုင်သူ ဖြစ်သည်။ ငွေတာရီ၏ ကဗျာတို့သည် ကာရန်နှင့် အနက် လိုက်ဖက်မှု ရှိကြသည်။ စကား အသုံးအနှုန်းပိုင်းတွင်လည်း လှပသည်ကို တွေ့ရသည်။ ကဗျာကောင်း အင်္ဂါနှင့် ညီညွတ်သည်ဟု ဆိုရမည် ဖြစ်သည်။

အမျိုးသမီး စာဆို ဖြစ်သော်လည်း ကဗျာအများအပြား ရေးသားနိုင် သည့်အပြင် ကဗျာများမှာလည်း အဓိပ္ပာယ်ပြည့်ဝ၍ လူ့လောက အကျိုးပြု ကဗျာများ ဖြစ်နေသည်ကို တွေ့ရသည်။ လောကကို အလှဆင်ခဲ့သည်ဟု



ဆိုနိုင်သည်။ သူ့ကဗျာများကို မှုကြိုတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် က္ကသိုလ် အဆင့်များတွင် ပြဋ္ဌာန်း သင်ကြားခဲ့ဖြစ်သည်။ သူ့ကဗျာအချို့ သည် နိုင်ငံခြား ဘာသာများသို့ ပြန်ဆိုခြင်း ခံရသည်။ လန်ဒန်တက္ကသိုလ် အငြိမ်းစား မြန်မာစာပါမောက္ခ ဒေါက်တာလှဖေ ပြုစု ရေးသားသော History of Burmese Poetry: Its Birth, Development, Scope and Nature (1300-1970) မြန်မာကဗျာ သမိုင်း မွေးဖွားမှု၊ တိုးတက်မှု၊ မြင်ကွင်းနှင့် သဘာဝ (၁၃၀၀–၁၉၇၀) စာတမ်းတွင် ငွေတာရီနှင့် ငွေတာရီ၏ ကဗျာများကို တကဏ္ဍအဖြစ် ဖော်ပြထားလေသည်။

ငွေတာရီသည် ၁၉၅၈–ခုနှစ်၊ မတ်လ၁၉–ရက်နေ့တွင် ကွယ်လွန်ရာ စာပေအသိုင်းအဝိုင်းမှ မိတ်ဆွေများ၊ ပြင်ပလောကမှ မိတ်ဆွေများက ဝမ်းနည်း ပူဆွေးကြသည်။ နှမြော တသကြသည်။ ငွေတာရီကို ဂုဏ်ပြု ချီးကျူးကြသည်။

ဆရာတိုက်စိုးက–

'ငွေတာရီ အမည်ခံ အမျိုးသမီးတစ်ယောက်သည် လူ့အနေဖြင့် ကျွန်တော်၏ မြင်ကွင်းမှ ကွယ်ခဲ့ပြီ မှန်၏။ သို့ရာတွင် ကျွန်တော့် ရှေ့ရှိ စက္ကူဖြူဖွေးဖွေးပေါ်၌ စာလုံးမည်းနှင့် တည်ရှိနေသည့် သူ့ကဗျာများတွင် လန်းဒန်၌ ကျွန်တော်အဖို့ သိသာစေခဲ့သော သူ၏စိတ်ဓာတ် အမူအယာ တို့သည် ဝင်းလိုက် လက်လိုက် ရှိနေပါသတည်း'ဟူ၍ ဖော်ပြခဲ့သည်။

စာဆို ထိလာစစ်သူကလည်း–

'မြန်မာနိုင်ငံတွင် အမြင့်ဆုံးသော စာပေဆုကို နှစ်ကြိမ်တိတိ ရရှိခဲ့သော အမျိုးသမီး စာရေးဆရာမကား စာဆိုမယ် ငွေတာရီပင် ဖြစ်သည်။ မြန်မာအမျိုးသမီး မခင်ရီကား သေခဲ့လေပြီ။ သို့သော် စာဆိုမယ် ငွေတာရီကား မသေသေးပေ။ မြန်မာလူမျိုးနှင့် မြန်မာစာပေ တည်ရှိနေဦးမည့် ကာလပတ်လုံးတွင် ငွေတာရီသည်လည်း အရွှန်းပြည်စွာ ရှိနေဦးမည်သာ ဖြစ်သည်' ဟူ၍ ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေတာရီနှင့် ခေတ်ပြိုင် စာဆိုတစ်ဦးဖြစ်သူ ဒေါင်းနွယ်ဆွေကလည်း 'ပန်းပွင့်သာကြွေ စာဆိုမသေ' ကဗျာဖြင့် ငွေတာရီ ကွယ်လွန်သွားသော်လည်း သူ၏ ကျန်ရစ်သော စာပေရတနာတို့ မည်သည့်အခါမျှ ပျောက်ပျက်သွားမည် မဟုတ်ကြောင်းကို ကဗျာဖွဲ့ခဲ့သည်။

ဆရာတင်မိုးကလည်း 'ငြိမ်းလေသောဆီမီးတိုင်' ဆောင်းပါးတွင်–

'မိခင်သက်ရှယ်ကား ငယ်နုလှပါသေးသည်။ သို့သော် သေမင်းသည် အနုပညာရှင်တစ်ဦးဟူ၍ နမြောတတ်ရ ကောင်းမှန်းမသိ၊ ခေါ်ဆောင်သွားလေပြီ။ ပန်းများကို နောက်ထပ် ပွင့်စေနိုင်တော့မည် မဟုတ်၊ မြန်မာစာပေအတွက် ကြီးစွာသော ဆုံးရှုံးခြင်းပင် ဖြစ်သည်။ ငွေတာရီ၏ လှပသော အတွေးအခေါ်များနှင့် ကဗျာများကို ဖတ်ရတော့မည် မဟုတ်သည့်အတွက် လွမ်းဆွတ်မိပါတော့သည်' ဟူ၍ ရေးဖွဲ့ခဲ့သည်။

မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့အတွက် တင်သွင်းသော'ငွေတာရီ' ကဗျာပေါင်းချုပ် လေ့လာချက်'ကျမ်းကို ပြုစုခဲ့သူ ဆရာမင်းယုဝေနှင့် ငွေတာရီတို့၏ တစ်ဦးတည်းသော သမီး ခင်ရီဝင်းကလည်း–

'ကျွန်မသည် မိခင်ကို မမြင်တွေ့လိုက်ရသော်လည်း မိခင်၏ ကဗျာများကို ဖတ်ရှုကာ လောက အသိအမြင်တို့ ရင့်သန် ကျယ်ပြန့်တိုးတက်လာရသူ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်မိခင်သည် ကွယ်လွန်ပြီဖြစ်သော်လည်း သူ၏ ကဗျာများဖြင့် ကျွန်မကို ဆုံးမ သွန်သင် ပဲ့ပြင်ဆဲရှိသည်ဟု ထင်မြင်ယူဆမိသည်။ ကျွန်မသည် ကျွန်မ မိခင်၏ ကဗျာများကို အထက်တန်းကျောင်း၌ ပညာဆည်းပူးစဉ်ကလည်း သင်ယူခဲ့ရပါသည်။ တက္ကသိုလ်သို့ ရောက်သောအခါတွင်လည်း သင်ယူခဲ့ရပါသည်။ မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းကို တက်သောအခါတွင်လည်း သင်ယူခဲ့ရပါသည်။ ယခု မြန်မာစာ မဟာဝိဇ္ဇာဘွဲ့အတွက် ကျွန်မ ကျမ်းပြုစုနေရာတွင်လည်း မိခင်၏ ကဗျာများကိုပင် ကျမ်းပြုစုခွင့် ရရှိခဲ့ပါသည်။ မြန်မာစာ ပါမောက္ခ ဆရာမကြီး ဒေါ်စိစိဝင်းနှင့် ကထိက ဆရာမကြီး ဒေါ်မြမြသန်း



တို့က 'သမီးမေမေ ငွေတာရီရဲ့ ကဗျာပေါင်းချုပ်ကိုပဲ သမီးက လေ့လာကျမ်းပြုဖို့ ဆရာမတို့ သတ်မှတ်ပေးထားတယ်'ဟူ၍ ညှိနှိုင်း အကြံပေးညွှန်ပြ သတ်မှတ်ပေးသောအခါ ကျွန်မသည် ဝမ်းသာမဆုံး၊ ဂုဏ်ယူမဆုံးဖြစ်မိပါသည်'ဟူ၍ သူ့ခံစားချက်ကို ဖွင့်ဟခဲ့သည်။ ဤကျမ်းကို ပြုစုခြင်းဖြင့် သူ့အား မွေးဖွားပြီး နောက်တစ်နေ့တွင် ကွယ်လွန်သွားရှာသော မိခင်ငွေတာရီအတွက် အနည်းငယ် ကျေးဇူးဆပ်ခွင့် ရရှိသည် ဆိုပါက သူ့အဖို့ အတိုင်းမသိ ဝမ်းသာကြည်နူးမှု ဖြစ်ရပါသည်ဟူ၍ ဖော်ပြခဲ့သည်ကို တွေ့ရသည်။

ငွေတာရီ ကွယ်လွန်စဉ်က ခင်ပွန်းသည် မင်းယုဝေသည် 'မွေးနံ့မပြယ်သော ကြွေနှင်းဆီ' ကဗျာဖြင့် ချစ်ဇနီးငွေတာရီကို ကြွေလွင့်သွားသော နှင်းဆီပန်းပမာ တမ်းတမ်းတတ ဖွဲ့ဆိုခဲ့လေသည်။

ဩော်– ပင်မှ ကြွေလည်း
ဤကြွေနှင်းဆီ၊ တစ်ပွင့်သည်လျှင်
ထုံကြည်သင်းပျံ့၊ လေတွင်ပြန့်သည်
မွှေးနံ့မပြယ်ပါတကား…။

ရည်ညွှန်း

| | |
|---|---|
| ၁။ထိလာစစ်သူ။ | ၂၀–ရာစု မြန်မာစာဆို မြန်မာကဗျာ (ငွေတာရီ၊ နုယဉ်၊ ဗန်းမော်ညိုနွဲ့၊ မင်းယုဝေ၊ ဘုတလင် ချစ်လေး)၊ တောက်တောက်ဝင်း ပုံနှိပ်တိုက်၊ အမှတ်၁၄၃၊ ၃၇–လမ်း၊ ရန်ကုန်။ ၁၉၈၄–ခုနှစ်၊ ဒီဇင်ဘာလ။ |
| ၂။ မခင်ရီဝင်း။ | ငွေတာရီကဗျာပေါင်းချုပ် လေ့လာချက်၊ ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာ (မြန်မာစာ) ဘွဲ့အတွက် တင်သွင်းသော ကျမ်း၊ ၁၉၈၇–ခုနှစ်၊ အောက်တိုဘာလ။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၃။ – | ငွေတာရီကဗျာပေါင်းချုပ်၊ စာပေ လောက စာအုပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃–လမ်း၊ ရန်ကုန်၊ ၁၉၆၈–ခုနှစ်၊ ဩဂုတ်လ။ |
| ၄။ – | မြန်မာကဗျာ စာတမ်းများ၊ စာပေဗိမာန်၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ (၃)ကြိမ်၊ ၁၉၈၄–ခုနှစ်။ |
| ၅။ တက္ကသိုလ်ဝင်းမွှန်။ ။ | ခေတ်သစ်ကဗျာမိတ်ဖွဲ့၊ လုပ်သား ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈–ခုနှစ်၊ မေလ။ |
| ၆။ တိုက်စိုး၊ မင်းယုဝေ။ | မြန်မာစာ မိတ်ဖွဲ့ (နှစ်တွဲပေါင်း)၊ စပယ်ဦး စာပေ၊ ရန်ကုန်၊ ၁၉၈၀–ပြည့်နှစ်၊ ဧပြီလ။ |



## တောသူ့ရှာဝင်

လာ၍နှီးသည့်
မြတ်နိုးချစ်ခင်၊ သက်လှယ်သျှင်ကြောင့်
ငါလျှင်လျောင်းစက်၊ မှိတ်မှေးလျက်မှ
ပြုံးမျက် ကျွယ်၍ နိုးခဲ့ပြီ။

စောစောကမူ
ချမ်း ပူ အေးမြ၊ သောကမသိ
စက်မိစက်ရာ၊ သစ်ရိပ်သာဝယ်
ဘယ်ညာလွန့်လူး၊ မေ့မူးပျော်လျက်
အိပ်မက် မက်ခဲ့။

တော၏ဆိတ်ညံ၊ စိမ့်မြိုင်ယံဝယ်
ကျေးသံငှက်သံ၊ ရေစီးသံနှင့်
ပန်းမန်သစ်ပင်၊ စိမ်းစိုလွင်ကို
ကြည်လင်ပျော်မြူး၊ စိတ်ညွတ်နူးဖြင့်
ဆွတ်ခူးပန်ဆင်၊ ထောင်နားတင်၍
ချို့ရှင်ကြည်မြ၊ ငါ့ဘဝကို
အားရ ကျေနပ် မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အဖော်မလို၊ မယ်တကိုယ်လျှင်
နားခိုနေလိုက်၊ လျှောက်သွားလိုက်ဖြင့်
ပျော်ပိုက်ကာသာ၊ နေခဲ့ပါ၏။

များစွာသစ်သီး၊ ဆွတ်စားပြီး၍
ရေစီးသံသာ၊ ကမ်းသာယာဝယ်
လျှောင်းကာမှေးက၊ တရေးရ၏။

နှီးထတဖန်၊ မြရိုးတံဝယ်
ရွှေလျှံငွေမှုင်၊ လှဆုံးတင့်ကို
အသင့်ဆွတ်ချွေ၊ ပန်ပြီးလေမှ
ငှက်ဆွေကျူးရင့်၊ သူ့တေးနှင့်လျှင်
လိုက်သင့်ခုန်ကြွ၊ ငါလျှင်က,၏။

နှမ်းလျပန်းသော်၊ သဲခုံပေါ်ဝယ်
စွယ်တော်စံကား၊ ချယ်သားခွာပြာ
ပန်းရွှေဝါတို့၊ ကြဲကာဖြန့်လျက်
ပန်းဖြေစက်၏။

ယခုသော်မူ
ချစ်သူမောင်က၊ 'ပျိုလေး-ထ'ဟု
ယုယတီးတို့၊ လာ၍နှိုးသည်
တမိုးသောက်လု ပါပြီကော။



နိုးကာထ၍
ဟိုမှာသည်မှာ၊ ဝဲယာလှည့်ကြည့်
လှမ်းမျှော်မိသော်၊ ပျော်တိပျော်ဘွယ်
ရှေ့မှာ ခြယ်သည်
ရွာငယ် တခုပါတကား။

ကြေးစည်သံလည်း
ဝဲပျံ့လေဝယ်၊ မောဖြေဘွယ်တည့်။

ဆန်ဖွပ် မောင်းထောင်း
နွားကျောင်း ယာထွန်၊ လုပ်ငန်းဝန်လည်း
အားသွန်ကြိုးကာ၊ ဆောင့်ဖို့သာတည့်။

ကောင်းဆိုးတိုင်ပင်၊ မှုစီရင်၍
ချစ်ခင်နှီးရင်း၊ အချင်းချင်းလျှင်
ပေါင်းသင်းဆက်ဆံ၊ ပျော်ဖို့ဖန်တည့်။

ဩော်ဩော်-လူ့ဘုံ၊ ဤရိပ်မြုံကား
ခိုလှုံချင်ဖွယ်၊ ပျော်ကြောင်းဆွယ်တည့်
ကြီးငယ်တာဝန်၊ အတန်တန်လည်း
ကျေပွန်ရွက်ဆောင်၊ ငါလျှင်အောင်လိမ့်
တောရောင်ကိုမျှော်၊ ဤမိုးသောက်ဝယ်
ဝမ်းမြောက်စိတ်ပြု၊ အားသစ်ထူသည်
တောသူရွာဝင်ခဲ့ပြီတကား။ ။

(ငွေတာရီ၊ဘဏ္ဍာပေါင်းချုပ်)

www.burmeseclassic.com

www.burmeseclassic.com

## အညတရ

မလင်းလှသည့်
ပျပျမီးဝန်း၊ ညိုကိုင်ထွန်းသော်
ရွှန်းဘူး ဆိုလိမ့် မလားကွယ်။

ဆင်းမလှသည့်
ဖူးစင့်ဆိုင်၊ ပန်းတခိုင်ကို
ကြိုင်ဘူး ဆိုလိမ့် မလားကွယ်။

မလင်းကြားလည်း
မှောင်ကြား မှာတော့ ဝင်းပါလိမ့်။

ဆင်းမကြွားလည်း
ပျံ့ရှား ကာတော့ သင်းပါလိမ့်။

ရွှေတာရီ ကဗျာ ၁၀၀



## ကြွေပွင့်ကောက်စဉ်က

လေအဝေ့မှာလ
နေသွေ့ကာ အညာလိမ်တဲ့
ဝါမှိန်မှိန် ပွင့်လွှာဟောင်းငယ်တို့
ရင့်ညှောင်းကာ ဘဝကူးသည်ထင့်
မှုးဝေအောင် ချာချာလည်၍
သည်မြေဆီ ရွှေရည်ပွင့်ငယ့်တို့
ကြွေလွင့်၍ နေစဉ်ဝယ်။

အပင်အောက်
တယောက် သည်စာဆိုဖြင့်
ရှင်မချို့ မြေ့မချမ်းနိုင်ဘူ့
ကြွေပန်းလွှာ မြေမှာစီတော့
သီကရိ ကောက်ယူနမ်းမိငဲ့
ဩော်-အလွမ်း သည်လိုတွေတော့
ပွင့်ဝါကြွေ သူလေသိမှာလာ့
တွေးမိပြန်တယ်။

အကြွေ စေသူငဲ့
နမြော တွယ်တာတာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အခါ ဘယ်မှာဆုံးနိုင်လိမ့်
နှလုံး ဘဝင်ဆူပေါ့
မရှင်းသူ နှုတ်ချွေလွှတ်ပါလို့
တတွတ်တွတ် ဆိုကာရယ်
ဖြေဘွယ်ဖြင့် ရှိလိမ့်လား။

သည်နိုက်မှာကို
ပင်ထက် ငွေရောင်စိုတဲ့
ဖူးငုံပို့ ထိုတသင်းတွေက
လေညင်းမှာ တကြိုင်ကြိုင်နဲ့
ဘယ်ယိုင် ညာယိုင်ငဲ့ရာမှ
'နောင်ရဲ့ မငိုပါနှင့်
ကြည်ညိုကာ နောင်မြတ်နိုးတာဖြင့်
ဝေဖြိုးအောင် ရေစင်ဖြာပါ
ကြေပွင့်ကို မတွယ်တာနဲ့
ဖူးညှာသာ ထူးစွာပွင့်အောင်လို့
ပင်ဖွေကို စဉ်အခြေမြှင့်ပါ' တဲ့
ကူချင့်အောင် သူကပြောလေတော့
ပင့်လေမှာ ပွင့်ကြွေနဲ့မျောရာက
ဖူးဆီကို ဦးလည်လို့စောမိရဲ
လှသော ပင်ယံဖွေက
ငုံတံတွေ ရွှေရည်လျှမ်းမှာဖြင့်
စာဆိုမောင် မျှော်ယောင်မှန်းလို့ရယ်
လွမ်းခဲ့မိတကား။

ငွေတာရီ ကဗျာ ၁၀၀

# ဂျာနယ်ကျော်မမလေး

## မုန်း၍မယူ

မကြာမီထွက်ရှိတော့မည်
ဝါမိုးအောင်စာပေ

www.burmeseclassic.com